# စာရေးသူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း



မန်းစံဖေ – ဂါတ်စောမြိုင်တို့မှ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းရေကျော်ရွာတွင် မန်းညွန့်မောင် (မောင်စင်ကြယ်)ကို မွေးဖွားသည်၊ ပိုးကရင် လူမျိုးတဦးဖြစ်သည်၊ ငယ်စဉ် မြောင်းမြမြို့ (R.C.M)အထက်တန်းကျောင်း၊ တောင်ငူမြို့ ကွန်ဗင့်(Convent) အထက်တန်းကျောင်းနှင့် ရန်ကုန်မြို့၊ အလွတ်ပညာသင်ကျောင်းတို့တွင် ပညာသင်ခဲ့သည်။ ဩစတြေးလျနိုင်ငံတွင် အင်္ဂလိပ်စာကို ဆက်လက် သင်ကြားခွင့်ရသည်။

အာဇာနည်ခေါင်းဆောင်မန်းဘခိုင်၊ သမ္မတမန်းဝင်းမောင်တို့ ခေါင်းဆောင်သော (U.K.L) ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ်တွင် တွဲဘက်အတွင်းရေးမှူးနှင့် အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ဌာနဆိုင်ရာအနေနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနတွင် မြို့နယ်မန်နေဂျာ၊ ပြန်ကြားရေးဝန်ကြီးဌာနတွင် ရုပ်ရှင်စစ်ဆေးရေး(ဆင်ဆာ)အဖွဲ့ဝင် ဖြစ်ခဲ့သည်။ ဒီမိုကရေစီအရေးအခင်းတွင် စာပေနှင့်ယဉ်ကျေးမှုကော်မတီ၌ အမှုဆောင်အဖွဲ့ဝင်(ဒီ/ငြိမ်း) ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ်တွင် လူမျိုးစုရေးရာကော်မတီအတွင်းရေးမှူးနှင့်ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင်တဦးဖြစ် ခဲ့သည်။

မာနယ်ပလောတွင် ဖွဲ့စည်းသောစာပေနှင့်ယဉ်ကျေးမှုကော်မတီတွင် အတွင်းရေးမှူး။ ခေတ်ပြိုင်ဂျာနယ်တွင် အယ်ဒီတာနှင့် “ထော့မဲ့ပါ”ဂျာနယ်ကို ဦးစီးထုတ်ဝေခဲ့သည်။ ဩစတြေးလျနိုင်ငံတွင် ဖွဲ့စည်းသော မြန်မာနိုင်ငံစာရေးဆရာအဖွဲ့တွင် ဥက္ကဋ္ဌနှင့် “ဒဿနပန်းခင်း”မဂ္ဂဇင်းကို တာဝန်ခံထုတ်ဝေခဲ့ သည်။ စာပေဟောပြောရန်အတွက် ဂျပန်နိုင်ငံ၊ တိုကျိုသို့(၃)ခေါက်၊ တောင်ကိုရီးယားနိုင်ငံ “ဆိုးလ်”မြို့သို့ တခေါက်နှင့်ဂွမ်(ဂူအမ်) ကျွန်းသို့ တခေါက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံတွင် “အမျိုးသားစာပေဆု”နှင့် ဘန်ကောက်တွင်ရှိနေစဉ် အမေရိကန်ပြည်ထောင်စုမှ ချီးမြှင့်သော “စာပေလွတ်လပ်ခွင့်ဆု”ရရှိသည်။ (၁၉၆၁)ခုနှစ်၊ ရှမ်းပြည်၊ တောင်ကြီးမြို့တွင် ကျင်းပသော ပြည်နယ်ပေါင်းစုံညီလာခံသို့ တက်ရောက်ခဲ့သည်၊

မောင်စင်ကြယ်

အမျိုးသားစာပေဆု နှင့် စာပေလွတ်လပ်ခွင့်ဆုရ

စောဘဦးကြီး နှင့် လူမျိုးစုများ၏ နိုင်ငံရေးပြဿနာ

မောင်စင်ကြယ်

# စောဘဦးကြီး နှင့် လူမျိုးစုများ၏ နိုင်ငံရေးပြဿနာ



## မောင်စင်ကြယ်

အမျိုးသားစာပေဆု နှင့် စာပေလွတ်လပ်ခွင့်ဆုရ

ဒီဇိုင်း စောဖူးရွှေ

**<u>ထုတ်ဝေပြီးသော စာအုပ်များ</u>**

၁။ ကရင့်ဘဝဓလေ့(ပ-ဒုအကြိမ်) မြန်မာနိုင်ငံနှင့်တတိယအကြိမ်၊(ထိုင်းနိုင်ငံ)

၂။ ထောင်မှာတမ်း (မြန်မာနိုင်ငံ)

၃။ သိန်းဖေမြင့် ရုပ်ပုံလွှာ (မြန်မာနိုင်ငံ)

၄။ မြန်မာပြည်ချစ် ကရင်အမျိုးသားခေါင်းဆောင်များ (ထိုင်းနိုင်ငံ)

၅။ မာနယ်ပလော ခရီးသည် (ထိုင်းနိုင်ငံ)

၆။ သူရဲကောင်းနလုံးသား (ထိုင်းနိုင်ငံ)

၇။ လေထီးဆင်းသမတကြီး မန်းဝင်းမောင် (ထိုင်းနိုင်ငံ)

၈။ ဝတ္ထုတိုပေါင်းချုပ် (ပထမတွဲ) (ထိုင်းနိုင်ငံ)

**<u>ဆက်လက်ထုတ်ဝေဦးမည့် စာအုပ်များ</u>**

၉။ စောဘဦးကြီးနှင့် လူမျိုးစုများ၏ နိုင်ငံရေးပြဿနာ

၁၀။ ဝတ္ထုပေါင်းချုပ် (ဒုတိယတွဲ)

၁၁။ ယုဒသာသန်နှင့် မြန်မာရွှေပြည် (နှစ်နှစ်ရာပြည့်)

၁၂။ သိန်းဖေမြင့် (နှစ်တစ်ရာပြည့်)

၁၃။ မနီလှိုင်း ငရဲရွာ

# စောဘဦးကြီးနှင့် လူမျိုးစုများ၏ နိုင်ငံရေးပြဿနာ

## မောင်စင်ကြယ်

# အမျိုးသားစာပေဆုနှင့် စာပေလွတ်လပ်ခွင့်ဆုရ

## (မာတိကာ)

(က) အမှာစာ (မောင်စင်ကြယ်)၊
(ခ) စောဘဦးကြီး၏ ရုပ်ပုံလွှာ (စောသာတော)၊

## (ပထမပိုင်း)

၁။ ဇာတိရွာ "ဘဲဂရက်"၊
၂။ စောဘဦးကြီး မွေးနေ့အမှန်၊
၃။ ဦးသာမြတ်ကြီး (စောဘဦးကြီးဖခင်)၊
၄။ ဘဲကရက်ရွာ တည်ရှိပုံ၊
၅။ စောသာမြတ်ကြီး၊ ဒေါက်တာစောစံစီဖိုး၊ ဒေါက်တာနစ်ကိုး၊
၆။ ထင်ရှားတဲ့ "ကန်ကြီးဒေါင့်" ရွာ၊
၇။ လူလားမြောက်စ စောဘဦးကြီး၊
၈။ လန်ဒန်သို့ ရောက်ရှိခြင်း၊
၉။ စောဘဦးကြီးနှင့် အိမ်ထောင်ရေး (ပထမ)၊
၁၀။ ပုသိမ်ပြန်ရောက်စ စောဦးကြီး၏ မိသားစုဘဝ၊
၁၁။ ဟိုင်းကြီးကျွန်းကို ပိုင်ခဲ့သူ၊
၁၂။ အထီးကျန်စောဘဦးကြီး၊
၁၃။ (B. I. A )ခေတ် "ကရင်၊ ဗမာ" ပဋိပက္ခ၊

၁၄။ ကရင်၊ ဗမာ ပဋိပက္ခအခြေခံ၊
၁၅။ စောဖေသာနှင့် စောဘဦးကြီး၊
၁၆။ စောဘဦးကြီး၏ ဒုတိယနှင့် တတိယအိမ်ထောင်၊
၁၇။ စစ်ပြီးခေတ် ကရင့်နိုင်ငံရေး၊
၁၈။ နေသူရိန်အစည်းအဝေးနှင့် စောဘဦးကြီး၊
၁၉။ ဒေါက်တာစံစီဖိုး၏ မြန်မာပြည်နှင့် ကရင်များစာအုပ်၊
၂၀။ လူမျိုးတစ်မျိုး၏ လုံခြုံရေးနှင့် လွတ်လပ်ရေး၊
၂၁။ ဥပဒေတွင်း စုပေါင်းအရေးဆိုခြင်း၊
၂၂။ ဗိုလ်ချုပ်ဆောင်ဆန်းနှင့် (K. C. O)ခေါင်းဆောင်များတွေ့ဆုံပွဲ၊
၂၃။ ကရင်မိတ်ဆက်အဖွဲ့၊
၂၄။ ဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)၏ ကရင်ပြည်နယ်၊
၂၅။ (K.N.U) ကရင်အမျိုးသားအစည်းအရုံးဖွဲ့စည်းခြင်း၊
၂၆။ (K.N.U) ဒုတိယအကြိမ်နှင့် ( K.N.D.O )ဖွဲ့စည်းခြင်း၊
၂၇။ (K.N.U) အရေးပေါ်ညီလာခံမှ တောင်းဆိုချက်များ၊
၂၈။ နိုင်ငံရေးနှင့် ပုဂ္ဂိုလ်ရေးပြဿနာ၊
၂၉။ ရီး(စ်)ဝီလီယံ၏ တောင်တန်းဒေသ စုံစမ်းရေး၊
၃၀။ ဦးနုနှင့်စောဘဦးကြီး ချစ်ကြည်ရေးခရီး၊
၃၁။ တင်းမာမှု၏ အထွတ်အထိပ်၊
၃၂။ စောဘဦးကြီး၏ သမိုင်းဝင်စကား၊
၃၃။ အင်းစိန်တိုက်ပွဲအစ၊

၃၄။ ဗိုလ်ချုပ်စမစ်ဒွန်းနှင့် ဗိုလ်မှူးချုပ်ကျော်ဇော၊
၃၅။ စောဘဦးကြီး၏ ငြိမ်းချမ်းရေးဆန္ဒ၊
၃၆။ ဗိုလ်မှူးချုပ်ကျော်ဇော၏ အင်းစိန်တိုက်ပွဲ၊
၃၇။ အင်းစိန်အရေးအခင်းနှင့် ကရင်အရာရှိများ၊
၃၈။ ကေဂျီဘီ(K.G.B)ဖွဲ့စည်းခြင်း၊
၃၉။ စောဘဦးကြီးဖတ်စေချင်သော ကွန်မြူနစ်စာအုပ်များ၊
၄၀။ စောဘဦးကြီးကျဆုံးခြင်း၊
၄၁။ စောဘဦးကြီးအပေါ် မြင်သောအမြင်များ၊
၄၂။ ဆရာအောင်ဗလ၏ စောဘဦးကြီးကိုယ်တွေ့၊
၄၃။ အတိတ်က စောဘဦးကြီး၊
၄၄။ မန်းဘဇန်မြင်သော စောဘဦးကြီး၊
၄၅။ ဗိုလ်မှူးချုပ်ကျော်ဇော၏ အမှားနှင့်အမှန်၊

# (ဒုတိယပိုင်း)

၄၆။ ရန်သူ့ထံ သတင်းပို့သူ၊
၄၇။ သဘာပတိရွေးချယ် ခံရခြင်း၊
၄၈။ စောဘဦးကြီး ကွယ်လွန်ပြီးနောက်(K.N.U)၏ အကြွတ်အတည်း၊
၄၉။ မန်းဘဇန်၏ ဒုတိယလမ်းစဉ်၊
၅၀။ ကော်သူလေစစ်တမ်း၊
၅၁။ (K.N.U)မှ ( K.N.U.P) ပြောင်းလဲဖွဲ့စည်းခြင်း၊

၅၂။ စောဟန်တာသာမွေးနှင့် မန်းဘဇန်ကွဲကြပြီ၊

၅၃။ မန်းဘဇန်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ၊

၅၄။ (K.N.U.P)မှ ( K.N.U)၊

၅၅။ အကွဲအပြဲနှင့် အကျအဆုံး၊

၅၆။ ကျွန်တော်၏ သိခဲ့သော မန်းဘဇန်နှင့် စောဟန်တာသာမွေး၊

၅၇။ စကောလယ်တော၏ မြောက်ပိုင်းခရီး၊

၅၈။ (ဗျာန်ရ)ဦးစိုးမင်း၏ တွေ့ဆုံမေးမြန်းခန်း၊

၅၉။ (K.N.U)၏ လက်ဝဲမှ လက်ျာအပြောင်းအလဲ၊

၆၀။ ဒီမိုကရေစီနှင့် လက်နက်ကိုင်တော်လှန်ရေး၊

၆၁။ ခေတ်ပြိုင်ထုတ်ဝေခြင်း၊

၆၂။ ဦးနု၏တောတက်လှန်ရေး (ပီဒီပီ)အနိမ့်အမြင့်၊

၆၃။ ဗိုလ်ချုပ်လက်ျာနှင့် သုံးနှုံးမှု အထွတ်အထိပ်၊

၆၄။ သမိုင်းဝင်ဗိုလ်လက်ျာစာ၊

# (တတိယပိုင်း)

၆၅။ ဗြိတိသျှလက်ထက် မြန်မာနိုင်ငံ၊

၆၆။ သီးခြားလွတ်လပ်သော ကရင်နီပြည်၊

၆၇။ ထိုစဉ်က ကရင်နီခေါင်းဆောင်များ၏ အမြင်၊

၆၈။ ဗိုလ်ချုပ်အောင်ဆန်းတွေ့မြင်သော ပြည်ထောင်စု၊

၆၉။ ဦးမြင့်သိန်းလို ပညာရှင်တစ်ဦး၊

၇၀။ ခွဲထွက်နိုင်သော အခွင့်အရေးများ၊

၇၁။ စဝ်ရွှေသိုက်၏ နိမိတ်ပြ မိန့်ခွန်း၊

၇၂။ ပင်လုံနှင့် တိုင်းပြုပြည်ပြုလွှတ်တော်၊

၇၃။ ဗိုလ်ချုပ်အောင်ဆန်း၏ လူမျိုးဆိုတာဘာလဲ၊

၇၄။ ဗိုလ်ချုပ်အောင်ဆန်း၏ အခြေခံမူနှင့် လမ်းညွှန်ချက်၊

၇၅။ ဘယ်လိုနိုင်ငံမျိုး တည်ထောင်မလဲ၊

၇၆။ ပြည်ထောင်စုဖွဲ့စည်းရမယ်၊

၇၇။ အချုပ်အခြာအာဏာရှိရမယ်၊

၇၈။ အာဏာသည် ပြည်သူ့ထံမှဆင်းသက်ရမယ်၊

၇၉။ အခွင့်အလမ်းအဆင့်အတန်း တူရမယ်၊

၈၀။ လူနည်းစုအခွင့်အရေးရှိရမယ်၊

၈၁။ လွှတ်တော်တွင် လွတ်လပ်စွာပြောဆိုခွင့်ရှိရမယ်၊

၈၂။ ဖွဲ့စည်းပုံအခြေခံစိတ်ဓါတ် မွေးရမယ်၊

# (စတုတ္ထပိုင်း)

၈၃။ ဖွဲ့စည်းပုံအတည်ဖြစ်အောင်လုပ်ခွင့်မရသွားသောဗိုလ်ချုပ်အောင်ဆန်း၊

၈၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေး၊

၈၅။ ပြည်ထောင်စုအစိုးရ၏ သဘောထား၊

၈၆။ ပြည်နယ်ခေါင်းဆောင်များ၏ ဖွဲ့စည်းပုံကို ပြန်လည်သုံးသပ်ခြင်း၊

၈၇။ အခြေခံဥပဒေပြင်ဆင်ရေးကော်မတီဖွဲ့စည်းခြင်း၊

၈၈။ ဦးထွန်းမြင့်(တောင်ကြီး) တင်သွင်းသောစာတန်းများ၊

၈၉။ ပြည်နယ်များညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌစဝ်ခွန်ချိုမိန့်ခွန်း၊

၉၀။ ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းပြီ၊

၉၁။ အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံ၊

၉၂။ **U.N.L.D**နှင့် **N.L.D** တွေ့ဆုံပွဲမှတ်တမ်း (နိုင်ငွေသိမ်း)၊

၉၃။ ဗိုလ်အောင်ကျော်လမ်း ပူးတွဲကြေညာချက်၊

၉၄။ နှစ်ငါးဆယ်ပြည့် ပြည်ထောင်စုနေ့အခမ်းအနား (ဒေါ်အောင်ဆန်းစုကြည်)၊

## (ပဉ္စမပိုင်း)

၉၅။ ပြည်ထောင်စုကို ဘယ်လိုတည်ဆောက်ဦးမလဲ၊

၉၆။ ပြည်ထောင်စုဆိုင်ရာ အထွေထွေတင်ပြချက်၊

၉၇။ ပင်လုံစာချုပ်နှင့် တိုင်းရင်းသားလူမျိုးများ (စိုင်းတင်ဖေ)၊

၉၈။ ပင်လုံမှ လွတ်လပ်ရေးသို့ (ဂါမဏိ)၊

၉၉။ သီပေါစော်ဘွား စဝ်ကြာဆိုင် (ရှမ်းသံတော်ဆင့်)၊

၁၀၀။ လူမျိုးများ၏ ဖြစ်စဉ်နှင့်နိယာမတရား (မောင်စင်ကြယ်)၊

၁၀၁။ ဗမာတွေရဲ့ ကိုယ်တွင်းမကောင်းဆိုးဝါး (ဒေါက်တာဇာနည်)၊

# စောဘဦးကြီး အထူးပြတိုက်ပြုစုရေးနှင့် ထုတ်ဝေရေး
# (ကော်မတီ)

| | | |
|---|---|---|
| ၁။ | စာရေးဆရာ မောင်စင်ကြယ် (မန်းညွန့်မောင်) | သဘာပတိ၊ |
| ၂။ | စောသာတော | (ဥက္ကဋ္ဌ)၊ |
| ၃။ | မန်းခလိုက် | (ဒု–ဥက္ကဋ္ဌ)၊ |
| ၄။ | စောသိန်းကျော်ဝေ | (အတွင်းရေးမှူး)၊ |
| ၅။ | မန်းကျော်ကျော် | (တွဲဘက်အတွင်းရေးမှူး)၊ |
| ၆။ | စောဒေးဖိုး (စောဖိုးခွါ့) | (ကွန်ပြူတာ)၊ |
| ၇။ | ဆရာစန်းမောင် | (အမှုဆောင်)၊ |
| ၈။ | မန်းအောင်ပြည့်စုံ | ( ။ )၊ |
| ၉။ | စောညွန့်ဝင်း | ( ။ )၊ |
| ၁၀။ | စောဒိုင်းနီရယ်ထွန်းထွန်း (U.S.A) | ( ။ )၊ |
| ၁၁။ | စောဟန်ညွန့် (နယ်သာလန်နိုင်ငံ) | ( ။ )၊ |
| ၁၂။ | မန်းမျိုးမြင့် (မဲဆောက်–ထိုင်းနိုင်ငံ) | ( ။ )၊ |
| ၁၃။ | မန်းဘလရှင် (မဲဆောက်–ထိုင်းနိုင်ငံ) | ( ။ )၊ |
| ၁၄။ | စောဘလှသိန်း (တိုကျို–ဂျပန်နိုင်ငံ) | ( ။ )၊ |
| ၁၅။ | စောသောမတ်(စ်) (တိုကျို–ဂျပန်နိုင်ငံ) | ( ။ )၊ |
| ၁၆။ | မန်းထွန်း (ဆစ်ဒနီ၊ ဩစတြေးလျားနိုင်ငံ) | ( □ )၊ |
| ၁၇။ | စောတင်ထွန်း (ဘန်ကောက်၊ ထိုင်းနိုင်ငံ) | ( ။ )၊ |

# အမှာစာ

ဗိုလ်ချုပ်အောင်ဆန်းနှင့် စောဘဦးကြီးတို့ ကွယ်လွန်ခဲ့ကြသည်မှာ နှစ်အားဖြင့် ခြောက်ဆယ်ကျော်ခဲ့လေပြီ၊ ယင်းကာလများအတွင်း၌ ဗိုလ်ချုပ်အောင်ဆန်း၏အတ္ထုပ္ပတ္တိသည်၎င်း၊ စောဘဦးကြီး၏အတ္ထုပ္ပတ္တိသည်၎င်း၊ ထိုက်ထိုက်တန်တန် ထွက်လာရန်သင့်သော်လည်း မထွက်နိုင်လာသေးချေ။ ယင်းပုဂ္ဂိုလ်နှစ်ဦးအနက် ဗိုလ်ချုပ်ဆောင်ဆန်း၏ အတ္ထုပ္ပတ္တိထွက်လာရေးမှာ စောဘဦးကြီး၏ အတ္ထုပ္ပတ္တိထွက်လာရေးထက်အဆများစွာ လွယ်ကူလှပေသည်။ အကြောင်းသော်ကား ဗိုလ်ချုပ်ဆောင်ဆန်းသည် နိုင်ငံ၏ခေါင်းဆောင်အဖြစ်ဖြင့် ကွယ်လွန်သောကြောင့် စောစီးစွာကပင် ပေါ်ထွက်လာသင့်သော စာအုပ်ဖြစ်လေသည်။

စောဘဦးကြီးမှာ လွတ်လပ်ရေးမရမီကလေးတွင် ဗြိတိသျှအစိုးရလက်ထက်၌ ဝန်ကြီးတဦးဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် ဝန်ကြီးဘဝမှနုတ်ထွက်ကာ အမျိုးသားရေး(ကရင်အမျိုးသားရေး)အတွက် လက်နက်ကိုင်တော်လှန်ရာ၌ စစ်တပ်၏ချောင်းမြောင်းလုပ်ကြံခြင်းခံရသော သူပုန်ခေါင်းဆောင်တဦးဖြစ်၍ နေလေသည်။ သို့ဖြစ်၍ စောဘဦးကြီး အတ္ထုပ္ပတ္တိပေါ်ထွက်ရေးမှာ ဗိုလ်ချုပ်အောင်ဆန်း၏အတ္ထုပ္ပတ္တိနှင့် ဘယ်လိုနည်းမျှဖြင့် နှိုင်းယှဉ်နိုင်ခြင်းမရှိတော့ပါချေ။

သို့ရာတွင်ဩစတြေးလျားနိုင်ငံ၌ ရောက်ရှိနေကြသော ကရင်လူမျိုးများသည် ဘယ်လိုနည်းလမ်းဖြင့်ဖြစ်စေ၊ စောဘဦးကြီး၏အတ္ထုပ္ပတ္တိကို ရေးသားထုတ်ဝေစေချင်ကြသည်။ ဤသို့ဖြင့် ရေးသားပြုစုရေးနှင့် ထုတ်ဝေရေးအပိုင်းနှစ်ပိုင်းရှိသည့်အနက် ရေးသားပြုစုရေးအပိုင်းသည် စာရေးဆရာဖြစ်သော ကျွန်တော့်ခေါင်းပေါ်သို့ ကျရောက်လာလေသည်။

ဤတွင် စောဘဦးကြီး၏အတ္ထုပ္ပတ္တိရေးသားပြုစုနိုင်ရန် ကော်မတီတစ်ခုဖွဲ့စည်းရန် လိုအပ်လာတော့သည်။ ကော်မတီ၏ဥက္ကဋ္ဌမှာ(A.K.O)ခေါ် ဩစတြေးလျားကရင်အမျိုးသားအဖွဲ့ (AUSTRALIA KAREN ORGANIZATION)မှ စောသာတောဖြစ်၍ အတွင်းရေးမှူးမှာ အလွန်တက်ကြွ၍ စောဘဦးကြီး

အတ္ထုပ္ပတ္တိကို မဖြစ်မနေထုတ်စေချင်သည့် သိန်းကျော်ဝေတို့ကို အမာခံထားလျက် ကော်မတီဝင်များဖြင့် ခြံရံ၍ ဖွဲ့စည်းရလေတော့သည်။

စာတအုပ်ရေးသားရာတွင် ဟင်းတခွက်ချက်သည့်သဘောပင်ဖြစ်လေသည်။ ပထမကောင်းမွန်သော သားငါးရရှိရန် လိုအပ်ပေသည်။ ပြီးမှအစပ်အဟပ်ကောင်းမွန်စွာဖြင့် ချက်ပြုတ်ရလေသည်။ သို့ဖြင့် လွန်ခဲ့သောနှစ်ပေါင်းခြောက်ဆယ်ကျော်က အစိုးရကို ဆန့်ကျင်တော်လှန်ရင်း ကွယ်လွန်သွားရှာသည့် စောဘဦးကြီးနှင့်ပတ်သက်ရာပတ်သက်ကြောင်းကိုရနိုင်ရန် ရှာဖွေရေးနှင့်စုဆောင်းရေးကို စတင်ကြရန် ဆော်ဩရပေတော့သည်။ ဤတွင် ဝီရိယအရာတွင်၎င်း၊ အရှာအဖွေအရာတွင်၎င်း၊ ရှာဖွေကောင်းသူနှစ်ဦးမှာ ဥက္ကဋ္ဌစောသာတောနှင့် အတွင်းရေးမှူးသိန်းကျော်ဝေတို့ပင် ဖြစ်ကြလေသည်။

တနှစ်ကျော်အတွင်း အချက်အလက်များကို ရှာဖွေစုဆောင်းရာတွင် အင်္ဂလိပ်၊ မြန်မာ၊ စာအုပ်၊ စာစောင်၊ စာတမ်း၊ မှတ်စုအပါအဝင် အတန်ပင်ပြည့်စုံစွာ စုဆောင်းရရှိလေသည်။ ကျွန်တော့်ထံတွင် ရှိနေသောအချက်အလက်များနှင့် ပေါင်းစည်းလိုက်သော် စာတအုပ်တော့ ဖြစ်နိုင်ကောင်းပေသည်။ ယင်းသို့ အချက်အလက်များရရှိပြီးနောက်တွင် ဘယ်လိုရေးသားကြမလဲဆိုတာက နောက်က လိုက်လာလေသည်။ ကော်မတီဝင်အချို့က စောဘဦးကြီးအကြောင်းကို ဝတ္ထုဟန်အတ္ထုပ္ပတ္တိမျိုးရေးသားလိုသူလည်းရှိ၏။ အမှန်မှာ စောဘဦးကြီး၏ ဘဝသည် တိုတောင်းလှပေသည်။အရွယ်ရောက်၍ လူလားမြောက်သည်နှင့် အင်္ဂလန်သွား၍ ဥပဒေပညာသင်ယူရသည်၊ မြန်မာပြည်ပြန်ရောက်သောအခါ ဝတ်လုံပညာဖြင့် သက်မွေးဝမ်းကျောင်းပြုရန် ဆုံးဖြတ်ထားသည့်ကြားမှ ဂျပန်ခေတ်၊ ကရင်–ဗမာအရေးအခင်းကြောင့် နိုင်ငံရေးထဲသို့ ရောက်လာရခြင်း ဖြစ်လေသည်။

ဩစတြေးလျားမှတဆင့် စောဘဦးကြီး၏ဘဝကို လမ်းမျှော်ကြည့်လိုက်လျှင် အလွန်ဝေးကွာနေသည်မှာ (၁) **စောဘဦးကြီး၏ ငယ်စဉ်ဘဝကို မေးမြန်းစုံစမ်းရမည့်သူမရှိတော့ခြင်း၊** (၂) **စောဘဦးကြီးဘိလတ်တွင် ဝတ်လုံ ပညာသင်ရာတွင် မေးမြန်းစုံစမ်းရမည့်သူ မရှိတော့ခြင်း၊** (၃) **ဂျပန်ခေတ်ကရင်–ဗမာ အရေးအခင်းနှင့် အင်းစိန်အရေးအခင်းတွင် ပါဝင်ခဲ့သူများအား ရှာဖွေ၍**

**မရရှိတော့ခြင်း၊** (၄) **ကာယကံရှင်ကိုယ်တိုင်ကရင့်တော်လှန်ရေး ခေါင်းဆောင်အဖြစ် ကွယ်လွန်သွားခြင်း**ကြောင့် မှတ်စုမှတ်တမ်းများနည်းပါးနေခြင်းတို့ပင် ဖြစ်လေသည်။

ထိုအကြောင်း၅၌အကြောင်းများထက် အရေးကြီးသောအကြောင်း တခုမှာ စောဘဦးကြီးခေါင်းဆောင်မှုဖြင့် တည်ရှိလာခဲ့သော (K.N.U)အဖွဲ့၏ အဆင့်ဆင့်သော နိုင်ငံရေးကြိုးပမ်းအားထုတ်မှုများပင်ဖြစ်လေသည်။ ပထမတွင် စောဘဦးကြီးသည် ကရင်ပြည်နယ်သီးခြားထူထောင်ရေးကို တောင်းဆိုခဲ့ဘူးသည်။ တောင်ငူမှတဆင့် ဖါပွန်ကွန်ဂရက်တွင် နောက်ဆုံးစောဘဦးကြီးပြောခဲ့သည်မှာ ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ် (Autonomy) ရရှိရေးပင်ဖြစ်လေသည်။ စောဘဦးကြီး၏ ခေါင်းဆောင်မှုအမွေကို ဆက်ခံသောခေါင်းဆောင်များအနက် မန်းဘဇန်သည်လည်း မြန်မာနိုင်ငံတွင်းမှ ကျန်လူမျိုးများနှင့်ပူးပေါင်း၍ ကိုယ်ပိုင်အုပ်ချုပ်ရေးကို ရယူရန်တိတိပပပင် ပြောခဲ့လေသည်။ ဝန်ကြီးချုပ်ဟောင်းဦးနုတောတွင်းသို့ ဆင်းလာချိန်တွင် မန်းဘဇန်နှင့်ဗိုလ်ချုပ်မြတို့ခေါင်းဆောင်မှုမှာ ရှင်းရှင်းလင်းလင်း မဖြစ်သေး၊ ခွဲထွက်ခွင့်ကို ပြောဆိုရာမှ ဦးနုသည်ဒီမိုကရေစီပါတီမှ နှုတ်ထွက်သွားခြင်းပင်ဖြစ်လေသည်။ ယခုအခါ လူမျိုးစုများသည် ခွဲထွက်ခွင့်အစား တန်းတူရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကိုသာ ဇောင်းပေး၍ တင်ပြနေချိန်ပင်ဖြစ်လေသည်။

ဤသို့ဖြင့် ဖြတ်သန်းတည်ရှိမှုနည်းပါးသော စောဘဦးကြီး၏အတ္ထုပ္ပတ္တိတွင် လူမျိုးစုများ၏နိုင်ငံရေး ပြဿနာနှင့်ပေါင်းစည်း လိုက်ခြင်းအားဖြင့် စောဘဦးကြီး၏အလိုနှင့်လည်းကိုက်ညီ၊ လူမျိုးစုများ၏ ဆန္ဒနှင့်လည်း လျော်ကန်သင့်မြတ်နိုင်ပေမည်ဟု ယူဆနိုင်ပေသည်။ သို့ဖြစ်၍ ယခုစာအုပ်တွင် စောဘဦးကြီး၏ အတ္ထုပ္ပတ္တိနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့်လူမျိုးစုခေါင်းဆောင်များ၏ စာတန်များကိုပါ ပူးတွဲ၍တင်ပြလိုက်ပါသည်။ ယင်းသို့ စီစဉ်လိုက်ခြင်းအားဖြင့် အနာဂါတ်ကာလတွင် ကျန်ရှိနေသေးသော လူမျိုးစုများပြဿနာကို အလွယ်တကူ စဉ်းစားဖြေရှင်းနိုင်ကြပေလိမ့်မည်ဟု ယူဆနိုင်ပေသည်။ ။

မောင်စင်ကြယ်

(စာရေးဆရာ)

# <u>ရှင်းလင်းတင်ပြချက်</u>

## မောင်စင်ကြယ်

## အမျိုးသားစာပေဆုနှင့် စာပေလွတ်လပ်ခွင့်ဆုရ


(၁)



ဗိုလ်ချုပ်အောင်ဆန်း
(၁၉၁၅–၁၉၄၇)



စောဘဦးကြီး
(၁၉ဝ၅–၁၉၅ဝ)




**Ernesto Guevara**
ချေဂွေဗားရား
(၁၉၂၈–၁၉၆၇)

ဗိုလ်ချုပ်အောင်ဆန်း၊ စောဘဦးကြီးနှင့်ချေဂွေဗားရားတို့သည် ဒုတိယကမ္ဘာစစ်ကြီးကာလတွင် ပေါ်ထွန်းလာသော သူရဲကောင်းများပင်ဖြစ်ကြပေသည်။ ထိုစဉ်က ကမ္ဘာပေါ်တွင်အဆင်းရဲဆုံး၊ အနိမ့်ကျဆုံးနှင့် ကိုလိုနီဘဝတွင် ရောက်ရှိနေကြသော တိုက်ကြီးသုံးတိုက်မှာ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကား (တောင်အမေရိကား)တွင် ကာရစ်ဘီယံဒေသ အပါအဝင်ဖြစ်ကြလေသည်။

ယင်းသို့ ဒုတိယကမ္ဘာစစ်ပွဲစတင်လာ၍ အာရှတိုက်တွင် အင်္ဂလိပ်–အမေရိကန်မဟာမိတ်များနှင့်ဂျပန်တို့ စစ်ပွဲများဖြစ်ပွားလာသောအခါ ဗိုလ်ချုပ်အောင်ဆန်းနှင့်လူငယ်ခေါင်းဆောင်များသည် လွတ်လပ်ရေးအတွက် ဤစစ်ပွဲတွင် ပါဝင်ခဲ့ကြပေသည်။ ဒုတိယကမ္ဘာစစ်ပွဲပြီးခါနီးတွင် အင်္ဂလိပ်၊ အမေရိကန်၊ ဆိုဗီယက်ရုရှားတို့ သဘောတူချုပ်ဆိုကြသော အတ္တလန္တိတ်စာချုပ်အရ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရတော့ရန် ဖြစ်လာလေသည်။

ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အမျိုးသားညီညွတ်ရေးကို အပိုင်အနိုင်တည်ဆောက်လျက် လွတ်လပ်ရေးအတွက် မနားမနေဆောင်ရွက်နေစဉ် စောဘဦးကြီးသည် ဗိုလ်ချုပ်အောင်ဆန်းနောက်တွင် ထက်ကြပ်မကွာ ပါရှိလာပြီး ဗမာ့တပ်မတော်ပြန်လည် ဖွဲ့စည်းရေးတွင် အဖွဲ့ဝင်တဦးအနေနှင့် ပါဝင်ခဲ့ခြင်း၊ လွတ်လပ်ရေးအကြိုအဖြစ် ကရင်နီ(ကယား)ခေါင်းဆောင်များနှင့် တွေ့ဆုံရာတွင် ခေါင်းဆောင်တဦးအဖြစ်ပါဝင်ခြင်း ထို့အပြင် (ပတဖလ)ခေါ် (ဖဆပလ)ဦးစီးအဖွဲ့ဝင်တဦးလည်း ဖြစ်လေသည်။

သို့ရာတွင် ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းနှင့်စောဘဦးကြီးတို့တွင် အိမ်မက် ကိုယ်စီရှိကြသည်မှာ ဗိုလ်ချုပ်အောင်ဆန်း၏အိမ်မက်မှာ မြန်မာနိုင်ငံတခုလုံး တပေါင်းတစည်းတည်း လွတ်လပ်ရေးဖြစ်၍ စောဘဦးကြီး၏ အိမ်မက်မှာ ကရင်ခေါင်းဆောင်တဦးအနေနှင့် ကရင်တွေဘဝလုံခြုံရေးအလို့ငှါ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရှိသော သီးခြားကရင်ပြည်နယ်ထူထောင်ရေးတို့ပင် ဖြစ်လေသည်။

ယင်းသို့ လွတ်လပ်ရေးကြိုးပန်းစဉ်ကာလနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် စောဘဦးကြီးတို့ အသက်ထင်ရှားရှိစဉ် ကရင်ကိစ္စအဝဝကို စဉ်းစားဆွေးနွေးရန် အလို့ငှါ စောဘဦးကြီးသည် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော (ဖဆပလ) ခေါင်းဆောင်များအား (K.N.U) ဌာနချုပ်တည်ရာ အမှတ်(၅) ဦးလူနီလမ်း၌ ဖိတ်ကြား၍ ဆွေးနွေးကြပြန်လေသည်။ သို့ရာတွင် ထိုဆွေးနွေးပွဲ၌ အဓိကအချက်များကို သဘောတူညီမှုမရရှိသဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်စောဘဦးကြီးတို့ အသက်ထင်ရှားရှိစဉ် ကျင်းပသောတိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက် ပွဲကို (K.N.U)သည် မဝင်ရောက်ပဲ သပိတ်မှောက်ခဲ့လေသည်။

(၂)

ဗိုလ်ချုပ်အောင်ဆန်းသည် ရန်ကုန်အလယ်ပိုင်း တိုင်းပြုပြည်ပြုလွှတ်တော် အမတ်အနေနှင့် တိုင်းပြုပြည်ပြုလွှတ်တော်ပထမအကြိမ်အစည်းအဝေးတွင် (ဖဆပလ)ပဏာမပြင်ဆင်မှုညီလာခံ၌ သူကိုယ်တိုင်တင်ပြခဲ့သောစာတမ်းကို ယခု

လွှတ်တော်၌ မြန်မာနိုင်ငံကို **“ပြည်ထောင်စုစနစ်”**ဖြင့်တည်ဆောက်မည်ဖြစ်ကြောင်းနှင့်လူမျိုးစုများ၏ အခြေခံရပိုင်ခွင့်များရှိကြောင်းကို အကျယ်တဝင့်ပင်တင်သွင်းခဲ့လေသည်။ ယင်းအကြောင်းများကို ယခု**“စောဘဦးကြီးနှင့်လူမျိုးစုများ၏ နိုင်ငံရေးပြဿနာ”** စာအုပ်တွင် တာဝန်ရှိသူများနှင့်မြန်မာပြည်သူ၊ လူမျိုးစုပြည်သူများဖတ်ရှုနိုင်ကြပေသည်။

အားလုံးသိရှိပြီးဖြစ်သည့်အတိုင်း တိုင်းပြုပြည်ပြုလွှတ်တော်ဒုတိယအစည်းအဝေးကို ပြန်လည်မကျင်းပမီ ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများသည် ဂဠုန်ဦးစော၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံရလေသည်။ ဤတွင် လွတ်လပ်ရေးကိစ္စမှာ မပြီးပြတ်သေးသောကြောင့် ရက်ပိုင်းအတွင်းကလွှတ်တော်ဥက္ကဋ္ဌဖြစ်လာသောသခင်နုသည် ဝန်ကြီးချုပ်ဖြစ်လာပြီး ဗြိတိသျှထံမှလွတ်လပ်ရေးရရှိလာသည်။ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းလွှတ်တော်တွင်တင်သွင်းခဲ့သော ပြည်ထောင်စုဖွဲ့စည်းရေးနှင့်လူမျိုးစုများ၏ အခြေခံရပိုင်ခွင့်များသည် ဥပဒေဖြစ်မလာပဲ ပြည်တွင်းစစ်သည်သာ အဆင့်ဆင့်ဖြစ်ပေါ်လာလေသည်။

ယင်းသို့ ပြည်တွင်းစစ်ဖြစ်အံ့ဆဲဆဲ အခြေအနေတွင် ထိန်းသိမ်းသောအားဖြင့် ဝန်ကြီးချုပ်ဦးနုနှင့် စောဘဦးကြီးတို့သည် မအူပင်၊ မြောင်းမြ၊ လပွတ္တာ၊ ပုသိမ်မြို့များသို့၎င်း၊ ရန်ကုန်မြို့မစ်ရှင်လမ်းနှင့် စောဘဦးကြီးနေအိမ်ရှိရာအင်းစိန်မြို့သို့၎င်း အတူတကွချစ်ကြည်ရေးနှင့်နားလည်မှုရရှိရေးကို တည်ဆောက်ခဲ့သော်လည်း လက်တွေ့တွင် ပြည်တွင်းစစ်ဆီသို့သာ ရောက်ရှိလာလေသည်။ ပြည်တွင်းစစ်အစပိုင်းတွင် အင်းစိန်ကို ဗဟိုပြု၍ ဖြစ်ပွားလာရာ (K.N.U) ဘက်တွင် (K.N.D.O)ကာကွယ်ရေးလက်နက်ကိုင်တပ်ဖွဲ့များနှင့်တပ်မတော်တွင်းရှိ ကရင်လက်နက်ကိုင်တပ်ဖွဲ့များပါဝင်ကြ၍(ဖဆပလ) အစိုးရဘက်တွင်တပ်မတော် ကြည်း၊ ရေ၊ လေ၊ စစ်ရဲ များနှင့်အပျော်တမ်းတပ်ဖွဲ့ဝင်များ ပါဝင်ကြလေသည်။

အင်းစိန်စစ်မြေပြင်တွင် ပါဝင်ကြသောကရင်လက်နက်ကိုင် တပ်ဖွဲ့နှင့်တပ်သားများအား ခွင့်ရက်ရှည်ပေးလိုက်ရာတွင် လက်ရှိစစ်ဦးစီးချုပ်ဖြစ်သူ “စမစ်ဒွန်း”လည်း ပါဝင်လေသည်။ (ဖဆပလ)အစိုးရသည် တပ်မတော်ကို

ပြောင်းလဲဖွဲ့စည်းရာ၌ ဗိုလ်ချုပ်နေဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ဖြစ်လာသည်။ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းသည် မြောက်ပိုင်းတိုင်းမှူးဖြစ်သူ ဗိုလ်မှူးချုပ်ကျော်ဇောအား တောင်ပိုင်းတိုင်းမှူးအဖြစ် ပြောင်းရွှေ့ပြီး အင်းစိန်စစ်မြေတွင် တာဝန်ယူစေသည်။ စောဘဦးကြီးနှင့်လန်ဒန်တွင် အတူတကွ ဥပဒေသင်တန်း တက်ရောက်ခဲ့သူ တောင်ပိုင်းတိုင်းမှူးဗိုလ်မှူးချုပ် **"အောင်သင်း"**အား တပ်မတော်မှ အငြိမ်းစားပေးလိုက်လေသည်။ ယခု**"စောဘဦးကြီးနှင့်လူမျိုးစုများ၏ နိုင်ငံရေး ပြဿနာ"**တွင် အထက်ပါ တပ်မတော် ခေါင်းဆောင်များအပြောင်း အလဲနှင့် သူဘက်ကိုယ့်ဘက်၊ ဘက်နှစ်ဘက်တင်ပြထားသော အင်းစိန်တိုက်ပွဲ အကြောင်းများကိုပါ ဖတ်ရှုနိုင်ကြပေသည်။

(၃)

အင်းစိန်တိုက်ပွဲအထွတ်အထိပ်သို့ ရောက်ရှိနေချိန်တွင် ဝန်ကြီးချုပ် ဦးနုသည် စောဘဦးကြီးနှင့် (K.N.U)အား ငြိမ်းချမ်းရေး ကမ်းလှမ်းလာလေသည်။ စောဘဦးကြီးနှင့်မန်းဂျိန်းထွန်းအောင် (အလုံမစ်ရှင်လမ်းရှိ ဘရေတန်အထက်တန်း ကျောင်းအုပ်)တို့သည် သာသနာပြုဆရာတဦးနှင့်ဒေါက်တာ"စံစီဖိုး"၏ သမီး အကူအညီဖြင့် ရန်ကုန်မြို့တွင်းသို့ သွားရောက်၍ ငြိမ်းချမ်းရေးကို ဆွေးနွေးကြ လေသည်။ ထိုအချိန်တွင် သမိုင်းလမ်းဆုံရှိ ကရင်–ဗမာလူထုကြီးနှင့်အင်းစိန် စစ်မြေပြင်၏ တာဝန်ခံဗိုလ်မှူးချုပ်ကျော်ဇောအပါအဝင် ငြိမ်းချမ်းရေးကို မျှော်လင့် စောင့်စားနေကြလေသည်။ သို့ရာတွင် စောဘဦးကြီးသည် ဝန်ကြီးချုပ်ဦးနုနှင့် သဘောတူခဲ့သည့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို ယူဆောင်၍ (K.N.U) ခေါင်းဆောင်များရှိရာ အင်းစိန်သို့ ပြန်လည်ရောက်ရှိလာလေသည်။

ထိုစဉ်က အင်းစိန်တွင်ရှိနေသောအထင်ကရ (K.N.D.O)ခေါင်းဆောင် များမှာ စောဟန်တာသာမွေး၊ မန်းဘဇန်၊ ဗိုလ်ချုပ်စောစန်းကေး၊ အမြောက်တပ်မှ ဘက်ပြောင်းလာသော ဗိုလ်အောင်စိန်တို့ပင် ဖြစ်ကြလေသည်။ (K.N.U) ဥက္ကဋ္ဌစောဘဦးကြီးသည် သူနှင့်ဝန်ကြီးချုပ်ဦးနုတို့၏ သဘောတူညီချက်ကို ချပြရာ

(K.N.D.O)ခေါင်းဆောင်များမှ ယင်းသဘောတူညီချက်သည် ငြိမ်းချမ်းရေးသဘော တူညီချက်မဟုတ်ပဲ လက်နက်ချရေးသာဖြစ်ကြောင်း ပြန်ပြောကြသည်။ ဤတွင် စောဘဦးကြီး၏ တိုက်တွန်းချက်အရ မန်းဘဇန်မှ ငြိမ်းချမ်းရေးသွားရောက် ဆွေးနွေးပြန်ရာ (ဖဆပလ)အစိုးရဘက်မှ အလေးအနက် မဆွေးနွေးတော့ချေ။ ယင်းစောဘဦးကြီး၏ ငြိမ်းချစ်ရေးသဘောတူညီချက် ပျက်ပြားသွားပုံကို နောက် ပိုင်း၌ စောဟန်တာသာမွေး နှင့်မန်းဘဇန်တို့သည် သံတူကြောင်းကွဲပြောဆို ကြလေသည်။ စောဟန်တာသာမွေးက အင်းစိန်တိုက်ပွဲကာလ ငြိမ်းချမ်းရေးရယူ လိုသူမှာ စောဘဦးကြီးဖြစ်၍ ဆက်လက်တိုက်ခိုက်လိုသူမှာ မိမိနှင့်(K.N.D.O) ခေါင်းဆောင်များဖြစ်ကြောင်း အင်းစိန်တောင်သူကုန်းဘုရားကျောင်းဝတ်ပြု ဆုတောင်းပွဲ၌ ပြောကြားခဲ့သည်။ မန်းဘဇန်ကလည်း နောက်ပိုင်း၌ သူ၏ **"မန်းဘဇန်နှင့်ကရင့်တော်လှန်ရေး"**တွင် အောက်ပါအတိုင်း ပြောပြထားလေ သည်။

"ကျွန်တော်တို့နိုင်ငံရေးမှာ နုတယ်၊ ကျွန်တော်တို့ခေါင်းဆောင်ကြီး စောဘဦးကြီးကို အကြီးအကျယ်လေးစားတယ်၊ ဘာတွေဆွေးနွေးမယ်၊ ဘာတွေ လုပ်မယ်ဆိုတဲ့ (mandate)မပေးလိုက်ဘူး၊ ဟိုရောက်တော့ ဥက္ကဋ္ဌကြီးကို ဟိုက စည်းရုံး၊ ဒီကစည်းရုံးဆိုတော့ လည်သွားတယ်။"

အင်းစိန်ငြိမ်းချမ်းရေး သဘောတူညီချက် ပျက်ပြားသွားပုံကိုလည်း **"စောဘဦးကြီးနှင့်လူမျိုးစုများ၏ နိုင်ငံရေးပြဿနာ"**တွင် အထက်ပါအတိုင်း ဖတ်ရှုနိုင်ကြပေသည်။

(၄)

အင်းစိန်အရေးအခင်း၏ နောက်ပိုင်းတွင် စောဘဦးကြီးသည် တောင်ငူမြို့ သို့ ရောက်ရှိလာသည်။ ကရင့်တော်လှန်ရေးသည် ရေရှည်တော်လှန်ရေးဖြစ် သည်ကို သဘောပေါက်သဖြင့် သူ၏လက်ထောက်များအား လက်ဝဲစာပေ များနှင့်လီနင်း၊ စတာလင်တို့ ရေးသားသည့်စာအုပ်များအပါအဝင် မော်စီတုံး၏ "ရေရှည်စစ်" ကိုပါဖတ်ရှုရန် အကြံပေးလေသည်။ ထိုမှတောင်ငူမြို့တွင် (K.G.B)

ခေါ် ကော်သူးလေအစိုးရကို မိမိဦးဆောင်၍ ဖွဲ့စည်းခဲ့လေသည်။ တောင်ငူမှ တဆင့် ထွက်ခွါလာရာ ဖါပွန်တွင် ကျင်းပသောကွန်ဂရက်၌ တက်ရောက်၍ စောဘဦး ကြီးသည် ကရင်ပြည်နယ် ကိုယ်ပိုင် အုပ်ချုပ်ရေး(autonomy)ရရှိရေးတွင် ရန်သူက စေတနာဖြင့်ပင် သတ်မှတ်ပေးမလား၊ လက်နက်ကိုင်နည်းလမ်းဖြင့် ရလေမလား၊ အခြေအနေအချိန်အခါအရ ရပေမလားဆိုသည်ကို ရှင်းလင်းတင်ပြခဲ့လေသည်။ ယင်းအချက်များကိုလည်း "စောဘဦးကြီးနှင့်လူမျိုးစုများ၏ နိုင်ငံရေးပြဿနာ" တွင် ဖတ်ရှုနိုင်ကြပေသည်။

စောဘဦးကြီးကျဆုံးသွားပြီးနောက် (K.N.U)အဖွဲ့ကြီးကို အဓိကခေါင်း ဆောင်လာခဲ့သူ နှစ်ဦးမှာ စောဟန်တာသာမွှေးနှင့်မန်းဘဇန်တို့ပင်ဖြစ်ကြပေ သည်။ မန်းဘဇန်သည် စောဟန်တာသာမွှေးနှင့်ပူးတွဲ ခေါင်းဆောင်နေစဉ်မှာပင် ကော်သူးလေအစိုးရကြောင့် တပိုလ်တမင်းစံနစ်ဖြစ်လာပုံ၊ (K.N.U)၏ လမ်းစဉ်ကို ပထမလမ်းစဉ်မှ ဒုတိယလမ်းစဉ်သို့ ပြောင်းလဲချမှတ်ပုံနှင့်နောက်ဆုံး (မဒညတ) ဖွဲ့စည်း၍ သခင်သန်းထွန်းနှင့် တရင်းတနှီးဆက်ဆံရန် မန်းဘဇန်ပင် ချမှတ်ခဲ့ လေသည်။

ထိုမှ မန်းဘဇန်သည် လက်ဝဲအင်အားစုနှင့်ရင်းနှီးရာမှ (K.N.U)ကို (ဗကပ)နှင့် ပိုမိုနီးကပ်စေရန် (K.N.U)မှ (K.N.U.P)ကို ဖွဲ့စည်းလေရာ စောဟန်တာသာမွှေးခေါင်းဆောင်သောအစုသည် မြေပေါ်သို့ ပြန်သွားသည့်အထိ ရှိခဲ့လေသည်။ စောဟန်တာသာမွှေးသည် မြေပေါ်သို့ ပြန်ရောက်သောအခါ (K.N.U)ချမှတ်ခဲ့သော လမ်းစဉ်များကို တချက်စီ ပြန်လည်ထိုးနှက်ဖေါ်ပြ၍ နိုင်ငံ ရေးတွင် ကိုးကွယ်ရာမရှိဖြစ်တော့ကာ၊ ဘုရားသခင်ကိုသာ တမ်းတရလေတော့ သည်။ ယင်းအဖြစ်အပျက်နှင့် အကြောင်းအရာများကိုလည်း ယခု "စောဘဦး ကြီးနှင့်လူမျိုးစုများ၏နိုင်ငံရေးပြဿနာ"တွင် ဖတ်ရှုကြရပါမည်။

မန်းဘဇန်၏ နောက်ဆုံးနိုင်ငံရေးအပြောင်းအလဲမှာ ဗိုလ်ချုပ်နေဝင်း အာဏာသိမ်း၍ အာဏာမဲ့ဘဝဖြင့် တောတွင်းသို့ ဆင်းလာသောဝန်ကြီးချုပ် ဟောင်းဦးနုနှင့်ဒီမိုကရေစီရရှိရေးအတွက် သုံးပါတီဖွဲ့"(K.N.U)၊ မွန်ပြည်သစ်ပါတီ၊ ဒီမိုကရေစီ"တို့ ပူးပေါင်းဖွဲ့ စည်းခြင်းပင်ဖြစ်လေသည်။ ထိုစဉ်က ဦးနု၏(သန့်ရှင်း)

ဖဆပလ (ပထစ)သည် (၁၉၆၀)ခုနှစ်၊ ရွေးကောက်ပွဲ တွင် (၈၀)ရာခိုင်နှုန်းကျော် မဲအနိုင်ရသဖြင့် ပြည်နယ်များနှင့် လူမျိုးစုများ၏ တောင်းဆိုချက်အရ (၁၉၄၇)ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပေးရန် တောင်ကြီးမြို့၌ ပြည်နယ်ပေါင်းစုံ ညီလာခံတရပ် ကျင်းပရန် သဘောတူခဲ့လေသည်။ ယင်းအချိန်တွင် (၁၉၄၇)ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် (၁၀)နှစ်ပြည့်သောကာလလည်း ဖြစ်ပေသည်။ ဆယ်နှစ်ပြည့် သော(၁၉၄၇)ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်များ ဆိုင်ရာနှင့်ပတ်သက်၍ အခန်း(၁၀)၌ **"ခွဲထွက်နိုင်သောအခွင့်အရေး"** လည်း ပါရှိပေသည်။

ယင်းအခန်း(၁၀)ပါခွဲထွက်နိုင်သောအခွင့်အရေးကို ဖွဲ့စည်းပုံစတင်ရေး ဆွဲစဉ်က ဗိုလ်ချုပ်အောင်ဆန်းနှင့် အနီးကပ်၍ ပြောဆိုရေးဆွဲခဲ့သောပုဂ္ဂိုလ်မှာ တရားဝန်ကြီးချုပ်ဦးမြင့်သိန်းပင် ဖြစ်လေသည်။ သို့ဖြစ်၍ ယင်းစာပိုဒ် ဘာကြောင့် (၁၉၄၇)ခုနှစ်၊ ဖွဲ့စည်းပုံတွင် ပါဝင်ရသည်ကို ရေးဆွဲသူဦးမြင့်သိန်းကိုယ်တိုင် ရေးသား တင်ပြချက်များကိုလည်း ယခု "စောဘဦးကြီးနှင့်လူမျိုးစုများ၏နိုင်ငံရေး ပြဿနာ" တွင် ဖတ်ရှုနိုင်ကြပေသည်။

(၅)

ရှမ်းပြည်နယ်၊ တောင်ကြီးညီလာခံမှတဆင့် ရန်ကုန်မြို့၊ မြန်မာ့အသံတွင် ပြည်နယ်ပေါင်းစုံညီလာခံကို ဆက်လက်ကျင်းပရာ(၁၉၆၂)ခုနှစ်၊ မတ်လ(၁)ရက် နေ့ညတွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းသည် နိုင်ငံတော်သမတ၊ ဝန်ကြီး ချုပ်၊ အစိုးရအဖွဲ့ဝင်များ၊ အတိုက်အခံခေါင်းဆောင်များနှင့်ပြည်နယ်လူမျိုးစု ခေါင်းဆောင်များကို ဖမ်းဆီး၍ အာဏာသိမ်းလေသည်။ "ခွဲထွက်ခွင့်" ကို အကြောင်းပြ၍ တိုင်းပြည်အစိပ်စိပ် အမွှာမွှာမပြိုကွဲရလေအောင် စစ်တပ်က အာဏာသိမ်းရပါသည်ဟု အကြောင်းပြခဲ့လေသည်။

ဤတွင် (၁၉၄၉)ခုနှစ်၊ လွတ်လပ်ရေးရစတွင် (K.N.U)တခုတည်းသာ လက်နက်ဖြင့်အစိုးရကို ဆန့်ကျင်ပုန်ကန်ခဲ့သော်လည်း (၁၉၆၂)ခုနှစ်၊ ဗိုလ်ချုပ်

နေဝင်းအာဏာသိမ်းသောအခါ ရှမ်း၊ ကချင်၊ ချင်း၊ မွန်၊ ရခိုင်၊ ကယား(ကရင်နီ)၊ ပအိုဝ့်နှင့်တကွ လူမျိုးစုတိုင်း ပုန်ကန်ဆန့်ကျင်ခဲ့ကြလေသည်။ ထိုမှတဆင့် စစ်တပ်သည် လုံခြုံရေးအကြောင်းပြချက်ဖြင့် (၁၉၈၈)ခုနှစ်တွင် ဒုတိယအကြိမ်အာဏာသိမ်းပြန်လေရာ လူငယ်ကျောင်းသားများသည်ပင် လက်နက်စွဲကိုင်၍ အစိုးရအားပုန်ကန်ဆန့်ကျင်လာကြပြန်ပါသည်။ ယင်းအဖြစ်အပျက်များကိုလည်း ယခု "စောဘဦးကြီးနှင့်လူမျိုးစုများ၏နိုင်ငံရေးပြဿနာ"တွင် အနည်းနှင့်အများဖတ်ရှုနိုင်ကြပေသည်။

နိုင်ငံအားလုံးနှင့်လူမျိုးအားလုံးတို့၏ သမိုင်းသည် ရှည်လျား၍ အကွေ့အကောက်၊ အတက်အကျတို့ဖြင့် များမြောင်လှပါသည်။ ပြီးခဲ့သည်များကို ပြီးစေဟူ၍ သဘောမထားပဲ၊ ပြီးခဲ့သည်များကို အမှန်အကန် ဆင်ခြင်သုံးသပ်၍ အနာဂါတ်ကာလ၌ မှန်ကန်စွာ ဖြတ်သန်းနိုင်ရန် အရေးကြီးလှပါသည်။ ယခုအခါ ပြည်နယ် များနှင့်လူမျိုးစုခေါင်းဆောင်များဘက်မှ ခွဲထွက်ခွင့်ကို ပြောဆိုခြင်းအစားတိုင်းပြုပြည်ပြုလွှတ်တော်တွင် ဗိုလ်ချုပ်အောင်ဆန်းတင်သွင်းခဲ့သော တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပေါ်တွင် အခြေခံထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ (autonomy)၊ ပြည်နယ်များထူထောင်ရေးပင် ဖြစ်လေသည်။

အမေရိကန်ဖက်ဒရယ်ပြည်ထောင်စုတွင် ရှိကြသည့် ပြည်နယ်ပေါင်း (၅၀)နှင့် ကိုလံဘီယာခရိုင်တခု၊ ဩစတြေးလျားဖက်ဒရယ်ပြည်ထောင်စုတွင် ရှိကြသည့်ပြည်နယ်ပေါင်း(၈)ခု၊ ကနေဒါဖက်ဒရယ်ပြည်ထောင်စုတွင် ရှိကြသည့်ပြည်နယ်ပေါင်း(၁၂)ခု၊ လူဖြူလူမဲပူးတွဲအုပ်ချုပ်သော တောင်အာဖရိက ဖက်ဒရယ်ပြည်ထောင်စုတွင် ရှိကြသည့်ပြည်နယ်ပေါင်း(၉)ခု၊ ရုရှားဖက်ဒရယ်ပြည်ထောင်စုတွင် ရှိကြသည့် ပြည်နယ်ပေါင်း(၂၂)ခု၊ ဆွစ်ဇာလန် ဖက်ဒရယ်ပြည်ထောင်စုတွင် ကန်တွန်(CanTons)ခေါ် ပြည်နယ်ပေါင်း (၂၆)ခု၊ ဂျာမနီဖက်ဒရယ် ပြည်ထောင်စုတွင် ရှိကြသည့်ပြည်နယ်ပေါင်း(၁၆)ခု၊ မက္ကစီကိုဖက်ဒရယ်ပြည်ထောင်စုတွင် ရှိကြသည့် ပြည်နယ်ပေါင်း(၃၂)ခု၊ ဗီနီဇွယ်လာဖက်ဒရယ်ပြည်ထောင်စုတွင် ရှိကြသည့် ပြည်နယ်ပေါင်း(၂၂)ခု၊ ဘရာဇီးလ်ဖက်ဒရယ်ပြည်ထောင်စုတွင် ရှိကြသည့် ပြည်နယ်ပေါင်း(၂၈)ခု၊ နိုင်ဂျီးရီးယားဖက်ဒရယ်ပြည်ထောင်စုတွင် ရှိကြသည့်

ပြည်နယ်ပေါင်း (၃၇)ခု၊ ကမ္ဘာပေါ်တွင် တတိယကျယ်ဝန်း၍ နိုင်ငံနှင့်လူဦးရေ သန်းပေါင်း(၁၅၀၀)နီးပါးရှိသော တရုတ်ပြည်သူ့သမတနိုင်ငံ၏ ဖွဲ့စည်းပုံမှာ တပြည်ထောင်(Unitary State)စနစ်ဖြစ်ပြီး ပြည်နယ်ပေါင်းမှာ(၃၁)နယ်ရှိ၍ ယင်းတို့အနက်မှ ကိုယ်ပိုင်အုပ်ချုပ်ရေးပေးထားသော ပြည်နယ်သုံးခုမှာ လူဦးရေ သန်းပေါင်း(၂၂)သန်းကျော်ရှိသည့်အတွင်း မွန်ဂိုလီးယားပြည်နယ် လူဦးရေ(၁၈) သန်းကျော်ရှိသော ဆင်ကျန်(ဝီကာ)ပြည်နယ်၊ လူဦးရေ နှစ်သန်းခွဲကျော်ရှိသော တိဘက်ပြည်နယ်နှင့် အိန္ဒိယဖက်ဒရယ်ပြည်ထောင်စုတွင် ရှိကြသည့်ပြည်နယ် ပေါင်းမှာ (၃၂)ခုရှိလေသည်။

(၆)

ဗိုလ်ချုပ်အောင်ဆန်း၊ စောဘဦးကြီးနှင့်ချေဂွေဗားရားတို့သည် မိမိနိုင်ငံ၊ မိမိလူမျိုးများအတွက် အထက်ဖော်ပြပါ ဖက်ဒရယ်ပြည်ထောင်စုမျိုးနှင့်လူမျိုးများ အတွက် တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ရယူပေးလိုသော်လည်း ရန်သူ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ထိုအခိုက်မှာပင် ဗိုလ်ချုပ်အောင်ဆန်းနှင့် စောဘဦး ကြီးတို့သည် ဘဝဇီဝိန်ချုပ်ခဲ့ရလေသည်။ ချေဂွေဗားရားမှာ ကျူးဘားမှ အမိနိုင်ငံ "အာဂျင်တီးနား" လွတ်မြောက်ရေးအတွက် အပြန် "ဘိုလီဗီးယား" အရောက်၌ ဘိုလီဗီးယားစစ်တပ်၏ ရက်စက်စွာနှင့်ယုတ်မာစွာ သတ်ဖြတ်ခြင်းကို ခံရလေ သည်။

"စောဘဦးကြီးနှင့်လူမျိုးစုများ၏နိုင်ငံရေးပြဿနာ" ကို ဖတ်ရှုရသူများ သည် ရှုထောင့်အသီးသီးနှင့် အမြင်အသီးသီးတို့ကို မြင်တွေ့နိုင်စေရန်အလို့ငှါ (ဖဆပလ)ပဏာမပြင်ဆင်မှုညီလာခံနှင့် တိုင်းပြုပြည်ပြုလွှတ်တော် ပထမအကြိမ် အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းတင်သွင်းခဲ့သော စာတန်း၊ ၁၉၆၁–ခုနှစ်၊ တောင်ကြီးပြည်နယ်ပေါင်းစုံညီလာခံတွင် (ရှမ်းပြည်ကိုယ်စားပြု) ဦးထွန်းမြင့် (တောင်ကြီး)တင်သွင်းသောစာတန်း၊ ၁၉၈၉–ခုနှစ်၊ ပြည်ထောင်နွေနှစ်ငါးဆယ် မြောက်တွင် ဒေါ်အောင်ဆန်းစုကြည်တင်ပြသောစာတန်းနှင့် (U.N.L.D,L.A)

ညီလာခံတွင် ဆလိုင်းလျန်မှုန်းတင်ပြသော အဓိကစာတန်းများနှင့် တဦးချင်းစီ အတွေးအမြင်များကိုပါ ယခုစာအုပ်တွင် ပူးတွဲတင်ပြထားပါသည်။

ယင်းစာတန်းကြီးများနှင့် တဦးချင်းစီအတွေးအမြင်များသည် ခေတ်ကာလနှင့်အခြေအနေအရ၊ လိုတိုးပိုလျှော့များလည်းဖြစ်နိုင်ပေသည်။ ဝေါဟာရအသုံးအနှုန်းများသုံးစွဲရာတွင်လည်း အနအကြမ်းများလည်း ဖြစ်စေနိုင်ပေသည်။ ယင်းချို့ယွင်းချက်၊ အားနည်းချက်များနှင့်မပြည့်စုံသောအချက်များကို ဗိုလ်ချုပ်အောင်ဆန်းနှင့်စောဘဦးကြီးအပါအဝင် မြန်မာပြည်သူ၊ လူမျိုးစုပြည်သူများ၏ မျက်နှာကို ထောက်ရှုလျက် ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးနှင့်လူမျိုးစုများ၏ တန်းတူရေးနှင့်ကိုယ်ပိုင်အုပ်ချုပ်ရေးကို ရှေ့ရှုကြပါစို့ ---

(မောင်စင်ကြယ်)

# စောသာတော၏ စောဘဦးကြီးရုပ်ပုံလွှာ

သူ့အရပ်က ၅ပေ၊ ၈လက်မရှိပြီး ဆံပင်ကိုသေသပ်စွာ နောက်ပြန်ဖြီးလေ့ရှိတယ်။ ပခုံးကျယ်ပြီး ကြွက်သားလိုင်းတွေနဲ့ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်ဟာ ယောကျ်ားပီသပြီး အလွန်ကြည့်ကောင်းသူတယောက် ဖြစ်တယ်။ လေးထောင့်ကျကျမျက်နှာမှာ အပြုံးရိပ်တွေအုံ့မဲ့ဝေနေပေမဲ့ လေးနက်တည်ကြည်စွာ ခန့်ညားနေတဲ့သူ့ကို ကင်းဘရေ့ဂျ်တက္ကသိုလ် (Cambridge University)မှ ခင်မင်သူမိတ်ဆွေတွေက ဖရက် အလဲန်(Fred Allen)လို့ ခင်မင်စွာခေါ်ကြတယ်။ အမြဲလိုလို မျက်မှန်တပ်ထားလေ့ရှိတဲ့သူ့ကို ဓါတ်ပုံထဲ မျက်မှန်မပါဘဲ တွေ့ရတော့ တမျိုးလေး ဆန်းနေသလိုပါဘဲ။ ချမ်းသာကြွယ်ဝတဲ့ မိဘမျိုးရိုးက ဆင်းသက်လာပြီး အနောက်တိုင်းခေတ်ပညာတတ်တဲ့သူဟာ အနေအထိုင်သန့်ပြန့်ပြီး မိမိကိုယ် မိမိယုံကြည်မှုအပြည့်ရှိသူ၊ စိတ်ဓါတ်မြင့်မားခိုင်မာသူတယောက်ဖြစ်တယ်။ သူဟာသန့်သန့်ရှင်းရှင်း၊ သပ်သပ်ရပ်ရပ်နဲ့ စတိုင်ကျနစွာ နေထိုင်တတ်သူတယောက်လည်း ဖြစ်တယ်။

ကျွန်တော့်ရဲ့ အိပ်ယာဘေးမှာ ဖေဖေရယ်၊ မေမေရယ်၊ ကျွန်တော်ရယ် သုံးယောက် အီဒဲန်ဘရေ့ဂျ် (Edenbridge)မှာနေတုံးက တွဲရိုက်ထားတဲ့ ဓါတ်ပုံလေးရှိတယ်။ ဓါတ်ပုံထဲမှာ မေမေက ကျွန်တော့်ကို သိပ်ထားတဲ့ ကလေးတွန်းလှည်းလေးကိုကိုင်ပြီး မတ်တပ်ရပ်နေတယ်။ ဖေဖေက အဖြူရောင်ရှပ်အင်္ကျီကို ဝတ်ထားတယ်။ လက်အိပ်စွတ်ထားတဲ့လက်မှာ ထီးတလက်ကိုကိုင်ထားပြီး ဦးထုပ်အပိုင်းလေး ဆောင်းထားတဲ့ ဖေဖေဟာ ကင်မရာကို စူးစိုက်ကြည့်နေတယ်။ ကိုလိုနီခေတ်တုံးက ခေတ်စားတဲ့ ကာကီဘောင်းဘီတို့ကို ဝတ်ထားပြီး ဒူးအောက်နားလောက်ထိရှည်တဲ့ အာဂျီးချေအိတ်ရှည်အပေါ်မှာ အညိုရောင်သားရည်ဖိနပ်ကို စီးထားတဲ့ဖေဖေဟာ ထုံးစံအတိုင်း အမြဲတမ်းကြည့်ကောင်းနေပါတယ်။ ဓါတ်ပုံထဲက သူဟာ အဲဒီတုံးက အသက်နှစ်ဆယ်ကျော်ကျော်ဘဲရှိဦးမှာပါ။ အခုတော့ဓါတ်ပုံလေးက ဆေးသားတချို့ပျယ်နေပါပြီ။

ဖေဖေဟာ တယောတလက်ကို ပိုင်ဆိုင်ထားပေမဲ့ သူတယောထိုးတာကိုတော့ ကျွန်တော်တခါမှ မတွေ့ဖူးပါဘူး။ ဒါပေမဲ့ သူဟာတယောထိုး

ဝါသနာပါခဲ့ဟန်တူပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ကင်းစ်ဝုဒ် (Kingswood) မှာ နေခဲ့တုံးက ကျွန်တော်တို့ကို ဂီတသင်တန်းတက်စေခဲ့တယ်။ သူ့ရဲ့အထက် တန်းဆန်ဆန်နဲ့ စတိုင်ကျကျ နေထိုင်တတ်တဲ့ဓလေ့က အနုပညာနဲ့စာပေကို စိတ်ဝင်စားဘို့ အကြောင်းပြုခဲ့ဟန်တူပေမဲ့ အဲဒီအကြောင်းတွေကိုတော့ သူတခါမှ ပွင့်ပွင့်လင်းလင်း မပြောခဲ့ပါဘူး။

သူဟာ သင်ကြားမှုမှာ စိတ်ရှည်တဲ့လူတယောက်တော့ မဟုတ်ပါဘူး။ သူ့ရဲ့သင်ကြားမှုပုံစံကတော့ မြင်းဇက်ကြိုးကို ခပ်ဆတ်ဆတ်ကိုင်ပြီး နှင်တံတို့ ပြေးစေတဲ့အလားပါဘဲ။ သူဟာကျွန်တော့်ကို စက်ဘီးစီး၊ မြင်းစီး၊ ရေကူးနဲ့ လက်ဇွေ့ပညာတွေ ကိုယ်တိုင်တွန်းတွန်းပို့ပို့ သင်ပေးခဲ့ပါတယ်။ လက်ဇွေ့ သင်ပေးတဲ့အခါမှာတော့ ကလေးအရွယ် ကျွန်တော့်နဲ့ အရပ်ချင်းတူအောင် ဒူးထောက်ပြီး သူကစားလေ့ရှိတယ်။ ဒူးပေါ်မှာမို့ ရွေ့လျားမှုနှေးကွေးတဲ့သူ့ကို ကျွန်တော်က မိမိရရ ထိုးမိလို့ နှာတံသွေးယိုသွားတဲ့အခါတွေမှာတော့ ဖေဖေဟာ ကျွန်တော့်ကိုကြည့်ပြီး အရမ်းအားရဂုဏ်ယူနေတော့တယ်။ ဖေဖေဟာ လေ့ကျင့် ထားတဲ့ အားကစားသမားတယောက်ရဲ့ ခန္ဓာကိုယ်အချိုးအဆစ်ကို သဘာဝပိုင် ဆိုင်ထားပေမဲ့ ထူးချွန်တဲ့အားကစားသမားတယောက် ဖြစ်လာဘို့တော့ စိတ် ရှည်စွာ ကျိုးစားမလေ့ကျင့်ပါဘူး။

ဖေဖေဟာ သူလုပ်ချင်တာ၊ ဖြစ်ချင်တာတွေအားလုံးကို တကယ် ဖြစ်လာအောင်လုပ်နိုင်၊ စွမ်းဆောင်နိုင် တဲ့ အရည်အချင်းရှိသူ သဘာဝပါရမီရှိသူ တယောက်ဖြစ်ပါတယ်။ ကင်းဘရေ့ဂျ်(Cambridge)တက္ကသိုလ် ဝင်ခွင့်ရဘို့ အတွက် လိုအပ်တဲ့လက်တင်ဘာသာစကားကို ခြောက်လအတွင်း သင်ကြား တတ်မြောက်နိုင်တာဟာ သူ့မှတ်ဉာဏ်နဲ့ဉာဏ်ရည် ဘယ်လောက်ကောင်းတယ် ဆိုတာကို ဖေါ်ညွှန်းနေပါတယ်။ သတ်မှတ်ချိန် အတိုင်းအတာတခုအတွင်း ကင်းဘရေ့ဂျ်လိုတက္ကသိုလ်မျိုးက ဥပဒေဘွဲ့ကို အဆင့်မြင့်မြင့်အောင်မြင်နိုင်ခဲ့တာ ဟာလဲ သူ့ရဲ့ဘာသာစကားကျွမ်းကျင်ပိုင်နိုင်မှုနဲ့ ထက်မြက်မှုရဲ့အကောင်းဆုံး သက်သေတွေပါဘဲ။

သူ့ရဲ့ဉာဏ်ပါရမီနဲ့ထက်မြက်မှု၊ စိတ်ဓါတ်ခိုင်မာမှုတွေက သူ့ဘဝကို ကြီးကျယ်အောင်မြင်စေခဲ့ပါတယ်။ ဒါပေမဲ့ ဖေဖေဟာ ငြီးငွေ့ဖွယ် အလုပ်အကိုင် ကြီးတွေနဲ့ အမြဲတမ်းအချိန်ကုန်နေတဲ့လူတယောက်တော့ မဟုတ် ပါဘူး။ သူဟာ သူငယ်ချင်းတွေနဲ့ပျော် ပျော်ရွှင်ရွှင် စိတ်လက်ပေါ့ပါးစွာ နေထိုင်လေ့လည်း ရှိပါတယ်။ သူ့မှာ သူ့လိုဘဲ ငွေကြေးပြည့်စုံတဲ့ တရုတ်လူမျိုးမိတ်ဆွေကောင်း တယောက်ရှိပြီး သူတို့နှစ်ယောက်အတူတူ အပန်းဖြေဘိလိယက်ထိုးပြီး သူ့ရဲ့ အားလပ်ချိန်တွေကို ကုန်လွန်စေပါတယ်။

ဘယ်လိုဘဲဖြစ်ဖြစ် ဒါတွေအားလုံးဟာ တချိန်က ဖေဖေဘဝရဲ့ ပုံရိပ် တချို့ပါ။ အခုတော့ စစ်ကြီးက အရာရာကို အားလုံးပြောင်းလဲသွားစေခဲ့ပါပြီ။ ။

**စောသာတော**

*အမျိုးသားခေါင်းဆောင်ကြီးစောဘဦးကြီး၏သား မိုင်ကယ်သီအိုဒို ၂၀၀၆ ခုနှစ်တွင် ကနေဒါနိုင်ငံ တိုရန်တိုမြို့၌ ကင်ဆာရောဂါဖြင့် ဘဝတပါးသို့ပြောင်းမသွားခင် ဖခင်ဘဦးကြီးအကြောင်းရေးသားချက်အားဘာသာပြန်ဆိုသည်။*

# ပထမပိုင်း

# (ပထမပိုင်း)

## အခန်း (၁)

## ဇာတိရွာ"ဘဲဂရက်"

ဧရာဝတီတိုင်း(မြစ်ဝကျွန်းပေါ်)ဒေသတွင် ဗြိတိသျှအုပ်ချုပ်ရေးခေတ်မှ ယနေ့တိုင် ခရိုင်ကြီးငါးခုရှိ၍ "တိုင်း"တခုရှိသည်။ ယင်းတို့မှာ မအူပင်ခရိုင်၊ ဖျာပုံခရိုင်၊ မြောင်းမြခရိုင်၊ ဟင်္သာတခရိုင်နှင့် ပုသိမ်ခရိုင် (တိုင်း)တို့ပင် ဖြစ်ကြသည်။ ရန်ကုန်နှင့်အနီးဆုံးမှာ မအူပင်ခရိုင်ဖြစ်၍ ရန်ကုန်နှင့်အဝေးဆုံး၊ တောင်ဘက်အဆုံးတွင် ပုသိမ်ခရိုင်(တိုင်း)ဖြစ်လေသည်။ ပင်လယ်ရေငံနှင့်ဒေသ အချို့ ထိတွေ့နေသောခရိုင်မှာ ဖျာပုံခရိုင်၊ ပုသိမ်ခရိုင်တို့ပင် ဖြစ်ကြသည်။ ကုန်းတွင်းခရိုင်သုံးခုမှာ မအူပင်ခရိုင်၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်တို့ပင် ဖြစ်ကြလေသည်။

ဟင်္သာတခရိုင်သည် ကချင်ပြည်နယ်၊ မြစ်ဆုံဒေသမှစီးဆင်းလာသော ဧရာဝတီမြစ်၏အဆုံးတွင် ရှိသည်။ သူ၏အောက်ဘက်မှ မအူပင်ခရိုင်၊ ဖျာပုံခရိုင်၊ မြောင်းမြခရိုင်နှင့်ပုသိမ်ခရိုင်တို့သည် နောင်သောအခါတွင် ပေါ်ထွန်းလာသော မြစ်ဝကျွန်းပေါ် (မြေနု)ဒေသဖြစ်လေသည်။ ကျွန်တော်သည် မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းရွာဇာတိဖြစ်သည်။ ဝါးခယ်မမြို့နယ်၏ သမိုင်းစာတန်း တစောင်အလိုအရ၊ ရွှေလောင်းရွာသည် **"ဘိုးတော်ဘုရား"**လက်ထက်တော်တွင် လှေသူကြီးတဦးချရပ်ခဲ့ပြီး ရွှေလောင်းရွာရှိ ဘုရားကြီးသည် ထိုလှေသူကြီးတည်ခဲ့သည်ဟု အဆိုရှိခဲ့ဘူးသည်။

ကျွန်တော်ငယ်စဉ် ကျောင်းသားဘဝက မြောင်းမြခရိုင် "ကဝက်မြေနီကုန်း"ရွာအလယ်တန်းကျောင်း၊ မြောင်းမြမြို့ အမှတ်(၁)အလယ်တန်းကျောင်းနှင့်မြောင်းမြမြို့(R.C.M)အထက်တန်းကျောင်းတို့တွင် ကျောင်းနေခဲ့သော်လည်း ပုသိမ်မြို့သို့ မရောက်ခဲ့ဘူးချေ။ ကျွန်တော်လူလားမြောက်၍ အလုပ်

ခွင်ဝင်ရသောအခါတွင် ပုသိမ်မြို့သို့ ဘဝအမျိုးမျိုး၊ လုပ်ငန်းတာဝန်အသီးသီးဖြင့် သဘော်ာဖြင့်ဗင်း၊ အနည်းနည်းအဖုံဖုံ ရောက်ဘူးပါလေတော့သည်။

ပထမအခေါက်တွင် ကမ္ဘာ့လူငယ်ကျောင်းသားပွဲတော်အတွက် ရောက်လာသော ရုရှားလူငယ်များအား (ရခိုင်လူငယ်)ဦးနီအောင်ကျော်နှင့်အတူ ပုသိမ်ကောလိပ်သို့ ပို့ဆောင်ခြင်း၊ (မဆလ)လက်ထက် ကရင့်ယဉ်ကျေးမှုညီလာခံသို့ ဖိတ်ကြားခံရသဖြင့် ပုသိမ့်မြို့တိုင်တရာ (ကိုသာဖြူ)အထက်တန်းကျောင်းသို့ ရောက်ရှိခြင်း၊ ကုန်သွယ်ရေးအရာရှိအနေနှင့်ပုသိမ်မြို့ရှိ ကုန်သွယ်ရေးဝန်ထမ်းများအား လူမှုဖူလုံရေးအရာရှိနှင့်အတူ လူမှုဖူလုံရေးမှတ်ပုံတင်ပေးရခြင်း၊ ဤခရီးများမှာ ရန်ကုန်မှပုသိမ်သို့ အသွားအပြန် ခရီးမျှသာဖြစ်လေသည်။ ကျွန်တော့်အတွက် မေ့မရသောခရီးမှာ (၁၉၅၉)ခုနှစ်၊ နိုင်ငံရေးခရီးပင် ဖြစ်လေသည်။

ထိုစဉ်က ကျွန်တော်တို့သည် စိုးရိမ်ကြောင့်ကျစွာဖြင့် အစည်းအဝေးပြီးဆုံးသည့် နောက်တနေ့တွင် ပုသိမ်မှ ဟသ်ာတသို့ မဝင်ဘဲ၊ ဟသ်ာတတဘက်ကမ်းမှ "သာရဝေါ"လက်ပံတန်းသို့ကူး၍ ရန်ကုန်ပြန်သည့် ခရီးပင်ဖြစ်လေသည်။ ယင်းခရီးတွင် ကျွန်တော်တို့သည် ပုသိမ်မှ ထွက်ခွါလာသောအခါ ကရင်ခေါင်းဆောင်ကြီး ဒေါက်တာစံစီဖိုး၏ "ကိုးဆူရွာ"ကို ဖြတ်သွားဖြတ်လာရောက်ခဲ့၏၊ ကိုးဆူရွာမှ ထွက်လာပြီးနောက်တွင် ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီး၏ ဇာတိရွာ"ဘဲဂရက်" ဘယ်နေရာတွင် ရှိသည်ကိုကား မှန်းဆ၍ပင်မရကြ၊ မေးမြန်းသော် ပြောမည့်သူလည်းမရှိ၊ ထိုအချိန်က ဗိုလ်ချုပ် နေဝင်း၏ အိမ်စောင့်အစိုးရမှ ရွေးကောက်ပွဲကျင်းပပေးရန် စီစဉ်နေချိန်လည်းဖြစ်၏။ စောဘဦးကြီးသည် ရောမသူပုန်ခေါင်းဆောင်ကြီး ဘဝနှင့်ကွယ်လွန်ခြင်းလည်းဖြစ်၏။ စုံစမ်းခြင်းထက် မစုံစမ်းမမေးမြန်းခြင်းက ကောင်းသေး၏ဟု ကရင်တိုင်းမှတ်ယူနေကြရ၏၊ သို့ဖြင့် ဆိတ်ဆိတ်သာ နေလိုက်ရ၏။

အမှန်မှာ ကျွန်တော်သည် စောဘဦးကြီးအား မမြင်ဘူး မသိဘူးရသော်လည်း သူ၏သွေးသားများနှင့်ကား အလွန်ရင်းနှီးခဲ့ဘူး၏၊ တဦးမှာ စောဘဦးကြီး၏ ဒုတိယဇနီး (နော်မလေး)နှင့်ရသော (သမီး)သရာမူထီးမူ (Thi Mu)ဖြစ်၏၊

(စောစံဘိုးသင်၏ စာအုပ်ဖတ်ပါ)၊ နောက်ထပ်နှစ်ဦးမှာ စောဘဦးကြီးတူသားများဖြစ်ကြသော စောဘောဒွင်ကြီး(ကရင်ပြည်နယ်ယဉ်ကျေးမှုမှ ရန်ကုန်ယဉ်ကျေးမှုဌာနသို့)နှင့် စောကသွီး(ကုန်သွယ် ရေး၊ တောင်ငူ)တို့ပင် ဖြစ်ကြလေသည်။

## စောဘဦးကြီးမွေးရပ်နှင့် ဘဲဂရက်အကွာအဝေး

စောဘဦးကြီးသည် ငယ်ငယ်ရွယ်ရွယ် အသက်လေးဆယ်ကျော် (၁၉၅၀) ခုတွင် သူပုန်ခေါင်းဆောင်ဘဝဖြင့် ကျဆုံးကွယ်လွန်ခဲ့သောကြောင့် စိုးရိမ်ကြောင့်ရွံ့သူများအဖို့ မမေးရဲ၊ မမှတ်ရဲဖြစ်ကြရာ၊ ယခု ရာစုတဝက်ကျော်ရောက်လာချိန်တွင် အမှတ်အသားများက မှုကွဲများဖြစ်လာလေတော့သည်။ ယင်းသို့မှတ်သားရာတွင် အချို့သည် ပြည်တွင်းမှဖြစ်၍ အချို့သည် ပြည်ပမှဖြစ်ကြသည်။ သို့ဖြစ်၍ စောဘဦးကြီး၏ သမီးဖြစ်သူ သဲလ်မာရီဇာ(သဲလ်ကြီး)သည် ဖခင်စောဘဦးကြီး၏ မွေးသက္ကရာဇ်ကို အတည်ပြုပေးရရှာ သည်အထိ ရှိခဲ့ပေသည်။ စောဘဦးကြီး၏ မွေးသက္ကရာဇ်အစစ်အမှန်မှာ (၁၉၀၃)ခုနှစ်၊ အောက်တိုဘာလ(၇)ရက်နေ့ဖြစ်သည်။ (နော်သဲလ်မာကြီးထံမှ)၊ ပုသိမ်မြို့မှ စောဘဦးကြီး ဇာတိ(ဘဲဂရက်)ကို ဖေါ်ပြရာတွင်လည်း မှုကွဲများက ရှိနေပြန်သည်။ အချို့သောသုတေသီများက အကွာအဝေးကို (၇)မိုင်ဟုဖေါ်ပြပြီး မန်းဘဇန်(မန်းဘဇန်နှင့် ကရင့်တော်လှန်ရေး)တဦးတည်းကသာ ပုသိမ်၏အရှေ့မြောက်ဘက် မိုင်(၄၀) အကွာတွင် စောဘဦးကြီး၏ဇာတိ(ဘဲဂရက်)ရှိသည်ဟု ဖေါ်ပြထားလေသည်။ ထို့ထက်ဆိုးသော အချက်မှာ စောဘဦးကြီးသည် ရန်ကုန်တက္ကသိုလ်တွင် (B.A) အောင်ပြီးနောက် လန်ဒန်သွား၍ **ဝတ်လုံဘွဲ့**ယူသည်ဟူသော ရေးသားချက်များပင် ဖြစ်လေသည်။ ယင်းနှင့်ပတ်သက်၍ သဲလ်မာကြီးက အောက်ပါ အတိုင်း ရေးသားထားလေသည်။

“ပါးပါး (စောဘဦးကြီး)ကို (၁၉၀၃)ခုနှစ်၊ အောက်တိုဘာလ(၇)ရက်မှာ မွေးပါတယ်၊ အထက်တန်း ပညာကို မော်လမြိုင်နှစ်ခြင်းခရစ်ယာန် အထက်တန်းကျောင်းမှာ သင်ယူခဲ့ပါတယ်၊ (အဲဒီတုန်းက ကျောင်းဆရာအများစုဟာ အင်္ဂလိပ်လူမျိုးတွေဖြစ်ပါတယ်)၊ တိုက်ဆိုင်မှုတခုကို ပြောရရင် ပါးပါးရဲ့သမိုင်းဆရာ

မစ္စ(စ်)ဂျုံး “Mss Jones”က အန်တီကို “ကလောမြို့”မှာ စာသင်ပေးခဲ့ပါတယ်၊ ဖူးဖူး(စောသာမြတ်ကြီး)ဟာ ပါးပါး(စောဘဦးကြီး)ရဲ့ သူ့ဝမ်းကွဲညီ (စောဖေသာ) တို့ကို အင်္ဂလန်လွှတ်ပြီး ဥပဒေပညာသင်စေခဲ့ပါတယ်၊ ပါးပါးဟာ အဲ့ဒီတုန်းက အသက်(၁၇)နှစ် မပြည့်တတ်သေးပါဘူး”၊

*(သဲလ်မာကြီး)*

မည်သို့ပင်ဖြစ်စေ၊ ယခုအခါ စောဘဦးကြီး၏ မွေးသက္ကရာဇ်အမှန်ကိုရင်း၊ စောဘဦးကြီး၏ပညာရေး အပြည့်အစုံကိုရင်း၊ အမှန်အတိုင်း သိကြရပြီး ဖြစ်သည့် အပြင် ပုသိမ်နှင့်စောဘဦးကြီး၏ဇာတိ “ဘဲဂရက်” အကွာအဝေးကိုပါ သိရှိကြ ရပြီး ဖြစ်လေသည်။

**ဦးသာမြတ်ကြီး (စောဘဦးကြီးဖခင်)**



THAPG'H THA MYAT KYI.

စောဘဦးကြီး၏ မိဘနှစ်ပါးမှာ စောသာမြတ်ကြီးနှင့်ဒေါ်အေနုတို့ဖြစ်ကြ၍ မွေးချင်းလေးဦးအနက် စောဘဦးကြီးမှာ ဒုတိယသားဖြစ်သည်။ စောဘဦးကြီး၏ မွေးသက္ကရာဇ်အစ်အမှန်မှာ (၁၉၀၃)ခုနှစ်၊ အောက်တိုဘာလ(၇)ရက်နေ့ဖြစ်သည်။ ဦးသာမြတ်ကြီးသည် အရပ်အမောင်းပြည့်ဖြိုးသည်၊ နှုတ်ခမ်းမွေး အနည်းငယ် ထား၍ ခေါင်းပေါင်းကိုခွပေါင်းပေါင်းထား၏၊ သူ့ဥပဓိရုပ်သည် တည်ကြည်ခန့်ညားသော မြေပိုင်ရှင်၊ လယ်ပိုင်ရှင်နှင့် ရွာသူကြီးပုံဟန်ပင် ဖြစ်လေသည်။

*(စောစံဖိုးသင်အတ္ထုပ္ပတ္တိ)*

လယ်ပိုင်ရှင်၊ မြေပိုင်ရှင်နှင့်ရွာသူကြီးဖြစ်သူ ဦးသာမြတ်ကြီး၏ "ဘဲဂရက်" ရွာအကြောင်းကို စာဖွဲ့သူမှာ နည်းပါးလှသည်။ နောက်ပိုင်းတွင်မှ "ဘဲဂရက်ရွာ" သည် စောဘဦးကြီးကို အကြောင်းပြု၍ ပိုမိုလူသိများလာလေသည်။ ဂျော့[၁]အော်ဝဲလ်(Georgeorwell)သည် စောဘဦးကြီးမွေးဖွားလာသော ဘဲဂရက်နှင့်ပတ်သက်၍ သူ၏ဘားမားဒေး (Burma Days)စာအုပ်တွင် အောက်ပါအတိုင်း ရေးသားထားလေသည်။

"စောဘဦးကြီးသည် ပုသိမ်မြို့၏ အနောက်တောင်ဘက်နှင့် ပုသိမ်နှင့် မနီးမဝေးရှိ 'ဘဲဂရက်'ရွာတွင် (၁၉၀၃)ခုနှစ်၊ အောက်တိုဘာလ(၇)ရက်နေ့၌ မွေးဖွားသည်။ ယင်းဒေသသည် မြန်မာနိုင်ငံ၏ ဤနောက်ဘက် အရပ်အဖြစ် အားလုံးသိကြ၍ ကြောက်မက်ဖွယ် ဦးဆိုးတိုက်ခိုက်မှုများ၊ နာရီဂစ်မုန်းတိုင်းနှင့် မီးရထားလမ်း များအပါအဝင် ရွံ့နွံများနှင့်တောင်တန်းများက ဝိုင်းရံထားသည်မှာ နှစ်များစွာကပင် ဖြစ်လေသည်။ စောစောပိုင်းတစ်ရာစု(ဘီစီ)လောက်တွင် ပုဂံမင်း

များအုပ်ချုပ်ခဲ့ပြီး (၁၃)ရာစုလောက်တွင် မွန္တလေးနှင့်မနီးမဝေးတွင် အင်းဝမင်းဆက်ကို ထူထောင်ခဲ့ကြပေသည်”၊

“၁၉၀၃–ခုနှစ် ဗြိတိသျှဘုရင်မ၏ အင်ပါယာအတွင်း နောက်ဆုံးမွန္တလေးဘုရင်နန်းကျ၍ အိန္ဒိယမှတဆင့် မြန်မာနိုင်ငံကို ဗြိတိသျှတို့ အုပ်ချုပ်ခဲ့ကြလေသည်။ ဤတွင် အင်းဝနှင့်မွန္တလေးသည် အရေးမပါတော့ပဲ ရန်ကုန်သည် နေပြည်တော်သစ်ဖြစ်၍ လာလေသည်။ ဤသို့ဖြင့် ပုသိမ်သည် ဧရာဝတီတိုင်းတွင် ဗြိတိသျှအုပ်ချုပ်သော ဆိပ်ကမ်းမြို့ဖြစ်လာသည်။ ထိုစဉ်က ဧရာဝတီတိုင်းသည် အလွန်ဆင်းရဲ၊ အလွန်ခေတ်နောက်ကျသော လူသူမလုပ်သောမြေရိုင်း၊ မြေကွက်များအဖြစ် နှစ်ပေါင်းများစွာ ရှိနေခဲ့သောကြောင့် တောအုပ်များ၊ ရွှံ့နွံများ၊ ချောင်းမြောင်းများနှင့် ဆင်ရိုင်းများ ကျက်စားရာဒေသဖြစ်၍ နေလေသည်။ ယင်းမြေရိုင်းများတွင် ဗမာ၊ မွန်၊ ကရင်များ ရွှေ့ပြောင်းရောက်ရှိလာသဖြင့် လူဦးရေများပြားလာတော့သည်။ ထိုစဉ်က ကရင်လူမျိုးများသည် မိမိအိမ်ကို ဝင်းခတ်၊ ခြံခတ်၍ နေသောကြောင့် အပြင်လူနှင့်တိရိစ္ဆာန်ရိုင်းများပင် မဝင်ရောက်နိုင်ကြပေ။”

“နောက်ပိုင်းတွင် ဗြိတိသျှအစိုးရမှ ရောနှောသောယဉ်ကျေးမှုအရ၊ ဆန်စပါး၊ စိုက်ပျိုးရေးတွေပါ ဖွံ့ဖြိုးတိုးတက်လာရာ တရားရုံးနှင့်အတူ အိန္ဒိယမှ ငွေချေးသူများ၊ ဘင်္ဂါလီဆိုင်ရောင်းသူများ၊ ‘ဆစ်’ရဲသား များနှင့်တရုတ်ကုန်သည်များအပါအဝင် ရောက်ရှိလာသည်။ ဧရာဝတီ‘ဖလိုတီလာ’ကုမ္ပဏီမှ သင်္ဘောငယ်များဖြင့် ပုသိမ်၊ ရန်ကုန်မှ ဗြိတိသျှအုပ်ချုပ်သော အိန္ဒိယအထိ လမ်းပန်းများပါ ပေါက်ရောက်လေတော့ သည်။”

*(ဂျော့အော်ဝဲလ်၏ ဘားမားဒေး)*

[1] *NENETEEN EIGHTY – FOUR, BURMA DAYS BY GEORGE OR WELL.*

## ဘဲဂရက်ရှာတည်ရှိပုံ

ထိုမှ နောက်ပိုင်းတွင် ဆရာယုဒသဿန်၏ နောက်လိုက်တဦးဖြစ်သူ "ဟယ်ရီမာရှယ်"(Herry Ingnatius Marshalls)မှ သူ၏မြန်မာပြည်၏ ကရင်လူမျိုးများ (The Karen People of Burma) စာအုပ်တွင် အပြည့်အစုံ ရေးသားထားပြန်ရာ ကရင်လူမျိုးကွဲနှင့် ဘဲဂရက်ရွာတည်ရှိပုံပါ ပါရှိလာလေသည်။

"ထိုအချိန်က မြန်မာနိုင်ငံ၏ လျင်မြန်သော ပြောင်းလဲမှုတွင် ကရင်လူမျိုးများအတွက် သိသာထင်ရှားသော ပြောင်းလဲမှုလည်း ပါဝင်လေသည်။ ခရစ်ယာန်ပညာရေးစနစ်သည် မြို့မှတောရောနှောနေထိုင်သော ရွာများသို့ ရောက်လာသောအခါ ဝတ်စားဆင်ယင်မှုပုံစံများပါ ပြောင်းလဲလာရာ အနောက်တိုင်းပုံစံပါ ပြောင်းလဲလာလေသည်။ ထိုစဉ်က မြစ်ဝကျွန်းပေါ်ဒေသတွင် ကရင်လူမျိုးများမှာ တသန်းကျော်ရှိနေရာ ဗြိတိသျှအုပ်ချုပ်ရေးမှာ အသားကျလာပြီဖြစ်၍ အရှေ့အရပ်တောင်ပေါ်တွင် နေထိုင်သော ကရင်မျိုးနွယ်စုခေါင်းဆောင်များအပါအဝင် မြေပြန့်ဒေသနှင့်မြစ်ဝကျွန်းပေါ်ဆီသို့ ဆင်းသက်လာကြသည်"၊

"ယင်းသို့ ကျယ်ပြန့်စွာ ဆင်းသက်လာသော ကရင်လူမျိုးများတွင် အုပ်စုအားဖြင့် စကောကရင်၊ ပိုးကရင်နှင့်ဘွဲကရင်များပင် ဖြစ်ကြပေသည်။ စကောကရင်များသည် ထင်ရှားသောအရေအတွက်ဖြင့် ရောဝတီ(မြစ်ဝကျွန်းပေါ်) ဘက်နှင့် ပြည်၏တောင်ဘက်ပိုင်းတို့တွင် ဝင်ရောက်နေထိုင်လာကြပေသည်။ ဤအထဲတွင် စကောကရင်ဖြစ်သော စောဘဦးကြီး၏ ဖခင်စောသာမြတ်ကြီး၏ ဘိုးစဉ်ဘောင်ဆက်များ အပါအဝင်ဖြစ်ကြလေသည်၊"

*(ဟယ်ရီမာရှယ်၏ မြန်မာပြည်၏ကရင်လူမျိုးများ)*

ဘဲဂရက်ရွာကလေးသည် ထိုစဉ်က တည့်ငြိမ်အေးဆေးသော ရွာကလေးဖြစ်သော်လည်း ခေတ်မီသော ဆက်သွယ်ရေးကားမရှိပေ၊ မြင်းလှည်း၊ လှေသမ္ဗာန်တို့ကိုသာ တရွာနှင့်တရွာ၊ တနယ်နှင့်တနယ် ဆက်သွယ်ရေးအတွက် အားကိုးရလေသည်။ ဘဲဂရက်ရွာနှင့်ခတ်လှမ်းလှမ်းတွင် မီးရထားလမ်းရှိသော မြို့သိမ်၊ မြို့ငယ်လေးမှာ ကန်ကြီးဒေါင့်(Kan Gyi Daung)ရွာ၊ (မြို့)ရှိလေသည်။ ယင်းကန်ကြီးဒေါင့်တွင် အရပ်ရပ်က သိထားကြသည်မှာ ရွှန်းပြသော"ဝက်ကင်" ဝက်အူချောင်းပင်ဖြစ်သည်။

ဘဲဂရက်သည် မြစ်ဝကျွန်းပေါ်၏ ဓလေ့အတိုင်း ကမ်းခြေပေါ်တွင် အစဉ်လိုက်တည်နေသော ရွာဖြစ်၍ အလယ်လောက်တွင် စောဘဦးကြီး၏ ဖခင်ရွာသူကြီးနှင့် လယ်ပိုင်ရှင်ဦးသာမြတ်ကြီး၏ နေအိမ်ရှိသည်။ ယင်းရွာတွင် ကရင်အမျိုးသားချည်း နေထိုင်ကြသည်မဟုတ်ပဲ ကရင်နှင့်ဗမာရောနှောနေထိုင်ကြသည်။ ဤသို့ဖြင့် စောဘဦးကြီးစကားပြောကောင်းပုံကို စောစံဘိုးသင်က အောက်ပါအတိုင်းရေးသားထားလေသည်။


“စောဘဦးကြီးသည် အလွန်ရုပ်ချောသည်၊ မင်းသားရုပ်နှင့်ခပ်ဆင်ဆင်ပါ၊ စကားပြောရာ၌ အလွန် နားဝင်ချိုအောင် ပြောနိုင်စွမ်းရှိပါသည်၊ သူတို့မိသားစုမှာ စကောကရင်နှင့်ပိုးကရင်များမှ ဆင်းသက်လာ ကြသူများဖြစ်သောကြောင့် ထိုမျှ လှပချောမော၍ ချစ်စရာကောင်းလေသလား၊ ကျွန်တော်ဝေခွဲမရ ဖြစ်ရပါ၏”၊

*(စောစံဘိုးသင်အတ္ထုပ္ပတ္တိ)*

## ဒေါက်တာတီသံပြာ၊ ဒေါက်တာစံစီဖိုး၊ ဒေါက်တာနစ်ကိုး



ဒေါက်တာတီသံပျာ



ဒေါက်တာစံစီဖိုး



DR. C. A. NICHOLS, K.I.H.

ရွာသူကြီးနှင့်သူဌေးကြီး ဦးသာမြတ်ကြီး(သတ်ပန်းသာမြတ်ကြီး)သည် ရွာသားများမှ လေးစားရန်နှင့်အားကိုးအားထားပြုရန်လည်း နေထိုင်သည်။ ရွာ၏ တဘက်မှာ ကရင်များနေထိုင်၍ ရွာ၏အခြားတဘက်မှာ ဗမာများနေထိုင်ကြ၏၊ သူ့ဘက်အခြမ်းတွင် ခရစ်ယာန်ဘုရားကျောင်းနှင့် အစည်းအဝေးကျင်းပရန် သူ့အိမ်တွင် ပြုလုပ်လေ့ရှိ၏၊ ဗမာများဘက်အခြမ်းတွင်လည်း စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်းရှိ၏၊ မူလက နတ်ကိုးကွယ်သော ကရင်လူမျိုးများသည် အမေရိကန်နှစ်ခြင်းသာသနာရောက်ရှိလာသောအခါ ခရစ်ယာန်ဘာသာသို့ ကူးပြောင်း၍ ဘုရားကျောင်းတွင် တီးမှုတ်သောတူရိယာ၊ သံပြိုင်အတူတကွ သီဆိုသော တေးသံတို့ဖြင့် ယဉ်ကျေးမှုသည် တစတစဖြင့် ပြောင်းလဲလာလေသည်။

စောဘဦးကြီးသည် ယင်း၏မိသားစုနေအိမ်တွင် အစ်မ၊ ညီမများနှင့် အတူတကွ နေထိုင်လာခဲ့၏၊ ယင်းနောက် ဖခင်ဦးသာမြတ်ကြီး၏ အစီအမံဖြင့် လန်ဒန်၌ ဝတ်လုံဘွဲ့ရယူနိုင်ရန် မော်လမြိုင်ရှိ နှစ်ခြင်းခရစ်ယာန်အထက်တန်းကျောင်းသို့ ပြောင်းရွှေ့လာသည်။ ပထမဆုံးစောဘဦးကြီး၏ အင်္ဂလိပ်စာ ဆရာမမှာ မစ္စ(စ်)ဂျုံး(Mss Jones)ဖြစ်သည်။ (နောက်ပိုင်းတွင် ဆရာမဂျုံးသည် စောဘဦးကြီး၏ သမီးသဲလ်မာကြီး၏ အင်္ဂလိပ်ဆရာမအဖြစ် ကလောမြို့ ကင်းစ်ဝုဒ် (Kings wood)ကျောင်းတွင် ဆရာမဖြစ်လာသည်၊)

ထိုစဉ်က ပုသိမ်မြို့သည် ကျယ်ပြောသော ဒေသတခုလည်းဖြစ်သည်။ အထူးသဖြင့် ပိုးနှင့်စကောကရင်များအတူတကွ နေထိုင်ကြသော ကရင်ရပ်ကွက်သည် ဈေးကွက်၏ အချက်အချာနေရာလည်းဖြစ်သည်။ ကရင်အမျိုးသားခေါင်းဆောင်ကြီး ဒေါက်တာစံစီဖိုးသည် သူ၏ဆေးကုခန်းကို ဤနေရာတွင် ဖွင့်လှစ်၍ ပုသိမ်မြို့၏ မြူနီစီပယ်လူကြီးတဦးလည်း ဖြစ်လာသည်။ နောက်ပိုင်းတွင် ဒေါက်တာစံစီဖိုးသည် (၁၇)မှ (၁၉)ဦးထိပါဝင် ဥပဒေပြုကောင်စီတွင် အဖွဲ့ဝင်တဦးဖြစ်လာသည်။ ယင်းကောင်စီသည် ဗြိတိသျှဘုရင်ခံကို အကြံပေးရသော

ကောင်စီဖြစ်၍ ပုသိမ်မြို့ရှိ ကရင်များနှင့်ကရင်အမျိုးသားများက များစွာဂုဏ်ယူကြလေသည်။

(၁၈၈၁)ခုနှစ်တွင် ကရင်အမျိုးသားအသင်းချုပ် (The Karen National Association)ကို ဖွဲ့စည်းရာတွင် ဒေါက်တာစံစီဖိုးသည် ခေါင်းဆောင်တဦးဖြစ်လာသည်။ ယင်းအဖွဲ့ ဖွဲ့စည်းရာတွင် စောဘဦးကြီး၏ ဖခင်(ဦးသာမြတ်ကြီး)နှင့် ဒေါက်တာစံစီဖိုးတို့သည် ကောင်းတိုင်ပင် ဆိုးတိုင်ပင်များဖြစ်ကြ၍ ယင်းမိသားစုသည် နောက်ပိုင်းတွင် ခွဲမရအောင်ဖြစ်လာလေသည်။ စောဘဦးကြီးတို့ ဖခင် ဦးသာမြတ်ကြီးသည် အမြင်ကျယ်ရာတွင် သူ့ခေတ်သူ့အခါက ရှာမှရှား၏၊ အထူးသဖြင့် ဒေါက်တာစံစီဖိုးနှင့်ကျောချင်းကပ် ပေါင်းသင်းရုံသာမက ဒေါက်တာနစ်ကိုးနှင့်လည်း အလွန်ရင်းနှီးစွာ ပေါင်းသင်း၏။

ဦးသာမြတ်ကြီးနှင့် ဒေါက်တာနစ်ကိုးတို့အပါအဝင် ထိုစဉ်က ပုသိမ်အသင်းတော်နှင့် တိုင်တရာကျောင်းကို တည်ထောင်ခဲ့ကြသော သာသနာဆရာများမှာ အောက်ပါအတိုင်းဖြစ်လေသည်။ ပထမအင်္ဂလိပ်–မြန်မာစစ်ပွဲပြီး၍ အင်္ဂလိပ်က စစ်နိုင်သောအခါ မြန်မာဘက်မှ ရခိုင်းတိုင်းနှင့်တနင်္သာရီတိုင်းတို့ကို ပေးလိုက်ရ၏၊ ဒုတိယစစ်ပွဲရှုံးပြန်သောအခါ မြန်မာတို့ဘက်မှ ဗြိတိသျှကို ပြည်နှင့် တောင်ငူအောက်ပိုင်းပါဝင်သော အောက်မြန်မာနိုင်ငံအား ပေးလိုက်ရပြန်သည်။ ဤတွင် မော်လမြိုင်နှင့်ကျိုက်ခမီတွင် ရှိနေသောနှစ်ခြင်းသာသနာဆရာများအနက်မှ မစ္စတာအက်ဘော့(Mr Abbot)သည် ဦးဦးဖျားဖျား ပုသိမ်မြို့သို့ ရောက်လာပြီး သာသနာကို စတင်ထူထောင်သည်။ ဆရာအက်ဘော့၏ နောက်တွင် ပုသိမ်မြို့သို့ ရောက်လာသော မစ္စတာဘီချယ်(Mr Beecher)သည် လုံခြုံရေးအသားမကျသေးသော နေရာကို အသာထား၍ ပုသိမ်နှင့်လေးမိုင်အကွာ "ကိုးဆူ"ဒေသကို ရွေးချယ်၍ မြေ(ဖ)ကေပေါ်တွင် တိုင်တရာကျောင်းကို စတင်တည်ဆောက်၏။ မစ္စတာဘီးချယ်၏နောက်တွင် ဆရာကာပင်တာ(Mr Carpenter)သည် ရန်ကုန်မြို့၌ (၁၈၇၄)ခုနှစ်တွင် ကရင်ကောလိပ်အမည်ခံ (ယုဒသန်)ကောလိပ်ကို စတင်ဖွင့်လှစ် တည်ထောင်ခဲ့ပြီး ယင်းရာထူးမှ နှုတ်ထွက်ကာ ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။ ယင်း၏ လက်ထက်တွင် ဗြိတိသျှ

ဒေသခံအုပ်ချုပ်ရေးမှူးထံ မြေကွက်အလှူခံရာ မြေ(၁၀)ကေရသဖြင့် စုစုပေါင်းမြေ (၁၆)ကေပေါ်တွင် တိုင်အလုံးပေါင်း(၁၁၆)လုံးရှိသော တိုင်တရာကျောင်း(ခေါ်) ကိုသာဖြူအထက် တန်းကျောင်းကြီးဖြစ်လာသည်။ ဆရာကာပင်တာ အမေရိကားသို့ ပြန်သွားပြီးနောက်တွင် ဒေါက်တာနစ်ကိုးက ယင်းအမွေကို ဆက်လက် ခံယူသည်။

*(မောင်စင်ကြယ်၏ ယုဒသာသနန်နှင့်မြန်မာရွှေပြည်)*

ဆက်လက်၍ စောဘဦးကြီးသမီး (သဲလ်မာကြီး)က သူ့အဘိုး (ဦးသာမြတ်ကြီး)နှင့် ဒေါက်တာနစ်ကိုးတို့ မည်၍မည်မျှရင်းနှီးပုံနှင့် စောဘဦးကြီးမိသားစု ပုသိမ်ပြန်ရောက်လာစဉ် ဒေါက်တာနစ်ကိုးနေထိုင်သည့် အိမ်ဟောင်းကြီးတွင် သူတို့မိသားစု(၈)နှစ်တိုင် နေထိုင်ခဲ့ပုံကို အောက်ပါအတိုင်း ရေးသားထားလေသည်။

"ဖူးဖူး(ဘိုးဘိုး)ဟာ ပုသိမ်မှာရှိတဲ့ စကောကရင်အထက်တန်းကျောင်းကို အမြဲကူညီပါတယ်။ ကိုသာဖြူကျောင်းဟောင်းအား အရင်သစ်သားအဆောက်အဦးကိုမူ (၂၀၀၀)ဆန့်တဲ့ ကွန်ကရစ်အဆောက်အဦး ဖြစ်လာအောင် ဆောင်ရွက်လာခဲ့ပါတယ်။ ပုသိမ်တနယ်လုံးဟာ ဒီကျောင်းကို အားကိုးအားထားပြုရပါတယ်။ ဒါဟာ ပါးပါး(စောဘဦးကြီး) မိသားစုရဲ့ နောက်ခံသမိုင်းကြောင်းတခု ဖြစ်ပါတယ်။ သူတို့မိသားစုအားလုံး တာဝန်သိပြီး စည်းလုံးကြပါတယ်၊"

ဆက်လက်၍ သဲလ်မာကြီးက သူတို့မိသားစု နစ်ကိုးအိမ်ဟောင်းကြီးတွင် နေရပုံကိုလည်း ဆက်လက် ရေးသားထား၏။

"အန်တီတို့ နစ်ကိုးဂေဟာ (Nichol House)မှာ နေကြတယ်။ ကရင်အထက်တန်းကျောင်း တည်ထောင်ခဲ့တဲ့ (Dr Nichol)နေခဲ့တဲ့ အိမ်ဖြစ်ပါတယ်။ အဲဒီအိမ်မှာ (၈)နှစ်ကြာတယ်။ နောက်တော့ ပုသိမ်မြို့ပြင်မှာ အိမ်သစ်တဆောင် ဆောက်ပြီးနေပါတယ်။ အဲဒီအိမ်ဟာ ဖူးဖူး(အဖိုး)ရဲ့ လက်ဆောင်ဖြစ်ပါတယ်။ ဖူးဖူး သားသမီးတိုင်းကို အိမ်တဆောင်ဆီဆောက်ပေးပါတယ်။ အိမ်ထဲမှာ ရေချိုးခန်း၊ ရေပိုက်နဲ့ရေဆွဲအိမ်သာပါရှိတဲ့ ပုသိမ်မြို့မှာ ပထမဆုံးအိမ်ပေါ့၊ လာလည်တဲ့

မိတ်ဆွေတွေအားလုံးက သဘောကျကြတယ်။”

*(သဲလ်မာကြီး၏ စောဘဦးကြီးအတ္ထုပ္ပတ္တိ)*

## ထင်ရှားတဲ့ ကန်ကြီးဒေါင့်

ဘဲဂရက်ရွာနှင့် အတန်ကလေးလှမ်းပြီး မိရထားလမ်းရှိသည့် “ကန်ကြီးဒေါင့်”မြို့ငယ်လေးသည် စောဘဦးကြီးတို့ မွေးလာစဉ်ကတည်းက ထင်ရှားသော မြို့ငယ်လေးတမြို့ဖြစ်သည်။ ကန်ကြီးဒေါင့်တွင် အများကိုးကွယ်သော ဗုဒ္ဓဘာသာမှာ“ထေရဝါဒဗုဒ္ဓဘာသာ”ဖြစ်သည်။ သို့ဖြစ်၍ ခရစ်ယာန်ကိုးကွယ်သည့်လူများမှ ခရစ်ယာန်ယဉ်ကျေးမှုအရ လုပ်ဆောင်ကြ၍ ဗုဒ္ဓဘာသာကိုးကွယ်သူများကလည်း ယဉ်ကျေးမှုအရ ဇာတ်ပွဲသွင်းခြင်း၊ ဘားကျွမ်းကစားခြင်း၊ မင်းသားမင်းသမီးအဆိုအကဖြင့် သက်မွေးဝမ်းကျောင်းပြုကြခြင်းတို့ ဖြစ်လေသည်။ သို့ရာတွင် အရေးအရာပေါ်ပေါက်လာသောအခါတွင်ကား သူတို့အားလုံးပင် ရွာသူကြီးဦးသာမြတ်ကြီး၏ ‘ဝရန်တာ’ရှိ ရုံးခန်းဆီသို့ ရောက်လာကြတော့သည်။

ယင်းကန်ကြီးဒေါင့်မြို့၏ ထူးခြားချက်မှာ စောဘဦးကြီးမွေးဖွားသည့် (၁၉၀၃)ခုနှစ်တွင် ဟင်္သာတနှင့်ပုသိမ်သို့ ကန်ကြီးဒေါင့်ကို ကြားခံထား၍ ဗြိတိသျှအစိုးရသည် မီးရထားလမ်းဖေါက်ခြင်းဖြစ်သည်။ ယင်းမတိုင်မီတွင် အမျိုးသား(မြန်မာဘာသာ)ဆယ်တန်းကျောင်းကို ဖွင့်လှစ်ထားရာ မော်လမြိုင်မြို့ “ရှင်ဗုဒ္ဓဃောသ” အထက်တန်းကျောင်း၌ (ယခု) ကန်ကြီးဒေါင့်ကျောင်းတွင်ပါကျောင်းဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးဘသန်း(ဘီ–အေ)သည် သူပထမဆုံးစတင် ရေးသားထုတ်ဝေသည့် (မြန်မာရာဇဝင်) (၁၉၃၀)ခုနှစ်မှာ ယနေ့တိုင် အလွန်ထင်ရှားသော သမိုင်းစာအုပ်ဖြစ်၍ နေလေသည်။ အဆိုပါ ကန်ကြီးဒေါင့်မြို့မှ ပေါ်ထွက်လာသော နှလုံးရည်၊ လက်ရုံးရည်အစွမ်းထက်သူများအနက် ကဗျာဆရာနှင့်စာရေး ဆရာ“မင်းယုဝေ” မှာလည်း တယောက်ဖြစ်လေသည်။

# အခန်း(၂)

## လူလားမြောက်စ စောဘဦးကြီး

“ဆံတပြည်သုံးပဲ–ဂျာမနီပုံးကြဲ”စကားပုံဖြင့် မြန်မာနိုင်ငံနှင့်အလှမ်းဝေးကွာသော (၁၉၁၄)ခုနှစ်၊ ပထမကမ္ဘာစစ်ပွဲသည် ဥရောပ၌ ဖြစ်ပွားခဲ့လေသည်။ ယင်းနယ်လူစစ်ပွဲတွင် ဗြိတိန်၊ ပြင်သစ်၊ ရုရှားတို့က တဘက်၊ ဂျာမနီ၊ “သြစတြို–ဟန်ဂေရီ”နှင့် အီတလီတို့ကတဘက် ဖြစ်ပွားလေရာ ဗြိတိသျှကိုလိုနီနိုင်ငံ

ဖြစ်သော အိန္ဒိယနှင့်မြန်မာနိုင်ငံတို့သည်လည်း ယုတ်စွာ့အဆုံး စစ်သားတော့ စုဆောင်းပေးရလေသည်။ ထိုစဉ်က အသိအမြင်ဖွံ့ဖြိုးစ ဖြစ်လာသော ကရင်လူမျိုး များသည် ပထမတွင် ခရစ်ယာန်သာသနာနှင့်ဆုံတွေ့ရပြီး နောက်ပိုင်း၌ ပထမ ကမ္ဘာစစ်ပွဲအမည်ခံ (Great War)မဟာစစ်ပွဲနှင့်ကြုံတွေ့ ပြန်လေသည်။ ယင်း ကမ္ဘာပထမစစ်ပွဲအတွက် လိုအပ်သောစစ်သားများကို ထိုစဉ်က စုဆောင်းပေးရ သူများတွင် ပုသိမ်၊ ကိုးဆူရှိ ကရင်အမျိုးသားခေါင်းဆောင်ကြီး ဒေါက်ဆာစံစီဖိုးနှင့် နှစ်ခြင်းသာသနာမှ ဒေါက်တာနစ်ကိုးတိုလည်း ပါဝင်ကြလေသည်။

ယင်းပထမကမ္ဘာစစ်ပွဲသည် (၁၉၁၄)ခုနှစ်ထိ ကြာရှိလေသည်။ ကျုံပျော် သားလေး(စမစ်ဒွန်း)သည် အစ်ကိုဖြစ်သူ၏ ခြေရာကိုနင်း၍ စစ်တပ်ထဲဝင်လေရာ ပထမနှစ်တွင် အသက်မပြည့်သေး၍ ဝင်ခွင့်မရချေ၊ ဒုတိယနှစ်တွင်မှ ဝင်ခွင့်ရ လေသည်။ ဤသို့ဖြင့် စမစ်ဒွန်းသည် (၁၉၃၅)ခုနှစ်၊ အိန္ဒိယပြည် (I.M.A.) (Indian Militans Academs)စစ်ကျောင်းတွင် ဗြိတိသျှချီးမြင့်သော အမြင့်ဆုံး ဂုဏ်ထူး ဆောင်ငွေဓါးဆု(Sward Of Honour)ကို ရရှိခဲ့သည့်အပြင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသောအခါ ပထမဆုံးသော ကာကွယ်ရေးဦး စီးချုပ်လည်းဖြစ်၍ လာလေသည်။ ကရင်အမျိုးသားခေါင်းဆောင်ကြီးဒေါက်တာစံစီဖိုးမှာ(ဆာဘွဲ့)ကို ထပ်မံရရှိ၍ ဒေါက်တာနစ်ကိုးမှာ (K.I.H)ဘွဲ့ကို ရရှိလေသည်။ ဤကမ္ဘာ့ပထမ စစ်ပွဲအတွင်းမှာပင် စောဘဦးကြီးမှာ လည်း လူလားမြောက်ကာ (၁၅)နှစ်ရွယ်သို့ ရောက်ရှိလာလေတော့သည်။

"သတ်ပန်းသာမြတ်ကြီး"သည် လူလားမြောက်စဖြစ်လာသော သားဖြစ် သူစောဘဦးကြီးကို အရိပ်တကြည့်ကြည့် ကြည့်ရင်းဖြင့် တဘက်တွင် ကရင် အမျိုးသားများ၏အရေးကို မျှော်တွေးမိ၏၊ ဤအချိန်(၁၈၉၀)ခုနှစ်၌ ဗြိတိသျှ တရားရုံးများ၏ တရားစီရင်ပုံနှင့်အရေးပါပုံတို့ကိုလည်း သူကြီးဖြစ်သော ဦးသာ မြတ်ကြီးက သိရှိနေ၏။ ဤသို့ဖြင့် သားဖြစ်သူအား အိန္ဒိယကို စေလွှတ်၍ အိန္ဒိယ ပညာရေးကို ရယူစေမလား၊ ဗြိတိန်ကို စေလွှတ်၍ ဗြိတိသျှပညာရေးကို ရယူစေ မလား ဝေခွဲမရဖြစ်နေလေသည်။ ထိုအချိန်တွင် ဦးသာမြတ်ကြီးသည် ဗြိတိသျှ လူမျိုးတဦး၏ ရေးသားထားချက်တခုကို တွေ့လိုက်ရလေသည်။ ရေးပုံမှာ ---

**“မြန်မာတဦးသည် သူ့တွင်ရှိသောငွေထဲမှ အနည်းငယ်ကုန်ချင်ကုန်ပါစေ၊ တရားရုံးတွင် သူ့အိမ်နီးချင်း ဆင်းရဲသားတဦးအား မှတ်သားလောက်အောင် တရားစွဲရန်မှာတော့ ဘယ်တော့မှ ဝန်မလေးပေ၊”**

ဤသို့ဖြင့် ဦးသာမြတ်ကြီးသည် သားဖြစ်သူစောဘဦးကြီးအား ဥပဒေပညာကို ဆည်းပူးရန် ဆုံးဖြတ်ခဲ့လေသည်။ တဆက်တည်းတွင် တူဖြစ်သူ “စောဖေသာ”ကိုပါ စောဘဦးကြီးနည်းတူ ဥပဒေပညာသင်ယူရန် တချိန်တည်းတွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်လေသည်။ စောဘဦးကြီးသည် အင်္ဂလိပ်စာကို ပိုင်နိုင်စေရန် အတွက် မော်လမြိုင်ရှိ နှစ်ခြင်းခရစ်ယာန် အထက်တန်းကျောင်းတွင် ပြောင်းရွှေ့၍ နေထိုင်၏။ (၁၉၂၁)ခုနှစ် ရောက်တွင် စောဘဦးကြီးသည် အသက်(၁၇)နှစ်ရွယ် ဖြစ်လာသည်။ ထိုအချိန်တွင် ကမ္ဘာ့ဝန်းကျင်နှင့်စောဘဦးကြီး ဝန်းကျင်တွင် အပြောင်းအလဲတွေကလည်း မျိုးစုံနေတော့သည်။ အမျိုးသမီးများမဲဆန္ဒပေးခွင့် ရသဖြင့် မဲပေးနေကြခြင်း၊ ဗြိတိန်သည် စံနစ်ဟောင်းအရ ပဒေသရာဇ်စနစ်ကို ဆုတ်ကိုင်ထားသော်လည်း ရုရှားနှင့် ဂျာမနီနိုင်ငံတို့သည် ဆိုရှယ်လစ်စနစ်ကို စတင်ကျင့်သုံးလာခြင်း၊ ဤအချိန်မှာပင် စောဘဦးကြီးသည် ဥပဒေသင်ယူရေး အတွက် ဗြိတိန်နိုင်ငံသို့ ထွက်ခွာရန် အသင့်ဖြစ်နေလေသည်။

## လန်ဒန်သို့ရောက်ရှိခြင်း


စောဘဦးကြီးသည် မြန်မာနိုင်ငံမှ လန်ဒန်သို့ ရေကြောင်းခရီးလမ်းဖြင့် ထွက်ခွာလာရာ စုစုပေါင်း တလကြာသည်။ အမှန်မှာလာချင်သည့် ခရီးလမ်းမှာ ရန်ကုန်မှ ဘုံဘေ၊ အေဒင်ဆက်လက်၍ “စူးအက်တူးမြောင်း”တို့မှတဆင့် မြေထဲ ပင်လယ်ဒေသကို ဖြတ်သန်း၍ လန်ဒန်အရောက်ခရီးဖြစ်၏။ ဤသို့ဆိုလျှင် ခရီးမှာ ပိုဝေး၍ ပိုကြာနိုင်သည်။ ယခုမူ တလအတွင်း၌ လန်ဒန်သို့ ရောက်ရှိလာလေသည်။

စောဘဦးကြီးသည် ပထမနှစ်အတွက် တက္ကသိုလ်ဝင်ရောက်ခွင့် ရနိုင်ရန် လန်ဒန်နေအိမ်တွင်နေ၍ ကျူရှင်ဆရာကို ငှါးရ၏၊ အင်္ဂလိပ်စာအတွက်ချည်း မဟုတ်ပဲ ဥပဒေသင်တန်းအတွက်"လက်တင်"စာကိုပါ သင်ယူရလေသည်။ ဤသို့ဖြင့် (၁၉၂၂)ခု၊ အောက်တိုဘာလတွင် ကင်းဘရစ်(Cambridge Univercity)နှင့် အောက်စဖို့ဒ်တက္ကသိုလ်(OXFORD)၏ မဒလင်းကောလိပ်(Magdalene Collge)မှာ ကျောင်းဝင်ခွင့်ရလေသည်။ ထိုမှ (၁၉၂၈)ခုနှစ်၊ နွေရာသီတွင် ဥပဒေပညာဘွဲ့ကို ရရှိလေသည်။ ယင်းနှင့်ပတ်သက်၍ သမီးဖြစ်သူ သဲလ်မာကြီးက အောက်ပါအတိုင်း ရေးသားထားလေသည်။

"ဖူးဖူး(စောသာမြတ်ကြီး)ဟာ ပါးပါး(စောဘဦးကြီး)နဲ့ သူ့ဝမ်းခွဲညီ(စောပေသာ)တို့ကို အင်္ဂလန် လွှတ်ပြီး ဥပဒေပညာသင်စေခဲ့ပါတယ်။ ပါးပါးဟာ အဲဒီတုန်းက အသက်(၁၇)နှစ် မပြည့်တတ်သေးပါဘူး။

နာမည်ကြီး အောက်စဖို့ဒ်(OXFORD)နှင့် ကင်းဘရစ်(CAMGRIDGE) တက္ကသိုလ်တွေမှာ ပညာသင်ဖို့အတွက် လက်တင်(Latin)ဘာသာတတ်ဖို့ လိုပါတယ်။ ပါးပါးဟာ အိမ်တလုံးရှာနေတယ်။ ဆရာတယောက်နဲ့ (Latin)ဘာသာ သင်ယူတယ်။ ပြီးတော့ (CAMBRIDGE)တက္ကသိုလ်က မက်ဒလင်း ကောလိပ်(MAGDALENE COLLGE)မှာ ဥပဒေပညာသင်ယူပါတယ်။ (၄)နှစ်ကြာပါတယ်။ ကျောင်းပိတ် တိုင်း သူငှါးထားတဲ့အိမ်ကို ပြန်လာလေ့ရှိတယ်။ အင်္ဂလန်နဲ့ ဗြိတိသျှအင်ပါယာ တခုလုံးမှာ ရှေ့နေလိုက်နိုင်ဖို့နဲ့ အထက်တရားရုံးမှာ (ဗဟိုတရားရုံး)လိုက်နိုင်ဖို့ လန်ဒန်မြို့က မစ်ဒယ်တင်ပယ်(Middle Temple)မှာ ဥပဒေထပ်သင်ယူရပါတယ်။ ၁၉၂၉–ခုနှစ်မှာ ပါးပါးဟာ အင်္ဂလန်ရဲ့ အဆင့်မြင့်ဆုံး ဥပဒေပညာရှင် (BARRISTER AT LAW)ဖြစ်လာတယ်။"

*(သဲလ်မာကြီး၏ စောဘဦးကြီးအတ္ထုပ္ပတ္တိ)*




## စောဘဦးကြီးနှင့်အိမ်ထောင်ရေး (ပထမ)







ထိုစဉ်က မြန်မာနိုင်ငံသားအနေနှင့် လန်ဒန်တွင်နေထိုင်ရင်း ဥရောပသူနှင့် လက်ထပ် ထိမ်းမြားသည် ဆိုသည်ကား လွယ်ကူသည့်ကိစ္စတရပ်ကား မဟုတ်ချေ၊ ဤသို့ မလွယ်သည့်ကြားကပင် ထိုစဉ်က ရှမ်းစောဘွားသားများဖြစ်ကြသော စဝ်ခွန်ချိုနှင့်စဝ်ကြာဆိုင်တို့သည် ဥရောပတိုက်သူများနှင့်လက်ထပ် ထိမ်းမြားကြသကဲ့သို့ စောဘဦးကြီးနှင့်စောပေသာ တို့သည်လည်း ဥရောပသူနှင့်လက်ထပ် ထိမ်းမြားပြီး မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်လာခဲ့ကြ၏။ စောဘဦးကြီးမှာ လန်ဒန်သူဖြစ်၍ စောပေသာမှာ စကော့တလန်သူဖြစ်သည်။

စောဘဦးကြီးလန်ဒန်တွင် အိမ်ထောင်ကျပြီး သားတယောက်နှင့်သမီး တယောက်ရပုံကို ပေါလ်(Paul Sztumpt)က သူ၏(E-booklet)တွင် ရေးသားထားသကဲ့သို့ သဲလ်မာကြီးကလည်း သူမ၏(စောဘဦးကြီး အတ္ထုပ္ပတ္တိ)တွင် ပြန်လည် ရေးသားထားလေသည်။


(Renee Rose Kemp)နှင့် စောဘဦးကြီးတို့ တွေ့ကြသည့်အခါ စောဘဦးကြီးမှာ ဥပဒေဘာသာတက်ရောက် နေချိန်ဖြစ်သည်။ လန်ဒန်မြို့၏ ဖက်ရှင်အဝတ်အစားများ ရောင်းချသောရီဂျင့်(Regents Street)လမ်းရှိ ဖိနပ် အရောင်းဆိုင်တွင် (Kemp)က အလုပ်လုပ်နေသည်။ စောဘဦးကြီးနှင့်(Kemp)တို့ နှစ်ယောက်သားရင်းနှီးခင်မင် သွားပြီးနောက်၌ ရုပ်ရှင်အတူသွားကြ၊ ကပွဲအတူ

သွားကြဖြင့် နောက်ဆုံး စောဘဦးကြီးဝတ်လုံဘွဲ့ရသည့် (၁၉၃၆)ခု၊ နွေရာသီတွင် လက်ထပ်လိုက်ကြသည်။ ယင်းသို့ ဇနီးမောင်နှံ ပျော်ရွှင်စွာ နေထိုင်ကြစဉ် (၁၉၂၇) ခုနှစ်၌ ပထမသားမိုင်ကယ်သီအိုဒို(Michael Theodors)ကို မွေးဖွား၍ (၁၉၂၆) ခုနှစ်တွင် ဒုတိယသမီးဖြစ်သူ သဲလ်မာရီစာ(Thelma Resa)ကို မွေးသည်။ ယင်းနှစ် နွေရာသီမှာပင် အသက်(၂၀)ကျော်ရှယ်၊ လန်ဒန်ဝတ်လုံတော်ရ စောဘဦးကြီး သည် ဇနီးမယားသမီးသားတို့ဖြင့် မြန်မာနိုင်ငံသို့ ပြန်လာလေသည်။ ယင်းနှင့် အတူ ညီဝမ်းကွဲတော်သူ စောပေသာသည်လည်း ဇနီးသည်ဂျင်း(Jean) စကော့ တလန်သူ၊ သားဖြစ်သူဒေါက်ကလပ်(Dauglas)တို့ပါဝင်လျက် အတူတကွ ပြန်လာ လေသည်။

"အဲဒီနှစ်မှာဘဲ မာမီ(Renee Kemp)နဲ့ အိမ်ထောင်ပြုတယ်။ သားတ ယောက်နဲ့သမီး(ကျမ) တယောက်ထွန်းကားပါတယ်။ တရားရုံးချုပ်ရှေ့နေ ဖြစ်တဲ့နှစ်မှာ ကျမကို မွေးပါတယ်။ အဲဒီနှစ်မှာဘဲ ကျမတို့ မိသားစုအားလုံး မြန်မာ နိုင်ငံကို ပြန်လာကြပါတယ်။ ဦးလေး(စောပေသာ)လဲ သူ့ရဲ့စကော့လူမျိုးဇနီးသည် ဂျင်း(နသေ)နဲ့အတူ ပြန်လာပါတယ်။ ပင်လယ်ခရီးဖြစ်ပါတယ်။ (စောပေသာဟာ ဒုတိယကမ္ဘာစစ်အတွင်းက ဝန်ကြီးအဖွဲ့ဝင်တဦးဖြစ်ပါတယ်။ သူနဲ့သူ့ရဲ့ဇနီးသား သမီးတွေဟာ သခင်တချို့ရဲ့ နောက်လိုက်တွေရဲ့ ရက် ရက်စက်စက်သတ်ဖြတ်တာ ခံခဲ့ရတယ်။ သူ့ရဲ့သားတဦးလဲ လွတ်မြောက်သွားပါတယ်။ ကရင်–ဗမာအဓိက ရုဏ်းရဲ့ အစပိုင်းဖြစ်ပါ တယ်။"

*(သဲလ်မာကြီး၏ စောဘဦးကြီးအတ္ထုပ္ပတ္တိ)*

## ပုသိမ်ပြန်ရောက်စ စောဘဦးကြီး၏ မိသားစုဘဝ



THE NEW KO BYU HALL.

စောဘဦးကြီးနှင့် သူ၏မိသားစုပုသိမ်သို့ ပြန်ရောက်စတွင် ပုသိမ်မြို့ ကရင်ရပ်ကွက်ရှိ ဗဟိုချက်မရှိ ဒေါက်တာစံစီဖိုး၏ ဆေးခန်းနှင့်တဆက်တည်းတွင် ရှိသော ဆေးဖေါ်စပ်သည့်တန်းလျားတွင် ရှေ့နေအလုပ်လေ့ကျင့်ရင်းနေရသည်။ ယင်းနေရာကို ကိုသာဖြူခန်းမဆောင်ဟူ၍လည်းခေါ်သည်။ ယင်းခန်းမမှာ အခန်းများဖွဲ့စည်းထားခြင်းမရှိပဲ စောဘဦးကြီးမိသားစုအပြင် စောဘဦးကြီး၏ အစ်မရီစာ(Resa)နှင့်ခင်ပွန်း ဆရာလှရှိန်၊ သားသမီးများဖြစ်ကြသော သီအိုဒို (Theodore)၊ ဒေါ်နယ်(Chu Too)နှင့် သမီးအဲမယ်လီယာ (Amelia)တို့လည်း စုပေါင်းနေထိုင်ကြသည်။ ပထမတွင် သူတို့သည် မိသားစုများဖြစ်ကြ၍ ချက်စား ပြုတ်စားလိုက်၊ ရုပ်ရှင်ထဲ၌ အမေရိကန်၊ အိန္ဒိယတေးသီချင်းများနားထောင် လိုက်ဖြင့် အချိန်သည် ကုန်မှန်းမသိ ကုန်လာလေသည်။

သို့ရာတွင် စောဘဦးကြီး၏ဇနီးသည်(Renee)သည် ကြာလာသည်နှင့် မရွှင်မလန်းဖြစ်လာသည်။ ယင်းဟောခန်းကြီးမှာ လေသန့်လေကောင်းဝင် ပေါက်ကမရှိ၊ ညည့်ညည့်ဆိုလျှင် (Insects)ပိုးကောင်တွေက ဝင်လာကိုက်သည်။ မကြာမီ (Renee)ဖျားပါလေတော့သည်။ အဖျားမှာ သွေးအားနည်းသော ရောဂါ ဖြစ်လေသည်။ ဤသို့ဖြင့် ကိုသာဖြူကရင်ကျောင်းကို တည်ဆောက်ခဲ့သူများသည် ဒေါက်တာနစ်ကိုးအတွက် အထူးသီးသန့် အိမ်တဆောင်ကို ဆောက်လုပ်ပေးခဲ့ လေရာ (၁၉၃၂)ခုနှစ်တွင် ပြီးမြောက်ခဲ့သဖြင့် စောဘဦးကြီးနှင့်မိသားစုသည်

ဒေါက်တာစံစီးဖိုး၏ဆေးခန်းမှ ဒေါက်တာနစ်ကိုး၏ အိမ်သစ်ကြီးဆီသို့ ပြောင်းရွှေ့ခဲ့လေသည်။ ယင်းသို့ ဒေါက်တာနစ်ကိုး၏ အိမ်သစ်ကြီးဆီသို့ မပြောင်းရွှေ့မီ (Renee)သည် သူမ၏ သွေးအားနည်းရောဂါအတွက် မြောင်းမြရှိ စောပေသာ၏ ဇနီးသည်ထံ ပြောင်းရွှေ့နေထိုင်ရလေသည်။

ယခုစောဘဦးကြီး ပြောင်းရွှေ့နေထိုင်ရာဒေသမှာ စကောကရင်အထက်တန်းကျောင်းနှင့် မနီးမဝေးတွင်ဖြစ်၍ ကရင်ပတ်ဝန်းကျင်နှင့်လည်း ထိစပ်နေလေသည်။ ကျောင်းတက်ရန်စာရင်းသွင်းသူနှင့် ဘော်ဒါနေ ကျောင်းသားများပါရှိနေသောကြောင့် စောဘဦးကြီးသည် ယင်းကျောင်းသူကျောင်းသားများနှင့် ဘောလုံးကန်ခြင်း၊ ပြေးခုန်ပစ်ကစားခြင်း၊ တင်းနစ်ကုတ်တွင် တင်းနစ်ကစားခြင်းများလည်း ပြုလုပ်သည်။ စောဘဦးကြီးသည် မူလကပင် အားကစားသမားဖြစ်၍ ကျောင်းသူကျောင်းသားများအား လက်ဝှေ့ထိုးခြင်းနှင့်ဂျူမ်းဘားကစားခြင်းများကိုပါ အားကစားနည်းပြဆရာပမာ သင်ကြားပေးလေသည်။

ဤသို့ ရှိနေစဉ် (၁၉၃၀)ခုနှစ်၌ စောဘဦးကြီးသည်လည်း ဇနီးသည်နည်းတူ ငှက်ဖျားပိုးဝင်လာရာမှ အပြင်းဖျားပါလေတော့သည်။ သူ၏အပူချိန်မှာ မြင့်သထက်မြင့်လာသောကြောင့် မိသားစုများမှာ စောင်များကို အထပ်ထပ်ခြုံပေးကြရသည်။ အစာမစားနိုင်သဖြင့် ဆန်ပြုတ်ကို တိုက်ကျွေးကြရသည်။ နောက်ဆုံး၌ ဆရာဝန်က မိုးရေထဲ၌ ဘောလုံးမကစားရန်နှင့် ဦးခေါင်းကို နွေးထွေးစေရန်အတွက် အုပ်မိုးထားရန် ပြောရသည်အထိ ရှိလေသည်။

စောဘဦးကြီးသည် တဘက်တွင်လည်း ယင်း၏ ရှေ့နေလုပ်ငန်းအတွက် လေ့ကျင့်နေရာ သူ့မော်တော် ကားလေးဖြင့် ရှေ့နေအဝတ်အစားကို ဝတ်စားကာ ပုသိမ်ရှိ တရားရုံးများသို့ ဝင်ထွက်သွားလာ နေလေသည်။ နေ့တနေ့တွင် ရန်ကုန်အနီးတဝိုက်က မဟုတ်ပဲ ရှမ်းပြည်ဘက်မှ ရှမ်းမင်းသားတဦး၏ နန်းတွင်းလုပ်ကြံမှု၊ လူသတ်မှုအတွက် သူကဲ့သို့သော ဘိလတ်ပြန်ဝတ်လုံတဦးကို ငှါးရမ်းလာလေသည်။ ယင်းအကြောင်းကို ပေါလ်(Paul Sztumpt)က သူ၏(E-booklet)တွင် အမြွက်မျှသာရေးသားထား၍ (K.N.U)ခေါင်းဆောင်မန်းဘဇန်နှင့်ရှမ်းပြည်၊

တောင်ကြီးတရားခွင်ထဲတွင် အမှုကိုတက်ရောက်နားထောင်ခဲ့သော "အိုင်းရစ်" စာရေးဆရာကြီး မောရစ်(စ်)ကောလစ်(Maurise Collis)တို့က ကျယ်ပြန့်စွာပင် ရေးသားထားလေသည်။

"စောဘဦးကြီးရဲ့ ဘဲကရက်ရွာဟာ ပုသိမ်မြို့၊ အရှေ့မြောက်ဘက် မိုင်(၄၀)လောက်အကွာ ပုသိမ်၊ ဟင်္သာတမီးရထားလမ်း ပေါ်မှာရှိတဲ့ ရွာတရွာ ဖြစ်တယ်။ အိမ်ခြေနှစ်ရာလောက်ရှိပြီး၊ ကရင်အမျိုးသားခရစ်ယာန်ဘာသာ ဝင်တွေ အများဆုံးနေထိုင်ကြတယ်။ ဘဲကရက်ရွာမှာနေတဲ့ စောသာမြတ်ကြီးနှင့် ဇနီးတို့က (၁၉၀၃)ခုနှစ်မှာ စောဘဦးကြီးကို မွေးဖွားခဲ့ပါတယ်။

မော်လမြိုင်ရှိ အထူးအင်္ဂလိပ်ကျောင်းဖြစ်တဲ့ မစ္စတာဝက်ဒက်စဖွန်ကျောင်း မှာ ဆက်လက်ပညာသင်ကြားပြီး ဗြိတိန်နိုင်ငံကို သွားရောက်ကာ ဝတ်လုံပညာ သင်ကြားခဲ့တယ်။ ဝတ်လုံတော်ဘွဲ့ရပြီးနောက် စောဘဦးကြီးမြန်မာပြည်ကို ပြန်လာပြီး ပုသိမ်မြို့၊ ကန်သုံးဆင့်ရပ်ကွက်မှာ နေထိုင်တယ်။ စောဘဦးကြီးဟာ ဉစ္စာဓနပေါကြွယ်ဝသူဖြစ်ရုံသာမက ပညာတတ်တဦးလည်းဖြစ်တယ်။ ရုပ်ရည် ခန့်ညားသန့်ပြန့်ချောမောတဲ့ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်ခဲ့တယ်။

စောဘဦးကြီးကို ကျွန်ုပ်သိကျွမ်းလာခြင်း။ ၁၉၃၈ခုနှစ်မှာ ကျွန်ုပ်ဟာ ရန်ကုန်တက္ကသိုလ်ပထမနှစ် ဝိဇ္ဇာတန်းမှာ ပညာသင်ကြားနေတယ်။ တနေ့မှာ ရန်ကုန်မြို့မှာ အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့ ရန်ကုန်ဂေဇက် အင်္ဂလိပ်သတင်း စာတစောင်ကို ဖတ်မိတယ်၊ ရှမ်းပြည်သီပေါနယ်မှ စော်ဘွားမျိုးနွယ်တဦးရဲ့ နန်းတွင်းလုပ်ကြံမှု အမှုအခင်းတခုအကြောင်းဖြစ်တယ်။ စောသီဟဆိုသူက စော်ဘွာကြီးကို လုပ်ကြံသတ်ဖြတ်တယ်လို့ စွဲဆိုတဲ့အမှုပဲ။ အဲဒီအမှုမှာ တရားခံ အဖြစ်စွဲဆိုခံရတဲ့ စောသီဟဖက်က နာမည်မကျော်ကြားသေးတဲ့ ဝတ်လံတော်ရ စောဘဦးကြီးက ရှေ့နေလိုက်တယ်။ စောဘဦးကြီးရဲ့ လျှောက်လွှဲချက်ကြောင့် စောသီဟလည်း ဝွင်းလုံးကျွတ်သွားခဲ့တယ်။ စောဘဦးကြီးရဲ့ အရည်အချင်းနဲ့ ဂုဏ်သိက္ခာဟာ ထင်ပေါ်ကျော်ကြားလာပါ တယ်။"

ကျွန်တော်သည် မန်းဘဇန်၏ စောဘဦးကြီးဝတ်လုံလိုက်သော စောသီဟ အမှုအကြောင်းကို ဖတ်မိ ရာမှ စာရေးဆရာ မောရစ်(ခ်)ကောလစ်စ် “ (၁)**နေဝင်ဘုရင်းများ”**(Lords of The Sun-Set) (ကျော်အောင် ဘာသာပြန်)ကို ဖတ်မိလေသည်။ စာရေးဆရာကြီးမောရစ်(ခ်)ကောလစ်ဆိုလျှင် လူချင်းမသိသော်လည်း သူ၏စာကို မသိသောမြန်မာစာဖတ် ပရိသတ်ဟူ၍ မရှိသလောက်ပင် ဖြစ်သည်။ **“မိရားဖွားစော”** **“မြန်မာပြည်၌ စစ်ခဲ့သောအမှုများ”** **“မြန်မာပြည်တွင် နောက်ဆုံးနှင့်ပထမဆုံး”** **“ဆိုင်းယင်းမီးဗိုက်”** **“ပေါ်တူဂီ(ဂိုအာ)နယ်မှ ရခိုင်ပြည်မြို့ဟောင်း”**သို့ ရောက်လာသော **“ခရစ်ယာန်ဘုန်းတော်ကြီးတဦး”၏** “ရတနာရွှေမြေ”(Image of golden Land)တို့ပင် ဖြစ်ကြသည်။

(၁) နေဝင်ဘုရင်များ(Lands of The Sunset by Maurige Collis)

စာရေးဆရာကြီး မောရစ်(စ်)ကောလစ်သည် မျက်နှာဖြူအရေးပိုင်ဖြစ်သော်လည်း ဘဝတူမျက်နှာဖြူ များနှင့် အဆင်မပြေသောကြောင့် တနင်္သာရီတိုင်း၊ မြိတ်မြို့တွင်၎င်း၊ ရခိုင်ပြည်နယ်တွင်၎င်း အုပ်ချုပ်ရေး လုပ်ငန်းလုပ်ဆောင်ရင်း အမှုအခင်းများကို စစ်ခဲ့ရလေသည်။ ယင်းသို့ဖြင့် သူသည်အုပ်မင်းစားယူ ပြီးနောက် ရှမ်းပြည်သို့ အလည်ပြန်လာရာမှ စောဘဦးကြီးလိုက်သော “စောသီဟ” အမှုစစ်ဆေးရာတရားရုံးအလယ်ခေါင်သို့ ထိုင်မိလျက်သားဖြစ်နေတော့သည်။ အမှုနားထောင်ရာတွင် အမှုဖြစ်ပွားရာမှာ “ကျိုင်းတုံ” ဟော်နန်းမှ “နန်းတွင်းလုပ်ကြံမှု”ဖြစ်၏။ စာရေးဆရာမောရစ်(စ်)ကောလစ်သည် စာရေးဆရာပီသစွာ တရားခံစောသီဟအပြင် နန်းခမ်းဆေးရုံတွင် သူနာပြုသင်တန်းတက်နေသူ စောသီဟ၏ညီမဖြစ်သူ “စောဖုန်းလှိုင်”ကိုပါ တွေ့ခဲ့ရလေသည်။

စောသီဟာအမှုနှင့်ပတ်သက်၍ စာရေးဆရာကြီး မောရစ်(ခ်)ကောလစ် ရေးသားပုံအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ကျိုင်းတုံမြို့ လူသတ်မှု ဇာတ်လမ်း



စာရေးဆရာ မောရစ်(စ်) ကောလစ်

၁၉၃၇ အောက်တိုဘာ ၂၂ ညနေခင်းတွင် ဖြစ်ပွားသည့် ဖြစ်ရပ် တစ်ခုကို ရောဘတ်က ပြောပြသည်။ ထိုအချိန်မှာ သီတင်းကျွတ်ချိန် ဖြစ်သည်။

စော်ဘွားကြီးသွားသည့် စကြီဘေး တစ်ဖက်တစ်ချက်တွင် အမှုထမ်းများက သေနတ်မြှောက်ကာ အလေးပြုကြသည်။ သူ ဘို့သည် အမြဲတမ်း အမှုထမ်းများ မဟုတ်။ ပွဲတော်အချိန်အတွင်း နယ်မှ ခေါ်ထားသည့် အမှုထမ်းများ ဖြစ်သည်။ သေနတ်မြှောက် အလေးပြုပြီးနောက် ထိုပုံစံအတိုင်း တောင့်တောင့်ကြီး ရပ်နေကြသည်။ သူတို့ကို ထိုပုံစံ အတိုင်း အလေးပြုရမည်ဟု ထိုရက်ပိုင်းကမှ သင်ကြားထားသောကြောင့် ဖြစ်သည်။ သို့သော်လည်း အတော်လေး စက်စက်စဲစဲ သင်ကြားထားရသည်။

ထိုညက လသာသည်။ မီးတိုင်များလည်း ထွန်းထားသည်။ အပေါ်သို့ သွားရန် လှေကားထစ်ကို စော်ဘွား လှမ်း၍ တက်လိုက်သည့်အချိန်တွင် တစ်ကိုယ်လုံး အနက်ရောင် ဝတ်ဆင်ထားသည့် လူတစ်ယောက် အမှုထမ်းနှစ်ယောက်ကြားမှ ပြေးထွက်လာပြီး စော်ဘွားနှင့် မျက်နှာချင်းဆိုင်နေရာမှ ရပ်သည်။ သူ့မျက်နှာတွင် မုတ်ဆိတ်မွေး အနက် ရှိသည်။ သူသည် ညာဘက်လက်ရန်းများ နောက်ရှိ သစ်ပင်တစ်ပင်နောက်ကွယ် ပုန်းကွယ်နေရာမှ ပြေးထွက်လာခြင်း ဖြစ်သည်။ သူ့လက်နှစ်ဖက်တွင် ပစ္စတိုနှစ်လက် ကိုင်ထားသည်။ စက္ကန့်ပိုင်း အတွင်းမှာပင် အဝတ်နက်နှင့်လူသည် စော်ဘွားကို ပစ္စတို နှစ်လက်ဖြင့် ပစ်သည်။

စောကွမ်တီသည် ထိုစဉ်တွင် မြေပေါ် စုရပ်နေသည်။ လက်တစ်ဖက်က တုတ်ကောက်ဖြင့် မြေကို ထောက်ကာ ဖေးကူထားသည်။ ထိုနောက် ရှေ့သို့ ယိုင်လဲသွားပြီး 'သူ့နောက် လိုက်ကြ'ဟု အော်ပြောသည်။ လူသတ်သမားသည် စော်ဘွားနှင့် သူ့နှမတော်များ အကြားမှ ဝုန်းခနဲ ပြေးထွက်ကာ ကွက်လပ်ကို ဖြတ်၍ ပြေးသည်။ နှမတော်များက 'သူ့နောက် လိုက်ကြ၊ သူ့ကို ဖမ်းကြ'ဟု အော်ပြောသည်။ သို့သော်လည်း အမှုထမ်းများမှာ သင်ကြားထားသည့်အတိုင်း သေနတ်မြှောက်ပြီး အလေးပြုသည့် ပုံစံဖြင့် သစ်သားတုံးကြီးများလို တောင့်တောင့်ကြီး ရပ်နေကြသည်။

အရာရှိများ စော်ဘွားကို မြေမှ မ ယူသည့်အခါ သေငယ်ဇောနှင့် မျောနေပြီး စကားအတွင်းပင် လဲကျသွားသည့် နေရာမှာပင် အသက်ထွက်သွားသည်။ လူသတ်သမားသည် နောက်ဘက် တံခါးပေါက်မှ ထွက်ပြေး လွတ်မြောက်သွားသည်။ ဘယ်သူမှန်းပင် မသိရပေ။ သို့သော်လည်း မကြာမီ လာရောက် အဖမ်းခံသည်။ တောင်ကြီး တရားရုံးတွင် ဝက်ခြံထဲ၌ ဝတ္ထုဖတ်နေသည့် ဇာရေးခံကို စာဖတ်သူများ သိပြီး ဖြစ်သည်။ သူက ဖြောင့်ချက်ပေးသည့်အခါ ယခုလို ပြောသည်။

စောဘဦးကြီး လိုက်သောအမှု



စောဘဦးကြီး

ဦးလှဖေမိတ်ဆက်ပေးလို့ စောဘဦးကြီးနဲ့ကျွန်ုပ် ပုဂ္ဂိုလ်ရေးအရ သိကျွမ်းလာခဲ့တယ်။ တွေ့ဆုံပွဲတွေမှာ စောဘဦးကြီးကို ကျွန်ုပ်စိတ်ဝင်စားလာတယ်။

စောသီဟာအမှုမှာ စောဘဦးကြီးရဲ့ဆောင်ခြင်မှုတွေဟာ ကျွန်ုပ်ဦးနှောက်ထဲမှာ ကြေးမှုံသဖွယ် ထင်ဟပ်ပေါ်လွင်လာတယ်။ စောဘဦးကြီးရဲ့ တည်ကြည်လေးနက်ချက်၊ ပိုင်ပိုင်လက်တွေ့ကျကျ တင်ပြချက်တွေဟာ စောဘဦးကြီးကို ပိုပြီး အထင်ကြီးလေးစားလာစေတယ်။ ကရင်ထဲမှာ ဒီလိုခေါင်းဆောင်တွေ ရှိလာတဲ့အတွက် ကျွန်ုပ်အဖို့ အမျိုးသားရေးလုပ်ငန်းလုပ်ဖို့ ပိုပြီး စိတ်ဓာတ်တက်ကြွလာစေတယ်။




ရှမ်း/မြောက်အကြံပေးအဖွဲ့ဝင်

စိုင်းတင်ဖေ



မန်းဘဇန်

# ဟိုင်းကြီးကျွန်းကို ပိုင်ခဲ့သူ



ပင်လယ်ရပ်ခြား ဆန်စပါး ရောင်းဝယ်မှုတွင် အချက်အခြာ ပင်လယ်ဆိပ်ကမ်းမြို့တော်ဖြစ်သည့် ပုသိမ်မြို့၏ဆိပ်ကမ်းရှုခင်းတရပ်

ဤနေရာတွင် ဟိုင်းကြီးကျွန်းကို စောဘဦးကြီး(ဦးသာမြတ်ကြီး)ပိုင်ဆိုင်ခဲ့ကြောင်းကို သိသူမရှိသလောက်ဖြစ်၍ ရေးသားသူမှာလည်း အလျင်းမရှိချေ။ စောဘဦးကြီးသမီးဖြစ်သူ သဲလ်မာကြီးက နွေရာသီ ရောက်သော် စောဘဦးကြီး အပါအဝင် မိသားစုတွေ ဟိုင်းကြီးကျွန်းသို့ ပျော်ပွဲစားသွားကြောင်း၊ အုန်းနုရေသောက်ရကြောင်း၊ ပျော်ရွှင်စွာရေချိုးကြကြောင်း၊ စောဘဦးကြီးသည် သူ၏ မိတ်ဆွေများနှင့်အမ်ပစ်တတ် ကြောင်းစသည်စသည်များတို့ကို ဖတ်ရှုရသော အခါ သဲလ်မာကြီးကိုလည်း ကျေးဇူးတင်မိ၏။ ထိုစဉ်က စောဘဦးကြီး၏ ပိုင်ဆိုင်မှု အမြော်အမြင်များကိုလည်း လေးစားမိ၏။

ထိုမှတဆင့် စောဘဦးကြီး၏ မိသားစုပိုင်ဆိုင်သော ဟိုင်းကြီးကျွန်းကို အကြောင်းပြု၍ ကျွန်တော်သည် ပထမတွင် အလောင်းဘုရား "ဦးအောင်ဇေယျ"ကို သတိရမိ၏။ ဒုတိယတွင် "မွန်တီခရစ်တို"(Count of Monticristo) နယ်စားကြီး (မြို့စားကြီး)ကို သတိရမိ၏။ ဦးအောင်ဇေယျသည် ဟိုင်းကြီးကျွန်းကို အခမ့်ထိုးစစ်ဆင်လာသော ဗြိတိသျှတို့ကို တိုက်ခိုက်ရာတွင် ပုသိမ်မြို့ကိုပါ မီးရှို့ပစ်ရ၏။ ယင်းနောက်၌ ဟိုင်းကြီးကျွန်း ပေါ်တွင် ခြေကုတ်ယူလာသော ဗြိတိသျှတို့ ခုတ်ထွင်းရှင်းလင်းပစ်၏။

"မွန်တီခရစ်တို"နယ်စားကြီးကိုမူ ဉရောပအလယ်ခေတ်လောက်တွင် ပြင်သစ်စာရေးဆရာကြီး "အက်စန္ဒားဒူယား"က ရေးသား၍ ဆရာကြီးရွှေဥဒေါင်းက ဘာသာပြန်သည်။ ကျွန်တော်ပြည်ပထွက်လာ သောအခါ ရုပ်ရှင်ကားကိုပါ ကြည့်ရပြန်လေသည်။ ခေတ်ဟောင်းကာလ ဗြိတိသျှအုပ်ချုပ်ရေးခေတ်တွင် ကျွန်းတကျွန်းကို အခွန်(တံဆိပ်တော်ခေါင်း)ထမ်းဆောင်နိုင်လျှင် မိမိပိုင်အဖြစ် ကြေညာနိုင်သည်။ မျက်မှောက်ခေတ်ကာလ ရေနံထွက်သော ပင်လယ်ကွေ့ကျွန်းနိုင်ငံများသည် ဤအတိုင်းပင် ဖြစ်ပေါ်လာကြခြင်း ဖြစ်လေသည်။

နော်သဲလ်မာကြီးသည် သူမတို့ပိုင်ဆိုင်သော ဟိုင်းကြီးကျွန်းအကြောင်းကို လွမ်းဆွတ်ဖွယ်ရေးသား ထားပြန်လေသည်။ "ဖူးဖူးပိုင်တဲ့ ဟိုင်းကြီးကျွန်းကို ကျမတို့အပျော်ခရီးထွက်လေ့ရှိတယ်။ ပါးပါးဟာ သူ့မိတ်ဆွေတွေနဲ့ အမဲပစ်တယ်။ ကျွန်းပေါ်က အိမ်ခြံဝင်းနားကို တောကျွဲတွေကပ်လာရင် လောက်လေးနဲ့ ပစ်ခြောက်လေ့ရှိတယ်။ ကျမတို့ ပင်လယ်ကမ်းစပ်မှာ နေ့တိုင်းရေကူးကြတယ်။ အုန်းနုရေသောက်ကြတယ်။ ငယ်ငယ်တုန်းက ပျော်စရာအချိန်တွေကို သတိရနေတုန်းပါဘဲ။"

"ပါးပါးကျဆုံးတာနဲ့ သူပိုင်တဲ့ ဟိုင်းကြီးကျွန်းနဲ့လယ်မြေတွေ အကုန်ဆုံးတော့တာပါဘဲ။ ဒုတိယ ကမ္ဘာစစ်အတွင်းမှာ ဖူးဖူး(အဖိုး)ဆုံးသွားပါတယ်။ ဒါဟာလဲ ကျေးဇူးတော်ပါဘဲ။ အနိဋ္ဌာရုံတွေကို မမြင်သွားရ ဘူးပေါ့။ ပါးပါးဟာ သူ့ရဲ့အသက်တာကို မြတ်နိုးသလို အကောင်းဆုံးလဲ အသက်ရှင်သွားသူ ဖြစ်ပါတယ်။ လူသားအားလုံးကို လေးလေးစားစား ဆက်ဆံသူဖြစ်ပါတယ်။ ဥပဒေပညာရှင်ဖြစ်လို့လဲ အပြစ်ရှိသူရော၊ အပြစ်မဲ့သူတွေကိုပါ နားလည်ပေးနိုင်စွမ်းရှိသူဖြစ်ပါတယ်။ ဥပဒေပညာရှင်အနေနဲ့ လူတဦးကို စွဲချက်တင်နိုင် စွမ်းရှိသလို ကာကွယ်နိုင်စွမ်းလဲ ရှိပါတယ်။ ထူးခြားတာ တခုကတော့ ဘယ်သူ့ကိုမှ သူအဆုံးအဖြတ်ပေးလေ့မရှိပါဘူး။ "

"ပါးပါးရဲ့ "ကရင်ချစ်ကြည်ရေးခရီး" (Karen Goodwill Mission) ၁၉၄၆–ခုနှစ်နဲ့ပတ်သက်တဲ့အချက်တွေကို ထပ်ရှာပေးပါဦးမယ်။ (LANCASTER)

လန်ကပ်စတာတက္ကသိုလ်က ကွယ်လွန်ပြီဖြစ်တဲ့ ပါမောက္ခဟျူးတင့်ခါ(Hugh Tinker)ရဲ့ (Constitutional Relation Between Britain And Burma)နဲ့ (Burma The Struggle For Independence 1944-1948)တို့ဖြစ်ပါတယ်။ အန်တီအနေနဲ့ ပါးပါးအကြောင်းရေးပြရတာ အလွန်ကျေနပ်ဂုဏ်ယူပါတယ်။”

*(သဲလ်မာကြီး၏စောဘဦးကြီးအတ္ထုပ္ပတ္တိ)*

## အခန်း(၃)

## အထိးကျန်စောဘဦးကြီး

ဒုတိယကမ္ဘာစစ်ပွဲသည် ဂျာမနီကို အကြောင်းပြုလျက် ကမ္ဘာ့အနောက်ဘက်ခြမ်းတွင် ဖြစ်ပွားပြီး ကမ္ဘာ့အရှေ့ဘက်ခြမ်းတွင် ဂျာပန်ကို အကြောင်းပြု၍ ဖြစ်ပွားပြန်လေသည်။ ၁၉၄၂–ခုနှစ်တွင် ဂျပန်တပ် များသည် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာလေသည်။

စစ်သည် မည်သူတစုံတဦးကိုမှ ကောင်းကျိုးမပေးသကဲ့သို့ စောဘဦးကြီး၏ မိသားစုကိုလည်း ကောင်းကျိုးမပေးရှာပေ။ ဂျပန်မဝင်မီ ၁၉၄၀–ခုနှစ်တွင် စောဘဦးကြီး၏ဖခင် ဦးသာမြတ်ကြီးကွယ်လွန် သွားရှာသည်။ သူသည်မကွယ်လွန်မီကလေးတွင် သူ၏ပိုင်ဆိုင်မှုများကို သားသမီးများအား အညီအမျှခွဲဝေပေးခဲ့သည်။

အစ်ကိုကြီးအဖအရာစကားဖြင့် အညီစောဘဦးကြီးသည် ဘဲကရက်ရွာရှိ ဖခင်၏ပိုင်ဆိုင်မှုအဝဝကို တာဝန်ယူရလေသည်။ ထိုအချိန်တွင် ဇနီးသည်နှင့် သားသမီးတို့မှာ ပုသိမ်နေအိမ်တွင် ကျန်ရစ်နေကြသည်။ တခုသောနံက်စောစောတွင် စောဘဦးကြီးသည် ဇနီးနှင့်သားသမီးများအား သတိရလာသဖြင့် မီးရထားဘူတာရုံသို့ ပြေးဆင်းကာ ပုသိမ်သို့ ပြန်လာသည်။ သို့ရာတွင် နေအိမ်ပြန်ရောက်လျှင် ဇနီးနှင့်သားသမီးတွေကို မတွေ့ရတော့ –

ဇနီးသည်(Kemp)၏ စာတိုလေးကိုသာ တွေ့ရတော့သည်။ စာတွင် “မိတ်ဆွေဟောင်းတဦးကို တွေ့ရသောကြောင့် သူ့ရဲ့အကူအညီနဲ့ သားနှင့်သမီးအပါအဝင် ရခိုင်ပြည်နယ်၊ စစ်တွေသို့ လိုက်ပါလာတယ်။ မကြာမီ ဘသက်ကြီးနဲ့ သူ့ရဲ့မိသားစု အိန္ဒိယသို့ ရောက်လာတယ်။ ပထမတော့ “ဒါဂျီလင်”အနီးမှာ သူတို့နေပြီး နောက်ပိုင်းမှာ “နီပေါ”ကို ပြောင်းသွားကြတယ်။ မိမိအနေနှင့် ဘသက်ကြီးအပြင် သူရဲ့မိသားစုနဲ့ပါ တွေ့တယ်။ ဒီကနေ အင်္ဂလန်ကို ပြန်ရန် ဆုံးဖြတ်လိုက်ပါပြီး၊ ဘုံဘေကတဆင့်ပါ၊ စစ်ပြီးတဲ့အထိပါ” စာမှာ ဤမျှသာဖြစ်သော်လည်း စောဘဦးကြီးခင်ဗျာ ဘာကိုမှ မပြောနိုင်တော့ –

ဤသို့ဖြင့် စောဘဦးကြီးသည် ဖြစ်လာအံ့ဆဲဆဲ ကရင်–ဗမာပဋိပက္ခကို မျက်နှာမူရလေတော့သည်။

# (B.I.A)ခေတ် ကရင်–ဗမာပဋိပက္ခ



စောဘဦးကြီးနှင့် သခင်နု

(၁၉၄၁)ခုနှစ်၊ ဒီဇင်ဘာလ(၇)ရက်နေ့တွင် ဂျပန်သည် အမေရိကန်၏ ရေတပ်ဆိပ်ကမ်းဖြစ်သော ပုလဲဆိပ်ကမ်း(Peal Harbour)ကို စတင်၍ ဗုံးကြဲ တိုက်ခိုက်ရာမှ အမေရိကန်နှင့်ဗြိတိသျှတို့သည် ဂျပန်ကို စစ်ကြေညာလေသည်။ ဤသို့ဖြင့် ကမ္ဘာ့အရှေ့ဘက်ခြမ်းတွင် ဒုတိယကမ္ဘာစစ်သည် စတင်ဖြစ်ပွားလေ တော့သည်။ စစ်သည်လျှင်မြန်စွာဖြင့် ဖိလစ်ပိုင်၊ ဟောင်ကောင်၊ မလေးတို့ဆီ ရောက်လာပြီးနောက် ဒီဇင်ဘာလအတွင်း၌ ရန်ကုန်သည် ဂျပန်၏ဗုံးကြဲ တိုက်ခိုက်မှုကို ပထမဆုံးအကြိမ်ခံရသည်။ (၁၉၄၂)ခုနှစ်၊ ဇန္နဝါရီလရောက်သော အခါ ဂျပန်၏အမှတ်(၁၅)တပ်မတော်ကို ဒုတိယဗိုလ်ချုပ်ကြီး ရှိုဂိုရိုလီဒါ (Shogirolida)၏ ခေါင်းဆောင်မှုဖြင့် မြန်မာနိုင်ငံကို စတင်တိုက်ခိုက်လေသည်။ ဖေဖော်ဝါရီ(၂၂)ရက်နေ့တွင် ဗြိတိသျှတပ်ဖွဲ့သည် မြန်မာနိုင်ငံ၏ အရှေ့ဘက် အစွန်းရှိ စစ်တောင်းတံတားကို ဂျပန်များ ရုတ်တရက်မဝင်ရောက်လာနိုင်စေ ရန် ချိုးပစ်လိုက်လေသည်။

ဤသို့ဖြင့် စစ်တောင်းအရှေ့ဘက်ကမ်းမှ အနောက်ဘက်ကမ်းသို့ ကူးလာသော ဂျပန်တပ်ဖွဲ့သည် ပဲခူးလမ်းတလျှောက်ရှိ ဗြိတိသျှနှင့်အိန္ဒိယတပ်ဖွဲ့တို့ကို စတင်တိုက်ခိုက်လေသည်။ ဤတွင် ရက်ပိုင်းအတွင်း၌ ရန်ကုန်မြို့သည် စွန့်ပစ်ခြင်းခံရှုပြီး အစိုးရရုံးအဆောက်အဦးများသည်ပင် ဟောင်းလောင်းချည်းသာ ဖြစ်ကုန်တော့သည်။ ဗြိတိသျှနှင့်အိန္ဒိယတပ်ဖွဲ့သည် ဘေးကင်းလုံခြုံစွာဖြင့် ရခိုင်ပြည်နယ်ဘက်သို့ ဆုတ်ခွါကြသည်။ ပြည်၊ တောင်ငူတို့နှင့်အတူ မတ်လ (၃)ရက်နေ့၌ မန္တလေးမြို့ကြီးမှာ မီးလောင်လေတော့သည်။ ဧပြီလသို့ရောက်လျှင် ရန်ကုန်မြို့ကြီးသည် လုံးလုံးလျားလျား ဂျပန်၏အုပ်ချုပ်မှုအောက်သို့ ရောက်ရှိသွားလေသည်။

ယင်းမြန်မာပြည်သို့ မိမိ၏(B.L.A)တပ်ဖွဲ့ကို ခေါင်းဆောင်၍ မြန်မာပြည် ထဲဝင်လာသူမှာ ကာနယ် စူဇူကီး(SuZuKi)နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ပင် ဖြစ်သည်။ ယင်းအချိန်ထိ မြန်မာနိုင်ငံတွင် ဗြိတိသျှအစိုးရလည်း မရှိတော့၊ ဂျပန် အစိုးရ၏ အုပ်ချုပ်ရေးမှာလည်း မရှိသေး၍ (B.I.A)တပ်ထဲသို့ စုပြုံဝင်လာသော အဆိုးအကောင်းဟူသမျှတို့သည် အစိုးရ၏ရုံးများတွင်၎င်း၊ ရဲစခန်းများတွင် လက်နက်သိမ်း၍၎င်း၊ ဗြိတိသျှတပ်နှင့်ပါမသွားသော မိမိရပ်ရွာတွင် ကျန်ရစ်ခဲ့သော ကရင်စစ်သားများထံ လက်နက်သိမ်းယူ၍ မင်းမူခြင်းတိုင်း မင်းမူကြလေသည်။ ဤပြဿနာထဲတွင် အသက်အရွယ်ကြီးရင့်နှေပြီးဖြစ်သော ဒေါက်တာစံစီဖိုးနှင့် စောဘဦးကြီးတို့ထံသို့ပါ ရောက်ရှိလာလေသည်။

## ကရင်–ဗမာပဋိပက္ခအခြေခံ

ယင်းဂျပန်ဝင်စ ကရင်ဗမာပဋိပက္ခမှာ ယခုအခါ နှစ်ပေါင်း(၇၀)ကျော် ကြာပြီဖြစ်သော်လည်း အချို့၏ သုံးသပ်ချက်မှာ မှန်ကန်မှုမရှိပဲ ရွဲ့စောင်းနေ လေသည်။ အထူးသဖြင့် စစ်အစိုးရနှစ်ဆက်အတွင်း၌ သုံးသပ်ချက်များသည် အရွဲ့စောင်းဆုံးပင်ဖြစ်လေသည်။

ဗြိတိသျှတပ်များသည် အောင်မြင်စွာ ဆုတ်ခွါခြင်းဖြင့် စနစ်တကျ စည်းကမ်းသေဝပ်စွာ ဆုတ်ခွါနိုင်ကြ သည်ဟုဆိုသော်လည်း ကရင်လက်နက်ကိုင်တပ်များကိုကား စနစ်တကျဆုတ်ခွါရန် ထိန်းသိမ်းနိုင်ခြင်း မရှိခဲ့ပေ။ ကရင်လက်နက်ကိုင် အတော်များများသည် မိမိဇာတိကို မစွန့်ခွါနိုင်သောကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံသို့ မလိုက်ပါလိုသောကြောင့်လည်းကောင်း၊ ဗြိတိသျှတပ်များနှင့်ကွဲကွာပြီး ကျန်ရစ်ခဲ့ကြသည်။ ကရင်လက်နက်ကိုင်အချို့သာ အိန္ဒိယအထိ လိုက်ပါသွားကြပြီး အများစုမှာမူ လက်နက်ခဲယမ်းနှင့်တကွ ခြေဦးတည့်ရာသို့ ဆုတ်ခွါသွားကြရသည်။ ကရင်လက်နက်ကိုင်များသည် စစ်ပြေးများအဖြစ် မြစ်ဝကျွန်းပေါ်၊ ဖါပွန်နှင့် တောင်ငူဒေသမှ ကရင်ကျေးရွာများသို့ လက်နက်ခဲ့ယမ်းများနှင့်တကွ ရောက်ရှိသွားကြသည်။ ဂျပန်တပ်များသည်လည်း အောက်မြန်မာပြည်ကို သိမ်းပိုက်ပြီးနောက် (၁၉၄၂)ခုနှစ်၊ မတ်လလယ်ခန့်တွင် အထက်မြန်မာပြည်သို့ ဆက်လက်ချီတက်တော့သည်။

ဘီအိုင်အေ တပ်မတော်သည်လည်း ဂျပန်တပ်များနှင့်အတူ ချီတက်လျက်ရှိရာ စစ်သေနာပတိအဖြစ် ဗိုလ်ချုပ်အောင်ဆန်းက ဆောင်ရွက်ပြီး ဒုတိယစစ်သေနာပတိအဖြစ် ဗိုလ်လကျ်ာ(သခင်လှဖေ)က ဆောင်ရွက်သည်။

*(ပြည်တွင်းသောင်းကျန်းသူသမိုင်း အပိုင်း–၁)*

မြစ်ဝကျွန်းပေါ်ရှိ မြို့များမှ မျိုးချစ်ပုဂ္ဂိုလ်များ၊ သခင်များသည် ပြည်တွင်းသူပုန်တပ်ဖွဲ့နှင့်ဆက်သွယ်၍ အင်္ဂလိပ်အစိုးရအုပ်ချုပ်မှုမရှိတော့သည့် မြို့များတွင် ယာယီအုပ်ချုပ်ရေးအာဏာကို သိမ်းပိုက်ထားကြရသည်။ ဘီအိုင်အေတပ်များရောက်ရှိလာသောအခါတွင် ဘီအိုင်အေအုပ်ချုပ်ရေးကို ယာယီအားဖြင့် ထူထောင်ကြသည်။

ထိုအချိန်တွင် စစ်ဖြစ်ချိန်ကို အခွင့်ကောင်းယူ၍ ထကြွသောင်းကျန်းနေသော လက်နက်ကိုင်လူဆိုးများ ပေါ်ပေါက်လာပြီး ဗြိတိသျှအုပ်ချုပ်ရေးစနစ်အောက်မှာ လက်နက်ကိုင်ရဲများကို ကွပ်ကဲမည့်သူမရှိ ဖြစ်နေခဲ့ရသည်။

ထို့ကြောင့် ဘီအိုင်အေယာယီအုပ်ချုပ်ရေး အဖွဲ့ဝင်များသည် ဓါးပြများအား နှိမ်နင်းခြင်း၊ စည်းမဲ့ကမ်းမဲ့ ကိုင်ဆောင်နေကြသည့် လက်နက်များကို သိမ်းဆည်းခြင်းတို့ကို ဆောင်ရွက်ကြရသည်။ ကရင်စစ်ပြေးများသည် မြစ်ဝကျွန်းပေါ်ဒေသရှိ ကရင်ကျေးရွာများတွင် လက်နက်ခဲယမ်းအပြည့်အစုံဖြင့် ခိုလှုံနေထိုင်လျက်ရှိကြရာ ဘီအိုင်အေယာယီ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ထိပ်တိုက်ပြဿနာတက်တော့သည်။


*(ပြည်တွင်းသောင်းကျန်းမှုသမိုင်း အပိုင်း–၁)*

(B.I.A)ကိုယ်စား အဆိုပါ မျိုးချစ်အဖွဲ့သည် လူဆိုးလူမိုက်များအား ဖမ်းဆီးခြင်း၊ လက်နက်များသွားရောက်သိမ်းပိုက်ခြင်းမှာ အကြောင်းမဟုတ်သော်လည်း ဗြိတိသျှတပ်နှင့်လိုက်ပါလိုခြင်းမရှိ၍ မိမိရပ်ရွာ ဒေသတွင် အေးချမ်းစွာ နေထိုင်သော ကရင်လက်နက်ကိုင်များအား လက်နက်သွားသိမ်းခြင်း၊ ရန်ပြုခြင်းမှာ ရောဝတီတိုင်းရှိ မျိုးချစ်များ၏ အမှားပင်ဖြစ်လေသည်။ သို့ရာတွင် အထက်ပါစာအုပ်ရေးသားသူများသည်ပင် ယင်းကိစ္စအပေါ်တွင် မည်သို့မျှမသုံးသပ်ပဲ တိတ်ဆိတ်စွာ နေလေသည်။

ထိုစဉ်က မြစ်ဝကျွန်းပေါ်ရှိ (B.I.A)အမည်ခံမျိုးချစ်ဆိုသူများသည် မိမိတို့ကိုယ်တိုင် အုပ်ချုပ်ခြင်း၊ တရားစီရင်ခြင်း၊ လက်နက်သိမ်းခြင်းပြုရုံမျှမက အလွန်အန္တရာယ်ကြီးမားသော ဂျပန်နှင့်ကရင်ကို အမျိုးမျိုးရန်တိုက်ပေးခြင်းလည်း ပြုလုပ်ကြပေသည်။ ပထမတွင် ဂျပန်စစ်အရာရှိများ ကိုယ်တိုင်ကလည်း ယုံကြည်ကြသေး၏။ နောက်ပိုင်းတွင်မှ မယုံမကြည်ဖြစ်လာလေသည်။

အောက်ပါတို့မှာ ဂျပန်စစ်ဗိုလ် ယာမဒါ(Yamada)နှင့် ဒေါက်တာစံစီဖိုးတို့ကို (B.I.A)ဆိုသူများမှ ရန်တိုက်ပေးခြင်းပင်ဖြစ်သည်။

"Through an interpreter Major Yamad replied: 'We hear there are 800 soldiers with 400 guns waiting for us here.' Sir San C. Po assured them it was not true. Then the B.I.A leaders came up and asked Sir San C.Po to introduce them to the Japanese. The meeting passed off satisfactorily and they all went into Bassein together." (Grand father Long legs by Ian Morrison ,မဒါ (ဘာသာပြန်မှတဆင့်)



**၁၉၄၅)ခုနှစ်၊ ကရင်–ဗမာပဋိပက္ခပြေငြိမ်းရေးကြိုးပမ်းရန် စောဘဦးကြီးနှင့်ဦးနုတို့ သဘော်ာပေါ်တွင် တွေ့ဆုံနေစဉ်**

"ကျွန်ုပ်တို့ ရထားတဲ့သတင်းအရ စစ်သား(၈၀၀)နဲ့ လက်နက်တွေ (၄၀၀)အပါအဝင် ကျုပ်တို့ကို စောင့်နေတယ်လို့ ကြားရပါတယ်။"

ဆာစံစီဖိုး "ဒီသတင်းက မမှန်တဲ့ သတင်းတွေဖြစ်ပါတယ်။"

ဤသို့ဖြင့် ဂျပန်စစ်ဗိုလ်အပါအဝင် ဒေါက်တာစံစီဖိုးတို့နှင့် အစည်းအဝေး ကျင်းပပြီး ပုသိမ်သို့ ပြန်သွားလေသည်။

ယင်းအကြောင်းကိုပင် ပြည်တွင်းသောင်းကျန်သူသမိုင်း အပိုင်း(၁)တွင် အောက်ပါအတိုင်း ရေးသားထားပြန်လေသည်။

၁၉၄၂–ခုနှစ်၊ ဖေဖော်ဝါရီလကုန်ခန့်တွင် ပုသိမ်မြို့ကို ဘီအိုင်အေတပ်သားများ သိမ်းပိုက်လိုက်ကြသည်။ ဘီအိုင်အေခေါင်းဆောင်းများက ကရင်များထံသို့ လက်နက်အပ်ရန် တောင်းဆိုသောအခါ စံစီပိုးတို့ လူစုက ဘီအိုင်အေတပ်များ ပုသိမ်မြို့မှ ထွက်ခွါသွားရန် စာရေးအကြောင်းပြန်ခဲ့သည်။ ဗိုလ်သိမ်းဆွေနှင့် ဗိုလ်ဝင်းသည် စောဘဦးကြီး၊ ချားလ်စတောစသော ကရင်ခေါင်းဆောင်များအား ဖိတ်ကြား၍ ဗိုလ်ချုပ်အောင်ဆန်း၏ အမိန့်အရ သိမ်းပိုက်ရကြောင်း ရှင်းပြပြီး ဂျပန်တပ်မတော်၏ ထောက်ခံချက် စာရွက်စာတမ်းများကိုပါ ထုတ်ပြ ကြသည်။ ထို့ကြောင့် ကရင်စစ်ပြေးများနှင့် ဘီအိုင်အေတို့မှာ ယာယီပြေလည်မှုရရှိသွားကြသည်။

ဆက်လက်၍ ပြည်တွင်းသောင်းကျန်းမှု သမိုင်းတွင် ဖော်ပြထားပြန်ရာ –

မြောင်းမြနယ်မှ စလိုက်သော လူမျိုးရေးအဓိကရုဏ်းသည် မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဇလွန်၊ ဓနုဖြူစသော မြစ်ဝကျွန်းပေါ်မြို့များသို့ လျင်မြန်စွာ ပျံ့နှံ့သွားသည်။ မြန်မာလူငယ်အချို့သည် လွတ်လပ်ရေး ရည်ရွယ်ချက်ပျောက်ကွယ်ပြီး ကရင်ဆန့်ကျင်ရေးရည်ရွယ်ချက်ဖြင့် ဘီအိုင်အေထဲသို့ ဝင်ကြသည်။

ဂျပန်ခေတ်တွင် ဤစာရေးသူမှာ ဆယ်နှစ်ပင်မပြည့်သေး၍ ကလေးအရွယ်ပင်ဖြစ်သည်။ ဤကာလတွင် စာရေးသူ၏ အစ်ကိုဖြစ်သူသည် ဘိုကလေးဘက်၌ တောအုပ်လုပ်နေရာ မိခင်ကြီးနှင့်မိသားစု စားသောက်ရန်အတွက် စပါးငါးရာကို တင်ဆောင်၍ ရွှေလောင်းသို့ ပြန်ယူလာ၏။ ထိုအချိန်တွင် မန်းရွှေထွန်းကြာသည် အိမ့်မွှမှုရဲမော်တော်ကိုဆွဲကာ ရွှေလောင်းကို မီးရှို့ရန်လာ၏။ အစ်ကိုနှင့်ဝမ်းကွဲအစ်ကိုများက တားဆီးကြရာ တား၍မရချေ။ သို့ဖြင့် ညဥ့်အခါတွင် စပါးများကို ရေထဲသို့ သွန်ချ၍ မိသားစုအပြင် ဆွေမျိုးစုကိုပါ သမ္ဗာန်၌ တင်ဆောင်၍ တိတ်တဆိတ် ညဥ့်အချိန် ထွက်ပြေးကြရ၏။ “ကဝဲ” ချောင်းဝရှိ ဘုန်းတော်ကြီးကျောင်းရှေ့ တွင် တပ်စွဲထားသော (B.I.A) “ဗိုလ်သိန်း”တပ်၏

ဖမ်းဆီးခြင်းကို ခံရလေတော့သည်။ အစ်ကိုဖြစ်သူမှာ ဖမ်းဆီးခံရပြီး ဝါးခယ်မ အချုပ်တွင် ချုပ်နှောင်ထားခြင်းခံရ၏။ ကျန်မိသားစုနှင့် ဆွေမျိုးစုတခုလုံးမှာ "ကဝဲ" ဘုန်းတော်ကြီး၏ ဇိဝိတဒါနအသက်အလှူခံသောကြောင့် အသက်ရှင်ကြ ရရှာလေသည်။

ယင်းမြောင်းမြနှင့်ရောဝတီတိုင်းရှိ ကရင်လူမျိုးများ သတ်ဖြတ်ခံရပုံကို မာတင်စမစ်(MarTinSmith)က သူ၏ "ဆူပူအုံကြွမှုနှင့်လူမျိုးစုများ၏ နိုင်ငံရေး ပြဿနာ"စာအုပ်တွင် အောက်ပါအတိုင်း ရေးသားထားလေသည်။

**"ကရင်ရွာများရှိ ကရင်လူမျိုးအမြောက်အများ သတ်ဖြတ်ခံရကြောင်း အရှေ့ဘက်တောင်တန်းရှိ ဖါပွန်ခရိုင်နှင့် မြစ်ဝကျွန်းပေါ်ကျေးလက်ဒေသတွေမှာ ဖြစ်ခဲ့ကြောင်းသိရသော်လည်း သတင်းအပြည့် အစုံကိုကား မရရှိပါ၊ နောက်ဆုံး သတင်းအပြည့်အစုံမဟုတ်သော်လည်း တရားဝင်သိရသောသတင်းအရ မြောင်းမြခရိုင်တလျှောက်၌ သေဆုံးသူကရင် လူမျိုးပေါင်းမှာ (၁၈၀၀)ကျော်၊ ဖျက်ဆီးမီးရှို့ခြင်းခံရသော ကျေးရွာပေါင်းမှာ (၄၀၀)ကျော်နှင့် ရက်စက် ကြမ်းကြုတ်စွာ သတ်ဖြတ်ခံရသူ ယောကျ်ား၊ မိန်းမ၊ ကလေး စုစုပေါင်းအပါအဝင် (၁၅၂)ဦးတို့ကို (B.I.A)က သတ်ဖြတ်ခဲ့သည်။ ယင်းအထဲတွင် စစ်ကြိုခေတ်က ဝန်ကြီးတဦးဖြစ်ခဲ့သူ "စောပေသာ"နှင့် သူ၏မိသားစုလည်း သတ်ဖြတ်ခြင်း ခံရသည်။ စောပေသာ ယင်းသို့ သတ်ဖြတ်ခံရခြင်းအပေါ်တွင် ထိုစဉ်က ကျေးရွာ များရှိ ကရင်လူမျိုးများမှာ များစွာပင်ကြောက်ရွံ့ထိတ်လန့် နေကြပေသည်။"**

ကျယ်ပြန့်လာသော လူမျိုးရေးအဓိကရုဏ်းကို နိုင်ငံရေးအမြင်ကျယ်ပြီး သဘောထားပြည့်ဝ မြင့်မားသည့် သခင်များနှင့် ဘီအိုင်အေခေါင်းဆောင်များက ကြိုးစား၍ ထိန်းသိမ်းကြသည်။ သခင်များနှင့်ဘီအိုင်အေ ခေါင်းဆောင်များသည် ကရင်ခေါင်းဆောင်များနှင့်တွေ့ဆုံဆွေးနွေး၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြန်လည်ဖေါ်ဆောင်ခဲ့ကြသည်။ ကရင်ရွာများကို ကရင်များသာအုပ်ချုပ်စေခြင်း၊ လက်နက်များကို အတင်းအဓမ္မသိမ်းယူခြင်း မပြုတော့ဘဲ စေ့စပ်ဆွေးနွေးသော နည်းဖြင့် နားလည်မှုယူခြင်းများကို ဆောင်ရွက်ကြသည်။ သို့သော် နေရာ အနည်းအကျဉ်းတွင်သာ အောင်မြင်ခဲ့သည်။ အဓိကရုဏ်းမှာ များစွာပြင်းထန်

လာရာ ကရင်များက မြန်မာရွာများကို စီးနင်းတိုက်ခိုက်၍ ရွာလုံးကျွတ် လုယက်တိုက်ခိုက်သတ်ဖြတ်ခြင်း၊ မြန်မာ များက ကရင်ရွာများကို တန်ပြန်လက်စားချေ၍ မီးရှို့သတ်ဖြတ်ခြင်းများ ဖြစ်ပေါ်လာသည်။ နှစ်ဘက်စလုံး လူသူအမြောက်အမြား သေကျေပျက်စီးပြီး အများအပြားမှာလည်း မီးလောင်ပြာကျသွားရသည်။

*(ပြည်တွင်းသောင်းကျန်းမှုသမိုင်း အပိုင်း–၁)*

ယင်းနှင့်ပတ်သက်၍ သခင်နု(ဦးနု)က "ငါးနှစ်ရာသီဗမာပြည်"စာအုပ်တွင် အောက်ပါအတိုင်း ရေးသားထားလေသည်။

"ကရင်–ဗမာချစ်ကြည်ရေးသည် ဂျပန်တော်လှန်ရေးလုပ်ငန်းတွင် အဓိက လုပ်ငန်းဖြစ်သည်။ ထိုကိစ္စအတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့ လည်း အထူးကြိုးစားလျက်ရှိကြသည်။ အင်္ဂလိပ် ထွက်ခါစ ဗမာအုပ်ချုပ်ရေးလည်း မရောက်သေးမီ စပ်ကူးမတ်ကူးအတွင်း မြစ်ဝကျွန်းပေါ်ရှိ ခါတော်မှီသခင် အချို့တို့၏ ရမ်းကားမှုကြောင့် ကရင်များသည် သခင်ဆိုလျှင် အားလုံးလူဆိုးချည်း ဘဲ ဖြစ်ရမည်ဟု ဝါးလုံးရှည်ကြီးနှင့်သိမ်း၍ ရမ်းထားသောကြောင့် ဗိုလ်ချုပ် အောင်ဆန်းနှင့်သခင်သန်းထွန်းတို့၏ ကရင်–ဗမာ ချစ်ကြည်ရေးလုပ်ငန်းများမှာ ထင်သလောက်မလွယ်ကူပေ။ ကရင်–ဗမာချစ်ကြည်ရေးကို စတင်ဆောင်ရွက်ရန် အခွင့်အလမ်းကို စစ်အုပ်ချုပ်၍အတွင်းစ၍ ရကြသည်။ ရပုံမှာ ဤသို့ တည်း"

"ဗမာအစိုးရက ဒေါက်တာစံစီပိုး၊ စောဘဦးကြီး၊ မန်းရွှေထွန်းကြာ၊ မန်းဘခင်၊ ဒေါက်တာဖိုးဒီလုံး၊ ဒေါက်တာဒွေးအစရှိသော ကရင်ခေါင်းဆောင်တစု ကို ရန်ကုန်သို့ ဖိတ်ကြားလိုက်သည်။ ဤအခွင့်အလမ်းမျိုးကို စောင့်နေသော သခင်သန်းထွန်းသည် ဤကိစ္စမျိုးတွင် လက်မနှေးပေ။ သူ၏စီမံချက်အရ ကရင် ခေါင်းဆောင်များကို တို့ဗမာဆင်းရဲသား အစည်းအရုံးက လဘက်ရည်ပွဲတခုနှင့် ဧည့်ခံလေသည်။ ထိုလဘက်ရည်ပွဲ၌ သခင်သန်းထွန်းအစရှိသော သခင်ခေါင်း ဆောင်များက ခါတော်မှီသခင်များ၏ ရမ်းကားမှုအတွက် အထူးကြေကွဲဝမ်းနည်း

ကြောင်း၊ ဤသို့ ဖြစ်သည်မှာလည်း ထိုအခါက သူတို့ခေါင်းဆောင်များသည် ထောင်ထဲတွင်ရှိ၍ အုပ်ထိန်းလမ်းညွှန်မည့်သူမရှိသောကြောင့် ဖြစ်ရကြောင်း –"

"ဗမာနိုင်ငံကြီး၌ ယခုလို သွေးရေးရှင်ရေးပြဿနာကြီး ပေါ်ပေါက်နေသည့် အခါမျိုးတွင် ညီညွတ်ရေးသာလျှင် ကိုးကွယ်ရာရှိတော့သဖြင့် ကရင်–ဗမာညီညွတ် ရေးရရှိရန်အတွက် ဘာမဆိုလုပ်ရန် အသင့်ရှိကြောင်း၊ ဒေါက်တာဖိုးဒီလုံးဆိုသူ ကရင်ခေါင်းဆောင်ကြီးကမူကား မြစ်ဝကျွန်းပေါ် ကရင်–ဗမာဖြစ်ကြသည်မှာ ဗမာတွေဆိုး၍ မဟုတ်ပဲ ဂျပန်တွေက အတင်းအကြပ်ခိုင်း၍သာ ဖြစ်ရသည်ဟု ဗမာကိုအပြစ်လွှတ်ပြီး ဂျပန်ကို အတိအလင်း စွပ်စွဲချေသေး၏။ ထိုနေ့မှစ၍ ကရင်–ဗမာ ချစ်ကြည်ရေးလုပ်ငန်းကို ဆက်၍ဆောင်ရွက်ရန် လမ်းစပွင့်သွား လေသည်။"

"အရေးပါ အရာရောက်သော ကရင်လူငယ်များနှင့်လည်း ထမင်းပွဲများ၊ လဘက်ရည်ပွဲများ၊ မကြာခဏပြုလုပ်၍ ရင်းရင်းနှီးနှီးပေါင်းကြသည်။ ဤကရင်– ဗမာချစ်ကြည်ရေးကိစ္စအတွက် ခေါင်းဆောင်သူ ဗိုလ်ချုပ်အောင်ဆန်းနှင့်သခင် သန်းထွန်းတို့ ရှိသည့်အနက် ဗိုလ်ချုပ်အောင်ဆန်းမှာ ကိုယ်တွင်းသံလိုက် အလွန်ကောင်းသူဖြစ်သည်။ တစိမ်းတရံစာထဲက သူနှင့်တွေ့ရလျှင် အကျကြီးကျ သွားသော သူသာများလေသည်။ သူနှင့်တွေ့သော ကရင်တိုင်း သူကိုပုံ၍ ယုံကြည်ကြသည်။ အတော်လည်း ကြည်ညိုကြသည်ကို သိရ၏။"

*(သခင်နု၏ ငါးနှစ်ရာသီ ဗမာပြည်)*

## စောပေသာနှင့် စောဘဦးကြီး

စောပေသာနှင့်စောဘဦးကြီးတို့သည် အဖေညီအစ်ကို ဖြစ်ကြ၍ ဝမ်းကွဲ ညီအစ်ကို တော်ကြသည်၊ (ဦးသာမြတ်ကြီးနှင့်ဦးနု) ညီအစ်ကိုနှစ်ယောက်စလုံး လန်ဒန်တွင် ဝတ်လုံတွဲ့ရခဲ့၍ ဇနီးသည်များ ရယူရာတွင်လည်း တယောက်က ဗြိတိသျှသူ၊ ကျန်တယောက်က စကော့တလန်သူဖြစ်၏။ လန်ဒန်က ပုသိမ်ပြန် ရောက်လာသောအခါ ထိုစဉ်က ဒေါက်တာစံစီပိုးအပါအဝင် ပညာတတ်နိုင်ငံခြား

ပြန်မှာ သုံးယောက်ဖြစ်နေလေသည်။ ထိုစဉ်က စောဘဦးကြီးမှာ နိုင်ငံရေးတွင် ဝါသနာမထက်သန်လှပဲ ဝတ်လုံဖြင့်သာ သက်မွေးဝမ်း ကျောင်း ပြုလိုသူဖြစ်သည်။ ဤတွင် မြောင်းမြရှိ ကရင်သူဌေးများသည် ပုသိမ်တွင် ပညာတတ်နိုင်ငံခြားပြန် သုံးဦးရှိနေသောကြောင့် စောပေသာကို တောင်းယူကြသည်။ ကရင်အမျိုးသား များအကျိုးစီးပွားအတွက် စောပေသာသည် မြောင်းမြတွင် ပြောင်းရွှေ့နေထိုင်ရ တော့သည်။

ထိုမှ စောပေသာသည် စစ်ကြိုခေတ် နိုင်ငံရေးထဲသို့ ဝင်ခဲ့လေရာ ပထမတွင် ဒေါက်တာဘမော်၏ အစိုးရအဖွဲ့တွင် ဝန်ကြီးတဦးဖြစ်လာသည်။ ထိုမှ ဦးစော၏အစိုးရအဖွဲ့တွင် ဒုတိယအကြိမ် ဝန်ကြီးတဦးဖြစ်လာ ပြန်သည်။ ဤသို့ဖြင့် (၁၉၃၈)ခုနှစ်၊ တရားဝင်ကရင်နှစ်သစ်ကူးနေ့သတ်မှတ်ခြင်းခံရသော အခါ ဝန်ကြီးစောပေသာသည် (၁၉၃၉)ခု၊ အောက်တိုဘာလ(၁)ရက်နေ့တွင် မြန်မာနိုင်ငံလွတ်လပ်ရေးနှင့် ဒီမိုကရေစီရေးအတွက် ဖွဲ့စည်းသောဗမာ့ထွက်ရပ် ဂိုဏ်း(Freedom Bloe)တွင် ဒေါက်တာဘမော်ဥက္ကဋ္ဌ၊ သခင်အောင်ဆန်းအတွင်း ရေးမှူးနှင့်အဖွဲ့ဝင်များအဖြစ် သခင်နုနှင့်အတူ စောပေသာတို့လည်း ပါဝင်ကြလေ သည်။ စာရေးသူသည် မြောင်းမြမြို့ (R.C.M)တွင် ကျောင်းနေသောအခါ စောပေသာ၏မြေးဖြစ်သူ "ဂလက်စတုန်း"နှင့် ကျောင်းနေဘက်များဖြစ်ကြရာ မကြာခဏပင် စောပေသာကုန်းသို့ ရောက်တတ်လေသည်။

၁၉၄၃–ခုနှစ်၊ ဩဂုတ်လ(၁)ရက်နေ့တွင် ကမ္ဘာ့အရှေ့ဘက်ခြမ်း၌ စစ်နိုင်သောဂျပန်သည် ဒေါက်တာ ဘမော်ခေါင်းဆောင်သော ရုပ်သေးအစိုးရကို ဖွဲ့စည်း၍ လွတ်လပ်ရေးကြေညာသည်။ ထိုအချိန်တွင် ကရင်–ဗမာပဋိပက္ခမှာ လည်း တစစဖြင့် ပြေငြိမ်းလာစဖြစ်၍ မူလဝတ်လုံဘဝဖြင့်သာ သက်မွေးဝမ်း ကျောင်းမှုပြု၍ ဖခင်ကြီး၏ ပိုင်ဆိုင်မှုများကို ထိန်းသိမ်းစောင့်ရှောက်လိုသော စောဘဦးကြီးသည် အမျိုးသားရေး(ကရင့်အရေး)က ဝင့်ဝမ်းပူစာမနေသာ ဖြစ်လာ ကြလေသည်။ ညီအစ်ကိုချင်း တယောက်ကိုတယောက် များးစွာမျှော်လင့်ထား သော စောပေသာမှာလည်းမရှိတော့ လက်လှမ်းမီရာ ကရင်ခေါင်းဆောင်များက လည်း မိမိကိုသာ အားကိုးအားထားပြုနေကြသည်။ ပို၍ဆိုးသည်မှာ ဒေါက်တာ

ဘမော်၏ အစိုးရကပင်မိမိအား ရန်ကုန်တွင် ထိုင်နေ၍ ကရင်–ဗမာကိစ္စအကျိုးဆောင်ရန် တိုက်တွန်းနေခြင်း ဖြစ်လေသည်။ နောက်ဆုံး မတတ်သည့်အဆုံးတွင် စောဘဦးကြီးခင်ဗျာ၊ ရန်ကုန်တွင် အိမ်တအိမ်ဝယ်ယူ၍ နေရလေတော့သည်။ အိမ်သည် အခြားနေရာတွင်မဟုတ်ပဲ နောက်ပိုင်း၌ (U.K.L)ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်တည်ရာ အမှတ်(၁)ဦးလူနီ၊ စောတေလိန်းလမ်းခွဲရှိ အိမ်နှင့်ဘေးချင်းကပ် အိမ်အမှတ်(၅)ပင် ဖြစ်လေသည်။

## စောဘဦးကြီး၏ ဒုတိယနှင့်တတိယအိမ်ထောင်

စောဘဦးကြီးသည် (၁၉၄၀)ခုနှစ်၊ ဂျပန်ဝင်စတွင် ကွယ်လွန်သွားသူဖခင်ကြီး(စောသာမြတ်ကြီး)၏ လက်နတ်လက်ရင်းများကို တာဝန်ယူရန် ဘဲဂရက်သို့ သွားရောက်နေထိုင်စဉ် ဇနီးဖြစ်သူ(Kemp)သည် ခင်မင်သောမိတ်ဆွေဟောင်းတဦးကို တွေ့ရသဖြင့် စစ်ပြေးဒုက္ခသည်အဖြစ် သားနှင့်သမီးတို့နှင့်အတူ ရခိုင်ပြည်၊ အိန္ဒိယတို့မှတဆင့် လန်ဒန်သို့ ပြန်သွားပြီဖြစ်ကြောင်း၊ ရှေ့ပိုင်းတွင် ဖတ်ရှုခဲ့ရှုပြီးဖြစ်လေသည်။ ဤတွင် စောဘဦးကြီးသည် အမျိုးသားရေးအတွက် ရန်ကုန်သို့ပြောင်းရွှေ့မနေထိုင်မီကလေး၌ ပုသိမ်တွင် ဂျပန်ခေတ်တခေတ်လုံးနီးပါးနှင့် ကာလတခုထိ နေထိုင်ခဲ့လေသည်။ ဤတွင် ယခုအခါ အမေရိကားသို့ ရောက်ရှိနေသူဆရာမထီးမူ(Thimu)တို့၏ မိခင်ဖြစ်သူ "နော်မလေး"နှင့် ဒုတိယအိမ်ထောင်ပြုရာတွင် ထီးမူကို မွေးဖွားခဲ့လေသည်။ ယင်းအကြောင်းကို စောစံဖိုးသင်က သူ၏အတ္ထုပ္ပတ္တိတွင် အောက်ပါအတိုင်းရေးသားထားလေသည်။

## နှုးညံ့ခြင်း

"ကရင်များသောင်းကျန်းမှု ကြီးထွားလာစဉ် ကျွန်တော်ဝန်ကြီးအဖြစ်မှထွက်ပြီး ပုသိမ်တွင် အထူးတိုင်းမင်းကြီး တာဝန်ယူ၍နေရာ စောဘဦးကြီးကျွန်တော့်ထံ ရောက်လာလေသည်။ သူကကျွန်တော့်ကို ပူဆာ၏။ သူကကရင်မလေးတစ်ဦးနှင့်ရသော သမီးကလေးတယောက် ပုသိမ်ခရိုင်၊ ဆူရွာမှာ

ရှိသည်။ သွားခေါ်ပေးပါဆိုသည်။ ကျွန်တော်က လူလွှတ်၍ ခေါ်ပေးလိုက်ပါသည်။ (၂)နှစ်အရွယ်သမီးကလေးရောက် လာသောအခါတွင် စောဘဦးကြီးသည် ဖျာပေါ်၌ ပက်လက်လှန်၍ အိပ်ပြီး သူ့သမီးကလေးကို ရင်ပတ်ပေါ် တင်လျက် ဆန့်ဖွတ်သလို ခုန်ဆွခုန်ဆွလုပ်ရင်း မြူနေပါသည်။

ကျွန်တော်သည် သူ့ကို မသိမသာ ငဲ့စောင်းကြည့်ရင်း ကလေးငယ်ကို ချစ်တတ်သော သူ့နှလုံးသား၏ နူးညံ့ခြင်းစိတ်တို့ကို နှိုင်းယှဉ်ကြည့်နေမိသည်။ ကျွန်တော်စိတ်မကောင်းတော့ပါ။ များစွာစိတ်ထိခိုက်ခဲ့မိသည်။”

စောဘဦးကြီးနှင့်နော်မလေးတို့၏ အိမ်ထောင်ရေးကို ကျယ်ကျယ်ပြန့်ပြန့်နှင့် ပြည့်ပြည့်စုံစုံရေးသား နိုင်ရန်အတွက် ကျွန်တော်ကြိုးစားပါသေးသည်။ အထူးသဖြင့် ဩစတြေးလျားသို့ ရောက်စကပင် “ဦးဆာယု” နှင့် ကျွန်တော်သည် ခင်မင်ရင်းနှီးသည်။ သရာမူထီးမူတို့၏ မိခင်နှင့်ဦးဆာယုတို့သည် သွေးသားများ ဖြစ်ကြသည်ကိုလည်း ကျွန်တော်သိထား၏။ ထိုနေ့က ကျွန်တော်မအားလပ်၍ “မန်းခလိုက်”နှင့် သိန်းကျော်ဝေတို့အား ယင်းကိစ္စ စုံစမ်းမေးမြန်းရန် ဦးဆာယုထံ လွှတ်လိုက်ရာ ကျွန်တော့်ကိုယ် ကျွန်တော်များစွာပင် အပစ်တင်မိ၏။ ပထမတွင် ကွင်းဖွင့်ကောင်းသော်လည်း ပွဲပြီးသောအခါတွင် ဂိုးမရပဲ ဖြစ်ခဲ့ရလေသည်။

အမှန်မှာ ထီးမူတို့ မိခင်သည် မလေးရှားတွင် မွေးသောကြောင့် မိဘများ က ချစ်စနိုးဖြင့် (နော်မလေး)ဟု ခေါ်ကြသည်။ ဖခင်မှာ ဗြိတိသျှစစ်တပ်က “ဗိုလ်ထွန်းကျော်”ဖြစ်လေသည်။ ကျွန်တော်သည် ဤမျှဖြင့် အားမရသေး၍ အမေရိကားရှိ တူဖြစ်သူ(ဒိုင်ရီရယ်ထွန်းထွန်း)ထံ အကြောင်းကြား၍ ထီးမူနှင့် တွေ့ဆုံ၍ မေးမြန်းပေးရန် ခိုင်းစေမိပြန်သည်။ ဤတွင် ကျွန်တော်သည် ထီးမူ၏ ခံစားချက်များကို သိရပြီး နောက်၌ များစွာထိခိုက်မိပါတော့သည်။

**“ဒိုင်းနီရယ်ရာ၊ ကျွန်မ မာနယ်ပလောမှာ နေခဲ့ရတာ များစွာ မျက်နှာငယ်ခဲ့ရပါတယ်။ အဖေ (စောဘဦးကြီး)က အမေ့ကိုယူတော့ တရားဝင် လက်မထပ်ခဲ့ပါဘူး၊ နောက်ထပ်ယူတဲ့နီတာ(အရေးပိုင် ဦးဇံသမီး)ကျတော့က သင်းအုပ်ဆရာနဲ့ အဖေက လက်ထပ်ယူတယ်လေ၊ ဒီအတွက် အမေ့အတွက်ရော၊ ကျွန်မအတွက်ပါ စိတ်မကောင်းဖြစ်ရတာပါ။”**

**"ထွန်းထွန်း ပြောလိုက်ပါကွယ်၊ ထီးမူ မာနယ်ပလောမှာ မျက်နှာငယ်နဲ့ နေရတာရော၊ သူစိတ် မကောင်းဖြစ်ရ တာရော၊ ငါနား လည်တယ်ဆိုတဲ့ အကြောင်း ပြောပေးပါကွယ်။"**

ဤအကြောင်းကို ကျွန်တော်နှင့်ထွန်းထွန်းတို့သည် တယ်လီဖုန်းဖြင့် အထက်ပါအတိုင်း ပြောမိခဲ့ကြလေသည်။

ခေါင်းဆောင်ကြီး စောဘဦးကြီးသည် ဒုတိယဇနီးသည် နော်မလေးအား အိမ်ထောင်ပြုရာတွင် လက်မထပ်သော်လည်း သမီးလေးတယောက် (ဆရာမ ထီးမူ)ကိုရပြီး အလွန်ချစ်ရှာသည်။ တတိယဇနီးသည် နော်နီတာနှင့်အိမ်ထောင် ဆက်ပြုရာတွင်ကား တရားဝင်လက်ထပ်သော်လည်း သားသမီးကား မရချေ၊ (အသက်အရွယ်ကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်၏၊) ဤနေရာတွင် လက်ထပ် ထိန်းမြားခြင်းသည် ယောကျ်ား သားများအတွက်ထက် မိန်းမသားများအတွက် ယဉ်ကျေးမှုအရဖြစ်စေ၊ တရားဥပဒေကြောင်းအရဖြစ်စေ၊ ပိုမို၍ အရေးကြီးထင်ရှား လှပေသည်။ နော်နီတာသည် အရေးပိုင်သမီးဖြစ်သောကြောင့် တရားဥပဒေ ကြောင်းအရနှင့်ယဉ်ကျေးမှုကြောင်းကိုပါ နော်မလေးထက် နော်နီတာက ပိုမို၍ သိပုံရလေသည်။ နော်နီတာသည် ပထမအိမ်ထောင်ဖြစ်သော စောဘဦးကြီး၏ ညီဝမ်းကွဲနှင့် ပေါင်းသင်းစဉ်ကလည်း တရားဝင် လက်ထပ်ရေးကို အဓိကထား၏။ စောဘဦးကြီး၏ညီ စောဘသက်ကြီးကွယ်လွန်ပြီးနောက် စောဘဦးကြီးနှင့် အတူနေထိုင်စဉ် လက်ထပ်ရေးဖြစ်လာပြန်သောအခါ အင်းစိန်ကျမ်းစာသင် ကျောင်းမှသင်းအုပ်ဆရာကြီး "ဦးမောင်ဘု"ကိုယ်တိုင် လက်ထပ်ပေးခဲ့ရ၏။

စောသာမြတ်ကြီးသည် သူမကွယ်လွန်မီတွင် သူ့၏သားသမီးများအတွက် စောဘဦးကြီးအပါအဝင် အိမ်တစောင်ဆီ (တလုံးဆီ)ဆောက်လုပ်ပေးခဲ့သည် ဖြစ်နိုင်သော်လည်း ချွေးမဖြစ်သူ(Renee)သည် သူမစိတ် တိုင်းကျမြေကွက်ကို ရွေးချယ်စေချင်သည်။ သူမတွေ့ထားသော မြေကွက်မှာ ရေကန်ကလေးကို မျက်နှာမူထားသော မြေကွက်ဖြစ်သည်။ သို့ရာတွင် သူမအားလုံးကို မေ့ထား ပစ်လိုက်ပါသည်။ ယခု စောဘဦးကြီးတို့ ဖခင်ဆောက်ပေးသောအိမ်မှာ အင်္ဂလိပ် လူမျိုးများအိမ်အတိုင်း ရေကိုတွင်းမှ ပိုက်ဖြင့်သွယ်ထားသည်။ လျှပ်စစ်မီးမှာ

သီးခြား"ဂျင်နရေတာ"ဖြင့် ဖြစ်သည်။ ရေချိုးခန်းမှာ ခေတ်အမီဆုံးနှင့် စိတ်ဝင်စားဖွယ် အကောင်းဆုံး ဖြစ်လေသည်။ ပြောစရာတခုမှာ စောဘဦးကြီး၏ ညီဝမ်းကွဲ "စောဘသက်ကြီး"ပင် ဖြစ်သည်။ သူသည် အမြဲတန်း အိမ်သို့လာသည်နှင့် စောဘဦးကြီးကလည်း အမြဲတမ်းကြိုဆိုနေသည်။ သူသည် ဗြိတိသျှစစ်တပ်တွင် ထိုစဉ်ကတည်းက အမှုထမ်းနေသူဖြစ်သည်။ စောဘသက်ကြီး၏ နောက်တွင် အမြဲတန်း လိုက်ပါနေသူကား"ပန်းသီးမျက်စိ"ရှိသော ဦးဇံ၏သမီး(နီတာ)ပင် ဖြစ်သည်။ (Renee)အနေနှင့် အိမ်တွင်းရေး ပြဿနာအဖြစ် နီတာကို လုံးဝမကြည့်ချင်ရှာပေ။

ယင်း(Renee)ကြည့်မရသော (နီတာ)သည် လေထီးဆင်းရာ၌ စောဘသက်ကြီးကို ဂျပန်က ဖမ်းဆီး သတ်ဖြတ်ပြီးနောက်တွင် စောဘဦးကြီး၏ ရန်ကုန်နေအိမ်၌ အတူတကွနေထိုင်ကြရာမှ အပြန်အလှန်ကူညီကြရင်း တရားဝင်လက်ထပ်ယူသည့် စောဘဦးကြီး၏ တတိယဇနီးဖြစ်၍ လာလေသည်။

## စစ်ပြီးခေတ်ကရင့်နိုင်ငံရေး

ဂျပန်တော်လှန်ရေးပီးမြောက်၍ မဟာဗြိတိသျှများပြန်ရောက်လာလျှင် ကရင့်နိုင်ငံရေးနိုးကြားမှုသည် စတင်လာလေသည်။ စောဘဦးကြီးနှင့်ကရင်ပညာတတ်များ၏ ဉာဏ်ခန်းကဏ္ဍသည် စတင်လာတော့သည်။ ယခင်ဒေါက်လူနှင့် (K.C.A.B)ကရင်အကြံပေးဘုတ်(Karen Central Barnd)အဖွဲ့နေရာတွင် ကရင်အမျိုးသားရေးကို ဆောင်ရွက်နိုင်ရန် (K.C.O)ခေါ် (Karen Central Organisation)ကို ဖွဲ့စည်းလိုက်ကြသည်။

### အမှုဆောင်အဖွဲ့

၁။ စောသာဒင် (ဥက္ကဋ္ဌ၊ ငွေထိန်း)၊

၂။ မန်းဘခင် (အတွင်းရေးမှူး)၊

၃။ ဆရာသာထို (တွဲဘက်၊ အတွင်းရေးမှူး)၊

၄။ စောဘဦးကြီး (အမှုဆောင်)၊

၅။ စောစံဖိုးသင် (အမှုဆောင်)၊

၆။ စောမြသိန်း (အမှုဆောင်)၊

၇။ မန်းဂျိမ်း(စ်)ထွန်းအောင် (အမှုဆောင်)၊

၈။ မန်းရွှေထွန်းကြာ (အမှုဆောင်)၊

၉။ စောဘမောင် (အမှုဆောင်)၊

၁၀။ ဂျိမ်း(စ်)တာပ (အမှုဆောင်)၊

၁၁။ ဆစ်ဒနီလူနီ (အမှုဆောင်)၊

ယင်းနှင့်ပတ်သက်၍ မန်းဘဇန်သည် (သနူထူး)စာစောင်တွင် ကရင့်နိုင်ငံရေးပြန်လည်နိုးကြားလာပုံကို အောက်ပါ အတိုင်းရေးသားထားလေသည်။

၁၉၄၅–ခု၊ မေလ(၂)ရက်နေ့မှာ ရန်ကုန်မြို့ကို သိမ်းယူလိုက်တယ်။ ၁၉၄၅–ခု၊ ဇွန်လ(၂၆)ရက်နေ့မှာ ရန်ကုန်မြို့မှာ ကေစီအိုကရှေ့ဆောင်ပြီး ကရင်အရေးအတွက် ညီလာခံတရပ်ကျင်းပခဲ့တယ်။ အဲဒီညီလာခံကို မအူပင်ခရိုင်ကိုယ်စားလှယ်တဦးအနေနဲ့ ကျွန်ုပ်လည်း တက်ရောက်လာခဲ့တယ်။ အဲဒီညီလာခံမှာ စောဘဦးကြီးနဲ့ပြန်ဆုံမိကြတဲ့အခါ စောဘဦးကြီးက ကျွန်ုပ်ကို ဟော့–ဘဇံ ခင်ဗျားအစိုးရအလုပ်ပြန်လုပ်ဦးမလားလို့ မေးတယ်။ ကျွန်ုပ်က အစိုးရအလုပ် လုပ်ဖို့ စိတ်မဝင်စားတော့ဘူး။ အမျိုးသားရေးက အရေးကြီးလာလို့ အမျိုးသားရေးမှာ ခြေစုံပစ်လုပ်ဖို့ ဆုံးဖြတ်ထားပြီးပြီလို့ဖြေလိုက်တယ်။ စောဘဦးကြီးက ဒီအဖြေကို ကြိုဆိုတဲ့အနေနဲ့ လက်ဆွဲနှုတ်ပြီး အမျိုးသားရေးမှာ ဒို့များလက်တွဲလုပ်ကြပါစို့လို့ ပြောခဲ့တယ်။

*(မန်းဘဇန်၏ ကျွန်ုပ်နှင့်ခေါင်းဆောင်ကြီး စောဘဦးကြီး = သနူထူး)*

မန်းဘဇန်သည် စောဘဦးကြီး၏ အပြောအဆို အဝတ်အစားရိုးသား ပုံကိုလည်း ဆက်လက်ရေးသားထားပြန်သည်။

ပညာတတ်ကျွမ်း ဥစ္စာခနေပေါကြွယ်ဝပြီး ရာထူးဂုဏ်ထူးတွေရှိပေမယ့် ဘဝင်မြင့်ခြင်းမရှိဘူး။ စောဘဦးကြီးရဲ့ ဝတ်စားဆင်ရင်နေထိုင်စားသောက်မှု တွေဟာ ထယ်ထယ်ဝါဝါမရှိဘူး။ လူလတ်တန်းစား အဆင့်မျိုးနဲ့နေထိုင်တယ်။ နေ့တနေ့မှာ စောဘဦးကြီး၊ ကျွန်ုပ်၊ မန်းဂျိမ်း(စ်)ထွန်းအောင်၊ စောဟံသာတာမွေး တို့ဟာ အမျိုးသားစည်းလုံးရေးလှုပ်ဆော်ရေးအတွက် မြောင်းမြခရိုင်၊ လပွတ္တာ မြို့နယ်၊ တယ်ပင်ကိုင်း ကျေးရွာသို့ ရောက်ရှိသွားတယ်။ ကျွန်ုပ်တို့ရောက်ပြီး နောက်တနေ့မှာ ဒေသတဝိုက်ရှိ လူထုအစည်းအဝေးတရပ် ပြုလုပ်တယ်။ အစည်း အဝေးမကျင်းပမီ ခေါင်းဆောင်တွေဟာ တည်းခိုအိမ်မှ အစည်းအဝေးကျင်းပရာ မဏ္ဍပ်သို့ အသွားမှာ လူထုကတန်းစီပြီး ဖါးစည်တီးကာ ပန်းကုန်းစွတ်ဂုဏ်ပြုဘို့ စီစဉ်တယ်။ လူထုက စောဘဦးကြီးကို ဘိလပ်ပြန်ဝတ်လုံတော်ရ ကရင်ခေါင်း ဆောင်အဖြစ် ဗြိတိသျှဘုရင်ခံများ ဝတ်စားသလို ခန့်ညားစွာ ဝတ်စားလာမယ်လို့ မှတ်ယူကြတယ်။ ဒါပေမယ့် စောဘဦးကြီးဟာ ကာကီဘောင်းဘီတို စပို့ရှပ် အင်္ကျီဝတ်ပြီး အစည်းအဝေးတက်လာတာကို တွေ့ရတဲ့အခါ အံ့သြသွားကြတယ်။ စောဘဦးကြီးဟာ ရိုးရိုးကျင့်၊ မြင့်မြင့်ကြံတတ် သူဖြစ်တယ်။ စိတ်နေသဘောထား ရိုးသားဖြူစင်တယ်။ လူသားတိုင်းကို အတန်းအစားမရွေး လူရယ်လို့ သဘောထား ပြီး ဆက်ဆံတယ်။ ကိုယ်ချင်းစာနာစိတ်ရှိတယ်။ အမျိုးသားအတွက် တကယ် ကိုယ်စွန့်သူဖြစ်တယ်။ မိမိရဲ့ လယ်ယာအလုပ်သမားအပေါ် စာနာစိတ်ရှိတယ်။ အမျိုးသား ရေးလုပ်ငန်းလုပ်ရာမှာ အမျိုးသားရေးအာရုံတခုတည်းသာထားပြီး ခြေစုံပစ်လုပ်ကိုင်တယ်။

*(မန်းဘဇန်၏ ကျွန်ုပ်နှင့်ခေါင်းဆောင်ကြီး စောဘဦးကြီး = သနုထူး)*

ယင်းသို့ စောဘဦးကြီးပါဝင်သော (**K.C.O**)ဖွဲ့စည်းပြီးနောက်တွင် အောက်ပါ ကရင်အဖွဲ့များလည်း အသီးသီး ပေါ်ပေါက်လာလေသည်။

ယင်းတို့မှာ –

(၁) မြန်မာနိုင်ငံကရင်အမျိုးသားအသင်း(ခေါ်)ဘီကေအင်(န်)အေ(Karen National Association)၊
(၂) ကရင်လူငယ်အစည်းအရုံး(ခေါ်) ကေဝိုင်အို(Karen Youth Organization)၊
(၃) ကရင်အမျိုးသားအစည်းအရုံး (ခေါ်) (Karen National Assaciation) တို့ ဖြစ်ကြသည်။

## နေသူရိန်အစည်းအဝေးနှင့်စောဘဦးကြီး

(၁၉၄၅)ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့တွင် ဂျပန်ကလက်နက်ချလိုက်ကြောင်း ကျေညာလိုက်သဖြင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့အရှေ့ဘက်ခြမ်း၌ ဒုတိယကမ္ဘာစစ် ပြီးဆုံးသွားလေသည်။ ဩဂုတ်လ(၁၉)ရက်နေ့တွင် မြန်မာပြည်လွတ်လပ်ရေးနှင့် ညီညွတ်ရေးအတွက် ဖတပလ(ဖဆပလ)အဖွဲ့မှကြီးမှူး၍ "နေသူရိန်"အစည်းအဝေးကြီးကို ကျင်းပ၏။ ယင်းအစည်းအဝေးမှ ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ်(၃၆)ဦးအား ရွေးချယ်ခန့်အပ်ရာတွင် ယခင်ကရင်အမျိုးသား ဗဟိုအကြံပေးဘုတ်အဖွဲ့ဝင်များဖြစ်ကြသော မန်းဘခိုင်၊ စောဘဦးကြီးနှင့် ဆရာသာထိုတို့ ဗဟိုဦးစီးအဖွဲ့ဝင်များ ဖြစ်လာကြသည်။

ထိုမှ အောက်တိုဘာလရောက်လျှင် အောက်တိုဘာ(၁)ရက်နေ့မှ (၃)ရက်နေ့အထိ ကြည့်မြင်တိုင်မြို့နယ်၊ ဦးလူနီလမ်းရှိ အိမ်အမှတ်(၅)၌ အထက်ဖေါ်ပြပါ ဗဟိုကရင်အမျိုးသားဖွဲ့ချုပ်(Karen Central Organization)အစည်းအဝေးကို ကျင်းပပြီး ဘုရင်ခံထံ ကရင့်အခွင့်အရေးတောင်းခံလွှာတရပ်နှင့်ဆုံးဖြတ်ချက်(၅)ရပ်ကို ချမှတ်ခဲ့လေသည်။

ယင်း(K.C.O) ပထမအကြိမ် အစည်းအဝေးတွင် ဘုရင်ခံထံတင်ပြတောင်းဆိုရန် ဆုံးဖြတ်ချက် (၅)ရပ်မှာ –

(၁) ဘုရင်ခံအမှုဆောင်(အစိုးရ)အဖွဲ့ ပြန်လည်ဖွဲ့စည်းရာတွင် ကရင်အမျိုးသားကိုယ်စားလှယ်(၃)ဦး ထည့်သွင်းပေးရန်။

(၂) ရာထူးဝန်အဖွဲ့တွင် ကရင်အမျိုးသားကိုယ်စားလှယ် ထည့်သွင်းပေးရန်။

(၃) မြန်မာနိုင်ငံ ရုပ်ရှင်(ဆင်ဆာ)ဘုတ်ဖွဲ့တိုင်းတွင် ကရင်ကိုယ်စားလှယ် ထည့်သွင်းပေးရန်။

(၄) လိုင်စင်ဖြင့် ကရင်အမျိုးသားများကိုင်ဆောင်သော သေနတ်များအား ရွေးကောက်ပွဲပြီးချိန်အထိ ကိုင်ဆောင်ခွင့်ပြုရန်။

(၅) ဟိုက်ကုတ်တရားလွှတ်တော်တွင် အရည်အချင်းဖြင့် ပြည့်စုံသော ကရင်ဝတ်လုံတဦးဦးအား တရားသူကြီးအဖြစ်ခန့်ထားရန်။

ထိုစဉ်က ဘုရင်ခံသည် စစ်ပြေးရှောင်ရာမှ ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်၏ အစီအစဉ်အရ ပြန်လည် ရောက်ရှိလာသော စစ်ပြေးဘုရင်ခံဒေါ်မန်စမစ်ဖြစ်သည်။ ယင်းသည် ရန်ကုန်မြစ်တွင်းရှိ ဆိုက်ကပ်ထားသော ကမ်ဘာလင်စစ်သင်္ဘော (HMS Cumberland)ကြီးပေါ်၌ မြန်မာပြည်မှ လွတ်လပ်ရေးခေါင်းဆောင်များအား အနာဂါတ်လွတ်လပ်ရေးနှင့် အုပ်ချုပ်ရေးအတွက် ဆွေးနွေးလေသည်။ ထိုစဉ်က မြန်မာတို့ဘက်မှ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ ဦးဘဘော၊ ဦးဆက်၊ ဆာမောင်ကြီး၊ ဦးဘဦး၊ ဦးပု၊ စောဆစ်ဒနီလူနီ၊ ဦးဘသန်း၊ ဦးဘိုးဗျော့၊ ဦးဘကလေး၊ ခန်းမဟာဒူးနိုက်ကွာရားနှင့် ဦးခူအိခွက်တို့ ပါဝင်ကြလေသည်။ စောဆစ်ဒနီလူနီ သည် ကရင်အမျိုးသားဗဟိုအဖွဲ့(K.C.O)ကို ကိုယ်စားလှယ်ပြု၍ တောင်းခံလွှာကို ဘုရင်ခံထံ တင်သွင်းလေသည်။

## (K.C.O). "ကရင့်တောင်းခံလွှာ"



Saw Ba U Gyi, Saw Po Chit and Sydney Loo Nee



စောသာဒင်

(၁) ကရင်လူမျိုးအုပ်စုသည်မြန်မာနိုင်ငံသို့ ရှေးဦးစွာဝင်ရောက်ခဲ့သော လူမျိုးအုပ်စုဖြစ်၍ မိမိ၏ယဉ်ကျေးမှုဓလေ့ထုံးစံများ ထိန်းသိမ်းစောင့်ရှောက်ခွင့်။

(၂) ဗမာ–ကရင်တန်းတူ အခွင့်အရေးရပိုင်ခွင့်။

(၃) ဂျပန်ဝင်စ(ဘီအိုင်အေ)ခေတ်တွင် ကရင်လူမျိုးများ လုံခြုံမှုမရှိသည်ကို အကြောင်းပြု၍ အမျိုးသားရေးလုံခြုံခွင့်။

(၄) အနာဂတ်ကရင်လူမျိုးများ လုံခြုံခွင့်အတွက် မြန်မာနိုင်ငံတွင်း၌ ကရင်များသီးခြားနေထိုင်ခွင့်။

(၅) သီးသန့်ကရင်ဒေသမှာ တနင်္သာရီတိုင်း၊ ညောင်လေးပင်ခရိုင်နှင့် မြန်မာ–ထိုင်း(ယိုးဒယား)ထိစပ်နေသော နယ်နိမိတ်များကို ပေါင်းစည်းထားသော"ညီညွတ်သော တောင်တန်းဒေသ ကရင်ပြည်နယ်" ထူထောင်ရန်၊ သို့မှသာလျှင် လူမှုရေးနိမ့်ကျနေသော ယိုးဒယား (ထိုင်း)နိုင်ငံရှိ ကရင်လူမျိုးများအား ကူညီပံ့ပိုးပေးသွားနိုင်ရန်၊ တောင်းခံလွှာတွင် တောင်းဆိုထားလေသည်။

ဘုရင်ခံဒေါ်မန်စမစ်နှင့်ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော (ဖဆပလ) တို့ နိုင်ငံရေးဆွေးနွေးညှိနှိုင်းရာတွင် သဘောတူညီမှုမရသဖြင့် ဘုရင်ခံသည် လက်ျာသမားများနှင့် သူ၏အစိုးရအဖွဲ့ကို ဖွဲ့စည်းလေသည်။ ၎င်းအထဲတွင် (K.C.O)မှ အတွင်းရေးမှူးဖြစ်သူ မန်းဘခင်သည် ဝန်ကြီးအဖွဲ့၊ (အမှုဆောင် အဖွဲ့)၌ ပါလာသည်။ နောက်ပိုင်းတွင် (ဖဆပလ)အဖွဲ့မှ သပိတ်တိုက်ပွဲများ ဆင်နွဲလေရာ ဘုရင်ခံဒေါ်မန်စမစ်မှာ အင်္ဂလန်သို့ ပြန်သွားလေသည်။

*(မောင်စင်ကြယ်၏မြန်မာပြည်ချစ်ကရင်အမျိုးသားခေါင်းဆောင်များ)*

## ဒေါက်တာစံစီဖိုး၏ မြန်မာပြည်နှင့် ကရင်များစာအုပ်

ဒေါက်တာစံစီဖိုးသည် အမေရိကန်မှ ပြန်ရောက်ပြီးနောက် (၁၉၂၅) ခုနှစ်တွင် “ဒေါကလူ” ကရင်အမျိုးသားအသင်းချုပ်ကြီး၏ ဥက္ကဋ္ဌဖြစ်လာသည်။ (၁၉၂၈)ခုနှစ်ရောက်လျှင် ဒေါက်တာစံစီဖိုးသည် ကရင်လူမျိုးများအတွက် မြန်မာ ပြည်နှင့်ကရင်များ(Burma and The Karens)စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသား ထုတ်ဝေလေသည်။ ယင်းစာအုပ်တွင် ဒေါက်တာစံစီဖိုးသည် ကရင်တို့၏ ရှေးဟောင်းရာဇဝင်၊ စိတ်နေစိတ်ထား၊ ကိုးကွယ်ဝတ်ပြုမှု၊ ယဉ်ကျေးမှုဓလေ့ ထုံးစံများနှင့် ကရင်လူမျိုးများ၏ အမျိုးသားရေးဆိုင်ရာ ပိုင်ဆိုင်ခွင့်များ အကြောင်းကိုပါ ရေးသားထားလေသည်။

## (မြန်မာပြည်၏ ကရင်များ)

(၁၉၂၈)ခုနှစ်တွင် ဒေါက်တာစံစီဖိုးသည် အနာဂတ်ကရင်အမျိုးသား အပေါ်တွင် ကြီးစွာအကျိုးသက်ရောက်စေသော အင်္ဂလိပ်ဘာသာဖြင့် မြန်မာ ပြည်နှင့်ကရင်များ(Burma and The Karens)စာအုပ်ကို အင်္ဂလန်၌ ထုတ်ဝေလိုက် သည်။ ယင်းစာအုပ်တွင် ဒေါက်တာစံစီဖိုးသည် ကရင်တို့၏ ရှေးဟောင်းရာဇဝင်၊

စိတ်နေသဘောထား၊ ကိုးကွယ်ဝတ်ပြုမှု၊ ယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို ရေးသား ထားလေသည်။

"မြန်မာနိုင်ငံတွင် ကရင်လူဦးရေသည် ဗမာ(၇)ဦးရှိလျှင် ကရင်တစ်ဦး ရှိသည်။ ယင်းသို့ (၇)ပုံ(၁)ပုံရှိသောကြောင့် မြန်မာနိုင်ငံအား (၇)ပုံ(၁)ပုံ စိုးပိုင်ခွင့်ရှိသင့်သည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် တိုင်း(၇) တိုင်းရှိရာ ကရင်လူမျိုးများအား တိုင်း(၁)တိုင်းကို အုပ်စိုးခွင့်ပေးသင့်သည်။ ယင်းတိုင်းမှာ ကရင်လူမျိုး အများအပြားနေထိုင်သော တနင်္သာရီတိုင်းပင် ဖြစ်သည်။ ကရင်ပြည်နယ် ထူထောင်ရေးသည် ကရင်လူမျိုးတိုင်း၏ ဆန္ဒပင်ဖြစ်သည်ဟု"ရေးသားထား လေသည်။

ဤသို့ဖြင့် ဒေါက်တာစံစီပိုး၏ စာအုပ်ထွက်လာပြီးနောက်တနှစ်ဖြစ်သော (၁၉၂၉)ခုနှစ်တွင် ဒေါကလူကရင်အမျိုးသားအစည်းအရုံးနှင့် စောဒါမေဘိုးမင်း (ဒီဘိုးမင်း)၏ ဖြပ်ဗ္ဗာစိုရ်သစ္စာရှိ ကရင်အသင်းတို့ ပူးတွဲ၍ အစည်းအဝေးတရပ် ကျင်းပသည်။ အစည်းအဝေးတွင် ဒေါကလူအသင်းဥက္ကဋ္ဌ စောပါဒွဲနှင့်ဖြပ်ဗ္ဗာစိုရ်သစ္စာရှိ ကရင်အသင်းဥက္ကဋ္ဌ စောဒါမေဘိုးမင်းတို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။ ယင်းပူးတွဲ အစည်းအဝေးမှ အောက်ပါဆုံးဖြတ်ချက်နှစ်ရပ်ကို ချမှတ်ခဲ့ကြသည်။

(၁) မြန်မာနိုင်ငံနှင့်ကရင်လူမျိုးများစာအုပ်တွင် ဒေါက်တာစံစီပိုး တင်ပြသည့်အတိုင်း ကရင်လူမျိုးများအတွက် အုပ်ချုပ်ခွင့်တိုင်းတတိုင်း သတ်မှတ်ပေးရန်။

(၂) သံလွင်ခရိုင်အား လွတ်လပ်ရေးပေးရန် ကရင်ကိုယ်စားလှယ်တဖွဲ့ လန်ဒန်သို့ စေလွှတ်ရန် ဆုံးဖြတ်ခဲ့လေသည်။

ဒေါက်တာစံစီပိုး၏ မြန်မာနိုင်ငံနှင့်ကရင်စာအုပ် ထွက်ပြီးနောက်တွင် ဦးသန့်(နောက်တွင် ကမ္ဘာ့ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူး)က "ဒေါက်တာစံစီပိုးသည် (၁၉၂၈)ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် (Burma and The Karens) အမည်ရှိ စာအုပ်တအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ကရင်လူမျိုးများ

အကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် ပထမဆုံး ရေးသားထုတ်ဝေသောကြောင့် မြန်မာပညာတတ်များအပြင် နိုင်ငံခြားတွင်ပါ နာမည်ရသောစာအုပ်တအုပ် ဖြစ်လေသည်။"

*(မောင်စင်ကြယ်၏မြန်မာပြည်ချစ်ကရင်အမျိုး သားခေါင်းဆောင်များ)*

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက်ပိုင်း ပေါ်ထွက်လာသော ကရင်အမျိုးသားအဖွဲ့အစည်းများနှင့် စာအုပ်စာတန်းတခုခုတို့သည် ဒေါက်တာ စံစီပိုး၏ တွေးဆချက်၊ တင်ပြချက်တို့ဖြင့် ကင်းမဲလှပေသည်။

အခန်း(၅)

# လူမျိုးတမျိုး၏ လုံခြုံရေးနှင့်လွတ်လပ်ရေး

**(K.C.O).** ဥက္ကဋ္ဌစောသာဒင်သည် ဝါရင့်ကရင်အမျိုးသားခေါင်းဆောင် တဦးဖြစ်သည်။ သူသည် စောဘဦးကြီးနှင့် အပြန်အလှန်လေးစားယုံကြည်ကြသူများပင် ဖြစ်ကြသည်။ စောသာဒင်သည် စောဘဦးကြီးထက်အသက်(၇) နှစ်ကြီး၍ သူသည်သာယာဝတီဇာတိသားတဦးပင် ဖြစ်သည်။ အိန္ဒိယပြည်သွား၍ ပညာသင်ကြားခဲ့ပြီး အလုံမြို့နယ်(ကူရှင်)ကျောင်း (အလုံ–အထက်–၄)တွင် စတင်ကျောင်းဆရာလုပ်သည်။ နိုင်ငံရေးတွင် (**K.N.A**)ခေါ် (ဒေါကလူ)အသင်းမှ စတင်ပါဝင်ခဲ့သည်။

စောသာဒင်သည် နိုင်ငံရေးပြဿနာကို နိုင်ငံနည်းဖြင့် ဥပဒေဘောင် အတွင်းမှ အေးချမ်းစွာ ဖြေရှင်းတောင်းဆိုလိုသူဖြစ်သည်။ တရားမျှတမှုကိုလို လားပြီး ဖိနှိပ်အနိုင်ကျင့်အကြမ်းဖက်မှုကို မလိုလားပဲ လူလူချင်း တန်းတူညီမျှစွာ ရှင်သန်ရပ်တည်လိုသည်။ ၁၉၄၈–ခုအတွင်း သထုံနှင့်မော်လမြိုင်မြို့ကို ယူအမ်ပီ ပြည်ထောင်စုကရင်ရဲတပ်က သိမ်းပိုက်လိုက်သည်တွင် ကရင်ပြည်ရရှိရေး ပြဿနာကို အေးချမ်းစွာ ဖြေရှင်းလိုသော စောဘဦးကြီးက ထိုမြို့နှစ်မြို့ကို ပြန်အမ်ရန် စောသာဒင်အား တာဝန်ပေးခဲ့သည်။

စောသာဒင်သည် (ဖဆပလ)အစိုးရတပ်မှ ကချင်ဗိုလ်မှူးကြီးနော်လာနှင့် ဆွေးနွေးညှိနှိုင်းစီစဉ်ကာ မော်လမြိုင်မြို့တွင်ပင် ထိုနှစ်မြို့ကို ပြန်လည်အပ်နှံခဲ့ သည်။

၁၉၄၈ခုနှစ်တွင် နောက်ရောက်လာသော (ဖဆပလ)အစိုးရ၏ ဗိုလ်မှူး ထိန်နားသည်။ မော်လမြိုင်ရှိ ကရင်ခေါင်းဆောင်များကို ဖမ်းဆီးသည့်အခါ စောသာဒင်သည် ဖမ်းခံခဲ့ရသည်။ ထောင်နှစ်လုံး၊ သုံးလုံးပြောင်း ရွှေ့ခဲ့ရသည်။ ထောင်ထဲတွင် သုံးနှစ်ကျော်မျှနေခဲ့ပြီး ၁၉၅၂–ခုနှစ်တွင် ထောင်မှထွက်ခဲ့သည်။

ထောင်မှ လွတ်လပ်၍ အရှေ့ကော်သူလေးသို့ ကူးခဲ့သည်။ ထိုမှ မြဝတီသို့ ရောက်လာခဲ့သည်။

စောဘဦးကြီးနှင့်စောသာဒင်တို့ လိုက်ဖက်ညီသည်မှာ သူတို့၏ အမျိုးသားရေး၊ နိုင်ငံရေးပြဿနာကို စာပေရေးသား၍ အတွေးအခေါ်ဖြင့်လည်း ပါဝင်သည်။ လွတ်လပ်ရေးမရမီ ဆရာသာထို(အတွင်းရေးမှူး K.N.Uထုတ်ဝေသော) လွတ်လပ်ရေးလမ်းစဉ်တွင်၎င်း၊ ကရင်နိုင်ငံရေးစာစောင်တို့တွင်၎င်း စောဘဦးကြီးနှင့် စောသာဒင်တို့သည် ပါဝင်ရေးသားကြလေသည်။

ထိုစဉ်က စောဘဦးကြီး၏ ရေးသားချက်သည် လူမျိုးတမျိုး၏ ရပ်တည်မှုပြဿနာနှင့် အစိုးရတရပ်၏ ရေရှည်ရပ်တည်မှုစွမ်းရည်တို့ပင် ဖြစ်ကြ၍ စောသာဒင်ကမူ လူမျိုးတမျိုး၏ လုံခြုံရေးနှင့်လွတ်လပ်ရေးအကြောင်းတို့ပင် ဖြစ်ကြလေသည်။

## ခိုင်မြဲတည်တံ့သော အစိုးရ

### စောဘဦးကြီးရေးသည်

တိုင်းပြည်မရှိသော လူတမျိုးသည် လူမျိုးကြီးတမျိုး(NATION)ဟု ကမ္ဘာက အသိအမှတ်ပြုလိမ့်မည် မဟုတ်ချေ။ အကြောင်းမူကား ၎င်းလူမျိုးသည် ကိုယ့်မင်းကိုယ့်ချင်းနှင့် နေနိုင်ခွင့်မရဘဲ တပါးအမျိုးသားများ၏ လက်အောက်၌သာ နေထိုင်ကြရခြင်းကြောင့် ဖြစ်ပေသည်။ ပင်ကိုယ်တိုင်းပြည်ရှိနှင့်သော လူတမျိုးသည် ကိုယ့်မင်းကိုယ့်ချင်းနှင့် မနေရသော် မိမိတို့၏ ညံ့ဖျင်းမှုကြောင့်သာလျှင် ဖြစ်ပြီး နိုင်ငံရပ်ခြားတိုင်းတပါးသားများ၏ လက်အောက်ခံအဖြစ်ဖြင့်သာ အောက်ကျနောက်ကျရှိကြရလေသည်။

သို့ရာတွင် ကိုယ့်တိုင်းကိုယ့်ပြည် ကိုယ့်မင်းကိုယ့်ချင်းနှင့် ရှိသောလူမျိုးတို့သည်ကား သူတပါး၏ လက်အောက်ခံသို့ မရောက်စေရန် ခိုင်မြဲတည်တံ့သော အစိုးရကို ရရန်အတွက် အင်တိုက်အားတိုက်လုံးပန်း ကြရမည်ပင် ဖြစ်သည်။

အောက်ပါအချက်ကြီး သုံးချက်နှင့်ပြည့်စုံသောအစိုးရသည် ကာလကြာမြင့်စွာ တည်တံ့နိုင်မည် ဖြစ်ပေသည်။

## (၁) လူထုမေတ္တာ

အစိုးရတိုင်း၌ ပထမလိုအပ်သော တာဝန်ဝတ္တရားသည်ကား တိုင်းပြည်အတွင်း ငြိမ်ဝပ်ပိပြားအောင် စောင့်ရှောက်ထိန်းသိမ်းရေးပင်ဖြစ်သည်။ တိုင်းပြည်အတွင်း ငြိမ်ဝပ်ပိပြားရရှိသည်နှင့်အမျှ တိုင်းရင်းသားများ၏ အသက်နှင့် စည်းစိမ်လုံခြုံမှုတို့ကို ရရှိနိုင်မည်ဖြစ်၍ တိုင်းရင်းသားများ၏ သက်သာချောင်ချိရေး သည် ပေါက်ဖွားလာကာ အစိုးရအပေါ်၌ ကြည်ညိုလေးစားအားထားလိုသော မေတ္တာစိတ်များသည် အလိုအလျောက် ဖြစ်ပေါ်လာမည်ဖြစ်ပေသည်။ လူထု၏ မေတ္တာအစစ်အမှန်ကို တကယ်ရရှိသော အစိုးရသည် မိမိတို့၏ စီမံအုပ်ချုပ်မှု၌ အခက်အခဲဟူသ၍တို့ကို လွယ်ကူစွာ အောင်မြင်နိုင်မည်ဖြစ်သဖြင့် အုပ်ချုပ်ရေး တည်တံ့မှုကို ရရှိနိုင်မည်ဖြစ်ပေသည်။ သို့ဖြစ်၍ တည်တံ့ခိုင်မြဲလိုသော အစိုးရတိုင်း တိုင်းပြည်၏ မေတ္တာကို ရယူသင့်ကြပေသည်။

## (၂) လူထု၏ ကြည်ညိုခြင်း

အစိုးရ၏ အုပ်ချုပ်မှုတည်တံ့ရေးတွင် အကျုံးဝင်လျက်ရှိသော အရင်းခံ ဝတ္တရားကြီးတခုသည်ကား တိုင်းပြည်၏ ကိုယ်စားလှယ်အစစ်အမှန်များကို တရားသောနည်းအတိုင်း ရွေးကောက်တင်မြှောက်၍ အဆိုပါ ကိုယ်စားလှယ်များ က ရေးဆွဲသောဥပဒေများကို တိုင်းရင်းအားလုံးစည်းကမ်းသေသပ်စွာ ညီညီ ညာညာ လိုက်နာကြခြင်းပင်ဖြစ်၏။ အစိုးရသည် တိုင်းပြည်၏ စည်းကမ်း ဥပဒေအရ တရားသဖြင့် အုပ်စိုးနိုင်မှသာလျှင် လူထုကြည်ညိုခြင်းကို ခံရလိမ့်မည် ဖြစ်၏။ လူထု၏ ကြည်ညိုခြင်းကို ရရှိမှသာလျှင် အုပ်ချုပ်ရေးတည်တံ့ခိုင်မြဲ နိုင်မည် ဖြစ်ပေသည်။ မျက်နှာကြီးငယ်လိုက်ခြင်း၊ အဂတိတရားလိုက်စားခြင်း၊ လာဘ်ပေး လာဘ်ယူမှုများကို လက်သင့်ခံခြင်းစသည်တို့ဖြင့် မကောင်းသောအစိုးရသည်

လူထု၏အကြည်အညိုကို အခိုက်အတန့်မျှသာ ရယူနိုင်မည်ဖြစ်သဖြင့် လူထု၏ ထောက်ခံမှုကို ကြာမြင့်စွာမရနိုင်ဘဲ အုပ်ချုပ်ရေးတည်တံ့မှုကို ပျက်ပြားစေရန် အကြောင်းတရပ်ဖြစ်ပေသည်။

## (၂) လုံခြုံမှုအတွက် စိတ်ချရခြင်း

တိုင်းသူပြည်သား အားလုံးတို့၏ လုံခြုံစွာ နေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရသည် စီမံပေးနိုင်ရမည်ဖြစ်၏။ ပြည်တွင်း၏ ဆူးညှောင့်ခလုတ်များဖြစ်ကြသော ခိုးသား၊ ဓါးပြနှင့်သောင်းကျန်းသူများကို နှိမ်နင်းနိုင်ရမည့်အပြင် ပြည်ပဖြစ်သော တိုင်းတပါးသားတို့၏ ဘေးရန်ကိုလည်း ကာကွယ်ပေးနိုင်စွမ်းရှိရ မည်ဖြစ်ပေသည်။ တိုင်းပြည်အတွင်း လုံခြုံမှုအတွက် စိတ်ချလက်ချ မနေရကြလျှင် တိုင်းရင်းသားများသည် မိမိတို့၏ အစိုးရအပေါ်တွင် အယုံအကြည်ပျက်ပြားကာ အုပ်ချုပ်မှုတည်တံ့ရေးကို ချက်ချင်းထိခိုက်နိုင်စရာ အကြောင်းရှိပေသည်။ ဖေါ်ပြပါ အချက်ကြီးသုံးချက်နှင့်ပြည့်စုံသော အစိုးရတိုင်းသည် မိမိတို့၏ အုပ်ချုပ်ရေးနှင့် ပတ်သက်၍ တိုင်းရင်းသားများ၏ ယုံကြည်အားထားမှု၊ ကြည်ညိုလေးစားမှု၊ စိတ်သက်သာမှုစသည်တို့ကို တကယ်တမ်း ရရှိနိုင်မည်ဖြစ်ရာ တိုင်းရင်းသားအားလုံး ကြီးပွားတိုးတက်မှု၊ သက်သာချောင်ချိမှုတို့ကြောင့် စည်ပင်ဝပြောသော တိုင်းပြည်အဖြစ်သို့ အသွင်ပြောင်းနိုင်မည်ဖြစ်သည့်အတိုင်း တည်တံ့ခိုင်မြဲသော အစိုးရအဖြစ်ဖြင့် တည်မြဲနိုင်မည်ဖြစ်သောကြောင့် ကမ္ဘာတခွင်၌ တိုင်းပြည်အသီးသီးရှိ အစိုးရအဖွဲ့တိုင်းသည် တည်တံ့ခိုင်မြဲသော အစိုးရဖြစ်လိုသော် ဖေါ်ပြပါအချက်ကြီးသုံးချက်ကို လက်မလွှတ်သင့်ကြောင်း ရေးသားရပေသတည်။

*(၁၉၄၈ခုနှစ်၊စက်တင်ဘာလ(၁၂)ရက်နေ့ထုတ်ဆရာသာထို၏လွတ်လပ်ရေးလမ်းစဉ်စာအုပ်ပါ ခေါင်းဆောင်ကြီး စောဘဦးကြီး၏ဆောင်းပါး)*

စောဘဦးကြီး၏ ရေးသားချက်တွင် ထိုစဉ်က ကရင်များဘာ့ကြောင့် ပြည်နယ်တောင်းရကြောင်း ကိုလည်း ပေါ်လွင်စေသည်။ လွတ်လပ်ရေးရပြီးနောက် တက်ရောက်လာသော (ဖဆပလ)အစိုးရနှင့် ဒီဘက် ခေတ်စစ်အစိုးရနှစ်ရပ်လုံး၏ တည်တန့်မှုနှင့်ဥပတိရုပ်တို့သည်လည်း ထင်ရှားစွာ ပေါ်လွင်နေပြီး ဖြစ်လေသည်။

စောဘဦးကြီး၏ ခိုင်မြဲတည်တံ့သော အစိုးရကို ဖတ်ရှုကြပြီးနောက်တွင် ခေါင်းဆောင်ကြီး စောသာဒင်(ကြီး)၏ လုံခြုံရေးနှင့်လွတ်လပ်ရေးကို ဖတ်ရှုရန် လည်း လိုအပ်နေပေသည်။ ယနေ့ဒီမိုကရေစီအရေးအခင်းကာလတွင် အားလုံး ကပင် လုံခြုံရေးနှင့်လွတ်လပ်ရေးကို ပြောဆိုဆွေးနွေးနေကြပေသည်။ ယခုအခါ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရခဲ့သည်မှာ နှစ်ပေါင်း(၆၀)ကျော်လေပြီ၊ ကရင် လူမျိုးတွေ၏ ဘဝမည်မျှလောက် လုံခြုံမှုရှိကြပါသလဲ၊ မည်သည့်လွတ်လပ်မှုမျိုးကို ခံစားနေရပါသလဲ၊ ဆင်ခြင်သုံးသပ်နိုင်ရန် ဖြစ်ပေသည်။

## (လုံခြုံရေးနှင့် လွတ်လပ်ရေး)

(စောသာဒင်)

လောက၌ ရှိရှိသမျှသော လူမျိုးတိုင်းတို့သည် သာယာအေးချမ်းစွာ နေထိုင်သွားသော လုပ်ကိုင်စားသောက်လိုကြသည်။ အေးဆေးစွာ နေထိုင်နိုင်ရန် အတွက်လည်း နည်းလမ်းအမျိုးမျိုးတို့ကို ရှာဖွေလျှက်ရှိ၏။ နည်းလမ်းရှာဖွေ ကြသည့်အခါ၌လည်း လိုက်နာဆောင်ရွက်ရန် ဝတ္တရားအမျိုးမျိုးတို့ကို တွေ့ရှိ ကြရလေသည်။ မည်သို့ပင်ဖြစ်စေ၊ အေးဆေးစွာ နေထိုင်သောလူမျိုးတိုင်းသည် လုံခြုံရေး(SECURITY)နှင့် လွတ်လပ်ရေး(LIBERTY)ကို ဦးစွာရရှိထားရမည်ဟု ဝန်ခံကြ ရပေလိမ့်မည်။ အကြောင်း မူကား –

၁။

## (က) အသက်၏ လုံခြုံရေး

လူတို့သည် အသက်လုံခြုံမှုရကြမှသာလျှင် အသက်ရှင်လျှက် လောက၏ စည်းစိမ်ကို ခံစားစံစားနိုင်ကြ မည်ဖြစ်သည်။ အသက်အတွက် လုံခြုံမှုမရှိပါက လောကတွင် မက်မောစရာ၊ စိုးစဉ်းမျှရှိနိုင်ဖွယ်ရာအကြောင်း မရှိတော့ချေ။

## (ခ) ပစ္စည်း၏ လုံခြုံရေး

လူတို့သည် အသက်ရှင်လျှက် လောက၏စည်းစိမ်ကို ခံယူနိုင်စေရန် စားရေးသောက်ရေးနှင့်ပတ်သက်၍ ဝေယျာဝစ္စအမြောက်အများရှိ၏။ အဆိုပါစားမှု၊ သောက်မှုအတွက် ပစ္စည်းဥစ္စာများလုံခြုံရေး မရှိပါက အဘယ်မှာအသက်ရှင် အကျိုးရှိနိုင်ပါအံ့နည်း။

## (ဂ) ဂုဏ်သိက္ခာလုံခြုံရေး

မိမိတို့၏ မျိုးရိုးဂုဏ်သိက္ခာကို စောင့်ထိန်းရန်အတွက် လုံခြုံမှုကို မရပါက လည်း လူမျိုးပါအစတုန်း သွားမည်ဖြစ်သဖြင့် ဂုဏ်သိက္ခာလုံခြုံရေးသည်လည်း အေးအေးချမ်းချမ်းပျော်မွေ့စွာ နေထိုင်နိုင်ရေးအတွက် အဓိကလိုရင်းချက်တခု ဖြစ်လေသည်။

၂။

## (က) ပညာ၏လွတ်လပ်ရေး

လူဟူ၍ ဖြစ်လာကြပြီး လူမျိုးတမျိုးအနေနှင့် မားမားမတ်မတ်နေလိုလျှင် ပညာ၏လွတ်လပ်ရေး ရှိရပေမည်။ လူမျိုးတမျိုးအနေနှင့် မိမိတို့၏ အမျိုးဘာသာ၊ စာပေစသည်တို့ကို တိုးတက်ဖွံ့ဖြိုးရန်အတွက် မိမိတို့၏စာပေကို လွတ်လပ်စွာ သင်ကြားခွင့်မရလျှင် လွတ်လပ်ရေးသည် ဘာမျှအဓိပ္ပါယ်မရှိချေ။

## (ခ) ကိုးကွယ်သည့် ဘာသာလွတ်လပ်ရေး

နှုတ်အားဖြင့် လွတ်လပ်ရေးရပြီးဟု ရံဖန်ရံခါ ကြားကြရသလောက် လက်တွေ့အားဖြင့် လွတ်လပ်ရေးရကြသော တိုင်းပြည်နှင့်လူမျိုးတို့သည်ကား ရှားတော့၏။ လွတ်လပ်သော တိုင်းပြည်နှင့်လူမျိုးများအတွက် မူကား ပညာရေး လွတ်လပ်သဖြင့် ဘာသာတရား၌ လွတ်လပ်မှုရှိရမည်ဖြစ်၏။ အဘယ့်ကြောင့် ဆိုသော် ဘာသာရေးသည် လူမျိုးတိုင်းကို ကောင်းရာဘက်သို့ အစဉ်ဆွဲဆောင် လျှက် ရှိသည့်အတိုင်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ရကြသော သူတိုင်းသည် မိမိ၏ဘာသာကိုင်းရှိုင်းမှုကြောင့် သူတော်ကောင်းများသာဖြစ်လာ ကြမည်ဖြစ် သဖြင့် သူတော်ကောင်းပေါ်များသော တိုင်းပြည်သည် အလွတ်လပ်ဆုံးသော တိုင်းပြည်အဖြစ်၌ တည်မြဲနိုင်မည်ဖြစ်သောကြောင့်တည်း။

## (ဂ) ယဉ်ကျေးမှုလွတ်လပ်ရေး

ဗမာစကားပုံတခုအရ ကရင်ရိုင်းချင်ရိုင်းဟု ယခုတိုင် ပြောလေ့ပြောထ ရှိကြသေး၏။ သို့ရာတွင် ဤကဲ့သို့ ရုတ်တရက် သုံးနှုံးကြခြင်းသည်၊ ကရင်ယဉ် ကျေးမှုတို့ကို မသိသောကြောင့်ပင် ဖြစ်တန်ရာ၏။ စင်စစ်မှာ ကမ္ဘာပေါ်ရှိ လူမျိုး တိုင်းသည် မိမိတို့၏ဘာသာ သဘာဝအလျောက် ယဉ်ကျေးမှုအသီးသီးနှင့် ရှိခဲ့ ကြ၏။ အဆိုပါ ယဉ်ကျေးမှုများကို လွတ်လပ်စွာ ပြုကျင့်ခွင့်ရမှသာလျှင် လူဖြစ် ကျိုးနပ်ကြမည်ဖြစ်လျှက် အကောင်းဆုံး အယဉ်ကျေးဆုံးလူမျိုးတမျိုးအဖြစ်သို့ တိုးတက်နိုင်ရန် အကြောင်းရှိလေသည်။ ယဉ်ကျေးမှုအတွက် လွတ်လပ်ခွင့်မရ သောတိုင်းပြည်ကို လွတ်လပ်သည်တိုင်းပြည်ဟု အလျဉ်းမခေါ်နိုင်ချေ။

## (ဃ) စီးပွားရေး၌ လွတ်လပ်ခြင်း

စီးပွားရေးနှင့်ပတ်သက်၍ လွတ်လပ်သောတိုင်းပြည်တွင်းရှိ လူမျိုးတိုင်း သည် စီးပွားရေး၌လည်း လွတ်လပ်ခွင့်ရှိသင့်ပေသည်။ စီးပွားရေးသည် လူမျိုးနှင့် တိုင်းပြည်၏ တက်လမ်းကို အများဆုံးအားပေး နိုင်သည့်အားလျော်စွာ လူတဦး

တယောက်၏ စီးပွားရေးလုပ်ငန်းတခုသည် အခြားသူတဦးအား ထိပါးခြင်းမရှိက ၎င်း၏လုပ်ငန်းကို ပိတ်ပင်တားမြစ်ချုပ်ချယ်ခြင်း မပြုသင့်ကြချေ။

သို့ဖြစ်၍ အထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း လုံခြုံရေးနှင့်လွတ်လပ်ရေးတို့ကို ရရှိကြမှသာလျှင် လူတဦးနှင့်တဦးသော်၎င်း၊ လူတမျိုးနှင့်တမျိုးသော်၎င်း နားလည်မှု၊ ကျေနပ်မှုတို့ကို ရရှိကြမည်ဖြစ်သဖြင့် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ကြမည်ဖြစ်သတည်း။

လုံခြုံမှုနှင့်လွတ်လပ်မှုအဝဝဖြင့် မြန်မာပြည်၏ လွတ်လပ်ရေးတည်မြဲပါစေ။ (၁၉၄၈ခုနှစ်တွင် ထုတ်ဝေသော ဆရာသာထို၏ လွတ်လပ်ရေးလမ်းစဉ် စာအုပ်မှ ဆောင်းပါးကို ပြန်လည်ဖေါ်ပြသည်။)

အခန်း(၆)

# ဥပဒေတွင်း စုပေါင်းအရေးဆိုခြင်း



မန်းဘခိုင်



စောဘဦးကြီး



မန်းဝင်းမောင်



စောစံဖိုးသင်

ယင်းသို့ စစ်ပြီးခေတ် ကရင့်နိုင်ငံရေးတွင် (K.C.O)နှင့်အတူ ဒုတိယကမ္ဘာစစ်မတိုင်မီကပင် ရှိခဲ့ပြီးသော (B.K.N.A)ခေါ် ဗုဒ္ဓဘာသာကရင်အမျိုးသားအသင်းသည်လည်း လုပ်ရှားမှုအသစ်ဖြင့် စတင်လာသည်။ ယင်းအဖွဲ့၏ အရှည်ကောက်အမည်မှာ (Buddhist Karen National Association)ဖြစ်သည်။ ယင်းအဖွဲ့တွင် လူပုဂ္ဂိုလ်များသာမက ကရင်အမျိုးသားရဟန်းပုဂ္ဂိုလ်များပင်ပါလေရာ သရက်တောကျောင်းတိုက်၊ အလယ်တိုက်ကျောင်းဆရာတော်ဦးအဂ္ဂနှင့်တွဲရေးခွဲရေးခေတ် ကရင်ခေါင်းဆောင်တဦးဖြစ်သော ဆရာမန်းရွှေဘတို့က နာယကများအဖြစ်ဆောင်ရွက်ကြသည်။ ဥက္ကဋ္ဌမှာ ဆရာတော်ဦးပဏ္ဏဝံသ၊ ဒုတိယဥက္ကဋ္ဌမှာ ဦးစောမြတ်သိန်း (K.C.Oအဖွဲ့ဝင်)၊ အတွင်းရေးမှူး ဦးကြီးဘော၊ ငွေထိန်းမန်းကံအေး(၉၁)ဌာနခေတ်အမတ်နှင့်အဖွဲ့ဝင်များအဖြစ် ဦးနရိန္ဒ၊ ဦးကုမာရ၊ စောဘသန်းရွှေ၊ စောဘလုံတို့ ပါဝင်ကြသည်။

ယင်းသို့ စစ်ပြီးခေတ် ကရင်လူကြီးများ၏ နိုင်ငံရေး၊ အမျိုးသားရေးလှုပ်ရှားမှုကို အကြောင်းပြု၍ ဖက်ဆစ်တော်လှန်ရေးတွင် ရွတ်ရွတ်ချွန်ချွန်ပါဝင်ခဲ့ကြသော ကရင်လူငယ်များသည်လည်း သီးခြားလှုပ်ရှားရန် စိုင်းပြင်လာ

လေသည်။ ဤတွင် (K.C.O)ခေါင်းဆောင်များမှ သီးခြားစီမလုပ်ရှားစေပဲ (K.C.O)၏ လူငယ်ဌာနခွဲအနေနှင့်ပါဝင်လှုပ်ရှားခွင့်ပြုလိုက်၏။ ဤသို့ဖြင့် စစ်ပြီးခေတ် ကရင့်နိုင်ငံရေးအတွက် ကရင်လူငယ်အစည်းအရုံး (Karen Youth Organization) ဟူ၍ ပေါ်လာလေသည်။

## မန်းဘခိုင်နှင့် K.Y.O

ယင်းပထမဆုံးသော ကရင်လူငယ်အစည်းအရုံးဖြစ်သည့် (K.Y.O)၏ အလုပ်အမှုဆောင်အဖွဲ့တွင် ဖက်ဆစ်တော်လှန်ရေး၌ ပါဝင်ခဲ့ကြသော လူငယ်ခေါင်းဆောင်များ ဖြစ်ကြသည့် –

(၁) ဗိုလ်မှူးစောထွန်းစိန် (ဥက္ကဋ္ဌ)၊

(၂) စောကျော်စိန် (အတွင်းရေးမှူး)၊

(၃) စောမြင့်သိန်း (တွဲဘက်အတွင်းရေးမှူး)၊

(၄) စောအော်လီဘာ (အဖွဲ့ဝင်)တို့ ဖြစ်ကြပါသည်။

ယင်းသို့ရှိစဉ် တပ်မတော်ကို ပြန်လည်ဖွဲ့စည်းသောကြောင့် ဗိုလ်မှူးစောထွန်းစိန်သည် တပ်ထဲပြန်ဝင်သွား၏။ သို့ဖြင့် (K.Y.O)၏ ဥက္ကဋ္ဌလစ်လပ်သွားပြန်လေသည်။ ဤတွင် (K.C.O)ခေါင်းဆောင်များမှ လူကြီးလူငယ်ညီညွတ်ရေးကို ရှေ့ရှုလျက် ပထမတွင် (K.C.O)၏ အမှုဆောင်လူကြီး(၂)ဦးဖြစ်သော စောဘဦးကြီးနှင့်ဆရာသာထိုတို့အား (K.Y.O)ဥက္ကဋ္ဌလုပ်ရန် အဆိုပြုကြ၏။ သို့ရာတွင် သက်ဆိုင်ရာ ကာယကံရှင်များက ငြင်းဆန်သောကြောင့် (K.C.O)၏ ခေါင်းဆောင်တဦးပင်ဖြစ်သော မန်းဘခိုင်အား ဆက်လက်အဆိုပြုကြပြန်သည်။ ယင်း(K.Y.O)၏ ဥက္ကဋ္ဌနေရာတွင် မန်းဘခိုင်မှ လက်ခံလိုက်သောကြောင့် (K.Y.O)၏ အမှုဆောင်အဖွဲ့မှာ အောက်ပါအတိုင်း ဖြစ်လာသည်။

(၁) မန်းဘခိုင် (ဥက္ကဋ္ဌ)၊

(၂) မန်းဝင်းမောင် (ဒုတိယဥက္ကဋ္ဌ) (အိန္ဒိယမှ ပြန်ရောက်လာစ)၊

(၃) စောကျော်စိန် (အတွင်းရေးမှူး)၊

(၄) စောမြင့်သိန်း (တွဲဘက်အတွင်းရေးမှူး)တို့ ဖြစ်ကြသည်။

ယင်းသို့ မြန်မာနိုင်ငံရေးအခြေအနေများ ရှုပ်ထွေးနေစဉ် စစ်ပြေးဘုရင်ခံ ဒေါ်မန်စမစ်သည် သူအခြေအနေခိုင်ခန့်ရေးအတွက် ဘုရင်ခံအမှုဆောင်အဖွဲ့ (ဝန်ကြီးအဖွဲ့) ဖွဲ့စည်းရန် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော (ဖဆပလ) အဖွဲ့အား ကမ်းလှမ်းလာသည်။ ဤတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် (ဖဆပလ) ခေါင်းဆောင်များက မိမိတို့ရယူလိုသော ဘုရင်ခံအမှုဆောင်(ဝန်ကြီး)နေရာကို တောင်းဆိုခဲ့ကြ၏။ တောင်းဆို သောအရေအတွက် မရရှိသောအခါ ဒေါ်မန်စမစ်၏ အမှုဆောင်အစိုးရအဖွဲ့ထဲသို့ (ဖဆပလ)အဖွဲ့ကမပါပဲ နေလိုက်သည်။ ဘုရင်ခံ ဒေါ်မန်စမစ်လည်း ဗိုလ်ချုပ်အောင်ဆန်နှင့် (ဖဆပလ)အဖွဲ့အား နိုင်ငံရေးအား စမ်းသည့်အနေဖြင့် နိုင်ငံရေးသမားဟောင်းများဖြင့် ဘုရင်ခံကောင်စီအမှုဆောင်အဖွဲ့ကို ဖွဲ့စည်းလိုက်သည်။ ဤသို့ ဒေါ်မန်စမစ်၏ အစိုးရအဖွဲ့ထဲသို့ (ဖဆပလ)က မပါဝင်သောကြောင့် နိုင်ငံရေးစိန်ခေါ်ပွဲအဖြစ် သပိတ် တိုက်ပွဲများ ဆက်တိုက်ပေါ်လာလေသည်။ ယင်းသို့ရှိစဉ် (K.C.O.)က ဝန်ကြီး(၃)နေရာ တောင်းပြန်ရာ ဘုရင်ခံက(၂)နေရာသာ ပေးသောကြောင့် (K.C.O.)ခေါင်းဆောင် များဖြစ်ကြသော စောသာဒင်၊ မန်းဘခင်၊ စောဘဦးကြီး၊ ဆရာသာထိုနှင့် မန်းဘခိုင်တို့သည် မိမိတို့၏ သဘောထားကို "ဗမာ့ခေတ်"သတင်းစာတွင် ထုတ်ဖော်တင်ပြလိုက်ကြသည်။

*(မောင်စင်ကြယ်၏ မြန်မာပြည်ချစ်ကရင်အမျိုးသားခေါင်းဆောင်များ)*

ယင်းမှာ –

(၁) ကရင်လူမျိုးများသည် မိမိ၏ယဉ်ကျေးမှုနှင့် ဘာသာစကားဖွံ့ဖြိုး တိုးတက်စေရန်အလို့ငှါ ကိုယ်ပိုင်အုပ်ချုပ်ရေးကို အလိုရှိကြောင်း။

(၂) မိမိတို့၏ အမျိုးသားစီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးဆိုင်ရာ အခွင့် အလမ်းများကို ကာကွယ်စောင့်ရှောက်သွားလိုကြောင်း။

(၃) နိုင်ငံ၏အကျိုးကိုယ်စီကိုယ်ငှ သယ်ပိုးထမ်းဆောင်နိုင်သည့်ပြည်နယ်များပါဝင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ နေထိုင်သွားရန် ဆန္ဒရှိကြောင်း။

(၄) ကရင်လူမျိုးများ၏ တိုးတက်ကြီးပွားရေးကို လိုလားလျက် မျှတသောသဘောထားရှိသည့် ဗမာလူမျိုးများနှင့်အတူတကွ ပေါင်းသင်းနေထိုင်သွားလိုကြောင်း ပါဝင်သည်။

ယင်းသို့ လွတ်လပ်ရေးအကြိုကာလ မြန်မာနိုင်ငံလောကတွင် လှိုင်းထမ်းပိုးများထန်သကဲ့သို့ ကရင့်နိုင်ငံရေးအတွင်းလည်း ဝိဝါဒကွဲစပြုလာလေသည်။ ဤတွင် ကရင့်နိုင်ငံရေးတွင် အမိအဘနေရာ၌ ရှိနေသော ဒေါက်တာစံစီပိုးသည် မနေသာတော့၍ ကရင်ခေါင်းဆောင်များညီညွတ်ရေးအတွက် မေတ္တာရပ်ခံချက်တစောင်ထုတ်ပြန်ပြီး တဆက်တည်းတွင် ဘုရင်ခံထံသို့လည်း စာတစောင်ရေးသားပေးပို့လိုက်လေသည်။

ဘုရင်ခံထံသို့ ဒေါက်တာစံစီပိုး ပေးပို့သည့်စာတွင် "ဂရိတ်ဗြိတိန်နိုင်ငံတွင် (အင်္ဂလန်၊ စကော့တလန်၊ ဝေလ၊ အိုင်ယာလန်) ပြည်နယ်ဖြင့် ပါဝင်ဖွဲ့စည်းထားသကဲ့သို့ မြန်မာနိုင်ငံအားလည်း မြန်မာနိုင်ငံပြည်ထောင်စုအဖြစ် ဖွဲ့စည်းပေးသင့်ကြောင်း၊ ယင်းမြန်မာပြည်ထောင်စုအတွင်း၌ (ရှမ်း၊ ရခိုင်၊ ချင်း၊ ကရင်၊ ကချင်၊ ကယား)တို့သည် စည်းလုံးညီညွတ်စွာ အေးအတူပူအမျှနေထိုင်ကြရန်ဖြစ်ကြောင်း"စသည်ဖြင့် ပါရှိလေသည်။

အထက်ပါ ဆုံးဖြတ်ချက်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ယင်းအစည်းအဝေးမှ ကရင်ပြည်နယ်အမြဲတန်းကော်မတီ(Karen State Standing Committee)တရပ်ကို ဖွဲ့စည်းလိုက်ကြသည်။ ယင်းကော်မတီသည် (၁၉၄၆)ခု၊ ဖေဖေါ်ဝါရီ(၁၂)ရက်နေ့တွင် အစည်းအဝေးထိုင်၍ တနင်္သာရီတိုင်းအား သီးခြားကရင်ပြည်နယ်သတ်မှတ်၍ ယင်းပြည်နယ်သည် မြန်မာပြည်မထက် အဆင့်မနိမ့်သော ပြည်နယ်မျိုးကို အင်္ဂလန်သို့ သွားရောက်၍ တောင်းဆိုရန် စောသာဒင်၊ စောဆစ်ဒနီလူနီ၊ စောဘိုးချစ်၊ စောဘဦးကြီးတို့ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ကို ရွေးချယ်တာဝန်ပေးလိုက်သည်။

# ဗိုလ်ချုပ်အောင်ဆန်းနှင့် (K.C.O.)ခေါင်းဆောင်များတွေ့ဆုံပွဲ



(ဝဲမှယာ) မန်းဘဇန်၊ စောစန်ကော၊ စောဟန်တာသာမွေး



စကောမောလေး

စစ်ပြီးခေတ် ကရင့်နိုင်ငံရေးတွင် အဆင့်တဆင့်ထိ မြင့်မားလာပြီဖြစ်၍ (ဖဆပလ)နှင့်(K.C.O) ခေါင်းဆောင်များအဖို့ ဆွေးနွေးရန်နှင့်နီးနီးကပ်ကပ်တွေ့ဆုံရန် လိုအပ်လာလေသည်။

ဤသို့ဖြင့် (၁၉၄၆)ခု၊ ဖေဖော်ဝါရီ(၁၃)ရက်နေ့၌ (K.C.O)အဖွဲ့ချုပ်တည်ရာ အမှတ်(၅) ဦးလူနီလမ်း၌ (K.C.O)ခေါင်းဆောင်များနှင့် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော (ဖဆပလ)များပါဝင်သော အစည်းအဝေးတရပ်ကို ကျင်းပသည်။ (K.C.O)ဘက်မှ တက်ရောက်သော ခေါင်းဆောင်များတွင် စောဘိုးချစ်၊ စောသာဒင်၊ စောဆစ်ဒနီလူနီ၊ မန်းဘခိုင်၊ စောဘဦးကြီးနှင့် ဆရာသာထိုတို့ ပါဝင်ကပြီး (ဖဆပလ)ဘက်မှ ဗိုလ်ချုပ် အောင်ဆန်း၊ ဦးဘဘော၊ ဦးတင်၊ ဦးအောင်ဇံဝေ၊ ဦးဗဂျမ်း၊ သခင်ချစ်၊ သခင်ဝတင်၊ ဦးကျော်ငြိမ်းနှင့် ဦးခင်မောင်လတ် (မစ္စတာလားတစ်)တို့ ပါဝင်ကြသည်။

## ဗိုလ်ချုပ်အောင်ဆန်း၏ ဆွေးနွေးချက်

စစ်ပြီးခေတ်နှင့် လွတ်လပ်ရေးအကြို (K.C.O)ကရင်ခေါင်းဆောင်များနှင့် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော (ဖဆပလ)ခေါင်းဆောင်များတွေ့ဆုံဆွေးနွေးပွဲတွင် ဦးစွာဗိုလ်ချုပ်အောင်ဆန်းမှ အောက်ပါ အတိုင်း ဆွေးနွေးသွားလေသည်။

(၁) မြန်မာနိုင်ငံသည် အမှန်ပင် လွတ်လပ်ရေးရမည်ဖြစ်သည်၏၊

(၂) မြန်မာနိုင်ငံသည်ဗြိတိသျှတို့နှင့် မုန်း၍မကွဲ၊ ချစ်၍သာကွဲမည်၊ ဗြိတိသျှတို့နှင့် တန်းတူရည်တူ မဟာမိတ်ဖြစ်လိုသည်၊

(၃) ကရင်နှင့်ဗမာလည်း တန်းတူမဟာမိတ်ပင် ဖြစ်လိုသည်၊

(၄) တပ်မတော်ဖွဲ့စည်းရေးတွင် ကရင်တပ်ဖွဲ့ သီးခြားဖွဲ့စည်းရေးမှုကို (ဖဆပလ)က ထောက်ခံခဲ့သည်၊

(၅) ဘုရင်ခံကောင်စီအမှုဆောင်အဖွဲ့ (ဝန်ကြီးအဖွဲ့)တွင် ကရင်နှစ်နေရာ ရရှိရေးကို (ဖဆပလ)က သီးသန့်စာရေး၍ ဘုရင်ခံထံတွင် တင်သွင်းခဲ့သည်၊

(၆) ယခုအခါ ကရင်အမျိုးသားများ ရွေးချယ်ရမည့် လမ်းစဉ်နှစ်ရပ်မှာ (ဖဆပလ)၏ လမ်းစဉ်နှင့် ဘုရင်ခံ၏ စက္ကူဖြူစာတန်းပင်ဖြစ်သည်၊

(၇) ကရင်လူမျိုးတို့၏ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ဘုရင်ခံအမှုဆောင်အဖွဲ့တွင် နှစ်နေရာ ရလိုသည့်ကိစ္စကို ကန့်ကွက်နေသူများမှာ (ဖဆပလ) မဟုတ်ပဲ ဘုရင်ခံ၏အမှုဆောင်အဖွဲ့ထဲတွင်သာရှိနေသည်ဟု ဆွေးနွေးသွားလေသည်။

(K.C.O)ကရင်အမျိုးသားခေါင်းဆောင်များဘက်မှ စောဘိုးချစ်က အောက်ပါအတိုင်း ပြန်လည်ဆွေးနွေးသည်။

(၁) ကရင်လူမျိုးတို့၏ အဓိကဆန္ဒသည် ကရင်ပြည်နယ်ထူထောင်ရေးပင် ဖြစ်ကြောင်း၊

(၂) ကရင်ပြည်နယ်ရရှိလျှင် မြန်မာပြည်က ခွဲထွက်သွားမှာ မဟုတ်ကြောင်း၊

(၃) သီးခြားကရင်ပြည်နယ်မရှိသဖြင့် ကရင်လူမျိုးများ နစ်နာခဲ့ရကြောင်း၊ (ဖဆပလ)အဖွဲ့အနေဖြင့် ကရင်ပြည်နယ် တောင်းဆိုသည်ကို မကန့်ကွက်စေလိုကြောင်း။

(၁၉၄၆)ခု၊ ဖေဖော်ဝါရီ(၁၄)ရက်နေ့သို့ ရောက်ပြန်လျှင် ကရင်အမျိုးသားခေါင်းဆောင်များသည် ဘုရင်ခံနှင့်တွေ့ဆုံခွင့်ရသဖြင့် ကရင်အမျိုးသားဆိုင်ရာ အခွင့်အလမ်းကိစ္စကို ဆက်လက်တင်ပြကြပြန်သည်။

ယင်းကရင်အဖွဲ့များနှင့် ကရင်ခေါင်းဆောင်များတင်ပြချက်အပေါ်တွင် ဘုရင်ခံဒေါ်မန်စမစ်သည် မနေသာတော့သဖြင့် ဘိလပ်ရှိမြန်မာနိုင်ငံဆိုင်ရာ ဝန်ကြီးထံ စာရေးသား၍ မေးမြန်းရလေသည်။

(၁) ကရင်လူမျိုးများနေထိုင်သည့် ဇယားဝင်နယ် အပိုင်း(၁)နှင့်(၂) တို့ကိုတောင်တန်း ဒေသအုပ်ချုပ် ရေးအောက်တွင် ထားရန်၊ ထိုနယ်များအတွင်းသို့ အခြားမည်သည့်နယ်ကိုမျှ ထပ်မံထည့်သွင်းခြင်း မပြုရန်၊ အခြားနယ်များတွင် နေထိုင်သော ကရင်လူမျိုးများအတွက်လည်း အထူးအခွင့်များမပေးရန်၊ (ဇယားဝင်နယ် အပိုင်း(၁) မှာ သံလွင်ခရိုင်၊ ဖါပွန်နယ်ဖြစ်၍ ဇယားဝင်နယ် အပိုင်း(၂)မှာ ကြာအင်းမြို့နယ်၊ ကော့ကရိတ်မြို့နယ်အတွင်းရှိ မြဝတီ၊ တောင်ငူခရိုင်အရှေ့ပိုင်း ကရင်များနေထိုင်သည့် တောင်တန်းဒေသ၊ သထုံခရိုင်အရှေ့ပိုင်းကရင်များနေထိုင်သည့် တောင်တန်းဒေသ (လှိုင်းဘွဲ့)နှင့် ဘားအံမြို့နယ်များကို ဆိုလိုခြင်းဖြစ်သည်။)

(၂) ကရင်လူမျိုးများနေထိုင်သည့် ဇယားဝင်နယ်အပိုင်း(၁)နှင့်(၂)အတွင်းသို့ ထိုနယ်နှင့်ဆက်စပ် လျက်ရှိသော တနင်္သာရီတိုင်းအတွင်းရှိ ကရင်အများအပြားနေထိုင်သော နယ်မြေဒေသများကို ပေါင်းစည်းပေးရန်နှင့် ပြည်ပရှိကရင်လူမျိုးများနေ ထိုင်သောနယ်မြေများတွင်

အထူးအုပ်ချုပ်ရေး အစီအစဉ်များချမှတ်ပေးပြီးလျှင် ကရင်လူမျိုးများ အလိုရှိသော လူမှုရေးနှင့်စီးပွားရေးအခွင့် အလမ်းများကို ပေးရန်၊

(၃) တနင်္သာရီတိုင်းတခုလုံး တောင်တန်းဒေသအုပ်ချုပ်ရေးအောက်တွင် သွပ်သွင်း၍ ကရင်(သို့မဟုတ်) မွန်တို့သာ အုပ်ချုပ်သည့်နယ်မြေ အဖြစ် ပြုလုပ်ရန်၊

(၄) တနင်္သာရီတိုင်း၏ ဇယားဝင်နယ် အပိုင်း(၁)နှင့်(၂)မှ ကရင်တောင် တန်းဒေသများအား ကုလ သမဂ္ဂအဖွဲ့၏ သဘောထားရယူလျက် ယိုးဒယားနိုင်ငံအတွင်းရှိ ကရင်ဒေသများအပါအဝင် ပူးပေါင်း၍ လွတ်လပ်သော ကရင်ပြည်နယ်တခုအဖြစ် ကြေညာရန်၊

ယင်းကဲ့သို့ ဘုရင်ခံဒေါ်မန်စမစ်ထံ တင်ပြသော ကရင်ပြည်နယ်အရွယ် အစားနှင့်ပတ်သက်၍ ကရင်အဖွဲ့များအတွင်း၌၎င်း၊ ကရင်ခေါင်းဆောင်များ အတွင်း၌၎င်း၊ အနည်းငယ်ခြားနားမှုများရှိလေသည်။

ယင်းကရင်အဖွဲ့အတွင်းနှင့် ကရင်ခေါင်းဆောင်များအတွင်း ခြားနားမှုနှင့် ရွေးချယ်ရန် ခက်ခဲသွားသည်မှာ အောက်ပါနှစ်ချက်ပင် ဖြစ်လေသည်။

(၁) တနင်္သာရီတိုင်းပါဝင်သော ကရင်ပြည်နယ်ကို ထူထောင်ပြီးလျှင် ဗြိတိသျှဘုရင်ခံ၏ ကွပ်ကဲမှုဖြင့် ဓနသဟာယအဖွဲ့ဝင်အဖြစ် ဆက် လက်နေထိုင်သွားရန်၊

(၂) သင့်လျော်သည့် ဒေသတခုတွင် ကရင်ပြည်နယ်ထူထောင်ပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံတွင်း ဆက်လက်နေထိုင်သွားရန် စသည်ဖြင့် ပါရှိသည်။

*(မောင်စင်ကြယ်၏ မြန်မာပြည်ချစ်ကရင်အမျိုးသားခေါင်းဆောင်များ)*

## ကရင်မိတ်ဆက်အဖွဲ့(Karen Goodwill Mission)

စစ်ပြေးဘုရင်ခံဒေါ်မန်စမစ်နှင့် (ဖဆပလ)အဖွဲ့၏ သပိတ်တိုက်ပွဲများကြောင့် နိုင်ငံရေးထိပ်တိုက်တွေ့နေစဉ် ဘိလပ်အစိုးရသည် ဒေါ်မန်စမစ်အားလန်ဒန်သို့ ပြန်လည်ခေါ်ယူလိုက်သည်။ ခေတ္တဘုရင်ခံအဖြစ် ဆာဟင်နရီနိုက်ကထမ်းဆောင်သည်။ ထိုသို့ ရှိနေစဉ် (၁၉၄၆)ခု၊ ဇူလိုင်(၁၃)ရက်နေ့တွင် ခေတ္တဘုရင်ခံနှင့် (K.C.O)ခေါင်းဆောင်များဖြစ်ကြသော စောသာဒင်၊ စောဆစ်ဒနီလူနီ၊ မန်းဘခင်၊ စောဘိုးချစ်နှင့်ဆရာသာထိုတို့ တွေ့ဆုံကြသည်။ (K.C.O)ခေါင်းဆောင်စောသာဒင်က ကရင်မိတ်ဆက်အဖွဲ့တဖွဲ့ ဘိလပ်သို့ သွားရောက် မည်ဖြစ်ကြောင်းကို ခေတ္တဘုရင်ခံအား ရှင်းပြသည်။ ဤသို့ဖြင့် (၁၉၄၆)ခု၊ ဇူလိုင်လ(၂၉)ရက်နေ့တွင် စောသာဒင်ခေါင်းဆောင်သော ကရင်မိတ်ဆက်အဖွဲ့ ရန်ကုန်မှ လန်ဒန်သို့ထွက်ခွာသွားသည်။ အဖွဲ့ဝင်များအဖြစ် စောဆစ်ဒနီလူနီ၊ စောဘိုးချစ်နှင့်စောဘဦးကြီးတို့ လိုက်ပါသွားကြသည်။

ထိုစဉ်က စောဘဦးကြီးပါဝင်သော ယင်းကရင်မိတ်ဆက်အဖွဲ့နှင့်ပတ်သက်၍ သူ့အမြင်ကိုယ့်အမြင် ကောင်းဆိုးနှစ်ဖြာကို ရေးသားခဲ့ကြလေသည်။ ဒေါက်တာမောင်မောင်၏ ရေးသားချက်တွင် –

"၁၉၄၆ခုနှစ်တွင် လန်ဒန်တိုင်းသတင်းစာ၌ အယ်ဒီတာထံပေးစာတစ်စောင်ပါလာသည်။ အော်ဒရီဘတ်ခ်တန် (Audrey Buxton)ဆိုသူက ကရင်များ၏ အကျိုးကိုလိုလားသူတို့ သူနှင့်ဆက်သွယ်ကြရန် ဖိတ်ခေါ်ခြင်းဖြစ်၏။ ကျွန်တော်ထင်သည့်အတိုင်း ဘတ်ခ်စတန်သည် ကွေကာ့ဘာသာရေးဂိုဏ်း(Quaker)ဝင်ဖြစ်သည်။ အများအကျိုးဆောင်သူတစ်ဦးဖြစ်ပြီးလျှင် စစ်တွင်းကဖို့ဒ် (၁၃၆)တွင်အမှုထမ်းဖူးသည်၊ ဘတ်ခ်စတန်က ကရင်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့လန်ဒန်သို့လာလိမ့်မည်။ အဖွဲ့က ဗြိတိသျှနေသဟာယတွင် နေလိုကြောင်း တောင်းဆိုလိမ့်မည်ဟု ကျွန်တော့်အား ပြောသည်။"

"ကရင်အဖွဲ့ကို ဆစ်ဒနီလူနီခေါင်းဆောင်သော အဖွဲ့ဝင်ခြောက်ဦး၊ ခုနစ်ဦးလုံး အထူးခင်မင်စရာ ကောင်းသော ပုဂ္ဂိုလ်များဖြစ်ကြသည်။ သူတို့ထဲတွင် အထူးထိရောက်သူမှာ စောဘဦးကြီးဖြစ်လေသည်။ သူတို့ကို ကျွန်တော်ယခင်က

မသိခဲ့ပါ။ ကိုယ်စားလှယ်များကို အမျိုးမျိုးဧည့်ခံကြပါသည်။ ဧည့်ခံပွဲများကို ကျွန်တော်တက်ခဲ့ပါသည်။ မောင့်ဘက်တန်နာယကပြု၍ ပင်လယ်ရပ်ခြား အသင်းကပေးသော ဧည့်ခံပွဲကိုလည်း တက်ရောက်ခဲ့ရသည်။"

"နန်းရင်းဝန် မစ္စတာအက်တလီ တည်ခင်းကျွေးမွေးသော နေ့လယ်စာ စားပွဲသည် အရေးကြီးသော ပွဲဖြစ်လေသည်။ မစ္စတာအက်တာလီက ကရင်၊ ဗြိတိသျှချစ်ကြည်ရေးကို ဘယ်အခါမှ မမေ့ပါ။ စစ်အတွင်း ကရင်များက မဟာမိတ်များကို ကူညီခဲ့သည်တို့ကိုလဲ မမေ့ပါစသည်ဖြင့် ပြောသည်။ လူနီက ခွန်းတုံ့ပြန်ရာတွင် မစ္စတာအက်တလီက ကျွန်တော်တို့ ကရင်များအကြောင်း အကောင်းတွေ ပြောသွားပါသည်။ လန်ဒန်၌ ရောက်ကတည်းက ကျွန်တော်တို့အား ပြုစုကျွေးမွေး၍ ကောင်းသောစကားများကိုသာ ပြောကြပါသည်။ ထမင်းစားပွဲ၊ ဧည့်ခံပွဲတွေ ပြည့်နေပါသည်။ သို့ရာတွင် ကျွန်တော်တို့ လန်ဒန်သို့ လာခဲ့ကြသည်မှာ မေးစရာရှိ၍ ဖြစ်ပါသည်။ ထိုမေးခွန်းအတွက် အဖြေမရသေးပါ။ အချို့သော လူမျိုးတို့သည် ဗြိတိသျှအင်ပါယာမှ ထွက်ခွါလိုကြပါသည်။ ကျွန်တော်တို့ ကရင်များက ယင်းကဲ့သို့ မထွက်ခွါလိုပါ။ ထို့ကြောင့် ကျွန်တော် တို့ မေးချင်တာက ကျွန်တော်တို့သည် ဗြိတိသျှအင်ပါယာတွင် ဆက်လက်နေခွင့် ရှိပါသလား"ဟု ပြောလေသည်။

"အက်တလီသည် လက်ပတ်နာရီကိုကြည့်ကာ သူ့မှာအခြားအရေးကြီးသော အစည်းအဝေးတက် စရာရှိနေပါသည်ဟုဆိုကာ ဧည့်ခံပွဲမှာ ထွက်ခွါသွားလေသည်။"

ကရင်ချစ်ကြည်ရေးအဖွဲ့ကို ဗြိတိသျှတို့က အထူးတလည် အရေးပေး၍ ကြိုဆိုဧည့်ခံခဲ့ကြသည်။ အထူးသဖြင့် ကွန်ဆာဗေးတစ်များက ကြိုဆိုခြင်းဖြစ်သည်။ ဤကွန်ဆာဗေးတစ်များသည် ကရင်များနှင့် တောက်လျှောက်ဆက်ဆံလာရပြီး ရင်းနှီးနေသူများဖြစ်သည်။ သို့သော် အစိုးရမှာ အက်တလီ၏ လေဘာအစိုးရဖြစ်နေသည်။ အက်တလီသည် ကရင်တို့၏ တင်ပြချက်များကို ရေရာသော အဖြေပေးနိုင်စွမ်းမရှိချေ။ ဤသို့ဖြစ်ရခြင်းမှာလည်း ထိုအချိန်တွင် မြန်မာနိုင်ငံ၌ လွတ်လပ်ရေးတိုက်ပွဲမှာ များစွာပြင်းထန်နေပြီး ဖြစ်သည်။ ကိုလိုနီနိုင်ငံတစ်နိုင်ငံ၏ အရေးအခင်းသည် ဗြိတိသျှပါလီမန်တွင် ဂယက်ရိုက်ခတ်စမြဲပင် ဖြစ်သည်။

ထို့ကြောင့် အက်တလီသည် ကရင်တို့၏ တင်ပြချက်နှင့်ပတ်သက်၍ ချက်ချင်း မလိုက်လျောနိုင်ခဲ့ခြင်းဖြစ်သည်။ အောင်းဆန်း–အက်တလီစာချုပ်ကို ချုပ်ဆိုသော အခါတွင်ကား နယ်ခြားဒေသများနှင့်ပတ်သက်၍ ဒေသခံတို့၏ သဘောအတိုင်း ဖြစ်စေရန် ထည့်သွင်းချုပ်ဆိုခဲ့သည်။ ဤသို့ ချုပ်ဆိုခြင်းမှာ ကရင်တို့၏ ဗြိတိသျှလို လားသောစိတ်ကို အက်တလီသိရှိပြီး ဖြစ်သောကြောင့်ဟု ဆိုရပေမည်။

*(ဒေါက်တာမောင်မောင်၏ မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်နေဝင်း)*

ထိုစဉ်က ဒုတိယကမ္ဘာစစ်ပွဲအပြီးတွင် လန်ဒန်၌ ချာချီ၏ကွန်ဆာဗေး တစ်ပါတီသည် မဲရှုံးသွား၍ အက်တလီလေဘာပါတီကပဲ နိုင်သွားလေသည်။ နိုင်ငံရေးအရနှင့် အစိုးရတရပ်၏ နိယာမတရားအရ၊ တနိုင်ငံနှင့်တနိုင်ငံ၊ တပြည် တရွာနှင့်တပြည်တရွာ၊ အစိုးရတဖွဲ့နှင့်တဖွဲ့၊ တိုက်ရိုက်ပါဝင်ပတ်သက်၍ကား မရလေရာ၊ ထိုစဉ်က ကရင်အမျိုးသားခေါင်းဆောင်အဖွဲ့၏ဆန္ဒကို ဖြည့်ဆည်း ရန်မှာ ချာချီပင်ဖြစ်စေ၊ အက်တလီပင်ဖြစ်စေ ခက်လှပါပေသည်။ သို့ရာတွင် စောဘဦးကြီး၏ သမီးဖြစ်သူသဲလ်မာကြီးက "ဇွဲကပင်" စာစောင်တွင် ရေးသား ထားရာ၌ "ပါးပါးရဲ့ ကရင်ချစ်ကြည်ရေးခရီး(Karen Goodwill Mission)" ၁၉၄၆–ခုနှစ်နဲ့ပတ်သက်တဲ့အချက်တွေကို ထပ်ရှာပေးပါဦးမယ်ဟု ရေးသားထား သော်လည်း ယနေ့တိုင် မတွေ့ရသေးပါချေ။

သို့ရာတွင် ထိုစဉ်က ကရင်ချစ်ကြည်ရေးအဖွဲ့သည် နိုင်ငံရေးအရ ခရီးမ ပေါက်ခဲ့သော်လည်း စောဘဦးကြီးအဖို့ (Renee Camp)နှင့် တရားဝင်ဇနီးမောင်နှံ အဖြစ် ကွာရှင်းပြတ်စဲခွင့်ကား ရရှိခဲ့လေသည်။

ယင်းကရင်မိတ်ဆက်အဖွဲ့သည် လန်ဒန်တွင် ရောက်ရှိနေစဉ် ကရင့်ရေးရာ ပြဿနာ(The Case For The Karens)အမည်ရှိ စာအုပ်ငယ်တအုပ်ကိုလည်း ထုတ်ဝေဖြန့်ချိခဲ့သည်။ ယင်းစာအုပ်တွင် ဖော်ပြထားသည့် ကရင့်ရေးရာပြဿနာ များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

“သမိုင်းတလျှောက်တွင် ကရင်လူမျိုးများသည် လုံခြုံမှုမရှိခဲ့သဖြင့် စိုးရိမ်ကြောင့်ကျစွာ အထိတ်တလန့်နေခဲ့ရသည်။ ဂျပန်ခေတ်တွင်ကား အဆိုးဆုံးဖြစ်ခဲ့ပါသည်။ (၁၉၃၅)ခုနှစ်၊ အက်ဥပဒေအရ ဒုတိယဇယားဝင်နယ် ကရင်လူမျိုးများနေထိုင်သည့် အပိုင်း(၁)နှင့်အပိုင်း(၂)တွင် ဆန်စပါးစိုက်ပျိုးရန် လယ်မြေနှင့်ခရီးလမ်းဆက်သွယ်ရေးပြည့်စုံမှုမရှိသည့်အပြင် ပင်လယ်ထွက်ပေါက်လည်း မရှိပါကြောင်း၊ ပင်လယ်ထွက် ပေါက်နှင့်ပင်လယ်ဆိပ်ကမ်းမြို့ရှိသော မြန်မာ့နယ်မြေအတွင်း ကရင်ပြည်နယ်တခုထူထောင်ပေးရန် ဗြိတိသျှပါလီမန်က ဥပဒေပြုပေးသင့်ပါကြောင်း၊ ထူထောင်အပ်သော ကရင်ပြည်နယ်သည် ဗြိတိသျှအစောင့်အရှောက်ခံ ဓနသဟာယအတွင်း ဒိုမီနီယံအဆင့်ရှိ တောင်တန်းဒေသပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အဖြစ် ဖန်တီးပေးသင့်ပါကြောင်း”စသည်ဖြင့်ပါရှိလေသည်။

ယင်းကရင်မိတ်ဆက်အဖွဲ့တဦးအဖြစ် ပါသွားသောစောဘဦးကြီးသည် စစ်အတွင်း အင်္ဂလန်သို့ ပြန်သွားသော ဗြိတိသျှသူဇနီးသည်နှင့် လင်ခန်းမယားခန်းကိစ္စ အပြီးအပြတ်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် (၁၉၄၆)ခု၊ ဩဂုတ်လကုန်တွင် ဘုရင်ခံသစ်အဖြစ် စတင်တာဝန်ထမ်းဆောင်သော ဆာဟူးဘတ်ရန့်(စ်)၏ ဘုရင်ခံကောင်စီအစိုးရအဖွဲ့တွင် ဒေါက်တာစံစီပိုး၏ ထောက်ခံချက်ဖြင့် ဝန်ကြီးတဦးဖြစ်လာသည်။

*(မောင်စင်ကြယ်၏ မြန်မာပြည်ချစ်ကရင်အမျိုးသားခေါင်းဆောင်များ)*

စောဘဦးကြီးသည် လန်ဒန်သို့ချစ်ကြည်ရေးမသွားရောက်မီ (၁၉၄၅)ခုနှစ်၌ မျိုးချစ်တပ်မတော်ကို အင်္ဂလိပ်ယူမဲ့တမ်းတပ်မတော် (Burma Regular Army)ဖွဲ့စည်းရေးအတွက် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)တွင် စစ်သေနာ ပတိချုပ်မောင့်ဘက်တန်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ တွေ့ဆုံသည့်အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တက်ရောက်ခဲ့သည့် မြန်မာဘက်မှအဖွဲ့ဝင် (၁၁)ဦးတွင် တဦးအဖြစ်လည်း ပါဝင်ခဲ့ပေသေးသည်။

## ဘုရင်ခံသစ်ဆာဟူးဘတ်ရန့်(စ်)၏ ကရင်ပြည်နယ်

ယင်းသို့ မြန်မာနိုင်ငံတွင် နိုင်ငံရေးရှုပ်ထွေးနေစဉ် လန်ဒန်အစိုးရသည် စစ်ပြေးဘုရင်ခံ ဒေါ်မန်စမစ်နေရာတွင် ဘုရင်ခံသစ်အဖြစ် ဆာဟူးဘတ်ရန့်(စ်)အား (၁၉၄၆)ခု၊ ဩဂုတ်လကုန်ပိုင်းတွင် ခန့်ထားလိုက်လေသည်။ ဟူးဘတ်ရန့်(စ်)သည် စစ်သားဟောင်းတဦးဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်ရင်းနှီးသူတဦးလည်း ဖြစ်သည်။ ဟူးဘတ်ရန့်(စ်)သည် စက်တင်ဘာလတွင် ဘုရင်ခံအဖြစ် စတင်တာဝန်ထမ်းဆောင်ပြီး ယခင် ဘုရင်ခံအမှုဆောင်ဟောင်းနေရာ၌ ဗိုလ်ချုပ်အောင်ဆန်း ဒုတိယဥက္ကဋ္ဌအဖြစ်ပါဝင်သော ဘုရင်ခံအမှုဆောင်သစ်ကို ဖွဲ့စည်းလိုက်၏။ ဤတွင် ဒေါ်မန်စမစ်၏ အမှုဆောင်အဖွဲ့တွင် ပါဝင်ခဲ့သောမန်းဘခင်နေရာ၌ စောဘဦးကြီးနှင့်မန်းဘခိုင်တို့ ဘုရင်ခံအမှုဆောင်အဖွဲ့တွင် ပါဝင်လာကြသည်။ အဓိပ္ပါယ်မှာ ဘုရင်ခံပေးသော ကရင်အတွက် အမှုဆောင်တနေရာနှင့် (ဖဆပလ) က ယင်း၏ခွဲတန်းထဲမှ ကရင်အတွက် တနေရာထပ်မံ၍ ခွဲပေးခြင်းလည်းဖြစ်သည်။

ဘုရင်ခံသစ်ဆာဟူးဘတ်ရန့်(စ်)သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေးအယူပြုလုပ်ကာ ကရင်အမျိုးသားများပြဿနာအား ပူပူနွေးနွေးပင် မြန်မာနိုင်ငံဆိုင်ရာဝန်ကြီးထံသို့ အောက်ပါအတိုင်း တင်ပြလိုက်လေသည်။

(၁) သံလွင်ခရိုင်၊ ကရင်နီနယ်များနှင့် မိုးပြဲနယ်တို့ စုပေါင်း၍ ကရင်ပြည်နယ်ဖွဲ့စည်းထူထောင်ရန်၊

(၂) သို့ရာတွင် ကရင်နီနယ်သည် မူလကပင် လွတ်လပ်ပြီးဖြစ်၍ ကရင်ပြည်နယ်တွင်း ပါရှိသည့်တိုင် ကိုယ်ပိုင် အုပ်ချုပ်ရေးရရှိမည်ဖြစ်သည့်အပြင် မိမိ၏ဆန္ဒအလျောက် မြန်မာပြည်မနှင့် ပူးပေါင်းလိုက ပူးပေါင်းနိုင်ပြီး ခွဲထွက်လိုပါကလည်း ခွဲထွက်နိုင်ခွင့်ရှိစေရမည်ဟု ဘုရင်ခံသစ်ရန့်(စ်)၏ စာတွင် ဖေါ်ပြထားလေသည်။

ထိုမှ ဘုရင်ခံသစ်ရန့်(စ်)၏ တင်ပြချက်ပေါ် မြန်မာနိုင်ငံဆိုင်ရာဝန်ကြီးမှ ပြန်ကြားရာတွင် ထူထောင်မည့် ကရင်ပြည်နယ်တွင် သထုံနှင့်တောင်ငူခရိုင်များအတွင်းရှိ တောင်တန်းဒေသများနှင့် ကရင်လူမျိုးများနေထိုင်ရာ ဆက်စပ်နယ်

များပါ ထည့်သွင်း၍ ဘုရင်ခံအမှုဆောင်အဖွဲ့နှင့် ယင်းဒေသနေလူထုက ဆန္ဒယူလျက် လက်ခံမည်ဖြစ်ကြောင်း ပါရှိလေသည်။

*(မောင်စင်ကြယ်၏ မြန်မာ ပြည်ချစ် ကရင်အမျိုးသားခေါင်းဆောင်များ)*

ဘုရင်ခံဆာဟူးဘတ်ရန့်(စ်)သည် သခင်ဗစိန်၏ ဝန်ကြီးနေရာနှင့်အတူ အသစ်ခန့်ထားရန် ကရင်လူကြီးတွေကိုခေါ်ပြီး တိုင်ပင်သည်။ ဘုရင်ခံက "ဝန်ကြီးနေရာတွင် အသစ်ခန့်ဖို့ဟာ ကရင်ခေါင်းဆောင်တွေထဲကပဲ လိုချင်တယ်" ဟု ပြောင်ပြော၏။ ကရင်ခေါင်းဆောင်ဒေါက်တာစံစီပိုးကပင် စောဘဦးကြီးကို ဝန်ကြီးနေရာအတွက် အဆိုတင်သွင်းလိုက်ရာ ကရင်များက ထောက်ခံသဖြင့် အတည်ဖြစ်သွားသည်။

ဤတွင် ဘုရင်ခံဆာဟူးဘတ်ရန့်(စ်)သည် လန်ဒန်သို့ ကရင်ပြည်နယ်တောင်းရန် ရောက်နေသောစောဘဦးကြီးထံ ဝန်ကြီးခန့်လိုက်ကြောင်း သံကြိုးစာ ပေးပို့လိုက်လေသည်။ စောဘဦးကြီးကလည်း လန်ဒန်မှ ပြန်လာလေ၏။ ဤနည်းဖြင့် စောဘဦးကြီး ဝန်ကြီးဖြစ်လာသည်။

*(စောစံဘိုးသင်၏အတ္ထုပ္ပတ္တိ)*

ဆက်လက်၍ ပြည်တွင်းသောင်းကျန်းမှုအပိုင်း(၁)တွင် ဘုရင်ခံသစ်ဆာဟူးဘတ်ရန့်(စ်)လက်ထက်၌ အစိုးရအဖွဲ့သစ်(အမှုဆောင်သစ်) ဖွဲ့စည်းခန့်ထားပုံကိုလည်း အောက်ပါအတိုင်း ရေးသားထားလေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အစိုးရအဖွဲ့ (ကောင်စီလာလူကြီးများ)တွင် (ဖဆပလ)ဥက္ကဋ္ဌဗိုလ်ချုပ်အောင်ဆန်း၊ ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌသခင်မြ၊ ကွန်မြူနစ်ခေါင်းဆောင် ကိုသိန်းဖေ၊ ဗြိတိသျှအလိုတော်ရိအစိုးရ အဖွဲ့ဝင်ဟောင်း ဦးဘဘေ၊ ကရင်ခေါင်းဆောင်မန်းဘခိုင်၊ ရခိုင်ခေါင်းဆောင်ဦးအောင်ဇံဝေ၊ ဗြိတိသျှအလိုတော်ရိဆာဂျေအေမောင်ကြီးနှင့်အငြိမ်းစားအိုင်စီအက်စ် ဦးတင်ထွဋ်တို့ ပါဝင်သည်။ ဗြိတိသျှတို့က သခင်ဗစိန်ကိုလည်း ထည့်သွင်းခန့်အပ်သည်။ နိုဝင်ဘာလတွင် ဂျွန်ဦးစော၊ ပျော်ဘွယ်ဦးမြနှင့် စောဘဦးကြီးတို့ကိုလည်း ထပ်မံ၍

ဘုရင်ခံကောင်စီလာအဖြစ်ခန့်အပ်လိုက်ပြန်သည်။ ကြားဖြတ်အစိုးရအဖွဲ့မှာ ဗိုလ်ချုပ် အောင်ဆန်းခေါင်းဆောင်သည်မှန်သော်လည်း နယ်ချဲ့အလိုတော်ရိများ လည်းပါဝင်သည်။ ကွန်မြူနစ်များလည်းပါဝင်သည်။ မည်သို့ပင်ဆိုစေ ဗိုလ်ချုပ် အောင်ဆန်း၏ အစိုးရအဖွဲ့သည် မြန်မာများသာပါဝင်သည်။ ဘုရင်ခံက ကောင်စီ ဥက္ကဋ္ဌဖြစ်သော်လည်း ဗိုလ်ချုပ်အောင်ဆန်းက ဒု–ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရသည်။

ထိုစဉ်က ဘုရင်ခံသစ်ဆာဟူးဘတ်ရန့်(စ်)၏ ဆောင်ရွက်ပုံဆောင်ရွက် နည်းကိုလည်း သတိထားမည်ဆိုပါက များစွာပင် သတိထားသင့်ကြပေသည်။

## သီးခြားဖြစ်လာသော ကေဝိုင်အို

ထိုစဉ် နိုင်ငံရေး၊ အမျိုးသားရေးလှုပ်ရှားမှုပြင်းထန်လာသည့် ဖြစ်စဉ် အတွင်း၌ (K.Y.O)ခေါ် ကရင်လူငယ်အစည်းအရုံးသည် မူလ(K.C.O)၏ လူငယ် ဌာနခွဲတခုအနေအထားမှ ခြားနားသောနိုင်ငံရေး၊ အမျိုးသားရေးအမြင်အပေါ် တွင် အခြေခံ၍ သီးခြားအဖွဲ့အစည်းတခုဆီသို့ ရွေ့လျားလာလေသည်။ အထူး သဖြင့် ဒေါက်တာစံစီပိုး၏ ကရင်အမျိုးသားညီညွတ်ရေးအတွက် မေတ္တာရပ်ခံသည့် ပန်ကြားချက်အရ (၁၉၄၆)ခုနှစ်၊ ဇန်နဝါရီလ(၈)ရက်၊ ကရင်အမျိုးသားအဖွဲ့ အစည်းများတွေ့ဆုံကြသည့် အစည်းအဝေးတွင် (K.C.O) (B.K.N.A)တို့နှင့်အတူ (K.Y.O)ပါတက်ရောက်လာရာမှ သီးခြားအဖွဲ့အစည်းတခုသို့ ရွေ့လျားလာခြင်းပင် ဖြစ်သည်။

ယင်းအစည်းအဝေးတွင် ဒေါက်တာစံစီပိုး၏ မေတ္တာရပ်ခံပန်ကြားချက်ကို အလေးအနက်စဉ်းစားကြပြီးနောက် သီးခြားကရင်ပြည်နယ်ထူထောင်ရေးကို သဘောတူဆုံးဖြတ်ကြသည်။ ပြီးလျှင် ယခင်မြန်မာပြည် ဆိုင်ရာဝန်ကြီးထံ ပေးပို့ခဲ့ သည့် ကရင်အခွင့်အရေးတောင်းခံလွှာကို (၁၉၄၆)ခု၊ ဇန်နဝါရီလ(၁၃)ရက်နေ့ နေ့စွဲဖြင့် ဘုရင်ခံထံ ဆက်လက်ပေးပို့သည်။

ထိုအချိန်မှာပင် ဇန်နဝါရီ(၁၇)ရက်နေ့မှ (၂၃)ရက်နေ့အထိ (ဖဆပလ)၏ ရွှေတိဂုံအလယ်ပစ္စယံ ညီလာခံကို ကျင်းပသည်။ ယင်းအလယ်ပစ္စယံညီလာခံ

သည် စစ်ပြီးခေတ်တွင် အစည်ကားဆုံးနှင့်လူထု အင်အားအကြီးမားဆုံးပင် ဖြစ်သည်။ ယင်းအစည်းအဝေးသို့ (ဖဆပလ)၊ ကွန်မြူနစ်ပါတီ၊ ဆိုရှယ်လစ်ပါတီ၊ မျိုးချစ်ပါတီတို့အပြင် လူမျိုးစုအဖွဲ့အစည်းများဖြစ်ကြသော ရခိုင်၊ မွန်၊ ရှမ်း၊ ချင်း၊ ကချင်ကိုယ်စားလှယ်များပင် ပါဝင်တက်ရောက်ရာ ကရင်ကိုယ်စားလှယ်အဖြစ် (K.C.O)နှင့်(K.Y.O)အဖွဲ့မှ ခေါင်းဆောင်များလည်း တက်ရောက်ကြ၏။

ထိုမှ (K.C.O)ကြီးမှူး၍ (၁၉၄၆)ခု၊ ဖေဖော်ဝါရီ(၄)ရက်နေ့မှ (၆)ရက်နေ့အထိ ကရင်ကိုယ်စားလှယ် ပေါင်းစုံပါဝင်သော အစည်းအဝေးကို ခေါ်ယူကျင်းပသည်။ ယင်းအစည်းအဝေးမှ ဆုံးဖြတ်ချက် (၄)ရပ်ကို ချမှတ်ခဲ့လေသည်။

(၁) ရာထူးဝန်အဖွဲ့တွင် ကရင်ကိုယ်စားလှယ်ပါဝင်ရေး၊

(၂) ကရင်အမျိုးသားများနေထိုင်ရာ ခရိုင်များတွင် ကရင်အမျိုးသားဝန်ထမ်းများခန့်ထားရေး၊

(၃) အသက်(၁၈)နှစ်ပြည့်ပြီးသည့် ကရင်တိုင်း မဲဆန္ဒပေးပိုင်ခွင့် ရရှိရေး၊

(၄) ကရင်လူမျိုးများ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးခြားကရင်ပြည်နယ်ထူထောင်ရေး။

*(မောင်စင်ကြယ်၏ မြန်မာပြည်ချစ် ကရင်အမျိုးသားခေါင်းဆောင်များ)*

# အခန်း(၇)

## K.N.U ကရင်အမျိုးသားများအစည်းအရုံးဖွဲ့စည်းခြင်း

ယင်းသို့ မြန်မာနိုင်ငံရေးတွင် ကရင်အမျိုးသားများအတွက် လိုင်းထမ်းပိုး များတလုံးပြီးတလုံး တက်လာစဉ် (၁၉၄၇)ခု၊ ဖေဖော်ဝါရီလ(၅)ရက်နေ့မှ (၇)ရက်နေ့အထိ (K.C.O)၊ (K.Y.O)၊ (B.KN.A)၊ (K.N.A)ခေါ် "ဒေါကလူ" အစရှိသော ကရင်အမျိုးသားပေါင်းစုံပါဝင်သော အစည်းအဝေးကြီးတရပ်ကို အမျိုးသားရေးပိုမို ကြန့်ခိုင်စည်းလုံးစေရန်အလို့ငှါ ရန်ကုန်မြို့၌ ကျင်းပခဲ့လေသည်။ တပြည်လုံးအတိုင်းအတာဖြင့် ကျင်းပသော အစည်းအဝေးကြီးဖြစ်သောကြောင့် တက်ရောက်သူပေါင်းမှာ (၂၀၀၀)နှစ်ထောင်ကျော်ရှိလေသည်။

## ဝန်ကြီးအဖွဲ့က စောဘဦးကြီးနှုတ်ထွက်ရန်

၁၉၄၇–ခု၊ ဖေဖော်ဝါရီ(၅)ရက်မှ (၇)ရက်နေ့အထိ (K.C.O)နှင့်(K.Y.O) ကြီးမှူး၍ ရန်ကုန်မြို့၌ အစည်းအဝေးတရပ်ကျင်းပ၏။ ယင်းအစည်းအဝေးသည် အနာဂါတ်အမျိုးသားရေးကြိုးပမ်းဆောင်ရွက်ရာတွင် ပိုမိုကြန့်ခိုင်အောင်မြင်ရေး အတွက် ဒေါက်တာစံစီပိုး၏ မေတ္တာရပ်ခံချက်အရ ကျင်းပခြင်းလည်းဖြစ်၏။ သို့ဖြစ်၍ တနိုင်ငံလုံးမှ ကိုယ်စားလှယ်တော်ပေါင်း(၂၀၀၀)ကျော် တက်ရောက် သဖြင့် စစ်ပြီးခေတ်၌ လူထုအများဆုံးအစည်းအဝေးဖြစ်သည်။

အမျိုးသားပိုမိုကြန့်ခိုင်ရေးကို ရည်ရွယ်သောအစည်းအဝေးဖြစ်၍ ညီလာခံ ပထမတွင် (K.C.O)နှင့် (K.Y.O)နှစ်ဖွဲ့ပေါင်းစည်း၍ (K.N.U)ဖွဲ့စည်းရေးမှာလည်း အောင်မြင်ခဲ့သည်။ ပထမဆုံး(K.N.U)၏ အမှုဆောင်အဖွဲ့ကို ရွေးချယ်ရာတွင် စောစံဖိုးသင်(မေဂျာစံဖိုးသင်)က ဥက္ကဋ္ဌအဖြစ်ရင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် စောဘဦး ကြီး(ပြန်ကြားရေးဌာနဝန်ကြီး)ကိုရင်း၊ အတွင်းရေးမှူးဆရာသာထိုနှင့် အမှုဆောင် လူကြီးများအနက် မန်းဘခိုင်(စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီး)တို့

အသီးသီးရွေးချယ်ခြင်းခံရသည်။ ဤသို့ဖြင့် ဒုတိယနေ့ အစည်းအဝေးကို ဆက်လက်ကျင်းပသည်။ အစည်းအဝေး၏ သဘာပတိမှာ ဥက္ကဋ္ဌဖြစ်သူ စောစံဖိုးသင်ဖြစ်သည်။ ဒုတိယနေ့အစည်းအဝေး၏ အရေးအကြီးဆုံးအစီအစဉ်မှာ "အောင်ဆန်း–အက်တလီ" သဘောတူစာချုပ်အရ ဖြစ်ပေါ်လာသည့် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲသို့ ဝင်သင့်မဝင်သင့်ကိစ္စပင် ဖြစ်သည်။

ထိုနေ့ အစည်းအဝေးသို့ ဝန်ကြီးစောဘဦးကြီးလည်း တက်ရောက်၏။ ယင်းသို့ အစည်းအဝေးတွင် တိုင်းပြုပြည်ပြုလွှတ် တော်ရွေးကောက်ပွဲ ဝင်သင့်မဝင်သင့် ဆွေးနွေးကြရာမှ အထွတ်အထိပ်သို့ ရောက်ရှိနေစဉ် သဘာပတိနေရာတွင်ရှိနေသော စောစံဖိုးသင်က မဝင်သင့်ဟုပြောလိုက်၏။ ဤတွင် ယခင် (K.Y.O)၏ အတွင်းရေးမှူးဖြစ်သူ စောကျော်စိန်က သဘာပတိစောစံဖိုးသင်၏ စကားကိုကန့်ကွက်ပြီး တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲသို့ ဝင်ရောက်သင့်ကြောင်းကို တင်ပြသွားလေသည်။

ဤတွင် (K.N.U)၏ ဒုတိယဥက္ကဋ္ဌနှင့် ဝန်ကြီးတဦးဖြစ်သော စောဘဦးကြီးမှာ မနေသာတော့သဖြင့် ပါဝင်ဆွေးနွေးရတော့သည်။ စောဘဦးကြီး၏ဆွေးနွေးချက်တွင် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲဝင်ရေး မဝင်ရေးပြဿနာသည် တမျိုးသားလုံးဆိုင်ရာ အရေးဖြစ်သည်။ သို့ဖြစ်၍ ပေါ့ပေါ့တန်တန်စဉ်းစားခြင်းထက် ကရင်တမျိုးသားလုံး၏ ဆန္ဒနှင့်ဆုံးဖြတ်ချက်အပေါ်တွင် အလေးအနက်ထားစဉ်းစားရမည်ဖြစ်ကြောင်း စောဘဦးကြီးက သတိပေးပြောကြားသွားသည်။ ဤသို့ဖြင့် အစည်းအဝေးပြီးမှ အောက်ပါ တောင်းဆိုချက်များကို တောင်းဆိုပြီး အတည်ပြုလိုက်သည်။

(၁) အောင်ဆန်းအြက်တလီစာချုပ်အား အောက်ပါအချက်များအရ အစည်းအဝေးက လက်မခံနိုင် ကြောင်း၊

(က) မြန်မာပြည်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့၌ ကရင်တဦးယောက်မျှ ပါဝင်ခြင်းမရှိခြင်း၊

(ခ) တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ၌ သတ်မှတ်ထားသော ကရင်ကိုယ်စားလှယ်ဦးရေသည် လွန်စွာနည်းပါးနေခြင်း၊

(ဂ) ကရင်အမျိုးသားစစ်တပ်တည်ရှိရေးနှင့်ပတ်သက်၍ မသေမချာဖြစ်နေခြင်း၊

(ဃ) ကရင်လူမျိုးများ တောင်းဆိုထားသော ကရင်သီးသန့်ပြည်နယ်ကိစ္စ လုံးဝမပါရှိခြင်း၊

(င) အောင်ဆန်းအြကက်တလီစာချုပ် ချုပ်ဆိုရေးတွင် ကရင်ခေါင်းဆောင်များအား လုံးဝအသိပေးခြင်း၊ ဆွေးနွေးခြင်းမရှိခြင်း၊

(စ) အထက်ပါအချက်များအား ဘိလပ်နန်းရင်းဝန်ထံ အကြောင်းကြားရန်နှင့် (၁၉၄၇)ခု၊ မတ်လ (၃)ရက်နေ့အထိ တစုံတရာပြန်ကြားခြင်းမရှိပါက ကရင်အမျိုးသားများအနေနှင့် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲအားသပိတ်မှောက်သွားရန်၊

(၂) ယင်းအစည်းအဝေးမှ တောင်းဆိုချက်များအား ဘိလပ်ပါလီမန်က မတ်လ(၃)ရက်နေ့ နောက်ဆုံးထား၍ ပြန်ကြားရန်၊ ပြန်ကြားခြင်းမရှိပါက ဘုရင်ခံအမှုဆောင်အဖွဲ့(ဝန်ကြီးအဖွဲ့)မှ စောဘဦးကြီးသည် ကန့်ကွက်သည့်အနေဖြင့် အစိုးရအဖွဲ့မှ နုတ်ထွက်ရန်၊

(၂) စောစံဖိုးသင်၊ စောဘဦးကြီး၊ စောသာဒင်၊ စောဘဲလေ၊ ဦးလှဖေ (သထုံ)၊ ဆရာသာထိုတို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဘိလပ်ပါလီမန်ကိုယ်စားလှယ်(မစ္စတာဘော်တွမ်ပလေ)နှင့် အထက်ပါကိစ္စရပ်များအား တွေ့ဆုံတင်ပြရန်။

*(မောင်စင်ကြယ်၏ မြန်မာပြည်ချစ်ကရင်အမျိုးသားခေါင်းဆောင်များ)*

ကရင်ညီလာခံဆုံးဖြတ်ချက်များကို လန်ဒန်မြို့ရှိ နန်းရင်းဝန်ထံသို့လည်း ပေးပို့ခဲ့သည်။ ကရင်တို့၏အရေးကို ၁၉၄၇–ခုနှစ်၊ မတ်လ(၃)ရက်နေ့အထိ လိုက်လျောခြင်းမပြုပါက တိုင်းပြည်ပြုလွှတ်တော်ကို သပိတ်မှောက်ပြီး စာချုပ်ကို ကန့်ကွက်သည့်အနေနှင့် စောဘဦးကြီးရာထူးမှ နုတ်ထွက်မည်ဟူ၍ ရာဇသံပေးခဲ့ကြသည်။ ကရင်ညီလာခံကို ၁၉၄၇–ခုနှစ်၊ ဖေဖော်ဝါရီလ(၅)ရက်နေ့မှ (၇)ရက်နေ့အထိ ဆက်လက်ကျင်းပခဲ့ကြသည်။ ထို့နောက် ယခင်ဖွဲ့စည်းထားသော ကေစီအို၊ ဘီကေအင်(န်)အို၊ ကေဝိုင်အို၊ ဒေါကလူ(ခေါ်) ကေအင်အေအဖွဲ့များကို ပူးပေါင်း၍ ကေအင်(န်)ယူအဖွဲ့ကြီး(Karen National Union)ကို ၁၉၄၇–ခုနှစ်၊ ဧပြီလ (၆)ရက်နေ့တွင် ဖွဲ့စည်းလိုက်ကြသည်။

ကေအင်(န်)ယူ ဗဟိုဦးစီးအဖွဲ့ဝင်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(၁) စောစံဖိုးသင် (ဥက္ကဋ္ဌ)၊
(၂) ဦးလှဖေ (ဒု–ဥက္ကဋ္ဌ)၊
(၃) ဆရာသာထို (အတွင်းရေးမှူး)၊
(၄) မန်းဂျိန်းထွန်းအောင် (တွဲဘက်အတွင်းရေးမှူး)၊
(၅) မန်းဘခင် (ငွေထိန်း)၊
(၆) စောဘဦးကြီး (အမှုဆောင်)၊
(၇) စောသာဒင် ( ။ )၊
(၈) မန်းဘခိုင် ( ။ )၊
(၉) မန်းဝင်းမောင် ( ။ )၊
(၁၀) စောဟန်တာသာမွှေး ( ။ )၊
(၁၁) မန်းဘဇံ ( ။ )၊
(၁၂) စောကျော်စိန် ( ။ )၊

(၁၃) မန်းပေါ်အေးငြိမ်း ( ။ )၊

(၁၄) စောစံကေး ( ။ )၊

(၁၅) စောစိန်တင် ( ။ )၊

(၁၆) စောအောင်ဝင်း ( ။ )၊

(၁၇) ဆစ်ဒနီလူနီ ( ။ )၊

*ပြည်တွင်းသောင်းကျန်းမှုအပိုင်း(၁)*

## တောင်းပွဲနှင့် တိုက်ပွဲ

ယင်းသို့ (K.N.U)ဖွဲ့စည်းပြီး ဖြစ်သော်လည်း (K.N.U)မှ (K.Y.O) ခေါင်းဆောင်များနုတ်ထွက်သွားသဖြင့် အခြေအနေမှာ မရေရာမသေချာဖြစ်သွားသည်။ ဤတွင် အမျိုးသားရေးကို ရှေ့ရှုလျက် (K.N.U-K.Y.O-B.K.N.A) တဖွဲ့လျှင် ကိုယ်စားလှယ်(၃)ဦးစီရွေး၍ မြန်မာနိုင်ငံဆိုင်ရာဝန်ကြီးနှင့် တွေ့ဆုံလျက် အောက်ပါတောင်းဆိုချက်များကို တောင်းဆိုရန် ဆုံးဖြတ်ကြသည်။

(၁) ကရင်သီးသန့်မဲဆန္ဒနယ် မသတ်မှတ်ရသေးသော အင်းစိန်၊ ပဲခူး၊ သာယာဝတီ၊ ဖျာပုံ၊ ထားဝယ်နှင့်မြိတ်ခရိုင်တို့အတွက် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ၌ ကရင်ကိုယ်စားလှယ်(၁၇)ဦး သီးသန့်ထားရှိပေးရန်၊

(၂) မြန်မာနိုင်ငံအစိုးရအဖွဲ့တွင် ကရင်ကိုယ်စားလှယ် (၂၅)ရာခိုင်နှုန်း ပါဝင်စေရန်၊

(၃) သီးသန့်ရှိနေသော ကရင်စစ်တပ်အား ဆက်လက်ထားရှိသွားရန်၊

(၄) ကရင်ပြည်နယ်ထူထောင်ရေးအား မူအားဖြင့် သဘောထူထားရန်၊

(၅) လာမည့်အုပ်ချုပ်ရေးယန္တရား၌ ဌာနအသီးသီးတွင် ကရင်အမျိုးသား များအား လူဦးရေအချိုးအစားအလိုက်ခန့်ထားပေးရန်၊

(၆) ရွေးကောက်ပွဲအတွက် မှန်ကန်သော သန်းခေါင်စာရင်း ကောက်ခံရန်။

ဤထက်ပါ တောင်းဆိုချက်နှင့်ပတ်သက်၍ (၁၉၄၇)ခု၊ ဖေဖော်ဝါရီ(၂၈) ရက်နေ့တွင် မြန်မာနိုင်ငံဝန်ကြီးအဖွဲ့ကိုယ်စားဗိုလ်ချုပ်အောင်ဆန်း (မြန်မာဝန်ကြီး အဖွဲ့ဒုတိယဥက္ကဋ္ဌ)ခေါင်းဆောင်သော ဝန်ကြီးအဖွဲ့သည် စောစံဖိုးသင်ခေါင်းဆောင် သော ကရင်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ၍ ဆွေးနွေးသည်။ ယင်းဆွေး နွေးပွဲတွင် ကရင်အမျိုးသားဝန်ကြီးနှစ်ဦးဖြစ်သော မန်းဘခိုင်နှင့်စောဘဦးကြီး (ဝန်ကြီးအဖွဲ့မှ နုတ်မထွက်သေးမီ)တို့လည်း တက်ရောက်ကြသည်။

ယင်းတောင်းဆိုချက် (၆)ချက်အနက်မှ (၃)ချက်ဖြစ်သော စစ်တပ်ဆက် လက်တည်ရှိရေးနှင့်နောက်ဆုံး(၆)ချက်။ သန်းခေါင်စာရင်းကောက်ခံရေးကို သဘောတူသည်။ ဘိလတ်ပြန်စာမှာ အချိန်မီ ရောက်မလာပဲ ရောက်မှရောက်လာ သောအခါ ညီလာခံက လက်မခံတော့ပါ။ သို့ဖြင့် (K.N.U)၏ အရေးပေါ်အစည်း အဝေးကို ထပ်မံခေါ်ယူ၍ မူလဆုံးဖြတ်ချက်ထားသည့်အတိုင်း တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲကို သပိတ်မှောက်ကြောင်း ဆုံးဖြတ်ချက်အပြင် စောဘဦးကြီးပါ အစိုးရအဖွဲ့ဝင်ဝန်ကြီးက နုတ်ထွက်လိုက်လေသည်။

*(မောင်စင်ကြယ်၏ မြန်မာပြည်ချစ်ကရင်အမျိုးသားခေါင်းဆောင်များ)*

စောစံဖိုးသင်သည် (K.N.U)အဖွဲ့ချုပ်တွင် သူကဥက္ကဋ္ဌနှင့်စောဘဦးကြီးက ဒုတိယဥက္ကဋ္ဌဖြစ်ကြရာမှ စောဘဦးကြီးဝန်ကြီးအဖြစ်က နုတ်ထွက်သွားပုံကိုလည်း အောက်ပါအတိုင်း ရေးသားထားလေသည်၏၊

ယင်းအစည်းအဝေးကြီးမှနေ၍ ကေအင်(န်)ယူခေါ် ကရင်အမျိုးသား အစည်းအရုံးကို ဖွဲ့စည်း၏။ ကေအင်(န်)ယူဥက္ကဋ္ဌအဖြစ် ကျွန်တော့်ကိုရင်း၊ ဒု– ဥက္ကဋ္ဌ အဖြစ် စောဘဦးကြီးကိုရင်း ရွေးချယ်ကြ၏။

စောဘဦးကြီးက အလွန်ပြတ်သား၏ ကရင်တွေက သူ့ကိုရာထူးထွက်ခိုင်းရာ ခေါင်းညိတ်၍ ကတိပေးပြီး ချက်ချင်းပင်ဝန်ကြီးရာထူးမှ ထွက်ကြောင်းစာကို ဘုရင်ခံဆာဟူးဘတ်ရန့်(စ်)ထံသို့ ပို့လိုက်လေသည်။

ယင်းသို့ စောဘဦးကြီးဝန်ကြီးဘဝက နုတ်ထွက်သွားပုံကို မာတင်စမစ်ကလည်း(Martinsmith) အောက်ပါ အတိုင်းရေထားလေသည်။

**"ကရင်လူကြီးသူမများကတော့ ဤအဆင့်၌ ဗြိတိသျှအား ဆန့်ကျင်ရန် မကြိုက်ကြပါ။ ဤတွင် (K.N.U)အတွက် ဆုံးရှုံးနစ်နာနိုင်သည့် နည်းပရိယာယ်တခုကို ချမှတ်ရန်နေရာဆီသို့ ရောက်လာတော့သည်။ ထိုနေ့မှာပင် ကရင်ခေါင်းဆောင်များသည် မှားယွင်းသောသမိုင်း၏ အစိတ်အပိုင်းအား ဖြတ်သန်းရန် ရောက်ရှိလာသည်။ မတ်လ(၅)ရက်နေ့တွင် စောဘဦးကြီး(လူငယ်အောက်စ ဖို့ဒ်ဘွဲ့ရဝတ်လုံ)သည် (K.N.U) ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံလိုက်ရပြီးနောက်၌ သူ၏ဘုရင်ခံ အမှုဆောင်အဖွဲ့(ဝန်ကြီး)ရာထူးမှလည်း နုတ်ထွက်လိုက်သည်။ ဤနေရာတွင် (K.N.U)၏ သပိတ်မှောက်ရေး နည်းဗျူဟာကို ဦးဆောင်တင်သွင်းခဲ့သူ စောစံဖိုးသင်က ရယူ လိုက်သည်။ ဤသည်မှာ နိုင်ငံရေးနယ်ပယ်၌ အခွင့်အလမ်းများစွာအနက်မှ တခုပင် ဖြစ်သည်။ နောက်ပိုင်းတွင် စောဘဦးကြီးက သူသည်စောစံဖိုးသင်၏ မျက်နှာကို မကြည့်ချင်ကြောင်း ပြောလေသည်။"**

## (K.N.U)ဒုတိယအကြိမ်နှင့် (K.N.D.O)ဖွဲ့စည်းခြင်း

(K.N.U)ထဲမှ (K.Y.O)ထွက်ခွါသွားပြီးနောက် (၁၉၄၇)ခုနှစ်၊ ဧပြီလ(၂၀)ရက်နေ့တွင် (K.N.U) အရေးပေါ်ညီလာခံတရပ်ကျင်းပလေသည်။ ထိုအချိန်တွင် တိုင်းပြုပြည်ပြုလွှတ်တော်မှာ ဧပြီလ(၉)ရက်နေ့တွင် ပထမဆုံးအကြိမ်ကျင်းပလေသည်။ ယင်းညီလာခံတွင် စောစံဖိုးသင်ဥက္ကဋ္ဌနေရာတွင် စောဘဦးကြီးဖြစ်လာသည်။ (K.N.D.O)ကို ဖွဲ့စည်းရာ မန်းဘဇန်မှာ ကာကွယ်ရေးတာဝန်ခံ

ဖြစ်လာလေသည်။ (K.N.U)၏ အရေးပေါ်ညီလာခံတွင် အောက်ပါအမှုဆောင်အဖွဲ့ကို ရွေးချယ်ကြသည်။

(K.N.U)အရေးပေါ်ညီလာခံတွင် အောက်ပါအမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်သည်၊

| | |
|---|---|
| (၁) စောဘဦးကြီး | (ဥက္ကဋ္ဌ)၊ |
| (၂) မန်းစောဘု | (ဒုတိယဥက္ကဋ္ဌ)၊ |
| (၃) ဆရာသာထို | (အတွင်းရေးမှူး)၊ |
| (၄) မန်းဂျိမ်း(စ်)ထွန်းအောင် | (တွဲဘက်အတွင်းရေးမှူး)၊ |
| (၅) မန်းဘခင် | (ငွေထိန်း)၊ |
| (၆) စောသာဒင် | (ဘဏ္ဍာရေးမှူး)၊ |
| (၇) စောဟန်တာသာမွေး | (ပညာရေး)၊ |
| (၈) စောမောင်ဝင်း | (ပြန်ကြားရေး)၊ |
| (၉) မန်းဘဇန် | (ကာကွယ်ရေး)၊ |
| (၁၀) စောစန်းကေ(သုဝဏ္ဏတိုင်းသတင်းစာအယ်ဒီတာချုပ်)၊ | |
| (၁၁) စကောမောလေး | (လူငယ်တာဝန်)၊ |
| (၁၂) ဦးဇန်(အရေးပိုင်ဟောင်း)(အုပ်ချုပ်ရေး)၊ | |
| (၁၃) မစ္စလူနီ | (အမျိုးသမီး)တို့ ဖြစ်ကြသည်။ |

## (K.N.U)အရေးပေါ်ညီလာခံမှ တောင်းဆိုချက်များ

(၁) ကရင်ပြည်နယ်ထူထောင်ရေးနှင့် ကရင့်ကံကြမ္မာ ကရင်ဖန်တီးရေးတွင် ကရင်အမျိုးသားတဦး ထိခိုက်နစ်နာလာပါက ကရင်တမျိုးသားလုံး၏ အရေးအဖြစ်သဘောထားမည်၊

(၂) တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲသို့ ဝင်ရောက်အရွေးခံမည့် ကရင်ကိုယ်စားလှယ်များသည် ကရင်ကိုယ်စားလှယ်အစစ်အမှန် မဟုတ်သဖြင့် ကရင်လူထုက မဲပေးသည်ဟု မယူဆရန်၊

(၃) ကရင်လူထုကြီး၏ဆန္ဒအရ ဝန်ကြီးရာထူးမှ နုတ်ထွက်လာသော စောဘဦးကြီးအား ချီးကျူးဂုဏ်ပြုကြောင်းမှတ်တမ်းတင်ရန်၊ ကရင်လူထုကြီး၏ ဆန္ဒအရ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ ဝင်ရောက်ခြင်းမပြုသော ကရင်ခေါင်းဆောင်များနှင့် မဲဆန္ဒနယ် အသီးသီးတွင် မဲဆန္ဒပေးခြင်းမပြုသော ကရင်လူထုကြီးအား ကျေးဇူးတင်ဂုဏ်ပြုကြောင်း မှတ်တမ်းတင်ရန်၊

(၄) ဤအရေးပေါ်ညီလာခံမှတဆင့် "လူမျိုးစုတပ်ဦး"တခု ဖွဲ့စည်းထူထောင်သွားရန်၊

(၅) (K.N.U)၏ ကြွေးကြော်သံနှင့်အာဘော်အဖြစ် အပါတ်စဉ် သတင်းစာတစောင်ကို အမြန်ဆုံးထုတ်ဝေသွားရန်။

အထက်ပါ ဆုံးဖြတ်ချက်များအနက် နောက်ဆုံး ဆုံးဖြတ်ချက်ဖြစ်သည့် (K.N.U)၏ ကြွေးကြော်သံနှင့်အာဘော်အဖြစ် "သုဝဏ္ဏတိုင်း"အမည်ရှိ အပါတ်စဉ် သတင်းစာတစောင်ကို မကြာမီပင် ထုတ်ဝေနိုင်ခဲ့သည်။

ယင်းသို့ တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲပြီးသည့်နောက် (K.N.U)က တောင်းပွဲနှင့်တိုက်ပွဲများ အရှိန်မြှင့်ဆင်သကဲ့သို့ "သံလွင်ခရိုင်" မဲဆန္ဒနယ်မှ တက်လာသော စောဝီရီဂျော်(ဒေါက်တာ တီသံပြာ၏မြေးတော်သူ)နှင့် စောတီဖိုးကူးတို့ကလည်း သံလွင်ခရိုင်အတွက် ဆက်လက်၍ တောင်းဆိုမှုများ ပြုခဲ့ကြသည်။

(၁) သံလွင်ခရိုင်အား သီးခြားကရင်ပြည်နယ်အဖြစ် သတ်မှတ်ပေးရေး၊

(၂) ထိုကရင်ပြည်နယ်သည် ဘဏ္ဍာရေးကိစ္စအပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေး၊

(၃) ကာကွယ်ရေး၊ လမ်းပမ်းဆက်သွယ်ရေး၊ ငွေရေးကြေးရေးကိစ္စတို့တွင် ဝန်ကြီးများအုပ်ချုပ်သော မြန်မာအစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားရန်ဟု ဖေါ်ပြထားလေသည်။

ကေအင်(န်)ယူဖွဲ့စည်းပြီး (၁၀)ရက်အကြာ ၁၉၄၇–ခုနှစ်၊ ဧပြီလ(၁၆) ရက်နေ့တွင် ကေအင်(န်)ယူ၏ စစ်လက်နက်ကိုင်တပ်ဖွဲ့ ကေအင်ဒီအို(Karen National Defence Organization)ကို ဖွဲ့စည်းခဲ့သည်။ ကေအင်(န်)ယူညီလာခံဆုံးဖြတ်ချက်များတို့ကို ဗြိတိသျှနန်းရင်းဝန်ထံကိုသာမက (ဖဆပလ)အစိုးရသို့လည်း ပေးပို့ခဲ့သည်။

## နိုင်ငံရေးနှင့် ပုဂ္ဂိုလ်ရေးပြဿနာ

ဤတွင် စောစံပိုးသင်၏စာအုပ်ပါအရ စောစံပိုးသင်၏ အပြောအဆိုများကို လေ့လာသုံးသပ်ကြည့်လျှင် စောစံပိုးသင်၏ စောဘဦးကြီးအပေါ်ထားရှိသည့် သဘောထားသည် ထင်ရှားနေပေသည်။ ယင်းသဘောထားသည်လည်း လူ့သဘာဝအရ လူတို့တွင်ရှိနေသော၊ ဖြစ်နေသောလူ၏စိတ်ဆန္ဒများအရပင် ဖြစ်လေသည်။ တချို့သော အရေးအသားတွင် စောဘဦးကြီးကိုမှုမက နိုင်ငံရေးအမိအဘသဖွယ်ဖြစ်နေသော ဒေါက်တာစံစီဖိုးကိုပင် ထိပါးမှုများရှိနေပေသည်။

ဤနေရာတွင် စောဘဦးကြီးနှင့်စောစံဖိုးသင်တို့၏ ပုဂ္ဂိုလ်ရေးအကြောင်းကို နှိုင်းယှဉ်ချက်ဖြင့် ကြည့် သင့်ကြပေသည်။ မြေပိုင်ရှင်လယ်ပိုင်ရှင်သားနှင့် ဘီလပ်ပြန်ဝတ်လုံဖြစ်သူ စောဘဦးကြီးသည် စောစံဖိုးသင် ထက်များစွာတည်ငြိမ်ရင့်ကျက်ပုံရသည်။ စောစံဖိုးသင်သည် သူ၏ဘဝကိုတည်ဆောက်ရာတွင် ပြာလောင်လွန်းလှပေသည်။ အတွေ့အကောက်နှင့်အနိမ့်အမြင့်တွေ များလွန်းလှပေသည်။ ဘင်ခရာတီးသူ၊ ဂီတဖြင့် ဝိဇ္ဇာဘွဲ့ရသူ၊ စစ်တပ်ထဲဝင်သူ၊ နိုင်ငံရေး

သမားမှ ဝန်ကြီးတိုင်းမင်းကြီး၊ ထိုမှတဆင့် ထောင်ထဲရောက်ပြန်သူ၊ ထောင်ထဲမှ တောထဲရောက်သူ၊ ကိုးကွယ်ဝတ်ပြုမှုတွင်လည်း ခရစ်ယာန်မှသဃ်္ဃန်းဝတ်သူ၊ နောက်ဆုံး သူ့စာအုပ်ထဲတွင် ပါသကဲ့သို့ပင် ကရင်လူမျိုးတွေ၏ အမြင်တွင် များစွာပင်ရှုပ်ထွေးကုန်ပါတော့သည်။

## ဗိုလ်ချုပ်ခေါ်ပြီ

ဗိုလ်ချုပ်အောင်ဆန်းက တွေ့ချင်သည်ဆို၍ သူ့အိမ်သွားသောအခါတွင် သူကကျွန်တော့်ကို ဝန်ကြီးရာထူးလက်ခံလိုက်ရန် နားချလေသည်။ သူကဆို၏။

**''ဦးစောစံဖိုးသင်၊ ဝန်ကြီးရာထူးကို လက်ခံလိုက်ပါ၊ ခင်ဗျားမလုပ်ရင် စောဘဦးကြီး ပြန်လုပ်လိမ့်မယ်။ စောဘဦးကြီးက သူမစဉ်းစားဘဲ ဝန်ကြီးရာထူးက ထွက်မိပါတယ်။ သူ့နှုတ်ထွက်စာကို ပြန်ရုပ်သိမ်းပါရစေလို့ ဘုရင်ခံကို သွားပြောနေတယ်။ ဆာဟူးဘတ်ရန့်(စ်)ကလည်း စောဘဦးကြီးကို ပြန်ခန့်ချင်တဲ့ပုံပဲ။ ကျွန်တော့် အနေနဲ့တော့ စောဘဦးကြီးနဲ့ယှဉ်ရင် ဦးစံဖိုးသင်ကို လိုချင်တယ်''** ကျွတ်တော့်ကပြုံး၍ **''မဟုတ်ပါဘူး ဗိုလ်ချုပ်၊ ဝန်ကြီးလုပ်ရင် ဒုက္ခဖြစ်လိမ့်မယ်။ မိန်းမကတောင် ဝန်ကြီးလုပ်မယ်ဆိုရင် ကျွန်တော့်ကို ကွာမယ် ဘာမယ် ပြောနေတယ်''**

ဗိုလ်ချုပ်က **''အောင်မယ်လေးဗျာ၊ မိန်းမပဲ ရှားတာမှတ်လို့၊ ဒီကိစ္စ ကျုပ်တာဝန်ထားဗျာ။ ဟား...ဟား''**

ဗိုလ်ချုပ်က မရယ်စဖူး ဟက်ဟက်ပက်ပက် ရယ်နေပြန်တော့ ကျွန်တော် ဆိုတဲ့လူက သူ့အပြောမှာ အကျကြီးကျသွားပြန်ပါသည်။ ဗိုလ်ချုပ်နှင့်အတူ ဆိုတော့လည်း ဘာပဲဖြစ်ဖြစ်ချမယ်၊ လုပ်မယ်ဟုဆုံးဖြတ် လိုက်မိသောကြောင့် သူ့နောက်သို့ ကောက်ကောက်ပါ လိုက်ရပြန်လေ၏။

စောစံဖိုးသင်က ဆက်လက်ရေးသားထားပြန်ရာ –

# ဝန်ကြီး စောစံဖိုးသင်

မျှော်လင့်ထားသလိုကား ဖြစ်လာ၏။ ကျွန်တော်ဝန်ကြီးရာထူးကို လက်ခံလိုက်သည်နှင့် ကရင်လူထုက ကျွန်တော့်ကို ရှုံ့လည်းရှုံ့ကြ၊ မုန်းလည်းမုန်းကြနှင့် ကရင်တွေပြောသမျှ ကျွန်တော်ခံရလေသည်။ ကရင်တွေ၏ တံတွေးခွက်မှာ ကျွန်တော်တယောက် ပက်လက်မျောပါရပါတော့သည်။

ကရင်အမျိုးသားပိုလ်မှူးကြီး လီယွန်နယ်ဖိုးခေါ် သခင်ဖိုးနှင့်တွေ့တော့ သူကကျွန်တော့်ကို ပြောပါသည်။

"ဒီစောဘဦးကြီးဆိုတဲ့ကောင်ကို ငါတော့ ကြည့်လို့မရဘူး။ သူဝန်ကြီးရာထူးက ထွက်ပြီးတော့ သူ့ယောက်ဖစီစီဖိုးက သူ့ကို ခွေးပြောဝက်ပြော၊ ကြိမ်းလားမောင်းလား လုပ်တော့တာပါပဲ။ ဒါနဲ့ သူ့နှုတ်ထွက်လွှာကို ပြန်ရုပ်သိမ်းပါတယ်လို့ ပြန်တင်လိုက်တော့တယ်။ အဲဒီကိစ္စတောင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဘုရင်ခံရန့်(စ်)တို့ အတော်စကားများကြရသေးတယ်။ စောဘဦးကြီးက ငါ့အဖေ ဒေါက်တာစံစီဖိုးကိုတောင် မထေမဲ့မြင်ပြောသေးတာကွာ။ စံစီဖိုးဟာ မိန်းမတွေအများကြီးယူတယ်တဲ့။ မိန်းမလေးယောက်တောင် ယူခဲ့တာတဲ့။ သွားပုပ်လေလွင့်ပြောတယ်။ ငါဘယ်ခံမလဲ ပြန်ချေပလိုက်တာပေါ့။ ဟော့… ငါ့အဖေက မိန်းမတယောက်သေလို့ တစ်ယောက်ထပ်ယူတာလို့၊ သူ့လို မိန်းမတွေ တစ်သီကြီးထားတာ မဟုတ်ဘူးလို့ ပြန်ပြောလိုက်တယ်လေ။"

*(စောစံဖိုးသင်၏ အတ္ထုပ္ပတ္တိ)*

ကရင်လူထုက စောစံဖိုးသင်ကို မုန်းကြသည်မှာ အကြောင်းမဲ့ကား မဟုတ်ပါချေ၊ (K.N.U) အစည်းအဝေးတွင် စောစံဖိုးသင်သည် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကို သပိတ်မှောက်ရန် အဆိုတင်ထောက်ခံသည်။ ယင်းအဆိုအရ ဝန်ကြီးစောဘဦးကြီးမှာ ဝန်ကြီးကနှုတ်ထွက်သွားသောအခါ သူပင်ကောက်ကာငင်ကာဖြင့် ဝန်ကြီးရာထူးကို လက်ခံရယူလိုက်လေသည်။ အထူးသဖြင့် စောစံဖိုးသင် ပိုင်းလမ်း(Pine)နေအိမ်တွင် နေထိုင်သောအခါ

ကရင်များသည် သူ့အိမ်ရှေ့ရောက်လျှင် သူ့အိမ်ကို မကြည့်ပဲ လျှောက်သွားကြလေသည်။


စောဘဦးကြီး ဝန်ကြီးအဖွဲ့မှ နှုတ်ထွက်စာတင်စဉ် ပထမဆုံး စေတနာဖြင့် ဖြောင်းဖျနားချခဲ့သူမှာ ဘုရင်ခံဆာဟူး ဘတ်ရန့်(စ်)ပင် ဖြစ်သည်။

ဘုရင်ခံဆာဟူးဘတ်ရန့်(စ်)ကမူ ၁၉၄၇–ခုနှစ်၊ မေလ(၄)ရက် စောဘဦးကြီးနှုတ်ထွက်စာတင်ပြီး၊ နောက်တနေ့၌ စောဘဦးကြီးအား တွေ့ဆုံပြောကြားခဲ့ရာတွင်၊ ယခုအချိန်သည် ကရင်အမျိုးသားများအတွက် အရေးကြီးသောအချိန်ဖြစ်ကြောင်း၊ အကျိုးမရှိသည့်အမှုမျိုးကို မဆောင်ရွက်သင့်ကြောင်း၊ ကရင်တို့၏ အနာဂတ်ရေးကို တိုင်းပြုပြည်ပြုလွှတ်တော်တွင် ဥပဒေကြောင်းအရသာတောင်းဆိုသင့်ကြောင်းနှင့်စောဘဦးကြီး၏ နှုတ်ထွက်စာကို လက်မခံလိုကြောင်းတွေ့ဆုံပြောကြားခဲ့လေသည်။

# အခန်း(၈)

## ရီး(စ်)ဝီလီယံ၏ တောင်တန်းဒေသစုံစမ်းရေး အစီရင်ခံစာ

Col. Rees-Williams (later Lord Ogmore), who headed the Frontier Areas Committee of Enquiry (FACE), seen with his fellow committee members. On his left is Sao Sam Htun, Prince of Mongpawn, who died mysteriously after he was superficially wounded during the assassination of Aung San on July 19, 1947.



ဗိုလ်ချုပ်အောင်ဆန်းသည် “အောင်ဆန်း–အက်တလီ”စာချုပ်အရ တိုင်းပြုပြည်ပြု လွှတ်တော်မစတင်မီလေးတွင် အစီရင်ခံစာတင်သွင်းရန် မူလကစီစဉ်ထားသော်လည်း ပင်လုံစာချုပ်အရ ဘုရင်ခံဆာဟူး ဘတ်ရန့်(စ်)နှင့် ဘော်တွမ်လေတို့က ဗမာနှင့်တောင်တန်းသားများကြား ရှင်းလင်းစေရန် တောင်တန်းဒေသ စုံစမ်းရေးကော်မတီတခုဖွဲ့သင့်ကြောင်း အကြံပေးသဖြင့် ယင်းအဖွဲ့ကို ဖွဲ့စည်းရလေသည်။ အဖွဲ့၏ဥက္ကဋ္ဌမှာ ဗြိတိသျှလွှတ်တော် လေဘာအမတ်“ဒေးဗစ်ရီး(စ်)ဝီလျံ”(David Rees-Williams)ဖြစ်၍ အဖွဲ့ဝင်

များမှာ သခင်နု၊ ဦးတင်ထွဋ်၊ ဦးကျော်ငြိမ်း၊ ဗိုလ်ခင်မောင်လေး၊ မိုင်းမွန်စော်ဘွား စဝ်စံထွန်း၊ ဆမားဒူးဝါးဆင်ဝါးနောင်၊ ဦးဝမ်ကိုဟော၊ စောစန်းကော၊ စောမြင့်သိန်းတို့ပါဝင်ကြသည်။ အဖွဲ့၏အတွင်းရေးမှူးနှင့်တွဲဘက်အတွင်းရေး မှူးတို့မှာ ဘက်ဒဝစ်နှင့်ဦးထွန်းဖေတို့ ဖြစ်ကြသည်။

## စုံစမ်းစစ်ဆေးတွေ့ရှိတင်ပြချက်

တောင်တန်းဒေသနယ်မြေများရှိ လူထု၏သဘောထားရယူရန် တောင်တန်းဒေသများ အထူးစုံစမ်း စစ်ဆေးရေးကော်မတီ၏ စုံစမ်းစစ်ဆေးရေးလုပ်ငန်းကို (၁၉၄၇)ခု၊ မတ်လ(၁၈)ရက်နေ့မှ (၁၉၄၇)ခု၊ ဧပြီလ (၂၁)ရက်နေ့အထိ အချိန်ယူ တွေ့ဆုံမေးမြန်းပြီးနောက် (၁၉၄၇)ခု၊ ဧပြီလ(၂၄)ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းနိုင်ခဲ့ပေသည်။

## တောင်တန်းဒေသခရီး

အဖွဲ့ဥက္ကဋ္ဌရီး(စ်)ဝီလျံသည် တောင်တန်းဒေသမှ ကိုယ်စားလှယ်တို့ကို တွေ့ဆုံမေးမြန်းခြင်းမပြုမီ တောင်တန်းဒေသခေါင်းဆောင်အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးရန် ဆန္ဒရှိခဲ့သည်။ ထို့ကြောင့် မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၊ ဦးတင်ထွဋ်၊ ဗိုလ်ခင်မောင် ကလေးတို့နှင့်အတူ (၁၉၄၇)ခုနှစ်၊ မတ်လ(၇)ရက်နေ့မှ (၁၇)ရက်နေ့အထိ ကချင်၊ ရှမ်းနှင့် ကရင်နီနယ်များသို့ ခရီးထွက်ခဲ့သည်။ ၎င်းတို့ အဖွဲ့သည် ရန်ကုန်မှ မြစ်ကြီးနားသို့ လေယာဉ်ဖြင့် ထွက်ခွာပြီး မြစ်ကြီးနားမှ ဗန်းမော်၊ လွိုင်လင်၊ တောင်ကြီး၊ လွိုင်ကော်၊ မော်ချီး၊ တောင်ငူသို့ ကားဖြင့် သွားကာ မတ်လ(၁၇)နေ့တွင် တောင်ငူမှ ရန်ကုန်သို့ကားဖြင့် ပြန်လာခဲ့ကြသည်။ ဦးတင်ထွဋ်နှင့်ဗိုလ် ခင်မောင်ကလေးတို့မှာ ခရီးစဉ်အစအဆုံး လိုက်ပါခြင်းမရှိပဲ လားရှိုးအထိသာ လိုက်ပါခဲ့ပြီး မန္တလေးနှင့်မိတ္ထီလာမှတဆင့် ရန်ကုန်မြို့သို့ ပြန်ခဲ့ ကြသည်။

# လုပ်ငန်းစဉ်

တောင်တန်းဒေသစုံစမ်းရေးအဖွဲ့၏ ပထမအစည်းအဝေးကို (၁၉၄၇)ခုနှစ်၊ မတ်လ(၁၈)နေ့တွင် ကျင်းပသည်။ ထိုအစည်းအဝေးတွင် စုံစမ်းရေးအဖွဲ့ထံသို့ လာရောက်ထွက်ဆိုကြမည့် ပုဂ္ဂိုလ်များနှင့်အဖွဲ့အစည်းများအား မေးမြန်းမည့် မေးခွန်းများကို ရွေးချယ်စီစစ်အတည်ပြုကြသည်။ အခြေခံမေးခွန်းပေါင်း(၁၈)ခု ရှိသည်။

# "K.Y.O နှင့် K.N.U ထိပ်ထိုက်ရင်ဆိုင်မှု"

(၁၉၄၇)ခု၊ ဧပြီလ(၇)ရက်နေ့တွင် တိုင်းပြုပြည်ပြု လွှတ်တော်ရွေး ကောက်ပွဲကျင်းပသည်။ ရီး(စ်)ဝီလျံ၏ တောင်တန်းဒေသကော်မရှင်မှ တင်ပြချက် အရ ယင်းတိုင်းပြုပြည်ပြု ရွေးကောက်ပွဲတွင် ကရင်လူမျိုးများ အတွက် မဲဆန္ဒနယ် (၂၄)နေရာနှင့် သံလွင်ခရိုင်အတွက် မဲဆန္ဒနယ်(၂)နေရာကိုပါပေါင်းလျှင် စုစုပေါင်း (၂၆) နေရာဖြစ်သည်။

ယင်းတိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲတွင် နိုင်ငံရေးအရ မူလ (ဖဆပလ)နှင့်(K.N.U) ထိပ်တိုက်တွေ့နေရာမှ လောလောလတ်လတ်(K.N.U)နှင့် (K.Y.O)ပါ ထိပ်တိုက်တွေ့လာပြန်သည်။ ထိုစဉ်က ပုသိမ်မြို့ကို ဗဟိုပြု၍ နိုင်ငံရေး စကားစစ်ထိုးပွဲတရပ် ပေါ်ပေါက်ခဲ့ရာ အကြောင်းအရာခေါင်းစဉ်မှာ **"အဘယ် ကြောင့် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကို ဝင်ရောက်သင့်မဝင် ရောက်သင့်"**ဖြစ်သည်၏။ နိုင်ငံရေးစကားစစ်ထိုးသည့် ပုဂ္ဂိုလ်(၄)ယောက်စလုံး သည် ပုသိမ်နယ်သားအကျော်အမော်များပင် ဖြစ်ကြ၍ ထိုစဉ်က ဗမာရော ကရင်ပါ များစွာစိတ်ဝင်စားကြ၏။

ပထမနေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲသို့ မဝင်ရောက် သင့်သည့်အကြောင်းကို စောဘဦးကြီးနှင့် မန်းဂျိမ်းထွန်းအောင်(အလုံမစ်ရှင်လမ်း၊ ဘရေတန်အထက်တန်းကျောင်းအုပ်ဆရာကြီး)တို့က ဟောပြောကြသည်။ ဒုတိယ

နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲသို့ ဝင်သင့်ကြောင်းဘက်မှ စောစံဖိုးသင်နှင့်မန်းဝင်းမောင်တို့က ဟောပြောကြသည်။

ယင်းတိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲတွင် ကရင်မဲဆန္ဒနယ်မှ ရွေးချယ်ခြင်းခံရသောကရင်

အမတ်(၂၄)ဦးမှာ–

(၁) စောသာဒင်၊

(၂) ဆရာလှမင်း၊

(၃) ဦးဘိုးဇံ၊

(၄) မန်းဝင်းမောင်၊

(၅) ဆရာအေးဘီ၊

(၆) စောမောင်ဒေါက်၊

(၇) စောအောင်ပ၊

(၈) မန်းထွန်းရင်၊

(၉) မန်းသာဇင်၊

(၁၀) စောပေါ်လု၊

(၁၁) စောဘမောင်၊

(၁၂) မန်းကံအေး၊

(၁၃) မန်းအောင်ရှိန်၊

(၁၄) မန်းထွန်းရှုံ၊

(၁၅) ဗိုလ်အောင်မြိုင်၊

(၁၆) ဦးသာလှိုင်၊

(၁၇) ဦးစံညွန့်၊

(၁၈) စောဘရင်၊

(၁၉) စောအုန်းညွန့်၊

(၂၀) စောဝင်းတင်၊

(၂၁) စောဂျွန်ဆင်ဒီဘိုးမင်း၊

(၂၂) စောနော်တင်ဘွား၊

(၂၃) မန်းဘခိုင် (မန်းဘဆိုင်)၊

(၂၄) စောစံဖိုးသင်တို့ဖြစ်ကြည်။ သံလွင်ခရိုင်မှ ရွေးချယ်ခံရသော ကရင်အမျိုးသား ကိုယ်စားလှယ်နှစ်ဦးမှာ (၁) စောဝီရီဂျော်(နောက်ပိုင်း) စောလူလူနှင့် (၂) စောတီဘိုးကူးတို့ ဖြစ်ကြသည်။ (ဖဆပလ) အမတ်အဖြစ် ရွေးချယ်ခံရသော ကရင်အမျိုးသားများမှာ (၁) ဆရာဆာထူး(အင်းစိန်)၊ (၂) စောဘတင်(ဟံသာဝတီ)နှင့် (၃)စောကျော်ရင်(ဖျာပုံ)တို့ ဖြစ်ကြသည်။

ယင်းတိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲအား (K.N.U)က သပိတ်မှောက်ရန် လှုပ်ဆော်စည်းရုံးထားသောကြောင့် ကရင်မဲဆန္ဒနယ်တိုင်းတွင် မဲပေးသူနည်းပါးလေသည်။ သထုံကျေးလက်(အနောက်ပိုင်း မဲဆန္ဒနယ်)တွင် မဲပေးပိုင်ခွင့်ရှိသူ ကရင်ဦးရေအနက်(၂၃.၁)ရာခိုင်နှုန်း၊ ပုသိမ်ကျေးလက် (မြောက်ပိုင်း)မဲဆန္ဒနယ်တွင် (၂၃.၅)ရာခိုင်နှုန်းနှင့် တောင်ငူကျေးလက်မဲဆန္ဒနယ် တွင် စံချိန်တင်ဖွယ် မဲဆန္ဒပေးပိုင်ခွင့်ရှိသူ ကရင်ဦးရေ၏ (၇. ရ)ရာခိုင်နှုန်းသာ မဲပေးခဲ့ကြလေသည်။

*(မောင်စင်ကြယ်၏ မြန်မာပြည်ချစ် ကရင်အမျိုးသားခေါင်းဆောင်များ)*

## K.N.U မော်လမြိုင် ညီလာခံ

(၁၉၄၇)ခု၊ ဇူလိုင်လ(၁၉)ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များကျဆုံး ပြီးနောက် သခင်နု(ဦးနု)ခေါင်းဆောင်သော အစိုးရအဖွဲ့ကို ပြန်လည်ဖွဲ့စည်းသည်။ ကျဆုံးသွားသော ဝန်ကြီးမန်းဘခိုင် နေရာတွင် မန်းဝင်မောင်သည် ဝန်ကြီးနှင့်(K.Y.O)၏ ဥက္ကဋ္ဌဖြစ်လာသည်။ (၁၉၄၇)ခု၊ စက်တင်ဘာလ(၂၄)ရက်နေ့ တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေး ပြန်လည်စတင်သောအခါ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အတည်ဖြစ် သွားသည်။ ဤတွင် (K.N.U)၏ ကရင်ပြည်နယ်တောင်းဆိုချက်များသည် လွှတ်တော်အပြင်မှနေ၍ လူထုနှင့်နည်းဖြင့် တောင်းဆိုရန် ဖြစ်လာလေသည်။

ဤသို့ဖြင့် မော်လမြိုင်(K.N.U)ညီလာခံတွင် ကိုယ်စားလှယ်ပေါင်း (၇၀၀)ကျော် တက်ရောက်ခဲ့သည့်အနက် မွန်အမျိုးသားခေါင်းဆောင်များလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။ ယင်းညီလာခံ၏ အရေးကြီးသော အချက်တချက်မှာ (၁၉၄၇)ခု၊ ဧပြီလ(၂၃)ရက်နှင့် (၂၄)ရက်နေ့တွင် ကျင်းပခဲ့သော (K.N.U) အရေးပေါ် ညီလာခံ၏ ဆုံးဖြတ်ချက်ထဲတွင် ပါဝင်ခဲ့သည့် လူမျိုးစုတပ်ဦးတခု ဖွဲ့စည်းရေးလည်း ပါဝင်သည်။ ယင်း(K.N.U) မောင်လမြိုင်ညီလာခံ၏ ဆုံးဖြတ် ချက်များ ထဲတွင်–

(၁) ကရင်ကိုယ်စားလှယ်အစစ်အမှန် မပါသော တိုင်းပြုပြည်ပြုလွှတ် တော်မှ အတည်ပြုလိုက်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကရင်လူထုကလက်မခံကြောင်း၊

(၂) သီးသန့်ကရင်ပြည်နယ်ထူထောင်ရေးတွင် စည်းမျဉ်းဥပဒေတရပ်ရေး ဆွဲရန် လုပ်ငန်းကို ဗဟိုအမှုဆောင်အဖွဲ့အား တာဝန်ပေးလွှဲအပ် ကြောင်း၊

(၃) သီးသန့်ကရင်ပြည်နယ်ထူထောင်ရေးပြဿနာကို ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့သို့ အသိပေးအကြောင်းကြားရန်၊

(၄) ဗဟိုအမှုဆောင်အဖွဲ့အား ညီလာခံမှ အပြည့်အဝထောက်ခံကြောင်း၊

(၅) တောင်ငူခရိုင်အပါအဝင် တနင်္သာရီတိုင်း၊ အင်းစိန်ခရိုင်၊ ဟံသာဝတီခရိုင်နှင့် ညောင်လေးပင်ခရိုင်ခွဲ ပါဝင်သည့်ဒေသများ သီးသန့်ကရင်ပြည်နယ်အဖြစ် အသိအမှတ်ပြုရန်၊

(၆) လက်နက်ပုန်းရှိသူများအား သေဒဏ်ပေးမည့်ဥပဒေကြမ်းအား ချက်ချင်းရုတ်သိမ်းပေးရန်၊

(၇) လက်ရှိသုံးစွဲနေသော ကရင်အလံတော်အား ကရင်တမျိုးသားလုံး၏ အလံတော်အဖြစ် အသိအမှတ်ပြုရန်၊

အထက်ပါ အရေးကြီးသောဆုံးဖြတ်ချက်များအပြင် ယင်း(K.N.U) မော်လမြိုင်ညီလာခံမှ အောက်ပါကြွေးကြော်သံ (၄)ရပ်ကို ကြွေးကြော်၍ ညီလာခံကို အောင်မြင်စွာ ကျင်းပခဲ့၏။

**(၁) ကရင်ပြည်နယ် ချက်ချင်းပေး၊**

**(၂) ပြည်တွင်းစစ် အလိုမရှိ၊**

**(၃) လူမျိုးရေးအဓိကရုဏ်းအလိုမရှိ၊**

**(၄) ကရင်တကျပ်ဗမာတကျပ် ချက်ချင်းပြု** စသည်ဖြင့် ဖြစ်လေသည်။

## လွတ်လပ်ရေးနှင့် ပြည်တွင်းစစ်

(ဖတပလ)အစိုးရသည် (၁၉၄၈)ခု၊ ဇန်နဝါရီ(၄)ရက်နေ့တွင် မြန်မာနိုင်ငံအား လွတ်လပ်သောသမတနိုင်ငံအဖြစ်ကြေညာသည်။ နောက်တနေ့ဖြစ်သော ဇန်နဝါရီ(၅)ရက်နေ့တွင် (K.N.U)က ကရင်အမျိုးသားဆိုင်ရာ ကြေညာချက်တရပ်ထုတ်ပြန်ရာတွင် ကရင်လူမျိုးသည် မျိုးနွယ်စုတစု(Tribe)မဟုတ်ပဲ လူမျိုးတမျိုး(Nation)ဖြစ်ကြောင်းပါရှိသည်။ (မာနယ်ပလောလွတ်မြောက်ဒေသတွင် ယင်းနေ့ကို ကရင်အမျိုးသားနေ့အဖြစ်ကျင်းပသည်။) လွတ်လပ်ရေးရရှိသည့် (၁)လပြည့်နေသော ဖေဖော်ဝါရီ(၃)ရက်နေ့တွင် (K.N.U)က (ဖဆပလ)အစိုးရထံ သီးခြားကရင်ပြည်နယ်ထူထောင်ရေးနှင့်ပတ်သက်သော စာတစောင်ပေးပို့ခဲ့သည့်အပြင်

ဖေဖော်ဝါရီ(၁၁)ရက်နေ့၌ (K.N.U)ဦးဆောင်မှုဖြင့် သီးခြားပြည်နယ်ထူထောင်ရေး ဆန္ဒပြပွဲတခုကို ကျင်းပခဲ့သည်။ ယင်းနှင့်ပတ်သက်၍ (K.N.U)၏ အာဘော်ဖြစ်သော သုဝဏ္ဏတိုင်းသတင်းစာက အသားပေးရေးသားခဲ့လေသည်။

*(မောင်စင်ကြယ်၏ မြန်မာပြည်ချစ်ကရင်အမျိုးသားခေါင်းဆောင်များ)*

မန်းဘဇန်သည် သုဝဏ္ဏတိုင်းသတင်းစာတွင် သူပါဝင်ရေးသားခဲ့ပုံနှင့် သူ၏ကလောင်အမည်ကိုပါ အောက်ပါအတိုင်း ပြောကြားခဲ့လေသည်။

**"ကျွန်ုပ်သည် ဆောင်းပါးများရေးသားရန် အလွန်စိတ်ဝင်စားသည်။[၂] ဂျပန်ခေတ်ဝန်ကြီးဦးလှဖေရုံးတွင် အထက် တန်းစာရေးအဖြစ် လုပ်ကိုင်နေစဉ် အမျိုးသားရေးနှင့်ပတ်သက်၍ ဗမာ့သတင်းစာနှင့်ဂျာနယ်များသို့ ဆောင်းပါးများရေးသားပေးပို့ခဲ့ရာမှ အတွေ့အကြုံအတော်ရခဲ့သည်။ သုဝဏ္ဏတိုင်းဂျာနယ်တွင် ကျွန်ုပ် ကလောင်အမည်များမှာ (တယူသန်)နှင့်(နိုင်ငံရေးသတင်းထောက်) ဟူသော ကလောင်အမည်ဖြင့် ရေးသားပါသည်။"**

*(ဖူးကီးဒို၏ မန်းဘဇန်နှင့်ကရင့်တော်လှန်ရေး)*

## ဦးနုနှင့် စောဘဦးကြီး ချစ်ကြည်ရေးခရီး

(K.N.U)အဖွဲ့သည် လွတ်တော်အပြင်ဘက်တွင် ရှိနေသော်လည်း ကရင်လူထုထောက်ခံမှုဖြင့် နိုင်ငံရေး၊ စည်းရုံးရေးကို အဆက်မပြတ်လုပ်ဆောင်နေရာ (၁၉၄၈)ခု၊ မတ်လ(၃)ရက်နေ့မှ (၅)ရက်နေ့အထိ ညီလာခံ တရပ်ကို ထပ်မံကျင်းပခဲ့ပြန်၏။ ယင်းညီ လာခံ၏ ဆုံးဖြတ်ချက်များတွင် –

(၁) သီးသန့်ကရင်စစ်တပ်များ ဆက်လက်ထားရှိရန်၊

(၂) ကိုယ်ပိုင်လိုင်စင်ဖြင့် ကိုင်ဆောင်ထားသော ကာကွယ်ရေးသေနတ်များအား သိမ်းဆည်းခြင်း မပြုရန်၊

(၃) ကရင်နီခေါင်းဆောင်များမှ မြန်မာနိုင်ငံနှင့် မပူးပေါင်းရေး ဆုံးဖြတ်ချက်အား အပြည့်အဝထောက်ခံကြောင်းစသည်ဖြင့်ပါရှိလေသည်။

ဤသို့ရှိစဉ် သခင်သန်းထွန်းခေါင်းဆောင်သော ဗမာကွန်မြူနစ်ပါတီသည် (ဖဆပလ)အစိုးရအဖွဲ့တွင်းရှိ ဆိုရှယ်လစ်များနှင့် နိုင်ငံရေးအရစိတ်ဝမ်းကွဲရာ (၁၉၄၈)ခု၊ မတ်လ(၂၈)ရက်နေ့ လွတ်လပ်ရေးရရှိ၍ (၂)လနှင့် (၁)ပတ်အကြာတွင် တောခို၍ လက်နက်ကိုင်စတင်ခဲ့သည်။ ထိုမှ (ဖဆပလ)အစိုးရနှင့်ကွန်မြူနစ် တို့ အကြားစေ့စပ်ဖြန်ဖြေသောနေရာမှ ထိုနှစ်နှစ်လယ်ပိုင်းအရောက်၌ ပြည်သူ့ရဲဘော်အဖွဲ့ပါ တောခိုသွားပြန်သည်။

ဤတွင် (K.N.U)ကရင်အမျိုးသားအစည်းအရုံး၏ လက်အောက်ခံ လက်နက်တပ်ဖွဲ့ဖြစ်သော တနင်္သာရီတိုင်းနှင့်မြစ်ဝကျွန်းပေါ်ရှိ (K.N.D.O)ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့သည် စတင်လှုပ်ရှားရာမှ တစတစဖြင့် ကရင်ရိုင်ဖယ်(Karen Rifles)နှင့် (Karen Arms Police)တပ်များလည်း ပါဝင်ပတ်သက်လာကြသည်။ ကရင်–ဗမာပဋိပက္ခဆီသို့ ဦးတည်နေသဖြင့် (ဖဆပလ)အစိုးရသည် (၁၉၄၈)ခု၊ ဇွန်လ(၁၈)ရက် နေ့စွဲဖြင့်၎င်း၊ (K.N.U)အဖွဲ့သည် ဇူလိုင်(၂၅)ရက်နေ့စွဲဖြင့်၎င်း၊ ပဋိပက္ခမဖြစ်ကြစေရန် မေတ္တာရပ်ခံချက်များ အသီးသီး ထုတ်ပြန်ခဲ့ကြသည်။

(K.N.U)၏ ကြေညာချက်ထဲတွင် –––

ကရင်လူမျိုးများအတွက် သီးခြားကရင်ပြည်နယ်ကို တောင်းဆိုရာတွင် ၎င်းကရင်လူမျိုးသည် ပြည့်စုံသော လူမျိုးတမျိုးအဖြစ်ကြိုးပမ်းရာတွင်၎င်း၊ နိုင်ငံထက်စီးနင်းဝါဒနှင့် အကြမ်းဖက်ဝါဒကို အသုံးမပြုပဲ ရှောင်ကြဉ်ရန် (K.N.U) အဖွဲ့ချုပ်က မေတ္တာရပ်ခံချက်ထုတ်ပြန်ခဲ့သည်။

ယင်းသို့ မြစ်ဝကျွန်းပေါ်ဒေသတွင် လူမျိုးရေးတင်းမာမှုစိုးရိမ်ကြောင့်ကျ ဖွယ်ရှိနေသောကြောင့် ဝန်ကြီးဦးနုသည် စောဘဦးကြီးနှင့်ပူးတွဲ၍ ဆမားဒူးဝါးနောင်၊ ဦးဝမ်းသူမောင်၊ စောသာဒင်၊ မန်းဂျိမ်းထွန်းအောင် ပါဝင်လျက် (၁၉၄၈)ခု၊ ဇွန်လ(၂၂)ရက်နေ့မှအစပြု၍ မအူပင်၊ မြောင်းမြ၊ လပွတ္တာနှင့် ပုသိမ်မြို့များသို့ ကရင်–ဗမာချစ်ကြည်ရေးအခရီးအဖြစ် သွားရောက်ခဲ့ကြ၏။

ဇွန်လ(၂၆)ရက်နေ့တွင် ဝန်ကြီးချုပ်ဦးနုနှင့်အဖွဲ့သည် ပုသိမ်မြို့သို့ ရောက်ရှိသွားပြီး ဦးစွာပထမပုသိမ်မြို့ "ကိုးဆူ"ရွာသို့ သွားရောက်ကာ ဒေါက်တာစံစီဖိုး၏အုတ်ဂူအား ဂါရဝပြု၏။ ထိုမှ ပုသိမ်မြို့ တိုင်တစ်ရာ (ကိုသာဖြူ) အထက်တန်းကျောင်းတွင် ဦးနုနှင့်စောဘဦးကြီးတို့ ကရင်–ဗမာချစ်ကြည်ရေးတရားများဟောပြောကြ၏။ ယင်းတရားပွဲတွင် စောဘဦးကြီးက "ကရင်–ဗမာ" အခင်းများမည့်အရေးကို ပမာခိုင်း၍ ပြောဆိုရာတွင် လယ်သမားကြီးက သူ၏ မသင့်မမြတ်ဖြစ်နေသော နွားနှစ်ကောင်အား ပါးစပ်တွင် ခြင်းကြားစွပ်ကာ ကောက်လှိုင်းနယ်နေပုံကို ပုံဆောင်၍ ပြောဆိုသွားရာ ပရိသတ်မှာ များစွာပင် သဘောကျခဲ့လေသည်။

*(မောင်စင်ကြယ်၏ မြန်မာပြည်ချစ်ကရင်အမျိုးသားခေါင်းဆောင်များ)*

## တင်းမာမှု၏ အထွတ်အထိပ်

(၁၉၄၈)ခု၊ ဩဂုတ်လသို့ ရောက်လာလျှင် (K.N.D.O)၏ လှုပ်ရှားမှုသည် အထွတ်အထိပ်သို့ ရောက်လာသည်။ မူလဖွဲ့စည်းစဉ်တွင် (K.N.D.O)သည် (K.N.U)၏ လက်အောက်ခံ ကာကွယ်ရေးအဖွဲ့မျှသာဖြစ်သော်လည်း တစတစဖြင့် တချို့သောကိစ္စများတွင် (K.N.U)ထက်ပင် ဩဇာကြီးမားလာလေသည်။ ဩဂုတ်လ(၇)ရက်နေ့၊ တနေ့တည်းမှာပင် (K.N.D.O)များသည် အိမ်မဲမြို့၊ ငွေတိုက်မှ ကျပ်ငွေနှစ်သောင်း ရှစ်ထောင်(၂၈၀၀၀)ကိုဒင်း၊ မအူပင်ဘဏ်မှ ကျပ်ငွေ သုံးဆယ့်ငါးသိန်း (၃၅၀၀၀၀၀)ကိုဒင်း စီးနင်းရယူသွားသည်။ တဖန် ဩဂုတ်လ (၉)ရက်နေ့တွင် မအူပင်တမြို့လုံးကို စီးနင်းရာတွင် ကျပ်သိန်းသုံးဆယ်ရရှိပြန်သည်။ ထိုမှ တဆက်တည်းတွင် ဩဂုတ်လ(၃၀)ရက်နှင့် (၃၁)ရက်နေ့တို့တွင် သထုံခရိုင်နှင့် သထုံမြို့အား တိုက်ခိုက်သိမ်းယူခြင်း၊ စက်တင်ဘာဘ(၁)ရက်နေ့ တွင် မော်လမြိုင်မြို့အားသိမ်း၍ ဘဏ်မှကျပ်ငွေငါးသိန်းထုတ်ယူခြင်း၊ ထိုမှစက်တင်ဘာလ(၈)ရက်နေ့တွင် ရွှေကျင်မြို့နှင့်ကျောက်ကြီးမြို့ စက်တင်ဘာလ(၁၀)ရက်နေ့ တွင် မော်လမြိုင်ကျွန်းမြို့၊ ကျိုက်ပိရွာနှင့်ရဲဥ္ဈာန၊ စက်တင်ဘာလ(၂၂)ရက်နေ့တွင် တောင်ကြီးမြို့၊ စက်တင်ဘာလ(၂၃)ရက်နေ့တွင် လွယ်ကော်မြို့နှင့်ငွေတိုက်၊

စက်တင်ဘာလ(၂၄)ရက်နေ့တွင် လွယ်လင်မြို့နှင့်ငွေတိုက်အား စီးနင်းခြင်းဖြင့် တင်းမာမှု၏ အထွတ်အထိပ်သို့ ရောက်ရှိသွားလေသည်။

ယင်းအခြေအနေတွင် စောဘဦးကြီးနှင့်(K.N.U)ခေါင်းဆောင်များမှာ အနေအထိုင်ရခက်ကာ မျက်နှာပျက်စရာဖြစ်လာသောကြောင့် စက်တင်ဘာလ (၁၇)ရက်နေ့နှင့်(၁၈)ရက်နေ့တို့တွင် ပုသိမ်မြို့ ကရင်ကောင်စီခန်းမ၌ (K.N.U) အရေးပေါ်ညီလာခံတရပ်ကို ခေါ်ဆိုလိုက်သည်။ ယင်းညီလာခံဆုံးဖြတ်ချက်များ တွင် –

မွန်နှင့်ကရင်သည် ကံတူအကျိုးပေးဖြစ်၍ မွန်ကြရင်အပြန်အလှန်ကူညီ ရေးကြေညာချက်အား ခြွင်းချက်မရှိ ထောက်ခံသည်။

တနေ့ထက်တနေ့ ဆိုးရွားလာသော တိုင်းပြည်အခြေအနေပေါ်တွင် ကရင်လူမျိုးများ၏ လုံခြုံရေးအတွက် အကူအညီတောင်းခံလာပါက တောင်းခံ လာသည့်ဒေသအား အမြန်ဆုံးအကူအညီပေးသွားရန်၊

သီးခြားကရင်ပြည်နယ်ထူထောင်ရေးအတွက် မည်သည့်ပါတီဝင်များနှင့် မဆို တမျိုးသားလုံးစည်းလုံးညီညွတ်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်၊

ကရင်–ဗမာအဓိကရုဏ်းဖြစ်မှုသည် ဗမာပြည်လွတ်လပ်ရေးနှင့်ကရင် ပြည်နယ်ထူထောင်ရေးအတွက် ဆုံးရှုံးနိုင်သဖြင့် လူမျိုးရေးအဓိကရုဏ်းလှုပ်ဆော် ဖန်တီးသည့် ပါတီတခုပင်ဖြစ်စေ၊ သတင်းစာတစောင်ပင်ဖြစ်စေ ယင်းလုပ်ရပ် အတွက် ပြင်းထန်စွာ ရှုတ်ချသည်။

ကရင်လူမျိုးများ၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် ဒီမိုက ရေစီဝါဒကို ဆန့်ကျင်သော လုပ်ရပ်များအား မလိုလားကြောင်း၊

တိုင်းပြည်တွင် လတ်တလောဖြစ်ပေါ်နေသည့် အဖြစ်အပျက်များအား ပြည်သူလူထုက မလိုလားမနှစ်မြို့ကြောင်း၊ ပြည်သူလူထုငြိမ်းချမ်းသာယာရေး အတွက် (K.N.U)၏ ပူးပေါင်းဆောင်ရွက်မှုကို လိုအပ်လာပါက အင်တိုက် အားတိုက် ပူးပေါင်းဆောင်ရွက်သွားရန်၊

(K.N.D.O)တံဆိပ်တပ်ဆင်၍ အဖွဲ့အမည်ကို အလွဲသုံးစားပြုကာ ရာဇဝတ်မှုကျူးလွန်သူများအား ထိရောက်စွာ အရေးယူသွားရန်၊

မြစ်ဝကျွန်းပေါ်ဒေသနှင့်သထုံ၊ မော်လမြိုင်နယ်များတွင် အခြေအနေ အေးချမ်းငြိမ်သက်လာပြီဖြစ်၍ ကရင်နီနယ်၌ စစ်အုပ်ချုပ်ရေးပြန်လည်ရုတ်သိမ်းသည့်နည်းတူ ထိုနယ်များ၌လည်း အမြန်ဆုံးရုတ်သိမ်းပေးရန်၊

မြန်မာနိုင်ငံအရပ်ရပ်၌ (K.N.U)အဖွဲ့ဝင်များအား အစိုးရကအရေးယူဆောင်ရွက်ရာတွင် (K.N.U) ခေါင်းဆောင်များနှင့်ညှိနှိုင်းတိုင်ပင်ပြီးမှ အရေးယူဆောင်ရွက်ရန်၊

(K.N.D.O)ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ဝင်များ၏ စာရိတ္တမြင့်တင်ရေးနှင့် ဘာသာရေးကိုင်းရှိုင်းရေးတို့အတွက် ခရစ်ယာန်ဓမ္မဆရာများ၊ ဗုဒ္ဓဘာသာရဟန်းသံဃာတော်များ၏ ပြောဟောဆုံးမမှုကို ပေးသွားရန်၊

ကရင်ပြည်နယ်စုံစမ်းရေးကော်မတီတွင် (K.N.U)အဖွဲ့မှ ကိုယ်စားလှယ်ဦးရေမည်မျှပါဝင်သင့်ကြောင်း ရွေးချယ်သတ်မှတ်ရန် ဗဟိုအမှုဆောင်အဖွဲ့အား ညီလာခံမှ တာဝန်လွှဲအပ်သည်၊

(၁၉၄၈)ခု၊ ဖေဖော်ဝါရီ(၃)ရက်၊ နေ့စွဲဖြင့် နိုင်ငံတော်သမတနှင့်ဝန်ကြီးချုပ်ထံတင်ပြတောင်းဆိုထားသော ကရင်ပြည်နယ်အကျယ်အဝန်းနှင့် အချုပ်အခြာအာဏာပိုင်မှုတို့နှင့်ပတ်သက်၍ ကော်မရှင်တွင် ဆောင်ရွက်ရာ၌ အဖွဲ့ဝင်များအတွက် အခြေအနေပေါ်တွင်မူတည်၍ ဆောင်ရွက်ရန်။

ဝန်ကြီးချုပ်ဦးနုနှင့် စောဘဦးကြီးတို့ ခေါင်းဆောင်လျက် မြစ်ဝကျွန်းပေါ်သို့ ကရင်–ဗမာချစ်ကြည်ရေးခရီးထွက်ခဲ့သော်လည်း အကျိုးအမြတ်မှာ ထင်သလောက်မဖြစ်ထွန်းပဲ တပြည်လုံးအနှံ့တင်းမာမှုများကား ဖြစ်မြဲဖြစ်နေသည်။ ယင်းအခြေအနေကို (ဖဆပလ)အစိုးရနှင့်ရော (K.N.U)ခေါင်းဆောင်များပါ စိုးရိမ်ကြောင့် ကျဖြစ်ကြရ၏။ သို့ဖြင့် (၁၉၄၈)ခု၊ အောက်တိုဘာလထဲတွင် အလုံရပ်၊ မစ်ရှင်လမ်းရှိ “ကရင်အမျိုးသားကလပ်”တွင်၎င်း၊ အင်းစိန်ရှိ စောဘဦးကြီးနေအိမ်တွင်၎င်း ကရင်–ဗမာချစ်ကြည်ရေးထမင်း စားပွဲနှင့်မုန့်ဟင်းခါးစားပွဲကို

ကျင်းပခဲ့သည်။ ထိုစဉ် စောဘဦးကြီးသည် အရေးပိုင်ဦးဇံ(ကရင်)၏ သမီးနှင့် အိမ်ထောင်ကျသဖြင့် အင်းစိန်တွင် နေထိုင်သည်။ ယင်းချစ်ကြည်ရေးထမင်းစား ပွဲနှင့်မုန့်ဟင်းခါးစားပွဲသို့ ဝန်ကြီးချုပ်ဦးနုနှင့်အတူ ရှမ်း၊ ကချင်၊ ကရင်နီနှင့် မွန်ခေါင်းဆောင်များပါ ပါဝင်တက်ရောက်လာကြသည်။

ယင်းချစ်ကြည်ရေးအခမ်းအနားတွင် အိမ်ရှင်ဖြစ်သော စောဘဦးကြီးက အကြောင်းအရာများစွာကို အောက်ပါအတိုင်း ပြောကြားခဲ့လေသည်။

*(မောင်စင်ကြယ်၏ မြန်မာပြည်ချစ်ကရင်အမျိုးသားခေါင်းဆောင်များ)*

## စောဘဦးကြီး၏ သမိုင်းဝင်စကား



စောဘဦးကြီးသည် ရုပ်ရည်ရူပကာအရ ခန့်ညားထယ်ဝါသည်။ ဥစ္စာ ပစ္စည်းအရ ပေါကြွယ်ဝသည်၊ ပညာရေးအရဘီလပ်ပြန်ဝတ်လုံတော်ရတဦး ဖြစ်သည်။ ယင်းအချက်များကား လူတိုင်းသိပြီးဖြစ်သည်။ လူတိုင်းမသိသေး သည်ကား စကားပြောရာတွင် ကောင်းမွန်ခြင်းပင် ဖြစ်သည်။

“သခင်နုနဲ့ကျွန်တော်ကျွေးမွေးတဲ့ ထမင်းရာဇဝင်ကတော့ အတော်ရှုပ် သားပဲ။ စတာကတော့ ဟိုအရင် ကရင်–ဗမာအဓိကရုဏ်းက စခဲ့တာပဲ။ ဂျပန်

ခေတ်ကလွဲလို့ သခင်နုနဲ့ကျွန်တော်ဟာ လူချင်းခပ်လှမ်းလှမ်းပဲ နေခဲ့ကြပါတယ်။ လပွတ္တာမြို့နယ် ကရင်–ဗမာအဓိကရုဏ်းဖြစ်တော့မယ်လို့ သတင်းတွေဖြစ်လာတဲ့အခါ သခင်နုက ကျွန်တော့်ထံစာပေးခေါ်ပြီး လပွတ္တာကိုသွားပြီး တရားဟောဖို့ အရေးကြီးကြောင်းပြောတော့ ကျွန်တော်သဘောတူလိုက်ပါတယ်။ ဘာ့ကြောင့် သဘောတူသလဲဆိုတော့ (အကြံတူရန်သူ၊ အကျိုးတူ မိတ်ဆွေ)ဆိုတဲ့ စကားပုံအတိုင်း အဓိကရုဏ်းမလိုလားတဲ့ အကျိုးကတူနေတာကိုး။ ကရင်–ဗမာ အဓိကရုဏ်းတော့ ဘယ်တော့မှ မဖြစ်ရဘူးဆိုပြီး ကျွန်တော်တို့ သွားခဲ့ကြတဲ့ အခါမှာ စောသာဒင်၊ မန်းဂျိမ်းထွန်းအောင်၊ ဆမားဒူးဝါးနောင်၊ ဦးဝမ်သူမောင် တို့လဲ ပါကြပါတယ်။ (၇)ရက်လောက် အတူသွားမိတဲ့အခါ သခင်နုနဲ့ ကျွန်တော်ဟာ တစ်ဦးနဲ့တစ်ဦးနားလည်မှု၊ ယုံကြည်မှုရှိလာပြီး ပိုမိုရင်းနှီးပြီးတော့ မိတ်ဆွေရင်းကြီး ဖြစ်လာတာပါပဲ။

“စကော့တလန်ပြည်၊ ဟိုင်းလင်းဒါးလူမျိုးများဟာ ဧည့်သည်မိတ်ဆွေများကို ကျွေးမွေးတဲ့အခါ ဆားပါလေ့ရှိပါတယ်။ အဲဒီဆားကို စားတဲ့လူဟာ ဘယ်တော့မှ မကောင်းမကြံအပ်ဘူးလို့ အယူရှိပါတယ်။ ဗမာပြည်တောင်ပေါ်များမှာလဲ သူ၏ထမင်းကို စားပြီးရင် သူ့ကိုမကောင်းမကြံအပ်ဘူးဆိုတာရှိပါတယ်။ မြေညီမှာလဲပဲ (ခင်ဗျားကို ကျွန်တော်မပစ်မှားပါဘူး၊ ခင်ဗျားကျွေးတဲ့ထမင်းဟာ ကျုပ်လည်ပင်းထဲမှာ ရှိပါသေးတယ်)ဆိုတဲ့ စကားနဲ့(ကျေးဇူးရှင်ကျေးမစွပ်ကောင်းဘူး)ဆိုတဲ့ စကားပုံများလဲရှိပါတယ်။ (၇)ရက်ကြာမျှ ခရီးထွက်ကြစဉ်အခါက သခင်နုက ကျွန်တော့်ကို ကျွေးမွေးခဲ့တဲ့ ကျေးဇူးရှိပါတယ်။ သခင်နုဟာ ကျွန်တော့်အိမ်ကို ကြွလာလိုသော်လဲ အိမ်ကတဲကုပ်ကလေးဖြစ်လို့ မဖိတ်ကြားခဲ့ရဘူး။ ယခုအခါတော့ ကျွန်တော်က ဖိတ်ထားလို့ ကျွန်တော့်တဲကုပ်ကို သခင်နုရောက်ခဲ့ပါပြီ၊ ယခုအခါမှာလဲ သခင်နုကို ကျွန်တော်က ကျွေးရပြန်ပါပြီ။ ဒါကြောင့် ယခုတော့ (သူကျွေး ကျွန်တော်ကျွေး)ဖြစ်ရပါပြီ။ ဒါဟာ တစ်ဦးနဲ့တစ်ဦး ရင်းနှီးစွာ အပြန်အလှန်ကျွေးမွေးကြတဲ့ ရာဇဝင်ပါပဲ။

“ကျွန်တော်ဟာ ကြွားမပြောလိုပါဘူး၊ ဗမာပြည်အတွင်းမှာ အတော်အနှံ့အပြားရောက်ခဲ့ဖူးပါတယ်။ ပြည်ပဆိုရင်လဲ အရှေ့ဘက်၊ အနောက်နဲ့

မြောက်ဘက် တိုင်းပြည်များကိုလဲ ရောက်ခဲ့ဖူးပါတယ်။ ဒီလိုရောက်ခဲ့ဖူးတဲ့ အတွက် (ကိုယ့်ဒူးတောင်ကိုယ်မယုံရဘူး)ဆိုတဲ့ ဗမာစကားပုံတစ်ခုကို စဉ်းစား မိပါတယ်။ ကိုယ့်ဒူးကိုယ်မယုံရင် အခြားသူကို ယုံရမလား။ ကိုယ့်တိုင်းရင်း သားအချင်းချင်းဟာ ကိုယ့်ဒူးဖြစ်ပါတယ်။ အခြားလူဆိုတာက အင်္ဂလိပ်၊ အမေရိ ကန်၊ တရုတ်၊ ရုရှားစတဲ့ နိုင်ငံများဖြစ်ပါတယ်။ သည်တော့ ကျွန်တော်ပြော လိုတာက မယုံရသူကို အားမကိုးသင့်ဘူး။ ကျွန်တော်လဲ အားမကိုးပါဘူး။ ခင်ဗျား တို့လဲ အားမကိုးကြပါနဲ့။

“နိုင်ငံခြားသားတစ်ယောက်က *(ခင်ဗျားတို့ တိုင်းပြည်ကို မအုပ်ချုပ် ချင်ပါဘူး၊ ကုန်ကူးလိုတာပါပဲ)*လို့ ကျွန်တော့်ကို ပြောဖူးပါတယ်။ အမှန်တော့ ပြည်ပမှလူတွေဟာ ကုန်သည်ချည်းပါပဲ။ ကုန်သည်ဆိုပေမယ့် ကုန်သည်ရိုးရိုး မဟုတ်ဘူး။ (ကုန်သည်သာမက အကုန်သယ်မှာ၊ အခုတစ်ခေါက် သူတို့ပြန်လာ ရင်တော့ အကုန်ပဲ။ တချို့အင်္ဂလိပ်လက်အောက် ပြန်ဝင်ချင်လို့ ထင်ကြသေး တယ်။ ကျွန်တော်တို့ ဒီလောက်အထင် မသေးပါဘူး။ သူတို့အကြောင်း ကျွန်တော်ပိုသိပါတယ်။ ဒါ့ကြောင့် ကျွန်တော်ခပ်ရှင်းရှင်းနေခဲ့ပါတယ်၊ သူတို့ကို အားမကိုးပါဘူး။ ဒါတင် မကသေးဘူး။ ကျွန်တော်လိုလားတဲ့ သီးခြားပြည်နယ် အတွက် ဆောင်ရွက်တဲ့နေရာမှာ မတရားဘယ်တော့မှ မလုပ်ပါဘူး။ တရားလမ်း ရှိတဲ့အတိုင်း ဆောင်ရွက်သွားမှာပဲ။

“ကျွန်တော်တို့ ကရင်အမျိုးသားများကို သတိပေးလိုတဲ့ အချက်များလဲ ရှိပါတယ်။ မိမိတို့လိုတဲ့ သီးခြားပြည်နယ်တော့ရှိပါပြီဆိုပါတော့။ မိမိတို့ဟာ ဒီသီးခြားနယ်နဲ့ တန်ရဲ့လား၊ မတန်ရင် ဒီသီးခြားနယ် တောင်းဖို့ ကောင်းမလား ဆိုတဲ့ အချက်ကိုလဲ အထူးစဉ်းစားဖို့ ရှိပါတယ်။ ခင်ဗျားတို့ ကရင်များဟာ သီးခြားနယ်နဲ့ တန်ရဲ့လားလို့မေးရင် တန်တယ်လို့ ပြောကြလိမ့်မယ်။ ခင်ဗျားတို့ နယ်ကို ဘယ်သူအုပ်ချုပ်မလဲ မေးရင် ကရင်ပဲအုပ်ချုပ်မယ်။ ကရင်မှ မအုပ်ချုပ်ရင် ဘယ်ဖြစ်မလဲ ပြောကြားလိမ့်မယ်။ ခင်ဗျားတို့ နယ်ကို ဓါးပြလူဆိုးတွေ အုပ်ချုပ်ရင် ကြိုက်မလားလို့မေးရင် မကြိုက်ဘူးလို့ ဖြေကြ လိမ့်မယ်။ ခင်ဗျားတို့ ကိုယ်တိုင်က သူခိုးဓါးပြတွေဖြစ်နေရင် ဒီသီးခြားနယ်နဲ့ ခင်ဗျားတို့ တန်မလား၊ မတန်ဘူးလို့

ဆိုရမယ်။ ဒ့ါကြောင့် ကျွန်တော် သတိပေးလိုတာက သီးခြားနယ်နှင့်နေလိုကြရင် သီးခြားနယ်နဲ့တန်အောင် နေကြပါ။ သူခိုးဓါးပြမျိုးဖြစ်နေကြ ရင်တော့ သီးခြားနယ်နဲ့ မတန်သေးဘူး။ ဒါကို ခင်ဗျားတို့ အထူးစဥ်းစားကြပါ။

“မအူပင်ငွေတိုက်ကို ဖေါက်သွားသူများဟာ ကရင်(၁၉)ယောက် ဖြစ်တယ်။ ကြားရတာ စိတ်မကောင်းပါဘူး။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ဥပမာလေးတစ်ခု ပြောပြလိုပါတယ်။ မြောင်းမြနယ် သိလ္လာဆိုတဲ့ ရွာတစ်ရွာမှာ အသက်(၆၀)ကျော် ဦးလွန်းဘော်ဆိုတဲ့ အဘိုးကြီးတစ်ယောက်ရှိတယ်။ သားသမီး(၁၂)ယောက်၊ မြေးမြစ်များလဲရှိတယ်။ သူ့မှာ လယ်နည်းနည်းရှိတဲ့အပြင် အသီးအနှံစိုက်ပျိုးထားတဲ့ ဥယျာဥ်လဲရှိတယ်။ ဝက်၊ ဘဲ၊ ကြက်တို့လဲ မွေးထားတယ်။ သူ့ရွာက လမ်းဆုံကျတဲ့အတွက် ခရီးသည်များဟာ များသောအားဖြင့် တည်းခိုကြတဲ့အခါ ခရီးသည်တိုင်းလိုလိုပဲ ထမင်းချက်ကျွေးတယ်။ ထူးခြားချက်တစ်ခုက (အသီးအနှံများ ကိုမခူးရ)ဆိုတဲ့ စာရေးထားတယ်။ ခိုးလဲမခိုးရဲကြဘူး။ တကယ်လို့ သစ်သီးခိုးတာများတွေ့ရင်တော့ ဒီခိုးတဲ့ လူဟာ မသက်သာဘူး။ သွေးထွက်သံယိုဖြစ်အောင် ချတော့တာပဲ။ ကျွန်တော်ဟာ အဲဒီရွာအဘိုးကြီးကို အိမ်ရောက်သွားလို့ ဧည့်သည်အဖြစ် ခေတ္တတည်းခိုစဥ် သူရိုက်နှက်ပုံအကြောင်းတွေ ကြားရတော့အကြောင်း သိချင်တာနဲ့အဘိုးကြီးနားကပ်ပြီး (ဖထီး သစ်သီးလေးတစ်လုံး ခိုးတာနဲ့ဘာ့ကြောင့် ဒါလောက် ပြင်းပြင်းထန်ထန်ရိုက်သလဲ)လို့ မေးကြည့်တော့ ဖထီးက *(ကျုပ်ဆန္ဒက ဘယ်သူဖြစ်ဖြစ် သူခိုးမဖြစ်စေလိုဘူး၊ သူခိုးတာ ကြည့်နေလိုက်ရင် သူ့အိမ်သားတွေပါ သူခိုးမျိုးဖြစ်ကုန်လိမ့်မယ်၊ သူခိုးမျိုးမဖြစ်ကြစေလိုတဲ့ စေတနာနဲ့ ရိုက်တာပါပဲ)*လို့ ပြန်ပြောတယ်။

“အဲဒီအကြောင်းလေးတွေကို တွေးပြီးတော့ မအူပင်မှာဖြစ်တဲ့ကိစ္စဟာ ကရင်လေး(၁၉)ယောက်ဆိုပေမယ့် တစ်ယောက်တည်းလဲ ကရင်ပဲ၊ (၁၉)ယောက်လဲ ကရင်ပဲ၊ ငွေကလဲမနည်းဘူး။ ဒီငွေတွေကို ဖြန့်လိုက်တဲ့အခါမှာ ကရင်တစ်မျိုးသားလုံးထံ ပြန့်သွားမယ်။ ပြန့်သွားရင် ကရင်တစ်မျိုးသားလုံး သူခိုးမျိုးတွေ ဖြစ်ကုန်မှာပဲ။ ဒ့ါကြောင့် သူခိုးမျိုးတွေ မဖြစ်ရလေအောင် ငွေအစားပြန်ဆပ်နိုင်အောင် ကျွန်တော်ကိုယ်တိုင် ရှေ့ဆောင်ပြုလုပ်ဆောင်ရွက်ဖို့ ပြဌာန်းလိုက်

ပါပြီ။ တစ်မျိုးလုံး ဓါးပြမဖြစ်ရလေအောင် ကျွန်တော်နဲ့ (K.N.U) တစ်မျိုးလုံးက ဒီငွေကို ဆပ်ရမှာပဲ။ ဘယ်အထိဆပ်မလဲဆိုရင် ကျွန်လုပ်ပြီး ဆပ်ရမှာပဲ။ ဆပ်မယ်ဆိုတာက ပြောတော့လွယ်တယ်။ ဘယ်လိုဆပ်မလဲ မေးစရာရှိတယ်။ အခြားသူများမဆပ်ခင် ကျွန်တော်က စတင်လုပ်ပြပြီး ဆပ်ရမှာပဲ။ မနေ့ညက ဒီအရေးတွေးပြီး တစ်ညလုံး အိမ်လို့မရပါဘူး။ လယ်ဧက(၁၀၀၀)လောက်ရှိတယ်။ ဒီလယ်ဧက(၁၀၀၀)ကို ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအား အပ်နှင်းပေးဆပ် လိုက်ပါ့မယ်။ အခုလယ်ကို ချက်ချင်းမယူသေးရင် လယ်မြေပြည်သူပိုင်သိမ်းပြီးတဲ့နောက် ထားတဲ့တန်ဖိုးအတိုင်း ဆုံးဖြတ်တာပေ့ါ။ ပိုက်ဆံမရှိလို့ ခါးသာမလှရှိမယ်။ ဝမ်းတော့ဝနိုင်ပါသေးတယ်။ ကျွန်တော့်မိန်းမသဘောတူပြီးဖြစ်တာကို ကျွန်တော်သိပြီး ဖြစ်ပါတယ်။ နောက်ဆက်လက်ပြီး တစ်ပြည်လုံးသဘောပေါက်အောင် လုပ်ပြရပါဦးမယ်။

“ဒီပြင် ကိစ္စတစ်ခုရှိသေးတယ်။ ဒါက အခြားမဟုတ်ဘူး။ နာမည်ကြီးနေတဲ့ အင်းစိန်ကိစ္စပါပဲ။ ကရင်တွေ သေနတ်လက်နက်များ ဖေါက်ယူသွားကြတယ်လို့ ဆိုပါတယ်။ သတင်းစာတွေကလဲ ဘာမဆို ကရင်တွေဆိုပြီး အားလုံးသိမ်းကျုံးရေးကြတာပဲ။ တစ်ခုပြောလိုတာက အင်းစိန်မှာဖြစ်တာက ကရင်ဆိုတာ ဟုတ်ပါတယ်။ ဒါပေမယ့် ကောင်းတဲ့ကရင်လဲရှိ၊ မကောင်းတဲ့ကရင်တွေရှိလေတော့ အကောင်းနဲ့မကောင်း ခွဲခြားရေးကြရန်ကိုလဲ တောင်းပန်ပါတယ်။ ဒီကိစ္စမှာ (K.N.U)အပြစ်မဟုတ်သော်လဲ ဒီလက်နက်တွေ ပြန်ပေးအောင်တော့ တောင်းပန်ရဦးမှာပဲ။

“ကရင်လူကောင်းများလက်တွင် ရှိတဲ့လက်နက်များကို ဒီနေ့ကစပြီး နှစ်လအတွင်း ပြန်ထမ်းပို့ကြပါလို့ တောင်းပန်ပါတယ်။ ဒီတောင်းပန်တဲ့ ကိစ္စနှင့်ပတ်သက်လို့လဲ ထိထိရောက်ရောက်ဆောင်ရွက်ကြပါမယ်။ အမျိုးသားစိတ်မရှိသူကရင်တွေလဲ ရှိပါသေးတယ်။ သူတို့ကတော့ သေနတ်ကိုယူပြီး မသမာသူများလက်ကို ရောင်းစားရင် ရောင်းစားမှာပဲ။ ဒါတွေဟာလဲ မဆိုင်ပေမယ့် အပ်အောင်လုပ်ရမှာပဲ။ မအပ်ရင်တော့ ဆုံးမရမှာပဲ။ ကျွန်တော်ယခုလို ပြောပြတဲ့အတိုင်း တောင်းပန်ဆောင်ရွက်လို့မှ မရရင်(K.N.U) ဥက္ကဋ္ဌအဖြစ်မှ နှုတ်ထွက်လိုက်ပါမယ်။

“ယခု ကြွရောက်လာကြတဲ့ လူကြီးမင်းများမှာ ဗမာ၊ ကရင်၊ ကချင်၊ ရှမ်း၊ မွန်စသည်ဖြင့် စုပေါင်းရောက်လာကြသော ပရိသတ်ဖြစ်ပါတယ်။ ဇစ်မြစ်ကို သေသေချာချာကြည့်ရင် အားလုံးဆွေမျိုးတွေချည်းပဲ ဖြစ်ပါတယ်။ ခင်ရာဆွေမျိုး ဆိုတာလဲ ရှိပါသေးတယ်။ ဒီကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ဖန်တီးလုပ် ကိုင်နိုင်ကြတာဟာ ခင်မင်ရင်းနှီးတဲ့ ဆွေမျိုးတွေဖြစ်လို့ ဖြစ်ကြပါတယ်။

“သည်နောက် အရေးတကြီးလုပ်စရာရှိတာကတော့ ရွာတွေမှာ ကြောက် လန့်ပြီး တစ်ရွာမှတစ်ရွာသို့ ပြောင်းရွှေ့နေထိုင်ကြတဲ့ကိစ္စဖြစ်တယ်။ ကွန်မြူနစ် တွေကြောက်လို့ ပြေးကြရတာလဲရှိတယ်။ တချို့က ကရင်ကိုကြောက်လို့ ဗမာက ပြေးရတာလဲရှိတယ်။ ဗမာကိုကြောက်လို့ ကရင်ကပြေးရတာလဲရှိတယ်။ အမှန် တော့ ဒါတွေဟာ လူမသမာတွေကြောင့် ဒီလိုဖြစ်တာပဲ။ ဒီလိုမဖြစ်အောင် လူကောင်းတွေစုပြီး ဆောင်ရွက်ရလိမ့်မယ်။ ကျွန်တော်တို့ (K.N.U)က လက်လှမ်း မီသမျှ တာဝန်ယူဆောင်ရွက်သွားမှာပဲ။

“မိမိတို့ဆိုင်ရာနယ်မှ ပြောင်းရွှေ့ထွက်ပြေးသွားတဲ့ ဗမာများရှိရင် စိတ်ချ လက်ချပြန်လာဖို့ကို ကရင်ရော ဗမာရောပေါင်းပြီး သွားရောက်ပြန်ခေါ်မယ်။ ထို့အတူ ကရင်များကို ပြန်ခေါ်တဲ့အခါမှာလဲ ဗမာရောကရင်ရောပေါင်းပြီး သွားခေါ် ရမယ်။ စိတ်ချလက်ချ သင့်မြတ်နေရအောင် ကာကွယ်စောင့်ရှောက်ပေးရမယ်။ အပြောနဲ့မှုပီးဘူး။ ချက်ချင်းလုပ်ရမယ်ကိစ္စဖြစ်တယ်။

“ပုသိမ်မှာ ကျင်းပပြီးခဲ့တဲ့ ကျွန်တော်တို့ ကွန်ဂရက်အစည်းအဝေးပြီးမှာ ဗမာပြည်သူလူထုက အကူအညီတောင်းပါက တိုင်းပြည်အေးချမ်းရေးအတွက် ကူညီဆောင်ရွက်မယ်လို့ အတိအလင်းဆုံးဖြတ်ချက်ချပြီး ဖြစ်ပါတယ်။ အကူအညီ တောင်းရင်ပေးဖို့ အသင့်ပါပဲ။ လုပ်ရန်စည်းမျဉ်းလဲ ဆွဲနေပါတယ်။”

သို့ရာတွင် အထက်ပါ စောဘဦးကြီး၏ ပြောကြားမှုများသည် ဝန်ကြီးချုပ် ဦးနုကို ချေးသိပ်ခြင်းသာဖြစ်ကြောင်းစသည်ဖြင့် ပြည်တွင်းသောင်းကျန်းမှုသမိုင်း အပိုင်း(၁)ကို ရေးသားသူက ပြန်လည်ချေပရေးသားထားလေသည်။

* * *

စောဘဦးကြီးသည် ချစ်ကြည်ရေးထမင်းစားပွဲမိန့်ခွန်းဖြင့် ဦးနုနှင့် (ဖဆပလ)ခေါင်းဆောင်များကို ချွေးသိပ်လိုက်နိုင်သည်။ ကရင်များက မအူပင်ငွေတိုက်ကို ဖေါက်၍လုယက်မှု၊ အင်းစိန်တွင် လက်နက်သိမ်းမှုများကိုလည်း ကျေနပ်အောင်ဖြေရှင်းပြသွားသည်။ မအူပင်ငွေတိုက်မှ ငွေများကို မိမိ၏ လယ်ကော (၁၀၀၀)ရောင်းချ၍ လျော်ပါမည်။ သေနတ်များကိုလည်း နှစ်လအတွင်း ပြန်အပ်နိုင်းပါမည်။ မအောင်မြင်ပါက (K.N.U)ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပါမည်ဟူ၍ ပြောခဲ့သည်။ သို့သော် စောဘဦးကြီး၏ အပြောနှင့်လက်တွေ့လုပ်ရပ်မှာ တခြားစီသာဖြစ်နေသည်။ ဆမားဒူးဝါးနောင်က (၁၉၄၈)ခုနှစ်၊ နိုဝင်ဘာလ(၂၈)ရက်တွင် အခြေအနေဆိုးရွားလာပြီဖြစ်ကြောင်း၊ ကရင်များက အစိုးရကိုတိုက်ရန် ကချင်များထံမှ စစ်ကူတောင်းကြောင်း သခင်နုထံသို့ အစီရင်ခံခဲ့သည်။

## အခန်း(၉)

## အင်းစိန်တိုက်ပွဲအစ

ဤတွင် အင်းစိန်၊ ခဝဲခြံနှင့်စော်ဘွားကြီးကုန်းတဝိုက်၌ တင်မားမှုနှင့် ပေါက်ကွဲမှုများစတင်လာသည်။ (၁၉၄၉)ခု၊ ဖေဖော်ဝါရီ(၂)ရက်နေ့ရောက်လျှင် အင်းစိန်ကို (K.N.D.O)တပ်ဖွဲ့က သိမ်းပိုက်လိုက်သည်။ တောင်ငူမြို့ရှိ ကရင်စစ်ရဲများ စတင်လှုပ်ရှားလာရာမှ တောင်ငူရှိကရင်သေနတ်ကိုင်တပ်ရင်း(၁)နှင့် ပူးပေါင်းသွားပြီး တောင်ငူ၊ ဖြူး၊ အုတ်တွင်း၊ ထန်းတပင်မြို့များကို သိမ်းပိုက်လိုက်သည်။ ပုသိမ်မြို့ရှိ ကရင်စစ်ရဲများနှင့် (K.N.D.O)များပူးပေါင်းပြီး ပုသိမ်ကို တိုက်ခိုက်လိုက်သည်။ ပြည်မြို့ရှိ ကရင်သေနတ်ကိုင်တပ်ရင်း(၂)သည် ရန်ကုန်သို့ စုန်ဆင်းလာသည်။ (၁၉၄၉)ခု၊ ဖေဖော်ဝါရီနှင့်မတ်လအတွင်း မိတ္ထီလာနှင့်မေမြို့ ကိုငင်း၊ မန္တလေးကို (K.N.D.O)နှင့် ကွန်မြူနစ်များပူးပေါင်း၍ငင်း သိမ်းပိုက်လိုက်ကြသည်။ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင်လည်း (K.N.D.O)တပ်ဖွဲ့များက ဆက်လက်၍ သိမ်းပိုက်လိုက်ကြသည်။ ပထမတွင် (K.N.D.O)များက စတင်ခဲ့သော်လည်း နောက်ပိုင်းတွင် ကရင်စစ်ရဲနှင့်ကရင်လက်နက်ကိုင်တပ်ရင်းများပါပါဝင်လာသောကြောင့် ကရင်တပ်မှူးများပင် ထိန်းမရဖြစ်လာလေသည်။

ယင်းအခြေအနေတွင် ကရင်တပ်မှူးများနှင့်တပ်ဖွဲ့များမှာ နိုင်ငံရေးပစ်မှတ်ဖြစ်လာပြီး (၁၉၄၉)ခု၊ ဖေဖော်ဝါရီ(၁)ရက်နေ့တွင် ကရင်တပ်ရင်းတပ်ဖွဲ့များအား လက်နက်သိမ်းလိုက်ပြီး တပါးတည်းခွင့်ရက်ရှည်ကိုပါ ပေးလိုက်သည်။ စစ်ဦးစီးချုပ်စမစ်ဒွန်းသည် ခွင့်ရက်ပြည့်သော်လည်း မိမိတွင် တာဝန်ရှိသည်ဟုခံယူပြီး အပြီးအပိုင်အငြိမ်းစားယူသွားသည်။ (ဦးနု၏ တာတေစနေသား)ဗိုလ်ချုပ်စမစ်ဒွန်းသည် အငြိမ်းစားရယူသွားပြီးနောက်တွင် မည်သည့်အရေးအရာတွင်မှ ပါဝင်ပတ်သက်ခြင်းမရှိသည့်အပြင် ကွယ်လွန်သည်အထိ ရန်ကုန်သို့ ဆင်းမလာတော့ပဲ ရှမ်းပြည်နယ်၊ ကလောမြို့တွင်သာ သေတပန်သက်တဆုံးနေထိုင် သွားသည်။ ယင်းကွယ်လွန်ပြီး နောက်နှစ်ပေါင်း(၃၀)ကျော် အကြာတွင် သူ၏အင်္ဂလိပ်ဘာသာဖြင့် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဖြစ်သည့် လေးပေကာနယ် (Four Foot Colonel) စာအုပ်ထွက်လာသည်။ ဗိုလ်ချုပ်စမစ်ဒွန်းသည် ကျုံပျော်ဇာတိဖြစ်၍ အိန္ဒိယနိုင်ငံစစ်ကျောင်းဆင်းဖြစ်သည်။ ဗိုလ်ချုပ်စောကြာဒိုးမှာ မြောင်းမြဇာတိဖြစ်၍ အင်္ဂလန်နိုင်ငံ “ဆင်းဟာဒ်”စစ်တက္ကသိုလ်စစ်ကျောင်းဆင်းဖြစ်သည်။

# သောင်းကျန်းမှု အတိအလင်းပေါ်ပေါက်လာခြင်း



**အင်းစိန်တိုက်ပွဲတွင် အစိုးရနှင့်ကေအင်ဒီအိုများ ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် တိုက်ပွဲရပ်နားထားစဉ် ခေါင်းဆောင်စောဘဦးကြီးနှင့်မန်းဂျိန်းထွန်းအောင်(ယာပုံ) ယင်း၏လက်ဝဲတွင် တပ်မတော်မှ ဗိုလ်မှူးကြီးဘလိတ်(နောင်သောအခါ ဗိုလ်မှူးချုပ်)တို့အား တွေ့ရစဉ်။**

(ဖဆပလ)အစိုးရအဖွဲ့၏ ဝန်ကြီးချုပ်ဖြစ်သူဦးနုသည် ကရင်အရေးနှင့် ပတ်သက်၍ အတတ်နိုင်ဆုံးလိုက်လျောခဲ့သည်။ အတတ်နိုင်ဆုံးပြေပြစ်စွာ ဆက်ဆံခဲ့သည်။ ကရင်စစ်ရဲများ၏ ပုန်ကန်သောင်းကျန်းမှုနှင့်ပတ်သက်၍လည်း အတတ်နိုင်ဆုံးမသိကျိုးကျွန်ပြုနေခဲ့သည်။ (K.N.U)အဖွဲ့ကလည်း ပြည်တွင်းစစ်ကို ရှောင်ရှားလျက်ရှိကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ကို မကျင့်သုံးကြောင်း ကြေညာချက်များ၊ ဆုံးဖြတ်ချက်များဖြင့် ပြသခဲ့သည်။ သို့သော် ကရင်လက်နက်ကိုင်များ၏ အပြုအမူများမှာ စောဘဦးကြီး၏ ချစ်ကြည်ရေးထမင်းစားပွဲမိန့်ခွန်းနှင့်လုံးဝဆန့်

ကျင်လျက်ရှိနေသည်။ ထို့ကြောင့် (K.N.U)အဖွဲ့၏ သဘောထားကြေညာချက်များမှာ အစိုးရအား အယုံသွင်းသည့်အပြုအမူမျိုးသာ ဆိုရပေမည်။

(K.N.U)အဖွဲ့၏ တောင်းဆိုချက်ကိုလည်း (ဖဆပလ)အစိုးရအနေနှင့် လိုက်လျောနိုင်ခြင်းမရှိခဲ့ပေ။ (K.N.U)အဖွဲ့က တောင်းဆိုသော သီးခြားကရင်ပြည်နယ်မှာ သံလွင်ခရိုင်(ဖါပွန်၊ ဘားအံနယ်များ၊ လက်ရှိကရင်ပြည်နယ်)၊ တနင်္သာရီတိုင်း၊ (သထုံ၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်ခရိုင်များ)၊ မြစ်ဝကျွန်းပေါ်ဒေသ၊ တောင်ငူခရိုင်နှင့်သံတောင်နယ်သာမက ကရင်နီနယ်(ယခု ကယားပြည်နယ်)ပင် ပါဝင်လေရာ အောက်မြန်မာပြည်တစ်ခုလုံးပင် ဖြစ်နေသည်။

ကရင်စစ်ရဲတပ်များ၏ ပုန်ကန်ထကြွမှုနှင့် (K.N.D.O)တို့၏ လှုပ်ရှားမှုကို တပ်မတော်မှ ကရင်တပ်ရင်းများက သိသာစွာ အကူအညီပေးလာကြသည်။ သို့နှင့် (၁၉၄၈)ခုနှစ် ကုန်ဆုံးသွားပြီး (၁၉၄၉)ခုနှစ်စတင်သည်နှင့် ကရင်လက်နက်ကိုင်တပ်များမှာ အတိအလင်းပုန်ကန်တိုက်ခိုက်လာကြသည်။ (K.N.D.O) တို့သည် (၁၉၄၉)ခုနှစ်၊ ဇန်နဝါရီလမှာပင် ထန်းတပင်(တောင်ငူခရိုင်)၊ ဖြူးနှင့် တောင်ငူတို့ကို စတင်တိုက်ခိုက်တော့သည်။ တောင်ငူတွင်ရှိနေသော ကရင်သေနတ်ကိုင်တပ်ရင်း(၁)က အစိုးရအား သစ္စာဖေါက်၍ (K.N.D.O)နှင့် ပူးပေါင်းတိုက်ခိုက်သည်။ သို့နှင့် တောင်ငူမြို့သည် (၁၉၄၉)ခုနှစ်၊ ဇန်နဝါရီ(၂၇)ရက်တွင် ကရင်သောင်းကျန်းသူများလက်သို့ ကျရောက်သွားရတော့သည်။ [၁]ဖြူး၊ အုတ်တွင်း၊ ထန်းတပင် စသည့်မြို့များမှာလည်း (K.N.D.O)တို့ သိမ်းပိုက်ခြင်းကို ခံလိုက်ရသည်။

တောင်ငူကျသွားပြီး နောက်တစ်နေ့ဖြစ်သည့် (၁၉၄၉)ခုနှစ်၊ ဇန်နဝါရီ(၂၈)ရက်တွင် ပုသိမ်ကို လက်နက်ကိုင်တပ်များက စတင်တိုက်ခိုက်ပြန်သည်။ ဗိုလ်ချုပ်နေဝင်းသည် ပျဉ်းမနားတွင် ရှိနေသောတပ်ရင်း(၄)ကို ပုသိမ်နှင့်မအူပင်သို့ ဖြန့်ခွဲစေလွှတ်ရသည်။ ပုသိမ်တွင် ဗိုလ်စံကြည်(နောက်တွင် ဗိုလ်မှူးကြီးတိုင်းမှူး)နှင့်ဗိုလ်မင်းသိမ်း(နောင်တွင် ဗိုလ်မှူးကြီး)တို့က ကရင်တပ်များအား တပ်ခွဲတစ်ခွဲတည်းဖြင့် ခုခံတိုက်ခိုက်ခဲ့ ရသည်။[၂]

*(၁) ဗိုလ်မှူးကြီးဟောင်းတင်မောင်၏ တိုင်းပြည်နှန့ မုန်တိုင်းထန်ထန်*

(U.M.P)ခေါ် ကရင်စစ်ရဲတပ်ရင်းက မော်လမြိုင်မြို့ကို သိမ်းပိုက်ရာတွင် ဗိုလ်ချုပ်စမစ်ဒွန်းနှင့် ဗိုလ်မှူးချုပ်စောကြာဒိုးတို့က လက်မခံနိုင်ကြောင်း ပြောခဲ့လေသည်။

**“(K.N.U)အစည်းအရုံးဝင်အချို့တို့သည် ကရင်ပြည်နယ်ရရှိရေးအတွက် စိတ်ရှည်သည်းခံမှုမရှိတော့ ပဲ လက်နက်စွဲကိုင်လိုသည့် ဆန္ဒများပြင်းပြနေသည်။ ခေါင်းဆောင်များ၏ ထိန်းသိမ်းမှုကြောင့် ငြိမ်သက်နေကြခြင်းဖြစ်သည်။ မော်လမြိုင်မြို့ကို သိမ်းပိုက်သူမှာ ပုလိပ်အင်စမတ်တော်(မူးဆောဒီ)ဖြစ်သည်။ ပုလိပ်အချို့နှင့် မြို့ခံအချို့ပေါင်းပြီး သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ မြို့ရွာများကို သိမ်းယူခြင်းမှာ အကြမ်းဖက်မှုအဖြစ် (K.N.U)ခေါင်းဆောင်များနှင့် ကရင်တပ်မှူး ကြီးများက ယူဆသည်။ ကရင်တပ်မှူးကြီးများဖြစ်ကြသော စမစ်ဒွန်းနှင့် စောကြာဒိုးတို့က ကရင်တွေစည်းကမ်းမရှိကြသူများဟု ဂရုဏာဒေါသောဖြင့် ပြောလေသည်။”**

(K.N.D.O)များသည် အင်းစိန်တွင် လက်နက်သိမ်းပြီးနောက် (၁၉၄၉) ခုနှစ်၊ ဇန်နဝါရီ(၁)ရက် နေ့ကတည်းက စတင်လှုပ်ရှားလာကြသည်။ အင်းစိန်တွင် ကရင်တပ်များ၏ အင်းအားမှာ တောင့်တင်းလှသည်။ ဇန်နဝါရီလ(၃၀)ရက်နေ့တွင် အင်းစိန်တစ်ဝိုက်ရှိ သမိုင်း၊ ခဝဲခြံ၊ စော်ဘွားကြီးကုန်းစသော ဆင်ခြေဖုံးရပ်ကွက်များတွင် တိုက်ပွဲများစတင်ဖြစ် ပွားလာတော့သည်။ အစိုးရသည်လည်း တပ်မတော်အတွင်းမှ ကရင်အရာရှိကြီးများအား ယုံကြည်မှုမရှိတော့ပေ။ ထို့ကြောင့် (၁၉၄၉)ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်စမစ်ဒွန်းအား နုတ်ထွက်စေပြီး ဗိုလ်ချုပ်နေဝင်းအား စစ်ဦးစီးချုပ်အဖြစ်ခန့်အပ်လိုက်သည်။ ကရင်အရာရှိနှင့်တပ်သားများကိုလည်း လက်နက်များသိမ်း၍ ခွင့်ရက်ရှည်များပေးကာ အနားယူစေရန် စီစဉ်ခဲ့သည်။ ဗိုလ်ချုပ်နေဝင်း၏ ရာထူးအဆင့်ကိုလည်း လက်ဖတင်ဂျင်နရယ်အဖြစ် ခန့်အပ်လိုက်သည်။ စစ်ရဲတပ်များနှင့်ရဲအဖွဲ့ကိုလည်း ဗိုလ်ချုပ်နေဝင်း၏ ကွပ်ကဲမှုအောက်တွင် ထားလိုက်သည်။

ဗိုလ်ချုပ်နေဝင်းသည် အစိုးရသစ္စာခံလက်နက်ကိုင်တပ်မျိုးစုံကို ကွပ်ကဲ၍ ရောင်စုံသောင်းကျန်းသူများကို ခုခံတိုက်ခိုက်ရတော့၏။

(၁၉၄၉)ခုနှစ်၊ ဖေဖော်ဝါရီလ(၂)ရက်နေ့တွင် အင်းစိန်ကို (K.N.D.O)များက သိမ်းပိုက်လိုက်သည်။ ဖေဖော်ဝါရီလ(၅)ရက်နေ့တွင်ကား ပြည်မြို့တွင်ရှိနေသော ကရင်သေနတ်ကိုင်တပ်ရင်း(၂)က ပုန်ကန်သဖြင့် ပြည်မြို့သည်လည်း သောင်းကျန်းသူတို့လက်သို့ ကျရောက်သွားပြန်သည်။ ကရင်သေနတ်ကိုင်တပ်ရင်း(၂)သည် အင်းစိန်တွင် အင်အားဖြည့်၍ ရန်ကုန်မြို့အား သိမ်းပိုက်နိုင်ရန် ထရပ်ကားအစင်း (၁၈၀)ဖြင့် ပြည်–ရန်ကုန်ကားလမ်းအတိုင်း စုန်ဆင်းချီတက်လာကြသည်။[၁]

ကရင်သောင်းကျန်းသူများနှင့် တပ်မတော်တို့ နေရာအနှံ့အပြားတွင် တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားနေစဉ်မှာပင် (၁၉၄၉)ခုနှစ်၊ ဖေဖော်ဝါရီလ(၇)ရက်နေ့တွင် ရန်ကုန်မြို့၌ အမှုထမ်းပေါင်းစုံသပိတ်ကြီး ပေါ်ပေါက်လာပြန်သည်။ ကျောင်းသားသပိတ်နှင့် မီးရထားသပိတ်များလည်း ဆက်တိုက်ဆိုသကဲ့သို့ ပေါ်ပေါက်လာသည်။[၂]

ဖေဖော်ဝါရီလ(၁၆)ရက်တွင် (K.N.D.O)များက ဒိုက်ဦးမြို့ကို သိမ်းပိုက်လိုက်သည်။ ရမည်းသင်းမြို့သည်လည်း ဖေဖော်ဝါရီလ(၁၈)ရက်တွင် (K.N.D.O)များလက်သို့ ကျရောက်သွားပြန်သည်။ ပျော်ဘွယ်မြို့သည်လည်း (K.N.D.O)များလက်သို့ ကျရောက်သွားသည်။ (၁၉၄၉)ခုနှစ်၊ ဖေဖော်ဝါရီလ(၂၀)ရက် (K.N.D.O)များသည် ပျော်ဘွယ်မှ မိတ္ထီလာဘက်သို့ ချီတက်လာကြသည်။

တပ်မတော်က မတ္ထီလာနှင့်ပျော်ဘွယ်မြို့အကြားတွင် (K.N.D.O)များအား ခုခံတိုက်ခိုက်ရာ ဗိုလ်မှူးကြီးမောင်မောင်(ဗိုလ်မှူးချုပ်အငြိမ်းစား)နှင့် အရာရှိခြောက်ဦးကို (K.N.D.O)များက သုံ့ပန်းအဖြစ် ဖမ်းဆီးရမိသွားသည်။ (၁၉၄၉)ခုနှစ်၊ ဖေဖော်ဝါရီလ(၂၁)ရက်တွင် မိတ္ထီလာမြို့ကို ကရင်သောင်းကျန်းများက သိမ်းပိုက်လိုက်သည်။ ကရင်လက်နက်ကိုင်အင်အား(၂၀၀)ကျော်သည် မိတ္ထီလာတွင်စုရုံး၍ မီးရထားလမ်းကို ရရှိနိုင်ရေးအတွက် သာစည်မြို့ကို မီးကုန်ယမ်းကုန် တိုက်ခိုက်ကြပြန်သည်။

အစိုးရလေယာဉ်နှစ်စင်းသည် မိတ္ထီလာမြို့ ရန်သူ့လက်သို့ ကျရောက်နေမှန်းမသိသဖြင့် မိတ္ထီလာလေယာဉ်ကွင်းသို့ ဆင်းသက်လာသည်။ ကရင်များနှင့်ပူးပေါင်းနေသော ကချင်စစ်ဗိုလ်နော်ဆိုင်း (နောင်ဗကပ ခေါင်းဆောင်သေဆုံး)သည် လေယာဉ်နှစ်စင်းဖြင့် ကရင်စစ်သားများကိုတင်၍ အနီးစခန်းသို့ သွားသည်။ အနီးစခန်းလေယာဉ်ကွင်းတွင်ရှိနေသော အစောင့်တပ်သားများကို လက်နက်သိမ်း၍ မေမြို့သို့ ဆက်လက်ချီတက်သည်။ မေမြို့ရှိ ဗမာ့တပ်မတော်သားများအား အလစ်အငိုက်တွင် ဝင်ရောက်ဖမ်းဆီး၍ လက်နက်သိမ်းသည်။ သို့နှင့် အနီးစခန်းနှင့်မေမြို့သည်လည်း ဖေဖော်ဝါရီလ(၂၁)ရက်နေ့မှာပင် (K.N.D.O)များလက်သို့ ကျရောက်သွားရသည်။ ဗိုလ်မှူးထွန်းစိန်(မြူမင်းကြီးဟောင်းကွယ်လွန်)နှင့် အရာရှိ၊ အရာခံအကြပ်တပ်သားအချို့မှာ ရန်သူ့လက်တွင် ဖမ်းဆီးခြင်းခံလိုက်ကြရသည်။

နိုင်ငံတော်၏ အခြေအနေမှာ များစွာဆိုးရွားလျက်ရှိရာ နိုင်ငံခြားသတင်းစာများက (ဖဆပလ)အစိုးရအား ရန်ကုန်အစိုးရဟုနှိမ်၍ ရေးသားလာကြသည်။ အစိုးရအဖွဲ့အတွင်းမှ ဆိုရှယ်လစ်များမှလည်း လူမုန်းများလာသည်။

*(၁) ဒေါက်တာမောင်မောင်၏ မြန်မာ့နိုင်ငံရေးခရီးနှင့်ဗိုလ်ချုပ်ကြီးနေဝင်း*

*(၂) ဝိဇ္ဇာသခင်ချစ်မောင်၏ လွတ်လပ်ရေးရပြီးနောက် မြန်မာပြည်၊*

** ဗိုလ်မှူးချုပ်မောင်မောင်တို့ လူစုအား ကယ်တင်နိုင်ရန် တပ်မတော်ကွန်မန်ဒိုနည်းဖြင့် သုံးကြိမ်းကြိုးစားခဲ့သည်။ ပထမအကြိမ်တွင် အလင်းဝင်ကရင်ရဲဘော်များကို စေလွှတ်သည်။ ဒုတိယအကြိမ်တွင်တပ်ရင်း(၅)မှ ပြောက်ကျား တပ်စုကို စေလွှတ်သည်။ တတိယအကြိမ်တွင် ရန်ကုန်ဘဆွေ၏ ပြောက်ကျားအဖွဲ့နှင့် ဗိုလ်ခင်မောင်ချစ်၊ ဗိုလ်မျိုးသန့်၊ တပ်ကြပ်ကြီး ထွန်းကြည်တို့ ပါဝင်သောတပ်ဖွဲ့က သွားရောက်ကယ်တင်မှ အောင်မြင်သည်။ ရန်ကုန် ဘဆွေသည် ထိုစစ်ဆင်ရေးအား တိုက်ယူရသည့်* ***မျက်ရည်တစ်ပေါက်****အမည်ရှိ စာအုပ်တွင် အသေးစိတ် ရေးသားခဲ့သည်။*

## ဗိုလ်ချုပ်စမစ်ဒွန်းနှင့် ဗိုလ်မှူးချုပ်ကျော်ဇော



**စစ်ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်း**



**ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ကျော်ဇော**

ပြည်တွင်းစစ်၏ အထွတ်အထိပ်နှင့်အင်းစိန်အရေးအခင်း၏အစကို ဗိုလ်မှူးချုပ်ကျော်ဇောအနေနှင့်သူ၏အတ္ထုပ္ပတ္တိတွင် ရေးသားထားလေသည်။ အထူးသဖြင့် “ကလော”သွားရန် ထွက်လာစဉ် မင်္ဂလာဒုံ၌ ဗိုလ်ချုပ်စမစ်ဒွန်းလုပ်ကြံခံရပုံ၊ ဗိုလ်ချုပ်ကျော်ဇော၏ မြောက်ပိုင်းတိုင်းမှူးဘဝတွင် ဗိုလ်ချုပ်စမစ်ဒွန်း၏ မိသားစုတခုလုံးကို ကယ်တင်လာခဲ့ပုံ၊ တဖန်ဗိုလ်မှူးချုပ်ကျော်ဇော၏ တောင်ပိုင်းတိုင်းမှူးဘဝတွင် ဗိုလ်ချုပ်စမစ်ဒွန်းက တဖန်ဗိုလ်မှူးချုပ်ကျော်ဇောမိသားစုကို ပြန်လည်ကယ်တင်ခဲ့ပုံကို သိခဲ့သူနည်းလှပေသည်။ ယင်းအချက်ကို ဗိုလ်မှူးချုပ်ကျော်ဇောက ရေးသားထားခြင်းဖြစ်လေသည်။

“(၁၉၄၉)ခု၊ နှစ်ဆန်းလောက်တွင် မြောက်ပိုင်းစစ်တိုင်းမှူးဖြစ်စဉ် စစ်ရုံးချုပ်၏ အစီအစဉ်အရ ကရင်တပ်များလှုပ်ရှားလာသဖြင့် မြောက်ပိုင်း[၁]ရှိ ကရင်တပ်တချို့ကို လက်နက်ဖြုတ်ရသည်။ ထိုကိစ္စမှာ လွယ်သည်မဟုတ်၊ ကရင်များက ကျနော့်အပေါ်ယုံကြည်သဖြင့် လက်နက်အပ်ကြသည်။ ကရင်တပ်သား များကိုမူ မေမြို့အချက်ပြတပ်ရင်းတွင် ထားသည်။ (ထိုကျနော်လက်နက်ဖြုတ်ပြီး ထိန်းသိမ်းခဲ့ဖူးသည့် ကရင်၊ ကချင်ရဲဘော်အချို့နှင့်ကျနော် နောင်နှစ်ပေါင်းများစွာ ကြာပြီး

နောက် ပြန်လည်တွေ့ဆုံကြရပါသည်။ သူတို့မှာ ဗိုလ်နောင်ဆိုင်းတပ်နှင့်အတူ တရုတ်ပြည်ပါသွားပြီး ထိုမှတဆင့် ဗမာပြည်ကွန်မြူနစ်ပါတီ လက်နက်ကိုင် တော်လှန်ရေးဒေသ အရှေ့မြောက်စစ်ဒေသသို့ ပြန်လည်ရောက်ရှိလာပြီး ကျနော့် မှာလည်း (၁၉၇၆)ခုနှစ်မှာ တောခိုကာ ဗမာပြည်ကွန်မြူနစ်ပါတီသို့ ရောက်ရှိလာ ရာတွင် အရှေ့မြောက်စစ်ဒေသဌာနချုပ်ရှိရာ ပန်ဆန်းမြို့တွင် ပြန်လည်ဆုံစည်း မိကြပါသည်။)

ထိုအတွင်းမှာပင် မေမြို့လေယာဉ်ကွင်းမှ ဗိုလ်ချုပ်စမစ်ဒွန်းဖုန်းဆက် သဖြင့် လေယာဉ်ပျံကွင်းဆင်းပြီး ဗိုလ်ချုပ်စမစ်ဒွန်းတို့ ဇနီးမောင်နှံကို သွားတွေ့ ကာ ကျနော့်အိမ်သို့ ခေါ်လာရသည်။

ထိုမှ သိရသည်မှာ ဗိုလ်ချုပ်စမစ်ဒွန်းသည် ကလောမြို့သို့သွားရန် ရန်ကုန် လေဆိပ်သို့ လာကြရာတွင် လေဆိပ်အနီးတွင် တစုံတဦးက သေနတ်ဖြင့် ချောင်း မြောင်းပစ်ခတ်လုပ်ကြံခြင်း ခံရပါသည်။ ကံသီ၍ ဘာမျှမထိခိုက်ပဲ လွတ်မြောက် ခဲ့ရသည်။”

*(၁) (ဗိုလ်မှူးချုပ်ကျော်ဇော၏အတ္ထုပ္ပတ္တိ)*

ဆက်လက်၍ ရေးထားပြန်သည်မှာ –

ဤတွင် ဗိုလ်ချုပ်စမစ်ဒွန်းက စဉ်းစားမိသည်မှာ ယခုလို သူ့အတွက် အန္တရာယ်များသောကာလတွင် မိတ်ဆွေမြန်မာအရာရှိကြီးတဦးဦးကို[၁] မှီခိုပြီး နေထိုင်မှဖြစ်မည်စိတ်ကူးပြီး မှီခိုရမည့်သူအဖြစ် ကျနော့်ကို ရွေးချယ်ပြီး ကျနော် ရှိရာမေမြို့သို့ လာကြခြင်းဖြစ်သည်ဟု ဆိုပါသည်။ ကျနော်က ဝမ်းမြောက်ဝမ်းသာ လက်ခံပြီး ကျနော့်အိမ်တွင် ကြိုက်သလောက်နေရန်ပြောပြီး အိမ်တွင်ထား ပါသည်။

ဗိုလ်ချုပ်စမစ်ဒွန်းတို့ ကျနော့်အိမ်တွင်နေစဉ် ကျနော့်သမီးငယ် စန်းစန်း (၁)နှစ်ခွဲရွယ်သမီးကို သူအတော်ချစ်သည်။ ပါးဖေါင်းကြီး၊ ပါးဖေါင်းကြီးဟု နာမည် ပေး၍ ခေါ်တတ်၊ မြူတတ်ပါသည်။ ကျနော့်သမီးအကြီးလုလု(၃)နှစ်သမီးမှာ ဇာတိသုံးဆယ်မြို့တွင် ကျနော့်ယောက္ခမများနှင့် ကျန်ရစ်ခဲ့ပါသည်။

နောက်တနေ့တွင် ကရင်အရာရှိတချို့ ကျနော့်အိမ်ရောက်လာပြီး ဗိုလ်ချုပ်စမစ်ဒွန်းကို တွေ့လိုကြောင်း ခွင့်တောင်းပါသည်။ ကျနော်က ခွင့်တောင်းစရာမလိုပါ တွေ့ချင်တာတွေ့ရပါတယ်ဟုပြောပြီး ဗိုလ်ချုပ်စမစ်ဒွန်းရှိရာ အိမ်ပေါ်ထပ်သို့ တက်သွားပြီး **"ကရင်အမျိုးသားအရာရှိတချို့ ဗိုလ်ချုပ်ကို လာတွေ့ပါတယ်။ ကျနော်သူတို့ကို ဧည့်ခန်းမှာ စောင့်ခိုင်းထားပါတယ်"**ဟု ပြောပြီးမှ **"ကျနော်က ထပ်ပြောသည်မှာ ဗိုလ်ချုပ်ခင်ဗျား သူတို့က ဗိုလ်ချုပ်ကို ကျနော့်အိမ်မှာ ဖမ်းဆီးထားတယ်လို့ ထင်မြင်နေပုံရပါတယ်။ မဟုတ်ကြောင်း ပြောပေးပါခင်ဗျာ"**ဟု ပြောရပါသည်။ ဗိုလ်ချုပ်စမစ်ဒွန်းလည်း ဧည့်ခန်းဆင်းသွားပြီး ၎င်းအရာရှိတို့နှင့် ရယ်ရယ်မောမော စကားပြောနေသည်များကို ကြားရပါသည်။

နောက် ရက်အချို့ကြာသောအခါ ဗိုလ်ချုပ်စမစ်ဒွန်းက ကျနော်တို့အိမ်မှာ နေရတာအားနာလာ၍ သူတို့အတွက် အိမ်တလုံးရှာပေးပါရန် လေးလေးနက်နက် တောင်းဆိုလာပါသည်။ ကျနော်က ဒီကာလမှာ ဗိုလ်ချုပ်နှင့်ကျနော်အတူ နေကြတာ နှစ်ဦးစလုံးအတွက် လုံခြုံကောင်းမွန်သည်။ ဗမာတချို့က ဗိုလ်ချုပ်ကို လုပ်ကြံရန် ကြံစည်လျှင် ကျနော်ရှိနေ၍ ခက်မည်။ တဖန်ကရင်တချို့က ကျနော့်ကို လုပ်ကြံရန် ကြံစည်လျှင် လည်း တဖက်တွင် ဗိုလ်ချုပ်ရှိနေ၍ ခက်မည်။ ထို့ကြောင့် ကျနော်တို့ ပိုလုံခြုံနိုင်ကြပါမည်။ ထို့ကြောင့် မပြောင်းရန်နှင့်အားမနာရန် ပြောပါသည်။

ထိုသို့ ကျနော်တို့အပေါ် အားမနာဖို့ပြောသော်လည်း အတင်းသာ ပြောင်းဖို့ ဖိပြောလာသဖြင့် မြောက်ပိုင်းစစ်ဌာနချုပ်ရှိ အရာရှိရိပ်သာမှာ လူမရှိသဖြင့် ထိုရိပ်သာသို့ ပြောင်းနေဖို့ စီစဉ်ပေးရပါသည်။ အိမ်ထောင်ပရိဘောဂ အိုးခွက်တွေလဲ အသင့်ရှိသည့် နေရာဖြစ်ပါသည်။ ကျနော်က ညနေရုံးဆင်းတိုင်း သူတို့အိမ်ဝင်၍ နှုတ်ဆက်မေးမြန်းတတ်ပါသည်။ တညနေ ကျနော်ရောက်သွားစဉ် ဗိုလ်ချုပ်စမစ်ဒွန်းမှာ အတော်မျက်နှာမကောင်းပါ။ ကျနော်က ထုံးစံအတိုင်း နေထိုင်ကောင်းမကောင်း၊ လိုအပ်တာရှိမရှိ မေးမြန်းပြီး ပြန်ထွက်လာကာ ကင်းစောင့်ရဲဘော်ကို ထိုနေ့က ဒီအိမ်ကို ဘယ်သူလာသလဲဟု မေးမြန်းစစ်ဆေးရာ ဗမာစစ်အရာရှိတဦးလာကြောင်းပြောသဖြင့် ပုံပန်းသဏ္ဍာန်ပါ ဆက်မေးသော

အခါ တပ်တွင်းမှ ဆိုရှယ်လစ်တပ်မှူးတဦး ဖြစ်နေပါသည်။ ထိုဆိုရှယ်လစ်တပ်မှူးက ဗိုလ်ချုပ်စမစ်ဒွန်းအာ ဘာများပြောသွားသည် မသိပါ။ ဗိုလ်ချုပ်စမစ်ဒွန်းမှာ အတော်ပင်မျက်နှာပျက်နေရှာပါသည်။ ကျနော့်ကိုတော့ ဘာမျှပြောမပြပါ။

ထိုကာလတွင် (၁၉၄၉)ခုနှစ်၊ ဇန္နဝါရီလကုန်ခါနီးတွင် တောင်ငူမြို့ကိုရင်း၊ (၁၉၄၉)ခုနှစ်၊ ဖေဖေါ်ဝါရီလ(၁)ရက်နေ့တွင် တောင်ပိုင်းတိုင်းအတွင်းရှိ အင်းစိန်မြို့ကိုရင်း ကရင်အမျိုးသား(K.N.D.O)သူပုန်တပ်တို့က သိမ်းပိုက်လိုက်ကြောင်း သတင်းများထွက်ပေါ်လာပါသည်။

ထိုအတွင်း ကျနော့်အား ရန်ကုန်စစ်ရုံးချုပ်က ခေတ္တဆင်းလာဖို့ ခေါ်သဖြင့် ကျနော်ရန်ကုန်ဆင်း သွားပါသည်။ စစ်ဦးစီးချုပ်မှာ ဗိုလ်ချုပ်စမစ်ဒွန်းမဟုတ်တော့ပဲ ဗိုလ်ချုပ်နေဝင်းဖြစ်နေ၍ စစ်ရုံးချုပ်ရှိ ဗိုလ်ချုပ် နေဝင်းထံသွား၍ သတင်းပို့ပါသည်။

ထို့ကြောင့် ဗိုလ်နေဝင်းက ကျနော့်ကို တွေ့လျှင်တွေ့ချင်း သူကြည့်နေသော အင်းစိန်မြေပုံကြီးကို ထိုးပေးပြီး ဦးအောင်သင်းထံမှ တာဝန်အမြန်သွားလွှဲပြောင်းယူဖို့နှင့် အင်းစိန်တိုက်ပွဲတိုက်ရန် ညွှန်ကြားခြင်းဖြစ်ပေသည်။ ထိုစဉ်မြောက်ပိုင်းတိုင်းကို မေမြို့ဗိုလ်သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီးဗိုလ်မှူးမောင်မောင်ကို တာဝန်ယူစေခဲ့သည်။

ဦးအောင်သင်းကို ဗိုလ်နေဝင်းတို့က အမြန်ဖြုတ်ပစ်လိုက်သည့်အကြောင်းကို ကျနော်မှန်းဆကြည့်ရာတွင်ငင်း၊ ထိုတိုင်းစစ်ဌာန ထောက်လှမ်းရေးမှူးဗိုလ်ကြီးစိုးမင်း(ကျဆုံးကွယ်လွန်)ကို ထိုကိစ္စကို တီးခေါက်ကြည့်ရာတွင် သိလာရသည်များအရရင်း ကျနော်နားလည်သဘောပေါက်သည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"ဦးအောင်သင်းနှင့်စောဘဦးကြီး(K.N.U)ဥက္ကဋ္ဌတို့မှာ လန်ဒန်၌ ဥပဒေပညာသင်ကျောင်းတက်ဘက်များဖြစ်ခဲ့ပြီး စောဘဦးကြီးမှာ တခါတရံ ဦးအောင်သင်း၏ မင်္ဂလာဒုံရှိ တိုင်းမှူးနေအိမ်သို့ လာလည် စားသောက်တတ်ပြီး ညဉ့်နက်မှပြန်တတ်ကြောင်း သိရပါသည်။ ကျနော်နှင့်တာဝန်မလွှဲမီ ကလေးမှာပင် (၁၉၄၉–ခုနှစ်၊ ဇန္နဝါရီလကုန်ပိုင်းလောက်တွင်) မင်္ဂလာဒုံရှိ ကရင်တပ်များအစိုးရကို ပုန်ကန်

ပြီး၊ တောင်ပိုင်းစစ်ဌာနချုပ်ကိုပင် ခေတ္တဝင်စီးခဲ့ပြီး အကြောင်းများကြောင့် ဖြုတ်ပစ်လိုက်ဟန်တူ ပါသည်။

*(၁) (ဗိုလ်မှူးချုပ်ကျော်ဇော၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ)*

## စောဘဦးကြီး၏ ငြိမ်းချမ်းရေးဆန္ဒ

ယင်းကဲ့သို့ အင်းစိန်တွင် တိုက်ပွဲများဖြစ်ပွားနေစဉ် ကြားလူများမှတဆင့် ဝန်ကြီးချုပ်ဦးနု၏ ငြိမ်းချမ်းရေး ကမ်းလှမ်းချက်မှာ စောဘဦးကြီးနှင့်(K.N.U) ခေါင်းဆောင်များ၊ (K.N.D.O)ခေါင်းဆောင်များရှိရာ အင်းစိန်သို့ ရောက်လာသည်။ ယင်းငြိမ်းချမ်းရေးကမ်းလှမ်းချက်အပေါ် (K.N.U)နှင့်(K.N.D.O)ခေါင်းဆောင်များက စဉ်းစားပြီးနောက် စောဘဦးကြီးနှင့်မန်းဂျိမ်းထွန်းအောင်တို့ သွားရောက်ဆွေးနွေးရန် သဘောတူလိုက်ကြသည်။ ဤသို့ဖြင့် စောဘဦးကြီးနှင့် မန်းဂျိမ်းထွန်းအောင်တို့သည် ဘုန်းတော်ကြီးဖရန့်(စ်)စစ်အာမြအား အဖော်ပြု၍ (၁၉၄၉)ခု၊ ဧပြီလ(၄)ရက်နေ့တွင် အင်းစိန်မှ ရန်ကုန်မြို့ထဲသို့ ရောက်ရှိလာကြသည်။

ယင်းသို့အင်းစိန်မှရန်ကုန်မြို့ထဲသို့ စောဘဦးကြီးနှင့်အဖွဲ့လာစဉ် နှစ်ဘက်အပစ်အခတ်ရပ်စဲထားသဖြင့် အင်းစိန်စစ်မျက်နှာတွင် သေနတ်သံများ တိတ်ဆိတ်နေလေသည်။ ငြိမ်းချမ်းရေးရရှိစေချင်သော အကောင်းမြင်သူများကလည်း (ဖဆပလ)အစိုးရနှင့် စောဘဦးကြီးတို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကြိုဆိုကြ၏။

ဧပြီလ(၅)ရက်နေ့မှ စတင်၍ နှစ်ဦးနှစ်ဘက်ဆွေးနွေးကြရာ ဧပြီလ(၇)ရက်နေ့တွင် နှစ်ဘက်ငြိမ်းချမ်းရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ သဘောတူညီမှုများကို ဧပြီလ(၈)ရက်နေ့မှ စတင်၍ အကောင်အထည်ဖော်ရန်လည်းပါရှိ၏။ (ဖဆပလ)အစိုးရနှင့် စောဘဦးကြီး၏ အင်းစိန်ငြိမ်းချမ်းရေးသဘောတူညီချက်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

(၁) လက်နက်ကိုင်တောခိုသူတိုင်း လက်နက်ချအလင်းဝင်ပါက လွတ်ငြိမ်းချမ်းသာခွင့်ရမည်ဟူသော အစိုးရ၏ကြေညာချက်ကို အသိအမှတ်ပြုသည်၊

(၂) တပ်မတော်မှ တောခိုသွားသော ကရင်ပိုလ်၊ အကြပ်၊ တပ်သားများပြန်လာလျှင် တပ်မတော်ပြန် လည်ဖွဲ့စည်းရေးကော်မတီသို့ သတင်းပို့ကြရမည်။ (ယင်းကော်မတီတွင် တရားဝန်ကြီးချုပ်ဆာဘဦး ခေါင်းဆောင်လျက် အဖွဲ့ဝင်များအဖြစ် ဗိုလ်ချုပ်စမစ်ဒွန်းနှင့်ဗိုလ်မှူးချုပ်နေဝင်းတို့ ပါဝင်ကြသည်။)

(၃) တပ်မတော်ပြန်လည်ဖွဲ့စည်းရေး ကော်မတီသည် ကရင်ပိုလ်၊ အကြပ်၊ တပ်သားများ၏ နစ်နာချက်များနှင့်ပတ်သက်၍ စဉ်းစားကာ လိုအပ်သလို အရေးယူဆောင်ရွက်ပေးမည်။

(၄) တပ်မတော်ထဲတွင်၎င်း၊ ပြည်သူ့ဝန်ထမ်းလောကထဲတွင်၎င်း ကရင်နှင့် အခြားတိုင်းရင်းသားဟူ၍ ခွဲခြားမှုမပြုပဲ တသားတည်း အခွင့်အရေးပေးရန်။

(၅) ကရင်ကျေးရွာများအတွက် လုံခြုံရေးအရ လိုအပ်သလောက်သော လက်နက်ကို စနစ်တကျ ကိုင်ဆောင်စေရမည်။

ယင်းသို့ နှစ်ဦးနှစ်ဘက်ငြိမ်းချမ်းရေးသဘောတူညီချက်ကို ယူဆောင်လျက် စောဘဦးကြီးနှင့် မန်းဂျိန်းထွန်းအောင်တို့သည် ဧပြီလ(၇)ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ထဲမှ အင်းစိန်သို့ ပြန်လည်ရောက် ရှိလာကြသည်။ ထိုနေ့ ညပိုင်းမှာပင် ယင်းသဘောတူ ညီချက်ကို အရေးပေါ်အစည်းအဝေးထိုင်၍ စဉ်းစားကြ ၏။ ဤတွင် (**K.N.D.O**)၏ အမိကခေါင်းဆောင်နှစ်ဦးဖြစ်သည့် စောဟန်တာသာမွေး (မုဆိုးကော်ကဆာ စောဟန်တာသာမွေး)နှင့် မန်းဘဇန်တို့က ယင်းသဘောတူညီချက်သည် ငြိမ်းချမ်းရေးသဘောတူညီချက်ဟု မခေါ်နိုင်ပဲ လက်နက်ချခိုင်းသည့် သဘောတူညီချက်သာဖြစ်၍ လက်မခံသင့်ကြောင်း အကြောင်းပြ၍ ပယ်ချလိုက်လေသည်။ ဤသို့ဖြင့် (ဖဆပလ)အစိုးရနှင့်စောဘဦးကြီးတို့၏ သဘောတူညီ

ချက်သည် ပယ်ပျက်သွားလေသည်။ ဤတွင် စောဘဦးကြီးက မန်းဘဇန်သည် လည်း (K.N.D.O) ဥက္ကဋ္ဌဖြစ်၍ သူ၏သဘောတူညီ ချက်ကို သဘောမတူနိုင်ပါက သီးခြား(ဖဆပလ)အစိုးရနှင့် ဆွေးနွေးသင့်ကြောင်း အကြံပေးရာမှ မေလ(၅) ရက်နေ့တွင် မန်းဘဇန်ကိုယ်တိုင် ရန်ကုန်မြို့ထဲသွား၍ (ဖဆပလ)အစိုးရအဖွဲ့ဝင် များနှင့် ဆက်လက်ဆွေးနွေးသည်။

(ဖဆပလ)အစိုးရနှင့် စောဘဦးကြီးတို့ ငြိမ်းချမ်းရေးသဘောတူညီချက် ပျက်ပြားသွားပုံနှင့်ပတ်သက်၍ မန်းဘဇန်က အောက်ပါအတိုင်း ရေးသားထား လေသည်။

"ပြန်ရောက်လာတော့ အင်းစိန်မှာရှိတဲ့ ကျွန်တော်တို့ ခေါင်းဆောင်တွေ၊ အဖွဲ့အစည်းက ခေါင်းဆောင်တွေကို ခေါ်ပြီးဆွေးနွေးတယ်။ ဒီစာဟာ လက်နက်ချ တဲ့ သဘောမျိုးဖြစ်နေတယ်။ ဒီတော့ ကျွန်တော်တို့ လက်မခံနိုင်ဘူး။ လက်မခံနိုင် တော့ ပြဿနာပေါ်နေပြီ၊ ဒီတော့ ဘယ်လိုလုပ်မလဲ၊ ဒါကို ဖျက်ရမယ်။ မဖျက်ရင် ကျွန်တော်တို့ တာဝန်သိပ်ကြီးနေတယ်။ ဥက္ကဋ္ဌကြီးကိုယ်တိုင် လက်မှတ်ရေးထိုး ထားတော့ လုပ်ရမှာဖြစ်တယ်။ ဒီတော့ မလုပ်နိုင်အောင် ဖျက်ရမယ်။ စဉ်းစား ကြမယ်။ ဥက္ကဋ္ဌကြီးက အကြံပေးတယ်။ ငါက (K.N.D.O) ဥက္ကဋ္ဌအနေနဲ့ လက်မှတ်ထိုးလိုက်ပြီ။ ဒါပေမဲ့ မတရားသင်း ကြေညာထားတာက (K.N.D.O)၊ လက်နက်ကိုင်တိုက်နေတာက (K.N.D.O)၊ ဒီတော့ (K.N.D.O)နဲ့ ဆွေးနွေးပေါ့၊ ဘဇန်က(K.N.D.O)ကို တာဝန်ယူထားတော့၊ ဘဇန်သွားဆွေးနွေးပေါ့လို့ ဥက္ကဋ္ဌ ကြီးစောဘဦးကြီးက အကြံပေးတယ်။ ဒီအစည်းအဝေးကနေ ကျွန်တော့်ကို လွှတ်တယ်။ ကျွန်တော့်ကို လွှတ်တော့၊ ဒါကို ပျက်အောင် ဖျက်ရမယ်။ ဒါကို လက်မခံနိုင်ဘူး။ ဒါဟာ လက်နက်ချရေး၊ ဒါနဲ့ကျွန်တော်နောက်တနေ့ (၁၉၄၉) ခုနှစ်၊ မေလ(၅)ရက်နေ့မှာ လိုက်သွားတယ်။"

*(မောင်စင်ကြယ်၏ မြန်မာပြည်ချစ်ကရင်အမျိုးသားခေါင်းဆောင်များ)*

မန်းဘဇန်ကပင် ဆက်လက်၍ အင်းစိန်ငြိမ်းချမ်းရေး သဘောတူညီချက် ပျက်ပြားသွားပုံကို နိဂုံးချုပ်၍ ရေးသားထားရာ၌ –

"ကျွန်တော်တို့ နိုင်ငံရေးမှာ နုတယ်။ ကျွန်တော်တို့ခေါင်းဆောင်ကြီး စောဘဦးကြီးကို အကြီးအကျယ်လေးစားတယ်။ ဘာဆွေးနွေးမယ်၊ ဘာလုပ်မယ် ဆိုတဲ့(Mandate)မပေးလိုက်ဘူး။ ဟိုရောက်တော့ ဥက္ကဋ္ဌကြီးကို ဟိုကစည်းရုံး၊ ဒီကစည်းရုံးဆိုတော့ လည်သွားတယ်။ ကျွန်တော့်ကိုတောင် စည်းရုံးသေးတယ်။ (ဖဆပလ)နဲ့မဆွေးနွေးခင် အိန္ဒိယသံအမတ်ကြီး မစ္စတာရောနဲ့ မစ္စက်ဘမောင်ချိန် (ဒေါက်တာစံစီဖိုးသမီး)တို့က စည်းရုံးတယ်။ မစ္စက်ဘမောင်ချိန်က မန်းဘဇန် စဉ်းစားပါကွာ။ ခင်ဗျားတို့ လက်နက်အပ်ပြီး ကရင်ပြည်နယ်အရေး ဆက်လုပ်ပါ တဲ့။ ဟာ ဒါတော့ မဖြစ်နိုင်ဘူး။ ခင်ဗျားကို ကရင်အချင်းချင်းမို့ ကျွန်တော်တခု ပြောမယ်။ ကျွန်တော်တို့လိုချင်တဲ့ ကရင်ပြည်နယ်ကို သူတို့ဘယ်နည်းနဲ့မှ ပေးမှာ မဟုတ်ဘူး။ ကရင်ပြည်နယ်ရဖို့ဟာ လက်နက်ကိုင်တိုက်ပွဲမှတပါး အခြားနည်း မရှိတော့ဘူး။ ဒါကြောင့် ကျွန်တော်တို့ တိုက်ရမှာပဲဆိုတဲ့ ဆုံးဖြတ်ချက်အတိုင်း ပြန်ပြောလိုက်တယ်။ ထိုနေရာ၌ပင် ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲပျက်သွား တော့သည်၊"စသည်ဖြင့် ရေးသားထားလေသည်။

(K.N.U)ဥက္ကဋ္ဌစောဘဦးကြီးလက်မှတ်ရေးထိုးသဘောတူခဲ့သော အင်းစိန် ငြိမ်းချမ်းရေးသဘောတူညီချက်ကို (K.N.D.O) ခေါင်းဆောင်များက လက်မခံကြ သောကြောင့် (၁၉၄၉)ခု၊ ဧပြီလ(၈)ရက်၊ နေ့စွဲဖြင့် (ဖဆပလ)အစိုးရထံသို့ စာတ စောင်ရေးသားပေးပို့လိုက်သည်။ ယင်းစာတွင် (K.N.D.O)ခေါင်းဆောင်များ ဖြစ်ကြသော စောဟန်တာသာမွေး(၁၉၄၉ခုနှစ်၊ ဥပဒေတွင်းပြန်ဝင်လာသူ)နှင့် ဗိုလ်မှူးအောင်စိန်တို့က လက်မှတ်ရေးထိုးထားကြသည်။ ယင်းစာထဲတွင် အရေးကြီးသောတောင်းဆိုချက်(၂)ရပ် ပါရှိသည်။

(၁) လောလောဆယ် အခြေအနေတွင် နှစ်ဘက်အပစ်အခတ် ရပ်စဲထား ကြရန်၊

(၂) (ဖဆပလ)အစိုးရနှင့် (K.N.U)ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ချင်း၊ ကချင်၊ မွန်စသော တိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ နိုင်ငံရေးခေါင်း ဆောင်များပါ ပါဝင်သော ကျယ်ပြန့်သည့်ဆွေးနွေးပွဲတရပ်အဖြစ် ကျင်းပသွားရန်။

ယင်းစာကို (ဖဆပလ)အစိုးရက အကြောင်းပြန်ကြားခြင်း မရှိခဲ့ပေ။ ဤသို့ဖြင့် နောက်ပိုင်း၌ ယာယီ အပစ်အခတ်ရပ်စဲထားသော အင်းစိန်တဝိုက်ဆွင် တိုက်ပွဲများပြန်လည် စတင်လာလေသည်။

*(မောင်စင်ကြွယ်၏ မြန်မာပြည်ချစ်ကရင်အမျိုးသားခေါင်းဆောင်များ)*

## ဗိုလ်မှူးချုပ်ကျော်ဇော၏ အင်းစိန်တိုက်ပွဲ

### အင်းစိန်တိုက်ပွဲကြီး

ကျနော်သည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးအဖြစ်နှင့် အင်းစိန်မြို့ တိုက်ပွဲကြီးကို (၁၉၄၉)ခုနှစ်၊ ဖေဖော်ဝါရီလဆန်းကစပြီး ဦးစီးတိုက်ခိုက်ခဲ့ရပါသည်။ အင်းစိန်မြို့ကို (K.N.D.O)များက (၁၉၄၉)ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့ကစပြီး သိမ်းခဲ့သည်။ ထိုတိုက်ပွဲအကြောင်းကို ရေးရပါတော့မည်။ အင်းစိန်တိုက်ပွဲနှင့် ပတ်သက်၍ ကျနော်၏မှတ်စုမှတ်တမ်းများမှာ ကျနော်၏ ရန်ကုန်အိမ်တွင်သာ ကျန်ရစ်ခဲ့ရာ ထိုမှတ်စုစာတမ်း များကို ကျနော်တို့တောခိုလာပြီးနောက် အစိုးရက ကျနော့်အိမ်မှ ကားတစီးတိုက် လာသိမ်းယူသွားကြောင်း အိမ်တွင်ကျန်ရစ်သော သမီးအငယ် စန်းစန်းက ပြောပြပါသည်။

အင်းစိန်တိုက်ပွဲအကြောင်း အချက်အလက်ရှာဖွေရန် ကျနော့်သား ကိုမြမောင်ရှာပေးထားသော စာအုပ်စာတမ်းအချို့ ကျနော့်ထံတွင် ရှိနေပါသည်။ ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်ရေးသားသော **"တိုင်းပြည်ကနုနု မုန်တိုင်းက ထန်ထန်"**၊ မိုးမိုးတာရော စန်(ဗိုလ်မှူးကြီးခင်မောင်သောင်း)ရေးသားသော **"မုန်းတိုင်းကိုမမှုအန်တုလေသော်"**နှင့် စစ်သမိုင်းပြတိုက်မှ ထုတ်ဝေသော **"တပ်မတော်သမိုင်း"**စာအုပ်များ ဖြစ်ပါသည်။ ကျနော်ထိုစာအုပ်များကို အချိန်ယူ ဖတ်ကြည့်ပါသည်။ စာအရေးအသားကောင်းကြပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၅၀)ကျော် (၆၀)နီးပါးက အဖြစ်အပျက်များလည်း ဖြစ်ပါသည်။

ပထမဆုံးအကြောင်းမှာ ထိုစဉ်က ကျနော့်မှာ စစ်အတွေ့အကြုံပညာ ဗဟုသုတ အားနည်းနေသေးခြင်းသည် အဓိကအကြောင်းရင်း ဖြစ်နေပါသည်။ ကျနော်သာအတွေ့အကြုံ အားနည်းနေသည်သာမက ထိုစဉ်က အင်းစိန်တိုက်ပွဲတွင် ကျနော်နှင့်အတူ ပါဝင်တိုက်ခိုက်နေကြသော တပ်မှူးကြီးများဖြစ်ကြသော ဗိုလ်မှူးဘလိပ်၊ ဒု–ဗိုလ်မှူးကြီးချစ်မြိုင်၊ ဒု–ဗိုလ်မှူးကြီးကြည်မောင်၊ ဒု–ဗိုလ်မှူးကြီးစောမြင့်စသူတို့သည်မှာလည်း ကျနော့်လိုပင် အတွေ့အကြုံအားနည်းနေသော ကာလဖြစ်နေပေသည်။ သို့သော် ကျနော်တို့အားလုံး တတ်နိုင်သမျှ စည်းလုံးညီညွတ်စွာဖြင့် တိုင်တိုင်ပင်ပင်ဆွေးနွေးလုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါသည်။

ဒုတိယအကြောင်းမှာ ထိုစဉ်က ရန်သူများဖြစ်နေကြသော (K.N.D.O) တပ်မှူးအချို့မှာ ဗြိတိသျှတပ်မှ ပါလာသူများဖြစ်၍ စစ်ရေးအရ အတော်အတန်ကျွမ်းကျင်ကြပြီး နေရာယူစစ်ပွဲအတွေ့အကြုံများရှိထားကြသည်။ ထို့အပြင် (K.N.D.O)တပ်သားများမှာလည်း တိုက်ခိုက်ရေးစိတ်ဓါတ်မြင့်မားပြီး အလွန်ခေါင်းမာကြံ့ခိုင်ကြသောသူများဖြစ်သောကြောင့်လည်း ဖြစ်သည်။ ဤသို့ ဖြစ်ရသည်မှာ ကျနော့်အထင် အချက်တချို့ရှိပါသည်။

ပထမအချက်မှာ ထိုအချိန်ကာလက (K.N.D.O)တို့မှာ အမျိုးသားရေးစိတ်ဓါတ်အပြင်းထန်ဆုံးကာလဖြစ်နေပေသည်။ ဒုတိယအချက်လည်းဖြစ် အဓိကအချက်လည်ဖြစ်သည်မှာ ထိုအင်းစိန်ဒေသဝန်းကျင်မှာ ကရင်အမျိုးသားများစွာ၏ ဇာတိဌာနေဒေသဖြစ်ခဲ့သည်။ ထို့ကြောင့် သူတို့စစ်ရှုံးနေသော်လည်း သူတို့၏ ဇာတိမှ မိမိအိမ်သားများနှင့်ခွဲခွါပြီး မဆုတ်ခွါလိုကြပေ။ ထို့ကြောင့် ပေတေပြီး စွဲမြဲစွာ ဇွဲကောင်းကောင်းနှင့်ခုခံကြသည်။

ထို့ပြင် အင်းစိန်အဝင်ဝ နှုတ်ခမ်းများတွင်ရှိသော “မင်းဓမ္မကုန်း”၊ “တောင်သူကုန်း”စသော လက်နက်ငယ်ခံစစ်အတွက် များစွာအသုံးဝင်နိုင်သော အချက်အချာကျသည့် တောင်းကုန်းကလေး သုံးလေးလုံးရှိနေရာ ထိုကုန်းတွေပေါ်မှ တပ်စွဲထားသူတို့ကို ကျနော်တို့ခက်ခဲစွာ တိုက်ခိုက်တွန်းလှန်ခဲ့ရပေသည်။

နောက်အကြောင်းတခုမှာ နေရာယူခံစစ် တပ်စွဲထားသောရန်သူကို တိုက်ခိုက်ရာတွင် တိုက်သူဘက်က လုံလောက်သောအမြောက်ဆံမီးအား၊ သံချပ်ကားအားတို့ ရှိရမည်ဖြစ်ရာ ကျနော်တို့တွင် အမြောက်ဆံ၊ ဗုံး၊ သံချပ်ကာအားတို့ မလုံလောက်ပေ။ အဓိကခြေလျင်တပ်လက်နက်နှင့်ပင် တိုက်နေရသည်။ (၂၇)တန် စတူးဝပ်တင့်ကားလေးနှစ်စီး၊ သုံးစီးရှိသော်လည်း ၎င်း၏အမြောက်ဆံမရှိ၍ စစ်ပွဲတွင် မထိရောက်လှပေ။ ထို့ကြောင့် "မ,စ"သောလက်နက်ကြီးအား မလုံလောက်၍လည်း အင်းစိန်တိုက်ပွဲသည် ခက်ခဲကြန့်ကြာရပေသည်။

အလွန်ခက်ခဲ ကျပ်တည်းသွားရသော အကြောင်းကတော့ ဗမာ့တပ်မတော်တွင်းရှိ ကရင်အမျိုးသားသေနတ်ကိုင်တပ်ရင်းနှစ်ရင်း အစိုးရကို ပုန်ကန်သွားခြင်းပင် ဖြစ်ပါတော့သည်။ တောင်ငူရှိကရင်တပ်ရင်း(၁)မှာ အင်းစိန်ကို (K.N.D.O)များ မသိမ်းပိုက်မီ ကလေးတွင် (၁၉၄၉)ခုနှစ်၊ ဇန္နဝါရီလကုန် (၂၇)ရက်နေ့လောက်တွင် အစိုးရကိုပုန်ကန်ပြီး တောင်ငူမြို့ကို သိမ်းပိုက်လိုက်သည်။ အလားတူ ဖေဖော်ဝါရီ(၄)ရက်တွင် ပြည်မြို့တွင် တပ်စွဲထားသော ကရင်အမျိုးသားသေနတ်ကိုင် တပ်ရင်း(၂)က ပြည်မြို့ကို သိမ်းပိုက်လိုက်သည်။

ဗိုလ်ချုပ်ကျော်ဇောသည် စောဘဦးကြီးနှင့်ဦးနု ငြိမ်းချမ်းရေးဆွေးနွေးပုံကိုလည်း ရေးပြထားလေသည်။

ထိုအချိန်လောက်တွင်ပင် အင်းစိန်ရှိ ကရင်သူပုန်များက အစိုးရနှင့် စေ့စပ်ဆွေးနွေးပြီး ငြိမ်းချမ်းလိုသည်။ အပစ်အခတ်ရပ်စဲပေးပါဟု တောင်းဆိုလာပါသည်။ ကျနော်တို့ ဝမ်းမြောက်စွာ အပစ်အခတ်ရပ်စဲပြီး ၎င်းတို့၏ခေါင်းဆောင်များ ရန်ကုန်မြို့တွင်းရှိ အစိုးရနှင့်တွေ့ရန် စီစဉ်ပေးပါသည်။

ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီးကိုယ်တိုင် ခေါင်းဆောင်သော ကရင်အဖွဲ့ ရန်ကုန်ထဲဝင်ပြီး အစိုးရအဖွဲ့နှင့်ဆွေးနွေးကြပါသည်။ ကျနော်တို့ ဝမ်းသာနေကြသော်လည်း ဆွေးနွေးပွဲနှစ်ရက်လောက်ကြာပြီး နောက် ကရင်တို့

ဘက်က ဆွေးနွေးပွဲဖြတ်လိုက်ပြီဟု ကြေညာသည်။ ကျနော့်စိတ်အထင် တောင်ငူ ကရင်သေနတ်ကိုင်တပ်ရင်း(၁)က တားမြစ်လို့ဟုသံသယရှိနေပါသည်။

## အင်းစိန်တိုက်ပွဲ အဆုံးသတ်

(၁၉၄၉)ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့က စတင်ခဲ့သော အင်းစိန်တိုက်ပွဲကြီးမှာလည်း ပဲခူးစစ်မျက်နှာမှ (K.N.D.O)တို့ ဆုတ်ခွာသွားပြီးသည့်တိုင် အချိန်အတော်ကြာ ဆက်တိုက်ရတုန်း ဖြစ်ပါသည်။

သို့သော် (K.N.D.O)တို့သည် တတိတတိဖြင့် အင်းစိန်တွင် အတော်နေရာကျဉ်းမြောင်းလာသည့်အပြင် အဓိကအားဖြင့် သူတို့ကို လာပြီးပေါင်းစီး အကူအညီပေးရန် အလားအလာများမရှိတော့ပြီဖြစ်၍ အင်းစိန်မှ (၁၉၄၉)ခုနှစ်၊ မေလ(၂၁)ရက်နေ့ညတွင် အင်းစိန်မြို့ကျောဘက်ရှိ လှိုင်မြစ်ကိုဖြတ်ကာ မြစ်ဝကျွန်းပေါ်သို့ ဆုတ်ခွါထွက်ပြေးကြလေတော့သည်။

သို့ဖြင့် (၁၉၄၉)ခုနှစ်၊ ဖေဖော်ဝါရီ(၁)ရက်မှ မေလ(၂၂)ရက်အထိ (၃)လနှင့် (၂၂)ရက်ကြာပြီး များစွာအသေအပျောက် ထိခိုက်ကျဆုံးမှုများလှသော သမိုင်းဝင် အင်းစိန်တိုက်ပွဲကြီးမှာ ပြီးဆုံးခြင်းသို့ ရောက်ရှိသွားပေတော့သည်။

*(ဗိုလ်မှူးချုပ်ကျော်ဇော၏ အတ္ထုပ္ပတ္တိ)*

ထိုအချိန်တွင် ပြည်သူ့ရဲဘော်(ရဲဘော်ဖြူ၊ ရဲဘော်ဝါ)များက အင်းစိန်တစ်ဖက်ကမ်းရှိ ရွှေလင်ပန်းရွာတစ်ဝိုက်တွင် အခြေပြု၍ (K.N.D.O)များကို ပိတ်ဆို့ထားကြသည်။ သို့ရာတွင် ရဲဘော်ဖြူနှင့်ရဲဘော်ဝါတို့ မကြာခဏ ပြန်လည်တိုက်ခိုက်နေသဖြင့် အခြေအနေမှာ ပိုဆိုးနေရသည်။ ဦးစက္ကိုကျောင်း၊ စောဘင်ဆင်ခြံ၊ မင်းဓမ္မကုန်းတို့တွင် တိုက်ပွဲပြင်းထန်သည်။ တပ်ရင်း(၃)နှင့်တပ်ရင်း(၅)သည် စော်ဘွားကြီးကုန်းနောက်မှ အိမ်နီကြီးတစ်လုံးကို သိမ်းယူနိုင်ရန် တိုက်ခိုက်ရာ အကျအဆုံးများခဲ့ရသည်။

ဗိုလ်လုသောင်းကျဆုံးပြီး ဗိုလ်ကြီးမောင်လွင်ဒဏ်ရာရသွားခဲ့သည်။ အကျအဆုံးများပြားလွန်းသဖြင့် ရဲဘော်များမှာ ရှေ့ဆက်မတက်နိုင်ပဲ ဝပ်နေကြတော့သည်။ ဗိုလ်မှူးကြီးထွန်းတင်(သူရဦးထွန်းတင်)က ကျည်ဆန်များကြားတွင် ထ၍လမ်းလျှောက်ပြမှသာ ရှေ့တိုးနိုင်ကြသည်။

အင်းစိန်စစ်မျက်နှာကို ဗိုလ်မှူးကြီးကျော်ဇော(ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၊ တောခို)က ဦးစီးပြီး ဗိုလ်မှူးကြည်မောင်က ဦးစီးအရာရှိအဖြစ် ဆောင်ရွက်သည်။ အင်းစိန်မှာ ကရင်လက်နက်ကိုင်များ အင်အားတောင့်တင်းသဖြင့် တိုက်ပွဲမှာ များစွာပြင်းထန်ခဲ့ရသည်။ (K.N.D.O)များသည် အင်းစိန်ထောင်ကြီးကို ဖွင့်၍ ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံခံရစဉ်က ဂဠုန်ဦးစောအား လက်နက်ထုတ်ပေးသဖြင့် ထောင်ကျနေသူ ကပ္ပတိန်ဗီဗီယမ်(Vivian)ကို ခေါ်ထုတ်လိုက်သည်။ မေဂျာယမ်းသည် (K.N.D.O)များနှင့်ပူးပေါင်း၍ အကြံပေးအရာရှိအဖြစ်ဆောင်ရွက်ခဲ့သည်။ [၁]သာသနာပြုပုဂ္ဂိုလ် ဘော်(လ်)ဒွင်သည်လည်း ကရင်တပ်များနှင့်ပူးပေါင်း၍ တိုက်ခိုက်ခဲ့သည်။

အင်းစိန်စစ်မျက်နှာတွင် အခြေအနေဆိုးသကဲ့သို့ ရန်ကုန်–မန္တလေး ဆက်သွယ်ရေးလမ်း၊ ပြည်–ရန်ကုန် လမ်း၊ မြစ်ဝကျွန်းပေါ်စသဖြင့် တစ်ပြည်လုံးတွင် ရောင်စုံသောင်းကျန်းသူများ ထကြွလျက်ရှိရာ အခြေအနေမှာ များစွာဆိုးရွားခဲ့ရသည်။

[၁] *ပြည်တွင်းသောင်းကျန်းမှုသမိုင်း(၂) ရဲဘော်သစ်မောင်*

## အခန်း(၁၀)

## အင်းစိန်အရေးအခင်းနှင့် ကရင်အရာရှိများ

အင်းစိန်သိမ်းပိုက်မှုတွင် ပထမဦး (K.N.D.O)များသာ ပါဝင်လေသည်။ စစ်တပ်မှဆိုလျှင် မင်္ဂလာဒုံရှိ ဗိုလ်အောင်စိန်၏ အမြောက်တပ်သာပါဝင်သည်။ စောဘဦးကြီး၊ စောဟန်တာသာမွေးနှင့်မန်းဘဇန်တို့သည် လက်နက်ကိုင်သူများ မဟုတ်ကြပေ။ သို့ဖြစ်၍ ဗိုလ်အောင်စိန်သည် အင်းစိန်ကာကွယ်ရေးတွင် မန်းဘဇန်နှင့်ပူးတွဲ၍၎င်း၊ ဒုတိယအကြိမ်(ဖဆပလ)အစိုးရထံ ငြိမ်းချမ်းရေးစာပို့ရာ တွင်၎င်းစောဟန်တာသာမွေးနှင့်အတူ စာကိုလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းရောက်လာသောအခါတွင်မှ အင်းစိန်ကို အားဖြည့်ရန်အနေနှင့် ကာနယ်မင်းမောင်၏ ကရင်လက်နက်ကိုင်တပ်ရင်း(၁)သည် တောင်ငူကို သိမ်း၍၎င်း၊ ဗိုလ်မှူးကြီးမြမောင်၏ ကရင်လက်နက်ကိုင်တပ်ရင်း(၂)သည် ပြည်မြို့ ကို သိမ်း၍၎င်း အင်းစိန်(ရန်ကုန်)သို့ အသီးသီး စုန်ဆင်းလာကြခြင်းဖြစ်သည်။

အင်းစိန်အရေးအခင်းတွင် ကရင်တို့ဘက်မှ အဓိကချို့ယွင်းချက်မှာ ခေါင်းတွဲမပါပဲ ကုန်တွဲချည်း မောင်းနှင်လာသည့် မီးရထားကြီးတစီးပမာ အဓိက စစ်တပ်၏ ဦးစီးခေါင်းဆောင်များဖြစ်ကြသော ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ် စမစ်ဒွန်းသည်၎င်း၊ ဒုတိယကာ ကွယ်ရေးဦးစီးချုပ်ဖြစ်သူ ဗိုလ်မှူးချုပ်စောကြာဒိုး သည်၎င်း ပါမလာခြင်းပင် ဖြစ်လေသည်။

ထိုမှ အနယ်နယ်မှ အင်းစိန်သို့ ရောက်လာကြကုန်သော (K.N.D.O)နှင့် အမည်ခံများသည် အင်းစိန်ရောက်လျှင် ဥက္ကဋ္ဌမန်းဘဇန်ရေးသားသကဲ့သို့ပင် အချင်းချင်းမသင့်မမြတ်ဖြစ်ကာ မိမိနယ်နှင့်မိမိရွာ အတွက် လက်နက်များရယူ ပြီးတွင် အသီးသီးပြန်သွားကာ ခိုးဆိုးတိုက်ခိုက်ခြင်းအမှုကို ကျူးလွန်ကြလေ သည်။ ယင်းအင်းစိန်အရေးအခင်းတွင် ပါဝင်သောကရင်အရာရှိ၊ အရာခံများသည် ကရင့်တော်လှန်ရေးမအောင်မမြင်သော်လည်း သူတို့သည်ဘဝဆုံးသည်တိုင် ကရင့်တော်လှန်ရေးနှင့်အတူတကွ နေခဲ့ခြင်းပင် ဖြစ်လေသည်။

## စောဘဦးကြီးအား နောက်ဆုံးမြင်တွေ့ရခြင်း

(၁၉၄၉)ခုနှစ်၊ မေလ(၂၂)ရက်နေ့တွင် အင်းစိန်ကို အစိုးရတပ်တွေ သိမ်းပြီး နောက် ထန်းတပင်မြို့နယ် “ကြာအင်းဇောင်း”ရွာတွင် စောဘဦးကြီးခေါင်း ဆောင်၍ (K.N.U)နှင့် (K.N.D.O)ခေါင်းဆောင်များပါဝင်သော အစည်းအဝေး

တရပ်ကို နောက်ဆုံးကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် ရောဝတီတိုင်းနှင့် တောင်ငူအရှေ့တိုင်းဟူ၍ ခွဲလိုက်ကာ ခေါင်းဆောင်များအသီးသီး တာဝန်ခွဲဝေယူသည့် အစည်းအဝေးလည်းဖြစ်သည်။ ယင်းအစည်းအဝေးတွင် ကျန်ခေါင်းဆောင်များအနေနှင့်စောဘဦးကြီးအား နောက်ဆုံးမြင်တွေ့ လိုက်ကြရခြင်းလည်း ဖြစ်လေသည်။

"ကြာအင်းဇောင်း"ရွာ အစည်းအဝေး၏ တာဝန်ခွဲဝေမှုအရ အရှေ့တိုင်းတွင် စောဘဦးကြီးခေါင်းဆောင်လျက် စောစန်းကေ(K.N.D.O)စစ်ရေးတာဝန်ခံ စကောမောလေ(လူငယ်တာဝန်ခံ)တို့ ပါဝင်ကြသည်။ မြစ်ဝကျွန်းပေါ်၊ ရောဝတီတိုင်းတွင် စောဟန်တာသာမွေးနှင့်မန်းဘဇန်တို့က တာဝန်ယူကြသည်။ စောဘဦးနှင့်အဖွဲ့သည် အရှေ့တိုင်းဖြစ်သော တောင်ငူနယ်တွင် သွားရောက်တာဝန်ထမ်းဆောင်ရန်အတွက် ထန်းတပင်မှ လှည်းကူး–စာဖူးတောင် *(စာဖူးတောင်းသည် စောဟန်တာသာမွေး၏ ဇာတိရွာဖြစ်သည်။)* ထိုမှတဆင့် ညောင်လေးပင်၊ တောင်ငူသို့ ရောက်ရှိသွားသည်။

ယင်းနှင့်ပတ်သက်၍ (၁၉၆၃)ခုနှစ်တွင် (မဆလ)အစိုးရနှင့်နိုင်ငံရေးအရ နားလည်မှုရပြီး ဥပဒေတွင်း ပြန်ဝင်သွားသူ (K.R.C) ကရင့်တော်လှန်းကောင်စီ ဥက္ကဌမှုဆိုးကော်ကဆာစောဟန်တာသာမွေးက အောက်ပါအတိုင်းပြောပြ၏။

**"မိမိ၏ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်ချက်နှင့် ငြိမ်းချမ်းရေးစကားကို ဘုရားကျောင်းနံရံများ၌ စောဘဦးကြီး၏ ဝိဉာဉ်သာရှိနေပါက ဟားတိုက်၍ ရယ်မောကောင်းရယ်ပါလိမ့်မည်။ အကြောင်းမှာ အင်းစိန်အရေးအခင်းတွင် စောဘဦးကြီးသည် ငြိမ်းချမ်းစွာဖြေရှင်းလိုသည့် ခေါင်းဆောင်ဖြစ်၍ မိမိသည်သာ လက်နက်ဖြင့် တိုက်ခိုက်လိုသောကြောင့် ဖြစ်ပါသည်။"**

*(အင်းစိန်တောင်သူကုန်း ဘုရားကျောင်းဝတ်ပြုဆုတောင်းပွဲ)*

ဆက်လက်၍ စောဟန်တာသာမွေးကပင် စောဘဦးကြီးနှင့်မိမိနောက်ဆုံးနေ့အဖြစ် အင်းစိန်က ဆုတ်ခွါသွားရပုံကိုလည်း လွမ်းဆွတ်ဖွယ် အောက်ပါအတိုင်း ပြောသွားလေသည်။

“စောဘဦးကြီးသည် မိမိနှင့်အစိုးရငြိမ်းချမ်းရေးသဘောတူညီချက် ပျက်ပြားသွားပြီးနောက် စိတ်ပျက် လက်ပျက်ဖြစ်နေစဉ် (K.N.D.O)ခေါင်းဆောင်များက လုံခြုံရေးအကြောင်းပြချက်ဖြင့် အင်းစိန်တဘက်ကမ်းမှတဆင့် စောဘဦးကြီးအား ထန်းတပင်သို့ ပြောင်းရွှေ့ပေးခဲ့သည်။ မနက်ဖြန် မေလ(၂၂)ရက်နေ့တွင် အင်းစိန်ကို အစိုးရတပ်တွေမသိမ်းမီ မေလ(၂၁)ရက်နေ့တွင် အင်းစိန်၌ ခေါင်းဆောင်ဟူ၍ ကျွန်တော်တယောက်တည်းသာ ရှိနေပါသည်။ မေလ(၂၁)ရက်နေ့ ညအချိန်တွင် အင်းစိန်တဘက်ကမ်းသို့ ကျွန်တော်ကူးခဲ့ပါတော့သည်”ဟု စောဟန်တာသာမွှေးက အင်းစိန်တောင်သူကုန်းဘုရားကျောင်းဝတ်ပြုဆုတောင်းပွဲ၌ ပြောကြားသွားလေသည်။

## အင်းစိန်တိုက်ပွဲမှ ကြုံတွေ့ရသော အတွေ့အကြုံများ

အင်းစိန်တိုက်ပွဲမှ ကြုံတွေ့ရသော အတွေ့အကြုံများမှာ အောက်ပါအတိုင်းဖြစ်သည်။

အစပိုင်းတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ထက် အဆမတန်အားကြီးသော ရန်သူများကို တိုက်ခိုက်ရသည်။ ရန်သူ၏အင်အားမှာ ကျွန်ုပ်တို့၏ လက်နက်ကိုင်အင်အားများကို ချေမှုန်းပစ်နိုင်သည့်အင်အား ဖြစ်ပေသည်။ ကျွန်ုပ်တို့၏ ယုံကြည်မှုအရ ကျွန်ုပ်တို့နှင့်အတူ ဘုရားသခင်ရှိပေသည်။ အင်းစိန်တိုက်ပွဲသည် ရန်သူမှ ထိုးစစ်ဖြစ်ပြီး ကျွန်ုပ်တို့မှ ခံစစ်ဖြစ်နေသည်။ ကျွန်ုပ်တို့မှာ အဝိုင်းခံထားရသည်။ ရန်သူအဖို့မှာ လွယ်ကူစွာဖြင့် စစ်ကူများ၊ ရိက္ခာနှင့်ခဲယမ်းမီးကျောက်များ၊ သယ်ယူပို့ဆောင်နိုင်သည်။ တိုက်ခိုက်လာသော ရန်သူများကို အကျအဆုံးများစွာဖြင့် ကျွန်ုပ်တို့မှခုခံတိုက်ခိုက်နိုင်သည်။ တိုက်ပွဲတိုင်းတွင် ရန်သူဘက်မှ ကျည်ဆံအမြောက်အမြားသုံးစွဲပြီး တိုက်ခိုက်သည်။ ကျွန်ုပ်တို့ဘက်မှ ကျည်ဆံအနည်းငယ်လောက်သာလျှင် အသုံးပြုနိုင်သည်။

တိုက်ပွဲများမှာ အနီးကပ်တိုက်ပွဲဖြစ်သည်။ စစ်ရေးအရ ကြည့်ပါက ကျွန်ုပ်တို့ဘက်မှ ရန်သူကို အထိနာစွာ ဖြင့်တိုက်နိုင်သည်။ အကယ်၍သာ ရန်သူမှ

အင်းစိန်မြို့ကို ပြန်လည်တိုက်ခိုက် သိမ်းပိုက်သွားနိုင်ပါက အင်းစိန်မြို့ရှိ ကရင်များ၏ကံကြမ္မာမှာ မပြောဝံ့လောက်အောင် ဆိုးရွားမည်ဖြစ်ပေသည်။ ဘုရားသခင်သည်တဖက်မှ ကျွန်ုပ်တို့ဘက်တွင်ရှိနေသဖြင့် ဆိုးရွားသောကံကြမ္မာ မကျရောက်ခဲ့ပေ။ အင်းစိန်ကို စတိုက်ပြီးနောက် ကရင်အမြောက်တပ်သားများသည် စစ်ကူအဖြစ်ရရှိလာသည်။ အကယ်၍သာ ယင်းတပ်များအချိန်မီ မရောက်လာပါက ကရင်များ၏အခြေအနေသည် အဆိုးဘက်သို့ တမျိုးတမည်ပြောင်းလဲသွားမည်ဖြစ်သည်။

ရန်သူများတိုက်ခိုက်မှုကြောင့် သမိုင်း၊ ကြို့ကုန်းဘက်မှ အရပ်သူ၊ အရပ်သားအားလုံးသည် အင်းစိန်သို့ ပြောင်းရွှေ့လာသည်။ ကြီးမားသော ရိက္ခာအကြပ်အကျပ်အတည်းများကြုံတွေ့လာသည်။ အကယ်၍ အင်းစိန်မြို့ကို သိမ်းယူမရရှိပါက ကြီးမားသော ရိက္ခာအခက်အခဲနှင့်ကြုံတွေ့ရပြီး အခြေအနေတမျိုးပြောင်းလဲသွားနိုင်သည်။ ရန်သူများ၏ထင်သလို ပြုကျင့်ခြင်းခံကြရပေမည်။ အင်းစိန်မြို့ကို သိမ်းယူရရှိပြီး ရိက္ခာများလုံလောက်စွာ ရရှိလာသဖြင့် ရက်ပေါင်း (၁၁၁)ရက်ကြာမျှ ရန်သူများကို ခုခံတိုက်ခိုက်နိုင်ပြီး ဆိုးရွားသော အခြေအနေများမကျရောက်ခဲ့ပေ။ ကြာရှည်တိုက်လာရသဖြင့် ခဲယမ်းမီးကျောက်များ ကုန်လုလုအခြေအနေမျိုး ရောက်ခဲ့ရသည်။

ကျွန်ုပ်တို့သည် အင်းစိန်စစ်မျက်နှာတွင် (၁၉၄၉)ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်နေ့မှ မေလ(၂၁)ရက်နေ့အထိ ရက်ပေါင်း(၁၁၁)ရက်ကြာမျှ ခုခံတိုက်ခိုက်ခဲ့သည်။ ယင်းကာလများအတွင်း ရန်သူဘက်မှလည်း နယ်မှစစ်ကူများခေါ်ယူကာ အင်းစိန်မြို့ကို တိုက်ခိုက်သိမ်းယူသည်။ တိုက်ပွဲကြီးငယ်များ နေ့စဉ်လိုပင် ဖြစ်ပွားလျက်ရှိသည်။ ရန်သူများမှာ ချင်း(သနက)တပ်ရင်း(၁)၊ ဘားမားရိုင်ဖယ်တပ်ရင်း(၅)အပြင် (U.M.P)တပ်များ၊ လဲဗီးတပ်များ (LEVY)၊ ရန်ကုန်တက္ကသိုလ်အပျော်တမ်းတပ်များစသည်တို့ဖြင့်၎င်း၊ တိုက်လေယာဉ်များ၊ သံချပ်ကားယန္တယားတပ်များ၊ အမြောက်တပ်များတို့ဖြင့်၎င်း တိုက်ခိုက်သည်။ ကျွန်ုပ်တို့သည် အင်းစိန်တွင် ရက်ပေါင်း(၁၁၁)ရက်ကြာ ခုခံတိုက်ခိုက်ပြီးနောက် ဆုတ်ခွာပေးလိုက်သည်။ အင်းစိန်တိုက်ပွဲတွင် ရန်သူဘက်မှ သေဆုံးသူနှင့်ဒါဏ်ရာ

ရရှိသူပေါင်း ငါးထောင်ကျော်ရှိသည်။ ကျွန်ုပ်တို့ဘက်မှ သေဆုံးသူလက်နက်ကိုင်နှင့်အရပ်သားစုစုပေါင်း တစ်ရာရှစ်ဆယ်နှင့် ဒါဏ်ရာရသူပေါင်းရှစ်ရာကျော်ရှိသည်။

သို့ရာတွင် ဘုရားသခင်၏ ထောက်မမှုကြောင့် အင်းစိန်မြို့တွင်းတွင် ရှာဖွေတူးဖေါ်ရာ နှစ်လနီးပါးမျှ ပြန်လည်တိုက်ခိုက်နိုင်သည့်ကျည်ဆံများ တူးဖေါ်ရရှိခဲ့သည်။ ယင်းကျည်ဆံများမှာ ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိသျှတို့ မြှုပ်နှံသွားသည့် ကျည်ဆံများဖြစ်သည်။ ယင်းကျည်ဆံများကို အင်းစိန်ကုလားတဦး၏ သတင်းပေးမှုကြောင့် ရရှိခြင်းဖြစ်သည်။ ယင်းကျည်ဆံများရရှိပြီး အင်းစိန်တိုက်ပွဲဖြစ်ချိန်တွင် အင်းစိန်မြို့ကို သိမ်းယူရရှိလိုက်သဖြင့် အင်းစိန်မြို့တွင် ကရင်ဆရာဝန်များ၊ ကရင်ဆေးကျောင်းသားများရှိနေရုံမျှမက အင်းစိန်မြို့ရှိ ဆေးရုံနှင့်တကွ လက်နက်ကရိယာများ၊ ဆေးဝါးများအလုံအလောက်ရရှိခဲ့သည်။

ကျွန်ုပ်တို့သည် လက်နက်များရရှိလိုက်သဖြင့် ကာကွယ်ရေးလက်နက်ကိုင်တပ်များ စနစ်တကျဖွဲ့စည်းပေးနိုင်ခဲ့သည်။ သေနတ်ကိုင်တပ်၊ အချက်ပြဆက်သွယ်ရေးတပ်ဖွဲ့၊ ထောက်လှမ်းရေးတပ်ဖွဲ့၊ ရိက္ခာတပ်ဖွဲ့၊ သယ်ယူပို့ဆောင်ရေးတပ်ဖွဲ့စသည်ဖြင့် စနစ်တကျအစီအစဉ်များ ပြုလုပ်ပေးနိုင်ခဲ့သည်။ အင်းစိန်တိုက်ပွဲဦးစီးသူအဖြစ် ဗိုလ်မှူးအောင်စိန်ကို တာဝန်ပေးထားရာ ပြဿနာများဖြစ်ပေါ်လာ၍ ဗိုလ်မှူးအောင်စိန်၏နေရာတွင် ကျွန်ုပ်မှယူပြီး တိုက်ပွဲကို ဆက်လက်ဆင်နွှဲသည်။ ရက်ပေါင်း(၁၁၁)ရက်ကာလအတွင်း အကျပ်အတည်းများစွာကိုလည်း တွေ့ခဲ့သည်။ တိုက်ပွဲမှာ တိုက်ပွဲရှည်ဖြစ်ပြီး ရက်ကြာလာသည်နှင့်အမျှ လက်နက် ကိုင်များသည် စိတ်ဓါတ်ကျလာကာ အချို့မှာမိမိတပ်ဖွဲ့စွဲသည့်နေရာကို စွန့်၍ အင်းစိန်မှ ထွက်ခွါရန် ပြုလုပ်လာသည်။

၎င်းတို့ စိတ်ဓါတ်မြှင့်တင်ရေးနှင့် တာဝန်ပြန်လည်ယူကြရန်အတွက် ကျွန်တော်၊ စောဘဦးကြီး၊ ဗိုလ်မှူးမောင်ကလေးတို့မှ ၎င်းတို့နှင့်တွေ့ဆုံဆွေးနွေးပြီး ထိန်းသိမ်းပေးခဲ့ရပေသည်။ အရပ်သူအရပ်သားများအတွင်းတွင်လည်း စည်းကမ်းဖေါက်ဖျက်မှု၊ အကျင့်ပျက်ပြားမှုနှင့် အချင်းချင်းမသင့်မြတ်မှုများရှိနေသဖြင့် ၎င်းပြဿနာများကိုလည်း ဖြေရှင်းပေးရပြန်သည်။ ရှေ့တန်းရဲဘော်နှင့် နောက်

တန်းရဲဘော်များဟူ၍ ရှိနေရာတွင် ၎င်းတို့အကြားတွင်လည်း စိတ်ဝမ်းကွဲမှုများရှိနေသဖြင့် ယခုပြဿနာများကို ဖြေရှင်းရပြန်သည်။ အင်းစိန်တိုက်ပွဲသည် ကျွန်ုပ်အဖို့ ကြီးမားသောအတွေ့အကြုံများကို ရရှိစေသည်။ တော်လှန်ရေးဒဏ်ကို ခံနိုင်ရည်ရှိလာသည်။ ပြဿနာများ မည်သို့ဖြေရှင်းပေးရမည်ကို အတွေ့အကြုံရလာသည်။ ရက်ပေါင်း(၁၁၁) ကြာမျှတပ်နှင့်၊ လူထုများကို ထိန်းသိမ်းပေးနိုင်သည့် အရည်အချင်းများလည်း ရရှိလာသည်။ အင်းစိန်တိုက်ပွဲမှာ အခက်အခဲပေါင်းများစွာသည် တော်လှန်ရေးကို ဆက်လက်ရှေ့ဆောင်ပေးရန် အရည်အချင်းနှင့် အတွေ့အကြုံများ များစွာရရှိလာစေသည်။

*(ဖူးကီးဒို(ရောဘတ်ဇန်)၏ မန်းဘဇန်နှင့် ကရင့်တော်လှန်း)*

## ကေဂျီဘီ(K.G.B)

စောဘဦးကြီးသည် အင်းစိန်၊ ထန်းတပင်မှ ထွက်ခွါလာပြီးနောက် တောင်ငူသို့ ချောမောစွာပင် ရောက်လာသည်။ တောင်ငူရောက်ပြီးနောက် (၁၉၄၉)ခုနှစ်၊ ဇွန်လ(၁၄)ရက်၊ နေ့စွဲဖြင့် (K.N.U)၏ ကော်သူးလေအစိုးရ(K.G.B- Kaw Thooli Governing Body)ကို ဖွဲ့စည်းကြောင်း၊ ကော်သူးလေအသံလွှင့်ဌာနက ကြေညာသည်။ ယင်းကော်သူးလေအုပ်ချုပ်ရေးအဖွဲ့တွင် –

စောဘဦးကြီးတာဝန်ယူသည့် တောင်ငူအရှေ့တိုင်းသည် (K.N.U)၏ ဗဟိုဌာနချုပ်လည်းဖြစ်သည်။ စောဘဦးကြီးရောက်ရှိသွားပြီး မကြာမီ (၁၉၄၉) ခုနှစ်၊ ဇွန်လ(၁၄)ရက်နေ့၊ နေ့စွဲဖြင့် (K.N.U)၏ “ကော်သူးလေ”အုပ်ချုပ်ရေးအဖွဲ့တွင် စောဘဦးကြီးက ဝန်ကြီးချုပ်အဖြစ်ဆောင်ရွက်ပြီး အစိုးရအဖွဲ့ဝင်များမှာ

| | |
|---|---|
| (၁) စောဘဦးကြီး | (ဝန်ကြီးချုပ်)၊ |
| (၂) ဦးလှဖေ(သထုံ) | (နိုင်ငံခြားရေး)၊ |
| (၃) စောဖိုးမောင် | (ပြည်ထဲရေး)၊ |
| (၄) စောရွှေလေး | (ကာကွယ်ရေး)၊ |
| (၅) စောထူးရာဦး | (ဘဏ္ဍာရေး)၊ |

(၆) စောစိန်တင် (လယ်ယာနှင့်သစ်တော)၊

(၇) ဆရာဘထွန်း (ပညာရေး)၊

(၈) စောဂျွန်နသန်တာမေ(လမ်းပန်းနှင့်သယ်ယူပို့ဆောင်ရေး)စသည်ဖြင့် အသီးသီးတာဝန်ခွဲထားသည်။

သို့ရာတွင် (၁၉၅၀)ခုနှစ်၊ နှစ်ဆန်းလျှင် အစိုးရဘက်မှ စစ်ရေးအသာ ရလာသည်။ (၁၉၄၉)ခု၊ ဒီဇင်ဘာလတွင် (K.N.D.O) ဒုတိယခံတပ်ဟု တင်စားခေါ်ဆိုသော လှည်းကူး(စာဖူးတောင်း)ကို အစိုးရတပ်က သိမ်းပိုက်လိုက်သည်။ (K.N.D.O)လက်ထဲ၌ တောင်ငူတမြို့တည်းသာ ရှိတော့သည့် အချိန်တွင် အစိုးရတပ်က (K.N.D.O)၊ ပြည်သူ့ရဲဘော်နှင့်ဗမာပြည်ကွန်မြူနစ်ပါတီတို့အား စစ်မျက်နှာမျိုးစုံဖွင့်၍ တိုက် ခိုက်လာသည်။ (၁၉၅၀)ခုနှစ်၊ မတ်လဆန်းလျှင် အစိုးရတပ်က ညောင်လေးပင်နှင့်ဖြူးကို သိမ်းပြီးနောက် တောင်ငူကိုပါ ပြန်လည်သိမ်းပိုက်လိုက်သည်။ (ဖဆပလ)အစိုးရသည် အိန္ဒိယနိုင်ငံမှ ရရှိထားသော လက်နက်ခဲယမ်းများဖြင့် အသစ်တိုးချဲ့ဖွဲ့စည်းလိုက်သော (B.T.F)တပ်ရင်း(၅၂)ရင်းကို လက်နက်တပ်ဆင်ပေးလိုက်ရာ စစ်အင်အားမှာ တောင့်တင်းသွားလေသည်။

ယင်းအုပ်ချုပ်ရေးစနစ်အပေါ်တွင် မန်းဘဇန်သည် နောက်ပိုင်း၌ ပြတ်သားစွာ ဝေဖန်ထောက်ပြထားလေသည်။

## ကော်သူလေးအုပ်ချုပ်ရေးအပေါ်မန်းဘဇန်အမြင်

ကရင်လက်နက်ကိုင်တော်လှန်ရေးမစမီတွင် (K.N.U)ကရင်အမျိုးသားအစည်းအရုံး၏သြဇာသည် စူးရှလှပေသည်။ သို့ရာတွင် လက်နက်ကိုင်တော်လှန်ရေးစတင်လာသောအခါ (K.N.U)ကရင်အမျိုးသား အစည်းအရုံးထက် (K.N.D.O) ကရင်အမျိုး သားလက်နက်ကိုင်တပ်ဖွဲ့သည် ရှေ့တန်းသို့ ရောက်လာသည်။ ထိုမှတဆင့် စောဘဦးကြီးတောင်ငူရောက်၍ (၁၉၄၉)ခုနှစ်၊ ဇွန်လ(၁၄)ရက်နေ့စွဲဖြင့် ကော်သူးလေအုပ်ချုပ်ရေးအဖွဲ့(Cas-K)ကို ဖွဲ့စည်းလိုက်သော အခါတွင် (K.N.U)နှင့်(K.N.D.O)တို့သည် နောက်တန်းသို့ ရောက်သွားပြန်ပြီး ကော်သူး

လေအုပ်ချုပ်ရေးအဖွဲ့က ရှေ့တန်းသို့ ရောက်လာလေသည်။ ယင်းနှင့်ပတ်သက်၍ မန်းဘဇန်သည် ပွင့်လင်းစွာပင် သူ၏အသံသွင်းကြိုးခွေ၌ ဝေဖန်သုံးသပ်ထားလေသည်။

"ကျွန်တော်တို့ကရင်တွေ အုပ်ချုပ်ရေးလုပ်တတ်တဲ့ သူအတော်နည်းတယ်။ ဗြိတိသျှခေတ်က ကျွန်တော်တို့ စာရေးစာချီသာများတယ်။ အုပ်ချုပ်ရေး ဘယ်လိုဖြစ်ပေါ်လာတယ်၊ အုပ်ချုပ်ရေးပေါ်လစီနဲ့ အုပ်ချုပ်ရေးလုပ်ကိုင်ပုံ၊ လုပ်ကိုင်နည်းတွေ မသိကြဘူး။ အဲဒီအုပ်ချုပ်ရေး(ကော်သူးလေအုပ်ချုပ်ရေး)ချမှတ်လိုက်တော့ ကျွန်တော်တို့အထဲမှာ ဘာတွေဖြစ်လာသလဲဆိုတော့ – အရေးပိုင်တို့၊ ဝန်ထောက်တို့၊ မြို့အုပ်တို့၊ ပုလိပ်အရာရှိ၊ သစ်တောအရာရှိတို့ဆိုတာတွေ ဖြစ်လာပြီး နောက်ဆုံးမှာတော့ ဗျူရိုကရေစီအုပ်ချုပ်ရေးကို စစ်အုပ်ချုပ်ရေး ပေါင်းစပ်လိုက်တဲ့ အုပ်ချုပ်ရေးမျိုးဖြစ်သွားတယ် –"

ဆက်လက်၍ မန်းဘဇန်သည် ကော်သူးလေအုပ်ချုပ်ရေးကို ဝေဖန်သုံးသပ်ရင်း လက်နက်ကိုင် တော်လှန်ရေးမစမီထိ မိမိတို့တွင် ရှိသင့်ရှိထိုက်သော၊ ရှိရမည်လည်းဖြစ်သော မူဝါဒလုပ်ငန်းစဉ်များ မယ်မယ်ရရမရှိပုံကိုလည်း မိမိကိုယ်မိမိဝေဖန်ရေးအဖြစ် ပြန်လည်ဝေဖန်သုံးသပ်ထားလေသည်။

"လက်နက်ကိုင်တိုက်ပွဲမဖြစ်ခင် ကျွန်တော်တို့မှာ သဘောတရားတို့၊ ဝါဒတို့၊ လုပ်ငန်းစဉ်တို့ ချထားတာမရှိဘူး။ ကရင်ပြည်နယ်ရရင် ဘာတွေ၊ ဘယ်လိုလုပ်မယ်ဆိုတာမရှိဘူး။ မရှိခဲ့လို့ အခုကျွန်တော်တို့ လက်တန်းလုပ်ရမလို ဖြစ်နေတယ်။ တဖိုလ်တမင်း၊ နယ်စားပယ်စားများ အားကောင်းလာသဖြင့် (K.N.U)၏ ခေါင်းဆောင်မှုမှေးမှိန်လာသည်။ လွတ်မြောက်နယ်မြေများ တစတစလက်လွှတ်လိုက်ရသည်– "ဟု ဝေဖန်သုံးသပ်ထားလေသည်။

မန်းဘဇန်ဝေဖန်သုံးသပ်ထားသကဲ့သို့ပင် မြစ်ဝကျွန်းပေါ်တခွင်လုံး၌ (၁၉၅၀)ခုနှစ် အလွန်တွင် မြို့ပေါ်၌သာ အစိုးရရှိပြီး၊ ရွာများတွင် တဖိုလ်တမင်း စံနစ်အရ ကော်သူးလေအုပ်ချုပ်ရေးမှ အရေးပိုင်၊ မြို့ပိုင်များ၊ အုပ်ချုပ်ရေး အရာရှိများ၊ လက်နက်ရှိသူနှင့်၊ လက်နက်ကိုင်သူများပင် ဗိုလ်ကျစိုးမိုးနေလေသည်။ တဘက်တွင် သူတို့နှင့်အပြိုင်ကား (ဖဆပလ)၏ ပျူစောထီးနှင့်ကာကွယ်

ရေးများက အစွမ်းကုန်မင်းမူနေတော့သည်။ ယင်းတို့၏ ဆိုးသွမ်းရက်စက်သော အုပ်ချုပ်ရေးဒဏ်ကို ကရင်ပင်ဖြစ်စေ၊ ဗမာပင်ဖြစ်စေ ထိုစဉ်က ခံကြရလေသည်။

## စောဘဦးကြီး ဖတ်စေချင်သော လက်ဝဲစာအုပ်များ

ဗိုလ်ချုပ်အောင်ဆန်းနှင့်စောဘဦးကြီးတို့သည် စာဖတ်သူများလည်း ဖြစ်ကြပေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ (ဖဆပလ) ပဏာမညီလာခံနှင့်ပထမ အကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်တွင် တင်သွင်းသော လူမျိုးများဆိုင်ရာ ရပိုင်ခွင့် သည် ရုရှားခေါင်းဆောင်စတာလင်( Stalin )၏ အမျိုးသားပြဿနာ( National Question )ကို အမှီပြုသကဲ့သို့ စောဘဦးကြီးသည်လည်း သူအင်းစိန်တွင်ရှိစဉ် သူ့တွင်ရရှိထားသော တရုတ်ကွန်မြူနစ်ခေါင်းဆောင်နှစ်ဦး၏ စာအုပ်နှစ်အုပ်ကို တောင်ငူရောက်သောအခါ သူ၏လက်ထောက် များကို ဖတ်ရှုကြရန် မျှဝေပေး၏။ ယင်းအကြောင်းကို "မာတင်စမစ်"က သူ၏စာအုပ်တွင် အောက်ပါအတိုင်း ရေးသားထား၏။

The first English-Language copies of Mao Zedong's Protracted Warfare and Liu Shao-Chi's On Inner Party Struggle were borught to Toungoo by Ba UGyi in 1949. These he had apparently been given by local PVO commanders during the siege of Insein. Most Karen leaders, despite their generally pro-British views, were familiar with other communist works, in particular Stalin's Social and State Structure of the USSR and the National Question in the Soviet Union's 1936 Constitution.

**"အင်္ဂလိပ်ဘာသာဖြင့် မော်စီတုန်း၏ ရေရှည်စစ်(Protracted Warfare)နှင့် လူရှောက်ချီ၏ (On Inner Party Struggle)စာအုပ်တို့အပြင် စတာလင်၏ လူမှုဘဝနှင့်နိုင်ငံတော်တည်ဆောက်မှုပြဿနာ (Social and State Structure)အပါအဝင် အမျိုးသားရေးပြဿနာ(National Question)တို့ပင် ဖြစ်ကြလေ သည်။ စောဘဦးကြီး၏အမြင်တွင် ကရင်ခေါင်းဆောင်များသည် ဗြိတိသျှလို လားသောအမြင်တို့မှ ကွန်မြူနစ် များ၏ အတွေးအမြင်များကိုပါ သိရှိစေလိုသောကြောင့် ဖြစ်လေသည်။"**

# “စောဘဦးကြီး ကျဆုံးခြင်း”




(ဖဆပလ)အစိုးရ၏ထိုးစစ်ကို ပြန်လည်ခုခံနိုင်ရန် (K.N.D.O)အတွက် လောလောဆယ်မှာပင် လက်နက်ခဲယမ်းများလိုအပ်နေသည်။ ယင်းလို အပ်နေသောလက်နက်ခဲယမ်းမှာ ပြည်တွင်း၌ကား မရနိုင်။ ပြည်ပအကူအညီဖြင့်သာ ရနိုင်မည်။ ယင်းပြည်ပ အကူအညီရရှိရေးအတွက် အနီးကပ်အားထားနိုင်မည့်သူမှာ ဦးစောကို လက်နက်ထုတ်ပေးမှုဖြင့် အင်းစိန်ထောင်ထဲရောက်နေသူ ကပ္ပတိန်ဗီဗီယန်ပင် ဖြစ်သည်။ ယခုအခါ ဗီဗီယန်သည် အင်းစိန်ကို (K.N.D.O)များ သိမ်းပိုက်ပြီးသည့်နောက်၌ လွတ်မြောက်လာရာမှ စောဘဦးကြီးအဖွဲ့နှင့်တောင်ငူကို လာရာတွင် တပါတည်းပါလာခဲ့သူပင် ဖြစ်သည်။

ဤသို့ ပြည်ပအကူအညီဖြင့် လက်နက်ခဲယမ်းမီးကျောက်ရရှိရေးအတွက် စောဘဦးကြီးနှင့်အဖွဲ့သည် (၁၉၅၀)ခုနှစ်၊ မိုးရာသီအစတွင် တောင်ငူနယ်မှ ပေါက်ထွက်လာခဲ့သည်။ သို့ရာတွင် တောင်ငူမှ (၇)မိုင်အကွာအရောက်၊ အစိုးရစစ်ကြောင်းတကြောင်းနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ရာမှ အဖွဲ့ဝင်တဦးဖြစ်သော လူငယ်တာဝန်ခံစကောမောလေးမှာ ကျဆုံးခဲ့ရသည်။ အစိုးရစစ်ကြောင်းများသည် စောဘဦးကြီး၏ခရီးစဉ် ရည်ရွယ်ချက်ကို သိထားပုံရသဖြင့် ရှေ့က၊ နောက်က၊ ဘေးကမနီးမဝေးတွင်ကပ်၍ လိုက်နေပုံလည်းရသည်။

စောဘဦးကြီးနှင့်အဖွဲ့သည် ရန်သူကို ကွေ့ကာရှောင်ကာဖြင့် တောင်ငူမှာ ထွက်လာခဲ့ရာ ဇူလိုင်လပထမအပတ်ထဲတွင် ဖါပွန်သို့ ရောက်ရှိလာသည်။ ဖါပွန်ရောက်လျှင် မြစ်ဝကျွန်းပေါ်တွင် ရှိနေသောဗိုလ်ချုပ် “စန်းကေ”ကို ခေါ်ယူထားရာ ညီလာခံရက်အတွင်းရောက်ရှိလာသည်။ ဗိုလ်ချုပ်စန်းကေနှင့်အတူ သူငယ်ချင်း

ဖြစ်သူ ဆရာကြီးစကောလယ်တောကိုပါ ခေါ်လာသဖြင့် ဇူလိုင်လ(၁၇–၁၈)ရက်၊ ဖါပွန်ကွန်ဂရက်တွင် စကောလယ်တောပါ တက်ရောက်ရလေသည်။

ယင်းဖါပွန်ကွန်ဂရက်တွင် ကရင်ပြည်နယ်အရေးနှင့်ပတ်သက်၍ စဉ်းစားဆွေးနွေးကြရာ၌ –

**(၁) စေတနာကောင်းဖြင့် ကရင်ပြည်နယ်ရနိုင်မည်လား၊**

**(၂) လက်နက်ကိုင် တော်လှန်ရေးနည်းဖြင့် ရနိုင်မည်လား၊**

**(၃) အခြေအနေပေါ်မူတည်ပြီး ကရင်ပြည်နယ်ရနိုင်မည်လား၊**

အထက်ပါ အချက်သုံးချက်ကို အကြေအလည်ဆွေးနွေးပြီးနောက်တွင် စောဘဦးကြီးတင်ပြထားသော အခြေခံအချက်များပေါ်မူတည်၍ နောက်ပိုင်း၌ စောဘဦးကြီး၏ အခြေခံမူလေးချက်အဖြစ် ထင်ရှားလာလေသည်။ ယင်းတို့မှာ –

## စောဘဦးကြီး မူ ၄–ချက်

(၁) လက်နက်ချအညံ့ခံ အရှုံးပေးခြင်းကို ကျွန်ုပ်တို့ အလျဉ်းမလုပ်၊

(၂) ကရင်ပြည် အသိအမှတ်ပြုခြင်း ပြီးပြည့်စုံစေရမည်၊

(၃) ကျွန်ုပ်တို့လက်နက် ကျွန်ုပ်တို့ လက်ထဲတွင် ရှိရမည်၊

(၄) ကျွန်ုပ်တို့ နိုင်ငံရေးကြမ္မာ ကျွန်ုပ်တို့ ဖန်တီးနိုင်ရမည်၊

**1. For us surrender is out of the question.**

**2. The recognition of Karen State must be complete.**

**3. We shall retain our arms.**

**4. We shall decide our own political destiny.**

(၁၉၅၀)ခုနှစ်က စောဘဦးကြီးသည် တောင်ငူတွင် (K.G.B-Kaw Thoo Lei Governing Body) အစည်းအဝေးကို ခေါ်ယူခဲ့ပြီး ဖါပွန်ကွန်ဂရက်သို့ ဆင်းလာခဲ့သည်။ ထိုစဉ်က အက်တလီ၏ လေဘာအဖွဲ့မှာ အစိုးရပြန်ဖြစ်နေပြီး၊ ကွန်ဆာဗေးတစ်တပ်မှူးများမှာလည်း စောဘဦးကြီးနှင့်အဆက်အသွယ်ရှိနေသူများ ဖြစ်သည်။ ဘန်ကောက်တွင်လည်း ဆီးတိုး(S.E.A.T.O-South East Asia Treaty Organization (Head Quarters.)ရှိနေသည်။

ထို့ကြောင့် နိုင်ငံခြားနှင့်အချိတ်အဆက်လုပ်ရေးမှာ များစွာမခက်ခဲချေ။ ဖါပွန်ကွန်ဂရက်တွင် စောဘဦးကြီးက ထိုကိစ္စနှင့်ပတ်သက်၍ လျှိုက်ဝှက်စွာ ဆွေးနွေးခဲ့သည်။ ထိုအချိန်က စောသာဒင်မှာ ထောင်ထဲတွင် ရှိနေသေးသည်။ ထောင်မှလွတ်လာပြီးနောက် (၁၉၅၃)ခုနှစ်တွင်ပင် နိုင်ငံခြားနှင့်ဆက်သွယ်ရေးကိစ္စကို စောသာဒင်ပြန်ကိုင်သည်။ (K.N.U)မှ ဗိုလ်ရောလေနှင့်မဟာမိတ်မွန်ပြည်သူ့တပ်ဦးမှ ခေါင်းဆောင်များဖြစ်သော နိုင်ငွေသိန်း၊ နိုင်ထွန်းသိန်း၊ နိုင်ပန်းသာတို့လည်း ပါဝင်ဆောင်ရွက်ကြသည်။

## (နိုင်ငံသစ်စာစောင်)

စောဘဦးကြီးအသက်ထင်ရှားရှိစဉ် ဖါပွန်တွင် ကျင်းပသော ဖေါ်ပြပါ (K.N.U)ကွန်ဂရက်သည် ပထမဆုံးနှင့်နောက်ဆုံးပင် ဖြစ်လေသည်။ ကွန်ဂရက်ကျင်းပပြီးသည်နှင့် စောဘဦးကြီးသည် မိုးလရာသီမိုးထဲလေထဲ၌ ဘန်ကောက်တွင် ရှိနေသော နိုင်ငံခြားသားကိုယ်စားလှယ်နှင့်တွေ့ဆုံရန် ခရီးထွက်လာလေသည်။

ယင်းနှင့်အတူ အဖွဲ့ဝင်ပေါင်းမှာ (၉)ဦးဖြစ်၍ တဦးမှာဗိုလ်ချုပ်စောစန်ကေ ဖြစ်သည်။ ပထမရပ်နားသောနေရာမှာ ဆွေမျိုးတော်စပ်သူ "စောဂျော်နီထူး" တို့ရွာ "ဝှီးသီအော" (Hwee Thee Ou)ရွာဖြစ်သည်။ မိုးမှာ သဲသဲမဲမဲရွာသဖြင့် စောဘဦးကြီးနှင့်အဖွဲ့သည် ဖြေးဖြေးချင်းသာ သွားနိုင်ကြသည်။ သူတို့အဖွဲ့တွင် လုံခြုံရေးအရ အစောင့်အရှောက်လည်း ပါမလာ၊ အကြံဉာဏ်ပေးသော ဗိုလ်မှူးချုပ်"တာကပေါ"၏ အကြံကိုပင် စောဘဦးကြီးက လက်မခံပေ၊ သူတို့သည်

ဖြေးဖြေးနှင့်နှေးနှေးသာ "ထို့ကောကိုး" (Htoo Kaw Koe)ရွာသို့ သွားနေခြင်း ဖြစ်သည်။ ထိုနေ့သည် ဩဂုတ်လ(၁၂)ရက်နေ့ဖြစ်သည်။ ထိုအချိန်တွင် မိမိတို့ ကရင်လူမျိုးထဲမှ သစ္စာဖောက်တဦးက သတင်းပို့ထားသောကြောင့် စစ်တပ်တပ်စု တစ်ခုသည် ခြုံခို၍ အသင့်စောင့်နေလေသည်။ စောဘဦးကြီးတို့ ရောက်လာ သည်နှင့်အတင်းတလကြမ်း ပစ်ခတ်သတ်ဖြတ်လေတော့သည်။

၎င်းထက်ပါ သေဆုံးသူများတွင် စောဘဦးကြီး၊ စောစန်းဖော၊ ဓမ္မဆရာ မစ္စတာဘေးကာ(Baker)ဟူ၍သာ အတိအကျပြောဆိုနိုင်ကြသည်။ မြန်မာ သတင်းစာများတွင် စောဘဦးကြီးနှင့်အတူ ဦးစောကို လက်နက်ထုတ်ပေးသူဟု အများသိကြသည့် ကပ္ပတိန်ဗီဗီယန်မှာ (၁၉၈၀)ခုနှစ်လောက်တွင်မှ လန်ဒန်တွင် ကွယ်လွန်ကြောင်း ဗိုလ်ချုပ်ကျော်ဇောက ရေးသားထား၏။

*(Voice of the Revolution)*

ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အနှစ်(၅၀)ပြည့် (၁၉၉၇)ခုနှစ်၊ ဇူလိုင်လ၌ အထူးအစီအစဉ်တရပ်အနေနှင့် ထုတ် လွှင့်သွားသော (ဘီဘီစီ)အစီအစဉ်တွင် သက်ဆိုင်ရာက ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ကျော်ဇောနှင့်အောင်ဆန်းကို ဘယ်သူသတ်သလဲ (Who Killed Aung San)စာအုပ်ရေးသားပြုစုသူ ဦးအောင်ခင်တို့အား အင်တာဗျူးပြုလုပ်ကာ တခမ်းတနား အသံလွှင့်ထုတ်ခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်းအား လုပ်ကြံရာတွင် ဦးစော၏နောက်၌ မြန်မာပြည်ရှိ ဗြိတိသျှအရာရှိများအပြင် အင်္ဂလန်ရှိ အချို့သော ဗြိတိသျှများပင် ပါဝင်ပတ်သက်နေကြောင်းကို ဗိုလ်မှူးချုပ်ကျော်ဇောက သက်သေ ခံအထောက်အထားပေါင်း(၈)ချက်ဖြင့် ရှင်းလင်းတင်ပြခဲ့၏။ ယင်းသက်သေခံ အချက်များအနက်မှ နောက်ဆုံးအချက်ဖြစ်သည့် ထောင်ကလွတ်လာသော ကပ္ပတိန်ဗီဗီယန်သည် စောဘဦးကြီးနှင့်အတူ မသေဆုံးပဲ လွတ်မြောက်သွားပုံကို အောက်ပါအတိုင်း ဗိုလ်မှူးချုပ်ကျော်ဇောက ရေးသားဖော်ပြထား၏။

"(၁၉၄၉)ခုနှစ်၊ မေလမှာ ကရင်တွေ အင်းစိန်ကနေ ဆုတ်ခွါတော့ ဗီဗီယန် ဟာ ထောင်ကလွတ်မြောက်လာပြီး ကရင်တွေနဲ့အတူ ပါသွားတယ်။ သူဟာ (၁၉၅၀)ခုနှစ်အထိ ကော့ကရိတ်အနီးမှာ စောဘဦးကြီးနဲ့အတူ ရှိနေပါသည်။

မြန်မာအာဏာပိုင်တွေက သူကျဆုံးသွားပြီးလို့ကြေညာပေမဲ့ အမှန်က သူ(၁၈၅၀) ခု၊ နှစ်လည်မှာ ထိုင်းနိုင်ငံကတဆင့် အင်္ဂလန်ကို လွတ်မြောက်ထွက်ပြေးသွား တာပါ။

(၁၈၈၀)ခုနှစ်လောက်ကျမှ သူအမှန်တကယ် ကွယ်လွန်ခဲ့ပါတယ်။ ဒီအချက်လည်း ဗြိတိသျှတွေ ပါဝင်ပတ်သက်နေကြောင်း ထင်ဟပ်နေပါတယ်" စသည်ဖြင့် ဗိုလ်မှူးချုပ်ကျော်ဇောက ဖော်ပြထားပေသည်။ စောဘဦးကြီးသည် ကွယ်လွန်ချိန်၌ အသက်(၄၇)နှစ်အရွယ် လူလတ်ပိုင်းဖြစ်သည်။

*(မောင်စင်ကြယ်၏ သူရဲကောင်းမှ နှလုံးသား)*

## စောဘဦးကြီးအပေါ် မြင်သောအမြင်များ

စောဘဦးကြီး ကျဆုံးကွယ်လွန်သွားပြီဖြစ်ကြောင်း သတင်းကြားရသော အခါ တုန့်ပြန်မှုများက ပဲ့တင်ထပ်လာသည်။ ယင်းပဲ့တင်မှုနှင့်အမြင် အမျိုးမျိုးတွင် ပြည်တွင်းအမြင်နှင့် ပြည်ပအမြင်များပါဝင်လေသည်။ ပြည်ပအမြင်တွင် မြန်မာ နိုင်ငံအား အုပ်ချုပ်ခဲ့သော ဗြိတိသျှဘုရင်ခံနှစ်ဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဝန်ကြီး တဦးတို့ ပါဝင်ကြလေသည်။ ထိုစဉ်က ပါဝင်သော သံတမန်တဦးမှာ ဗြိတိသျှနိုင်ငံ (လန်ဒန်)ဆိုင်ရာ မြန်မာသံရုံးမှ ဒုတိယအတွင်းဝန်ဦးမောင်မောင်ကြီး (Maung Maung Ji)ပင် ဖြစ်လေသည်။

ဘုရင်ခံဟောင်း ဒေါ်မန်စမစ်၏ အမြင်တွင် "စောဘဦးကြီးသည် အကြမ်း ဖက်သမား တဦးမဟုတ်တာတော့ အမှန်ပါ၊ ကျွန်တော့်အနေနှင့် သူ့ရဲ့ပင်ပန်းကြီး စွာ ရုန်းကန်ရမှုနဲ့ကြောက်ရွံ့ထိတ်လန့်ဖွယ်တွေထဲက သူ့ရဲ့သေဆုံးရမှုကို မမြင်ရ တာပဲ ကံကောင်းပါသေးတယ်။ သူဟာလေးနက်တဲ့ တိုက်တွန်းမှုတခုကို အကြောင်းခံပြီး ဒီတွန်းလှန်မှုကို လုပ်တာလဲ ဖြစ်ပါတယ်။"

ယင်းကဲ့သို့ လန်ဒန်ထုတ် တိုင်းသတင်းစာကြီး(The Times)တွင် (၁၈၅၀) ခု၊ ဩဂုတ်လ(၂၃)ရက်၊ နေ့စွဲဖြင့် ဖော်ပြပြီး နှစ်ရက်အကြာ ဩဂုတ်လ(၂၅) ရက်နေ့၌ ယင်းသတင်းစာတွင်ပင် "ဆာ,လော့ဒ်လစ္စ တိုဝဲလ်"(Sir Lord

Listowel) မြန်မာနိုင်ငံဆိုင်ရာ ဝန်ကြီးဟောင်း၏ အယ်ဒီတာထံပေးစာတစောင်ပါ ပါလာ ပြန်သည်။

"ဒီအကြောင်းပြချက်တွေကို သဘောမတူပါဘူး၊ ကွယ်လွန်သူကရင်ခေါင်း ဆောင်ဟာ ဆွေးနွေးညှိနှိုင်း၍ စေ့စပ်ရမည့်အစား တိုက်ခိုက်ရေးအစွမ်းပြကစား ရန်သာ အားကသန်နေပါတယ်။"

၎င်းထက်ပါ တိုင်းသတင်းစာကြီးတွင် ဒေါ်မန်စမစ်နှင့်လော့ဒ်လစ္စတိုဝဲလ် တို့၏ အမြင်များပါရှိလာပြီး နောက်တပတ်အကြာ ဩဂုတ်လ(၂၈)ရက်နေ့ထုတ် သတင်းစာတွင် ဦးမောင်မောင်ကြီး(ဒုတိယအတွင်းဝန်–မြန်မာသံရုံး)၏ ပေးစာပါ ပါရှိလာပြန်လေသည်။

"ကွယ်လွန်သူကရင်ခေါင်းဆောင်(စောဘဦးကြီး)ဟာ လူတော်တယောက် တော့ မဟုတ်ပါဘူး၊ ခုလို ကြိုးကြောင်းမဆီလျော်တဲ့ တင်ပြချက်တွေကိုလဲ လက်မ ခံနိုင်ပါဘူး။ ဖြစ်ရမှာက အချက်အလက်တွေပေါ်မှာ အခြေခံပြီး စောဒကတက်ရ မှာပါ၊ ခုတော့ ကံမကောင်းစွာပဲ သူပါရှိနေပါလျက်နဲ့ ပြဿနာတရပ်ကို နည်းလမ်း တွေနဲ့ မထိတွေ့ပဲ အင်္ဂလိပ်–ဗမာ(အောင်ဆန်း–အက်တလီ) သဘောတူညီချက်ရဲ့ အပြင်ဘက်ကို ထွက်သွားပါတော့တယ်။"

*(The Times ဩဂုတ်လ(၂၃)နှင့် (၂၅) (၂၈)ရက်)*

ပြည်ပရှိပုဂ္ဂိုလ်အသီးသီး၏ အမြင်များပင် ဖြစ်လေသည်။ ဆက်လက်၍ ပြည်တွင်းရှိပုဂ္ဂိုလ်များ၏ အမြင်တွင် သတင်းစာဆရာအောင်ဗလ(ခေါ်) ဦးသောင်း နှင့်မန်းဘဇန်တို့၏ အမြင်များမှာလည်း အောက်ပါအတိုင်းဖြစ်လေသည်။



## ဆရာအောင်ဗလ၏ စောဘဦးကြီးကိုယ်တွေ့

စောဘဦးကြီးကွယ်လွန်သောအခါ သူ၏ရုပ်အလောင်း အား မောင်လမြိုင်ဆေးရုံကြီး၌ ထားလေသည်။ ယင်းသတင်းကို အတည်ပြုနိုင်ရန် ထိုစဉ်က ရန်ကုန်မြို့ရှိ သတင်းထောက်များနှင့်သတင်းဓါတ်ပုံဆရာများအား

သက်ဆိုင်ရာက ခေါ်ယူပြသ၏။ ထိုအထဲတွင် ဆရာ အောင်ဗလလည်း ပါဝင်လေသည်။

(၁၉၅၀)ခု၊ ဩဂုတ်လ(၁၄)ရက်နေ့။

သတင်းထောက်များ၊ အထူးသဖြင့် ဓါတ်ပုံသတင်း ထောက်များ ပန်းဆိုးတန်းရှိ ပြန်ကြားရေးဌာနသို့ နေ့လယ်(၁၂) နာရီလောက် လာခဲ့ပါဟု အစိုးရက တယ်လီဖုန်းဖြင့် ဖိတ်ကြားသည်။

ပြန်ကြားရေးဌာနသို့ ရောက်သောအခါ ဒု–ညွှန်ကြားရေးဝန် ဦးကျော်စိုးနှင့်သတင်းစာဆက်ဆံရေးအရာရှိ ဦးချန်ထွန်း(ကွယ်လွန်ရှာကြပြီ)တို့က မော်လမြိုင်သို့ သွားရန်ရှိကြောင်း၊ သတင်းထောက်ထက် ဓါတ်ပုံသတင်းထောက်များ လိုက်ခဲ့စေလိုကြောင်း ပြော၏။

ထိုစဉ်က တင်မောင်သည် နယူးတိုင်းသတင်းစာ၏ သတင်းထောက်သာ ဖြစ်သော်လည်း နယူးစ်ပစ်ဓါတ်ပုံသတင်းဌာန၏ ဓါတ်ပုံသတင်းထောက်အဖြစ် လိုက်ပါခွင့်ရရှိလေသည်။

ပြန်ကြားရေးဌာနမှ အရာရှိနှစ်ဦးနှင့် သတင်းစာဆရာ(၁၀)ဦးတို့သည် ရွှေဂျိုးဖြူ လေယာဉ်ပျံ(၂)စင်းနှင့် မော်လမြိုင်သို့ ပျံသန်းခဲ့ကြသည်။ မော်လမြိုင်သို့ ရောက်သောအခါ စစ်ဌာနချုပ်သို့ ခေါ်သွား၏။

“ကျနော်များ တိုက်ပွဲတခုမှာ ကရင်သူပုန်ခေါင်းဆောင်စောဘဦးကြီးကို အသေဖမ်းမိခဲ့ပါတယ်။

တာဝန်ခံစစ်ဗိုလ်က ရှင်းပြသည်။ သတင်းထောက်တို့၏ တာဝန်မှာ သေသူသည် စောဘဦးကြီးဟုတ်မဟုတ် သက်သေအဖြစ်ကြည့်ရှုရန် ဓါတ်ပုံ သတင်းမှတ်တမ်းများ ရိုက်ယူကာ တိုင်းပြည်သို့ သတင်းဖြန့် ချိရန်ဖြစ်သည်ကို ဤတွင်မှ သိရသည်။

စောဘဦးကြီးမှာ ဩဂုတ်လ(၁၂)ရက်နေ့က ကော့ကရိတ်မြို့နှင့်(၂၅)မိုင် အကွာရှိ မိုးတောင်းကူးရွာ၌ စခန်းချနေစဉ် အစိုးရတပ်တခုမှ သတင်းအရ ဝင်တိုက်ရာမှ ကျဆုံးသွားခဲ့သည်။

စောဘဦးကြီးနှင့်အတူ ဂဠုန်ဦးစောအား လကန်က်ရောင်းသဖြင့် အင်းစိန် ထောင်၌ ထောင်ကျနေစဉ် ကရင်သူပုန်အဝင်၌ ထောင်တွင်ရှိနေသူ မေဂျာဗီဗီယန် နှင့်မစ္စတာဘောကာဆိုသူ မျက်နှာဖြူနှစ်ဦးတို့လည်း ကျဆုံးခဲ့သည်။

အကျိုးအကြောင်း ရှင်းပြောပြီးနောက် သတင်းထောက်တို့အား မော်လမြိုင်ဆေးရုံကြီးသို့ ခေါ်သွားသည်။

စောဘဦးကြီး၏ အလောင်းသည် ရင်ခွဲရုံ ရင်ခွဲကျောက်စားပွဲ၌ ပက်လက် ကြီး ရှိနေရှာ၏။

တင်မောင်သည် အခိုက်အတန့်မျှ ငေးမောသွားမိ၏။

ယခင်က မြင်ရသော ဥရောပတိုက်သား ဝတ်စုံနှင့်သပ်ရပ်ချောမောသော စောဘဦးကြီးနှင့် ယခုသက်မဲ့ အတ္တဘောကြီးတို့ကို နှိုင်းယှဉ်မိကာ ခြားနားမှုကို မြင်ရာမှ သင်္ခါရတရားပေါက်သွား၏။



**အတိတ်က စောဘဦးကြီး**

စောဘဦးကြီး၏ အတိတ်ရာဇဝင်ကို လည်း မြင်ယောင် လာပြန်သည်။ ဂျပန်ခေတ် ဖါပွန်နှင့် မြစ်ဝကျွန်းပေါ်ဒေသ

ကရင်–ဗမာပဋိပက္ခအပြီး၌ ကရင်–ဗမာ ချစ်ကြည်ရေးအတွက် ဖွဲ့ခဲ့သောကရင် အမျိုးသားအဖွဲ့၏ ခေါင်းဆောင်(၁၂)ဦး အနက် တဦးဖြစ်ခဲ့သူ စောဘဦးကြီး။

စစ်ပြီးခေတ် ဗြိတိသျှအစိုးရထံ တွင် (ဖဆပလ)က လွတ်လပ်ရေးရရန် အရေးဆိုစဉ်၌ ဆရာသာထို၊ မန်းဘခိုင် တို့နှင့်အတူ ကရင်လူထုကို ခေါင်းဆောင် ကာ (ဖဆပလ)နှင့်ပူးပေါင်းခဲ့သော စောဘ ဦးကြီး။

ထိုစဉ်က တပ်ပေါင်းစုကြီး (ဖဆပလ)နှင့်ပေါင်းကာ ကရင်–ဗမာချစ်ကြည် ရေးလုပ်ဆောင်ခဲ့ရင်း နယ်ချဲ့အား ရင်ဆိုင်ခဲ့သူ စောဘဦးကြီးသည် နောက်ပိုင်း နယ်ချဲ့နှင့် ပူးပေါင်းလာခဲ့၏။ ကရင်–ဗမာညီညွတ်ရေးကို ဖျက်ဆီးခဲ့လေသည်။ ဘုရင်ခံ၏ အတိုင်ပင်ခံအဖွဲ့ဝင် ဝန်ကြီးဖြစ်လာခဲ့သည်။

ကရင်ပြည်၊ သီးခြားပြည်နယ် ရရှိသင့်သည်ဆိုကာ ကရင်ဗဟိုအစည်း အရုံးကို ခေါင်းဆောင်ပြီး သွေးခွဲရေးကို လုပ်ဆောင်လာခဲ့သည်။

စောဘဦးကြီးသည် အခြားအဖွဲ့ဝင်(၃)ဦးနှင့်အတူ ဘိလပ်သို့ သွားကာ ဗြိတိသျှအစိုးရက ဗမာပြည်၌ ကရင်ပြည်နယ်သီးခြားထူထောင်ပေးရေးလှုံ့ဆော် သည်။ (၁၉၄၆)ခု၊ ဇူလိုင်လ(၁၉)ရက်အထိ ဖေါက်ပြန်သော သွေးခွဲလမ်းစဉ်ကို လုပ်ဆောင်လာခဲ့သည်။

နယ်ချဲ့နှင့်ပူးပေါင်းမိရာမှ ဗမာအချင်းချင်း စိတ်ဝမ်းကွဲခဲ့ရသည်။

နောက်ဆုံး၌ လက်နက်စွဲကိုင်တိုက်ခိုက်ရေးလမ်းစဉ်ဖြင့် တိုက်ခိုက်ခဲ့ရာမှ သူ၏အဖေါ် နယ်ချဲ့သားတို့နှင့်အတူ ကျဆုံးရှာလေပြီ။

“ကဲ ကဲ၊ သတင်းဆရာများ စိတ်တိုင်းကျကြည့်ပါ။ ဓါတ်ပုံရိုက်ချင်သလို ရိုက်ကြပါ”

စစ်ဗိုလ်တဦးက ဆော်ဩလိုက်သည်။ တင်မောင်၏ အတွေးရေယာဉ် ကြောပျက်သွားပြီး တာဝန်ဝတ္တရားများကို လုပ်ဆောင်ရတော့သည်။

*(ဆရာအောင်ဗလ၏ သတင်းစာတို့ လွတ်လပ်သောခေတ်)*

သေခဲ့သည်မှာ (၂)ရက်ကျော်ပြီဖြစ်၍ အပုပ်နံ့ထွက်စပြုနေပြီဖြစ်၏။ တိုက်ပွဲဖြစ်ရာဒေသမှ မော်လမြိုင်မြို့သို့ သယ်ယူရတွင် ထမ်းစင်ပုခက်ဖြင့် ကျကျနနသယ်ခဲ့ရသည်မဟုတ်။ မိုးကြောင့်ရေလျှံနေသော လယ်ကွင်းတို့တွင် ရေထဲမှပင် ဆွဲသယ်ခဲ့ရသည်။

ထို့ကြောင့် ရုပ်ကလာပ်မှာ ရွှံ့နွံများလည်း ပေကပ်နေသည်။ သူအသက်ရှင်စဉ်က တသသမွေးမြူထားသည့် နှုတ်ခမ်းမွေးတို့နှင့်မုတ်ဆိတ်မွေးတို့တွင် သွေးစသွေးနများနှင့်အတူ ရွှံ့စနွံစများလူးပေနေ၏။

"ဟော့ကောင်ရိုက်လေကွာ"ထိုစဉ်ကသတင်းဓါတ်ပုံဆရာအဖြစ် လိုက်လာသည့် ဗမာ့ခေတ်ဦးအုန်းခင်က ဆိုလေသည်။ ဦးအုန်းခင်သည် ရင်ခွဲစင်ပေါ်တက်ကာ ရုပ်ကလာပ်ကိုခွ၍ မတ်တပ်ရပ်ကာ ဓါတ်ပုံရိုက်ယူသည်။ "ဒါမှ မျက်နှာတည့်တည့်ပုံကို ရမှာပေါ့"ဟု ဦးအုန်းခင်က ဆို၏။

ဦးအုန်းခင်ဓါတ်ပုံရိုက်ပြီးနောက် ဓါတ်ပုံဆရာဦးလှဖေက ရင်ခွဲစင်ပေါ်တက်ကာ ဦးအုန်းခင်နည်းတူ ရိုက်ပြန်သည်။

ထို့နောက် တင်မောင်၏ အလှည့်ကျသဖြင့် ဟန်ပါပါ တက်လိုက်သည်။ ရင်ခွဲစင်ပေါ်တက်ကာ ရုပ်ကလာပ်ကိုခွ၍ မတ်တပ်ရပ်လိုက်ပြီး စောဘဦးကြီး၏ မျက်နှာကို ကင်မရာဖြင့် ချိန်ရွယ်လိုက်သည်။

တင်မောင့်အဖို့ ဦးအုန်းခင်၊ ဦးလှဖေတို့နှင့် မတူသည်ကို သတိမပြုမိ။ သူတို့က လုံချည်နှင့်လာသည်။ လွှာဖိနပ်စီးထားသည်။ ကင်မရာတလုံးစီသာပါ၏။ သူကဘောင်းဘီဝတ်ကာ သံခွါပါသည့် နောက်ပိတ်ဖိနပ်ကို စီးထားသည်။ ကင်မရာကလည်း အသေးစားတလုံးအပြင် သတင်းဓါတ်ပုံရိုက်သည့် ရောမကင်မရာကြီးတလုံး၊ ပေါင်းနှစ်လုံးပါသည်။

ကင်မရာကြီးကိုလွယ်ကာ ကင်မရာအသေးနှင့် ချိန်စဉ်တွင်ပင် ချောမွေ့လှသော ရင်ခွဲစင်နှင့်သံခွါဖိနပ်တို့ တွေ့ကြတော့သည်။

ဝုန်းကနဲ ချော်လဲသွားသည်။

ကင်မရာကွဲမည်စိုးသဖြင့် ကင်မရာလွတ်အောင် ဆွဲရှောင်လိုက်ရာမှ တင်မောင်သည် စောဘဦးကြီး၏ ကိုယ်ပေါ်၌မှောက်လျက် လဲကျသွားတော့သည်။ သွားလေသူ၏ မုတ်ဆိတ်နှုတ်ခမ်းမွေးပေါ် မျက်နှာအပ်ကာ နမ်းမိတော့သည်။ သွေး၊ ချွေး၊ ရေပုပ်၊ ရွှံ့တို့၏ အနံ့အသက်မျိုးစုံတို့သည် တင်မောင်၏ နှာခေါင်းတွင်းသို့ ထောင်းကနဲ့ ဝင်လာ၏။ ပုပ်ပွပျော့အိသော ခန္ဓာကိုယ်ကြီးအပေါ် စွိကနဲ ခွမိသည့်အတွေ့ကြောင့် ကျောရိုးများကလည်း စိမ့်တက်လာ၏။ မျက်စိများ ပြာသွားသည်။ ဘာကိုမျှ မမြင်ရတော့ချေ။

ဘေးမှလူများက ဆွဲထူပေး၏။ ကင်မရာမကွဲသော်လည်း တင်မောင်၏ အင်္ကျီမှာ သွေးများ၊ နွံများပေရေသွားသည်။

အတန်ကြာမှ ဂူနွေ့ဆယ်ကာ ဓါတ်ပုံကို ဆက်၍ ရိုက်သည်။ စင်မြင့်ပေါ် သို့မူ မတက်ဝံ့တော့ပြီ။ မည်သို့ ရိုက်စေကာမူ သူ၏ မျက်စိများမှာ ပြာနေပြီး ဖြစ်သဖြင့် ပုံများမထင်တော့ပေ။ လူတကိုယ်လုံးကတုန် ကယင်ဖြစ်နေသဖြင့် စစ်ဗိုလ်တဦးက ဆေးခန်းတွင်းခေါ်ကာ အရက်တခွက်တိုက်သည်ကို မော့လိုက်ရ သည်။

ထိုနေ့က နယူးစ်ပစ်သတင်းဌာနသည် ရောမဓါတ်ပုံသတင်းကြီး၏ ပုံကောင်းများ လွတ်ခဲ့ရလေတော့သည်။

ထိုမျှမကသေး၊ တင်မောင်အဖို့ ကာလအတန်ကြာ အိပ်မက်ဆိုးများ မြင်မက်နေခဲ့တော့သည်။

*(မှတ်ချက်။ ။ စစ်တပ်ကမျက်နှာဖြူနှစ်ဦးကိုပါ သတ်ခဲ့သည်ဟုပြောသော်လည်း နှစ်အတန်ကြာသောအခါ ဘိလပ်၌ တဦးထွက်လာသည်။ ငွေလက်ခံပြီး လွှတ်ခဲ့ဟန်တူ၏။)*

*(ဆရာအောင်ဗလ၏ သတင်းစာတို့ လွတ်လပ်သောခေတ်)*

## မန်းဘဇန်မြင်သော စောဘဦးကြီး

စောဘဦးကြီးဟာ မိမိရဲ့ လေးနက်တဲ့ ခံယူချက်အတိုင်း ကရင်အမျိုးသား လွတ်မြောက်ရေးအတွက် မှန်ကန်ပြတ်သားတဲ့ တော်လှန်ရေးကို ရှေ့ဆောင်ဖော် ထုတ်ခဲ့သူဖြစ်တယ်။ တော်လှန်ရေးအပေါ်မှာ လေးနက်ပြတ်သားမှုနဲ့သစ္စာ ရှိတယ်။ တော်လှန်ရေးလုပ်ငန်းတွေကို အခက်အခဲတွေကြားမှ ရဲရင့်တည်ငြိမ် ပြတ်သားစွာ ရှေ့ဆောင်ခဲ့တယ်။

(၁၉၄၉)ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့မှာ လက်နက်ကိုင်တော်လှန်ရေး စတင်လာပြီး စောဘဦးကြီးဟာ ဗဟိုခေါင်းဆောင်တွေဖြစ်တဲ့ ကွျန်ပ်၊ စောစိုင်းခေါ၊ စကောမောလေး၊ စောဟန်တာသာမွေး၊ မန်းဂျိန်းထွန်းအောင်၊ ဦးဇန်၊ စောဘယ်လီ နှင့်အတူ အင်းစိန်တိုက်ပွဲအတွင်း အခက်အခဲပြဿနာပေါင်းမြောက်များစွာ ကြုံတွေ့ရပြီး တော်လှန်ရေးအရည်အချင်းတွေ ရခဲ့တယ်။ အင်းစိန်တိုက်ပွဲဟာ (၁၉၄၉)ခု၊ မေ(၂၅)ရက်နေ့အထိ ရက်ပေါင်း(၁၁၁)ရက်ရှည်ကြာသောနေ့ အင်းစိန် မှ ဆုတ်ခွါခဲ့တယ်။ အင်းစိန်မှ ဆုတ်ခွါတော့ တော်လှန်ရေးဒဏ်ကို မခံနိုင်တဲ့ မန်းဂျိန်းထွန်းအောင်၊ စောဘယ်လီ၊ ဦးဇန်တို့မှာ တော်လှန်ရေးကို စွန့်ခွါသွား ကြတယ်။ တော်လှန်ရေးမှာ ခေါင်းဆောင်ရန် စောဘဦးကြီး၊ ကွျန်ပ်၊ စောစိုင်ကေ၊ စောဟန်တာသာမွေးနဲ့စကော မောလေးတို့ ကျန်ခဲ့တယ်။ အင်းစိန်က ဆုတ်ခွါပြီး ကွျန်ပ်ဟာ၊ အင်းစိန်ခရိုင်၊ ထန်းတပင်မြို့နယ်ရှိ ကြာအင်းဇောင်းရွာကို ရောက်ကြ တယ်။ အဲဒီရွာမှာ အစည်းအဝေးလုပ်ပြီး ခေါင်းဆောင်တွေ တာဝန်ခွဲဝေကြတယ်။

**စောဘဦးကြီး၊ စောစိုင်းကေ၊ စကောမောလေးတို့ တောင်ငူကို သွားရောက်ပြီး ဗဟိုလုပ်ငန်းများကို တာဝန်ယူလုပ်ဆောင်ရန် ကွျန်ပ်နှင့် စောဟန်တာသာမွေးတို့ မြစ်ဝကျွန်းပေါ်ဒေသမှာ တာဝန်ယူ ထမ်းဆောင် ဖို့ဖြစ်တယ်။ (၁၉၅၀)ခု၊ ဩဂုတ်လ (၁၂)ရက်ဟာ ကရင်အမျိုးသားများအတွက် ဆုံးရှုံးမှုကြီးတခုဖြစ်တဲ့ ကြေကွဲဝမ်းနည်းဖွယ်ရာ နေ့ပဲဖြစ်တယ်။ အဲဒီနေ့မှာ ခေါင်းဆောင်ကြီးတွေဖြစ်တဲ့ စောဘဦးကြီးနဲ့ စောစိုင်းကေတို့ အပေါင်းအပါ တစုဟာ ကော့ကရိတ်မြို့နယ် ထိုကော့ကူးရွာမှာ ရန်သူ့လက်ချက်နဲ့ ကရင့် အမျိုးသားလွတ်မြောက်ရေးအတွက် အသက်စွန့်သွားခဲ့ရတယ်။ စောဘဦးကြီး**

**ဟာ အသက်(၄၇)နှစ်မှာ ကွယ်လွန်ခဲ့တယ်။ လက်နက်ကိုင် တော်လှန်ရေး တာဝန်ကို တနှစ်ကျော်လောက်သာ ထမ်းဆောင်သွားရရှာတယ်။**

စောဘဦးကြီးရဲ့ မှန်ကန်တဲ့ ရှေ့ဆောင်မှုကြောင့် ပြတ်သားတဲ့ ကရင့်အမျိုးသားလွတ်လပ်ရေးနဲ့ ဘဝတိုးတက်မှုတော်လှန်ရေးဖြစ်ပေါ်လာတယ်။ စောဘဦးကြီးဟာ မိမိအပေါ်ကျရောက်တဲ့ တာဝန်တွေကို ပြောင်မြောက်အောင်မြင်စွာ ထမ်းဆောင်ခဲ့သူဖြစ်တယ်။ ကရင့်တော်လှန်ရေးနဲ့ ကရင့်အမျိုးသားလွတ်မြောက်ရေးကို စတင်ဖေါ်ထုတ်ပေးသူဖြစ်တယ်။ သူ့ရဲ့ရည်ရွယ်ချက် အလုံးစုံအောင်မြင်ရေးအတွက် ကျွန်ုပ်တို့ ဆက်လက်တိုက်ပွဲဝင်ကြရဦးမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

*(ပူးကီးဒိုး၏ မန်းဘဇန်နှင့် ကရင့်တော်လှန်ရေး)*

## ဗိုလ်မှူးချုပ်ကျော်ဇော၏ အမှားနှင့်အမှန်

စောဘဦးကြီးသည် (၁၉၅၀)ခုနှစ်၊ ဩဂုတ်လ(၁၂)ရက်နေ့တွင် ကွယ်လွန်သဖြင့် ယခုအခါ နှစ်အားဖြင့်(၆၀)ပင် ကျော်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ သမိုင်းသည်လည်း ရာစုနှစ်တခုကို ဖြတ်သန်းလျက် ရှိနေပေသည်။ စောဘဦးကြီးနှင့်အတူ မြန်မာနိုင်ငံ၏ သမိုင်းကိုရေးခဲ့ကြသော မြန်မာလူမျိုးတွေဘက်မှ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု၊ ဗိုလ်ချုပ်နေဝင်းတို့သည်၎င်း၊ ရှမ်းလူမျိုးများဘက်မှ စဝ်ရွှေသိုက်၊ ကချင်လူမျိုးများဘက်မှ ဆမားဒူးဝါးဆင်ဝါနောင်တို့သည်၎င်း လူ့ဗမ္ဘာအရ မရှိကြတော့ပြီ။

ယင်းနှစ်ပေါင်း ခြောက်ဆယ်အတွင်း၌ အုပ်ချုပ်သူနေရာတွင် ရောက်ရှိနေသော မြန်မာလူမျိုး နိုင်ငံရေးသမားများသည် ပေးသူနေရာမှ၎င်း၊ ချင်း၊ ကချင်၊ ကယား၊ ကရင်၊ ရှမ်း၊ မွန်၊ ရခိုင်၊ ဝ၊ ပအိုဝ့်နှင့်လူမျိုးစု များသည် ရယူသူနေရာမှ၎င်း ရှိနေကြရာမှ အပြိုင်အဆိုင်အားပြိုင် ဆန့်ကျင်တိုက်ခိုက်လာရာ ပြည်တွင်းစစ်သည် မဆုံးနိုင်ပဲ ရှိနေလေသည်။

ယင်းသို့ ဖြစ်ရသည်မှာ အဓိကအချက်မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတင်ပြခဲ့သော "ပြည်ထောင်စုမူ"ကို နောက်ပိုင်းတက်ရောက်လာသော နိုင်ငံရေးခေါင်းဆောင်များက မလိုက်နာခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် မိမိ၏ပြည်ထောင်စုမူကို အကောင်အထည်ဖေါ်ဆောင်ရွက်မသွားနိုင်ခြင်း၊ ယင်းနှစ်ပေါင်းခြောက်ဆယ်အတွင်း၌ စစ်တပ်ကိုအကြောင်းပြု၍ အာဏာသိမ်းခြင်းတွင် အားသန်သော်လည်း "အမှားအမှန်"ကို ဝေဖန်သုံးသပ်ရန်ကား အားမသန်ကြခြင်း၊ ဤသို့ဖြင့် စောဘဦးကြီးလက်ထက် လိုလားတောင့်တခဲ့သော "သီးခြားပြည်နယ်"တို့သည် ဖြစ်မလာရုံမျှမက ကရင်လူမျိုးများမှာ "နယ်ချဲ့နောက်လိုက်"ဟူသော စွပ်စွဲချက်ဖြင့် စွပ်စွဲပုတ်ခတ်ခြင်းကို ခံကြရလေသည်။

ယင်းသို့ ပြည်ထောင်စုအကျိုးအတွက် "အမှားနှင့်အမှန်"ကို ဝေဖန်သုံးသပ်ရန် အားမသန်ရာမှ အတွေ့အကြုံအရ အမှားနှင့်အမှန်ကို သိလာသူမှာ ရှားရှားပါးပါး ဗိုလ်ချုပ်ကျော်ဇောတဦးသာ ပေါ်လာလေသည်။

"(၁၉၄၉)ခုနှစ်၊ ဇူလိုင်–ဩဂုတ်လမှာ စစ်ဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းသည် ဗြိတိန်နှင့်အမေရိကန်နိုင်ငံများသို့ သွားရောက်ခဲ့ပါသည်။ [၁]ဤသည်မှာ ဗမာပြည်၏ ပထမဆုံးသော စစ်ဘက်လေ့လာရေးမစ်ရှင် ဖြစ်ပါသည်။ ဗမာပြည်တွင် အဓိကအကျပ်အတည်းကြီးဆိုက်ခဲ့ရသော အင်းစိန်တိုက်ပွဲကြီး ပြီးဆုံးပြီးနောက် သွားခြင်းဖြစ်ပါသည်။

ဗမာပြည် ပြည်တွင်းစစ်တွင် အစိုးရဘက်မှ ကြီးမားသောအန္တရာယ်မှ လွတ်မြောက်ပြီး၊ အောင်မြင်မှုဘက် အပေါ်စီးရလာမှ သွားခြင်းလည်း ဖြစ်ပါသည်။

ဤသို့ ဗိုလ်ချုပ်နေဝင်း ခရီးထွက်သွားခြင်း ကိစ္စမှစ၍ ကျနော့်ဘဝကို အကြီးအကျယ် အပြောင်းအလဲဖြစ်စေမည့် ကိစ္စကြီးတခု စတင်တွေ့ကြုံလာရပါတော့သည်။

ထိုအဖြစ်အပျက်မှာ အင်္ဂလန်မှ ဝယ်ယူခွင့်ပြု၍ လက်နက်ခဲယမ်းမီးကျောက်စားရင်းများကို ဗမာ့တပ်မတော် ထောက်ပံ့ရေးဌာနကပြုစုပြီး အင်္ဂလိပ်

အစိုးရထံတင်ပြတောင်းဆိုဝယ်ယူရန် ဗိုလ်ချုပ်နေဝင်းနှင့်ပေးလိုက်ရာ၊ ထိုတင်ပြသော စာရင်းအတိုင်း လက်နက်ကျည်ဆံအားလုံးနီးပါးကို အင်္ဂလိပ်အစိုးရက ပေးလိုက်ခြင်းဖြစ်ပါသည်။ ကျနော် အလွန်ပင်အံ့သြသွားပါသည်။

ငင်းဝယ်ယူရရှိသော လက်နက်ကျည်ဆံများအထဲတွင် ဗမာပြည်တွင်းစစ်အရှိန်ကို များစွာယုတ်လျော့ ကျဆင်းထိခိုက်စေမည့် လက်နက်တမျိုးပါဝင်ရာ၊ ၎င်းကို တောင်းဆိုတင်ပြသော စာရင်းအတိုင်းနီးပါးရရှိခဲ့သဖြင့် အစိုးရအတွက် များစွာအကျိုးရှိခဲ့ပေသည်။

ထိုလက်နက်မှာ ခွေးသွားစိတ်ချိန်းကြိုးနှင့် မောင်းနိုင်သော မောင်းသူအပါ လူ(၆)ယောက်စီး၊ အမိုးမပါသော ပက်လက်သံချပ် ကာယာဉ်ကလေးများဖြစ်သည်။ ထိုသံချပ်ကာယာဉ်ကလေးပေါင်းအစီး(၂၀၀)နှစ်ကျော် ရရှိခဲ့ပေသည်။ ထိုယာဉ်ကလေးကို ရဲဘော်များက 'ချိန်းပက်လက်' ဟု ခေါ်ကြသည်။

၎င်းယာဉ်ကလေးများသည် ဗမာပြည်၏ တောတောင်ထူထပ်သောနေရာ၊ ရွှံ့နွံထူထပ်သောနေရာတို့မှတပါး မည်သည့်နေရာတွင်မဆို မောင်းနိုင်သည်။ ခြေလျင်တပ်လက်နက်ငယ်ကျည်များကိုလည်း ကာကွယ်နိုင်ရာ ခြေလျင်တပ်လက်နက်ငယ်များကိုသာ ကိုင်စွဲနိုင်သည့် သူပုန်များနှင့်ရင်ဆိုင်ရာတွင် အစိုးရတပ်အဖို့ တပန်းသာနေပေသည်။ ၎င်းယာဉ်ကလေးသွားနိုင်သည့် မြေပြန့်များ၊ ဆင်ခြေလျော၊ တောင်ကမူစသည်တို့တွင် သူပုန်တို့ကို အစိုးရစစ်တပ်အနေနှင့် ထိုယာဉ်ကလေးများနှင့် သူပုန်တို့အဖို့ အန်တုပြီး နေရာယူစစ်ပွဲ မဆင်နွှဲနိုင်တော့ပဲ အမိကပြောက်ကျားစစ်ပွဲအဆင့်သို့ လျှော့ချလိုက်ကြ ရပါတော့သည်။"

[၁] *(ဗိုလ်မှူးချုပ်ကျော်ဇော၏ အတ္ထုပ္ပတ္တိ)*

**"ထိုချိန်းပက်လက်သံချပ်ကာ ယာဉ်ကလေး(၂၅)စီးပေါ်တွင် သံခမောက်ဆောင်ထားသော ခြေလျင်တပ်ခွဲတခွဲကို ယာဉ်တစီးလူ(၅)[၁]ယောက်စီမျှတင်ပြီး၊ နောက်က တပ်တချို့နှင့် သူပုန်တို့၏ နေရာစွဲထားသော တပ်စခန်းတို့ကို ထိုးစစ်ဆင်ပြီး တပ်စွဲစေရာ သူပုန်တို့မှာ မခုခံနိုင်တော့ပဲ ဆုတ်ခွါထွက်ပြေးပြီး၊**

အခြေချစခန်းမထားနိုင်သော ပြောက်ကျားစစ်ဘဝသို့ ရောက်ရှိသွားပြီး တောတောင်များသို့သာ အမှီပြုကြရပါတော့သည်။ သူတို့သည် မြို့ရွာ၊ လူနေများသောဒေသတို့တွင် အထင်ကရ တပ်မစွဲနိုင်တော့ပေ။

သူပုန်များအနေနဲ့ တိုက်ပွဲများအတွင်း ၎င်းချိန်းပက်လက်ယာဉ်များ အနီးသို့ ချဉ်းကပ်ပြီး ထိုအမိုးမ ပါသော ယာဉ်ပေါ်လက်ပစ်ဗုံးပစ်သွင်းနိုင်လျှင် ထိုယာဉ်မှ လက်ပစ်ဗုံးဒဏ်ကြောင့် ရပ်ဆိုင်းသွားနိုင်ပြီး ထိုယာဉ်ကိုပင် သူတို့သိမ်းဆီးနိုင်ပေသည်။ သို့သော် သူတို့ ထိုသို့မလုပ်နိုင်ပေ။

သို့ဖြင့် ဗမာပြည် ပြည်တွင်းစစ်မှာ ညိုးခြောက်အားနည်းလာရပေသည်။ ဤသို့ ညိုးခြောက်လာ ရသော အကြောင်းတွင် နိုင်ငံရေးရာအကြောင်းသည် အဓိကဖြစ်သော်လည်း စစ်မှုရေးရာတွင် ထိုအင်္ဂလိပ်တို့က ပေးသောလက်နက် များသည် အကြောင်းတရားဖြစ်သည်။ အိန္ဒိယက နေရူးအစိုးရကလည်း ဝန်ကြီး ဦးနု၏ မေတ္တာရပ်ခံချက်အရ လက်နက်အတော်များများ ပေးအပ်လာပါသည်။ ထို့ပြင် အင်္ဂလိပ်တို့က ဗမာနိုင်ငံကို ချေးငွေအများအပြားလည်း ထုတ်ပေးခဲ့ ပါသည်။

ဤတွင် ကျနော်သည် ဗမာပြည်၏ ဤခြေအနေကို ပြန်လည်စဉ်းစား လာမိသည်။ ယခင်က ကျနော်၏ ထင်မြင်မှုမှာ ဗမာပြည်ကို အုပ်စိုးရာတွင် အင်္ဂလိပ်တို့က သူတို့စိတ်ကြိုက် ဆက်လက်လွှမ်းမိုးနိုင်ရန်သူတို့ အင်္ဂလိပ်များကို လိုလားသော ကရင်အမျိုးသားကိုသာ ကူညီဖန်တီးပေးလိမ့်မည်ဟူ၍ ဖြစ်ပါသည်။ ထို့ကြောင့် ကရင်အမျိုးသားတို့၏ ပုန်ကန်မှုကို ကနော့်အနေနှင့်နယ်ချဲ့ အင်္ဂလိပ်၏ ပယောဂအဖြစ်ကြည့်မြင်ပြီး ကျနော်ဦးဆောင်ပြီး တိုက်ခိုက် နှိမ်နင်းခဲ့ခြင်း ဖြစ်ပေသည်။

သို့ရာတွင် လက်တွေ့တွင်မူ အင်္ဂလိပ်တို့သည် ဗမာပြည်တွင် ကြီးစိုးလွှမ်းမိုးရန် လက်တွေ့လည်း တကယ်ဖြစ်နိုင်သော မြန်မာလူမျိုးကြီးထံမှ သူတို့ကို မဆန့်ကျင်သော အင်္ဂလိပ်ဘက်သားဖြစ်နိုင်သော ဗမာပြည်ခေတ်သစ် နိုင်ငံရေးတွင်လည်း အတော်အတန် ပါဝင်ခဲ့ပြီး ပြည်သူကြားတွင်လည်း ဩဇာအသင့်အတင့်ရှိသူ၊ မြန်မာအလိုတော်ရိများကိုသာ ပိုအလိုရှိပြီး၊ ထိုလူမျိုး

**များကိုသာ အင်္ဂလိပ်တို့က ကူညီလာကြ လိမ့်မည်ဟု ကျနော်သိမြင်လာပါသည်။ ကရင်ပုန်ကန်မှုကို အင်္ဂလိပ်တို့က အားပေးခဲ့သည်မှာလည်း ကရင်များအာဏာရလာရေးအတွက်မဟုတ်ပဲ လက်ရှိဗမာအစိုးရအကျပ် အတည်းဆိုက်ပြီး အင်္ဂလိပ်များထံ ရိုကျိုးအောက်ကျို့ ဆက်ဆံလာရန်သာ အဓိကဖြစ်သည်ကို ကျနော်နားလည်လာပါသည်။''**

ထိုအချိန်မှစ၍ ယခုချိန်တိုင်အောင် ကရင်အမျိုးသားများ၏ နိုင်ငံရေးနိုးကြားမှုနှင့်နိုင်ငံရေးအားထုတ်မှုများကို နယ်ချဲ့သမားအားကိုးမှုဖြင့် လုပ်ဆောင်နေသည်ဟု နိုင်ငံရေးသမားအချို့က ပြောတတ်ကြသလို မြန်မာ''မီဒီယာ''တွင်လည်း ရေးသားနေကြပေသည်။ အထူးသဖြင့် စစ်အစိုးရမှ (၁၉၆၂)ခုမှ (၁၉၈၈) လက်ထက်တိုင် ထုတ်ဝေနေသော စာနယ်ဇင်းများတွင် ရေးသားနေကြခြင်းဖြစ်ပေသည်။ ကရင်လူမျိုးများအတွင်းတွင် ဗုဒ္ဓဘာသာနှင့်ခရစ်ယာန်ဟူ၍ ရှိလေရာ (K.N.U)ထဲမှ (D.K.B.A)ခွဲထွက်သွားသောအခါတွင် စစ်အစိုးရ၏ စာနယ်ဇင်းများမှ ကရင်လူမျိုးထဲတွင် ဗုဒ္ဓဘာသာ(၇၈)ရာခိုင်နှုန်းရှိ၍ ခရစ်ယာန်မှာ (၂၂)ရာခိုင်နှုန်းသာရှိသည်ဟု ရေးသားပြန်လေသည်။ ကချင်နှင့်ချင်းလူမျိုးများတွင် ခရစ်ယာန်ဘာသာကိုးကွယ် သူမှာ ရာနှုန်းပြည့်နီးပါးရှိသော်လည်း ကရင်ကဲ့သို့ ပေးစားခြင်းမခံရသည်မှာ လွန်စွာပင် ကံကောင်းလှပေသည်။ အထက်ပါ အင်းစိန်တိုက်ပွဲကို ဦးဆောင်တိုက်ခိုက်ခဲ့သူ ဗိုလ်မှူးချုပ်ကျော်ဇောမှ –

''**ကရင်ပုန်ကန်မှုကို အင်္ဂလိပ်တို့က အားပေးခဲ့သည်မှာလည်း ကရင်များအာဏာရလာရေးအတွက် မဟုတ်ပဲ လက်ရှိဗမာအစိုးရအကျပ်အတည်းဆိုက်ပြီး အင်္ဂလိပ်များထံ ရိုကျိုးအောက်ကျို့ဆက်ဆံလာရန်သာ အဓိကဖြစ်သည်ကို ကျနော်နားလည်လာပါသည်**''ဟု ရေးသားသည်ကို စဉ်းစားကြရန်ပင် ဖြစ်လေသည်။

(၁) *(ဗိုလ်မှူးချုပ်ကျော်ဇော၏ အတ္ထုပ္ပတ္တိ)*

# (ဒုတိယပိုင်း)

## အခန်း (၁၁)

## ရန်သူ့ထံသတင်းပေးပို့သူ "မောင်အဲ"

စောဘဦးကြီးနှင့်အဖွဲ့အား စစ်တပ်သို့ သတင်းပေးသူမှာ "လှိုင်ဘွဲ့"နှင့် "ကော့ကရိတ်"မြို့နယ်ကြားရှိ မိုင်သုံးဆယ်ခန့်အကွာ "ထို့ကောကူး"ရွာသား "မောင်အဲ"နှင့်အပေါင်းပါများ ဖြစ်ကြလေသည်။ ထိုနယ်တွင် တာဝန်ကျသော

(K.N.D.O)ခေါင်းဆောင်နှင့်နောက်လိုက်များသည် သူတို့နယ်တွင် အမျိုးမျိုးပိုလ် ကျနေသဖြင့် သူတို့သည် များစွာမခံမရပ်နိုင် ဖြစ်လာကြလေသည်။

ဤတွင် သူတို့နယ်အတွင်းသို့ လူစိမ်းတစုဝင်လာပြီး ရွာနှင့်မလှမ်းမကမ်း တွင် စခန်းချနေကြောင်းသိရလျှင် ရွာသားမောင်အဲအပါအဝင် စစ်တပ်သို့ သတင်းပို့ရာမှ စစ်တပ်က ဝိုင်းဝန်းပစ်ခတ်ရာ စောဘဦးကြီးနှင့်စောစိုင်းကေတို့မှာ သေနတ်ထိမှန်ကာ သေဆုံးကြရလေသည်။


ဗမာ့ခေတ်

စောဘဦးကြီး ကျဆုံးပြီ

ဤသည်နှင့်ပတ်သက်၍ ပိုလ်ချုပ်မြသည်သူ၏ “ကျနော့်ဖြတ်သန်းမှု အစစ်အမှန်”စာအုပ်တွင် အောက်ပါအတိုင်း ရေးသားထားလေသည်။

ဤနေရာသည် ဥက္ကဋ္ဌစောဘဦးကြီး သေဆုံးသွားပြီးနောက်ပိုင်း [၁]ရန်သူ (ဖဆပလ)အစိုးရက ဖါးလားစေးကို တာဝန်ပေးကာ ကရင့်တော်လှန်ရေးကို ဆန့်ကျင်ရန်အတွက်လူစုစေပြီး သစ္စာရှိကရင်အဖွဲ့ကို ဖွဲ့စည်းစေသည်။ ၎င်းတို့ကို

ရန်သူက လက်နက်အပြည့်အစုံတပ်ဆင်ပေးသည်။ စုစုပေါင်းလက်နက်(၂၀၀)ခန့်ရှိသည်။

၎င်းဖေါက်ပြန်ရေး "သစ္စာရှိကရင်"တို့ကို ဦးစီးကွပ်ကဲကြသူများမှာ နိုင်အောင်ထွန်းနှင့်ဖါးလားစေးတို့ ဖြစ်ကြသည်။ "ထို့ကော့ကူး"ရွာကို အခြေခံထားသည်။ ၎င်းဖေါက်ပြန်ရေးများကို ကျနော်တို့က တဖက်တွင်တိုက်ရင်း အခြားတဖက်တွင် သူတို့ကို ပြန်စည်းရုံးသည်။ ထီးဆွားရွာမှာမူ မောင်အဲက ဦးစီးသည်။

ကျနော်က မောင်အဲဆီစာရေးသည်။ ကျနော်တို့ဆီ ပြန်လာရန် တိုက်တွန်းသည်။ သူကျနော့်ကို စာပြန်ပါသည်။ သူအမှားလုပ်ခဲ့သည့်အတွက် ဥက္ကဋ္ဌကြီး စောဘဦးကြီးကျဆုံးခဲ့ရသည် ထို့ကြောင့် သူမပြန်ရဲတော့ပါ။ ကျနော် နောက်ထပ်တစောင် မောင်အဲဆီရေးပါသည်။ ကျနော် အခုလိုရေးသည်။

(၁) *(ဗိုလ်ချုပ်မြ၏ ကျွန်တော့်ဖြတ်သန်းမှုအစစ်အမှန်)*

"မောင်အဲ ... (၁)ငါတို့ အခု စစ်တိုက်တာ စောဘဦးကြီးတယောက်ထဲအတွက် မဟုတ်ပါ။ တမျိုးသားလုံးအတွက် တိုက်တာဖြစ်တယ်။ ပြန်လာပါ။ ဥက္ကဋ္ဌစောဘဦးကြီးသေပြီးဖြစ်ပေမဲ့ မန်းတို့အမှားကို မြင်ပြီး နောင်တရကာ အမှားကို ဝန်ခံရင် ပြီးတာဘဲ"

နောက်ဆုံး မောင်အဲသည် ကျနော်တို့ထံ ပြန်လာပြီး လက်နက်ချသည်။ သူတို့အားလုံး အယောက်(၃၀)ရှိသည်။ လက်နက်များလည်း ပါလာသည်။ အခုလို လက်နက်ချလာကြသောကြောင့် သူတို့ကို ရွေးချယ်ခွင့်ပေးထားပါသည်။ တော်လှန်ရေးဆက်လုပ်ချင်သူများကို လုပ်ခွင့်ပေးသည်။ မလုပ်လိုပါကထွက်ပြီး အိမ်တွင် အေးအေးဆေးဆေးပြန်နေနိုင်သည်။ အများစုက ထွက်ပါသည်။ အိမ်ကိုပြန်ပြီး လူထုတယောက်အနေဖြင့် နေထိုင်ကြသည်။ တော်လှန်ရေးတပ်ဖွဲ့ထဲ ဝင်လာသူအနည်းစုဖြစ်ပါသည်။"

**မြစ်ဝကျွန်းပေါ်ဒေသတွင် ကရင်တိုင်း စောဘဦးကြီးကို မမြင်ဘူးသော်လည်း နာမည်နှင့်လုပ်ရပ်ကိုကား သိကြ၏။ သို့ဖြစ်၍ စောဘဦးကြီးကျဆုံးသည့်**

**ဩဂုတ်လ(၁၂)ရက်နေ့ရောက်လျှင် ယင်းအား အမှတ်တရဖြင့် အလေးပြုချင်ကြ၏။ မြို့ပေါ်နှင့်ဝေးသော အရပ်အချို့တွင်အစိုးရဝန်ထမ်းများမသိမမြင်နိုင်သည့် လယ်ကွင်းနှင့် လယ်ထဲသို့သွားကာ စောဘဦးကြီးအား တိတ်တဆိတ်အလေးပြုကြလေသည်။**

စောဘဦးကြီး၏ အဖြစ်အပျက်မှာ "ချေခွေဗားရား"နှင့် တူလှသော်လည်း ချေခွေဗားရားကဲ့သို့ကား တရားဝင် အလေးပြုခြင်း နှင့် အသိအမှတ်ပြုခြင်းကို မခံခဲ့ရရှာချေ။

(၁) *(ဗိုလ်ချုပ်မြ၏ ကျွန်တော့်ဖြတ်သန်းမှုအစစ်အမှန်)*

## သဘာပတိရွေးချယ် ခံရခြင်း(ယာယီ)



စကောလယ်တော

(၁၉၅၀)ခုနှစ်၊ ဩဂုတ်လ(၁၂)ရက်နေ့တွင် ဥက္ကဋ္ဌကြီးစောဘဦးကြီးကျဆုံးပြီးနောက် ဥက္ကဋ္ဌသစ်ရွေးချယ်ရန် ကိစ္စများပေါ်ပေါက်ခဲ့လေသည်။ စောဘဦးကြီးကျဆုံးပြီးဖြစ်၍ လစ်လပ်သောနေရာတွင် ဗိုလ်ချုပ်စိုင်းကေအား တင်မြှောက်ရန် အားလုံးကသဘောတူလေသည်။ သို့သော် ဗိုလ်ချုပ်စိုင်းကေလည်း ဥက္ကဋ္ဌကြီးနှင့်အတူ ကျဆုံးသွားကြောင်း ဖါပွန်ရှိ စောဘဦးကြီး၏ ဇနီးက ကြေးနန်းပို့လာသဖြင့်၊ ဥက္ကဋ္ဌသစ်အဖြစ် တဦးဦးကို ရွေးချယ်ရန် ကိစ္စရှိလာသည်။

ထို့ကြောင့် တင်မြှောက်ရေးအစည်းအဝေးတရပ်ကို အလျှင်အမြန်ခေါ်ယူခဲ့ကြသည်။ ထိုအစည်းအဝေးကို မော်ချီးတွင် ခေါ်ယူရာ ဆရာစကောလယ်တောလည်း တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ်ဦးလှဖေကို တင်မြှောက်ရန်၊ ဦးလှဖေမလုပ်မှသာ ဂျေဖူးညိုကို ဥက္ကဋ္ဌတင်ရန်စသည်ဖြင့် တညီတညွတ်တည်း ဆုံးဖြတ်ကြ သည်။ ဂျေဖူးညိုကိုယ်တိုင်လည်း အစည်းအဝေးကို

တက်ရောက်ခဲ့သည်။ ဆုံးဖြတ်ချက်အရ တောင်ကြီးဘက်သို့ ရောက်နေသော ဦးလှဖေအား အကျိုးအကြောင်းကြေးနန်းပို့ရာ ဦးလှဖေမှာ ပအိုဝ်းတော်လှန်ရေးတွင် ကိုယ်တိုင်ဦးဆောင်နေရသဖြင့် ထိုတာဝန်ကို လက်မခံနိုင်ကြောင်း အကြောင်းပြန်ခဲ့သည်။ ဂျေဖူးညိုကလည်း ဥက္ကဋ္ဌမလုပ်ချင်။ စစ်အုပ်ချုပ်ရေး ချမှတ်ခဲ့စဉ်က လက်နက်ကိုင်တော်လှန်ရေးကာလ မည်သည့်အဖွဲ့အစည်းမှ မဖွဲ့စည်းရဟု သူကိုယ်တိုင်အမိန့်တရပ် ထုတ်ပြန်ခဲ့၍ဖြစ်သည်။ ဆရာကြီး စကောလယ်တောမှာ မလွှဲမရှောင်သာ ဥက္ကဋ္ဌသစ်တာဝန်ကို ယူခဲ့ရသည်။

ဆရာကြီးစကောလယ်တော(K.G.B)၏ ယာယီသဘာပတိတာဝန် ယူလိုက်ရသော ဖါပွန်ညီလာခံအပြီးတွင် စောဘဦးကြီး"ဇနီး"သည်က ကြေးနန်းပို့သည်ဆိုရာ၌ ထိုဇနီးသည်မှာ အင်းစိန်တွင် သူနှင့်အတူနေခဲ့သော (ခါတ်ပုံပါ) ဇနီးသည် (ဦးဇံ)၏ သမီး(နီတာ)ပင် ဖြစ်လေသည်။

## စောဘဦးကြီးကွယ်လွန်ပြီးနောက် (K.N.U)၏ အကြပ်အတည်း

စောဘဦးကြီးကွယ်လွန်ပြီးနောက်တွင် (K.N.U)၏ ခေါင်းဆောင်မှုနေရာကို ရယူလိုက်သော စောဟန်တာသာမွှေးနှင့်မန်းဘဇန်တို့သည် စစ်ရေး၊ နိုင်ငံရေးအကြွတ်အတည်းကြောင့် မဖြစ်မနေပြောင်းလဲရမည်မှာ အခြေအနေကို သိမြင်လာလေသည်။

ဤသို့ဖြင့် ဝါးခယ်မမြို့နယ်၊ အရှေ့ခြမ်း"ပရိုက်သောင်တန်း"တွင် ကရင်ဘာသာဖြင့် "ဝိန့်ထောင်" ရွှေမြို့တော်ကွန်ဖရင့်တွင် ဒုတိယလမ်းစဉ်ကို ချမှတ်ခဲ့ကြလေသည်။

## မန်းဘဇန်နှင့် ဒုတိယလမ်းစဉ်

(၁၉၅၁)ခုနှစ်၊ဇွန်လ(၅)ရက်နေ့တွင် ဖြစ်သည်။ စောဘဦးကြီးကျဆုံးပြီးနောက် (K.N.U)ကို စောဟန်တာသာမွှေးနှင့်မန်းဘဇန်တို့ နှစ်ဦးပူးတွဲ ခေါင်းဆောင်နေသည့်ကာလလည်းဖြစ်သည်။ ယင်းအခြေအနေတွင် (K.N.U) အပေါ်တွင် (ဖဆပလ)အစိုးရက နိုင်ငံရေးအရ၊ စစ်ရေးအရအပေါ်စည်းက ရလာ

သည့် ကာလလည်းဖြစ်သည်။ ယင်းအခြေအနေတွင် (K.N.U)အတွက် နိုင်ငံရေး၊ အမျိုးသားရေးလမ်းစဉ်တရပ်ချမှတ်ရန် လိုအပ်လာကြောင်း မန်းဘဇန်နှင့် စောဟန်တာသာမွှေးအပါအဝင် (K.N.U)ခေါင်းဆောင်များက ယူဆထားကြသည်။ သို့ဖြင့် ဝါးခယ်မမြို့နယ်၊ အရှေ့ခြမ်း၊ မြဂိုးချောင်းအတွင်းရှိ "ပရိုက်သောင်တန်း"ရွာတွင် (K.N.U)၏ ကွန်ဖရင့်(ရွှေမြို့တော်ကွန်ဖရင့်)ဟူ၍ တွင်သည်။

ကျွန်တော်သည် ယင်းပရိုက်သောင်တန်းရွာနှင့် မျက်စောင်းထိုးသာသာလောက်တွင်ရှိသည့် "ဂရမ်းချောင်း"ထဲ၌ နေခဲ့ဘူးသည်။ ထိုမှတဆင့် ပရိုက်သောင်တန်းရွာ အောက်ဘက်နားရှိ "ဒိုင်းဘောင်"ရွာ၌ ကျောင်းနေခဲ့ဘူး၏။ ပြီးလျှင် (၁၉၉၀)ခုနှစ် ရွေးကောက်ပွဲတွင် ယင်းပရိုက်သောင်တန်းရွာများအပါအဝင် ဝါးခယ်မမဲဆန္ဒနယ်အမှတ်(၁)၌ ရွေးကောက်ပွဲဝင်ခဲ့၏။ သို့ဖြင့် ကျွန်တော်သည် ယင်းပရိုက်သောင်တန်းရွာကလေးအား အမှတ်တရအဖြစ် ကြည့်ခဲ့မိသေးသည်။

ယင်းဝိန့်တောင်(ရွှေမြို့တော်)ကွန်ဖရင့်မှ ချမှတ်လိုက်သော (K.N.U)၏ လမ်းစဉ်ကို ဒုတိယလမ်းစဉ်ဟုခေါ်သည်။ ယင်း(K.N.U)၏လမ်းစဉ် ဒုတိယလမ်းစဉ်သည် ပထမတွင် ကရင်အမျိုးသားတော်လှန်ရေး၌ ကြီးစွာသော အလှည့်အပြောင်းတခုကို ဖြစ်စေခဲ့ရာမှာ နောက်ပိုင်းတွင် ကရင့်တော်လှန်ရေးအတွင်း၌ ဂိုဏ်းဂဏ၊ ဝါဒကို ဖြစ်ပေါ်စေခဲ့လေသည်။

ယင်း(K.N.U)၏ ဒုတိယလမ်းစဉ်ကို ရှုမြင်ကြရာ၌ ပထမဦးစွာ အစပျိုးခဲ့သူ မန်းဘဇန်၏အမြင်၊ ဒုတိယတွင် (၁၉၅၉)ခုနှစ်၊ ဗိုလ်ချုပ်နေဝင်းအိမ်စောင့်အစိုးရလက်ထက်၌ ဥပဒေတွင်းသို့ ပြန်ဝင်ရောက်သွားကြသည့် (K.N.U) ထိပ်ပိုင်းခေါင်းဆောင်တစ ရေးသားပြုစုသည့် "ကော်သူးလေ"စစ်တမ်းအမြင်၊ တတိယတွင် ငြိမ်းချမ်းရေးရသည်ဆိုကာ ဥပဒေတွင်း ပြန်ဝင်သွားသော စောဟန်တာသာမွှေး၏ အမြင်တို့ကို လေ့လာရန်ပင်ဖြစ်၏။

ဤတွင် (K.N.U)၏ ဒုတိယလမ်းစဉ်ချမှတ်ရန် အစပျိုးပုံကို မန်းဘဇန်က အောက်ပါအတိုင်း ရေးသားထားလေသည်။

''(၁၉၄၉)ခုနှစ်၊ ဇွန်လ အင်းစိန်တိုက်ပွဲက ဆုတ်လာပြီး ပြည်မြို့မှာရှိတဲ့ ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု (**P.D.F – People Democratic Front**)ရဲ့ ဌာနချုပ်ကို (**K.N.U**)မှ ဗိုလ်မှူးမောင်လေးကို (ဖဆပလ) ဆန့်ကျင်ရေးပူးတွဲ တပ်ပေါင်းစုဖွဲ့ဖို့ စေလွှတ်လိုက်တယ်။ သို့သော် သခင်သန်းထွန်းက စောဘဦးကြီးဟာ နယ်ချဲ့လက်ကိုင်တုတ်၊ နယ်ချဲ့နောက်လိုက်တွေဟု စွပ်စွဲထားတယ်။ ဒါကို သူတို့ ပြောင်းပြီးခုနက ပြောသလို တခြားတော်လှန်ရေးအင်အားစုတွေနဲ့ မဟာမိတ်ဖွဲ့ရမယ်လို့ သတ်မှတ်လာတယ်။''

''အဲဒီတော့ – ကျွန်တော်တို့ ကရင့်တော်လှန်ရေးအခြေအနေကောင်းဖို့ ဘယ်လိုလုပ်ရမလဲဆိုပြီး စဉ်းစားလာတဲ့အခါမှာ ခုနပြောတဲ့ တရုတ်ပြည်ရှိ တော်လှန်ရေးအတွေ့အကြုံတွေကို လေ့လာဖို့အကြောင်း ဖြစ်လာတယ်။ လေ့လာရမယ်။ ကျွန်တော်တို့ မလေ့လာရင်မဖြစ်ဘူး။ အလုပ်ကြောင်းကို နားလည်ရမယ်။ တော်လှန်ရေးလုပ်နည်းလုပ်ဟန်တွေကို သိရမယ်။ သိမှလုပ်လို့ရမယ်ဆိုတော့ ကျွန်တော်လေ့လာတယ်၊ တရုတ်ပြည်တော်လှန်ရေးစာစောင်တွေဖြစ်တဲ့ ပြည်သူ့ဒီမိုကရေစီစနစ်အကြောင်း၊ နောက်တချက်က မော်စီတုန်းရဲ့ တရုတ်ပြည်တော်လှန်ရေးသဘောတရား၊ ဒါတွေကို ကျွန်တော်တို့ လေ့လာတယ်။ လေ့လာတဲ့အခါ ကျွန်တော်တို့အမြင်ကျယ်လာတယ်။ အမှန်တော့ ကျွန်တော်နဲ့ ဟန်တာသာမွေးဖြစ်တယ်–''

မန်းဘဇန်ကပင် ဆက်လက်ရေးသားထားပြန်ရာ၌ –

''(ဖဆပလ)အစိုးရကို ကျွန်တော်တခါ ပြန်ပြီးသုံးသပ်လိုက်တဲ့အခါ ဒီ(ဖဆပလ)အစိုးရဟာ နယ်ချဲ့စနစ်၊ မြေရှင်ပဒေသာရာဇ်စနစ်၊ မဟာလူမျိုးကြီးဝါဒကို ကိုယ်စားပြုနေတဲ့ အစိုးရဖြစ်တယ်။ ဒီတော့ ကျွန်တော်တို့ တိုက်ရမှာ ကျွန်တော်တို့ရဲ့ အဓိကတိုက်ကွင်းဟာ (ဖဆပလ)အစိုးရဖြစ်တယ်။ ကရင်တွေ ကျွန်ပြုခံရတာက နယ်ချဲ့စနစ်၊ မြေရှင်ပဒေသရာဇ်စနစ်နဲ့ မဟာလူမျိုးကြီးဝါဒကြောင့်ဖြစ်တယ်–''

ယင်းသုံးသပ်ချက်အရနှင့် ဒုတိယလမ်းစဉ်ကြောင့် မူလရှိထားသော လူမျိုးရေးပဋိပက္ခကို ဦးတည်နေမှုမှ လူတန်းစားပဋိပက္ခဆီသို့ လှည့်စောင်းသွားသည်ဟုလည်း သုံးသပ်နိုင်ကြပေသည်။

ဆက်လက်၍ မန်းဘဇန်က ကရင့်လူမှုဘဝနှင့်ကရင့်တော်လှန်ရေးကိုလည်း အောက်ပါအတိုင်း ဆက်စပ်၍ သုံးသပ်ဖော်ပြထားပြန်လေသည်။

**"နောက်တချက် ကျွန်တော်တို့ ပြန်ကြည့်တော့ အရင်တုန်းက ကျွန်တော်တို့ သီးခြားပြည်နယ်တောင်းထားတယ်၊ ကျွန်တော်တို့ဟာ ဗမာပြည်ရဲ့ ကရင့်ဘဝဖြစ်ပေါ်မှုဟာ အပြန်အလှန် ဆက်စပ်မှီခိုနေတယ်။ ဒီတော့ ဗမာပြည်မှာ ဖြစ်ပေါ်နေတဲ့ လူမျိုးရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ လူမှုရေး အပြန်အလှန်ဖြစ်ပေါ် အကျိုးပြုနေတယ်။ ဒီအတွက်ကြောင့် ကရင်သီးခြား ပြည်နယ်ဆိုရင် တိုးတက်မှုမရှိဘူး၊ ဒီတော့ ဘာဖြစ်ရမလဲ၊ ကျွန်တော်တို့ ဗမာပြည်က ခွဲထွက်ဖို့ မလွယ်ဘူး။ ခွဲထွက်ခြင်းဟာ သိပ်ပြီးတော့ အကျိုးမရှိဘူး။ ပူးပေါင်းနေခြင်းက တိုးတက်မှုရှိတယ်။ အဲဒါလူမျိုးရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု အရဖြစ်တယ်။ ဒီအတွက်ကြောင့် ကျွန်တော်တို့ဟာ ကရင်ပြည်ကို ယူရမယ်၊ ဘယ်လိုပြည်နယ်လဲ၊ အခုနက အုပ်ချုပ်ပိုင်ခွင့်၊ တရားစီရင်ခွင့်ရှိတဲ့ ကရင်ပြည်နယ်ကို ကျွန်တော်တို့ ယူမယ်။ ယူပြီးတော့ ဗမာပြည်နဲ့ ပေါင်းမယ်–"**
စသည်ဖြင့် (K.N.U)၏ ဒုတိယလမ်းစဉ်အစပျိုးချမှတ်ပုံကို မန်းဘဇန်အကျယ်တဝင့်ရေးသား သုံးသပ်ထားလေသည်။

*(မန်းဘဇန်၏ K.N.U ဒုတိယလမ်းစဉ်)*

မန်းဘဇန်သည် ဒုတိယလမ်းစဉ် ချမှတ်ပြီးသည့်နောက်တွင် (K.N.U) သည် စောဘဦးကြီးရှိစဉ်က ချမှတ်ထားသော "သီးခြားကရင်ပြည်နယ်"မှုကို စွန့်လွှတ်၍ "ဗမာပြည်နဲ့ပေါင်းမယ်"စကားအရ ပြည်ထောင်စုအတွင်းမှ ကရင်လူမျိုးများကောင်းစားရေးမှုသို့ သွားမည်ဖြစ်ကြောင်း အတိအလင်းဆိုလေသည်။

ဤတွင် အရေးကြီးသော အချက်နှစ်ချက်ကို တင်ပြလိုပေသည်။

(၁) ပထမအချက်မှာ (K.N.U)၏ နိုင်ငံရေးဆရာတဦးဖြစ်သူ "မန်းသာမြိုင်"(ခေါ်)ဆရာသာမြိုင် (နေဖြူဇာတိ)သည် သထုံ တောင်တန်းပေါ်တွင် မိသားစုနှင့်အတူ ဗိုလ်မှူးကြီး"ဗန်ကူး"၏ ဖမ်းမိခြင်းကိုခံရပြီး ထောင်ထဲသို့ ရောက်သွားသည်၊ ထောင်တွင်မှ တဆင့် မြန်မာဆိုရှယ်လစ်လမ်းစဉ်သို့ ရောက်လာသည်။ တော်လှန်ရေးကောင်စီဝင်ဖြစ်လာသည်။ ယင်းဒုတိယ လမ်းစဉ်သို့ (K.N.U) ကူးပြောင်းရောက်ရှိလာပုံအစပြည့်အစုံကိုင်း၊

(၂) ဒုတိယအချက်မှာ ဦးနုသည် တောခိုရာမှ မြို့ပေါ်ပြန်ရောက်လာပြီး (၁၉၈၈)ခုနှစ်တွင် (ဒီ/ငြိမ်း) လုပ်ဆောင်နေစဉ် (K.N.U)သည် "ခွဲထွက်ခွင့်"ကို တောင်းဆိုခြင်းမပြုတော့၍ သူနှင့်မန်းဘဇန်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ အစည်းအဝေးတွင် ပြောဆိုချက်များသည်ငင်း၊

(၃) တတိယအချက်မှာ ကျွန်တော်ကိုယ်တိုင် မာနယ်ပလောရောက်၍ ဗိုလ်ချုပ်မောင်မောင်နှင့် အတူတကွ နေထိုင်စဉ် "ခွဲထွက်ခွင့်"ကိစ္စကို မေးမြန်းရာ ဗိုလ်ချုပ်မောင်မောင်က"ခွဲထွက်ခွင့်"ကို တရားဝင် ကြေငြာ၍ စွန့်လွှတ်လိုက်ပြီဟု မပြောသော်လည်း တောင်းဆိုခြင်း ကိုကား မပြုတော့ကြောင်း ပြောဆိုချက်သည်ငင်း၊

အလေးထားစဉ်းစားရမည့် အချက်များပင် ဖြစ်လေသည်။

## ကော်သူးလေစစ်တမ်းအမြင်

(၁၉၅၉)ခုနှစ်၊ ဗိုလ်ချုပ်နေဝင်း၏ အိမ်စောင့်အစိုးရလက်ထက်တွင် ဖြစ်သည်။ တိုင်းပြည်သို့ တရားဝင်ထုတ်ပြန်ကြေငြာခြင်းမရှိပဲ၊ ထိုစဉ်က (ဗကပ) ခေါင်းဆောင်အချို့နှင့်ငင်း၊ (K.N.U)ခေါင်းဆောင် အချို့နှင့်ငင်း၊ အိမ်စောင့်အစိုးရသည် ရန်ကုန်မြို့၌ လျှို့ဝှက်စွာ တွေ့ဆုံဆွေးနွေးသည်။ ယင်းလျှို့ဝှက်ဆွေးနွေးပွဲ အပြီး၌ (K.N.U)ဦးဆောင်အဖွဲ့ဝင် စောမောင်တိုး၊ တိုင်းဥက္ကဌဆရာဘာဟုနှင့် နောက်လိုက် အချို့သည် ဥပဒေတွင်းသို့ ပြန်ဝင်ခဲ့ကြသည်။ ထိုမှ စောစီးစွာကပင်

ဥပဒေတွင်းသို့ ပြန်ဝင်ခဲ့ပြီးဖြစ်သော (K.N.U)ထိပ်တန်းခေါင်းဆောင်တဦးဖြစ်သည့် စောကျော်စိန်(ယခင် ကေဝိုင်အိုအတွင်းရေးမှူး)တို့ သုံးဦးပေါင်း၍ တပ်မတော် စိတ်ဓါတ်စစ်ဆင်ရေး၊ ကရင်ဌာနခွဲ၏ ခိုင်းစေချက်အရ အထက်ပါ "ကော်သူးလေ စစ်တမ်း"ကို သူတို့ရေးသားကြသည်။ ကော်သူးလေစစ်တမ်း၏ အဓိကစောင်းပေး ဖော်ပြထားချက်မှာ (K.N.U)၏ ဒုတိယ လမ်းစဉ်ကိုပင် ဖြစ်သည်။

ကော်သူးလေစစ်တမ်း၏ ဖော်ပြချက်တွင် (K.N.U)၏ ဒုတိယလမ်းစဉ်ကို မြစ်ဝကျွန်းပေါ်ဒေသ၌ (၁၉၅၁–၁၉၅၂)ခုနှစ်မှ စတင်ရန်သတ်မှတ်ပြီး အရှေ့တိုင်း ဒေသတွင် (၁၉၅၃–၁၉၅၄)မှ စတင်ရန် သတ်မှတ်ထားသည်။ ကော်သူးလေ စစ်တမ်းကို ရေးသားပြုစုသူများက (၁၉၄၉–၁၉၅၁)ခုနှစ်အထိ (K.N.U)၏ ချမှတ် ကျင့်သုံးခဲ့သည့် အမျိုးသားရေးလမ်းစဉ်အပေါ်တွင် နိုင်ငံရေးမဟာဗျူဟာအရ အောက်ပါအတိုင်း ဖော်ပြထားလေသည်။

## ပထမလမ်းစဉ်အရ နိုင်ငံရေးသေနင်္ဂဗျူဟာ

(၁၉၄၉–၁၉၅၁)ခုနှစ်အတွင်း (K.N.U)က ချမှတ်ကျင့်သုံးခဲ့သော နိုင်ငံရေး၊ အမျိုးသားရေးလမ်းစဉ်များအား နိုင်ငံရေးသေနင်္ဂဗျူဟာအရကြည့်လျှင် အောက်ပါ အတိုင်းဖြစ်သည်။

### ရည်ရွယ်ချက်

သီးခြားလွတ်လပ်သောကရင်ပြည်နယ်ထူထောင်ရေး၊ ကရင်လူမျိုး တည်တံ့ရေး၊

### အဓိကရန်သူ

(ဖဆပလ)အစိုးရ၊

### ဒုတိယရန်သူ

ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော် အဖွဲ့၊ တောခိုဘားမား(ဘားမားရိုင်ဖယ်)၊

**သာမညရန်သူ**

ဗမာလူမျိုးများ၊

**သွယ်ဝိုက်ရန်သူ**

(K.Y.O)ကရင်လူငယ်အစည်းအရုံး၊

**အဓိကအင်အားစု**

ဗမာ့တပ်မတော်ရှိ ကရင်လက်နက်ကိုင်တပ်များ (K.N.D.O) တပ်ဖွဲ့များ၊

**အနီးကပ်ဆုံးအရံအင်အားစု**

ကရင်လက်ရုံးများ

**သွယ်ဝိုက်သောအင်အားစု**

တရုတ်ဖြူများ၊ အင်္ဂလိပ်–အမေရိကန်သူလျှိုဂိုဏ်းများ၊ ရခိုင် သူပုန်၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီ၊ ပြည်သူ့ ရဲဘော်အဖွဲ့၊ တောခိုဘားမား၊ မူဂျာဟစ်၊

**ကြားထားရမည့် အင်အားစု**

တပ်မတော်တွင်းရှိ အခြားလူမျိုးစုလက်နက်ကိုင်တပ်များ၊

**မဟာမိတ်**

ရှမ်း၊ ကယား၊ မွန်၊ ပအိုဝ့်တော်လှန်ရေးအင်အားစုများ၊

**အဓိကဝင်ရိုး**

## ဗမာလူမျိုးအား ဆန့်ကျင်မုန်းတီးရေး

ကော်သူးလေစစ်တမ်းရေးသားသူများသည် (K.N.U)၏ ပထမလမ်းစဉ် အား အထက်ပါအတိုင်း နိုင်ငံရေးအရ သေနင်္ဂဗျူဟာရေးဆွဲကြပြီးနောက်၌ အောက်ပါအတိုင်း ဆက်လက်ဝေဖန်ထားလေသည်။

– ပထမလမ်းစဉ်လွဲမှားမှုအပေါ် ငါတို့၏ တော်လှန်ရေးအရေးနိမ့်ခဲ့ခြင်းနှင့် အစိုးရ၏ နိုင်ငံရေးထိုးစစ်တို့ကြောင့် ထောင်ပေါင်းများစွာသော ငါတို့ရဲဘော်ရဲဘက်တပ်သားများသည် အစိုးရ၏ဩဇာခံ ပြည်ထောင်စုကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့(ပကတေ)ထဲ ဝင်ရောက်ခဲ့ကြပြီး၊ ငါတို့၏ ရန်သူပြန်ဖြစ်ကုန်ကြ၏။ ငြိမ်းချမ်းရေးလက်ခံသော နယ်မြေများ တနေ့ထက်တနေ့ ကျယ်ဝန်းလာသည်နှင့်အမျှ ငါတို့သိမ်းပိုက်ထားခဲ့သော ငါတို့၏ ဩဇာခံနယ်မြေများလည်း ပို၍ပို၍ ကျဉ်းမြောင်းသွားခဲ့၏။

– ပထမလမ်းစဉ်အရ ငါတို့၏ တော်လှန်ရေးကျဆင်းရသည့်အကြောင်းမှာ အကျဉ်းချုပ်အားဖြင့် ကျဉ်းမြောင်း၍ တဘက်သတ်အစွန်းရောက်သော လူမျိုးရေးဝါဒအရ ကျင့်သုံးမှု။

– နိုင်ငံရေးအတွေ့အကြုံအမြော်အမြင်အားနည်းမှု၊ ဗျူရိုကရေစီဆန်မှု၊ ရန်သူနှင့်မိတ်ဆွေအစစ်အမှန်ကို သီးခြားသိမြင်နိုင်စွမ်းမရှိသူ။

– ကရင်လူမျိုးကြီးဝါဒကျင့်သုံးမှု၊ စစ်ဘုရင်ဝါဒကျင့်သုံးမှုအစရှိသည့်တို့ကြောင့်ဟု ဆိုရပေသည်။

– ဤအခြေအနေအောက်တွင် ငါတို့၏ ခေါင်းဆောင်ကြီးများဖြစ်ကြသော စောဘဦးကြီးနှင့် စောစန်းကေတို့သည် ကျဆုံးခဲ့ရကာ တိုက်ခိုက်ရေးအင်အား သုံးပုံတပုံခန့်သာ ကျန်ရှိတော့သော ငါတို့လက်နက်ကိုင်တပ်၊ ငါတို့၏ တော်လှန်ရေးသည် ဘယ်ဆီ၊ ဘယ်လမ်း၊ ဘယ်စခန်းသို့ မြန်းရပါတော့မည် နည်းဟု

ကော်သူးလေစစ်တမ်းရေးသားသူများက (K.N.U)၏ ပထမလမ်းစဉ်ကို ဝေဖန်သုံးသပ်ထားလေသည်။

## ပထမလမ်းစဉ်မှ ဒုတိယလမ်းစဉ်သို့

ကော်သူးလေစစ်တမ်းရေးသားသူများသည် မန်းဘဇန်ကဲသို့ပင် ပထမလမ်းစဉ်သို့ ကူးပြောင်းရာတွင် တရုတ်တော်လှန်ရေးအတွေ့အကြုံကို အခြေခံထားကြောင်းကိုလည်း ဖေါ်ပြထားပေသည်။

- စစ်ရေးသည် နိုင်ငံရေး၏ အသက်ဖြစ်သည်။ လက်ကိုင်တော်လှန်ရေးကို ဆင်နွှဲနေခြင်းသည် ကရင့်နိုင်ငံရေးကို ဆက်လုပ်နေခြင်းသာဖြစ်သည်။
- နိုင်ငံရေးဦးဆောင်မှုကို စစ်ရေးက ခံယူရသည်။
- ပထမလမ်းစဉ်ကာလကဲ့သို့ စစ်ရေးဦးဆောင်မှုနေရာတွင် နိုင်ငံရေးက ဦးဆောင်မှုပေးရမည်။
- တော်လှန်ရေးသည် လက်နက်ကိုင်တိုက်ပွဲဖြစ်၍ လက်နက်ကိုင်အစည်းအရုံးသည် အဓိကစည်းရုံးရေးဖြစ်သည်။
- တော်လှန်ရေးသည် ဗမာနိုင်ငံပြည်သူ့ဒီမိုကရေစီတော်လှန်ရေး၏ အစိတ်အပိုင်းတခုဖြစ်သည်။
- ဗမာတော်လှန်ရေးသည် တရုတ်ပြည်တော်လှန်ရေးနှင့်ဆင်သဖြင့် တရုတ်တော်လှန်ရေး၏ အတွေ့အကြုံနှင့်သင်ခန်းစာများကို ရယူရမည်။
- ဗမာပြည်သည် ပဒေရာဇ်တပိုင်းနှင့် ကိုလိုနီတပိုင်းနိုင်ငံဖြစ်သည်။
- ဖဆ–ဆိုရှယ်အစိုးရသည် ဗမာပြည်တော်လှန်ရေး၏ တဦးတည်းသောရန်သူဖြစ်သည်။

– (K.N.U)အစည်းအရုံးသည် (K.N.U)ပါတီဖြစ်လာလျှင် ပါတီ၏ လမ်းညွှန်မှုဝါဒအဖြစ် မာ့က်စ်လီနင်ဝါဒကို ခံယူရမည်။

– (K.N.U)၏ ပါတီလက်အောက်တွင် လူထုလူတန်းစားအဖွဲ့များကို ဖွဲ့စည်းရမည်။

– ပါတီ၊ စစ်တပ်၊ လူထုတသားတည်း ရှိစေရမည်။

– လယ်သမားလူတန်းစားဘဝကို မြင့်တင်ရမည်။

– ကရင်အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကို ဖွဲ့စည်းတည်ဆောက်ရမည်။

– လူမျိုးငယ်ညီညွတ်ရေးတပ်ဦးတရပ်ကို ဖွဲ့စည်းတည်ဆောက်ရမည်။

– တော်လှန်ရေးမဟာမိတ်အဖွဲ့အစည်းများနှင့် အခြေအနေအရ ပူးတွဲလုပ်ငန်းများလုပ်ဆောင်စေရမည်။

– တော်လှန်ရေးအင်အားစုအားလုံးတို့၏ ညီညွတ်ရေးတပ်ပေါင်းစုကြီး တရပ်ကို တည်ဆောက်သွားရန် လိုအပ်သည်။

အထက်ဖေါ်ပြပါ အခြေခံသုံးသပ်ချက်များအပေါ်တွင် အကြောင်းခံလျက် (၁၉၅၉)ခုနှစ်၌ ကျင်းပသော(ဒုတိယ)အကြိမ် ကော်သူးလေပြည်လုံးဆိုင်ရာ ကွန်ဂရက်တွင် အောက်ပါနိုင်ငံရေးသေနင်္ဗျူဟာနှင့်လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကော်သူးလေစစ်တမ်းတွင် ဖေါ်ပြထားလေသည်။

## ဒုတိယလမ်းစဉ်၏ နိုင်ငံရေးသေနင်္ဗျူဟာ

(K.N.U)၏ ဒုတိယလမ်းစဉ် အောင်မြင်ရေးအတွက် ချမှတ်သည့်နိုင်ငံရေး သေနင်္ဗျူဟာသည် အောက်ပါ အတိုင်းဖြစ်သည် –

### ရည်ရွယ်ချက်

(၁) ကရင်အမျိုးသားများအတွက် အချုပ်အခြာပိုင် ကရင်ပြည်နယ်ရရှိရေး၊

(၂) မြန်မာပြည်ရှိ လူမျိုးစုများအားလုံးအချုပ်အခြာအာဏာပိုင် ပြည်နယ်ရရှိရေး၊

(၃) ဆန္ဒအရ ပူးပေါင်း၍ စည်းလုံးညီညွတ်လွတ်လပ်ငြိမ်းချမ်းသော ပြည်သူ့ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံတော်သစ်တည်ဆောက်ရေး၊

(၄) အဆုံးသတ်ရည်မှန်းချက်ဖြစ်သော ထာဝစဉ်ငြိမ်းချမ်းရေးနှင့် ဆိုရှယ်လစ်လောကတည်ဆောက်ရေး၊

**အဓိကရန်သူ**

နယ်ချဲ့ပဒေရာဇ်၊

**အဓိကတိုက်ကွင်း**

ဖဆ–ဆိုရှယ်အစိုးရ၊

## တော်လှန်ရေးအင်အားစုအနေအထား

(၁) အလုပ်သမားလူတန်းစားက ရှေ့ဆောင်၊

(၂) တောင်သူလယ်သမားလူတန်းစားအား မဟာမိတ်ဖွဲ့၊

(၃) လူမျိုးစုများ၊ အရင်းရှင်ပေါက်စနှင့် လူလတ်တန်းစားများပူးပေါင်းပြီး၊

(၄) တိုင်းရင်းသားခနရှင်များအနေနှင့် နယ်ချဲ့ဆန့်ကျင်သောအခါ ပူးပေါင်း၊

ယင်းကော်သူးလေစစ်တမ်းရေးသားပြုစုသူ (K.N.U)ခေါင်းဆောင်သုံးဦးတို့သည် ဖေါ်ပြပါ (K.N.U)၏ ဒုတိယလမ်းစဉ်အရ ရေးဆွဲချမှတ်ထားသော နိုင်ငံရေးသေနင်္ဂဗျူဟာအပေါ်တွင် နိဂုံးအားဖြင့် အောက်ပါအတိုင်း ဝေဖန်သုံးသပ်ထားပြန်လေသည်။

ဤရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရေးဆွဲထားပုံသည် "သေနင်္ဂဗျူဟာ"ဆန်ပေသည်။ ၎င်းသေနင်္ဂဗျူဟာပါ အင်အားစုအနေအထားကို ကြည့်လျှင် အလုပ်သမားလူတန်းစားက ရှေ့ဆောင်ရန်ကို တွေ့ရပေသည်။ သို့သော်လည်း လက်တွေ့မှာမူကား ကရင်အမျိုးသားများထဲတွင် အလုပ်သမား လူတန်းစား၏ အင်အားမှာ အလွန့်အလွန်နည်းပါးသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် အလုပ်သမားလူတန်းစား၏ ဦးဆောင်မှုပေးရမည်ဆိုပါက ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုကိုသာ ငါတို့ခံယူရပေမည်ဟုဝေဖန်သုံးသပ် ထားလေသည်။

*(မောင်စင်ကြယ်၏ မြန်မာပြည်ချစ်ကရင်အမျိုးသားခေါင်းဆောင်များ)*

## "(K.N.U)"မှ "(K.N.U.P)"ပြောင်းလဲဖွဲ့စည်းခြင်း

### မန်းဘဇန်နှင့် မဒညတ

(၁၉၅၆)ခုနှစ်၊ ဒုတိယအကြိမ် ကော်သူးလေပြည်လုံးဆိုင်ရာ ကွန်ဂရက်နှင့် (K.N.U)၏ ဒုတိယလမ်းစဉ်ပါ နိုင်ငံရေးသေနင်္ဂဗျူဟာအရ (K.N.U)ခေါင်းဆောင်များသည် မူလ(K.N.U)ကရင်အမျိုးသားအစည်းအရုံးနေရာတွင် (K.N.U.P)ခေါ် ကရင်အမျိုးသားညီညွတ်ရေးပါတီ(Karen National United Party)ကို ဖွဲ့စည်းလိုက်ကြလေသည်။ ယင်း(K.N.U.P)၏ အဓိကခေါင်းဆောင်များမှာ–

| | |
|---|---|
| (၁) စောဟန်တာသာမွေး | (ဥက္ကဋ္ဌ)၊ |
| (၂) မန်းဘဇန် | (အတွင်းရေးမှူး)၊ |
| (၃) ဗိုလ်ချုပ်မင်းမောင် | (နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်)၊ |
| (၄) စောကျော်မြသန်း | ( ။ )၊ |
| (၅) မန်းသာမြိုင် | ( ။ )၊ |
| (၆) မန်းသိန်းမောင် | ( ။ )တို့ ဖြစ်ကြသည်။ |

ယင်း(K.N.U.P)ပါတီ၏ လမ်းညွှန်ဝါဒသည် မာ့လ်(စ်)လီနင်ဝါဒပင် ဖြစ်သည်။ (K.N.U.P)ပါတီတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်နိုင်ငံရေးဦးဆောင် အဖွဲ့ဝင် စုစုပေါင်း(၆)ဦးရှိသည့်အနက် အများ၏အမြင်၌ မန်းဘဇန်သည် အဓိက ဖြစ်နေသည်။ သို့ဖြင့် (ဗကပ)ဗမာပြည်ကွန်မြူနစ်ပါတီသည် မိမိ၏နိုင်ငံရေးသေနင်္ ဗျူဟာနှင့်တူညီလာနေပြီဖြစ်သော (K.N.U.P)၏ နိုင်ငံရေးသေနင်္ဗျူဟာကို အကြောင်းပြု၍ (၁၉၅၆)ခုနှစ်၊ နောက်ပိုင်း၌ (ဗကပ)ခေါင်းဆောင်တဦးဖြစ်သော “သခင်ဇင်”နှင့်မန်းဘဇန်တို့ နှစ်ဦးတွေ့ဆုံဆွေးနွေးကြ၏။ ယင်းနှစ်ဦးတွေ့ဆုံ ဆွေးနွေးချက်အပေါ်တွင် “ဇင်–ဇန်”သဘောတူညီချက်တရပ်ကို ထုတ်ပြန်ခဲ့ကြ သည်။

“ဇင်–ဇန်”သဘောတူညီချက်အရ (၁၉၅၉)ခုနှစ်၊ တောင်ငူခရိုင်၊ ရွှေကျင် မြို့နယ်တွင် (K.N.U.P)၊ ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)နှင့်နိုင်ရွှေကျင်၏ မွန်ပြည်သစ်ပါတီတို့ပါဝင်သော (မဒညတ)ခေါ် အမျိုးသားဒီမိုကရေစီညီညွတ်ရေး တပ်ပေါင်းစုကို ဖွဲ့စည်းခဲ့ကြသည်။ နောက်ပိုင်း၌ ချင်းဦးစီးအဖွဲ့လည်း (မဒညတ) အဖွဲ့ဝင် ဖြစ်လာသည်။

နေ့စွဲဖြင့် သခင်သန်းထွန်းသည် ဝမ်းမြောက်ရွှင်လန်းအားရစွာဖြင့် မန်းဘဇန်ထံပုဂ္ဂိုလ်ရေး စာတစောင် ကို ရေးသားပေးပို့ခဲ့လေသည်။ ယင်းစာမှာ–

မန်းဘဇန်ခင်ဗျား –

(၁) (၂၇–၇–၆၀)ရက်စွဲနှင့်ပေးစာကို ရရှိတဲ့အတွက် ကျွန်တော်တို့ အထူးပဲဝမ်းသာအားရရှိပါတယ်၊ ကျွန်တော်တို့အနေနဲ့လည်း လူချင်း ရင်းရင်းနှီးနှီး တွေ့ဆုံဆက်ဆံရေးကို အထူးပဲလိုလားတဲ့အပြင် အနေး နှင့်အမြန်ဆိုသလို ဒီလိုတွေ့ဆုံဆက်ဆံရမယ်လို့ မျှော်လင့်ပါတယ်။ ဒီစာကို ရဲဘော်လိုပဲ ရင်းရင်းနှီးနှီး ရေးလိုက်ပါတယ်။

(၂) (မဒညတ)ဖြစ်ပေါ်ရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ပါတီနဲ့ ကြိုးပမ်းမှု တွေကို ချီးကျူးတဲ့အတွက် ကျွန်တော်တို့က ကျေးဇူးလည်းတင်တဲ့ အပြင် ဂုဏ်ယူပါတယ်၊ အမှန်စင်စစ်အားဖြင့် (မဒညတ)ဖြစ်မြောက်

ရေးမှာ ကျွန်တော်တို့ပါတီရဲ့ ကြိုးပမ်းမှုကိုလည်း ချီးကျူးလို့မဖြစ်ပါ။ ကျွန်တော်တို့ ပါတီအနေနဲ့ဆိုရင် (မဒညတ)ဖြစ်မြောက်ရေးမှာ (K.N.U.P)ပါတီရဲ့ ကြီးမားတဲ့အခန်းကို လေးလေးနက်နက် သိမြင်ပါတယ်။ အသိအမှတ်ပြုပါတယ်။ (မဒညတ)ဖြစ်မြောက်ရေးမှာ ကျွန်တော်တို့ နှစ်ပါတီဟာ အဓိကအခန်းကပါခဲ့သလို (မဒညတ) ခိုင်မာကြီးထွားရေးမှာ ကျွန်တော် တို့နှစ်ပါတီမှာ ရရှိထားတဲ့အလုပ်အရ ညီညွတ်ရေး၊ နိုင်ငံရေးအရ ညီညွတ်ရေးကို တိုးတက်ခိုင်မာလေပြီး (မဒညတ)ကို တောင့်တင်းအောင်လုပ်သွားဖို့ လိုပါတယ် စသည်ဖြင့် သခင်သန်းထွန်း၏ စာတွင်ရေးသားထားလေသည်။

## စောဟန်တာသာမွေးနှင့်မန်းဘဇန်ကွဲကြပြီ

### (K.N.U.P)နှင့် (K.R.C)

(K.N.U)ခေါင်းဆောင်ပိုင်းအတွင်း (K.N.U.P)ကို ဖွဲ့စည်းရာ၌ ပါတီ၏ လမ်းညွှန်ဝါဒကို မာ့လ်(စ်)လီနင်ဝါဒဟု ခံယူထားခြင်းအပေါ်နှစ်မြို့သူရှိသကဲ့သို့ မနှစ်မြို့သူများလည်း ရှိနေကြသည်။ ယင်းသို့ ရှိနေစဉ် (၁၉၅၆)ခုနှစ်၊ မေလ(၂၆) ရက်နေ့တွင် (မောကို)၌ ကရင်အမျိုးသားကွန်ဂရက်တရပ်ကို ကျင်းပခဲ့သည်။ ယင်းကွန်ဂရက်၌ အများဆန္ဒအရ (K.R.C)ခေါ် ကရင့်တော်လှန်ရေးကောင်စီကို ဖွဲ့စည်းခဲ့သည်။ ယင်းကရင့်တော်လှန်ရေးကောင်စီ(K.R.C)တွင် အောက်ပါ ပုဂ္ဂိုလ်များပါဝင်ကြသည်။

(၁) စောဟန်တာသာမွေး (ဥက္ကဋ္ဌ)၊

(၂) မန်းဘဇန် (ဒုတိယဥက္ကဋ္ဌ(၁)နှင့်နိုင်ငံခြားရေး)၊

(၃) ဗိုလ်ချုပ်မင်းမောင် (ဒုတိယဥက္ကဋ္ဌ(၂)နှင့်အုပ်ချုပ်ရေး)၊

(၄) စကောလယ်တော (အတွင်းရေးမှူးနှင့်အုပ်ချုပ်ရေး)၊

(၅) မန်းသိန်းမောင် (တွဲဘက်အတွင်းရေးမှူး)၊

(၆) မန်းသာမြိုင် (လယ်ယာနှင့်သစ်တော်ဌာန)၊

(၇) ပဒိုဝီရီကျော် (ပြည်ထဲရေး)၊

(၈) ပဒိုထောရေ (ဘဏ္ဍာရေးနှင့်အခွန်တော်)၊

(၉) ပဒိုစူပေါ်လှို (ပြန်ကြားရေး)၊

(၁၀) ပဒိုဘထွန်း (ပညာရေးနှင့်ကျန်းမာရေး)၊

(၁၁) ပဒိုဖိုးညော (တရားသူကြီးချုပ်)တို့ ပါဝင်ကြသည်။

ယင်းသို့ရှိစဉ် (၁၉၆၃)ခုနှစ်၊ ဧပြီလ(၂၀)ရက်နေ့တွင် (ကဆောဝါး)၌ (K.N.U.P)နှင့်(K.R.C)ပူးပေါင်း အစည်းအဝေးတရပ်ကို ကျင်းပ၏။ ယင်းအစည်းအဝေးကျင်းပချိန်တွင် တော်လှန်ရေးကောင်စီသည် တောတွင်းလက်နက်ကိုင်အဖွဲ့များအား ငြိမ်းချမ်းရေးဆွေးနွေးရန် အကြောင်းပြချက်ဖြင့် နိုင်ငံရေးထိုးစစ်တရပ်ဆင်နွှဲချိန်နှင့်လည်း တိုက်ဆိုင်နေပြန်၏။ ယင်း(ကဆောဝါး)အစည်းအဝေးတွင် မူလကပင် (K.N.U.P)၏ လမ်းညွှန်ဝါဒဖြစ်သည့် မာ့က်(စ်)လီနင်ဝါဒကို လက်မခံလိုသည့်(K.R.C)အဖွဲ့ဝင်ခေါင်းဆောင်(၁၀)ဦးတို့သည် စောဟန်တာသာမွှေးကို ဗဟိုပြု၍(K.N.U.P)မှ နုတ်ထွက်သွားကြလေသည်။

ကရင့်တော်လှန်ရေးအတွင်း ယင်းအကွဲအပြဲပေါ်တွင် အဓိကခေါင်းဆောင်နှစ်ဦးဖြစ်သော စောဟန်တာသာမွှေးနှင့်မန်းဘဇန်တို့သည် စိတ်မကောင်းကြီးစွာဖြစ်ခဲ့ကြသည်။ သို့ဖြင့် –

“ဘဇန်ရေ–ကရင့်တော်လှန်ရေးတော့ ကွဲသွားပြီ၊ ဒါပေမယ့် မကွဲအောင်လုပ်ဖို့တော့ အရေးကြီးတယ်၊ မင်းနဲ့ငါ ဒါကို ဝင်ပြီး ထိန်းသိမ်းပေးရမယ်–”

“ဒီအကွဲအပြဲတွေကို ခင်ဗျားနဲ့ကျွန်တော်တို့ ပြန်ခေါင်းဆောင်ကြီးဖြေရှင်းရမယ်–”

(မန်းဘဇန်နှင့်ကရင့် တော်လှန်ရေးမှ)

သံဃာ့အားဘုရားမလွန်သာ စကားကဲ့သို့ပင် ခေါင်းဆောင်များသည်လည်း တခါတရံတွင် နောက်လိုက်များ၏ ဆန္ဒကို မလွန်သာသည်များရှိကြသည်။ သာဓကအားဖြင့် အင်းစိန်အရေးအခင်းတွင် စောဘဦးကြီးသည် မန်းဘဇန်နှင့် စောဟန်တာသာမွေးတို့၏ဆန္ဒကို မလွန်သာခဲ့သည့်နည်းတူ ယခု(K.N.U.P)နှင့် (K.R.C)အကွဲတွင်လည်း နှစ်ဘက်နောက်လိုက်များ၏ ဆန္ဒကို စောဟန်တာသာမွေးနှင့်မန်းဘဇန်တို့သည် မလွန်သာပဲ ရှိခဲ့ကြပြန်သည်။ အထူးသဖြင့် နိုင်ငံရေးတို့၏ နိုင်ငံရေးသဘာဝအရ ကရင့်တော်လှန်ရေးအတွင်း၌ ကွဲပြားသွားသည်ကို သူတို့ခေါင်းဆောင်နှစ်ဦး ရင်ထုမနာဖြစ်ခဲ့ကြပြီး စိတ်ပိုင်းက ပြန်လည်ညီညွတ်အောင်လုပ်မည်ဟု အားခဲကြသော်လည်း လက်တွေ့ဘဝ၌ မစွမ်းဆောင်နိုင်ကြတော့ပေ။ သို့ဖြင့် (၁၉၆၃–၆၄)ခုနှစ်၊ တော်လှန်ရေးကောင်စီမှခေါ်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ စောဟန်တာသာမွေးသည် (K.R.C)ကို ခေါင်းဆောင်၍ သွားရောက်ဆွေးနွေးသည်။ မန်းဘဇန်သည် (မဒညတ)နှင့်(K.N.U)ကို ခေါင်းဆောင်၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ သီးခြားစီသွားရောက်ခဲ့ကြသည်။

## မန်းဘဇန်နှင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲ

ယင်းသို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ လာရောက်စဉ် မန်းဘဇန်သည် တဘက်တွင် (K.N.U)ကို ခေါင်းဆောင်လာခဲ့သော်လည်း လက်တွေ့ဆွေးနွေးပွဲသို့ ရောက်ရှိသောအခါ (မဒညတ)အဖွဲ့၏ သဘာပတိအဖြစ်၎င်း၊ ဗမာပြည် ကွန်မြူနစ်ပါတီမှ ရဲဘော်ဌေးက (မဒညတ)အဖွဲ့၏ အတွင်းရေးမှူးအဖြစ်၎င်း ဆွေးနွေးခဲ့ကြသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ လာရောက်ကြသည့် ကိုယ်စားလှယ်အဖွဲ့များအနက် မန်းဘဇန်ခေါင်းဆောင်လာသော (K.N.U)ခေါင်းဆောင်များ၏ ဝတ်ပုံစားပုံကို လူထုကစိတ်ဝင်စားကြ၏။ မစ်ရှင်လမ်းရှိ ဗရေတန်ကျောင်းတွင် မန်းဘဇန်၏ အိမ်ထောင်သက်(၂၅)နှစ်မြောက် ငွေရတုသဘင်ကျင်းပသည်ကိုလည်း အများကစိတ်ဝင်စားကြ၏။ ပြီးလျှင် မန်းဘဇန်သဘာပတိအဖြစ် ခေါင်းဆောင်လျက် (မဒညတ)နှင့်တော်လှန်ရေးကောင်စီတို့ငြိမ်းချမ်းရေးဆွေးနွေးသည်ကိုလည်း လူတိုင်းကပင် မျှော်လင့်ချက်ထား၍ စောင့်စားကြည့်နေကြ၏။

သို့ရာတွင် တော်လှန်ရေးကောင်စီသည် အကြောင်းပြချက်များစွာဖြင့် (မဒညတ)အပါအဝင် ငြိမ်းချမ်းရေးလာရောက်ဆွေးနွေးသော တောတွင်းလက်နက်ကိုင်အဖွဲ့များနှင့်(စောဟန်တာသာမွေး၏ (K.R.C)မှလွဲ၍ ဆွေးနွေးပွဲကို တဘက်သတ်ရပ်စဲပစ်လိုက်လေသည်။ ဤသို့ဖြင့် မန်းဘဇန်သည် တောတွင်းသို့ ပြန်လာခဲ့ရပြီး စောဟန်တာသာမွေးသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲအောင်မြင်သည်ဆိုကာ မြို့ပေါ်သို့ သူ့နောက်လိုက်များနှင့်အတူရောက်ရှိလာလေသည်။ ဤသည်နှင့်ပတ်သက်၍ ကျွန်တော်သည် (၁၉၇၈)ခုနှစ်၊ မိုးရာသီတွင် "မယ်သဝေါဂိတ်"၌ ပဒိုသန်းအောင်၊ ဆရာကြီးစကောလယ်တောတို့နှင့်တွေ့ဆုံရသောအခါ မေးခွန်းနှစ်ခုကို မေးခဲ့၏။ ပထမတခုမှာ ဆရာကြီးစကောလယ်တောကိုယ်တိုင် ခေါင်းဆောင်၍ တရုတ်ပြည်ကွန်မြူနစ် ပါတီနှင့်သွားရောက်ဆွေးနွေးသည့် အကြောင်းအရာနှင့် ဒုတိယတခုမှာ မန်းဘဇန်သည် (K.N.U)အဖွဲ့ကို ခေါင်းဆောင်၍ ငြိမ်းချမ်းရေးသွားရောက်ဆွေးနွေးသော်လည်း (မဒညတ)သဘာပတိအဖြစ်သာ ဆွေးနွေးခဲ့ရပြီး ပြန်လာရသည့်အကြောင်းတို့ပင် ဖြစ်သည်။

ထိုစဉ်က ပဒိုစောသန်းအောင်သည် (K.N.U)တွင် ဗိုလ်ချုပ်မြပြီးလျှင် တာဝန်အရှိဆုံးဒုတိယဥက္ကဋ္ဌဖြစ်နေသည်။ ပဒိုစောသန်းအောင်သည် ကျွန်တော့်အမေးစကားကြောင့်ပြုံး၍ ကျွန်တော့်ကိုတလှည့်၊ ဆရာကြီးစကောလယ်တောကို တလှည့် ကြည့်လိုက်သည်။ ပြီးလျှင် ဆရာကြီးစကောလယ်တောကို ဖြေစေလေသည်။ (K.N.U)အဖွဲ့သည် (၁၉၇၀)ခုနှစ် များအတွင်း၌ တရုတ်ကွန်မြူနစ်ပါတီမှ လက်နက်ခဲယမ်း မီးကျောက်အကူအညီရရှိရန် ဆရာကြီးစကောလယ်တော ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ခဲ့၏။ သို့ရာတွင် တရုတ်ကွန်မြူနစ်ပါတီသည် ကွန်မြူနစ်ပါတီချင်းဖြစ်သော ဗမာပြည်ကွန်မြူနစ်ပါတီနှင့်သာ ဒေါက်လိုက်ဆက်ဆံကြောင်း၊ သို့ဖြစ်၍ (K.N.U)အလိုရှိသော အကူအညီကို ဗမာပြည်ကွန်မြူနစ်ပါတီကမှ တဆင့်သာ တောင်းခံရန်ပြောသဖြင့် ဤအတိုင်း ပြန်လာခဲ့ပါသည်ဟု ဆရာကြီးစကောလယ်တောက ကျွန်တော့်ကို ပြောပြ၏။ ဆရာကြီးကပင်ဆက်၍ သူအပါအဝင် မန်းဘဇန်ခေါင်းဆောင်၍ သွားခဲ့သော (K.N.U)ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် တော်လှန်ရေးကောင်စီနှင့်ငြိမ်းချမ်းရေးမဆွေး နွေးခဲ့ရကြောင်း၊ (မဒညတ)နှင့်ဆွေးနွေးရာမှ ဆွေးနွေးပွဲကို

ဖျက်သိမ်းရပ်ဆိုင်းပစ်လိုက်သောအခါ မန်းဘဇန်သည် ဗိုလ်မှူးကြီးလှဟန် (ဆွေးနွေးပွဲခေါင်းဆောင်)အား တောင်းတောင်းပန်ပန်ဖြင့် (K.N.U)နှင့်ဆက်လက် ဆွေးနွေးရန် မေတ္တာရပ်ခံသော်လည်း ဗိုလ်မှူးကြီးလှဟန်သည် တင်းတင်းမာမာဖြင့် မဆွေးနွေးနိုင်ကြောင်း၊ ဆွေးနွေးပွဲကို ရပ်စဲလိုက်ပြီးဖြစ်ကြောင်းပြောသဖြင့် မန်းဘဇန်မှာ များစွာစိတ်မကောင်းဖြစ်ခဲ့ရသည်ဟု ဆရာကြီးစကောလယ်တော က ပြန်လည်ပြောပြလေသည်။

## K.N.U.P မှ မူလ K.N.U

ယင်းသို့ဖြင့် (၁၉၆၃)ခုနှစ်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားသွားပြီး နောက်ပိုင်း တော်လှန်ရေးကောင်စီသည် ရထားသောနိုင်ငံရေးအပေါ်စီးကို တောတွင်းလက်နက်ကိုင်များအား စစ်ရေးဖြင့် အပြင်အထန်ထိုးစစ် ဆင်သည်။ တချိန်တည်းတွင် (၆)ခရိုင်ငြိမ်းချမ်းရေးဆန္ဒပြပွဲတွင် ခေါင်းဆောင်ပါဝင်သော လက်ဝဲနိုင်ငံရေးသမား များနှင့်ကျောင်းသားခေါင်းဆောင်များလည်း တရကြမ်း ဖမ်းဆီးခြင်းခံရသည်။ ထိုအချိန်မှာပင် ဗမာပြည် ကွန်မြူနစ်ပါတီဌာနချုပ် ပဲခူး ရိုးမတွင် ပထမဦး သခင်သန်းထွန်းသည် ပီကင်းပြန်များအား အမာခံထား၍ တရုတ်ယဉ်ကျေးမှုတော်လှန်ရေးကို ပုံတူယူ၍ သူနှင့်ဆန့်ကျင်သူများအား ရှင်းလင်းပစ်သည်။ အဓိကပစ်မှတ်မှာ ဗိုလ်ရန်အောင်၊ ဂိုရှယ်နှင့်ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် တာဝန်ယူခဲ့သော ရဲဘော်ဒွေးတို့ ဖြစ်ကြသည်။ နောက်ပိုင်းတွင် ပီကင်းပြန်များပါ ရှင်းလင်းခြင်းခံကြရပြန်လေသည်။

ယင်းတရုတ်ယဉ်ကျေးမှုတော်လှန်ရေးနှင့် အလွန်အကျွံလက်ဝဲဝါဒသည် (K.N.U.P)အတွင်းသို့ပါ ရိုက်ခတ်လာလေသည်။ အထူးသဖြင့် (K.N.U.P)အစား ကရင်ကွန်မြူနစ်ပါတီကိုပင် ထူထောင်ရန် စိုင်းပြင်း လာကြသည်။ တချိန်တည်းတွင် မန်းဘဇန်၏ခေါင်းဆောင်မှုမှာ စမ်းသပ်ခြင်းခံလာရလေသည်။ မန်းဘဇန်၏ ခေါင်းဆောင်မှုသည် အားပျော့သည်၊ ဓနရှင်လူတန်းစားအတွေး အခေါ်မကင်း စင်ဟု စွပ်စွဲတိုက်ခိုက်လာကြသည်။ ဤသည်နှင့်ပတ်သက်၍ မန်းဘဇန်သည် “မန်ဘဇန်နှင့်ကရင့်တော်လှန်ရး”တွင် ပွင့်လင်းစွာပင် ဖေါ်ပြထားလေသည်။

ယင်းသို့ (K.N.U.P)အတွင်း အယူအဆပြင်းထန်လာစဉ် စောကျော်မြသန်းနှင့်ဗိုလ်ကျင်ဖေတို့ ခေါင်းဆောင်သောအစုသည် ပဲခူးရိုးမသို့ ပြောင်းရွှေ့သွားကြသည်။ ထိုအချိန်တွင် ယဉ်ကျေးမှုတော်လှန်ရေးအရှိန်က မြင့်တက်နေချိန်လည်းဖြစ်သည်။ (၁၉၆၈)ခု၊ ဇူလိုင်လထဲတွင် ယင်းတို့နှစ်ဦးခေါင်းဆောင်၍ ဗဟိုကော်မတီအစည်းအဝေးခေါ်ယူသည်။ မန်းဘဇန်နှင့်သူ၏အစုက ယင်းအစည်းအဝေးကို မတက်ပဲနေသည်။ မကြာမီ အစိုးရ၏ထိုးစစ်ကြောင့် သခင်သန်းထွန်းမှာ လုပ်ကြံခံရသည်။ စောကျော်မြသန်းမှာ ဖျားနာ၍ သေဆုံးသည်။ (၁၀၀၀)ခုနှစ်တွင် စာရေးသူသည် ညောင်တုံးတဘက်ကမ်း၌ စောကျော်မြသန်း၏ ညီမနှင့်တွေ့ရသည်။ ဗိုလ်ကျင်ဖေမှာ တိုက်ပွဲတွင်သေဆုံးသွားပြန်သည်။ (၁၉၇၅)ခု၊ အောက်တိုဘာလတွင် ဖြစ်သည်။ ဖါပွန်နယ်၌ အမျိုးသားစည်းလုံးညီညွတ်ရေးကို ရှေ့ရှုသော အစည်းအဝေးတရပ်ကို ကျင်းပ၏။ ယင်းအစည်းအဝေးမှာပင် အမျိုးသားအရေးလိုအပ်ချက်အရ (K.N.U.P)ကို ဖျက်သိမ်း၍ မူလ(K.N.U) ကရင်အမျိုးသားအစည်းအရုံးပြန်ဖြစ်လာသည်။

ထိုစဉ်က (K.N.U)သည် လမ်းစဉ်သစ်၊ အတွေးအခေါ်သစ်ကို ရှာကြံရင်း၊ အဖွဲ့တွင်း၌ ပဋိပက္ခများတခုပြီးတခု ဖြစ်ပေါ်လာလေသည်။ ပထမတွင် ဒုတိယလမ်းစဉ်မှတဆင့် (မဒညတ)ဖွဲ့စည်းခြင်း၊ (K.N.U)မှ (K.N.U.P)အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခြင်းမှ လက်ဝဲဝါဒဆီသို့ တိုးဝင်နေရာ စောဟန်တာသာမွေးနှင့် မန်းဘဇန်တို့ ကွဲပြီးပြီ၊ စောဟန်တာသာမွှေးဥပဒေတွင်းသို့ ပြန်ဝင်သွားလေသည်။ ယင်းသို့ (K.N.U)၏ စစ်ရေး၊ နိုင်ငံရေးအပြောင်းအလဲကို ထိုစဉ်က ဒေါက်တာမောင်မောင်နှင့်ဗိုလ်ချုပ်မြတို့က အောက်ပါအတိုင်း သုံးသပ်လေသည်။

"(၁၉၅၃)ခုနှစ်မှ (၁၉၆၀)ခုနှစ်ပိုင်းတွင် အနောက်ကို စွန့်ခွါ၍ အရှေ့ကို မျှော်ကြပြန်သည်။ လက်ဝဲဝါဒီများကို လေ့လာခံယူကြသည်။ ဝါဒစွဲလွန်း၍ အချင်းချင်းပင် သူကနေရှင်ပေါက်စ၊ ငါကမှပစ္စည်းမဲ့ဟု ပြိုင်ဆိုင်လာကြသည်။ လယ်တစ်ကေ၊ ငွေတစ်ဆယ်လောက်မှ မပိုင်တဲ့ ကျွန်တော်တို့ကိုတောင်မှ နေရှင်ပေါက်စဟုခေါ်ကာ ခေါင်းဆောင်နေရာမှ ဖယ်ရှားရန် လုပ်ကြပါတော့သည်ဟု စောဟန်တာသာမွှေးက ဆိုလေသည်။ ဖေါက်ပြန်ရေးသမား၊ သွေဖည်ရေးသမား

စသည်ဖြင့် အပြန်အလှန်ခေါ်ဝေါ်စွပ်စွဲကာ အချင်းချင်းကွဲရှဲကြရသည်သာ အဖတ်တင်သည်။”

(K.N.U)ပါတီသည် စစ်ရေးဝါဒီများအဖြစ်မှ နိုင်ငံရေးဦးဆောင်မှုရှိသူများအဖြစ်သို့ ပြောင်းလဲရာတွင် ကရင်လက်နက်ကိုင်အားလုံး တစ်ချိန်တည်းတွင် ပြောင်းလဲခဲ့ခြင်းမဟုတ်ပဲ ပဋိပက္ခများစွာ ပေါ်ပေါက်ခဲ့ရလေသည်။

*(ဒေါက်တာမောင်မောင်၏ မြန်မာပြည် နိုင်ငံရေးခရီး)*

## အကွဲအပြဲနှင့်အကျအဆုံး

ထိုစဉ်က စောဟန်တာသာမွေးနှင့်အတူ ပြန်သွားကြသူများသည် ယခင်နေရာဟောင်းတွင်သာ နေထိုင်ကြပြီး မြန်မာ့စစ်တပ်နှင့်ပူးပေါင်းကာ နယ်လူထုနှင့်ကရင်လူထုကို မဖွယ်မရာပြုကျင့်ကြလေသည်။ ယင်းအကြောင်းကို ဗိုလ်ချုပ်မြမှ အောက်ပါအတိုင်း ရေးသားထားလေသည်။

“မူးဆိုးရန်သူ့ထံ အညံ့ခံလိုက်ပြီးနောက် (၁၉၆၄)ခုနှစ်အတွင်း ရန်သူသည်[၁]ကျနော်တို့ကို အကြီး အကျယ်ထိုးစစ်ဆင် တိုက်ခိုက်လေတော့သည်။ ထိုအချိန်တွင် ဖေါက်ပြန်ရေးလင်းထင်နှင့် ထရူးမင်းတို့သည် ဖါပွန်ခရိုင်နှင့် ညောင်လေးပင်ခရိုင် တပ်မဟာ (၃)နယ်မြေတွင် ရှိနေကြသည်။ ဤဖေါက်ပြန်ရေးသမားတို့၏ လုပ်ရပ်များမှာ အရပ်သားပြည်သူများအား ထိခိုက်နစ်နာစေမှုမနဲမနောပါ။ ဖါပွန်နှင့်ညောင်လေးပင်ခရိုင်အတွင်းရှိ ကျနော်တို့တပ်များကဤဖေါက်ပြန်ရေးသမားများ သည်မျှလောက် ရက်စက်လိမ့်မည်ဟု မမျှော်လင့်ခဲ့ပေ။ သူတို့က အလစ်အငိုက်တွင် တိုက်ခိုက်လာသဖြင့် ကျနော်တို့ဗဟိုမှ တပ်မှူးတပ်သားများ အဖမ်းခံရပြီး ရက်စက်စွာအသတ်ခံခဲ့ရသည်။ ပဒိုအုန်းဖေညွန့်၊ ဗိုလ်စိန်နှင့် ၎င်းတို့၏ ရဲဘော်ဆယ်ယောက်ကျော်လည်း လင်းထင်နှင့်ထရူးမင်းတို့တပ်က ဖမ်းဆီးရမိပြီး ရက်ရက်စက်စက် ခေးပူလယ်ကွင်းဘေး၌ သတ်ဖြတ်ပြီး အလောင်းများအား ပစ်ထားခဲ့ကြသည်။

[၁] *(ဗိုလ်ချုပ်မြ၏ ကျနော့်ဖြတ်သန်းမှုအစစ်အမှန်)*

တပ်မဟာ(၇)နယ်မြေတွင်လည်း ရန်သူတို့သည် အင်အားအလုံးအရင်းဖြင့် ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ နယ်မြေအတွင်း တောင်ပေါ်၊ မြေပြန့်အားလုံး ရန်သူ့စစ်သားများ ရှိနေသည်ကို တွေ့ရသည်။ ရန်သူ့တပ်များသည် ရွာတိုင်းရောက်ရှိ လျက်ရှိသည်။ ယင်းကြောင့် ခရိုင်ဥက္ကဋ္ဌပဒိုစောသိန်းဖြူလည်း ရန်သူမှ ဖမ်းဆီးရမိသည်။ ဗိုလ်ကြီးဂျော်နီထူး၊ ဗိုလ်ကြီးအဲလ်မို၊ ဗိုလ်ကြီးအဂ္ဂဘတ်နှင့် ၎င်းတို့ဇနီးများကိုလည်း ရန်သူက လက်ရဖမ်းဆီးမိပြီး အားလုံးအသတ်ခံကြရသည်။ ကျနော်တို့သည် တနွေလုံး၊ တမိုးလုံး မိုးထဲရေထဲ၊ နေပူကြဲကြဲနှင့် ပြေးလွှားကာ သစ်ပင်ဝါးပင်အောက် ချောင်တိမ်းပုန်းအောင်းကာ နေခဲ့ကြရသည်။

*(ဗိုလ်ချုပ်မြ၏ ကျနော့်တင်ပြလိုသည့် ကျနော်ဖြတ်သန်းမှု အစစ်အမှန်)*

အကွဲအပြဲဖြစ်ပြီးနောက် ညီညွတ်ရေးအတွက် ကျနော်တို့နည်းလမ်းများကို ပြန်လည်ရှာဖွေသည်။ (K.N.L.A)တွင် ကျနော့်အား ဥက္ကဋ္ဌအဖြစ် ရွေးချယ်တာဝန်ပေးသည်။ တပြိုင်နက်ထဲတွင် စစ်ဦးစီးဗိုလ်ချုပ်အဖြစ်လည်း တာဝန်ယူရသည်။ ထို့ကြောင့် ညီညွတ်ရေးအတွက် ကျနော်ပဲ တာဝန်ယူဆောင်ရွက်ရသည်။ မန်းဘဇန်နှင့်ညီညွတ်ရေးအတွက် တွေ့ဆုံခဲ့သည်။ မန်းဘဇန်ကိုယ်၌ကလည်း (K.N.U.P)အပေါ် စိတ်ပျက်လျက် ရှိနေပြီးဖြစ်သည်။ သူကလည်း (K.N.U.P) ယခုကဲ့သို့သာ ဆက်သွားပါက သူ့အနေနှင့်ရှေ့ဆက် လက်တွဲလုပ်ဆောင်ရန် မလွယ်ကူပါ။ ယင်းကြောင့် ကျနော်နှင့် မန်းဘဇန်တို့သည် ခိုမူဒဲတွင် ညီညွတ်ရေးအတွက် ပထမဦးဆုံးအကြိမ် တွေ့ဆုံဆွေးနွေးလေသည်။ သို့ရာတွင် ညီညွတ်ရေး မရသေးပါ။ ကျနော်တို့ ဒုတိယအကြိမ် မူသယ်၊ သွေးဘိုးထာ၊ ပယ်ကော်ဒီးရွာအနီးတွင် တွေ့ဆုံဆွေးနွေးပြန်သည်။

ကျနော်မာနယ်ပလောသို့ ရောက်လာစဉ် ကရင့်တော်လှန်ရေးကို (K.N.U)က ခေါင်းဆောင်နေသော ကာလဖြစ်သည်။[၂] သို့ရာတွင် (K.N.U)၏ လက်နက်ကိုင်တပ်ဖွဲ့အဖြစ် တဘက်တွင် (K.N.L.A)နှင့် (K.N.D.O)တို့ ရှိနေကြပြီ၊ တဘက်တွင် အုပ်ချုပ်ရေးနှင့်စည်းရုံးရေးအနေဖြင့် ကော်သူးလေအစိုးရ၊ ကရင်

အမျိုးသမီးအစည်းအရုံးနှင့် ကရင်လူငယ်များအစည်းအရုံးဟူ၍ ရှိနေကြသည်။ ထို့အပြင် (K.N.U)၏ ဦးဆောင်မှုနှင့် (K.N.U)၏ နိုင်ငံရေးသြဇာနှင့် မကင်းပါဟု ပြောလို့ရသည့် (D.A.B)နှင့်(N.D.F)တပ်ပေါင်းစုကြီးနှစ်ခုလည်း ရှိနေသည်။ ထိုမှဒေါက်တာစိန်ဝင်း၏ အမျိုးသားညွန့်ပေါင်းအစိုးရနှင့် စစ်အစိုးရအား ပုန်ကန်ခြားနားနေကြသော အဖွဲ့အစည်းအသီးသီးတို့၏ ဌာနချုပ်သည်လည်း မာနယ်ပလော၌ အခြေစိုက်ထားကြလေသည်။

သို့ဖြင့် နေ့တနေ့တွင် ဗိုလ်ချုပ်မောင်မောင်နှင့်ကျွန်တော်စကားလက်ဆုံကျနေစဉ် ဗိုလ်ချုပ်မောင်မောင်က ရုတ်တရက်(K.N.U)၏ ဖွဲ့စည်းပုံကို ကျွန်တော်အား ရေးဆွဲခိုင်း၏။ ထိုအခိုက်မှာပင် ကျွန်တော်သည် နိုင်ငံရေး၊ သဘောတရားရေး၊ မီးပင်လယ်တွင် ကူးခတ်ခဲ့ရရှာသော မန်းဘဇန်အား ကွက်ကနဲ မြင်လိုက်ရ၏။ သို့ဖြင့် ကျွန်တော်သည် အရာရာကို လေ့လာပါရစေဦးဟု ဗိုလ်ချုပ်မောင်မောင်အား ပြန်ပြောလိုက်မိသည်။

(၁၉၇၆)ခုနှစ် အရောက်တွင် ကရင့်တော်လှန်ရေးတာဝန်အရပ်ရပ်သည် ပုခုံးပြောင်းတာဝန်အနေဖြင့် မန်းဘဇန်ထံမှ ဗိုလ်ချုပ်မြထံသို့ ရောက်ခဲ့လေသည်။

ကရင်အမျိုးသားခေါင်းဆောင်များအနက် သဘောတရားရေး၊ နိုင်ငံရေး၊ မီးပင်လယ်ထဲတွင် မရပ်မနားကူးခတ်ခဲ့ရရှာသော မန်းဘဇန်တယောက်(၁၉၈၂)ခု၊ မေလ(၃၁)ရက်နေ့တွင် ခရစ်ယာန်တယောက်၏ ကွယ်လွန်ခြင်းမျိုးဖြင့်ပင် ကွယ်လွန်ခဲ့လေသည်။

*[၁] (ဗိုလ်ချုပ်မြ၏ ကျနော့်ဖြတ်သန်းမှုအစစ်အမှန်)*

*[၂] (မောင်စင်ကြယ်၏ မာနယ်ပလောခရီးသည်)*

# အခန်း (၁၂)

## ကျွန်တော်မြင်ခဲ့သိခဲ့သော မန်းဘဇန်နှင့် စောဟန်တာသာမွှေး

ကျွန်တော်သည် စောဘဦးကြီးကွယ်လွန်ကျဆုံးပြီးနောက် (K.N.U)၏ အဓိကခေါင်းဆောင်ကြီးနှစ်ဦးဖြစ်သော မန်းဘဇန်ကိုလည်း တွေ့ခဲ့ဘူးသည်။ စောဟန်တာသာမွှေးနှင့်လည်း အလွန်ပင်ရင်းနှီးအကျွမ်း ဝင်ခဲ့ဘူးလေသည်။

မန်းဘဇန်ကို တွေ့ရပုံမှာ (၁၉၆၄)ခုနှစ်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲလာစဉ် သူ၏အိမ်ထောင်ရေး(၂၅)နှစ် အခမ်းအနားကျင်းပရာနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ထောက်ခံသူများအား တွေ့ဆုံပွဲကျင်းပသည့် အလုံလမ်း၊ မစ်ရှင်ဝင်ဝအတွင်းရှိ "မန်းဂျိန်းထွန်းအောင်"၏ "ဗရေတန်"အထက်တန်းကျောင်းတွင် ဖြစ်လေသည်။ မန်းဂျိန်းထွန်းအောင်သည် စောဘဦးကြီးနှင့်အတူ အင်းစိန်မှရန်ကုန်သွား၍ အင်းစိန်ငြိမ်းချမ်းရေးကို လက်မှတ်ရေးထိုးခဲ့သူလည်းဖြစ်၍ တောမခိုသော (K.N.U) ထိပ်တန်းခေါင်းဆောင်တဦးဖြစ်ပေသည်။

ထိုစဉ်က ကျွန်တော်သည် မန်းဘဇန်တို့၏ (K.N.U)ငြိမ်းချမ်းရေး ဆွေးနွေးပွဲသတင်းကို ငြိမ်းချမ်းရေးတမန်တော်ဖြစ်သော ပိုလ်ကျော်အေး(ဝါ) စောကျော်အေး(**သေမင်းကိုသစ္စာနှံသူ**)ထံသွား၍ အများဆုံး သတင်းရေးခဲ့ သူလည်းဖြစ်ပေသည်။ သို့ရာတွင် မန်းဂျိန်းထွန်းအောင်၏ (ဗရေတန်)ကျောင်းတွင် ကျင်းပသော မန်းဘဇန်၏ ငွေရတုသဘင်အခန်းအနားတွင်ကား ရှေ့တန်းသို့ မထွက်ပဲ လူတွေထဲက လူတယောက်အဖြစ်သာ တက်ရောက်ပြီး မန်းဘဇန်ကို မြင်တွေ့ရခြင်းဖြစ်လေသည်။ ယင်းနောက် ဦးနု၏ ဒီမိုကရေစီဝိုင်းတော်သားများ မြန်မာနိုင်ငံပြန်လာပြီးနောက် ကိုထွေးမြင့် (ဘီဘီစီထွေးမြင့်၊ နှစ်ကြိုးဒဏ်ခံ ထွေးဖြင့်)လည်း ပြန်လာရာမှ သူနှင့်ခင်မင်ကြပြီးနောက် တောတွင်း၌နေရစဉ် သူနှင့်မန်းဘဇန်တို့ တဲတလုံးတည်းတွင် အတူတကွ နေထိုင်ကြ၍ မန်းဘဇန်၏ လူမှုရေးဘဝ သူပြောသည်ကို ကြားနာခဲ့ရလေသည်။ ထိုမှကျွန်တော် မာနယ်ပ

လောတွင် ရောက်ရှိနေထိုင်စဉ် မန်းဘဇန်သည် (၁၉၈၂)ခုကပင် ကွယ်လွန်သွားပြီး ဖြစ်၍ မမီလိုက်တော့ချေ။

ဥပဒေတွင်းသို့ ပြန်လည်ဝင်ရောက်လာသော စောဟန်တာသာမွေးနှင့် ကား သူ၏အင်းစိန်နေအိမ်တွင်၎င်း၊ အစည်းအဝေးများတွင်၎င်း အကြိမ်ကြိမ် တွေ့ဆုံရုံမျှမက စောဟန်တာသာမွေ၏ အတ္ထုပ္ပတ္တိကို ကျွန်တော်ကရေးသား ပြုစုရာ များစွာပင် ခင်မင်ရင်းနှင်းကြလေသည်။ အနည်းငယ် နောက်ကြောင်းကို ပြန်ရသော် –

ကျွန်တော်သည် စာပေကိုအချိန်ပြည့် ရေးသားနိုင်ရန်နှင့် အခြေအနေ ပေးပါက နိုင်ငံရေးပါလုပ်ဆောင်နိုင်ရန် (၁၉၇၈)ခုနှစ်တွင် အသက်လည်းမပြည့် သေး၊ လုပ်သက်လည်းမပြည့်သေးမီ "လျှော့ပေ့ါပင်စင်"ကို ရယူလိုက်သည်။ ပြီးလျှင် ကျွန်တော်သည် စောဟန်တာသာမွေးထံလာ၍ သူ၏အတ္ထုပ္ပတ္တိကို ရေးသားနိုင်ရန် စကားကို အစပြိုးလိုက်လေသည်။

"ကော်ကဆာကြီး၊ ကျွန်တော့်ဟာ ခင်ဗျားအတ္ထုပ္ပတ္တိရေးသားနိုင်ရန် လျှော့ပေ့ါပင်စင်ယူလိုက်ပြီ၊ ခုဆိုက ကျွန်တော်ဟာ လွတ်လပ်သွားပါပြီး–"

"ဟဲလာ ဟဲလာ၊ ဒါပေမယ့် ခင်ဗျားဟာ လွတ်လပ်ပေမယ့် မလွတ်မြောက် သေးဘူးလေ–"

ထိုစဉ်က ကော်ကဆာကြီးပြောလိုက်သော "မလွတ်မြောက်သေးပါဘူး" စကားကြောင့် ကျွန်တော်ခေါင်းထဲတွင် ဒိုင်းကနဲပြေးဝင်ဆောင့်သွားပါတော့သည်။

ဤတွင် ကျွန်တော်သည် စောဟန်တာသာမွေး၏ အတ္ထုပ္ပတ္တိကို ပြီးပြည့် စုံစွာ ရေးသားနိုင်ခဲ့ပါသည်။ အတ္ထုပ္ပတ္တိရေးသားပြီးသောအခါတွင် စာပေစိစစ်ရေး သို့ စာအုပ်ထုတ်ရန် တင်ပြပါသည်။ ခွင့်ပြုချက်ကားမရပဲ စာပေစိစစ်ရေးက တခါတည်းကန်တော့ဆွမ်းလိုက်ပါတော့သည်။ အတ္ထုပ္ပတ္တိကောင်းများအနက် စောဟန်တာသာမွေး၏ အတ္ထုပ္ပတ္တိမှာ တခုဖြစ်သည်ဟု ကျွန်တော်ယုံကြည်သည်။ ယင်းအတ္ထုပ္ပတ္တိရေးသားပြီးစီးချိန်သည် စောဟန်တာသာမွေး၏ ဂုဏ်သိက္ခာမှာ လည်း "ထင်းလင်း"တောပြန်ခိုတော့မည်ဆိုသော အကြောင်းကြောင့် မေးမှိန်

သွားပါတော့သည်။ နောက်ဆုံး၌ စောဟန်တာသာမွေး၏ဘဝတွင် အနောက်တိုင်းဆေးရုံ၌ မိမိစားရိတ်ဖြင့် မိမိဆေးရုံတက်ရသောအခါတွင် သတင်းမေးသူပင် မရှိသလောက် ဖြစ်ရပေတော့သည်။

သို့ရာတွင် ကျွန်တော်သည် စောဟန်တာသာမွေး၏ အတ္ထုပ္ပတ္တိကို ရေးသားသူစာရေးဆရာ တယောက်အနေနှင့် ကြေနပ်စရာတခုကောင်းသည်မှာ စောဟန်တာသာမွေးကွယ်လွန်သောအခါ ကျွန်တော်ရေးသားသော သူ့အတ္ထုပ္ပတ္တိကို သူ၏ဦးခေါင်းရင်း၌ ပြသထားခြင်းပင် ဖြစ်လေသည်။

ကျွန်တော်သည် စောဘဦးကြီး၏ အမွေဆက်ခံခေါင်းဆောင်များဖြစ်ကြသော စောဟန်တာသာမွေးနှင့်မန်းဘဇန်တို့အပြင် (K.N.U)၏ သဘောတရားရေးဆိုင်ရာ ဆရာတဦးဖြစ်သောဆရာမန်းသာမြိုင်နှင့်လည်း ရန်ကုန်မြို့တွင် အတူတကွနေထိုင်ခဲ့ဘူးသည်။ (၁၉၇၈)ခုနှစ်တွင် "မဲသဝေါဂိတ်"၌ ဆရာကြီးစကောလယ်တောနှင့် ရင်းရင်းနှီးနှီးဆက်ဆံခဲ့ရပြန်သည်။ (၁၉၉၂)ခုနှစ်၊ ကျွန်တော်မာနယ်ပလောရောက်လာသောအခါ ဆရာကြီးမှာမရှိတော့၊ မာနယ်ပလောအာဇာနည်ကုန်းအနီးတွင်ရှိသော သူ၏သစ်သားအိမ်ဟောင်းကြီးကိုသာ တွေ့ရတော့သည်။

စောဟန်တာသာမွေးနှင့်မန်းဘဇန်တို့သည် စောဘဦးကြီးအား အင်းစိန်ကျပြီးနောက် "ထန်းတပင်"တွင် နောက်ဆုံးတွေ့ခဲ့ရကြသည်။ ဆရာကြီးစကောလယ်တောမှာ ဖါပွန်(K.N.U)ကွန်ဂရက်တွင် စောဘဦးကြီးအားနောက်ဆုံးမြင်တွေ့ခဲ့ရပြီး ထမ်းဆောင်သူမရှိဖြစ်နေသော (K.G.B)ကော်သူးလေအစိုးရအဖွဲ့ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ရသူပင် ဖြစ်သည်။ ဆရာကြီးကိုလူတွေက (K.N.U)နှင့်(K.R.C)ကွဲသောအခါတွင် စောဟန်တာသာမွေး၏(K.R.C)ဘက်သို့ လိုက်ပါမည်ဟုထင်ကြရာ ဆရာကြီးစကောလယ်တောသည် ပရပ်ႏပတာလုပ်သည်ကို နှစ်မြို့သူမဟုတ်လေရာ မန်းဘဇန်ဘက်တွင်သာကျန်ရစ်ခဲ့လေသည်။

## စကောလယ်တော၏ မြောက်ပိုင်းခရီး

ဆရာကြီးစကောလယ်တောသည် (၁၉၆၈)ခုနှစ်တွင် (K.N.U)၏ အဆင့်မြင့်ခေါင်းဆောင်တဦးအနေနှင့် တရုတ်ပြည်သို့ မဟာမိတ်ရှာရန် ခရီးထွက်ခဲ့သည်။ ယင်းအား အပြန်ခရီးတွင် လွတ်မြောက်ဒေသ၌ ရောက်ရှိနေသူ သတင်းထောက်ဈာန်ရ(အမည်ခံ) (ပီ.ဂျီ)စိုးမင်းက အင်တာဗျူးလုပ်ခဲ့သည်။ ယင်းအင်တာဗျူးမှာ "နိုင်ငံသစ်သမိုင်းလေ့လာရေး"စာစောင်(၇)တွင် ဖေါ်ပြထားလေသည်။ ကိုစိုးမင်းနှင့်ကျွန်တော်သည် အလွန်ရင်းနှီးကြသည်။ သူ့ဇနီးသည် ရုပ်ရှင်မင်းသမီးနှင့်လက်ထပ်သောအခါ ကျွန်တော်၏ ရုံးကားဖြင့်ပင် စီစဉ်ပေးရသည်။ သူ၏ နာမည်ရှေ့က(ပီ.ဂျီ)မှာ "ပဲနွယ်ကုန်း"ဖြစ်သည်။ ပဲနွယ်ကုန်းဇာတိသားများမှာ သခင်သန်းထွန်းနှင့်ဆရာကြီးဗိုလ်ဘိုးကွန်တို့ပင် ဖြစ်ကြသည်။

(K.N.U)၏ မြောက်ပိုင်းခရီးစဉ်တွင် (၂)ကြိမ်တိတိ ကြိုးပမ်းခဲ့သည်။ (၁၉၆၈)ခုနှစ်၊ ဇန္နဝါရီလတွင် တကြိမ်၊ (၁၉၆၉)ခုနှစ်၊ မေလတွင် တကြိမ်ကြိုးပမ်းခဲ့သည်။

### (၁၉၆၈)ခုနှစ်၊ ဇန္နဝါရီလ

အဖွဲ့ခေါင်းဆောင်အဖြစ် ဗ/မဘော်ဒွင်၊ အဖွဲ့ဝင်များမှာ မန်းရှာလာဖန်း၊ မန်းခွါ(စောဘာဘာ)၊ စောသမိန်ထွန်၊ စောသိန်းလွင်၊ (ဗိုလ်ချုပ်ကျော်မြသန်းမွေးစားသား)၊ စောတယ်ပလယ်(စနော‌ထူး)၊ စောဝါး (တရုတ်လူမျိုး)၊ ဆရာဟုန်စုလျှန် (တရုတ်ကေဒါ–ကရင်ကိုယ်စားလှယ်)၊ ဗဒိုအားကော(ရော့စနီ)။

### (၁၉၆၉)ခုနှစ် မေလ

အဖွဲ့ခေါင်းဆောင်ဗိုလ်အေးဟန်၊ အဖွဲ့ဝင်များမှာ မန်းရှာလာဖန်း၊ မန်းခွါ(စောဘာဘာ)၊ စောသိန်းလွင် (ဗိုလ်ချုပ်ဘော်ထူး)မွေးစားသား)၊ သမိန်ထွန်း

ပါစကာခေါ် စောအယ်ဘော၊ စောဝါး(တရုတ်လူမျိုး)၊ စောဝါဝါ(K.N.U)ဆရာ ဟုန်စုလျှန်၊ တရုတ်ကေဒါ– ကရင်ကိုယ်စားလှယ်။

## (ဗျာန်ရ)ဦးစိုးမင်း၏ တွေ့ဆုံမေးမြန်းခန်း

✍ "ဆရာကြီးစကောလယ်တောခင်ဗျား၊ (K.N.U.P)ပါတီ (Karen National United Party)က တရုတ်ပြည်ကို ကိုယ်စားလှယ်စေလွှတ်တဲ့အချိန်က ဗမာပြည်ကွန်မြူနစ်နှစ်ပါတီနှင့်လည်း ဆွေးနွေးခဲ့တယ်။ တရုတ်ပြည်ကွန်မြူနစ် ပါတီနဲ့လည်း ဆွေးနွေးခဲ့ဘူးတယ်လို့ ကြားခဲ့ဘူးပါတယ်။ အဲဒီလို သွားရောက် ဆွေးနွေးတဲ့အခါနှင့်ပတ်သက်ပြီး နောက်ခံအခြေခံအကြောင်းတရားတွေက ဘာတွေလဲဆိုတာ သိပါရစေခင်ဗျား။"

## ဆရာကြီးစကောလယ်တော

☆ "တော်လှန်ရေးတရပ်မှာ မဟာမိတ်လိုပါတယ်။ မဟာမိတ်ဆိုတာ ပြည်တွင်းသာမက၊ ပြည်ပမှာလည်း တည်ဆောက်ထားဖို့လိုပါတယ်။ ကမ္ဘာ့ တော်လှန်ရေးသမိုင်းကို ပြန်ပြီးဆန်းစစ်ကြည့်ရင် ပြည်တွင်းအင်အားစုနဲ့ မလုံလောက်ဘူး။ ပြည်ပအကူအညီ မဟုတ်သည့်တိုင်အောင် ပြည်ပရဲ့အားပေး ထောက်ခံမှုကို လိုအပ်တယ် လို့မြင်ပါတယ်။ ဒီလိုအမြင်ဘက်အပေါ်မှလည်း လက်ရှိပြည်တွင်းမှာဆိုရင် မဟာမိတ်အဖွဲ့ရှိတယ်။ တပ်ပေါင်းစု(မဒညတ)ဖွဲ့စည်း ထားတာရှိတယ်။ ပြည်ပမဟာမိတ်အဖွဲ့လိုသေးတယ်လို့ မြင်တယ်။ (၁၉၆၈–၆၉) ခုနှစ်မှာ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ သဘောထားအပေါ်မှာ ပီကင်းက တပ်သား လွှတ်ထားတွေရှိခဲ့ပါတယ်။ အထူးသဖြင့် တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ နိုင်ငံတကာပစ္စည်းမဲ့ဝါဒအပေါ်မှာ အခြေခံပြီး အဖိနှိပ်ခံအမျိုးသားများနဲ့ ပစ္စည်းမဲ့ တော်လှန်ရေးတွေကို တာဝန်ရှိတယ်ဆိုပြီး၊ သူတို့ပြည်သူတွေကို ကြေငြာပါတယ်။ ဒီကြေငြာချက်အပေါ်မှာ ကျနော်တို့ ဝမ်းသာပါတယ်။

ကျနော်တို့ တရုတ်ပြည်ကိုသွားဖို့ အဓိကအချက်ကတော့ နိုင်ငံရေး အဆက်အသွယ်ရဖို့ပါ။ ကျနော်တို့ တော်လှန်ရေးကို နိုင်ငံတကာအားပေးထောက် ခံမှုရဖို့ပဲ။ ဒါဟာ အဓိကပါပဲ။ တရုတ်ပြည်ကွန်မြူနစ်ပါတီနှင့် အဆက်အသွယ် ရရေးဟာ ကျနော်တို့ရဲ့ အဓိကရည်ရွယ်ချက်ဖြစ်တယ်။ ဒုတိယအချက်ကတော့ လေ့လာရေးပါပဲ။ ကျနော်တို့ အဖွဲ့မှာ လူ(၄၀)လောက် ရွေးချယ်ထားပါတယ်။ နောက်ပိုင်း(၃၅)ယောက် သွားနိုင်ခဲ့ပါတယ်။ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေး၊ စီးပွား ရေးစတဲ့ အဘက်ဘက်က လေ့လာဖို့ ရဲဘော်တွေကို ခေါ်သွားတာ ဖြစ်ပါတယ်။ တရုတ်ပြည်က စာထဲမှာ ဖတ်ရတာ၊ ကြားရတာ ဘယ်လောက်မှန်လဲ၊ ဘယ်လောက်ထိလုပ်နိုင်လဲ။ သူတို့ပြောတာ ဟုတ်မဟုတ် လေ့လာဖို့ပါပဲ။

နောက်ပြီး လူမျိုးစုပြဿနာကို ဘယ်လိုဖြေရှင်းကြသလဲ။ စက်ရုံ အလုပ်ရုံတွေကိုလည်း လက်တွေ့လေ့လာချင်တယ်။ ဒီရည်ရွယ်ချက်နဲ့ သွားတာ ဖြစ်တယ်။ တချို့က ထင်ချင်ထင်မယ်။ ကျနော်တို့ တရုတ်ပြည်သွားတာ လက်နက် အကူအညီရရေးအတွက် ဖြစ်တယ်။ ကျနော်တို့ဟာ လက်နက်အကူအညီထက် နိုင်ငံရေး လေ့လာရေးပါပဲ။ ကျနော်တို့ကို (K.N.U.P)က အခွင့်တောင်းခံ ခိုင်းတဲ့ကိစ္စ မပါဘူး။ ကျနော်တို့လည်း မတောင်းခဲ့ပါဘူး။”

## (ဗျာန်ရ)ဦးစိုးမင်း

✍ ဆရာကြီးစကောလယ်တောရဲ့အဖွဲ့ဟာ ဗမာပြည်ကွန်မြူနစ်ပါတီ၊ တရုတ် ပြည်ကွန်မြူနစ်ပါတီတို့ရဲ့ ဆွေးနွေးတာလဲ ရှင်းပြပါ ဦးခင်ဗျား–

## ဆရာကြီးစကောလယ်တော –

☆ “ကျနော်တို့အဖွဲ့ဟာ အခုဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အရှေ့မြောက်ပိုင်း စစ်ဒေသရှိ၊ သူတို့ရဲ့ ဌာနချုပ်ကို (၁၉၇၃)ခုနှစ်၊ အောက်တိုဘာလမှာ ရောက်သွား ပါတယ်။ ရန်သူဟာ လွယ်မော်ဒေသ၊ အက်စ်ယူအေ(S.U.A)ဌာနချုပ်ကို ဝင်တိုက်တော့ အရင်သွားနေကျလမ်းတွေ တခုမှ သွားလို့မရတော့ဘူး။

ကျနော်တို့ အက်စ်အက်စ်ပီပီ(S.S.P.P)ဒေသမှာ အတော်ကြာကြာ စောင့်နေရတယ်။ ဗမာပြည်ကွန်မြူပါတီအရှေ့မြောက်ဘက်စစ်ဒေသရဲ့ နိုင်ငံရေး မှူးဟာ ရဲဘော်တင်ရီဖြစ်တယ်။ ဒု–နိုင်ငံရေးမှူးက ရဲဘော် ခင်မောင်ကြီးဖြစ်တယ်။ သူတို့ဟာ ဗဟိုမှာ ဦးစီးပြီး အရှေ့မြောက်ဘက် စစ်ဒေသကို ဖွဲ့စည်းတယ်။ အဲဒီစစ်ဒေသဟာ အင်အားအကြီးဆုံးဖြစ်တယ်။ အဲဒီမှာ (ဗကပ)ဌာန ချုပ်လုပ်ထားတယ်။ အဲဒီကပဲ တရုတ်ပြည်ကိုသွားဖို့ အဆက်အသွယ်လုပ်ရတယ်။ ကျနော်တို့ သွားဖို့ကိစ္စ ဘသိန်းတင်ဆီကို က/န ပို့လိုက်တယ်။ ဥက္ကဋ္ဌသခင်ဇင်နဲ့ သခင်ချစ်ရဲ့ စာလည်းပါတယ်။ ကျနော်တို့ အရှေ့မြောက်ပိုင်းစစ်ဒေသရောက် တော့ ဝမ်းသာကြတယ်။ အဆက်အသွယ်ရဖို့လည်း ကြိုးစားကြတယ်။ ဟိုမှာ သွားနိုင်တယ်ဆိုတဲ့ ပြန်ကြားချက်ရဖို့ နှစ်လလောက်ကြာပါတယ်။ တရုတ်ပြည် ကွန်မြူနစ်ပါတီက၊ ပြည်နယ်ကော်မတီဟာ နယ်စပ်မှာပဲရှိတယ်။ အဲဒီနယ်စပ်အထိ ကားတွေရောက်တယ်။ သူတို့က ကျနော်တို့ကို ကားနဲ့လာကြိုတယ်။ ကျနော် တို့ကို လာကြိုတဲ့သူကတော့ ကာနယ်ဖူးစ်ဖြစ်တယ်။ တပ်ရင်းမှူးတယောက် ဖြစ်တယ်။ ပြည်နယ်ကတော့ ယူနန်ပြည် နယ်“စုမောင်”မြို့ကို ရောက်သွားတယ်။

အဲဒီမှာ တော်လှန်ရေးကော်မတီရဲ့ သဘာပတိလည်းဖြစ်၊ ပြည်နယ် ဥက္ကဋ္ဌလည်းဖြစ်တဲ့ ရဲဘော်ကျင်ဆိုတာ အကြီးဆုံးပဲ။ စကားပြန်တဆင့် ဥက္ကဋ္ဌ ကြီးဘသန်းတင်လည်း တစ်ရက်၊ နှစ်ရက်အတွင်း ရောက်လာမယ်ဆိုတာ ကျနော် တို့ကို သူကပြောပြပါတယ်။

“စုမောင်”မြို့မှာ[၁] နှစ်ရက်ကြာတော့ ဥက္ကဋ္ဌကြီးဘသိန်းတင်ရောက် လာပါတယ်။ ဥက္ကဋ္ဌကြီးရဲ့အဖွဲ့မှာ ရှစ်ယောက်ပါတယ်။ ဘသိန်းတင်၊ ဖေတင့်၊ ကိုတိုက်အောင်၊ ကချင်မှ တပ်မှူးတယောက်၊ ဗဟိုကော်မတီ မောင်ဝင်းစသဖြင့် ပါဝင် ပါတယ်။

တရုတ်ပြည်ကွန်မြူနစ်ပါတီနဲ့တွေ့ဖို့ကတော့ စုမောင်မြို့ပါတီကော်မတီ ကိုပဲ တာဝန်ပေးပါတယ်။ နိုင်ငံရေးမှူးပေါ့။ တော်လှန်ရေးကော်မတီရဲ့ ဥက္ကဋ္ဌဟာ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ အရံဗဟိုကော်မတီဖြစ်တယ်။ သူနဲ့ပဲ တွေ့ဆုံဖို့

တရုတ်ပြည်ကွန်မြူနစ်ပါတီက တာဝန်ယူလွှဲပေးတယ်လို့ သိရတယ်။ အဲဒီတော့ ပထမဦးဆုံး တရုတ်ပြည်ကွန်မြူနစ်ပါတီနဲ့ ဆွေးနွေးပါတယ်။

ကျနော်တို့ကို လိုက်လိုက်လှဲလှဲကြိုဆိုပွဲလုပ်ပြီး ကျနော်တို့ လာရတဲ့ ကိစ္စကို အားမနာတမ်း ရင်းရင်းနှီးနှီး ပြောစရာရှိတာကို ပြောပြဖို့၊ ကျနော်တို့ ကလည်း ကျနော်တို့စီစဉ်ထားတဲ့ အချက်(၃)ချက်ကို တင်ပြတယ်။ ပထမ အချက်က (K.N.U)ပါတီဖွဲ့စည်းရတဲ့အကြောင်း၊ အဲဒီကဏ္ဍမှာ (K.N.U)ပါတီရဲ့ မူဝါဒလမ်းစဉ်တခုလုံးကို ကျနော်တို့ တင်ပြပါတယ်။ နောက်တခုက ဗမာပြည်ရဲ့ လူမျိုးစုပြဿနာကို တင်ပြတယ်။ ဗမာပြည်တော်လှန်ရေးရဲ့ ထူးခြားချက်မှာ လူမျိုးစုတွေရဲ့ ပြဿနာဖြစ်တယ်ဆိုတာကို တင်ပြခဲ့တယ်။”

ဗမာပြည်ဟာ လူမျိုးပေါင်းစုံနေထိုင်တဲ့ တိုင်းပြည်ဖြစ်တယ်။ ဒါဟာ ထူးခြားတဲ့ လက္ခဏာတခုဖြစ်တယ်။ တရုတ်ပြည်နဲ့မတူတဲ့ သီးခြားလက္ခဏာတခု၊ ဗမာပြည်အခြေအနေနဲ့ ပြည်ထောင်စုပြဿနာ ဒါကို တင်ပြတယ်။ တတိယ အချက်ကတော့ ဗမာပြည်ရဲ့ တပ်ပေါင်းစုပြဿနာကို တင်ပြတယ်။ (K.N.U)ပါတီ အနေနဲ့ တပ်ပေါင်းစုနဲ့ပဲ အာဏာသိမ်းအောင်ပွဲခံနိုင်မယ်လို့ ယုံကြည်ကြောင်း ဒါကြောင့် တပ်ပေါင်းစုပြဿနာဟာ အလွန်အရေးကြီးကြောင်း တင်ပြခဲ့တယ်။ နောက်တပ်ပေါင်းစုနဲ့ပတ်သက်ပြီး ကျနော်တို့ရဲ့ အမြင်၊ ခံယူချက်၊ နောက်ပြီး အကြံပေးချက်တချို့၊ ဒါတွေကို သူတို့နားလည်ဖို့ ကျနော်တို့ တင်ပြခဲ့ပါတယ်။

နောက်တခုက ဆက်စပ်ပြီးတော့ နည်းနည်းပြောပြချင်တာက ကျနော်တို့ တရုတ်ပြည်ကို သွားတဲ့နေရာမှာ ရှမ်းပြည်မှာ တော်တော်ကြာကြာ စောင့်နေ ရတယ်။ ခရီးထွက်တဲ့ အခါမှာလည်း၊ “အက်စ် အက်စ်ပီပီ”က ကျနော်တို့နဲ့အတူ အဖွဲ့တဖွဲ့စေလွှတ်ခဲ့တယ်။ သူတို့လည်း ကျနော်တို့နည်းတူ၊ နိုင်ငံရေး အဆက် အသွယ်ရရှိဖို့နဲ့ လေ့လာရေးဦးတည်ချက်အပေါ် တရုတ်ပြည်ကွန်မြူနစ်ပါတီနဲ့ ဆွေးနွေးတယ်။ ကျနော်တို့ ဆွေးနွေးခဲ့ကြပြီးတဲ့နောက်၊ တရုတ်ပြည် ကွန်မြူနစ် ပါတီအနေနဲ့ ကျနော်တို့ကို ပြန်ပြီး ရှေ့ဆောင်မှုတွေ ပေးခဲ့ပါတယ်။ သူတို့ပြန်ပြီး ဆွေးနွေးတာကတော့ ပထမအချက်အနေနဲ့ တော်လှန်ရေးတရပ်မှာ ပစ္စည်းမဲ့ အလုပ်သမားပါတီတရပ်ရဲ့ ခေါင်းဆောင်မှုဆိုတာ ရှိရမယ်။ ဒုတိယအချက်ကတော့

ဒီပစ္စည်းမဲ့ အလုပ်သမားပါတီဟာ မာက်(စ်)လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို တိတိကျကျလက်ခံကျင့်သုံးတဲ့ ပါတီဖြစ်ရမယ်။ နောက်တချက်ကတော့၊ ကျနော်တို့ ရှိသမျှ တော်လှန်ရေးအင်အားစုတွေဟာ စုစုစည်းစည်း ညီညီညွတ်ညွတ်ရှိကြဖို့ လိုအပ်ကြောင်း ရန်သူကို စည်းလုံးညီညွတ်စွာ ရင်ဆိုင်တိုက်ခိုက်ဖို့ စတာတွေကို ပြန်လည်အကြံပေးခဲ့ပါတယ်။

ကျနော်တို့ ပြန်မလာမီ [၁]သူတို့က ကျနော်တို့နဲ့တွေ့ဆုံပြီး၊ ဒီတွေ့ဆုံမှုအတွက် ဝမ်းသာကြောင်း၊ ဗမာပြည်ရဲ့အမျိုးသားဒီမိုကရေစီတော်လှန်ရေး အင်အားစုကို ထောက်ခံအားပေးကြောင်း အကူအညီလိုအပ်ရင် ပေးမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေမှာ နိုင်ငံတကာက တခြားပါတီ၊ အဖွဲ့အစည်းတွေကို ကူညီခဲ့တာရှိကြောင်း၊ အမှန်တကယ် နယ်ချဲ့ပဒေသရာဇ်စံနစ်ကို ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ခိုက်နေတယ်ဆိုရင် လိုအပ်တာကို ပေးမှာဖြစ်ကြောင်း၊ ဒီလိုအစီအစဉ်မှာ နိုင်ငံတကာကလည်း ပါဝင်မှာဖြစ်ကြောင်း၊ ဗမာပြည်မှာရှိတဲ့ အမျိုးသားဒီမိုကရေစီအင်အားစုတွေဟာ နယ်ချဲ့ပဒေသရာဇ်စံနစ် ဆန့်ကျင်ရေးဆိုတော့ သူတို့အနေနဲ့ ပြောက်ကျားဆင်နွှဲဖို့ လက်နက်တွေလိုအပ်မှာ ဖြစ်တယ်။ လက်နက်တွေကိုလည်း ကူညီဖို့အဆင်သင့်ရှိကြောင်း၊ ဒါပေမဲ့ (ဗကပ)မှ တဆင့်ကူညီမှာဖြစ်ကြောင်း၊ လက်နက်များလိုအပ်ပါက (ဗကပ)မှာ မရှိရင် တရုတ်ပြည်ကွန်မြူနစ်ပါတီကို တင်ပြမည်သာဖြစ်ကြောင်း တင်ပြရင်ပေးဖို့ သူတို့ ရှင်းလင်းပြောပြပါတယ်။ နောက်ပိုင်း တရုတ်ပြည်ကို လာလည်ချင်ရင်လည်း လာလည်နိုင်ကြောင်း လာမယ်ဆိုရင် လိုက်လိုက်လှဲလှဲ ကြိုဆိုမည်ဖြစ်ကြောင်း လာရင်လည်း (ဗကပ)မှတဆင့် အကြောင်းကြားပြီးလာဖို့နဲ့ ပြန်သွားတဲ့အခါမှာလည်း ဗမာပြည် ကွန်မြူနစ်ပါတီနဲ့သာမက ပြည်တွင်းတော်လှန်ရေးအဖွဲ့အားလုံးနဲ့ စည်းလုံးစွာ ရန်သူကို လက်တွဲ တိုက်ဖို့အစရှိတာတွေကို ပြန်လည်ဆွေးနွေးခဲ့ပါတယ်။

တရုတ်ပြည်ကွန်မြူနစ်ပါတီနဲ့ ဆွေးနွေးပြီးတဲ့ နောက်ပိုင်းမှာ (ဗကပ)နဲ့ တွေ့ဆုံဆွေးနွေးပါတယ်။ အဲဒီဆွေးနွေးပွဲမှာ တရုတ်ပြည်ကွန်မြူနစ်ပါတီကို တင်ပြတဲ့ စာတမ်းအတိုင်း၊ (ဗကပ)ကိုလည်း တင်ပြပါတယ်။

ဆွေးနွေးပွဲမတိုင်မီကတည်းက စာတမ်းကို ကြိုတင်ပေးထားတော့ ဆွေးနွေးပွဲမှာ ကျတော်တို့ တင်ပြထားတဲ့ စာတမ်းနဲ့ပတ်သက်ပြီး သဘောထားအမြင် ဘယ်လိုရှိကြောင်း မေးမြန်းလိုက်ပါတယ်။ သခင်ဘသိန်းတင်ကိုယ်တိုင် (ဗကမ)အနေနဲ့ သူတို့ပြောစရာရှိလျှင် တည့်တည့်နှင့်အားမနာစတမ်း၊ မထိမ်မဝှက်စတမ်းသာ ပြောမည်ဖြစ်ကြောင်း၊ ဒါဟာလည်း သူတို့ပါတီရဲ့ တာဝန်ဖြစ်တယ်လို့မြင်ကြောင်း၊ ဒါကြောင့် ရှင်းရှင်းပဲ ပြောမှာဖြစ်တယ်လို့ ပဏာမစကားပျိုးပြီး ဆွေးနွေးပွဲစ ခဲ့ပါတယ်။ သူပထမဆုံး ပြောတာကတော့ –

"(K.N.U)ပါတီဟာ အလုပ်သမားပါတီအနေနဲ့ မာက်(စ်)ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် စတဲ့ ခေါင်းဆောင်မှုနဲ့ဖွဲ့စည်းထားတာ မသင့်ကြောင်း၊ ဒါဟာ (ဗကပ)နဲ့ စင်ပြိုင်လုပ်တယ်လို့မြင်တယ်။ (K.N.U)ပါတီဟာ အမျိုးသားတိုးတက်ရေးပါတီပဲ ဖြစ်သင့်ကြောင်း၊ (ဗကပ)နှင့်စင်ပြိုင်ဖွဲ့တဲ့ သဘောမျိုးဖွဲ့စည်းထားတာဆိုရင် လုံးဝမမှန်ဘူး။ (ဗကပ)နှင့်စင်ပြိုင်ဖွဲ့စည်းတဲ့ အဖွဲ့မှန်သမျှဟာ ဒီနေ့လည်းပျက်စီးကုန်တာပဲဖြစ်တယ်။ တည်မြဲတာ မရှိဘူး။ ဒါကြောင့် ပွင့်ပွင့်လင်းလင်း အားမနားတမ်းပြောရမယ်ဆိုရင်၊ (K.N.U)ပါတီ အနေနဲ့ အမျိုးသားတိုးတက်ရေးပါတီအဖြစ်သာ ဖွဲ့စည်းတာမှန်တယ်လို့ (ဗကပ)မှ သုံးသပ်ဆွေးနွေးခဲ့ကြပါ တယ်"လို့ (ဗကပ)ကိုယ်စား ဘသိန်းတင်က ဆွေးနွေးခဲ့ပါတယ်။

နောက်တခုက လူမျိုးစုပြဿနာနဲ့ပတ်သက်ပြီး ကျနော်တို့တင်ပြတဲ့ စာတမ်းအပေါ်မှာ ဘသိန်းတင်ရဲ့ ပြန်လည်ပြောပြချက်မှာ (K.N.U)အနေနဲ့ (မဒညတ)လည်းဖွဲ့တယ်။ (မဒညတ)ဟာ (ဗကပ)နဲ့လည်း မဟာမိတ်ဖွဲ့တယ်။ တချိန်တည်းမှာ လူမျိုးစုတပ်ဦးကိုလည်းဖွဲ့တယ်။ ဒါဟာ မလုပ်သင့်တာတွေပဲလို့ မြင်ကြတယ်။ ဒီလိုဖွဲ့စည်းတာ လူမျိုးစုအဖွဲ့အစည်းတွေက (မဒညတ)ကို စင်ပြိုင်လုပ်ခြင်းဖြစ်ပြီး၊ ဒါဟာ ကျဉ်းမြောင်းတဲ့ အမျိုးသားရေးအမြင်ဖြစ်တယ်လို့ ကျနော်တို့ကို ပြန်ပြီး ဆွေးနွေးကြပါတယ်။

ကျနော်တို့က ပြန်လည်ဆွေးနွေးတဲ့အခါမှာ(၁) ကျနော်တို့(K.N.U.P) ဖွဲ့စည်းမှုနဲ့၊ လူမျိုးစုတပ်ဦးဖွဲ့စည်းမှုဟာ (ဗကပ)ကို စင်ပြိုင်လုပ်ခြင်းမဟုတ်ပါ။ လက်ရှိကျနော်တို့ရဲ့တောင်းဆိုမှုအရ လိုအပ်တယ်လို့ မြင်တဲ့အပေါ်မှာ

ဖွဲ့စည်းတာဖြစ်တယ်။ ဒီနေ့လက်ရှိ ဗမာပြည်ဟာ လူမျိုးစုံနေထိုင်တဲ့ တိုင်းပြည်ဖြစ်တယ်။ လူမျိုးပေါင်းစုံဟာ ဒီနေ့အုပ်စိုးနေတဲ့ (ဖဆပလ)၊ နောက်ပြီး(မဆလ) အုပ်စိုးသူတွေဟာ လူမျိုးစုတွေအပေါ် မဟာလူမျိုးကြီးဝါဒကို ကျင့်သုံးပြီး နည်းမျိုးစုံနှင့် ဖိနှိပ်တယ်။ လူမျိုးစုတွေဟာ မခံမရပ်နိုင်လို့ လက်နက် စွဲကိုင်ပြီး၊ လက်နက်ကိုင်တော်လှန်းဆင်နွှဲကြတယ်။ လူမျိုးစုတွေ စုစည်းမှသာ လူမျိုးစု ပြဿနာကို ဖြေရှင်းနိုင်မှာ ဖြစ်တယ်။ ဒါကြောင့် လူမျိုးစုညီညွတ်ရေး တပ်ဦးဖွဲ့တာဟာ (မဒညတ)ကို စင်ပြိုင်ဖွဲ့တာမဟုတ်ဘူး။ (မဒညတ)ဖြစ် မြောက်ရေးအတွက် တွန်းအားတခုလို့ ကျနော်တို့သဘောထားပြီး ဖွဲ့စည်း လုပ်ဆောင်တာဖြစ်တယ်။ တနေ့မှာ ကျနော်တို့လူမျိုးစုအားလုံးဟာ (မဒညတ) ထဲမှာ ပါဝင်မှာဖြစ်တယ်လို့ ရည်ရွယ်ထား ကြတယ်။ သူတို့ကို (မဒညတ)ထဲမှာ တခါတည်းခေါ်သွင်းဖို့ဆိုတာ သူတို့မှာအတိတ်က ရင်ဆိုင်ခဲ့ရတဲ့ ခါးသီးတဲ့ အတွေ့အကြုံလည်း ရှိခဲ့ကြတယ်။ ဒီလိုအတိတ်က ခံစားမှုအပေါ်မှာ စုစည်းဖို့ ဘုံရန်သူကို စုစုစည်းစည်းတိုက်နိုင်ဖို့ ပထမအဆင့် ဖွဲ့စည်းတာဖြစ်တယ်။ အဲဒီက တဆင့် ကျယ်ပြန့်တဲ့တပ်ပေါင်းစုထဲကို ဝင်လာနိုင်ဖို့ ရည်ရွယ်ပြီး ဖွဲ့စည်းတာ ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပြခဲ့ပါတယ်။

ကျနော်တို့က ဥက္ကဋ္ဌဘသိန်းတင်ကို ဆက်လက်ဆွေးနွေးတာက (K.N.U.P)ပါတီကို ဖွဲ့စည်းတာနှင့်ပတ်သက်လို့ရော၊ လူမျိုးစုညီညွတ်ရေး တပ်ဦးဖွဲ့စည်းတာနှင့်ပတ်သက်လို့ရော၊ ပဲခူးမှာရှိတဲ့ ဥက္ကဋ္ဌသခင်ဇင်နဲ့လည်း ကျနော်တို့ဆွေးနွေးခဲ့ကြတယ်။ ဆွေးနွေးပြီးမှ အခြေအနေအရပ်ရပ်အပေါ်မှာ တွက်ချက်ပြီး၊ ဖွဲ့စည်းတာဖြစ်တယ်။

ဥက္ကဋ္ဌသခင်ဇင်နဲ့သခင်ချစ်တို့က ဒီအခြေခံသဘောမျိုးနဲ့ ဖွဲ့စည်းတာကို လက်ခံကြတယ်။ တခုတည်းသော တပ်ပေါင်းဖြစ်ရေး ကြိုးစားတာကိုလည်း သူတို့နားလည်တယ်။ နောက်ပြီးတော့ ဒီနေ့အမျိုး သားရေးပေါ်လစီနဲ့ပတ်သက် တာ ကျနော်တို့တလျှောက်လုံး တင်ပြထားတဲ့ တန်းတူရေးနှင့်ကိုယ်ပိုင်ပြဌာန်းခွင့်၊ နောက်ပြီး ဗမာပြည်မှာ စစ်မှန်တဲ့ဖယ်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးနဲ့ ပတ်သက်တာတွေကို ဥက္ကဋ္ဌသခင်ဇင်၊ သခင်ချစ်တို့က လက်ခံခဲ့ကြတယ်။

ဘယ်အထိလက်ခံသလဲဆိုရင် ဗမာပြည်မှာရှိတဲ့ တိုင်းရင်းသားတွေအားလုံး၊ လူမျိုးစုတွေအားလုံး တန်းတူရည်တူမှု အပေါ်မှာ ပြည်နယ်အသီးသီးရရှိပြီးတော့၊ ဒီပြည်နယ်တွေနဲ့စုစည်းထားတဲ့ ပြည်သူ့ဒီမိုကရေစီ၊ ဖယ်ဒရယ်ပြည်ထောင်စုသမတနိုင်ငံတည် ဆောက်ရေးအတွက်၊ ဗမာအမျိုးသားတွေအနေနဲ့လည်း တင့်တင့်တယ်တယ် ရှိရမယ်။ ဒါကိုလည်း သခင်ဇင်၊ သခင်ချစ်တို့လက်ခံခဲ့ပါတယ်။ ဒါတင်မက ဒီဖွဲ့စည်းတဲ့ ပြည်ထောင်စုသစ်ကို အများကြိုက်အမည်တခုပေးမယ်။ လာမဲ့အမျိုးသားညီလာခံတရပ်မှာ တက်ရောက်လာတဲ့ကိုယ်စားလှယ်အားလုံးနှင့်တကွ အများဆန္ဒအတိုင်း ဖြစ်ရမယ်ဆိုတာ သဘောတူလက်ခံကြတယ်။ ဒါဟာ သခင်ဇင်၊ သခင်ချစ်ရဲ့ အမျိုးသားပေါ်လစီနဲ့ပတ်သက်တာ။ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ နောက်ဆုံးထုတ်ပြန်ထားတဲ့ သဘောထားဖြစ်ပါတယ်။ ဒါလည်း သခင်သန်းထွန်းရှိစဉ်ကတည်းက လက်ခံသွားပါတယ်။ ဒါပေမဲ့ သူကျဆုံးသွားပြီးတဲ့နောက် (၁၉၆၉)ခုနှစ်၊ (ဗကပ)ရဲ့အမျိုးသားပေါ်လစီနှင့်ပတ်သက်တာဖြစ်တယ်။ ကျနော် အဲဒီအတိုင်း ဘသိန်းတင်ကိုဆွေးနွေးတဲ့အခါ သူက ဇင်–ချစ်ဟာ ပြည်တွင်းမှာ နေပြီး၊ နောက်ဆုံး နိုင်ငံတကာအခြေအနေနှင့်ပတ်သက်တာတွေ သမိုင်းမှာ တို့လောက်မပြည်စုံဘူးဆိုပြီး၊ ဒါကိုသူတို့တာဝန်ယူတယ်။

(၁) ဗမာပြည်အခြေအနေနှင့်ဖြစ်သင့်တာကတော့ တရုတ်ပြည်ပုံစံအတိုင်း၊ တပြည်ထောင်စနစ်ပဲဖြစ်တယ်။ ပြည်နယ်တွေဆိုရင် ကိုယ်ပိုင်အုပ်ချုပ်ရေး၊ အခွင့်အရေးဖြစ်တယ်။ ဒီမူဟာ ဗမာပြည်နှင့် အသင့်တော်ဆုံးဖြစ်တယ်။ ဒီမူအရလုပ်သင့်တယ်။ ဒီလိုဖြစ်ရေးအတွက် ဇင်–ချစ်တို့နှင့် ဒီအမြင်အပေါ်မှာ ကွဲလွဲတာကို သူတို့တာဝန်ယူတယ်လို့ ဘသိန်းတင်က ဆွေးနွေးပြပါတယ်။

ကျနော်တို့ ဘသိန်းတင်အဖွဲ့နဲ့ဆွေးနွေးကြတဲ့အခါမှာတော့ သူတို့အမြင်ရှိသလို ပြတ်ပြတ်သားသား၊ ရင်းရင်းနှီးနှီး၊ အာမနာတမ်းပဲ၊ ပြောစရာရှိတာကိုပြောမယ်ဆိုပြီး၊ အထက်ကပြောသလို ဆွေးနွေးခဲ့ကြပါတယ်။ ပြည်ပ(ဗကပ)ခေါင်းဆောင်တွေနဲ့ ပြည်တွင်းမှာရှိတဲ့ (ဗကပ)ဗဟိုကြားမှာ အမြင်သဘောချင်း

မတူညီတာကတော့ သေချာနေပါတယ်။ အဲဒီအချိန်တုန်းက (၁၉၇၃)ခုနှစ်ဆိုတော့ ဇင်–ချစ်တို့ ပြည်တွင်းမှာ အသက်ရှင်တုန်းကာလ ဖြစ်ပါတယ်။

ဉက္ကဋ္ဌဘသိန်းတင်ဟာ စကားပြောလို့ အလွန်ကောင်းပါတယ်။ အပြင်မှာ ဖေါ်ရွေရင်းနှီးသူ တယောက်ဖြစ်ပါတယ်။ ဒါပေမဲ့ မူပိုင်းအမြင်နဲ့သဘောထား အမြင်ကို ဆွေးနွေးခဲ့ကြရာမှာတော့ သူတို့နဲ့ကျနော်တို့ ကူညီမှုမရခဲ့ပါ။ ကျနော်တို့ပြန်ခါနီး သူ့မှာတာကတော့ (K.N.U.P)ပါတီကို အလုပ်သမားပါတီအနေနှင့် ဖွဲ့စည်းတာ မှားကြောင်း၊ လူမျိုးစုတပ်ပေါင်းစု၊ တပ်ဦးဖွဲ့စည်းတာလည်း မလုပ်သင့်ကြောင်း၊ ပြည်တွင်းမှာရှိတဲ့ (ဗကပ)ခေါင်းဆောင်တွေကို သူတာဝန်ယူကြောင်းမှာကြားခဲ့တယ်။

နောက်တခုကတော့ (K.N.U.P)နဲ့[၁] (ဗကပ)ဟာ တော်လှန်ရေး တလျှောက်လုံး အလွန်ရင်းနှီးခဲ့ကြတယ်။ အပြန်အလှန်လည်းကူညီကြလို့ ရှေ့ကိုဘုံရန်သူကို ရင်ဆိုင်တိုက်ခိုက်ရာမှာ ဆက်လက်ပြီး၊ စည်းလုံးစွာရှိဖို့ လိုအပ်ကြောင်း၊ မူချင်းမတူတဲ့အမြင်ကို တိုက်ပွဲထဲမှာ ပူးပေါင်းရင် တိုက်ပွဲ အတွင်း ညီညွတ်ရေးယူဖို့၊ နောက်ဆုံး လုံးဝညီညွတ်ရေးရတဲ့အထိ ဆိုင်ရာပါတီကနေ ကြိုးစားကြဖို့ ကျနော်တို့ကို ဆွေးနွေးမှာ ကြားခဲ့ပါတယ်။

## (စျာန်ရ)ဦးစိုးမင်း

✍ ပြည်ပရောက် သခင်ဘသိန်းတင်တို့က ဖယ်ဒရယ်ပြည်ထောင်စုတည် ဆောက်မှာကို သဘောမတူ လက်မခံတဲ့သဘောလား ဆရာကြီး။

## ဆရာကြီးစကောလယ်တော

☆ ဟုတ်ပါတယ်။ ဘသိန်းတင်၊ ဖေတင့်နှင့်တရုတ်ပြည်မှာရှိတဲ့ ခေါင်းဆောင်တွေက ကျနော်တို့နှင့် ဆွေးနွေးတဲ့အခါ ဖယ်ဒရယ်ပြည်ထောင်စုကိစ္စကတော့ တရုတ်ပြည်အတိုင်းဆိုရင် ကျနော်တို့နဲ့မကိုက်ညီဘူး ဖြစ်နေတယ်။ သူတို့က တပြည်ထောင်စနစ်ဖြစ်တယ်။ သခင်ဇင်နဲ့သခင်ချစ်တို့နဲ့ ဆွေးနွေးတာကတော့ ကိုက်ညီမှုရှိတယ်။ ဗမာကိုလည်း ပြည်နယ်သတ်မှတ်ပါဝင်ဖို့ သဘောတူညီမှုရ

ရှိခဲ့တယ်။ တခုရှိတာက အောက်ခြေအဆင့်က ပါတီရဲဘော်တွေ၊ ခေါင်းဆောင်တွေ၊ တပ်မှူးတွေထဲမှာ ဒီသဘောထားအမြင်နဲ့ပတ်သက်ပြီး၊ တိုက်ပွဲတွေရှိတယ်။ နိုင်ငံရေးအမြင်နဲ့ပတ်သက်တာဖြစ်တယ်။ အချို့ကတော့ ပြည်တွင်းမှာရှိတဲ့၊ ခေါင်းဆောင်တွေရဲ့ အမြင်အတိုင်းဖြစ်တယ်။ တပ်မှူး၊ ဆေးမှူး၊ ကေဒါတွေထဲက တချို့ပါတီတွင်း တိုက်ပွဲအသွင်ရှိနေတာကို ကျနော်တို့တွေ့ခဲ့ပါတယ်။ ကျန်တဲ့တချို့ ကတော့ ပြည်တွင်းရှိ ခေါင်းဆောင်တွေရဲ့ သဘောထားခံယူချက်ကို နှစ်သက်ကြတယ်။ သဘောတူကြတယ်။ အခြေအနေနဲ့ကိုက်ညီတယ်ဆိုပြီး မြင်တာတွေ ရှိတယ်။ ဟိုမှာကတော့ ဥက္ကဋ္ဌဘသိန်းတင်ဦးဆောင်မှုအောက်မှာ သူတို့အများ ဆန္ဒအတိုင်း လိုက်ပြီး ဒီမိုကရေစီဗဟိုကြိုးကိုင်မှုစနစ်အရ နာခံရတာဖြစ်တယ်။

## (ဈာန်)ဦးစိုးမင်း

✍ တရုတ်ပြည်ထဲမှာ လေ့လာခဲ့တာတွေ၊ သိမြင်ခဲ့တာတွေ ဆက်ဆံရေးတွေ၊ အကြံဉာဏ်တွေကိုလည်း ပြောပြပါဦး ဆရာကြီး။

## ဆရာကြီးစကောလယ်တော

☆ သူတို့ပြောတာက ယူနန်ပြည်မှာဆိုရင် လူမျိုးစုတွေ အဓိကအားဖြင့်(၂၄) မျိုးရှိတဲ့အကြောင်း ပြောပါတယ်။

ကျနော်တို့က အဲဒီလူမျိုးစုတွေရဲ့အကြောင်း၊ လူမျိုးစုတွေရဲ့ ဒေသတွေကို လေ့လာချင်ကြောင်း ပြောပြပါတယ်။ နောက်ပြီး စီးပွားရေးနှင့်ပတ်သက်ပြီး စက်ရုံ၊ အလုပ်ရုံတွေနှင့် အဲဒီအလုပ်သမားတွေအကြောင်း၊ မွေးမြူရေး၊ စိုက်ပျိုးရေး ကဏ္ဍနှင့် လုပ်နည်းလုပ်ဟန်နှင့်သမိုင်းဝင် အဆောက်အဦးတွေကို လေ့လာချင် ကြောင်း တင်ပြခဲ့တယ်။ သူတို့လေ့လာခွင့်ပြုတဲ့ ကဏ္ဍတွေကို ပြန်လည်ဖြေ ကြားပြီး၊ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားခဲ့ပါတယ်။

ကျနော်တို့ စုမောင်မြို့မှာ (၂)ပတ်လောက်ကြာသွားပြီး၊ မြို့ပေါ်မှာရှိတဲ့ စက်ရုံတွေကိုလည်း လေ့လာခဲ့ရပါတယ်။ အဲဒီ အနီးအနားက လူမျိုးစုတွေရဲ့ ဒေသနဲ့သူတို့ရဲ့အကြောင်း၊ စိုက်ပျိုးမွေးမြူရေးစံနစ်နဲ့ စီးပွားရေးလုပ်ငန်းတွေကို လေ့လာ ခဲ့ရပါတယ်။ ယူနန်အပြင် စုမောင်ဒေသဟာ အရင်ကဆိုရင် အထူးသဖြင့် ငတ်မွတ်ခေါင်းပါးတဲ့ ဒေသတခုဖြစ်ခဲ့ပါတယ်။ ဟိုတုန်းက ဘိန်းတွေကို အများ အပြားစိုက်ပျိုးကြတယ်။ ခုချိန်မှာတော့ ရိက္ခာအသင့်အတင့် ဖူလုံမယ်လို့ ကျနော် ယူဆတယ်။ ရွာတိုင်းလိုလိုမှာ ရေအားလျှပ်စစ် ဓါတ်အားသုံးစက်တွေ အသုံးပြုတဲ့ အတွက် လျှပ်စစ်ဓါတ်အားကို သုံးစွဲနိုင်ကြပါတယ်။ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေနိုင်ဖို့ လုပ်ကိုင်နေတာ တွေ့ရတယ်။ စုမောင်မှာ အိမ်အဆောက် အဦးတွေ တိုးချဲ့နေတာ တွေ့ရတယ်။ သစ်ဝါးနဲနဲရှားတာ တွေ့ရတယ်။ အဲဒီမှာရှိတဲ့ လူမျိုးစုတွေဟာ သူတို့ရဲ့ရိုးရာကပွဲတွေနဲ့ပြန်လည် ဖြေဖျော်ကြပါတယ်။ စုမောင်မြို့ ကနေ တခြားနေရာတွေ သွားလေ့လာဖို့က ရောက်တာကလည်း နောက်ကျပြီး သွားရမဲ့အခြားကိစ္စတွေလည်းရှိသေးတာမို့ ကူမင်းမြို့လောက်ပဲ သွားလေ့လာ ခဲ့ပါတယ်။ တောင်ပေါ်မြို့ဖြစ်ပေမဲ့ လူဦးရေတသန်းကျော်ရှိတယ်။ မြို့ကွက် တော်တော်ကြီးတယ်။ စက်မှု လက်မှုလည်း ထွန်းကားတယ်။ ကျနော်တို့ ရက်ပေါင်း(၂၀)လောက် သွားလေ့လာခဲ့တယ်။

ကူမင်းမြို့မှာ[၁] လူမျိုးစုတက္ကသိုလ်ရှိတယ်။ အဲဒီတက္ကသိုလ်မှာ ဗမာ ပြည်မှာရှိတဲ့ လူမျိုးစုတော်တော်များရှိတာ တွေ့ရတယ်။ ကချင်နှင့်ရှမ်းတွေလည်း ရှိတယ်။

ဗမာပြည်မှာရှိတဲ့ ကရင်၊ မွန်၊ ဗမာကလွဲရင် ကျန်တဲ့တိုင်းရင်းသားတွေကို အဲဒီမှာ ရှိနေတာတွေ့ရ ပါတယ်။ မြောင်၊ လားဟူ၊ ဝ၊ ကချင်၊ ရှမ်းတို့ဖြစ်တယ်။ ရှမ်းလူဦးရေဟာ ဗမာပြည်မှာ ရှိတာထက် တရုပ်ပြည်ထဲမှာ ပိုများတာ တွေ့ရ တယ်။ ရှမ်းအနေနှင့်ကိုယ် ပိုင်အုပ်ချုပ်ရေးတိုင်း(၂)တိုင်းရှိတယ်။ အရှေ့တောင် တိုင်း (၅)တိုင်းကို ဟိုအရင်ဦးနုခေတ်ကတခေါက် ရောက်ဖူးခဲ့တယ်။ ကျနော်တို့ ကို စုမောင်မြို့မှာ ဧည့်ခံကျွေးမွေးတဲ့ နေရာကို ဦးနုကပထမဦးဆုံးရောက်ခဲ့ပါတယ်။ ပြီးတော့ မြောက်ဖက်မှာလည်း တိုင်းတခုရှိတယ်။ ကချင်မှာလည်း ကိုယ်ပိုင်

အုပ်ချုပ်ရေးတိုင်းရှိတယ်။ လူမျိုးစုကိုယ်ပိုင် အုပ်ချုပ်ရေးဖက်မှာဆိုရင် ဥပမာခရိုင် တခုမှာ ပါတီဖက်မှာဆိုရင် လားဟူက တစ်ခရိုင်၊ ကရင်နီ နောက်ပိုင်းကျတော့ 'ဝ'တို့ဖြစ်တယ်။ တရုတ်ပြည်ထဲမှာ အဲဒီလို တွေ့ရတာရှိတယ်။ လူမျိုးစု တက္ကသိုလ်မှာ ကျနော်တို့ သွားလေ့လာတော့ လူမျိုးစုစာကို သူတို့ပြန်ဖော် ထုတ်ပြီး သင်တန်းပေးတယ်။ ဘာသာစကားနှင့်ပတ်သက်တာ သူတို့တော် တော်မြန်တယ်။ တနှစ်အတွင်း ဒီလူမျိုးစုတွေဟာ သူတို့ပြောတဲ့ ဘာသာစကား ရော၊ တရုတ်ဘာသာစကားရော နှစ်ခုစလုံးကို ရေးနိုင်၊ ပြောနိုင်ရုံမကပဲ ကျွမ်းကျင် စွာ ဘာသာပြန်နိုင်ခဲ့ပါတယ်။ အပြန်အလှန်လုပ်ကြတယ်။ တရုတ်ပြည်က ပို့တဲ့စာတွေကို သူတို့ဘာသာနှင့်ပြန်ဆိုတယ်။ သူတို့အခြေအနေနှင့်စာပေတွေ ဒီလိုဆောင်ရွက်နိုင်တာ တွေ့ရတော့ တော်တော်အားရမိတယ်။ စက်ရုံ၊ အလုပ်ရုံ တွေနှင့်ပတ်သက်ပြီး သံမဏိထုတ်လုပ်ရေးစက်ရုံတခုမှာ အလုပ်သမား(၂) သောင်းကျော်ရှိတယ်။ တော်တော်ကြီး ကျယ်တာ တွေ့ရတယ်။

## (ဗျာန်ရ)ဦးစိုးမင်း

✍ ဗမာနိုင်ငံလုံးနှင့်ပတ်သက်ပြီး၊ (ဗကပ)ကလည်း သူဟာနဲ့သူပေါ့လေ။ (K.N.U)ကလည်း (N.D.F) စတဲ့အဖွဲ့နှင့်နေဝင်းဆန့်ကျင်ရေးလုပ်နေတာပဲ။ အဲဒီတော့ တိုင်းပြည်မှာ ရှေ့လျှောက် ဘယ်လိုအခြေအနေမျိုးရှိမလဲ။ စည်းလုံး ရေး၊ (Unity)နဲ့ပတ်သက်ပြီး ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ၊ ဆရာကြီးရဲ့ သဘောထားကို ဖေါ်ပြပေးဖို့ မေတ္တာရပ်ခံပါတယ်။

## ဆရာကြီးစကောလယ်တော

☆ ပထမဦးဆုံး (ဗကပ)နဲ့ပတ်သက်ပြီး နည်းနည်းဆက်ပြောချင်ပါတယ်။ (ဗကပ)ဟာ (၁၉၆၈)ခုနှစ်မှာစပြီး၊ ဗမာပြည်ထဲကို ပြန်ဝင်လာတယ်။ ပထမ အဆင့်မှာတော့ အောင်ပွဲတွေ တော်တော်ရခဲ့တယ်။ နောက်ပိုင်းကျတော့ သူတို့

ရှေ့သိပ်မတိုးနိုင်ခဲ့ဘူး။ ပြောရမယ်ဆိုရင် ဒီနေ့အထိပဲပေါ့။ မတိုးနိုင်တဲ့ကိစ္စက အကြောင်းရှိမယ် လို့ ကျနော်ထင်တယ်။ ကျနော်တို့မြောက်ဘက်ချီတက်တုန်းက (ဗကပ)ရဲ့"အခိုင်အမာပေါ်လစီ"ဆိုပြီး အရှေ့ပိုင်းစစ်ဒေသကနေပြီးတော့ ထုတ်ထားတဲ့ သူတို့စာစောင်ထဲမှာတွေ့ခဲ့၊ ဖတ်ခဲ့ရတယ်။ သူတို့တိုက်လို့ သိမ်းပိုက်နိုင်မယ်ဆိုရင် အဲဒီနေရာဟာ သူတို့ရဲ့ နယ်မြေပဲလို့ "အခိုင်အမာပေါ်လစီ"ထဲမှာ သူတို့ပြဌာန်းထားခဲ့တယ်။ ပြဌာန်းတဲ့အတိုင်း လက်တွေ့မှာ ဒီလိုပဲ လုပ်တယ်။

ဒီလိုကျင့်သုံးတော့ မြောက်ပိုင်းမှာဆိုရင် ကချင်နဲ့ပြဿနာဖြစ်ခဲ့တယ်။ ဖြစ်ပုံကတော့ ကချင်လက်နက် ကိုင်တော်လှန်ရေးဟာ (၁၉၆၂)ခုနှစ်မှာ စတင်ဖြစ်ပေါ်ခဲ့တယ်။ ဖြစ်တော့ သူတို့လည်း နယ်မြေတွေ သိမ်းပိုက်ခဲ့ တယ်။ ရှမ်းပြည်၊ မြောက်ပိုင်းဆိုရင် ကချင်(Kachin State Service)ရှိထားတယ်။ ကချင်တော်လှန်ရေးအနေနဲ့ဆိုရင် တပ်မဟာ(၄)၊ အဲဒါ သူတို့ရဲ့ ဧရိယာဖြစ်တယ်။

ကချင်အမျိုးသားတော်တော်များများ[၁]ရှိခဲ့တယ်။ သူတို့လည်း မြို့ငယ်လေးတွေ ရန်သူစခန်းတွေကို တော်တော်သိမ်းနိုင်ခဲ့တယ်။ နောက်ပိုင်း (ဗကပ) ပါလာတော့ ရန်သူရှိတဲ့နေရာမှာ သူတို့တိုက်တော့ သူတို့ ရတယ်။ ဒီလို (ဗကပ)ရဲ့ အဓိက အင်အားနဲ့ တိုက်လို့ရတဲ့နေရာမှာ နောက်ပိုင်းက (ဗကပ)ကို အားဖြည့်ပြီး ဝင်တိုက်တာဖြစ်တယ်။ ဒီနေရာကတွေလည်း ပထမတော့ ကေအိုင်အေနေရာ၊ ကေအိုင်အေလူထု၊ (ဗကပ)က ဒီနယ်မြေတွေရသွားတော့ ဒီနယ်မြေပါ (ဗကပ)ရဲ့ နယ်မြေဖြစ်သွားတယ်။ ဒီနေရာမှာ ကချင်ဟာ သူတို့ရဲ့ လူထုကိုတောင် သူတို့ စည်းရုံးပိုင်ခွင့် မရှိတော့ဘူး။ သွားတာ၊ လာတာအချုပ်အချယ်နဲ့ သွားရတယ်။

ပထမ(ဗကပ)ပြန်လာတုန်းက ကချင်တွေ တော်တော်ကူညီပေးခဲ့တယ်။ ဥပမာ (ဗကပ)လားရှိုးကို သွားတိုက်တဲ့အထိ ဖြစ်ခဲ့တယ်။ မသိမ်းနိုင်ခဲ့ပေမဲ့ အောင်ပွဲတွေ ရခဲ့တယ်။ ရှမ်းပြည်မြောက်ပိုင်းမှာဆိုရင် မူဆယ်၊ မိုးမိတ်(ဗကပ)ရှိတဲ့ နေရာတွေအထိ သူတို့ရခဲ့တယ်။ နောက်ပိုင်း သူတို့အခိုင်အမာပေါ်လစီအတိုင်း တိုက်ပြီး သိမ်းလို့ရသ၍ သူတို့နယ်မြေလို့ သတ်မှတ်လာတော့ ကချင်က နဂိုက သူတို့ရဲ့နယ်မြေမှာ ဘာမှလုပ် လို့မရတော့ဘူး။ ဒီလိုနဲ့ကချင်တွေ စိတ်မကောင်း

ဖြစ်လာရာက (ဗကပ)ကို မဆန့်ကျင်ပေမဲ့ အကူ အညီမပေး တော့ဘူး။ (ဗကပ)ရဲ့ ဆန့်ကျင်ဘက်ကိုလည်း အကူညီမပေးခဲ့ဘူး။

နောက်ပိုင်း (ဗကပ)နဲ့ ကချင်လက်နက်ကိုင်ပဋိပက္ခဖြစ်ခဲ့တာတွေ ရှိခဲ့တယ်။ ဒါဟာ (ဗကပ)ရဲ့ နယ်မြေသတ်မှတ်ချက် အခိုင်အမာပေါ်လစီကြောင့် ဖြစ်တယ်။ ကချင်ရဲ့အကူအညီမရတော့ (ဗကပ)လည်း ရှေ့ဆက် မတိုးနိုင်ဘူး၊ ဒီလို ပြဿနာရှိတာ ကျနော်တို့ တွေ့ရတယ်။ (ဗကပ)၊ ကချင်ညီညွတ်ရေးအတွက် တွေ့ဆုံမှု တွေလုပ်ပြီး စာချုပ်(၃)ခု ချုပ်ခဲ့တယ်။ ဒါပေမဲ့ (ဗကပ)က လက်ရှိမူကိုပဲ ဆန့်ကျင်လို့ ကချင်ဟာ ချုပ်ဆိုတဲ့ စာချုပ်ကို မီးရှို့လိုက်ရတာပဲ။ ဒါက ကေအိုင်အေကိုယ်တိုင် ပြောလို့သိခဲ့ရတယ်။ နောက်ပိုင်း အခိုင်အမာ ပေါ်လစီတခု ကတော့ အလွှာ(၃)ခုပေါ်လစီပဲ။ တိုးတက်တဲ့အလွှာ၊ အလယ်အလတ်အလွှာ၊ နောက်ကျတဲ့ အနိမ့်ဆုံးအလွှာဆိုပြီး အလွှာက လူတွေကို စည်းရုံးပြီး သူတို့ လူအဖြစ်သိမ်းသွင်းတယ်။ အလယ်တန်းအလွှာကတော့ ကြားထိုင်အလွှာ ဖြစ်တယ်။ ဖေါက်ပြန်တဲ့ အလွှာကတော့ ပြတ်သားစွာ ဆုံးဖြတ်ချက် ချထားတဲ့ ပေါ်လစီဖြစ်တယ်။ ဒီပေါ်လစီအတိုင်း ကျင့်သုံးတယ်။ ဒီပေါ်လစီကိုလည်း တရုတ်ပြည်တော်လှန်ရေးကာလ မော်စီတုန်းကနေ ချန်ကေရှိတ်အုပ်စုကို တိုက်တဲ့ အခါမှာ ချမှတ်ကျင့်သုံးတဲ့ ပေါ်လစီအတိုင်းဖြစ်တယ်။ သူတို့အခြေအနေနဲ့ လုပ်ဆောင်ခဲ့လို့ အောင်မြင်ခဲ့တယ်။ (ဗကပ)က လူမျိုးစုအဖွဲ့စည်း တွေထဲမှာ ဒီပေါ်လစီကို ကျင့်သုံးတော့ အခြေအနေတွေဟာ တရုတ်ပြည်တော်လှန်ရေး ကာလနဲ့မတူလို့ မညီညွတ်မှုတွေ ပေါ်ပေါက်လာခဲ့တယ်။ ဥပမာ – ကချင်လူမျိုး စုနဲ့ ဆက်ဆံတဲ့အခါ လူအချို့ကိုစည်းရုံးပြီး (ဗကပ)ကို ထောက်ခံသူဖြစ် အောင်လုပ်တယ်။ စည်းရုံးလို့ မရသူကို ဆန့်ကျင်မှု သဘောရှိလို့ အပြုတ်တိုက် ရမယ်ဆိုတဲ့အခါ လူမျိုးစုထဲမှာ မညီမညွတ်တွေ ဖြစ်လာတယ်။

ဒီလိုဖွဲ့ထုတ်စည်းရုံးတာရော၊ ခွဲခြမ်းတိုက်တာရော[၁] လုပ်လာတော့ အဖွဲ့အတွင်းပြဿနာတွေ ပေါ်လာတယ်။ (ရလဖ–ရှမ်း ပြည်လူမျိုးစုအဖွဲ့) ဖွဲ့တုန်း ကလည်း ဒီပေါ်လစီကြောင့်ပဲဖြစ်တယ်။ ရှမ်းထဲမှာလည်း ဒီပေါ်လစီကို ကျင့်သုံးတာ ကြောင့် သူတို့လူမျိုးစုထဲမှာ ကွဲပြားမှုတွေ ဖြစ်ပေါ်လာခဲ့ရတယ်။

ဒီတော့ တော်လှန်ရေးအင်အားစုတွေ အားနည်းသွားခဲ့ရတယ်။ ဒါကြောင့် ဗမာပြည်ရဲ့ တော်လှန်ရေးတခုလုံးကို ထိခိုက်သွားတယ်လို့ ကျနော်မြင်တယ်။ ဒါကြောင့် ဘုံရန်သူကို တိုက်ခိုက်ရေးအတွက် (ဗကပ)ဟာ ဒီအခိုင်အမာ ပေါ်လစီနှစ်ခုကို ပြန်စဉ်းစားသင့်တယ်။ ဒါမှ မှန်မှန်ကန်ကန် ဖြေရှင်းနိုင်တဲ့ နည်းလမ်းတွေ ရရှိမှာဖြစ်တယ်။ စည်းလုံးမှု၊ ညီညွတ်မှု၊ နားလည်မှုအပေါ်မှာ မှန်ကန်တဲ့ အခြေခံမူမျိုး ဖြစ်ရမယ်။ ကျနော်ဒီလိုပဲ မြင်တယ်။ ဒီနေ့ (ဗကပ) အနေနဲ့ဆိုရင် သမိုင်းအစဉ်အလာကြီးမားတဲ့ ပါတီအဖွဲ့အစည်းတခုရှိတယ်။ အလုပ်သမားပါတီတခုအနေနဲ့ဆိုရင် ရှေ့ဆောင်မှုတာဝန်တွေ သူတို့မှာအများကြီးရှိတယ်။ ရှေ့ဆောင်မှုဆိုတာ တောင်းယူလို့ရတာ မဟုတ်ဘူး။ လက်တွေ့လုပ်ဆောင်မှုလုပ်ရင်းနဲ့ခေါင်းဆောင်မှုကို ရယူဖို့ ဖြစ်တယ်။ ဒါကလည်း ဥက္ကဋ္ဌ မော်ရဲ့ သဘောတရားစာစောင်ထဲမှာ ဒီလိုပဲ ချမှတ်ထားတာရှိပါတယ်။ (ဗကပ) ဟာ မာက်(စ်)၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို လက်ခံမယ်ဆိုရင် လက်တွေ့ကျကျလည်း ဒီအတိုင်းလုပ်ဆောင်သင့်တယ်လို့ ကျနော်မြင်တယ်။ လက်တွေ့ကျတော့ ခေါင်းဆောင်မှုကို အတင်းတောင်းယူတဲ့ ပုံစံမျိုးဖြစ်နေတယ်။

(K.N.U.)ပါတီအနေနဲ့ ကျင့်သုံးခဲ့တာတွေ၊ အခြားအဖွဲ့အစည်းက ကျင့်သုံးခဲ့တာတွေမှာ ဒီလိုပြောင်တောင်းဆိုခဲ့တာတွေရှိတော့ လူထုကိုခေါင်းဆောင်လို့ ရသင့်သလောက် မရဘူး။ ပြီးတော့ ခွဲပြီးစည်းရုံးတာတွေလည်း ရှိတယ်။ ကျနော်တို့ ခုလို (ဗကပ)ကို ဝေဖန်တာဟာ အပြုသဘောမျိုးဖြစ်ပါတယ်။ ကျနော်တို့ဟာ ကျယ်ပြန့်တဲ့ တပ်ပေါင်းစုကြီးဖြစ်မြောက်ရေးအတွက် ရည်ရွယ်ပြီးတော့၊ နောက်အချက်က အလုပ်သမားပါတီတခုအနေနဲ့ လက်တွေ့လုပ် ဆောင်တဲ့ နေရာမှာ အခြေအနေနဲ့ကိုက်ညီအောင် လုပ်ဆောင်နိုင်ဖို့ ဒီရည်ရွယ်ချက်နဲ့ သုံးသပ်တာဖြစ်တယ်လို့ ကျနော်ပြောချင်တယ်။

ကျနော်တို့ (K.N.U.)ထဲမှာလည်း၊ တပ်ပေါင်းစုနှင့်အာဏာသိမ်းမယ်လို့ သဘောထားတွေရှိတယ်။ ဗမာပြည်မှာလည်း လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းတွေ တော်တော်များများရှိတယ်။ တပ်ပေါင်းစုနဲ့ပတ်သက်ပြီး ကျနော်တို့ အကြိမ်ကြိမ်ကြိုး စားခဲ့တယ်။ ကျနော်တို့ ကရင်တော်လှန်ရေးအနေနဲ့

အကြိမ်ပေါင်း မနည်းဘူး ကြိုးစားခဲ့တယ်။ ဒီတပ်ပေါင်းစုတွေဟာ စာရွက်ပေါ်မှာပဲ ကျန်ခဲ့ကြတယ်။ ဥပမာလူမျိုးစုတပ်ဦးနှင့် ပတ်သက်တာ၊ ကျနော်တို့ (၁၉၆၅) ခုနှစ်မှာ (တလညတ)တိုးတက်သောလူမျိုးစုများညီ ညွတ်ရေးတပ်ဦး)၊ (၁၉၆၀) ခုနှစ်မှာ (လလမဖ)လူမျိုးစုများလွတ်မြောက်ရေးအဖွဲ့၊ နောက်ပြီးတော့ (လညတ) ညီညွတ်သောလူမျိုးစုများတပ်ဦးဆိုပြီး၊ ကျနော်တို့ တောက်လျှောက်ဖွဲ့စည်းခဲ့ တယ်။

အခုကျနော်တို့ (မဒတ)ရှိတယ်။ (မဒတ)က လွန်ခဲ့တဲ့ နှစ်ကဆိုရင် ကျနော်တို့ တစုံတရာစပြီး လှုပ်ရှားတယ်။ ပူးတွဲစုပေါင်းပြီး စစ်သင်တန်းတွေ ပေးနိုင်ခဲ့တယ်။ ဗိုလ်လောင်းသင်တန်းအထိ ပေးနိုင်ခဲ့တယ်။ ပေးနိုင်တဲ့အပေါ်မှာ တော်တော် တက်တက်ကြွကြွဖြစ်လာတယ်။ (မဒတ)အပေါ် ယုံယုံကြည်ကြည်နဲ့ အစားထိုးကြတယ်။ အားကိုကြတယ်။

ဒါပေမဲ့ နောက်ပိုင်း [၁]တပ်ပေါင်းစုနဲ့ပတ်သက်တာ လှုပ်ရှားမှုရှိတန် သလောက်မရှိပဲ လျော့နည်းလာတာတွေကို ကျနော်တို့မြင်လာတယ်။ ကျနော် တို့ဟာ ဘုံရန်သူကို တိုက်ခိုက်နိုင်ဖို့ ညီညီညွတ်ညွတ်နဲ့ တပ်ပေါင်းစုအခန်း ကဏ္ဍမှာ ကျနော်တို့ ချမှတ်တဲ့မူကို တိတိကျကျ အကောင်အထည် ဖေါ်နိုင်ဖို့ လိုအပ်တယ်။

ဗမာပြည်မှာ လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေ အားလုံးစုစည်း နိုင်မှ ကျနော်တို့အတွက် တော်လှန်ရေးအောင်ပွဲခံမယ်လို့ မြင်တယ်။ ဥပမာ – မြေအောက်မှာ (ဗကပ)အနေနဲ့ အင်အားကြီးကြီး မားမားနဲ့ လှုပ်ရှားနေပေမဲ့ ရှေ့ကိုသိပ်မတိုးနိုင်ဘူး။ (၁၉၆၈)ခုနှစ်တည်းက စဝင်လာတာ ရှမ်းပြည်မှာ တစ်နေ တယ်။ တခါတခါ သံလွင်မြစ်အရှေ့ဘက်ကို ကူးရတဲ့အနေအထားမျိုးရှိနေတယ်။ ဒါကို ကြည့်ပြီး ပြောရမယ်ဆိုရင် သူ့လူမျိုးစုအပေါ်ထားတဲ့ သဘောထားနှင့် အမျိုးသားရေးပေါ်လစီကို မှန်မှန်ကန်ကန် ဖြေရှင်းနိုင်ဖို့ လိုတယ်လို့ ကျနော် မြင်တယ်။ ဒီလို ဖြေရှင်းနိုင်ဖို့ကတော့ လက်ရှိဗမာပြည်အနေအထားအရ အမှန်ဆုံးက ဖယ်ဒရယ်ပြည်ထောင်စုစစ်စစ် သဘောထားအမြင်အပေါ်မှာ တန်းတူ ရည်တူနဲ့ လူမျိုးတိုင်းကြီး၊ ငယ်မရွေးအခွင့်အရေးတူညီမှုနှင့် ဖွဲ့စည်းထားဖို့လို

ပါတယ်။ ဒီမိုကရေစီကျကျဖြစ်အောင် ဖွဲ့စည်းလုပ်ဆောင် သွားရမယ်။ (ဗကပ) အနေနဲ့ တရုတ်ပြည်ပုံစံအတိုင်းဆိုရင်၊ ဒါဟာ ကျနော်တို့အခြေအနေနဲ့ မကိုက်ညီဘူး။

ဒီတော့ (ဗကပ)အနေနဲ့ဆိုရင် ခုလက်ရှိ[၁]ဗမာပြည်လက်နက်ကိုင်အဖွဲ့အစည်းထဲမှာ အင်အားအကြီးဆုံးဖြစ်ပြီး၊ နိုင်ငံတကာ ထောက်ခံအားပေးမှုလည်းရတယ်။ ရန်သူအနေနဲ့လည်း ဗမာပြည်မှာရှိတဲ့ တပ်မတွေ ဖွဲ့စည်းထားတဲ့နေရာမှာဆိုရ၍ တပ်မ(၆၆)ဟာ မြောက်ပိုင်းမှာ (ဗကပ)နဲ့ ရင်ဆိုင်နေရတယ်။ ဒါကြောင့် (ဗကပ)အင်အားဟာ မနည်းဘူး။ ဒီအင်အားဟာ ရန်သူကို အပြုတ်တိုက်နိုင်ပြီး ရန်ကုန်ကို သိမ်းနိုင်မယ်။ ရန်ကုန်ကို သိမ်းနိုင်မှလည်း ရန်သူကို အပြုတ်တိုက်နိုင်မယ်။ ဒီအင်အားကြီးတဲ့ အဖွဲ့အစည်းဟာ အနည်းဆုံး လူမျိုးစုတွေနဲ့ ဒီမြေပေါ်မှာ နားလည်မှုစိုက်ထူပြီး လုပ်ဆောင်သွားဖို့လိုတယ်လို့ ကျနော်မြင်တယ်။ ဒါ ကျနော့် ပုဂ္ဂိုလ်ရေးအရ အမြင်ဖြစ်တယ်။

ဒါကြောင့် မြန်မာပြည်လက်နက်ကိုင်တော်လှန်ရေး အောင်ပွဲရရေးအတွက်ဆိုရင် အထူးသဖြင့် နိုင်ငံရေးအရ၊ ဖယ်ဒရယ်သစ်ဖွဲ့စည်းရေးအပေါ်မှာ ပြည်ထောင်စုတွင်းရှိ လူမျိုးတိုင်းတန်းတူအခွင့်အရေးရဖို့လိုတယ်။ တပ်ပေါင်းစုနှင့်ပတ်သက်ပြီးတော့လည်း အလေးထားဖို့လိုတယ်။ ကြိုးစားဖို့လိုတယ်။ ကြိုးစားတဲ့နေရာမှာ ကျနော်တို့မှာရှိတတ်တဲ့၊ ကျဉ်းမြောင်းတဲ့အမျိုးသားရေးနဲ့ မဟာလူမျိုးကြီးဝါဒကို တိုက်ရမယ်။ တခါတရံ ကျဉ်းမြောင်းတဲ့အမြင်ကို တိုက်ရင်းနဲ့မဟာဖြစ်ခဲ့တာတွေရှိတယ်။ နောက်မဟာကို တိုက်နေရင်းနဲ့ ကျဉ်းမြောင်းတာတွေဖြစ်သွားတယ်။ ဒီအစွန်းနှစ်ဘက်ကို ရှောင်ရှားပြီးတော့ မှန်မှန်ကန်ကန်လုပ်ဆောင်သွားနိုင်ဖို့ ကျနော်တို့ ကြိုးစားကြရမယ်။

[၁] *(နိုင်ငံသစ်သမိုင်းလေ့လာရေး စာစောင် – ၇)*

ဤစာတန်းတွင် မေးသူမှာ သတင်းထောက်(ဈာန်ရ)အမည်ခံ လုပ်သားသတင်းစာ၏အယ်ဒီတာ(ဗီ–ဂျီစိုးမင်း)ဖြစ်၍ ဖြေကြားသူမှာ ဆရာကြီးစကောလယ်တောဖြစ်လေသည်။ ကိုစိုးမင်းသည် တောထဲဆင်းလာရာ၌ ဝမ်ခတွင် အတန်ပင်နေရသေးသည်။ သူနှင့်အတူ ဇနီးနှင့်သားသမီးများပင်ပါရှိလာသည်။ ကျွန်တော်

ပထမအခေါက်(၁၉၇၈)ခုနှစ်၊ ဝမ်ခရောက်သောအခါ သူ၏အင်္ဂလိပ်စာ ကျူရှင်ပေးသော ဆိုင်းဘုတ်ကိုပင် တွေ့ခဲ့ရပေလေသည်။ သူသည် ဝမ်ခမှတဆင့် ဂျာမနီနိုင်ငံသို့ ရောက်သွားပြီး အစာအိမ်ခွဲစိပ်ကုသရာမှ ကွယ်လွန်သွားလေသည်။

ဆရာကြီးစကောလယ်တော၏ စာတန်းကို လေ့လာကြည့်လျှင် ကွယ်လွန်သူသခင်ဇင်နှင့်သခင်ချစ် (ဇင်–ချစ်)တို့သည် လူမျိုးစုများ၏ အမျိုးသားရေးပြဿနာကို ဖြေရှင်းရာ၌ လူမျိုးစုံတန်တူရေးအပေါ်တွင် အခြေခံသော “ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး” ပင်ဖြစ်လေသည်။ သခင်ဘသိန်းတင်နှင့် သခင်ဖေတင့်တို့သည် သူတို့ရောက်ရှိနေသော တရုတ်ပြည်၏မူအရ လူမျိုးစုများသည် ကိုယ်ပိုင်အုပ်ချုပ်ရေးကိုသာ ရရှိနိုင်ကြမည်ဖြစ်ပေသည်။ ထိုမှ ထိုစဉ်က (K.N.U၏)၏ (K.N.U.P)ဖွဲ့စည်း ဆောင်ရွက်ပုံနှင့် (မဒညတ)ခေါ် (ဗကပ)နှင့် (K.N.U)တပ်ပေါင်းစုဖွဲ့စည်းထားပြီးဖြစ်ပါလျက် နောက်ထပ်(K.N.U)ပါဝင်ဖွဲ့စည်းထားသော လူမျိုးစုတပ်ပေါင်းစုများကို သခင်ဘသိန်းတင်က မလိုလားအပ်ပါကြောင်း ပြောကြားခဲ့လေသည်။ မန်းဘဇန်မှာ (၁၉၈၂)ခုနှစ်တွင် ကွယ်လွန်၍ ဆရာကြီးစကောလယ်တောမှာ (၁၉၈၉)ခုနှစ်၊ အသက်(၇၄)နှစ်တွင် ကွယ်လွန်သည်။

## (K.N.U)၏ လက်ဝဲမှလက်ျာ အပြောင်းအလဲ

(K.N.U)သည် အမျိုးသားရေးလမ်းစဉ်ဖြင့် စတင်ခရီးထွက်ခဲ့ရာမှ ဒုတိယလမ်းစဉ်ကို ချမှတ်မည်ပြုသောအခါ မန်းဘဇန်က အောက်ပါအတိုင်း ဖေါ်ပြထားလေသည်။

“ဟန်တာသာမွေးက ကဲ–စမ်းကြည့်တာပေ့ါ၊ မဖြစ်ရင်လဲ မဖြစ်ဘူး၊ ဖြစ်ရင်လဲ ဖြစ်သလိုဆက်လုပ်မယ်၊ ဒီလိုဆိုရင် ကောင်းပြီးဆိုပြီးတော့ ဒုတိယလမ်းစဉ်လို့ အမည်ပေးလိုက်တယ်။ ကရင့်တော်လှန်ရေးလမ်းစဉ် (ဒုတိယလမ်းစဉ်) လို့ အမည်ပေးလိုက်တယ်။ (၁၉၄၉)ခုနှစ်က လက်နက်ကိုင်တော်လှန်ရေးစတော့

(ကရင်ပြည် နယ်ရရှိရေးနဲ့ကရင်အမျိုးသားလွတ်မြောက်ရေး)လောက်သာ သိခဲ့ကြတယ်။ လမ်းစဉ်၊ လုပ်ငန်းစဉ်တွေ တိတိကျကျ ချမှတ်ခြင်းမရှိခဲ့ဘူး–"

ယင်းဒုတိယလမ်းစဉ် ချမှတ်ခြင်းကြောင့် မူလ(K.N.U)၏ သီးခြားကရင်ပြည်နယ်ထူထောင်ရေးမှ ပြည်ထောင်စုအတွင်းမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကရင်ပြည်နယ်ထူထောင်ရေးဆီသို့ ပြောင်းလဲသွားလေသည်။

## ဒုတိယလမ်းစဉ်နှင့် လမ်းစဉ်အဆင့်ဆင့်

စောဟန်တာသာမွှေးနှင့်သူခေါင်းဆောင်သော (K.R.C)ခေါ် ကရင့်တော်လှန်ရေးကောင်စီအဖွဲ့ဝင်များသည် (၁၉၆၄)ခုနှစ်၊ ဗိုလ်ချုပ်နေဝင်း၏ ငြိမ်းချမ်းရေးရသည်ဆိုကာ ဥပဒေတွင်း ပြန်ဝင်လာသည်။ ထိုမှ ငြိမ်းချမ်းရေးအောင်မြင်မှုအခမ်းအနားတရပ်အနေဖြင့် (၁၉၆၄)ခုနှစ်၊ မတ်လ(၂၂)ရက်နေ့ညတွင် စောဟန်တာသာမွှေးသည် မြန်မာ့အသံမှနေ၍ အထက်ပါ (K.N.U.)၏ ဒုတိယလမ်းစဉ်နှင့်တကွ အဆင့်ဆင့်သော လမ်းစဉ်များကို ဝေဖန်ပြောကြားသွားလေသည်။

## ဘုရားလမ်းစဉ်

"ကရင့်တော်လှန်ရေးမှာ လွန်ခဲ့သည့်(၁၅)နှစ်က ပေါ်ပေါက်ခဲ့ရာ ကျော်လွန်ပြီးဆုံးသွားခဲ့သော အချိန်ကာလကို ပြန်လည်သုံးသပ်သည့်အခါ ဘုရားသခင်၏ ပို့ဆောင်ခြင်းကို ခံခဲ့ရကြောင်း ကျွန်တော်တွေ့ရပါသည်။ ကျွန်တော်တို့ လက်နက်အင်အားနှင့် အစိုးရ၏လက်နက်အင်အား ကွာခြားစေကာမူ (၁၅)နှစ်အတွင်း ဖြစ်ပေါ်ခဲ့သော တိုက်ပွဲများ၌ အထိအခိုက်နည်းပါးသည်ကို တွေ့မြင်ရပါသည်။ တိုက်ပွဲ၌ ကျဆုံးသူစာရင်းမှာ ကျွန်တော်တို့ အချင်းချင်း သတ်ဖြတ်ခြင်းနှင့် အနာရောဂါကြောင့် သေဆုံးခြင်းစာရင်းထက်နည်းပါသည်။ ဤကဲ့သို့ ဖြစ်ခြင်းကြောင့် ဘုရားဂုဏ်ကျေးဇူးကို ချီးမွမ်းပါသည်–"

“လွန်ခဲ့သည့် (၁၅)နှစ်ကာလ တော်လှန်ရေးကို ပြန်လည်သုံးသပ်ကြည့်ပါက အချိန်အခါအားဖြင့် (၄)ပိုင်းခွဲခြားနိုင်ပါသည်။

(က) ၁၉၄၉–၁၉၅၂ (အနောက်လက်ျာလိုက်သည့်ကာလ)၊

(ခ) ၁၉၅၃–၁၉၆၀ (အရှေ့လက်ဝဲလိုက်သည့်ကာလ)၊

(ဂ) ၁၉၆၁–၁၉၆၄ (ဓမ္မဟောင်းကျမ်းအရ ဘုရားလမ်းစဉ်နှင့်)

(ဃ) ၁၉၆၄–မှ ရှေ့သို့ ဘုရားလမ်းစဉ်ကို ပြည့်စုံစေသည့် ခရစ်တော်လမ်းစဉ်ဟူ၍ ဖြစ်ပါသည်–”

စောဟန်တာသာမွေးသည် ဆက်လက်၍ ပထမလမ်းစဉ်နှင့်ဒုတိယလမ်းစဉ်ကိုလည်း အောက်ပါအတိုင်း သုံးသပ်ထားလေသည်။

“(၁၉၄၉–၁၉၅၂)ပထမကာလအတွင်း အနောက်တိုင်းသားများ၏ တိုက်ခိုက်ရေးလမ်းစဉ်၊ လူထုစည်းရုံးရေးများကို အမှီသဟဲပြုပြီး အနောက်တိုင်းသားထံမှ အကူအညီရရှိရန် လမ်းရှာခဲ့ပါသည်။ ၎င်းလမ်းစဉ် ပြန်လည်သုံးသပ်သည့်အခါ ဘုရားသခင်၏ အလိုတော်မကျကြောင်း ထင်ရှားသဖြင့် ကျွန်တော်တို့၏ ခေါင်းဆောင်ကြီးစောဘဦးကြီးနှင့်စန်းကေ(SanKey)တို့သည် မျက်နှာဖြူများနှင့်တွေ့ဆုံရန်အတွက် ခရီးထွက်ခွါသွားရောက်စဉ် လမ်းခရီးတွင် ကျဆုံးခဲ့ရပါသည်။ ၎င်းနောက် တရုတ်ဖြူတို့ကို လက်ခံခဲ့ပါသည်။ ကျွန်တော်အတွက် အကူအညီမရသည်သာမက အစီအစဉ်ကို ရှုတ်ထွေးစေခဲ့ပါသည်။ နောက်ဆုံးအစီအစဉ်အရ ဘန်ကောက်မြို့တွင် ကိုယ်စားလှယ်တဦး သွားရောက်ထားရှိရာ၌လည်း ငွေများပိုမိုကုန်ကျပြီး ခေါင်းဆောင်အချင်းချင်း သဘောကွဲလွဲမှုဖြစ်ပေါ်ရပြန်ပါသည်–” ။

*(မောင်စင်ကြယ်၏ မြန်မာပြည်ချစ်ကရင်အမျိုးသားခေါင်းဆောင်များ)*

## လက်ဝဲလမ်းစဉ်

စောဟန်တာသာမွေးသည် ပထမလမ်းစဉ်ကို လက်ျာလမ်းစဉ်အဖြစ် အမည်ပေးဝေဖန်ပြီးနောက် ဒုတိယလမ်းစဉ်ကိုမူ လက်ဝဲလမ်းစဉ်အဖြစ် သတ်မှတ်ကာ အောက်ပါအတိုင်း ဆက်လက်ဝေဖန်ထားပြန်လေသည်။

**"သို့အတွက်ကြောင့် ၎င်းလမ်းစဉ်ကို စွန့်လွှတ်ပြီး ဒုတိယကာလတွင် လက်ဝဲအနီလမ်းစဉ်အရ ဆောင်ရွက်ရာ စတင်သည့်နေ့မှစ၍ အချိန်ကြာညောင်း လာသည်နှင့်လူထုကို ထိခိုက်လာကြောင်းကို တွေ့ရပါသည်။ အစတွင် အလွန်ကောင်းပါသည်။ လူထုများက အခွင့်အရေးပိုမိုရရှိလာသဖြင့် ကျွန်တော် တို့အား အကူအညီပိုမိုပေးနိုင်ပါသည်။ အချိန်ကြာမြင့်လာသည့်အခါ ၎င်းဝါဒလမ်းစဉ်သည် လူငယ်တို့ကို လွှမ်းမိုးလာ၍ လူထုများကို၎င်း ဝါဒလမ်းစဉ် အတွင်းသို့ အတင်းသွတ်သွင်းခဲ့ပါသည်။ အခြေအနေရှုတ်ထွေးလာ၍ အချောင်သမားများ၏ ပြုမူချက်အရ အနည်းငယ်လုပ်ကိုင် စားသောက်နိုင်သူ များ၏ လယ်မြေ များသည် အတင်းအဓမ္မသိမ်းယူ ခွဲဝေခြင်းခံသည်သာမက ပစ္စည်းအတော်အသင့်ရှိသူ အမျိုးအနွယ်ခေါင်းဆောင်များပင် အထင်အမြင် သေးခံ၍ ရန်သူအဖြစ်သတ်မှတ်ခြင်းခံရပါသည်။ ကျွန်တော်ကိုယ်တိုင်ပင် ကိုယ်ပိုင်ငွေ(၁၀)ကျပ်၊ မြေတကေမျှ မပိုင်ဆိုင်သော်လည်း ယိမ်းယိုင်သော အမျိုးသားခေရှင်တဦးဟုဆိုပြီး အနားပေးရန် ရည်ရွယ်ကြပါသည်။ လမ်းစဉ်ကို သွေဖီသည်ဟု ပြောဆိုခြင်းကြောင့် ကျွန်တော်တို့အတွင်း သဘောကွဲလွဲမှု ပေါ်ပေါက်လာခဲ့ရပါသည်–"**။

## ရွှေစာငွေစာ

စောဟန်တာသာမွေးသည် သူနှင့်သူအဖွဲ့ဝင်(K.R.C)များ ဥပဒေတွင်း ပြန်ဝင်လာခြင်းကို ဗိုလ်ချုပ်နေဝင်းစစ်အစိုးရ (တော်လှန်ရေးကောင်စီ)နှင့် သူ၏ (K.R.C)တို့ ငြိမ်းချမ်းရေးရရှိသည်ဟု ကြေငြာသည်။ ယင်းကိုပင် သူကာဓမ္မဟောင်း

နှင့်ဓမ္မဟောင်းကျမ်းစာအရ ရွှေစာငွေစာလမ်းစဉ်အဖြစ် မြန်မာ့အသံတွင် ဆက်လက်၍ ထုတ်ဖော်ပြောဆိုသွားလေသည်။

“သဘောကွဲလွဲမှုဖြစ်ပေါ်ပြီးသည့်နောက် တတိယကာလဖြစ်သော (၁၉၆၀–၁၉၆၄)ခုနှစ်ကာလအတွင်း (K.R.C)သည် ဓမ္မဟောင်းကျမ်းအရ ဘုရားလမ်းစဉ်ကို ပြန်လိုက်ကြပါသည်။ ဘုရား၏ရွေးကောက်ခြင်းခံရသော တ္ထုသရေလ (အစ္စရေး)မျိုးတို့သည် တိုင်းပြည်နှင့်လွတ်လပ်ခွင့် ပြန်လည်ရရှိရန် ၎င်းတို့အား ပညတ်တရားများချမှတ်ပေးသည်သာမက တရားသူကြီးပရောဖက်များ သွန်သင်ဆုံးမခြင်း၊ ဘုရား၏ဆုံးမခြင်းကို ခံရပါသည်။ ဘုရားသခင်သည် ကျွန်တော်တို့ သင်ခန်းစာရယူရန်အတွက် အဖိုးတန်တရားတော်များကို ချမှတ်ပေးသည့်အတွက် ဘုရားကိုချီးမွမ်းရန်လိုပါသည်။ ဓမ္မသစ်နှင့်ဓမ္မဟောင်းကျမ်းနှင့် ရှေးလူကြီးတို့ “ရွှေစာနှင့်ငွေစာ”သည် တခုတည်းပေါင်းထားသည့်အလျောက် ဓမ္မသစ်ကျမ်းကိုပါ လက်ကိုင်ထားရပါသည်”

“၁၉၆၄–ခုနှစ်မှ ရှေ့သို့ချီတက်ရာတွင် ရွှေစာငွေစာ(ဓမ္မသစ်–ဓမ္မဟောင်းကျမ်း)ညွှန်ပြသည့်အတိုင်း ချီတက်ရမည်၊ ဓမ္မဟောင်းကျမ်းတွင် အမျိုးသားတော်လှန်ရေးအတွက် လမ်းညွှန်ပြ၍ ဓမ္မသစ်ကျမ်းမှာမူ စားဝတ်နေရေးအတွက် လမ်းညွှန်ပေးပါသည်”။

စသည်ဖြင့် စောဟန်တာသာမွှေးသည် သူ၏လမ်းစဉ်ကို မြန်မာ့အသံမှ တဆင့် အကျယ်တဝင့်တင်ပြသွားလေသည်။

*(မောင်စင်ကြယ်၏ မြန်မာပြည်ချစ်ကရင်အမျိုးသားခေါင်းဆောင်များ)*

စောဟန်တာသာမွှေးသည် (၁၉၄၉–၁၉၅၂)ခုနှစ်များက သူနှင့်မန်းဘဇန် တို့ ရေးဆွဲချမှတ်ခဲ့သော (K.N.U)၏ ဒုတိယလမ်းစဉ်ကို တိတိပပပင် ချေဖျက်ကာ စွန့်လွှတ်ခဲ့ခြင်း ဖြစ်ပေသည်။

မန်းဘဇန်သည်လည်း(K.N.U.P)ကို စွန့်လွှတ်၍ (K.N.U.)သို့ ပြောင်းလဲဖွဲ့စည်းကာ ဥက္ကဋ္ဌရာထူး ကိုပင် ဗိုလ်ချုပ်မြအား လွှဲပြောင်းပေးလိုက်ရလေသည်။ ဤအခြေအနေများကို ကြည့်ရှုသုံးသပ်လျှင် (K.N.U.)သည် ပထမတွင်

အမျိုးသားရေးလမ်းစဉ်မှ လက်ဝဲလမ်းစဉ်တို့ ပြောင်းလဲခဲ့ပြီး ထိုမှတဖန် လက်ဝဲလမ်းစဉ်မှ လက်ျာလမ်းစဉ်သို့ ပြောင်းလဲရန်ပင်ဖြစ်၍ လာလေသည်။

# အခန်း (၁၉)

## ဒီမိုကရေစီနှင့် လက်နက်ကိုင်တော်လှန်ရေး

ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးသံသရာတွင် ဒီမိုကရေစီနှင့် လက်နက်ကိုင်တော်လှန်ရေးသည် လှည့်ပြောင်းနေလေသည်။ အချို့ပုဂ္ဂိုလ်များသည် အစိုးရဖြစ်ရာမှ လက်နက်ကိုင်တော်လှန်ရေးသမားဘဝသို့ ကူးပြောင်းလာသည်လည်းရှိ၏။ အချို့ပုဂ္ဂိုလ်များသည်ကား လက်နက်ကိုင်တော်လှန်ရေးကို ဆန့်ကျင်ရာမှ လက်နက်ကိုင်တော်လှန်ရေးထဲသို့ ကူးပြောင်းလာသည်လည်းရှိကြ၏။ ဥပမာအားဖြင့် ဝန်ကြီးချုပ်ဦးနုသည် ကရင်နှင့်ဆန့်ကျင်ရာမှ အာဏာသိမ်းခံရသော ဝန်ကြီးချုပ်ဘဝတွင် ကရင်အပါအဝင် လက်နက်ကိုင်တော်လှန်ရေးထဲသို့ ရောက်ရှိလာသည်။ ထိုမှ လက်နက်ကိုင်တော်လှန်ရေးမှ ဒီမိုကရေစီတော်လှန်ရေးသို့ တဖန်ပြန် ရောက်သွားပြန်လေသည်။

ဗိုလ်မှူးချုပ်ကျော်ဇော၊ ဗိုလ်လကျ်ာ၊ ဗိုလ်မှူးကြီးစိန်မြတို့သည် စစ်ရေးအားဖြင့် လက်နက်ကိုင်တော်လှန်ရေးကို ဆန့်ကျင်တိုက်ခိုက်လာရာမှ လက်နက်ကိုင်တော်လှန်ရေးဆီသို့ ကူပြောင်းရောက်ရှိလာကြပေသည်။ သို့ဖြစ်၍ အခြေအနေတရပ်နှင့်လူတယောက်၏ အနိမ့်အမြင့်ပေါ်တွင်မူတည်၍ အချို့မှာ ဒီမိုကရေစီနှင့်လက်နက်ကိုင်တော်လှန်ရေးကို ကူးပြောင်းလာကြသည်လည်းရှိကြပေသည်။ ဤအထဲတွင် ကိုတင်မောင်ဝင်းသည်လည်း ပါဝင်လေသည်။ ကိုတင်မောင်ဝင်းသည် ပထမတော်လှန်ရေးတွင် ဒီမိုကရေစီ (ပြည်ပြေး)ပါတီတွင် ဦးနုနှင့်အတူ ပါဝင်ခဲ့ပြီး ထိုင်းအစိုးရမှ နှင်ထုတ်ခဲ့သဖြင့် (ဗိုလ်လကျ်ာစာအရ) အမေရိကားသို့ ထွက်ခွါခဲ့ရသည်။ ထိုမှ(၁၉၈၈)ခုနှစ်၊ ဒီမိုကရေစီတော်လှန်ရေးစတင်လာရာ ကိုတင်မောင်ဝင်းသည် ကိုအောင်၊ ရဲကျော်သူတို့နှင့်အတူ ထိုင်း၊ မြန်မာနယ်စပ်ရှိ ကရင့်တော်လှန်ရေးသို့ ရောက်ရှိလာပြန်လေသည်။ သူရေးသောစာအုပ်“နိုင်ငံရေးသမားနှင့်နိုင်ငံရေး”အတိုင်းပင် ဆိုင်းသံကြားလျှင် ကချင်သောကြောင့် ပြန်လည်ကရန်၊ ဆိုရန်အတွက် ကရင့်တော်လှန်ရေးသို့ ပြန်လည်–

ရောက်လာခြင်းလည်းဖြစ်၏။ သို့ရာတွင် လူမျိုးစုတို့၏တော်လှန်ရေးတွင် ပထမ အခေါက်ကကဲ့သို့ "ခွဲထွက်ခွင့်"ကိုကား မပြောတော့၍ ကိုတင်မောင်ဝင်းအတွက် လုပ်သာကိုင်သာကား ရှိခဲ့ပြန်လေသည်။

ဤသို့ဖြင့် တော်လှန်ရေးနယ်သို့ ဒုတိယအခေါက်ပြန်ရောက်လာပုံကို ကိုတင်မောင်ဝင်းက အောက်ပါအတိုင်း သူ၏စာအုပ်တွင် ရေးသားထား၏။

"(၁၉၈၈)ခုနှစ်၊ အကြိုကာလက မြန်မာပြည်၏ မြောက်ဘက်ပိုင်းတွင် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ၎င်း၏မဟာမိတ် အဖွဲ့အစည်းများ အခြေပြုလျက်ရှိပြီး (မဆလ)စစ်အာဏာရှင်အုပ်စုကို ဆန့်ကျင်တော်လှန် လျက်ရှိသည်။ တောင်ပိုင်း တွင် မြန်မာပြည်တ ပြည်လုံးရှိ လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများစုပေါင်းထား သည့် အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု(မဒတ)ရှိနေပြီး (K.N.U)၏ ဌာနချုပ် ဖြစ်သည့် မာနယ်ပလောတွင် အခြေစိုက်လျက် (မဆလ)စစ်အာဏာရှင်အုပ်စုကို ဆန့်ကျင်တော်လှန်လျက်ရှိသည်။ ဤတော်လှန်ရေးအုပ်စုနှစ်စုစလုံးသည် မတူကွဲ ပြားသည့် နိုင်ငံရေးအမြင်များရှိနေကြသော်လည်း စစ်အာဏာရှင်အုပ်စုကို နိုင်ငံရေးအရသော်၎င်း၊ စစ်ရေးအရသော်၎င်း အပြင်းအထန်ဆန့်ကျင်တော်လှန် လျက်ရှိနေကြသည်။

(မဒတ)၏ ဥက္ကဋ္ဌမှာ ကရင်နီအမျိုးသားတော်လှန်ရေးခေါင်းဆောင် စော မော်ရယ်ဖြစ်ပြီး အခြားလူမျိုးစုတော်လှန်ရေးခေါင်းဆောင်များဖြစ်သော (K.N.U) မှ ဥက္ကဋ္ဌဖြစ်သည့် ဗိုလ်ချုပ်စောဘိုမြနှင့်ဒု-ဥက္ကဋ္ဌစောသန်းအောင်၊ (Kachin Independence Organization-K.I.O)ဥက္ကဋ္ဌဘရန်ဆိုင်း၊ (New Mon State Party-N.M.S.P)ဥက္ကဋ္ဌနိုင်ရွှေကျင်၊ (Shan State Progressive Party -S.S.P.P) ၏ အတွင်းရေးမှူးချုပ်ဗိုလ်မှူးကြီးစိုင်းလိတ်၊ (Wa National Organization – W.N.O)ဥက္ကဋ္ဌမဟာဆန်း၊ (Karenni National Progressvive Party – K.N.P.P)ဥက္ကဋ္ဌဗိုလ်ချုပ်မန်းအောင်သန်းလေး၊ (Chin National Front – C.N.F) ခေါင်းဆောင်ဆလိုင်းမျိုးအေး၊ (Palaung State Liberation Party – P.S.L.P) ခေါင်းဆောင်များဖြစ်သည့် ဦးကျော်လှနှင့်မိုင်ဆာကုန်း၊ ကယန်းပြည်ချစ်ပါတီမှ ဦးအိုက်ကဖြူ၊ (Arakan Liberational Party –A.L.P) ခေါင်းဆောင်များဖြစ်သည့်

ခိုင်စိုးနိုင်အောင်နှင့်ဖိုးထွန်း၊ (Pa-O National Organization – P.N.O)ခေါင်းဆောင်ဗိုလ်ကြီးအောင်ခမ်းထီးနှင့်စောလခန်း ... စသည့်ခေါင်းဆောင်ကြီးများနှင့် (K.N.U.)ဘက်မှ ခေါင်းဆောင်များသည် မာနယ်ပလောဌာနချုပ်တွင် မကြာခဏတွေ့ဆုံဆွေးနွေး၊ ဝင်ထွက်လျက်ရှိကြသည်။ ဤကာလအတွင်း ဤလူမျိုးစုတော်လှန်ရေးခေါင်းဆောင်ကြီးများနှင့် အခါအားလျော်စွာ ထိတွေ့ဆွေးနွေးနေကြသူများမှာ (C.R.D.B)မှ ဥက္ကဋ္ဌဦးတင်မောင်ဝင်းနှင့်အတွင်းရေးမှူးဦးရဲကျော်သူ၊ (People's Partriotic Party-P.P.P)မှ ဥက္ကဋ္ဌကြီး ဦးသွင်၊ (People's Liberation Front – P.L.F)ခေါင်းဆောင်ဦးအေးဆောင်တို့ပင် ဖြစ်သည်။ ဤနိုင်ငံရေးခေါင်းဆောင်များသည် (၁၉၇၀)ခုနှစ်လောက်မှစ၍ လူမျိုးစုတော်လှန်ရေးခေါင်းဆောင်များနှင့် ရင်းနှီးခဲ့ကြပြီးလည်းဖြစ်သည်။

## ခေတ်ပြိုင်ထုတ်ဝေခြင်း

မြန်မာပြည်သည် (၁၉၆၂)ခုနှစ်ကတည်းက စစ်အာဏာရှင်တို့ နှစ်ပေါင်းများစွာ သတင်းအမှောင်ချထားသည်ကို ချိုးဖျက်ပစ်ရန်အတွက် ဦးတင်မောင်ဝင်းသည် ခေါင်းဆောင်အချို့နှင့် ညှိနှိုင်းပြီးနောက် **"ခေတ်ပြိုင်သတင်းစာ"**ကို စီစဉ်ထုတ်ဝေရန် ကြိုးပမ်းခဲ့သည်။ ဤသတင်းစာသည် ဘဏ္ဍာရေး၊ လုံခြုံရေး အခက်အခဲအမျိုးမျိုးရှိသည့်ကြားမှ မဖြစ်မနေ ကြိုးပမ်းထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ဤခေတ်ပြိုင်သတင်းစာ ထုတ်ဝေမှုတွင် တပ်ပေါင်းစုခေါင်းဆောင်များက အားပေးထောက်ခံခဲ့ပြီး ဦးတင်မောင်ဝင်း၊ ဦးဝင်းခက်၊ ကြေးမုံ ဦးသောင်း၊ စာရေးဆရာမောင်စင်ကြယ်၊ မြဝတီဦးရဲခေါင်တို့က ပါဝင်ဆောင်ရွက်ခဲ့ရာ ပြည်သူများ၏ အားပေးထောက်ခံမှုကို အတော်ရရှိခဲ့သည်။ တဆက်တည်းတွင် (နဝတ) စစ်အာဏာရှင်တို့၏ ဆန့်ကျင်ဝါဒဖြန့်မှုကိုလည်း ရင်ဆိုင်ခဲ့ရသည်။

ထိုစဉ်က လူမျိုးစုများ၏ အမျိုးသားတော်လှန်ရေးလှုပ်ရှားမှုများသည် ရှေ့တန်းသို့ ရောက်ရှိနေပြီး အင်အားကြီးမားတောင့်တင်းသည့် အခြေအနေတွင် ရှိနေသည်။ ဒီမိုကရေစီအင်အားစုများ၏ လှုပ်ရှားမှုများသည် ကျေးလက်ဒေသတော်လှန်ရေးနယ်မြေတွင် အင်အားမရှိချေ။ မြို့ကြီးပြကြီးများရှိ ဒီမိုကရေစီ

အင်အားစုများ၏ လှုပ်ရှားမှုများမှာ ပို၍ကြီးထွားလာရန် အားပြုလျက်ရှိသည်။ ထိုကာလက မာနယ်ပလော ဌာနချုပ်တွင် နိုင်ငံရေးခေါင်းဆောင်များအဓိကထား ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများမှာ စစ်အာဏာရှင်ကြီးစိုးမှုတိုက်ဖျက်ရေး၊ မဟာလူမျိုးကြီးဝါဒဆန့်ကျင်တိုက်ဖျက်ရေး၊ ဒီမိုကရေစီရေး၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးစသည့် အကြောင်းအရာများပင် ဖြစ်သည်။ ဤသို့ နိုင်ငံရေးအမြင်ချင်း ဆွေးနွေးဖလှယ်ကြရာတွင် အမြင်ချင်းထပ်တူထပ်မျှ ဖြစ်ခဲ့ကြသည်ကား မဟုတ်ချေ။ သို့ရာတွင် ထိုသို့ အမြဲတစေ ထိတွေ့ဆွေးနွေးခဲ့ခြင်းများသည် ခေါင်းဆောင်များအကြား၊ တော်လှန်ရေးအဖွဲ့အစည်းများအကြား နားလည်မှု၊ ရင်းနှီးမှု၊ ယုံကြည်မှုကို ဖန်တီးခဲ့ကြ၊ တည်ဆောက်ခဲ့ကြသည့်လက္ခဏာကို ဆောင်သဖြင့် ရှေ့နိုင်ငံရေးခရီးအတွက် အလွန်အရေးပါသည့် ခြေလှမ်းများပင် ဖြစ်သည်။

*(စောင်စင်ကြယ်၏ မြန်မာ ပြည်ချစ်ကရင်အမျိုးသားခေါင်းဆောင်များ)*

## ဦးနု၏ တော်လှန်ရေး(ပီဒီပီ)အနိမ့်အမြင့်




ဦးနုကိုယ်တိုင်ခေါင်းဆောင်သော (ပီဒီပီ)၏တော်လှန်ရေးတွင် အနောက်နိုင်ငံကမ္ဘာတခုမှ ဒေါ်လာ(၂)သန်းခွဲ ပေးခြင်းအပေါ်တွင်ရင်း၊ ဗိုလ်လကျာ၊

ဗိုလ်ရန်နိုင်၊ ဦးသွင်နှင့်တကွ အပေါင်းအပါပုဂ္ဂိုလ်များ၏ စစ်ရေးအရနှင့် နိုင်ငံရေးအရ ရောမခေါင်းဆောင်ကြီး များဖြစ်လာပုံကိုၡင်း၊ လူမျိုးစုခေါင်းဆောင်များနှင့် ပေါင်းစည်းရေးအတွက် သုံးပါတီမည်သို့မည်ပုံဆောင်ရွက်သည်ကိုၡင်း ကိုတင်မောင်ဝင်းသည် သူ၏ စာအုပ်၌ ရေးသားထားလေသည်။

"(၁၉၇၁)ခုနှစ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်နှစ်ခုကို ဖွင့်လှစ်နိုင်ပြီ ဖြစ်ပါသည်။ (၁)ဝန်ကြီးဟောင်း ဦးသွင်မှာလည်း ဗိုလ်ချုပ်အဆင့်ဖြင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဖြစ်လာသကဲ့သို့ ဗိုလ်ရန်နိုင်မှာ လည်း ဗိုလ်ချုပ်အဆင့်ဖြင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးအဖြစ် ကွပ်ကဲအုပ်ချုပ်ပါတော့သည်။ ဥက္ကဋ္ဌကြီးဦးနု၏ကြိုးပမ်းမှုကြောင့် နိုင်ငံခြားကုမ္ပဏီတခုမှ ဒေါ်လာ(၂)သန်းခွဲပေးရန် သဘောတူလိုက်ပြီဟူသော သတင်းကောင်းအား ကျနော်တို့ကြားရသည့်အခါ အတိုင်းထက်အလွန်ဝမ်းသာကြပါသည်။

ဘဏ္ဍာရေးကိစ္စများ၊ ငွေရေးကြေးရေးထောက်ပံ့မှုဆိုင်ရာကိစ္စများကို ကျနော့်အနေနှင့်အနည်းငယ်သာ သိပါသည်။ လူကြီးများထံမှ ပြောသံဆိုသံများ တခါတရံကြားရပါသည်။ (ပီဒီပီ)ငွေရရှိရေးကိစ္စ၏ အဓိကဇာတ်ဆောင်မှာ ဦးလောရုံဖြစ်ပါသည်။ အသေးစိပ်လိုက်လံလုပ်ဆောင်ပေးရသူမှာလည်း ဦးလောရုံပင်ဖြစ်သည်။ ထို့အပြင် ဤခေါင်းဆောင်များမှာလည်း သမိုင်းအတွေ့အကြုံနှင့် ပြည့်စုံသဖြင့် ပြရုပ်ကောင်းလှသည်ဟု ဆိုရပေလိမ့်မည်။ ဦးသွင်နှင့်ဗိုလ်ရန်နိုင်တို့ပင်လျှင် အစကနဦးပိုင်းတွင် မသိကြပါ။ သို့သော် ငွေးရေး ကြေးရေးထောက်ပံ့မှုနှင့်ပတ်သက်၍ (ပီဒီပီ)ဗဟိုအလုပ်အမှုဆောင်စည်းဝေးပွဲများတွင် မည်သည့်အခြေအနေသို့ ရောက်နေပြီဆိုသည်ကိုမူ ဆွေးနွေးတင်ပြကြသည်ဟု သိရသည်။"

ကိုတင်မောင်ဝင်းကပင် ဦးနု၏တော်လှန်ရေးပျက်ပြားသွားပုံတို့ကိုလည်း အောက်ပါအတိုင်း ရေးသားထားပေသေးသည်။

လူမျိုးစုလက်နက်ကိုင်အဖွဲ့များသည် တန်းတူရေးနှင့်ကိုယ်ပိုင်ပြဌာန်းခွင့်၊ ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့် များနှင့်ပြည်နယ် အခွင့်အရေးများရရှိရေးအတွက်သာ ဖြစ်ပါသည်။ ဦးနုတော်လှန်ရေးသည် ဒီမိုကရေစီပြန် လည်ရရှိရေးနှင့်အမျိုးသားပြန်လည်ညီညွတ်ရေးအား ပေါင်းကူးတံတားအဖြစ် တပါတည်းတည်ဆောက်၍

စစ်အာဏာရှင်အား ဘုံရန်သူအဖြစ်သတ်မှတ်ကာ တိုက်ပွဲဝင်သွားရန်ပင် ဖြစ်ပါသည်။ သို့ရာတွင် အတိတ်ကာလသမိုင်းဖြစ်ရပ်များအပေါ်မှ ပေါ်ပေါက်လာခဲ့သော မုန်းတီးမှုများအား မဖျောက်နိုင်ကြသေးပဲ သံသယ စိတ်များကြီးမားနေမှုများသည် (ပီဒီပီ)၏ ရည်ရွယ်ချက်များအား ကြီးမားသောအဟန့်အတားဖြစ်ခဲ့ရသဖြင့် လူမျိုးစုပြဿနာများဆွေးနွေးရင်းမှ သဘောကွဲလွဲမှုများဖြစ်ခဲ့သည်။ ထို့ကြောင့် အချိန်တိုတောင်းသော ကာလ၌ပင် ဦးနုတော်လှန်ရေးဆုံးရှုံးပျောက်ကွယ်သွားရသည်မှာ အထူးဝမ်းနည်းစရာကောင်း လှပါသည်။ ကျနော့်အနေနှင့် (ပီဒီပီ)ပါတီအကြောင်း၊ စစ်ဌာနချုပ်ကြီးများ၏ ပဋိပက္ခနှင့်အားနည်းချက်၊ အသာချက်၊ အောင်မြင်ချက်များအပြင် တိုင်းရင်းသားလူမျိုးစုများ၏ ထင်မြင်ယူဆချက်နှင့်လုပ်ရပ်များကို ပြည့်ပြည့်စုံစုံရေးနိုင်မည် မဟုတ်ပါ။

(၁) *(တင်မောင်ဝင်း၏ နိုင်ငံရေးသမားနှင့်နိုင်ငံရေး)*

ထိုသို့ ဦးနု၏ဒီမိုကရေစီပါတီဖွဲ့စည်းပြီး မကြာမီ သုံးပါတီအစည်းအဝေးကို ကျင်းပနိုင်ခဲ့သည်။ သုံးပါတီအစည်းအဝေးတွင် ဦးနု၏ဒီမိုကရေစီပါတီ၊ မန်းဘဇန်နှင့် ဗိုလ်ချုပ်မြတို့၏ (K.N.U)တပ်ဦးနှင့် နိုင်ရွှေကျင်၏ မွန်ပြည်သစ်ပါတီတို့ ဖြစ်ကြသည်။

## သုံးပါတီအစည်းအဝေး

ဦးနုနှင့်ပြည်ပြေးများ၏ ပါလီမန်ဒီမိုကရေစီပါတီသည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ အမှတ်(၃၂)၊ ဆွိုင် (၁၈)စု ခုမ်းဗစ်တ်လမ်း (SOI, 18 SuKhumVit) တွင် ဌာနချုပ်ဖွင့်လှစ်၍ အထင်အရှားအခြေစိုက်လျက်ရှိသည်။ မန်းဘဇန်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေသော (K.N.U)တပ်ဦးသည် ဘိနစခန်းတွင် ဌာနချုပ်ဖွင့်လှစ်ထားသည်။ နိုင်ရွှေကျင်၏ မွန်ပြည်သစ်ပါတီမှာ လူအင်အားမဆိုစလောက်နှင့်သာ လှုပ်ရှားနေရသည်။ ပြည်ပြေးများသည် တစ်ဘက်မှ နိုင်ငံတကာထောက်ခံမှုရရှိရန် ဆောင်ရွက်ရင်း ကရင်နှင့်မွန် သောင်းကျန်းသူများ၏ အားပေးကူညီမှု၊ ပူးပေါင်းဆောင်ရွက်မှုရရှိရန် ကြိုးစားခဲ့ကြသည်။ (၁၉၇၀)ပြည့်နှစ်၊

မေလ(၁၅)ရက်နေ့တွင်ကား ဆွိုင်(၁၈)ဌာနချုပ်တွင် သုံးပါတီအစည်းအဝေးကို စတင်ကျင်းပနိုင်ကြတော့သည်။ အစည်းအဝေးမှာ မေလ(၂၅)ရက်နေ့အထိ (၁၀)ရက်တိုင်တိုင် ကြာမြင့်ခဲ့သည်။

# ပါလီမန်ဒီမိုကရေစီပါတီ၊ မွန်ပြည်သစ်ပါတီနှင့်(K.N.U)ကရင်အမျိုးသားအစည်းအရုံးများ၏ ပူးတွဲကြေညာချက်

(၁) မဟာဗမာဝါဒီစစ်အာဏာရှင်ဗိုလ်နေဝင်း ငါ့မင်းငါ့ချင်းအစိုးရဖြုတ်ချရေး၊ တိုင်းရင်းသားလူမျိုး ပေါင်းစုံပြည်သူများ၏ လွတ်လပ်သော၊ တန်းတူသော၊ ဒီမိုကရေစီကျသော၊ တိုးတက်ဖွံ့ဖြိုးသော၊ ငြိမ်းချမ်းသာယယာသော ပြည်နယ်ပေါင်းစုံ၊ ပြည်ထောင်စုသမ္မတနိုင်ငံတော်သစ်တည်ဆောက်ရေးနှင့်တပ်ပေါင်းစုဖွဲ့စည်းရာတွင် တန်းတူသော၊ ဒီမိုကရေစီကျသော၊ အပြန်အလှန်အထောက်အကူပြုသော၊ တပ်ပေါင်းစုမှ နုတ်ထွက်လိုက် နုတ်ထွက်နိုင်ခွင့်ရှိသော၊ အပြန်အလှန် အကြံပေးမှုများရှိသော စည်းရုံးမှုများကို အခြေခံ၍ မြန်မာနိုင်ငံတော်အတွင်းရှိ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ ဗမာ၊ မွန်၊ ပအိုဝ့်၊ ရှမ်း၊ ရခိုင်အစရှိသော တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်၍ စည်းလုံးညီညွတ်စွာ ဖွဲ့စည်းထားသော "တိုင်းရင်းသားလူမျိုး ပေါင်းစုံလွတ်မြောက်ရေးတပ်ပေါင်းစု"ကို ဖွဲ့စည်းရန်၊

(၂) တပ်ပေါင်းစုသည် တိုင်းရင်းသာလူမျိုးပေါင်းစုံ ပြည်သူများကို စည်းရုံး၍ ရှေ့ဆောင်ကာ လက်နက်ကိုင်တိုက်ပွဲကို အဓိကထား၍ ဗိုလ်နေဝင်းအစိုးရကို ဖြုတ်ချ၍ အောက်ပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရန် –

(က) လူမျိုးတစ်မျိုး၏ အရည်အချင်းရှိသော မည်သည့်တိုင်းရင်းသားလူမျိုးမဆို လူဦးရေနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ တရားမျှတ

သော အကျယ်အဝန်းရှိပြီး ကိုယ်ပိုင်အုပ်ချုပ်ရေးအခွင့် အာဏာ အပြည့်အဝရှိသော ပြည်နယ်များဖွဲ့စည်းပေးရန်၊

(ခ) တန်းတူရေးအခြေခံပေါ်တွင် ပြည်နယ်ပေါင်းစုံ၊ ပြည်ထောင်စု သမ္မတနိုင်ငံတည်ဆောက်ရန်နှင့် ပြဿနာရပ်များကို အကြမ်းမဖက်ပဲ ငြိမ်းချမ်းစွာ ဖြေရှင်းသွားရန်၊

(ဂ) အဖွဲ့သုံးဖွဲ့သည် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ် တည်းဟူသော ပြည်နယ်သစ် သုံးပြည်နယ်ကို တည်ထောင်ဖွဲ့စည်း ရန် သဘောတူကြသည်။

*(ပြည်တွင်းသောင်းကျန်းမှုသမိုင်း အပိုင်း – ၄ )*


ဤသည်မှာ သုံးပါတီဖွဲ့စည်းနိုင်ခြင်းကို အသီးသီးရေးသားကြခြင်းဖြစ် လေသည်။ တော်လှန်ရေးအဖွဲ့များအနက် ဦးနု၏ဒီမိုကရေစီပါတီနှင့် သုံးပါတီသည် အလွန်တာတွက်ကောင်းသော အဖွဲ့ပင်ဖြစ်သည်။ ယုတ်စွာ့အဆုံးလေယာဉ်ဖြင့်ပင် ရန်ကုန်မြို့ မိုးကောင်းကင်ထိလာရောက်၍ ဖုံးကြဲချနိုင်လေသည်။ အချို့ရဲဘော် များမှာ ရွှေဒင်္ဂါးကိုကိုင်၍ သုံးနိုင်စွဲနိုင်ကြလေသည်။ သို့ရာတွင် တော်လှန်ရေး သက်တန်းကား ကြာကြာမခံပါ။

ယင်းအကြောင်းကို ကျန်သူများက မပြောမဆိုသော်လည်း ကိုတင်မောင် ဝင်း(ဝန်ကြီးဦးဝင်းသား)သည် ကွယ်လွန်အံ့ဆဲဆဲတွင် ရေးသားခဲ့လေသည်။

ဦးနုတော်လှန်ရေးစတင်ချိန်နှင့် ချိန်နဲ့ပျက်ပြုန်းသွားခဲ့ရသော (၁၉၇၄)ခုနှစ်မှ (၁၉၈၈)ခုနှစ်တာကာလသည် (၁၄)နှစ်ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် ဗမာနှင့်လူမျိုးစု များလည်း သင်ခန်းစာအမြောက်အမြားရလာခဲ့ရာ လူမျိုးစုများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၊ တန်းတူရေးနှင့်ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့် … အစရှိသော တော်လှန်စစ်နှင့်(၁၉၆၂)ခုနှစ်နှင့် (၁၉၈၈)ခုနှစ်၊ ဒီမိုကရေစီအရေးတော်ပုံမှ ဆက်တိုက်ပေါက်ဖွားလာခဲ့သည့် “ဒီမိုကရေစီ”ရရှိရေး၊ တော်လှန်ရေးစစ်နှစ်ခု သည် အချိတ်အဆက်မိမိပူးပေါင်းကာ တပြည်လုံးအတိုင်းအတာကို ခြုံ၍

လုပ်ဆောင်လာနိုင်ခြင်းသည် အနာဂတ်ပြည်ထောင်စုအတွက် မျှော်လင့်ချက်ကောင်းသော လက္ခဏာတရပ်ဟု ဆိုရပါလိမ့်မည်။

## ဗိုလ်ချုပ်လက်ျာနှင့် ဆုံးရှုံးမှုအထွက်အထိပ်



ဗိုလ်လက်ျာ။ ဗိုလ်စကြာ။ ဗိုလ်တေဇ။

ဦးနု၏တော်လှန်ရေးတွင် ပထမဆုံးနုတ်ထွက်သွားသူမှာ ဦးလောရုံဖြစ်၍ ခွဲထွက်ခွင့်ဖြစ်လာ ပြန်သောအခါ ဦးနုနှင့်ဗိုလ်လက်ျာတို့ သဘောထားကွဲပြီး ဦးနုပါ နုတ်ထွက်သွားလေသည်။ (P.D.P)ကို ဗိုလ်လက်ျာသာ ဆက်လက်ခေါင်းဆောင်တော့သည်။ (P.D.P)၏ အရှုပ်အထွေးနှင့်ဆုံးရှုံးမှုမှာ ဗိုလ်လက်ျာမှ ရဲကျော်သူထံ ပေးစာကိုသာ ဖတ်ကြည့်ရန်သာ ရှိတော့သည်။

## ဗိုလ်ချုပ်ကြီးလက်ရှိမှ ဦးရဲကျော်သူထံ ပေးခဲ့သော စာများ

ကိုကျော် ---

7.6.2 nd က ရေးလိုက်တဲ့စာရတယ်။ Washington မရောက်ခင် San Francicoက ရေးတဲ့ စာမရပါ၊ ကိုကျော်ရဲ့ addrumကို စိ၍မချလို့ပါ ရှည်ရှည် မရေးတော့ဘူး။ အားသစ်မှန်မှန်ရရဲ့သားနဲ့ တော်လှန်ရေးအခြေအနေပေးတာ ဘယ်လိုလဲ၊ ပြည်တွင်းအခြေအနေတော်တော်များများ အားသစ်မှာပါ, ပါတယ်။ အန်ကယ်တို့ကလည်း ပြည်တွင်းကို အားထားပြီး လုပ်နေတာပဲ။ ကျောင်းသား၊ အလုပ်သမားများက အထက်သန်ဆုံးပဲ။ လယ်သမားက မှောင်ခိုရောင်းရလို့ အကျိုးရှိကြတယ်။ နေရာတိုင်းတော့ မဟုတ်ပါဘူး။

ရန်နိုင်တပ် ကရင်ကိုတိုက်ရင် တပ်ပျက်သလောက်ဖြစ်သွားတယ်။ တော်တော်များများ သူတို့အားကိုးတဲ့ လူတသိုက်လက်နက်ချသွားတယ်။ သို့သော် ရန်နိုင်က တောအကြွားမပျက်ဖူး။ ကျန်တဲ့လူတွေကလည်း လက်နက် များရောင်းစားနေကြတယ်။ ဘယ်စခန်း ဆိုက်ကြမယ်တော့မသိဘူး။ ရန်လင်းနိုင်ကိုလည်း အသတ်ခံရတယ်။ Jun 26[th]နေ့က ဖြစ်တယ်။ ကိုဘဆွေသတ်တယ်လို့ ဆိုတယ်။ အထောက်အထား အလွန်ခိုင်လုံလို့ ပုလိပ်က ဘေအေးရောအတူ နေတဲ့သမီးကိုပါ ဖမ်းပြီးထားတယ်။ အခု ကံဘူရီထောင်ကို ရောက်နေကြပြီ၊ ဘယ်လိုစီရင်ချက်ချမယ် မသိဘူး။ ဒါနဲ့ပါတ်သက်ပြီး ရန်နိုင်တို့က အသံလွှင့်ရုံကို သိမ်းလိုက် တယ်။

ဦးနေမင်း 7[th] Febက နှလုံးရောဂါနဲ့ ဆုံးသွားပြီ၊ ကိုဇာလီကို ပါတီက ထုတ်လိုက်တယ်။ မကြာသေးဘူး၊ ထုတ်ရတဲ့အကြောင်းကို ကျော်ယုံမှာမဟုတ်ဘူး၊ ပါတီရန်ပုံငွေ အတော်များများအလွဲသုံးစားလုပ်တယ်။ ဦးသွင်လက်မှတ်ကို လိမ်ထိုးပြီး ဝန်ခံတယ်။ တပါးတည်းငွေထုတ်တယ်။ သူမှားပါတယ်ဆိုပြီး ဝန်ခံတဲ့ စာရေးတယ်။ တပါးတည်း တက်စာတင်တယ်။ အလွဲသုံးစားလုပ်တဲ့ငွေတွေ၊ တပ်ထဲထုတ်ထားတဲ့ တင်ငွေတို့ကို ထောက် တယ်။ ရန်နိုင်တို့ကို ထောက်တယ်။ ထိပ်ဆုံးက လူယုံက ဒီလောက်လုပ်ရက်တယ် ကိုကျော်၊ အန်ကယ် ဘယ်လောက် စိတ်ထိခိုက်မယ်ဆိုတာတွေ ကြည့်ပါ။ သူတို့ တလောက တိုင်းပြည်အတွက်

လုပ်ကြတာ မဟုတ်ဘူး။ အိမ်သားစုအတွက်၊ ဆင်ဖြူတော်မှီပြီး ကြံစုတ်တဲ့ အကောင်တွေ၊ တော်ပြီကိုကျော်၊ ရေးရင် ဒေါသဖြစ်တယ်။ တကယ်ပြောရရင်၊ တော်လှန်ရေးသူတို့မလုပ်ကြပါဘူး။ ထမီလှန်ရေး လာလုပ်နေ ကြတာပါ။ ကိုကျော် ကောင်းကောင်းသိပါတယ်။

ကိုထိုက်နဲ့ကိုငြိမ်းဆီ၊ အန်ကယ်စာရေးလိုက်ပြီး အရက်အသောက် လျှော့ပါ၊ ကိုဘဆွေလိုဖြစ်တာ အရက်သောက်လွန်းလို့ပဲ၊

ကိုအောင်နဲ့ကိုဇော်မင်းတို့လည်း သတိရကြောင်း ပြောပါ။

ကျမ္မာပါစေ– ကျမ္မာပါ၏ သတိရလျက်

Strict by Privat At Maung ဗိုလ်လကျာ်

P.O. Box 11-1375 Bangkok.

၁၀၊ ၂၊ ၇၆

ကိုကျော် –

19th, Auquat က ရေးတဲ့စာရပါတယ်။ ဖတ်ပြီး အန်ကယ်တော်တော် စိတ်ပျက်တယ်။ ကိုကျော်လိုလူက မြောင်းမြဘဆွေ၊ ကိုရင်မန်းတို့နဲ့ တသံတည်း တက်တာ အံ့ဩလို့ မဆုံးဘူး၊ ကိုကျော်ဟာ အန်ကယ့်သားလိုပဲ အောက်မေ့လို့ ရှင်းပြမယ်၊ ခေါင်းအေးအေးထား ဖတ်ပေတော့ –

၁၊ ဦးနုအဖွဲ့က ဘာ့ကြောင့်ထွက်သွားသလဲဆိုတာ အထူးရှင်းပြစရာ မလိုပါ၊

၂၊ ဗိုလ်လောအဖွဲ့က ထွက်တာ ရှင်းစရာလိုသေးသလား၊

၃၊ Tin Mg ထွက်တာတော့ – နိုင်ငံရေးထက် စီးပွားရေးလုပ်လို့ပါဘဲ၊ ဘယ်လိုတားတားမရ၊ နိုင်ငံရေးသဘောကွဲလွဲမှုမပါပါ၊ နိုင်ငံရေးခေတ္တ ကြံ့လို့ ဝင်လုပ်တဲ့လူပါကွာ၊

၄၊ ဗိုလ်မှူးအောင်ခေါ် မုံလာဦးကြီးအကြောင်း အယင်အခါမှာ ရေးပြီးလို့ မရေးချင်တော့ဘူး၊

၅၊ ဗိုလ်ကျော်ဒင်ကို တတ်နိုင်သမျှ ကူညီတဲ့အနေနဲ့ အေးအေးဆေးဆေး နေဘို့ပြောတယ်။ ဒီကြားထဲ သူ့ဆရာဦးသွင်နဲ့ ပြန်ပေါင်းထုပ်ရန် ကြိုးစားပေးနေတယ်။ ဦးသွင်ကလည်း ပြန်ပြီးစဉ်းစားနေတယ်။ ဒီကြားထဲ ကော်သူးလေဌာနချုပ်သွားပြီး မဟုတ်တန်တရားတွေ ပြောတယ်၊ အဖွဲ့အပေါ်အထင်မှား အောင်လုပ်တယ်၊ ဘာပြော တယ်ဆိုတာ ကော်သူးလေမှပြန်ကြားရတယ်။ ဒီလိုအဖွဲ့ ဖျက်စီး အောင်လုပ်လို့ ထုတ်ဖြစ်တာဘဲ၊ တိုတိုနဲ့ရှင်းရှင်းနားလည်းဘို့ပါဘဲ၊ အန်ကယ့်သဘော အမှန်ပြောရယင် ဗိုလ်ကျော်ဒင်အပေါ် ဘယ်တုံးက မှ နိုင်ငံရေး၊ စစ်ရေးအရ အားမကိုးပါဘူးကွယ်၊ အထင်မကြီးပါဘူး၊ ကြွားလွန်းဝါလွန်းယင် အန်ကယ်က မပြောပေမဲ့၊ ဝမ်းထဲက ဘယ်တော့ မှ မကြိုက်ခဲ့ပါဘူး၊ ရှင်းပလား။

*(တင်မောင်ဝင်း၏ နိုင်ငံရေးသမားနှင့်နိုင်ငံရေး)*

၆၊ အောင်မြင့်၏ အကြောင်းအန်ကယ်ပြောစရာမလို၊ နဂိုကတည်းက မကြိုက်၊ နောက်ရှုပ်လွန်းလို့ ဦးသွင်ထုတ်ရတယ် မဟုတ်လား၊

၇၊ ဇော်ထွန်း၊ တင်မောင်ဝင်းတို့အတွက် အန်ကယ်တာဝန်ယူတယ်၊ အန်ကယ်မှားတယ်၊ လူငယ်တွေကို အားပေးခြင်လွန်းလို့ လုပ်ခဲ့တာဘဲ၊ ဇော်ထွန်းမဟုတ်တာတွေလုပ်တာ၊ ကိုကျော်အလွန်ကာကွယ် ခဲ့တယ်၊ ကိုကျော်တာဝန်အရှိဆုံးဘဲ၊ စောစောကတည်းက အန်ကယ်တို့ကို အသိပေးရင် ဒီလိုမဖြစ်ပါဘူး၊ ဒီဇာတ်လမ်း ထပ်ခင်းရင် အန်ကယ် ပေါက်ကွဲမယ်၊ တော်ကြစို့၊

၈၊ ကိုငြိမ်း၊ လူငယ်တွေထဲမှာ မျှမျှတတအရှိဆုံးလို့ ကနေ့တိုင်ထင်တယ်၊ ကိုကျော်ဘယ်ဘိုပြောပြော၊ သူ့အပေါ် သဘောထားမပြောင်းပါ၊ လူကြီးတွေလုပ်ပုံကိုင်ပုံကို သဘောရိုးရိုးနဲ့ အပြုသဘော ပြောတယ်၊ အန်ကယ်ကြိုက်တယ်။

၉၊ ဗိုလ်ရန်နိုင်နှင့်တကွ တောင်ပိုင်းကို ထုတ်ရတာ၊ အန်ကယ်အလွန် စိတ်မကောင်းပါ၊ ကိုကျော်လိုပါဘဲ ကွယ်၊ အမှန် ကိုကျော်ပြောပါ၊ တခါက ကိုလှကြည်နဲ့ ကိုကျော်ဘဲ တောင်ပိုင်းနဲဗိုလ်ရန်နိုင်၊ ဗိုလ်နေမင်းတို့အကြောင်း အံ့ထုတ်သေးတယ် မဟုတ်လား၊ အန်ကယ်ကောင်းကောင်းမှတ်မိ ပါသေးတယ်၊ အလုပ်သဘောနဲ့ ပြောရင်ကြာလှပြီ ထုတ်လို့ကောင်းတာ၊ နေဝင်းကို အစောဆုံး ထွက်ပြီး တော်လှန်တယ်လို့ အပေါ်ယံကြော မပြောနဲ့ကွယ်၊ ထွက်လာ တာတော့ မှန်တယ်၊ ဘာလုပ်ခဲ့သလဲ၊ မျှစ်ချိုးစားပြီး ငါမပြောခြင်ဘူး၊ ဘာလုပ်နေတယ်ဆိုတာ မင်းအသိဆုံး၊ တင်ငွေတို့ လူသိုက်ဟာ မူလက သူ့လူများ မဟုတ်ကြပါဘူး၊ တပည့်ရှာတဲ့အနေနဲ့ ရန်နိုင်တို့က သေနတ်(၂)လက်လောက် ရမ်းတောင့်အနည်းငယ်လောက်ရှာပေး တာဘဲရှိတယ်၊ ဒါတောင် သူတို့ငွေနဲ့ သူတို့ဆီပို့တာ တခါတခါ တင်ငွေတို့က ထောက်ပါသေးတယ်၊ အနည်းငယ်ပေါ့၊ တင်ငွေတို့ ပြည်တွင်းမှာ ပြေးနေရတဲ့အခါ ရန်နိုင် ဘာလုပ်နိုင်သလဲ၊ အန်ကယ်ဘဲ သူ့တပည့် အရင်းတွေထင်လို့ ခေါ်ထုတ်ခိုင်းခဲ့တယ်။ နောက်ပြီး တို့ကဘဲ ပိုက်ဆံမရှိတဲ့ကြားထဲက ရှာကြံပြီး ထောက်ပံ့ခဲ့တယ်။ အဲဒီအခါကျတော့မှ သူ့တပည့်ရယ်လို့ ဖြစ်လာတာပါကွယ်။

ဒီနောက် ဒီလူတွေအပေါ် ဘာခေါင်းဆောင်မှုပေးခဲ့သလဲ၊ ဒီလူတွေရဲ့ နောက်လိုက်ဘဲလုပ်နေတာ ကိုကျော်အသိပါကွယ်၊ တနေ့တနေ့ ဖဲရိုက်မယ်၊ အရက်သောက်မယ်၊ ကျင်နုနဲ့အိပ်မယ်၊ ဒ့ါအပြင် ဘာလုပ် သလဲ၊ နေဝင်းတပ်တွေး ဝါးစားလိုက်မယ်၊ ထားဝယ်ကို သိမ်းလိုက်မယ်၊ ပြီးယင် မော်လမြိုင်သိမ်းပြမယ်လို့သာ မရှက်မကြောက် ကြွားလုံး ထုတ်တာဘဲရှိတယ်၊ ရှေးတန်းကို တခါသွားဘူးသလား၊ တကယ်ပြော ရင် သူ့တပ်မှာ လူဘယ်နှစ်ယောက်ရှိတယ်ဆိုတာ မှန်မှန်ကန်ကန် သိတာ မဟုတ်ဘူးကွာ၊ ဒို့က အရာရာမှာ အုပ်အုပ်ဆိုင်းဆိုင်း လုပ်ခဲ့ပါတယ်။ နောက်ဆုံး အားလုံးထိခိုက် လာတော့ ထုတ်ရတာဘဲ၊ ဒို့သဘောက သူတို့တပ်ကို ဘာမှသုံးမရမှန်းသိလို့ ထိုင်နေစေချင်တာ

ကြာပြီ၊ တကယ်တော့ တင်ငွေတို့ဟာထဲ တိုင်းပြည်ရောက်သွားယင် ဒုက္ခပါဘဲကွယ်၊ အန်ကယ်ခေါင်းဆောင်မှုပေးနေသမျှတော့ အန်ကယ် အလွန်စိတ်ကုန်ပြီ၊ သူ့အပေးစိတ်ရှည်လွန်းလို့ တခြားမိတ်ဆွေများ ပြောစရာတောင် ဖြစ်ပါတယ်။

*(တင်မောင်ဝင်း၏ နိုင်ငံရေးသမားနှင့် နိုင်ငံရေး)*

သူ့အကြောင်းရပ်ပြီး၊ နဂါးပေါက်အကြောင်းဆက်မယ်၊ ဒီတပ်ကို ကိုဇာလီ ကိုင်တယ်၊ သို့သော် Tin Mg ကို သူပြောလို့ရပေမဲ့၊ ရန်လင်းနိုင်တော့ တနေ့သော အခါရခြင်မှရမယ်။ ဒီသူငယ်ဟာ ကိုကျော်သိတဲ့အတိုင်း ရိုင်းပါတယ်၊ အသောက် အစားများလွန်းတယ်၊ ဆက်ဆံရေးအလွန်ညံ့ပါတယ်။ အထူးပြောစရာ မလိုပါဘူး၊ ကိုကျော်အသိပါ၊ Tin Mgဆိုတာကလည်း အမြောက်လွန်ပြီး အောက်ခြေ လွတ်စပြုပြီး တကဲ့တိုက်ပွဲတွေကို ဗိုလ်တင်ဦးဆိုတဲ့လူငယ်က ရှုပ်ရှုပ်ချွန်ချွန် လုပ်နေတယ်။ သို့သော် ချုပ်ချယ်မှုရှိတယ်။ တနေ့ ရန်နိုင်တို့ ဆွယ်လို့မပါဘူး မပြောနိုင်ပါဘူး၊ ပါသွားလည်း ဒို့အနေနဲ့ မနစ်မျောပါဘူး၊ ရှိတဲ့လူက အလွန်နည်း သွားပြီး ဒါဏ်အမျိုးမျိုးမခံနိုင်လို့ ထွက်သွားသူများတယ်ကွယ်၊ ဒီလောက်ရေးရင် မင်းဒီကပဲ အကြောင်းသိလောက်ပါပြီ။


ချင်းတပ်အကြောင်းပြောဦးမယ်၊ Willian ဆိုတဲ့ကောင်က လူယုတ်မာ၊ လူလိမ်၊ လူကောက်မှန်း နောက်မှသိတယ်၊ ရှေ့တန်းမှာ မနေပါဘူး၊ နောက်မှာ နေပြီး မန်းတလင်းကို ဆရာလုပ်နေတာဘဲ၊ တပ်ကိုပြစ် ထားတယ်၊ ဗိုလ်ဘမြင့်နဲ့ လွှဲထားတယ်၊ ဗိုလ်ဘမြင့်ကို Paul က ကူတယ်၊ ငွေများများထုတ်ရတဲ့တနေ့ Paul က–ငွေ(၃၀၀၀၀ိ)နီးပါး ယူပြေးပြီး ချင်းတောင်မှာ လက်နက်ချသွားတယ်၊ တို့အယုံဆုံးအကောင်မဟုတ်လား၊ ဒီလိုတစတစဖြစ်ပြီး တပ်ကပြေးကြတယ်၊ တချို့လက်နက်ချတယ်၊ နောက်ဆုံး စောထကိုဆုတ်ပြီး နေမယ်လို့ Willian က မန်းတလင်းကို ပြောခိုင်းတယ်၊ ဒီလိုမလုပ်ရဘူး၊ ထွက်ချင်သူထွက်၊ တခြားတပ် သွားချင်သူ သွားဆိုပြီး လုပ်လိုက်တယ်၊ ကျန်တဲ့လူများအတွက် ငွေ(၁၀၀၀ဝိ) ချေးပါ၊ လက်နက်အချို့ပေးပါ၊ (၁၅)လက်ထင်တယ်၊ Willian အကြံဘဲ၊ ဒို့က ပေးပါတယ်၊ ပေးတဲ့ငွေနဲ့ ဒို့မသိဘဲ၊ လက်နက်(၁၀)လက်ရောင်းပြီး Willian က

အရောင်းအဝယ်လုပ်တယ်၊ ဘိန်းလည်းပါမယ်ထင်တယ်၊ ငွေ(ငါးသောင်း–ခြောက်သောင်း) လောက်ရလာတော့ မန်းကို Willianက ဘန်ကောက်ကို ကန်ထုတ်လိုက်တာဘဲ၊ အခုတို့က ထောက်ပံထားရတယ်။

ဒီလိုတပ်မျိုးကို တို့ကရှိခိုးထားရမလား၊ တာဝန်အရှိဆုံးက Willianဘဲ၊ ဒီအကောင်မျိုးကို တို့က ရွက်ထားရမလား၊ အန်ကယ်သဘောက ဒီကောင်မျိုး သတ်ရမယ်၊ မမိလို့ကြည့်နေတာကိုကျော်၊

ကိုင်း–ကိုဘဆွေ၊ ဘေးလွတ်ထိုင်ရတယ်လို့ ကိုကျော်မို့ပြောတယ်၊ ဒီအဖြစ်အပျက် ကိုကျော်မသိယင်၊ ကိုကျော်ကိုသတ်ဖို့ ကောင်းတယ်၊ ဒို့က လေးလေးစားစားတာဝန်ပေးပေမဲ့ လုပ်ပုံတွေက ဘယ်နေ့ လက်နက်ချ မလဲလို့ မြော်မနေ ဘူးလား၊ ကိုကျော်မမူးတဲ့အခါ အချို့ကို ဒီအကြောင်းတွေ ပြန်မေး ကြည့်ပါ၊ ဒီလိုအခြေအနေ ဖြစ်ရတာတွေဟာ အန်ကယ်တို့ လောပါလို့ ဖြစ်ရတယ် ဆိုရင် လုပ်ချင်သလို တနေ့သောအခါ တိုင်းပြည်က လုပ်နိုင်တယ်၊ အခုတော့ လာလိုက်ပြီလားဆိုယင် တကဲ့ပြဿနာကောင်တွေနဲ့ တိုးတိုးနေရတယ်၊ ကိုဆိုင်းနဲ့ ကိုအောင်တို့လည်း တာဝန်များဆောင်ရွက်လျက်ရှိကြတယ်၊ ကိုခန်ချွန်က အလုပ်မှာ စိတ်ပျက်စရာမရှိပါ၊ အသောက်လွန်ပြီး အန်ကယ်တို့က မကြိုက်တော့လို့ ဘုန်းကြီးဝင်လုပ်တာပါ၊ ဆရာကောင်းဆည်းကပ်မိတော့ အလွန်အောက်ချေလွတ် သွားတာပေါ့၊ ကိုကျော်အသောက်လျှော့ရဲ့လား၊ မလျှော့ယင် ကိုကျော်တနေ့ဒုက္ခ ရောက်မယ်ဆိုတာ အန်ကယ်မြင်ပါသေးတယ်။

ကိုကျော်ဝင်းအတွက် Cod နဲ့ အန်ကယ် Codများကို ထုတ်ထားတယ်၊ စာလည်းအတော်ရှည်သွားပြီ၊ ဒီတွင်ဘဲတော်ပြီး ဒီစာကို စိတ်ဝင်စားမယ့် မိတ်ဆွေ များရှိရင် ဖတ်ကြပါစေ။ တော်လှန်ရေးအောင်တော့ မယ်ဆိုတာ အန်ကယ် တကယ်ယုံတယ်၊ ကိုယ့်လုပ်ငန်းကို သိလို့ဘဲ၊ မသိတဲ့လူများကတော့ အာခြောင် မယ်၊ အပုတ်ချမယ်၊ သို့သော် ဒီအချိန်မှာ မမှုပါ၊ အလုပ်သာဖိလုပ်မယ်၊ ခွေးဟောင်တိုင်း ထမကြည့်တော့ဘူး ကိုကျော်၊ ဒါဘဲ၊ ကိုကျော်ကို သားလို့မှတ် တယ်ဆိုတာ စိတ်ချကွယ်။


Strictly private
Ah Maung,
P.O. Box 11-1375
Bangkok

သတိရလျက် ဗိုလ်လကျ်ာ

၁၆၊ ၈၊ ၇၉ *(တင်မောင်ဝင်း၏နိုင်ငံရေးသမားနှင့်နိုင်ငံရေး)*

ကိုကျော် ---　　　　　　　　　　　　　၁၇၊ ၂၊ ၇၆

18th. Fab.က ရေးလိုက်တဲ့စာရတယ်။ အကြိုးအကြောင်းစုံလင်လို့ အထူးကျေးဇူးတင်ပါတယ်။ ဒို့စည်း ကမ်းက ဘယ်ကငွေကိုထုတ်ယင် စောကြာဒိုး၊ ဦးသွင်၊ ကိုဇာလီတို့ သုံးယောက်အနက်–(၂)ယောက် လက်မှတ်ပါမှ ထုတ်ရတယ်၊ ကိုဇာလီနဲ့ဦးသွင်တို့ လက်မှတ်နဲ့ထုတ်တာများတယ်။ ဒီတခါ ဦးသွင်လက်မှတ်ကို လိမ်ထိုးပြီး ငွေထုတ်လိုက်တယ်၊ အရင်က ဘယ်နှစ်ခါလိမ်ထိုးပြီး ထုတ်ခဲ့တယ် ဆိုတာ အန်ကယ်တိတိကျကျ မပြောနိုင်ပါ၊ သို့သော် အကြိမ်များပြီးလို့ ထင်တယ်၊ အခုအထိတော့ နဂါးမောက်တပ်ဟာ ဒို့လက်အောက်မှာ ပါဘဲ၊ ပုဂ္ဂိုလ်အနေနဲ့ Tin Mgက ကိုဇာလီအပေါ် အလွန်သံယောဇဉ်ကြီးတယ်၊ အလုပ်အနေနဲ့ သူတို့ လက်အောက်မှာ မလုပ်ချင်ကြကြောင်းပြောတယ်။ ဒါကြောင့် ကိုဆိုင်းတပ်ရော၊ နဂါးမောက်တပ်ရော၊ အောင်လကျ်ာဘက်ကို ရွှေ့လိုက်ပြီ၊ အခု သူတို့လမ်းမှာ ရှိသေးတယ်။ သွားရမဲ့လမ်းမှာ ကော်သူးလေရန်ရှိတယ်။ သို့သော် ကြိုတင် အကြောင်းကြားပါတယ်။ နဂါးမောက်တို့ ကော်သူးလေက မယုံဘူးကွယ်။

အသံလွှင့်ရုံပစ္စည်းများကို ထိုင်းက–ပြန်ပေးရတယ်ဆိုလို့ ပြန်ပေးပဲ့မယ်လို့ မှန်တိုင်းကို ခေါ်ပြောတယ်။ ဒါပေမဲ့ တချို့ပစ္စည်းတွေ ရွာထဲရောက်ကုန်ပြီ။ ရန်နိုင်က ငွေရရ၊ ပစ္စည်းရရ ဘာမဆို ယူဆိုတဲ့သဘောရှိတယ်။ အလွန်ယုတ် ညံ့တဲ့ စိတ်ဘဲ။ ဒါကြောင့် ခလေးတွေက အလွန်မိုက်ရိုင်းတယ်၊ အန်ကယ်နဲ့ ဗိုလ်ချုပ်ကြာဒိုးကို သတ်ရမယ်လို့ ပြောနေကြတာဘဲ၊ ရန်နိုင်ကလည်း တို့သုံးယောက်၊ ဦးသွင်၊ စောကြာဒိုးနဲ့အန်ကယ်ကို အလွန်အပုတ်ချတယ်။ အန်ကယ်စေတနာကို သူပြစ်မှားတာ၊ တနေ့သောအခါ ကိုကျော်ပြောသလို စိမ်ရည်သင့်မယ်၊ သူ့အကြောင်းအန်ကယ်မရေးချင်တော့ဘူး၊ စိတ်မကောင်းဖြစ် လွန်းတယ်။

ကိုဘဆွေကို ထောင်ထဲရောက်နေပေမဲ့ တတ်နိုင်သမျှ တို့အကူအညီ ပေးပါတယ်။ တခြားသူ့ သားသမီးတွေကို အပြင်ထွက်ပြီး အလုပ်လုပ်နိုင်တယ်။ သူတို့အလုပ်ရကုန်ပြီ၊ ပြန်လို့တော့ မဖြစ်ဘူးလို့ ပြောတယ်။ သူ့သမီးကို ရန်လင်းနိုင်က ဗလက္ကာယလုပ်ရန် ကြိုးစားလို့ ပြစ်သတ်လို့ထင်တယ်။ တော်လှန်

ရေးအကျိုးမပြုတဲ့လူတွေကြောင့် အန်ကယ်အလွန်စိတ် ဆင်းရဲတယ်၊ မြန်မြန်ပြီးစေချင်တယ်ကွယ်။

အလယ်ပိုင်းအကြောင်းရေးတာ မမှန်ပါဘူး၊ အလုပ်လုပ်ကြပါတယ်။ မော်တော်ကား၊ မော်တော် ဆိုင်ကယ်မရှိယင် မဖြစ်တဲ့ နေရာဘဲ၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်ဝယ်တာ မထူးဆန်းပါဘူး၊ ကိုယ်ပိုင် ပစ္စည်းတွေမဟုတ်ပါဘူး၊ အားလုံးအဖွဲ့က ပိုင်းတဲ့ပစ္စည်းတွေပါ၊ ဒို့ဘဏ္ဍာရေးအခြေအနေ နောင်သောအခါ ဘယ်လိုမှန်းမသိလို့၊ စီးပွားရှာနိုင်ယင် ပေးထားပါတယ်။ အောင်လကျ်ာ ဘက်ကိုလည်း ပေးထားပါတယ်၊ ရတဲ့ငွေတပ်ပြန်ရောက်ခွင့် ပြီးဒါပါဘဲ၊ အခုအထိ ဘာအရှုပ်မှမရှိပါ၊ တောင်ပိုင်းနဲ့တခြားဆီဘဲ၊ တောင်ပိုင်းက ခွင့်မပြုဘဲ စီးပွားရှာတယ်၊ ကိုယ်ကျိုးအတွက်သုံးတယ်၊ တခြားလူတွေကို အပုတ်ချတယ်၊ အခုလိုကိုကျော်မေးတာ ကောင်းတယ်။ ဒါမှ အန်ကယ်လည်း ရှင်းနိုင်မယ်။

*(တင်မောင်ဝင်း၏ နိုင်ငံရေးသမားနှင့်နိုင်ငံရေး)*

အန်ကယ်တို့ကို ထိုင်းကလက်မခံတော့ဘူးဆိုတဲ့ သတင်းကြောင့် စိတ်ပူရန်မလိုပါ၊ အန်ကယ်တို့ ပြည်တွင်းဆင်းနေရန် အစီအစဉ်ရှိပါတယ်၊ တော်လှန်ရေးမှာ ပေါ်လာတဲ့ပြဿနာကို ရဲရဲယင်ဆိုင်ရမှာဘဲ၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပေ့ါကွယ်၊ အန်ကယ်အဖို့ ဆေးဝါးကိစ္စအခက်အခဲရှိတယ်၊ တခါတရံ ဆရာဝန်နဲ့တွေ့ဘို့ခက်မယ်။ သို့သော် အန်ကယ်တို့ရဲ့ စေတနာ အကျိုးပေးကြောင့် အခက်အခဲများရှိမယ်မထင်ပါ။

ထိုင်းကထွက်ရမဲ့ (၇)ယောက်ဟာ ၁၊ အန်ကယ်၊ ၂၊ ဗိုလ်ကြာဒိုး၊ ၃၊ ကိုဇာလီ၊ ၄၊ ဗိုလ်မှူးအောင်၊ ၅၊ တင်မောင်ဝင်း၊ ၆၊ ဗိုလ်ရန်နိုင်၊ ၇၊ မန်းကစုံတို့ဖြစ်ကြတယ်။ ဦးသွင်ကိုတော့ ထိုင်းမှာရှိတယ်လို့ သူတို့ဝန်မခံ ဘူး၊ ဒါကြောင့် နာမည်မထည့်တာပါ။

ကိုငြိမ်း၊ ကိုထိုက်၊ သန်းသန်းနုတို့ဆီက မကြာသေးခင်က စာများရပါသေးတယ်၊ ချိုဆီကလည်း စာရပါတယ်။ အားလုံးကျန်မာကြတယ်ဆိုလို့

ဝမ်းမြောက်ရတယ်၊ အခုပေးထားတဲ့ **P.D.Box**အတိုင်း စာမကြာ မကြာရေးပါ၊ သတင်းစုံ ဖတ်ချင်တယ်၊ အားသစ်အတွက် **P.D.Box** ရယင် အကြောင်းပြန်ပါ။

| | |
|---|---|
| ကျမ္မာပါစေ၊ | ကျမ္မာပါ၏၊ |
| သတိရလျက် | ဗိုလ်လကျ်ာ |

## သမိုင်းဝင် ဗိုလ်လကျ်ာ၏ စာ

ထိုစဉ်က လူမျိုးစုများတောင်းဆိုသော "ခွဲထွက်ခွင့်"အပေါ်တွင် (ပီဒီပီ)၌ ဦးနုနှင့်ဗိုလ်လကျ်ာတို့ အမြင်များမတူကြပေ။ ယင်းခွဲထွက်ခွင့်ကို ဦးနုက လက်မခံနိုင်သဖြင့် (ပီဒီပီ)က နှုတ်ထွက်သွားတော့သည်။ ခွဲထွက်ခွင့်ကို အခြေအနေအရ လက်ခံသောဗိုလ်လကျ်ာမှာ ဦးနု၏ခေါင်းဆောင်မှုနေရာတွင် ခေါင်းဆောင်ဖြစ်လာသည်။

ဗိုလ်လကျ်ာသည် သူ၏ခေါင်းဆောင်မှုအတွင်း၌ ဖြစ်ပျက်ခဲ့သော မလျော်ကန်မှုဟူသမျှကို ကိုရဲကျော်သူထံ ပေးစာအဖြစ်ဖြင့် ရင်ဖွင့်ထားခြင်းပင် ဖြစ်လေသည်။ ယင်းပေးစာကို ကိုတင်မောင်ဝင်းသည် ရဲကျော်သူကွယ်လွန်သောအခါ လက်ခံရရှိထားပြီး သူ၏စာအုပ်ထဲတွင် သင်ခန်းစာတရပ်အနေနှင့် ဖော်ပြထားခြင်းပင် ဖြစ်လေသည်။ ဗိုလ်လကျ်ာ၏ ပေးစာကြောင့်ပင် ကိုတင်မောင်ဝင်း၏ (နိုင်ငံရေးသမားနှင့်နိုင်ငံရေး)စာအုပ်သည် ပိုမို၍ ထောက်ပနေသည်ဟူ၍လည်း ယူဆကောင်းယူဆနိုင်ကြပေသည်။

(၁) ဗိုလ်လကျ်ာပေးစာအရ ဗိုလ်ရန်နိုင်သားအဖ(ရန်လင်းနိုင်)နှင့် စာရေးဆရာရန်ကုန်ဘဆွေသားအဖ (သမီး)တို့ လူငယ်ချင်းသဘာဝအရ မတော်မလျော်ဖြစ်ကြရာမှ ရန်လင်းနိုင်ကို ဆရာရန်ကုန်ဘဆွေက ပစ်သတ်လိုက်ခြင်း၊

(၂) ဗိုလ်ရန်နိုင်သည် သူ့တပ်သူမနိုင်တဲ့အပြင် အမြဲတန်းဖဲရိုက်နေပြီး မကျင်နနှင့်ပါ ပျော်တော်ဆက်နေကြခြင်း၊

(၃) ဇာလီမော်က ဦးသွင်လက်မှတ်ကို လိမ်ထိုးပြီး ငွေတွေအလွဲသုံးစား ပြုသဖြင့် ထုတ်ပယ်လိုက်ရခြင်း၊

(၄) ဗိုလ်ကျော်ဒင်နှင့်သူ၏သားတွေအကြောင်း၊

(၅) ဗိုလ်ရန်နိုင်က ဗိုလ်လကျ်ာ၊ စောကြာဒိုး၊ ဦးသွင် ဤသုံးယောက်ကို သတ်ပစ်ရန် အောက်ခြေကို ပြောပြခြင်း၊

တကြိမ်အခါက ရှောမလူကြီးလူကောင်းများသည်ပင် တော်လှန်ရေး ကာလ၌ မဖြစ်သင့်မဖြစ်ထိုက် သည်များဖြစ်ကြကြောင်း ဗိုလ်လကျ်ာ၏စာအရ သိရှိကြရပေသည်။ ယနေ့တိုင် ပြည်သူလူထုနှင့်စာဖတ် သူများ အပြည့်အစုံမသိ ကြရသေးသည်မှာ ပဲခူးရိုးမ "မြရာပင်"ဒေသတွင် သခင်သန်းထွန်းမှ ကျောင်းသား နှင့် ပီကင်းပြန်များအား သတ်ဖြတ်ခဲ့သော လူသတ်မှုနှင့်(၁၉၈၈)ခုနှစ်၊ ဒီမိုကရေစီ အရေးအခင်းကာလ မြန်မာနိုင်ငံမြောက်ပိုင်းနှင့်တောင်ပိုင်းဒေသ အပြည့်အစုံသတ် ဖြတ်ခံရသည့်သတင်းကို ယနေ့တိုင် ပြည့်စုံစွာ မသိရသေးသည့်အကြောင်းပင် ဖြစ်လေသည်။

# (တတိယပိုင်း)

# အခန်း (၁၄)

## ☆ သမ္မတကြီးဦးသိန်းစိန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၊
## ☆ ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်(**N.L.D**)အဖွဲ့ချုပ်၊
## ☆ မြန်မာပြည်သူများနှင့် လူမျိုးစုပြည်သူများ၊

သမ္မတဦးသိန်းစိန်နှင့်ဒေါ်အောင်ဆန်းစုကြည်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံပြန်လည်ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ဦးသိန်းစိန်မှ ကြီးကျယ်သောညီလာခံတရပ် ခေါ်ဆိုပေးမည်ဖြစ်ကြောင်းနှင့် ဒေါ်အောင်ဆန်း စုကြည်မှ နှစ်ဆယ့်တစ်ရာစု ညီလာခံတရပ်ခေါ်ဆိုသွားမည်ဖြစ်ကြောင်း အသီးသီးပြောဆိုခဲ့ကြပါသည်။

ယင်းသို့ ကြီးကျယ်သောညီလာခံတရပ်ပင်ဖြစ်စေ၊ နှစ်ဆယ့်တစ်ရာစုညီလာခံပင်ဖြစ်စေ ကျင်းပရန်ရက် အတိအကျ မသတ်မှတ်ရသေးမီ စပ်ကြားမြန်မာပြည်သူများနှင့်လူမျိုးစုပြည်သူများအနေနှင့် သိရှိထားရန်နှင့် လေ့လာရန်လိုအပ်နေပါသည်။ သိရှိထားမှလည်း ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို ရေးဆွဲရာတွင်၎င်း၊ ယင်းအဖွဲ့အစည်းကို ကာကွယ်စောင့်ရှောက်ရန်အတွက်၎င်း ပြည်သူလူထုသည် တာဝန်ကြေပွန်နိုင်မည် ဖြစ်ပါသည်။

## ဗြိတိသျှလက်ထက် မြန်မာနိုင်ငံ
## တောင်တန်းဒေသများ (**Part One**)ခေါ်တွင်သည့် နယ်မြေများ

**Government of Burma Act-1935**

**SECOND SCHEDULE!**

Areas in Burma to which special provisions apply

**Part One – (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေများ)**

(1) The Federated Shan States as specialfied in Notification No.31, Dated 27th September 1922, of Political Department of the Government of Burma, as amended by any subsequent notification made before the commencement or this Act other than the Federated Shan States.

ဖက်ဒရယ်ရှမ်းပြည်ထောင်စု။ (ယခုလက်ရှိ ရှမ်းပြည်ဖြစ်ပြီး ရှမ်းစော်ဘွားများ Part One နယ်မြေများဖြင့်သာ စုစည်းပါသည်။)

(2) The Shan States specified in Notification No.41, dated 5th October, 1922, of the Political Department of the Government of Burma, as amended by any subsequent notification made before the commencement or this Act other than the Federated Shan States.

ဖက်ဒရယ်ရှမ်းပြည်ထောင်စုတွင် ထည့်သွင်းခြင်းမပြုသည့် ရှမ်းစော်ဘွားနယ်ဖြစ်သော သောင်သွပ်နယ်၊ ဆင်ကလိုက်ခန္တီးနယ်၊ ခန္တီးလုံနယ်တို့ ဖြစ်သည်။ (ယခု စစ်ကိုင်းတိုင်း၊ မြောက်ပိုင်းတွင် စုစည်းပါဝင်သည်။)

(3) The Arkan Hill Tracts.

ရခိုင်တောင်တန်းဒေသများ(ခေါ်) ပလက်ဝဒေသနှင့်မြောက်ပိုင်းရှိ တောင်တန်းဒေသများ။ (ယခု ချင်းပြည်တွင် စုစည်းပါဝင်သည်။)

(4) The Chin Hill District.

ချင်းရမ်အုပ်များနယ်မြေ၊ ချင်းတောင်တန်းဒေသ၊ (ယခု ချင်းပြည်တွင် ပါဝင်သည်၊ လက်ရှိချင်းပြည်သည် ချင်းရမ်အုပ်မင်း နယ်မြေများနှင့် Part One နယ်မြေများဖြင့်သာ စုစည်းပါဝင်သည်။)

(5) The Kachin Hill Tracts of the Myitkyina, Bhamo and Katha District.

မြစ်ကြီးနား၊ ဗန်မော်နှင့်ကသာ စီရင်စုများအတွင်း ကချင်ဒူးဝါးများနယ်မြေ၊ ကချင်အမျိုးသား များ နေထိုင်ရာဒေသဖြစ်သည်။ (ယခု ကချင်ပြည်တွင် ပါဝင်သည်၊ လက်ရှိကချင်ပြည်သည် ကချင်ဒူးဝါး

နယ်မြေများ၊ Part One နယ်မြေများနှင့် Part Two နယ်မြေများဖြင့် စုစည်းပါဝင်သည်။)

(6) The Somra Tract.

ဆော်မရနယ်ပယ်။ (နာဂတောင်တန်းဒေသ လက်ရှိစစ်ကိုင်းတိုင်း မြောက်ပိုင်းတွင် စုစည်းပါဝင်သည်။)

(7) They are know as the Trianngle.

တြိဂံနယ်မြေဆိုသည့် မေခနှင့်မလိခမြစ်နှစ်သွယ်ကြားရှိဒေသ။ (ယခု ကချင်ပြည်တွင် စုစည်းပါဝင်သည်။)

(8) The area know as the Hukawing Balley lying to the north of the Upper Chindwin District.

အထက်ချင်းတွင်းဒေသနှင့် ဟူးကောင်းတောင်ကြားဒေသဖြစ်သည်။ (ယခု စစ်ကိုင်းတိုင်း မြောက်ပိုင်းနှင့်ကချင်ပြည်တွင် စုစည်းပါဝင်သည်။)

(9) The Salween District.

သံလွင်ခရိုင်ဖြစ်သည်။

*(ယခု ကရင်ပြည်တွင် ပါဝင်သည်။ (၁၉၇၄)ခု၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ကော်သူးလေဒေသဟုခေါ်ပြီး (၁၉၅၂)ခုနှစ်၊ နိုဝင်ဘာလ (၇)ရက်နေ့တွင် ဖါပွန်၊ ဘားအံ၊ လှိုင်းဘွဲ့နှင့်သံတောင် နယ်များကို ကရင်ပြည်အဖြစ်သတ်မှတ်သည်။ (၁၉၅၄)ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ကော့ကရိတ်နှင့်ကြာအင်းဆိပ်ကြီးနယ်များအပါအဝင် ကရင်ပြည်အဖြစ် တိုးချဲ့သတ်မှတ်သည်။ ထို့ကြောင့် လက်ရှိကရင်ပြည်သည် **Part One** နယ်မြေနှင့် **Part Two** နယ်မြေများဖြင့် စုစည်းပါဝင်သည်။)*

(10) All tribal territories which at the date of coming into operation of this Act are unadministered.

အင်္ဂလိပ်အုပ်ချုပ်ရေး လုံးဝလက်လှမ်းမမီသော နယ်မြေဒေသများ။ (ဥပမာ 'ဝ' စော်ဘွား နယ်မြေများ၊ Wa States၊ ယခုလက်ရှိ ရှမ်းပြည်တွင် စုစည်းပါဝင်သည်။)

အထက်ဖော်ပြသော Part One နယ်မြေများ(၁၀)ခုသည် သီးခြားကိုယ်ပိုင် အုပ်ချုပ်ခွင့်ရှိသော နယ်မြေများဖြစ်ပြီး၊ အင်္ဂလိပ်ဘုရင်က လုံးဝတာဝန်ယူထားသည်။ ပြည်ပဝန်ကြီးအဖွဲ့အစိုးရက ဝင်ရောက်စွက်ဖက် ပိုင်ခွင့်မရှိချေ။



မြေပုံပေါ်တွင် ဖော်ပြထားသောဂဏန်းများသည် အပိုင်း (၁)နယ်မြေအတွင်း ကျရောက်သော နယ်မြေများဖြစ်သည်။ အပိုင်း(၂)နယ်မြေအတွက် မြေပုံတွင် လွယ်ကူစွာ တွေ့နိုင်ပါသည်။

**MAP OF BURMA**
Showing Part I and Part II areas of Second Schedule under Government of Burma Act, 1935

ဗြိတိသျှလက်ထက် မြန်မာနိုင်ငံ

## တောင်တန်းဒေသများ (**Part Two** ခေါ်တွင်သည့် နယ်မြေများ)

Part Two

(1) Such Parts of the Myitkyina and Bhamo Districts as are not included in Part One of this Schedule.

– Part One တွင် မပါဝင်သည့် မြစ်ကြီးနားနှင့်ဗန်းမော်တို့မှ အစိတ်အပိုင်းများ။ (ယခု ကချင်ပြည်တွင် စုစည်းပါဝင်သည်။)

(2) Such Parts of the Upper Chindwin District as constitute the Homalin sub-division together with the village tracts which were included in the former Tamu township of the Mawlaik sub-division on the preceding abolition.

– အထက်ချင်းတွင်းစီရင်စုရှိ ဟုမ္မလင်း၊ ဆမ်ဒီဝိဇ်၊ ယခုတမူးမြို့နယ်၊ မော်လိုက်ကျေးလက်ဒေသများ။ (ယခု စစ်ကိုင်းတိုင်းမြောက်ပိုင်းတွင် စုစည်းပါဝင်သည်။)

(3) The Kya in township, the Myawady Circle of the Kawkareik township, and so much of the Karen Hill tracts in the eastern half of the Toungoo District and the Thaton District as may be prescribed by His Majesty in Council.

– ကြာအင်းမြို့နယ်၊ ကော့ကရိတ်မြို့နယ်မှ မြဝတီတိုက်နယ်၊ တောင်ငူစီရင်စုအရှေ့ဘက်ခြမ်းနှင့် သထုံစီရင်စုရှိ တောင်တန်းဒေသများဖြစ်သည်။ (ယခု ကရင်ပြည်တွင် စုစည်းပါဝင်သည်။)

Part two ဒေသများသည် ပြည်မဝန်ကြီးအစိုးရအဖွဲ့က အကြံဉာဏ်ပေးနိုင်သော်လည်း ဘုရင်ခံ၏ အဆုံးအဖြတ်သည်သာ အဓိကအတည်ဖြစ်သည်။


အထက်ဖော်ပြပါ (ဗမာပြည်မ၊ ကရင်နီပြည်၊ တောင်ပေါ်စခန်းမြို့များ၊ Part One တောင်တန်းဒေသများ(၁၀)ခုနှင့် Part Two တောင်တန်းဒေသများစသော နယ်မြေများအားလုံးသည် အင်္ဂလိပ်အစိုးရလက်ထက်မှ လွတ်လပ်ရေးရရှိသည့် အချိန်ထိ တိုင်းရင်သားလူမျိုးများ၏ နယ်မြေများအနေအထားမှန်ဖြစ်သည်။

မြန်မာနိုင်ငံခေတ်အဆက်ဆက်တွင် ဗမာလူမျိုးများနှင့်ကျန်လူမျိုးစုများသည် နယ်မြေအရ လွတ်လပ်စွာ နေထိုင်ခဲ့ကြရာမှ (၁၈၈၅)ခုနှစ် ဗြိတိသျှအစိုးရသည် အိန္ဒိယနိုင်ငံမှတဆင့် မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့လေသည်။ ယင်းသို့ သိမ်းပိုက်ရာမှ အရှည်အုပ်ချုပ်နိုင်ရန် မြန်မာနိုင်ငံ၏ လူမျိုးများဆိုင်ရာ ကွဲပြားခြားနားမှုကိုင်း၊ ယဉ်ကျေးမှုနှင့်သဘာဝကား ကွဲပြားမှုကိုင်း တသီးတခြားစီ လွတ်လပ်စွာနေထိုင်ကြသည်ကို ရှုမြင်သုံးသပ်ပြီး ဗြိတိသျှအစိုးရသည် သူ၏ အုပ်ချုပ်မှုပုံစံကို ချမှတ်ခဲ့လေသည်။

ဗြိတိသျှအုပ်ချုပ်ရေးပုံစံတွင် အပိုင်း(၁) Part Oneနှင့် အပိုင်း(၂) Part Two ဟူ၍ရှိလေရာ အပိုင်း(၁)တွင် ဗမာပြည်မ (ယခု စစ်ကိုင်းတိုင်း)နှင့် (၁၉၇၇)ခုနှစ် အထိ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့အပါအဝင် ဖြစ်သည်။ (၂) ကရင်နီ စော်ဘွားနယ် (မင်းတုန်းဘုရင်ကိုယ်စား ကင်းဝန်မင်းကြီး)နှင့် အင်္ဂလိပ်ဘုရင်ခံ ကိုယ်စား “ဆာဒေါက်တာဖေါ်ဆိုက်”(Forsyth)တို့ (၁၈၇၅)ခုနှစ်၊ ဇွန်လ(၂၁)ရက် နေ့တွင် ချုပ်ဆိုထားသောစာချုပ် (သီးခြားလွတ်လပ်သောကရင်နီနယ်မြေ) ပါဝင်သည်။ (နောက်ဆက်တွဲ–၁)နှင့်ဂျပန်ခေတ်ရှိ ဗိုကဝါဘီနှင့် ဒေါက်တာ ဘမော်တို့ လက်မှတ်ရေးထိုးသော စာချုပ်(နောက်ဆက်တွဲ–၂)၊ (၃) တောင်ကြီး၊ ကလော၊ မေမြို့၊ လားရှိုး၊ လွိုင်လင်၊ လွိုင်ဖွေ၊ သံတောင် (တောင်ပေါ်စခန်း) မြို့များအဖြစ် သီးသန့်အုပ်ချုပ်ရေးထားရှိသည်။ နောက်ပိုင်းတွင် မေမြို့သည် မန္တလေးတိုင်းတွင်ငင်း၊ သံတောင်မြို့သည် ကရင်ပြည်နယ်တွင်ငင်း၊ တောင်ကြီး၊ ကလော၊ လားရှိုး၊ လွိုင်လင်၊ လွိုင်ဖွေမြို့များသည် ရှမ်းပြည် နယ်တွင် ပါဝင်လာကြသည်။ (၄)မှာ တောင်တန်းဒေသများဟူ၍ ခေါ်ဆိုသည်။ ယင်းတောင်တန်း ဒေသအပိုင်း (၄)နယ်မြေများထဲတွင် Part One ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေ များနှင့် Part Two ဘုရင်ခံ၏ သီးသန့်အုပ်ချုပ်ရေးထားရှိသော နယ်မြေများဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားသတ်မှတ်ထားလေသည်။

## ဖက်ဒရိတ်တက် (**Federated Shan States 1922** )

In 1885, Burma became a British Crown Colony. The Shan States, later to be know successively as the Federated Shan States (1922) and the Shan State (1948), became a British Protectorate two years later.





A.G. Bottomley & Aung San in Panglong, 9 February 1947

Col. Rees – Williams (later Lord Ogmore), who beaded the Frontier Areas Cmmittee of Enquiry (FACE), seen with his fellow committee members. On his left Sao Sam Htun, Prince of Mongpawn, who died mysteriously after he was superficially wounded during the assassination of Aung San on July 19, 1947.

အထူးသဖြင့် (၁၈၈၅)ခုနှစ်တွင် မန္တလေးနေပြည်တော်အပါအဝင် (စစ်ကိုင်းတိုင်း)သည် ဗြိတိသျှအုပ်ချုပ်မှုအောက်သို့ ရောက်ရှိပြီးနောက် (၂)နှစ်ကြာတွင် ရှမ်းပြည်နယ်သည် ဗြိတိသျှအစောင့် အရှောက်ခံဖြစ်လာသည်။ သို့ဖြစ်၍ (၁၉၂၂)ခုနှစ်မှ (၁၉၄၈)ခုနှစ်အထိ ရှမ်းပြည်သည် ဗြိတိသျှအစောင့် အရှောက်ခံ (Federated Shan States)ဖြစ်လေသည်။

# သီးခြားလွတ်လပ်သော ကရင်နီပြည်

ရှမ်းပြည်သည် အစောင့်အရှောက်ခံ(Federated)တခုဖြစ်သည့်နည်းတူ ကရင်နီပြည်သည် ကင်းဝန်မင်းကြီးနှင့် ဆာဒေါက်ကလပ်(စ်)ဖေါ်ဆက် (DougLasForsseth)တို့ သဘောတူလက်မှတ်ရေးထိုးချက်အရ လွတ်လပ်သော ကရင်နီပြည်ဖြစ်သည်။

## ကရင်နီပြည် သီးခြားလွတ်လပ်ခြင်းနှင့်ပတ်သက်သော စာချုပ်၊ စာစောင်၊ မှတ်တမ်းများ။

Treaty

**AGREEMENT REGARDING THE INDEPENDENCE OF WESTERN KARENNI**

1875

In accordance with the request of His Excellency the Viceroy of India that Western karenni should be allowed to remain separate and independent, His Majesty the King of Burma, taking into consideration the great friendship existing between the two great countries and the desire that the friendship may be fasting and permanent, agreed that no sovereignty or governing authority of any decription shall be exercised or claimed in western Karenni and His Excellency the Kinwoon Mengyee, Minister for Foreign Affairs, on the part of His Majesty the King of Burma, and the Honourable Sir Douglas Forsyth, C.B.K.C.S.I…, envoy on the part of His Excellency the Viceroy and Governor-General of India, execute the following agreement;-

Agreement. – It is hereby agreed between the British and Burmese Government that the State of Western Karenni shall remain separate and independent, and that no sovereignty or governing of any description shall be claimed or exercised over that State.

Where unto we have on this day, the 21st day of June 1875 corresponding with the 3rd day of the Waning moon of Nayoung 1237 B.E., affixed our seals and signature.

Seal . (Sd.) TD Forsyth Seal (Sd.) Kin-Woon Mengyee.

## အင်္ဂလိပ်အစိုးရနှင့် ဗမာမင်းအစိုးရ ချုပ်ဆိုသောစာချုပ်

မြန်မာသက္ကရာဇ်(၁၂၃၇)ခု၊ ခရစ်သက္ကရာဇ်(၁၈၇၅)ခုနှစ် ကရင်နီပြည်၏ လွတ်လပ်ရေးကို အသိအမှတ်ပြုသောစာချုပ်မှာ အင်္ဂလိပ်လိုချုပ်ဆိုထားပြီး ၎င်းကို ဗမာသို့ ပြန်လိုက်ပါက အောက်ပါအတိုင်း ဖြစ်သည်။

ကရင်နီပြည်နယ်ကို ကန့်သတ်သီးသန့် လွတ်လပ်စွာနေထိုင်ခွင့် ဆက်လက်ပြုရန် တောင်းပန် လွှာပို့ဆက်ခဲ့ရာ၊ မြန်မာဘုရင်မင်းမြတ်သည် မြန်မာနှင့်ဗြိတိသျှနှစ်ပြည်ထောင်တို့၏ မဟာမိတ်ဆက်ဆံမှုရှေ့သို့ ခိုင်မြဲစေမှုကို ရည်ရွယ်လျက် ကရင်နီပြည်ကို မည်သူကမျှ တန်ခိုးလွှမ်းမိုး ချုပ်ချယ်အရေးဆို ကျူးလွန်ခြင်းမပြုလုပ်ရန် လိုက်လျော်စွာ သဘောတူညီခွင့်ပြုတော်မူခဲ့လေရာ နိုင်ငံခြားရေး ကင်းဝန်မင်းကြီးအား မြန်မာဘုရင်၏ ကိုယ်စားလှယ်တော်အဖြစ်ဖြင့်၎င်း၊ (Honourable Sir Douglas Forsyth)ဆာဒေါကလပ်(စ်)ဖော့ဆက်အား အိန္ဒိယဘုရင်ခံချုပ်၏ ကိုယ်စားလှယ်တော်အဖြစ်ဖြင့်၎င်း၊ သဘောတူမဟာမိတ်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

စာချုပ် ။ ။ နှစ်ဦးသဘောတူချုပ်ဆိုသည့် ဤစာချုပ်အရ ကရင်နီပြည်ကို မည်သူတစ်ဦး တစ်ယောက်ကမျှ စီမံခန့်ခွဲစိုးမိုးချုပ်ချယ်ခြင်းမပြုရဘဲ သီးသန့်ထားလျက် လွတ်လပ်သော "အင်ဒီပင်းဒင့်" အခွင့်အရေးပေးရန် မြန်မာဘုရင်အစိုးရနှင့် ဗြိတိသျှအစိုးရတို့ နှစ်ဦးနှစ်ဘက် သဘောတူညီကြကြောင်း၊ ယင်းသို့သော ပဋိညာဉ်ဝန်ခံ

ချက်ဖြင့် ခရစ်သက္ကရာဇ်(၁၈၇၅)ခုနှစ်၊ ဇွန်လ(၂၁)ရက်၊ မြန်မာသက္ကရာဇ်(၁၂၃၇)ခုနှစ်၊ နယုန်လဆုတ်(၃)ရက်နေ့တွင် ကျွန်ုပ်တို့ ဆိုင်ရာတံဆိပ် တော်များနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးကြကြောင်း။

စာခံတော် | တံဆိပ်တော်
ပုံ/တီဒီဖေါ်ဆလ် | ပုံ/ကင်းဝန်မင်းကြီး

ကရင်နီပြည်သည် မင်းတုန်းဘုရင်လက်ထက်၌ "ကင်းဝန်မင်းကြီး"နှင့် ဗြိတိသျှဘုရင်ခံချုပ်ကိုယ်စား "ဆာဒေါကလပ် (စ်)ဖေါလ်ဆက်"တို့မှ လွတ်လပ်သောကရင်နီပြည်အဖြစ် အသိအမှတ်ပြုလက်မှတ်ရေးထိုးခဲ့သည့်နည်းတူ ဂျပန်ခေတ်တွင်လည်း ဂျပန်တပ်မတော်၏ စစ်သေနာပတိနှင့်(ဂျပန်ခေတ်) ဗမာနိုင်ငံတော်ဝန်ကြီးချုပ်ဖြစ်သူ ဒေါက်တာဘမော်တို့က ကရင်နီပြည်နှင့်ရှမ်းပြည်ကို လွတ်လပ်သောနိုင်ငံအဖြစ် အောက်ပါအတိုင်း အသိအမှတ်ပြုခဲ့လေသည်။

## ရှမ်း၊ ကယားပြည်များနှင့်ဆက်ဆံရေးစည်းမျဉ်းစည်းကမ်းများနှင့်ဆိုင်သော မှတ်စာလွှာ



ဒေါက်တာဗမော် နှင့် အောင်ဆန်း။

ဗမာနိုင်ငံတော်၌ တပ်ချလျှက်ရှိသော ဂျပန်တပ်မတော်ကြီး၏ စစ်သေနာပတိနှင့်ဗမာနိုင်ငံဝန်ကြီးချုပ်သည် ဗမာနိုင်ငံနှင့်ရှမ်းနယ်၊ ကရင်နီနယ်များကို တစ်ဦးနှင့်တစ်ဦး ယခုတည်ရှိဆဲ ရင်းနှီးစွာဆက်ဆံမှု မပျက်ပြားစေခြင်းငှါ ထိုဆက်ဆံမှုနှင့်ပတ်သက်၍ အောက်ပါအချက်များကို သဘောတူညီကြသည်။

(၁) တစ်ဦး၏နယ်မှ တစ်ဦး၏နယ်အတွင်းသို့ လွတ်လပ်စွာ ဝင်ထွက်သွားလာနိုင်ခွင့်ကို အသိအမှတ်ပြုရမည်။

(၂) ထိုနယ်များတွင် ကုန်ပစ္စည်းများကို တနယ်မှတနယ်သို့ လွတ်လပ်စွာ ဆောင်ယူခြင်းတို့ ခွင့်ပြု ရမည်။ ထို့အပြင် ထိုနယ်များက မိမိတို့၏ နိုင်ငံတွင် ဆိုင်ရာအခွန်တော်စနစ်ကို ကာကွယ်ရန်မှတပါး ယင်းကဲ့သို့ ဆောင်ယူသော ကုန်ပစ္စည်းများအပေါ်တွင် အခွန်တော်ကောက်ခံခြင်း မရှိစေရ။

(၃) တနိုင်ငံနှင့်တနိုင်ငံ ဘဏ္ဍာတော်ရေးအတွက် စေ့စပ်ရှင်းလင်းရန်ရှိသောကိစ္စနှင့်စပ်လျဉ်း၍ လက်ငင်းပေါ်ထွက်လာသော အချက်များနှင့်ပတ်သက်၍ ယေဘုယျအားဖြင့် ရေးကလုပ်ထုံးလုပ်နည်းအတိုင်း သီးခြားသဘောတူညီချက်များ ပြုလုပ်ရမည်။

(၄) ရှမ်းနယ်၊ ကရင်နီနယ်များတွင် ဗမာနိုင်ငံတော်၌ အသုံးပြုလျှက်ရှိသော ငွေနှင့်ငွေစက္ကူများကိုပင် အသုံးပြုရမည်။

ဤမှတ်စာလွှာသည် လက်မှတ်ရေးထိုးသောနေ့၌ စတင်အတည်ဖြစ်ရမည်။ အောက်တွင် လက်မှတ်ရေးထိုးသော ပုဂ္ဂိုလ်များသည် သဘောတူကြောင်းထင်ရှားစေရန် ဤမှတ်စာလွှာ၌ လက်မှတ်ရေးထိုး၍ မိမိတို့၏ တံဆိပ်တော်များကို ခပ်နှိပ်ကြသည်။ ရှိုးဝါသက္ကရာဇ်(၁၈)နှစ်မြောက်အဌမလ ဤပထမနေ့ ဗမာသက္ကရာဇ်(၁၃၀၅)ခု၊ ဝါခေါင်လဆန်း(၁)ရက်နေ့တွင် ရန်ကုန်နေပြည်

တော်၌ ဂျပန်၊ ဗမာဘာသာနှစ်မျိုးနှင့်မိတ္တူစာလွှာနှစ်ခုဖြင့် ပဋိညာဉ်ကို ချုပ်ဆိုကြသည်။

(ပုံ) ရှိုဇိုကဝါတိ

ဗမာနိုင်ငံတော်ဂျပန်တပ်မတော်ကြီး၏ စစ်သေနာပတိ

(ပုံ) ဘမော်

ဗမာနိုင်ငံတော်ဝန်ကြီးချုပ်

Burma and the Federated Shan States were invaded by Japan in 1942, and the bogus independent Burma was created in the following year. However, the Japanese war-time premier, General Hideku Tojo's stand on the Shan was quite clear when, on January 2, 1943, he delivered a speech, and said: "With regard to the territorial composition of the New State of Burma, it is to include the whole territory of Burma, with the exception of the Shan and Karenni areas."

## ထိုစဉ်က ကရင်နီခေါင်းဆောင်များ၏ အမြင်

ကရင်နီပြည်သည် မင်းတုန်းဘုရင်လက်ထက်မှ ဂျပန်အစိုးရလက်ထက်တိုင်အောင် လွတ်လပ်သောပြည်တပြည်ဖြစ်၍ တိုင်းပြုပြည်ပြုလွှတ်တော်တွင် သူမပါဝင်နိုင်သေးပဲ လွတ်လပ်သောမြန်မာနိုင်ငံဖြစ်လာသောအခါတွင်မှ မဟာမိတ်စာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်း၊ ထိုစဉ်က ကရင်နီခေါင်းဆောင်နှစ်ဦးဖြစ်သော ဦးဘီတူရီနှင့်(ဦး)စောသိန်းတို့က ကြေငြာထားလေသည်။

တိုင်းသူပြည်သားအပေါင်းတို့ ---

ဗမာပြည်ဖြစ် တိုင်းပြုပြည်ပြုလွှတ်တော်တွင် လွတ်လပ်သော ဗမာပြည်၏ အနာဂတ်အုပ်ချုပ်ရေးစည်းမျဉ်းရေးဆွဲရာ၌ ကရင်နီနယ်များအတွက် မပါနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် မြန်မာပြည်၊ ရှမ်းပြည်

တို့သည် ကရင်နီနယ်များကဲ့သို့ အဆင့်အတန်းမတူချေ။ မြန်မာပြည်သည် မလွတ်လပ်သေးပေ။

လွတ်လပ်စွာအုပ်ချုပ်နိုင်ရန်အတွက် မြန်မာပြည်၏ အနာဂတ် အုပ်ချုပ်ရေးကို ယခုမှသာလျှင် ကရင်ဖြူ၊ ရှမ်း၊ ကချင်၊ ရခိုင်၊ ဂျင်းဖေါ စသော ခေါင်းဆောင်ကြီးများနှင့်တိုင်ပင်ဆွေးနွေးလျှက် အုပ်ချုပ်ရေးစည်း မျဉ်းကို စတင်ရေးဆွဲလျှက်ပင် ရှိပေသည်။ ၎င်းလက်ရှိရေးဆွဲသော အုပ်ချုပ်ရေးစည်းမျဉ်းမကို အင်္ဂလိပ်ပါလီမန်လွှတ်တော်တွင် တင်သွင်း ရမည်။ ယခု မြန်မာပြည်အနာဂတ်အုပ်ချုပ် ရေးစည်းမျဉ်းရေးဆွဲသော အဖွဲ့သည် ဘာမျှအာဏာမရှိသေးသည်ကို တိုင်းသူပြည်သားတို့ သိသင့် ပေသည်။ သို့အတွက် ၎င်းတို့အလိုရှိရေးဆွဲသော မြန်မာနိုင်ငံလုံးဝ အာဏာပိုင်အုပ်ချုပ်ရေးစည်းမျဉ်းသည် လူထုအပေါ်တွင် ရှိသည်ဟု ဆိုထားသော်လည်း အမှန်စင်စစ် အင်္ဂလိပ်ပါလီမန်၏ သဘောတူညီ ချက်ရရှိမှသာလျှင် လုံးဝအာဏာပိုင် လွတ်လပ်သော မြန်မာပြည် အုပ်ချုပ်ရေးကို ရရှိနိုင်လိမ့်မည်။

ကရင်နီနယ်များသည် လုံးဝအာဏာပိုင်အုပ်ချုပ်ရေး ရရှိထား လေပြီ။ ကရင်နီနယ်များသဘောမတူနိုင်ဘဲ အင်္ဂလိပ်အစိုးရက ဘာမျှ မလုပ်နိုင်ကြောင်းကို (၂၀–၆–၄၇)ရက်နေ့ ရန်ကုန်မြို့တွင် ညနေ(၃း၃၀) နာရီခွဲအချိန် ဘုရင်ခံအိမ်တော်၌ တွေ့ဆုံစဉ်အခါ ဘုရင်ခံကိုယ်တိုင် ဝန်ခံလေသည်။ သို့အတွက် ကရင်နီနယ်များသည် လွတ်လပ်ပြီးသော နယ်များဖြစ်သည့်အတွက် မြန်မာပြည်လုံးဝ အာဏာပိုင်လွတ်လပ်ရေး အတွက် ရေးဆွဲသည့်စည်းမျဉ်းထဲတွင် မပါဝင်ထိုက်သေးကြောင်းကို နိုင်ငံရေးနားလည်သူတိုင်း သိသင့်ပေသည်။

မြန်မာပြည်သည် တကယ့်လွတ်လပ်ရေးရပြီးသည့်နောက်မှ သာလျှင် နှစ်ပြည်တစ်ပြည်စာချုပ် မဟာမိတ်အနေနှင့်ရေးဆွဲသင့်ပေ သည်။ မြန်မာပြည်သည် လွတ်လပ်ရေးရရှိပြီးသည့်နောက် မည်သည့် အဖွဲ့၊ ပါတီ၊ အစိုးရဖြစ်မည်ကိုလည်း ကျွန်ုပ်တို့ လုံးဝမသိနိုင်ချေ။

သို့အတွက် မြန်မာပြည်သည် လုံးဝလွတ်လပ်ရေးရရှိပြီးနောက် အစိုးရဖြစ်သည့်အဖွဲ့နှင့်အထက် ဖေါ်ပြပါအတိုင်း မဟာမိတ်အနေနှင့်စာချုပ်ပြုလုပ်ရမည်ဖြစ်ကြောင်းကို သိရှိနားလည်ရန် ထုတ်ဖေါ်ရေးသားလိုက်ခြင်းဖြစ်သည်။

(ပုံ) ဦးဘီတူရီ/စောသိန်း

လွိုင်ကော်မြို့

ကရင်နီကိုယ်စားလှယ်

၂၆-၆-၄၇

**LOIKAW 26 JUNE 1947**

The Karenni States cannot take part in the Constituent Assembly discussions on the Shan State are not the same status as the Karenni State. Burma has not yet become an independent State. The White karens. Shan, Chins, Kachins and Arakanese are now merely beginning to discuss the future constitution of Burma and any draft constitution they produce will have to be placed before the British Parliament, for the Constituent Assembly itself has no power to finalise the constitution except with the sanction of the British Parliament. It should be clear to all that the present Constituent Assembly has no power or authority of itself. The Constituent Assembly is drawing up the constitution with the sanction of the masses but that constitution can never become law until Parliament agrees. Only when that agreement is obtained will Burma become an independent country. At Government House at 3;30 pm on 20-6-47 the Governor informed the Karenni delegation that as karenni was inhabitants with full sovereign the British Government could do nothing about Karenni without the consent of the inhabitants them selves. Therefore it should be quite clear to anyone who knows about politics that an independent country like Karenni cannot take part in

an Assembly which is now merely a proposed constttiiitution for a country merely about to become independent.

When Burma has achieve independence, Karenni will be prepared to enter into aneaty of alliance with her or with whatever is in power at that time.

(Sd) U Bee Tu Ree

(Sd) Saw Thein.

မြန်မာပြည်သူများခင်ဗျား – ဗြိတိသျှလက်ထက် မြန်မာနိုင်ငံသည် အထက်ဖော်ပြပါအတိုင်း ဇယားဝင်အပိုင်း(၁) အပိုင်း(၂)၊ (၁၉၂၂)ခုနှစ်မှ (၁၉၄၈) ခုနှစ်အထိ ဖက်ဒရိတ်ထက် ရှမ်းပြည်နယ်၊ (၁၈၇၅)ခုနှစ်၊ လွတ်လပ်သော ကရင်နီပြည်နှင့်စစ်ကိုင်းတိုင်းပါဝင်သော နယ်မြေနှင့်ဒေသများသည် ဗြိတိသျှ အုပ်ချုပ်ခဲ့သော မြန်မာနိုင်ငံပင် ဖြစ်ကြပေသည်။

ဗိုလ်ချုပ်အောင်ဆန်းတွေ့ရှိသော ပြည်ထောင်စုမှာ ဖက်ဆစ်တော်လှန်ရေးပြီးသောအခါ ဗိုလ်ချုပ်အောင်ဆန်းသည်များစွာပင် အလုပ်များလေသည်။ ပထမဆုံးမှာ (၁၉၄၅)ခုနှစ်တွင် သီရိလင်္ကာ“ကန္ဒီ”သို့ သွား၍ ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်နှင့် ဗမာ့တပ်မတော်အတွက် အောင်ဆန်း–အက်တလီစာချုပ် ချုပ်ဆိုရသည်။ ထိုမှအပြန်တွင် လွတ်လပ်ရေးရယူရာ၌ တပေါင်းတစည်းရယူနိုင်ရေးအတွက် ရှမ်းပြည်နယ် (ပင်လုံ)၌ ပင်လုံစာချုပ် ချုပ်ဆိုရသည်။ တဆက်တည်းတွင် ရီး(စ်)ဝီလီယံ၏ တောင်တန်းနှင့်ပြည်မ တပေါင်းတစည်းတည်း လွတ်လပ်ရေးရယူလိုခြင်း ရှိမရှိ၊ စုံစမ်းရေးအစီရင်ခံစာတင်သွင်းရပြန်သည်။ ထိုမှဆက်လက်၍ (၁၉၄၇) ခုနှစ်၊ ဧပြီလတွင် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကို ကျင်းပ၍ရင်း၊ (၁၉၄၇) ခုနှစ်၊ မေလတွင် (ဖဆပလ)ပဏာမပြင်ဆင်မှုညီလာခံကိုရင်း နောက်ဆုံးအဆင့်တွင်ကား ဇွန်လ၌ တိုင်းပြုပြည်ပြုလွှတ်တော် ပထမညီလာခံကို ကျင်းပခြင်းပင် ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် အောက်ပါနယ်များပါဝင်သော ပြည်ထောင်စုကို တိုင်းပြုပြည်ပြုလွှတ်တော်၌ တင်သွင်းခဲ့ခြင်းပင် ဖြစ်လေသည်။ ယင်းကို စိုင်းတင်ဖေ(ခ)စိုင်းဆေးအွန်က သူ့အမြင်ကို အောက်ပါအတိုင်း တင်ပြထားလေသည်။

အထက်ဗမာပြည် နေပြည်တော် မန္တလေးမြို့ကို (၁၈၈၅)ခုနှစ်မှာ နယ်ချဲ့အင်္ဂလိပ်တို့ သိမ်းယူပြီး ဘုရင်သီပေါမင်းကို ခေါ်ယူသွားပါတယ်။ ဗမာပြည်အလုံးစုံကို သိမ်းပိုက်ပြီးကြောင်းကို (၁၈၈၆)ခုနှစ်၊ ဇန္နဝါရီလ (၁)ရက်မှာ ကျေညာချက်ထုတ်ပါတယ်။

(၁၈၉၆)ခုနှစ်မှာ နယ်ချဲ့အင်္ဂလိပ်တို့က ချင်းတောင်တန်းဒေသ(Chin Hills)ကို သိမ်းယူခဲ့သလို အရှေ့ဘက်တောင်တန်းမှာရှိတဲ့ ရှမ်းပြည်နဲ့ကရင်နီပြည်ကိုတော့ (၁၈၈၇)ခုနှစ်၊ ဇန္နဝါရီလ(၃)ရက်မှာ အင်္ဂလိပ်နယ်ချဲ့စစ်တပ်က စစ်အင်အား(၃၁၀)နဲ့ သေနတ်၊ အမြောက်လက်နက်များတပ်ဆင်ပြီး ရှမ်းပြည်နဲ့ဗမာပြည်နယ်စပ်လှိုင်းတက်(LangSat)ဒေသကို ဖြတ်ကျော်ပြီး ကျူးကျော်ဝင်ရောက်ပါတယ်။ နယ်ချဲ့အင်္ဂလိပ် စစ်တပ်ကို ပြင်းပြင်းထန်ထန်ခုခံတဲ့အနေနဲ့ မိုးဗြဲစော်ဘွားနဲ့ရပ်စောက်စော်ဘွားနယ်တို့က တိုက်ခိုက်တွန်းလှန် ကြပါတယ်။ ကရင်နီပြည်မှာတော့ စောလဖော်စော်ဘွားက အပြင်းအထန်ခုခံတယ်။ ရှမ်းပြည်အနေနဲ့ အင်္ဂလိပ် နယ်ချဲ့လက်အောက် ကျွန်ဘဝနဲ့ နေလာရာက (၁၉၂၂)ခုနှစ်မှာ စော်ဘွားနယ်များစုပေါင်းပြီး (Federated Shan States)ဆိုပြီး ကောင်စီဖွဲ့အုပ်ချုပ်ပါတယ်။ ဒါက သီးခြားလူမျိုး၊ သီးခြားတိုင်းပြည်တွေကို သီးခြားအချိန်တွေမှာ သိမ်းယူခဲ့တာ ဖြစ်တယ်။

ဗိုလ်ချုပ်အောင်ဆန်းထပ်မံတွေ့ရှိရတာကတော့ (၁၈၇၅)ခုနှစ်မှာ အင်္ဂလိပ်အစိုးရတို့နှင့်ဘုရင်မင်းတုန်းမင်းတို့ သဘောတူညီချက်နဲ့ လက်မှတ်ထိုးပြီး လွှတ်လပ်သောပြည်ထောင်ဖြစ်နေတဲ့ ကရင်နီပြည် (ဂ)ကယားပြည်။

> (၁၈၉၄)ခုနှစ်မှာ ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ ကချင်တောင်တန်းဒေသဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းဥပဒေ (၁၈၉၄)၊ (Kachin Hill Regulation)ဖြင့် အုပ်ချုပ်ခဲ့တဲ့ ကချင်ပြည်ထောင်။

(၁၈၉၆)ခုနှစ်မှာ ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ ချင်းတောင်တန်းဖွဲ့စည်းပုံ စည်းမျဉ်း။

(၁၈၉၆)ခုနှစ်၊ (Chin Hill Regulation)ဖြင့် အုပ်ချုပ်ခဲ့တဲ့ ချင်းပြည် ထောင်။

(၁၉၂၂)ခုနှစ်မှာ ပြင်ဆင်ပြဋ္ဌာန်းခဲ့တဲ့ ဖယ်ဒရက်ရှမ်းပြည်ထောင် ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းဥပဒေ၊ (၁၉၂၂)ခုနှစ် (Federated Shat States Act)ဖြင့် အုပ်ချုပ်သောရှမ်းပြည်ထောင်၊ ဒီလို သီးခြား ဖွဲ့စည်းပုံအခြေခံဥပဒေများဖြင့် အုပ်ချုပ်နေတဲ့ ပြည်ထောင် လေးပြည်ထောင်ကို တွေ့ရပြန်ပါတယ်။

ဒါကို ဗိုလ်ချုပ်အောင်ဆန်းက (၁၉၃၅)ခုနှစ်မှာ ရေးဆွဲပြဋ္ဌာန်းပြီး (၁၉၃၇) ခုနှစ်မှာ ကျင့်သုံးတဲ့ ဗမာပြည် အက်ဥပဒေ (၁၉၃၅)ခုနှစ်၊ (Burma Act)ဖြင့် အုပ်ချုပ်ခဲ့တဲ့ ဗမာပြည်ထောင်နှင့်စုပေါင်းပြီး ပြည်ထောင်စုတည်ဆောက်ရေး အတွက် ကြိုးပမ်းပါတယ်။

(၁၉၄၇)ခုနှစ်၊ ဖေဖော်ဝါရီလ(၁၃)ရက်မှာ ရှမ်းပြည်၊ ပင်လုံမြို့မှာ တောင်တန်းဒေသခေါင်းဆောင် များနှင့်ညှိနှိုင်းတိုင်ပင်ပြီး အာမခံချက် အပြည့်အဝနဲ့ ပင်လုံစာချုပ်၊ တောင်တန်းပြည်မ ပူးပေါင်းရေးစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ပါတယ်။ စာချုပ်သဘောတူညီချက်မှာ ကရင်နီပြည်ပါဝင်ချုပ်ဆိုခြင်း မပြုခဲ့ပေမယ့် (၁၉၄၇)ခုနှစ်၊ ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံအပြီး လွှတ်လပ်ရေးရယူတော့မယ့် အချိန်မှာ ကရင်နီ ပါဝင်လာခဲ့ပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းက ဖွဲ့နဘဲကြီးစွာနဲ့ အာမခံချက် စာချုပ်–အာမခံတဲ့ကတိစကားတွေနဲ့ ခက်ခက်ခဲခဲ လုပ်ဆောင်လို့ရလာတဲ့ ပြည်ထောင်ငါးပြည်ထောင်တို့ဟာ တန်းတူ ရည်တူပူးပေါင်း၍ ပြည်ထောင်စုနိုင်ငံတော်သစ်တခုကို ရရှိလိုက်ပါတယ်။ ဒီလိုရရှိ လိုက်နိုင်အောင်လည်း ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြုပြည်ပြု လွှတ်တော်မှာ အာမခံချက် ကတိစကားကို ရှင်းရှင်းလင်းလင်း ပြောခဲ့ပါတယ်။

“အဲဒီလိုလက်ခံထားတဲ့ ဒီစာသဘောတွေမကဘဲ (Not only the letters of a greement) ကျနော်တို့အဖို့မှာဆိုလိုရှိရင် (The spirit of agreement)သဘောတူညီလာခဲ့တဲ့ တကယ့်အရင်းခံ သဘောထားကို လက်ခံပြီးတော့ ဒီအတိုင်းဘဲ ဒီတိုင်းပြည်ပြုလွှတ်တော်မှာ လုပ်မှာဘဲ ဆိုတာ တောင်တန်းနယ်ဆိုင်ရာ ကိုယ်စားလှယ်များ တည့်တည့် လင်းလင်း နားလည်စေချင်ပါတယ်။ ကျနော်တို့ပေးပြီးသားကတိ၊ နားလည်ပြီးသားကတိနဲ့ နားလည်းပြီးသား သဘောတူညီချက်တွေကို ဖေါက်ဖျက် မည်လားလို့ သံသယရှိတဲ့လူတွေဟာ ဥက္ကဋ္ဌမင်းခွင့်ပြု ချက်အရ ပြောရလျှင် ကျနော်တို့ရဲ့ (Sense of honour, Sense of self respect, sense of pride)တို့ကို စော်ကားတယ်လို့ ကျနော်တို့ ယူဆပါ တယ်။ အဲဒီတော့ ကျနော်တို့ပေးပြီးသားကတိ၊ နားလည်းပြီးသားသဘော တူညီချက်တို့ကို တောင်တန်းနယ်ကိုယ်စားလှယ်တွေက တိုင်းပြည်ပြု လွှတ်တော်ထဲရောက်လာတဲ့အခါ သေသေချာချာ နားလည်စေချင်တာက ဘယ်နည်းနဲ့မျှ ကျနော်တို့ ဗမာလူမျိုးစုဖြစ်တဲ့လူတွေဟာ ခင်ဗျားတို့ကို အတင်းအားဖြင့် ကျနော်တို့ ပြည်ထောင်စုထဲမှာ မသွင်းပါဘူး။ သဘော မတူဘဲ မနေနိုင်တဲ့ အခြေအနေမျိုးကို လက်တလုံးခြား လိမ်တဲ့နည်း လည်း ကျနော်တို့ မလုပ်ပါဘူးဆိုတာ အတိအလင်းနားလည်စေချင် ပါတယ်။

*(စိုင်းတင်ဖေ၏ အနာဂါတ် ပြည်ထောင်စုအတွက်)*

## ဦးမြင့်သိန်းလို ပညာရှင်တဦး

မြန်မာနိုင်ငံသည် နှစ်တစ်ရာကိုလိုနီဘ၀မှ (၁၉၄၈)ခုနှစ်တွင် လွတ်လပ်ရေး ရယူရန် ရှိလာသောအခါ ထိုစဉ်က နိုင်ငံ၏အကြီးအမှူးဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း သည် ပြန့်ကြဲနေသော တိုင်းရင်းသားများကိုလည်း စုစည်းရသည်။ သူတို့နှင့် အတူတကွ ပေါင်းစည်းနေထိုင်ရေးအတွက် နည်းလမ်းများကို ရှာကြံရလေသည်။ ဤအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဦးမြင့်သိန်းလို ပညာရှင်တဦးအား

တွေ့မြင်လာရလေသည်။ ထိုစဉ်က အဖြစ်အပျက်မှာ လူမျိုးစုအကြီးအကဲများက ဖြစ်တည်လာမည့် နိုင်ငံသစ်အပေါ်တွင် မယုံမရဲဖြစ်နေကြသည့် ပြဿနာပင် ဖြစ်သည်။

ဦးမြင့်သိန်းသည် (၁၉၄၇)ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပညာရှင်တဦးအနေနှင့် ပါဝင်ခဲ့သည့်အပြင် ယင်းဖွဲ့စည်း ပုံအခြေခံဥပဒေ အခန်း(၁၀)၌ ပါဝင်သော“ခွဲထွက်ခွင့်”ကို တာဝန်နှင့် အမိန့်အရ ရေးဆွဲရသူလည်း ဖြစ်လေသည်။ သူပါဝင်ခဲ့သည့်ဖြစ်စဉ်ကို ဦးမြင့်သိန်းက အောက်ပါအတိုင်း ပြန်လည်ရေးသားထားလေသည်။

## တရားလွှတ်တော်တရားဝန်ကြီးချုပ်(အငြိမ်းစား)အဂ္ဂမဟာသရေစည်သူ ဦးမြင့်သိန်း၏

## ၁၉၄၇–ခု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း(၁၀)နှင့်ပတ်သက်၍ သူပါဝင်ဆောင်ရွက်ခဲ့သည့်ကဏ္ဍကို တင်ပြခြင်း

(၁၉၄၇)ခုနှစ်၊ ဇူလိုင်လစောစောပိုင်းတွင် ကျနော်ရန်ကုန်မြို့မှ တရားမရုံး တရားသူကြီးချုပ်အဖြစ် အမှုထမ်းနေစဉ်[၁] တရားရေးရာဌာနအတွင်းဝန် ဦးသောင်းစိန်က တယ်လီဖုန်းဖြင့် သတင်းပို့ပါသည်။ သတင်းအတိုချုပ်မှာ–ယခု လက်ရှိအလုပ်ကို ချက်ချင်းလွှဲပြီး အခြေခံဥပဒေရေးဆွဲနေသောအဖွဲ့၌ နယ်ခြား တောင်တန်း သားများဥပဒေရေးဆွဲနေသောအဖွဲ့၌ နယ်ခြားတောင်တန်းသားများ ဥပဒေရေးဆွဲရေး အကြံပေးအရာရှိအဖြစ်ဖြင့် လုပ်စေလိုသည်။ ထိုအလုပ်ကို ချက်ချင်းလက်ခံပါဟု ဖြစ်ပါသည်။

ကျနော်က“ဗိုလ်ချုပ်အောင်ဆန်းကို ရှမ်း၊ ကချင်စသည့်လူမျိုးစုံက ယုံကြည်မေတ္တာရှိပါသော်လည်း ဗမာတိုင်းကို မယုံကြည်ကြပါ။ သို့ပါ၍ ကျနော် ဗမာတစ်ယောက်အနေဖြင့် ဒီအလုပ်ကိုလုပ်ရန် သင့်တော်မယ်မထင်ပါ၊ တရားရေး

ဝန်ကြီးကို ကျနော့်အား မပေးနိုင်ကြောင်း၊ ရုံးကလည်းယခုမှ ဖွင့်စပင်ဖြစ်နေ၍ ဆက်လုပ်မှ ဖြစ်မယ်ဖြစ်ကြောင်း”ပြောပြရာ ဦးသောင်းစိန်က “တရားရေး ဝန်ကြီးက ပြောမည်မဟုတ်ကြောင်း၊ ဦးမြင့်သိန်းကိုယ်တိုင် ဗိုလ်ချုပ်အောင်ဆန်း ကို ပြောပြလျှင်သာ၍သင့်တော်ပါလိမ့်မည်။”ဟု ပြန်ပြောပါသည်။

ဗိုလ်ချုပ်ရုံးသို့ တယ်လီဖုန်းဆက်ရာ မကြာခင်ဘဲ ကျနော့်ကို လာတွေ့နိုင် သည်ဆို၍ ဗိုလ်ချုပ်ရှိရာ အတွင်းဝန်များရုံးသို့ ကျနော်သွားတွေ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းကို ကျောင်းသားဘဝကတည်းက သိကျွမ်း၍ ရင်းရင်း နှီးနှီးရှိပါသည်။ ကျနော်က ဝင်သွားသွားခြင်း အလေးပြုပြီး “ဗိုလ်ချုပ် ကျနော်ကို ဘယ်နယ့်ဂျောက်တွန်းတာလဲ”လို့ ပြောတော့ ဗိုလ်ချုပ် မရယ်စဘူး ရယ်ပြီးနောက် ဗိုလ်ချုပ်က “ဦးပြောတာတွေအားလုံးသိပါတယ်။ ဗမာမို့လို့ ရှမ်း၊ ကရင်၊ ကချင် တွေကို အကြံပေးပါက မှားယွင်းသွားလျှင် ဟိုဘက်လိုက်တယ်၊ ဒီဘက်လိုက် တယ်လို့ ပြောကြမှာကို စိုးရိမ်သလား”လို့ ပြောပါတယ်။ ဒီတော့ ကျနော်က “ဗိုလ်ချုပ်ကြီးတို့ ကျနော်တို့ ယခုအားလုံးရှိနေစဉ် ချောချောမွေ့မွေ့ ဖြစ်နိုင်ပါတယ်။ သို့သော်လည်း နောက်နောင် ဘာဖြစ်မလဲဟု မသိနိုင်ပါဘူး။ အဲတော့မှ အပြစ်ဆို ကြသည်ကို ရှောင်လိုပါတယ်”ဟု ပြောပါတယ်။

ဗိုလ်ချုပ်က “ကျနော်လည်း အဲဒါကို သတိရလို့ မိုင်းပွန်စော်ဘွားကြီးနှင့် ဆမားဒူးဝါးဆင်ဝါးနောင်တို့က ဦးမြင့်သိန်းကို ဥပဒေအကြံပေးအရာရှိအဖြစ် လိုချင်ကြောင်း လာပြောသည့်အချိန်ခါ ဟိုတုန်းက သူတို့ကို အင်္ဂလိပ်၊ အမေရိ ကန်၊ ပြင်သစ်၊ ဩစတြေးလျ၊ အိန္ဒိယပါရဂူတွေကို ငှါးပေးပါမယ်။ သူတို့ တစ်ယောက်ယောကို ရွေးပါလို့ပြောတော့ သူတို့က ဦးမြင့်သိန်းကိုရမှသာ ကျနော် တို့ ကျေနပ်နိုင်မယ်။ ဦးမြင့်သိန်းက ကျနော်တို့ရဲ့ ယူဆချက်၊ အတွေးအခေါ်၊ အဖြစ်အပျက်အားလုံးကို သိတဲ့သူဖြစ်လို့ သူ့ကိုပင် အထူးယုံကြည်တာကြောင့် သူကလွဲလို့ အခြားသူကို လက်မခံနိုင်ပါလို့ ပြောကြတယ်။”ဟု ပြောပါတယ်။

ဗိုလ်ချုပ်က ရယ်စရာတောင်ထပ်၍ အမိန့်ရှိသည်မှာ “ဘာပီယဆေးများ ကျွေးထားသလဲ”တဲ့။

ကျနော်က "မကျွေးရပါဘူး ဂျပန်ခေတ်မှာ ကျနော့်ကို ဂျပန်တွေက လိုက်ရှာနေ၍ ကျနော် ရှမ်းပြည်ထဲမှာ ပုန်းခိုနေစဉ်က စော်ဘွားအချို့နှင့် ရင်းနှီးလာပါတယ်။ ဒူးဝါးကြီးကိုတော့ ရန်ကုန်မှ တွေ့ဘူးပါတယ်"လို့ ပြောရပါသည်။

နောက်ဆုံးတော့ ဗိုလ်ချုပ်က "လုပ်လိုက်ပါတော့"ဟု ဆိုသောကြောင့် ကျနော်က သဘောတူလိုက်ပါတယ်။

ဗိုလ်ချုပ်ကို ကျနော်က "အခက်အခဲများရှိပါသလား"ဟုမေးရာ ဗိုလ်ချုပ်က "သိပ်ကြီးကျယ်တဲ့ အခက်အခဲတော့ မဟုတ်ပါဘူး၊ ကျနော်ပင်လုံကို ရောက်တော့ မိုင်းပွန်စော်ဘွားနှင့်ဆမားဒူးဝါးဆင်ဝါးနောင်တို့ လာတွေ့ကြပြီး ဆွေးနွေးကြတယ်။ အဲဒီအခါမှာ စော်ဘွားကြီးက မြန်မာပြည်မနှင့်ပူးတွဲပြီး မြန်မာပြည်တည်ထောင်သွားတာကို သဘောတူပါတယ်။ ဒါပေမယ့် စော်ဘွားအချို့က အခြေခံဥပဒေမှာ ခွဲထွက်နိုင်သော အပိုဒ်မပါ, ပါက မြန်မာပြည်နှင့် ပေါင်းရန် ခဲယဉ်းမည်ဖြစ်မယ်လို့ ပြောကြ၍ ဒီအကြောင်းကို ထုတ်ဖော်ပြရခြင်း ဖြစ်ပါတယ်လို့ ပြောတယ်။ ဆမားဒူးဝါးကြီးကလည်း ကျနော်မှာ လည်း ဒီအတိုင်းပါဘဲ ဒူးဝါးဇော်လွန်းရဲ့ အဖေါ်များက ဒီလေသံဘဲ ထွက်လာကြတယ်။ ခွဲထွက်ရန် အပိုဒ်မပါဘဲ ကချင်ပြည်နယ်က မြန်မာပြည်နှင့်ပေါင်းဖို့ရန် မလွယ်ပါဘူးလို့ ပြောကြပါတယ်။ သူတို့ အဲဒီလို ပြောကြတော့ ကျနော်လည်း အံ့အားသင့်ပြီး "ခင်ဗျားတို့ဗျာ မိန်းမတောင်းတဲ့အခါမှာ ဒီစကားပြောဖို့မသင့်ဘူးလို့ ပြောတော့၊ စော်ဘွားကြီးနှင့် ဆမားဒူးဝါးကြီးတို့က မသင့်တော်တာမှန်ပါတယ်။ ဒါပေမယ့် ကျနော်တို့မှာ ပြဿနာဖြစ်နေပါ၍ ဗိုလ်ချုပ်ကြီး ဒီခွဲထွက်ရန် အပိုဒ်ကို အခြေခံဥပဒေတွင် ထည့်သွင်းပေးစေလိုပါတယ်လို့ ပြောကြပြန်ပါတယ်။ ဒီတော့ ကျနော်ကလည်း ဒီအပိုဒ်မျိုးဟာ အဆန်းမဟုတ်ပါဘူး။ ရုရှား၊ ယူဂိုဆလပ်အခြေခံဥပဒေများမှာလည်း ပါရှိပါတယ်လို့ ဆိုပြီး လွယ်လွယ်နဲ့ဘဲ သဘောတူလိုက်တယ်၊ လက်ခံခဲ့တယ်။ နောက်ကျနော် ရန်ကုန်ကို ပြန်ရောက်လာတဲ့အခါ၌ (ဖဆပလ) အမှုဆောင်တွင် တင်ပြတော့ ကိုနုကတော့ မကြိုက်ပါဘူး၊ ဒါပေမယ့် ကျနော်ရှင်း

ပြတော့ ကိုနုသဘောပေါက်သွားတယ်။ ကိုကျော်ငြိမ်းကတော့ ကန့်ကွက်တုန်းဘဲ”ဟု ရှင်းပြတယ်။

ကျနော်က ဗိုလ်ချုပ်ကို “ဗိုလ်ချုပ် ကျနော်ဘာလုပ်ပေးစေလိုပါသလဲ”လို့ မေးတော့ ဗိုလ်ချုပ်က“ဖြစ်နိုင်လျှင် ရှမ်းနှင့်ကချင်ကို ဒီခွဲထွက်ရန်အပိုဒ်ကို မထည့်ဘို့ ပြောပေးပါ”ဟု ပြောပါသည်။

ကျနော်က “ကနော်ကတော့ ပြောမှာပါဘဲ၊ သူတို့ကတော့ ယခုကထဲက ခွဲထွက်ရန်အပိုဒ်ပါရှိဖို့ ပြောနေကြတယ်။ ဒါပေမယ့် ကျနော်အထူးကြိုးစားပါမယ့်၊ အကယ်၍ ပြောမရခဲ့သော် ကျနော်ဘာလုပ် ရမည်ကို ဗိုလ်ချုပ်သဘောက ဘယ်လိုရှိသလဲ”လို့ မေးရာ ဗိုလ်ချုပ်က “မရလည်းပြီးရောပေါ့၊ အရေးကြီးတာမှ မဟုတ်ဘဲ၊ အခြားနိုင်ငံအခြေခံဥပဒေတွေမှာ ပါတဲ့ဒီအပိုဒ်ကို ဘယ်တိုင်းပြည်မှာမှ အသုံးပြုခဲ့တယ်လို့ မရှိခဲ့ပါဘူး၊ လိုလိုလားလား ထည့်ထားတဲ့အပိုဒ်ဖြစ်တယ်။ ထို့အပြင် ကျနော်သဘောတူခဲတာကို (ဖဆပလ) အဖွဲ့ချုပ်ကလက်ခံအောင် ဆောင်ရွက်ပါမယ်”ဟု ပြောပါတယ်။

အဲဒီက ကျနော်ပြန်လာခဲ့ပါသည်။ နောက်တနေ့မှာ အခြေခံဥပဒေ ရေးဆွဲရေးအဖွဲ့ကို ဝင်ရောက်ရာမှာ ပြည်နယ်ကိစ္စဆွေးနွေးဖို့ မရောက်သေးဘဲ၊ တရားစီရင်ရေးကဏ္ဍဘဲ ရောက်သေး၍ အချိန်ရသောကြောင့် ပြည်နယ် ခေါင်းဆောင်များနှင့်ဆွေးနွေးရာ ချင်းခေါင်းဆောင်ဦးဝမ်ကိုဟောကချင်းလူမျိုးများက ပြည်နယ်မလို မြန်မာများပေးတာကို ယူမယ်။ ကျေနပ်တယ်လို့ ပြောကြတယ်။ (ဖဆပလ)ကိုလည်း ၎င်းအတိုင်း အစီရင်ခံထားပြီးဖြစ်တယ်”ဟု ပြောပါသည်။ ဒါကြောင့် ကျနော်ဆက်လက် မဆွေးနွေးတော့ပါ။

*(၁ – တရားလွှတ်တော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း)*

ကရင်ခေါင်းဆောင်မန်းဘခိုင်ကလည်း “ကော်သူးလေခေါ် ကရင်ပြည်နယ် ရမယ်လို့ သိထားရ၍ ကျေနပ်ပါတယ်။ အခြေခံဥပဒေတွင် အသေးစိတ်အကြောင်းချင်းရာများကိုလည်း ရေးသားရေးပါ၊ လက်ခံပါတယ်”ဟု ပြောပါတယ်။ ဒါကြောင့် ကျနော်ဆက် လက်မဆွေးနွေးတော့ပါ။

ကချင်ခေါင်းဆောင်များက "ရှမ်းခေါင်းဆောင်များနှင့်သာ ဆွေးနွေးပါ၊ ရှမ်းပြည်က လက်ခံလျှင် သူတို့လည်း အခြေခံဥပဒေမှာ လက်ခံမယ်"ဟု ပြောတာကြောင့် သူတို့နှင့်လည်း ကျနော်(၃)ခါလောက်ပဲ တွေ့ခဲ့ရပါတယ်။ ဤအချိန်အခါလောက်မှာ ဗိုလ်ချုပ် အောင်ဆန်းကွယ်လွန်ပါသည်။ ရှမ်းခေါင်းဆောင်များနှင့် ကျနော်ကြိမ်ဖန်များစွာ ဆွေးနွေးပါသည်။ ဦးချန်ထွန်းနှင့်ကျနော် မူချထားသည့်အတိုင်း အနည်းငယ်အကျဉ်းမျှသာ ဖြည့်စွက်ပြီး အားလုံးကို လက်ခံကြပါသည်။ သို့သော်လည်း ခွဲထွက်ရန်အပိုဒ်ကိုတော့ ဘယ်နည်းနဲ့မှ မဖြုတ်နိုင်၊ ထည့်သွင်းပေးရမယ်လို့ ခပ်ကြမ်းကြမ်းပဲ ပြောကြပါသည်။ ခေါင်းဆောင်ပြီး ပြောသူကတော့ ညောင်ရွှေမဟာဒေဝီဖြစ်ပါတယ်။ မဟာဒေဝီအား ပြင်းပြင်းထန်ထန် ထောက်ခံသူများမှာ စော်ဘွားများ၏ နောက်လိုက်များမဟုတ်ဘဲ လူထုကိုယ်စားလှယ်များသာဖြစ်ကြ၍ ကျနော်နောက်ဆုတ် ခဲ့ရပါသည်။ ဤအကြောင်းကို ဝန်ကြီးချုပ်ဦးနုထံသို့ အစီရင်ခံတော့ ဝန်ကြီးချုပ်က "ဘယ်တတ်နိုင်မလဲဗျာ သူတို့က ဗိုလ်ချုပ်အောင်ဆန်းကတိပေးထားတာကို ကိုင်ထားတော့ ပြောလို့ရမှာ မဟုတ်ဘူးပေ့ါ၊ ဒါပေမယ့် ကိစ္စမရှိ ပါဘူး၊ ကချင်ကိုလည်း ဒီအတိုင်းပဲ ပေးရမယ်ဆိုတော့ ကချင်ပြည်နယ်နှင့်ဆိုင်တဲ့ အခြေခံဥပဒေကို မရေးနဲ့ဦး ဆမားဒူးဝါးကြီးကို ခေါ်ပြီး စကားပြောဦးမယ်"ဟု မိန့်ကြားအပ်ပါသည်။

ထို့နောက် ကျနော်သိရှိရသည်မှာ ဝန်ကြီးချုပ်က ဆမားဒူးဝါးကြီးအား "ကချင်ပြည်နယ်ဖွဲ့စည်းရာတွင် မြစ်ကြီးနားအပြင် ရေးယခင်က ဗန်းမော်ဒီစတြိတ်ကိုပါ ကချင်ပြည်နယ်တွင် ထည့်သွင်းမယ်။ ၎င်းအပြင် ကချင်ပြည်နယ်ဥက္ကဋ္ဌသည် ကချင်လူမျိုးများသာဖြစ်ရမယ်လို့ အခြေခံဥပဒေတွင် ထည့်သွင်းပေးမယ်။ အပြန်အလှန်အနေဖြင့် ကချင်ခေါင်းဆောင်များက ခွဲထွက်ရန်အပိုဒ်ကို စွန့်လွှတ်ပါ"ဟု ပြောဆိုရာ၌ "ဆမားဒူးဝါးကြီးက လက်ခံ၍ ကချင်ပြည်နယ်ဥပဒေ၌ ခွဲထွက်ခြင်းနှင့်ပတ်သက်သော အခြေခံဥပဒေနှင့်မသက်ဆိုင်စေရ"ဟု ထည့်သွင်းရေးရပါသည်။

ချင်းကိစ္စနှင့်ပတ်သက်၍ ပြည်နယ်မလိုဟုဆိုသောကြောင့် ချင်းဥပဒေ၌ "ချင်းဝိသေသတိုင်း"ဟု အမည်တပ်၍ ရေးဆွဲခဲ့ပါသည်။ ခွဲထွက်ရန်ပြဿနာ

မပေါ်ပေါက်ခဲ့ပါ။ အခြားအပိုဒ်များမှာ ရှမ်းပြည်ဆိုင်ရာ အခြေခံဥပဒေနှင့်အတူတူပဲ ဖြစ်ပါသည်။

ကရင်ပြည်နယ်အတွက် ကရင်ခေါင်းဆောင်များက ခွဲထွက်ရန်အပိုဒ် လိုချင်သည်ဟု ဘယ်အခါကမှ မပြော၍ ပြဿနာမပေါ်ခဲ့ပါ။

ဤအချိန်အခါ၌ ခွဲထွက်ရန်ကိစ္စမှာ ရှမ်းပြည်နယ်အတွက်သာ ရှိပါတော့သည်။ လွယ်လွယ်နှင့် ခွဲထွက်ခြင်းမပြုနိုင်ရန် အခြေခံ ဥပဒေတွင် "အခြေခံဥပဒေ အာဏာတည်သည့်နေ့မှ (၁၀)နှစ်အတွင်း ခွဲထွက်နိုင်သော အခွင့်အရေးကို အသုံး မပြုဟု ထည့်သွင်းခဲ့ပါသည်။

ကရင်နီပြည်နယ်အကြောင်းမှာ –

(၁၈၅၅)ခုနှစ်တွင် မြန်မာနိုင်ငံအောက်ပိုင်းကို အင်္ဂလိပ်အစိုးရသိမ်းပိုက်ရာ တရုတ်ပြည်မှစသော အနီးအနားရှိနိုင်ငံများနှင့် နယ်ခြားသတ်မှတ်ခဲ့သည်။ ထိုအခါက အင်္ဂလိပ်က အနောက်ဘက်မှ အရှေ့ဘက်သို့ တိုးချဲ့လာသည်မှာ မြန်မာနိုင်ငံအထိ ရောက်ခဲ့သည်။ ပြင်သစ်က အရှေ့ဘက်မှ အနောက်ဘက်သို့ တိုးချဲ့လာ သည်မှာ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်အထိ ရောက်ရှိခဲ့သည်။ အင်္ဂလိပ်အုပ်စိုးသည့်နယ်နှင့်ပြင်သစ် အုပ်စိုးသည့်နယ်တို့ မထိတွေ့ရန်ကြားတွင် တိုင်းပြည်တခုရှိသင့်သည်ဟု အင်္ဂလိပ်ကယူဆ၍ ကန္တာရဝတီ၊ ဘောလခဲ၊ ကြက်ဖိုးကြီးအမည်ရှိသော စော်ဘွားပိုင်(၃) နေရာကို လွတ်လပ်သောပြည်နယ်ဟု သတ်မှတ်ပြီး မင်းတုန်းမင်းကြီး၏ သဘောတူညီချက်ကို ရယူခဲ့သည်။ သို့ဖြစ်၍ (၁၉၄၆–၁၉၅၇)ခုနှစ်များတွင် မြန်မာပြည်အား လွတ်လပ်ရေးရရန် ဆွေးနွေးသည့် အခါ၌ ကရင်နီနယ်ဒေသသည် မြန်မာပြည်၏ အစိတ်အပိုင်းမဟုတ် လွတ်လပ် သောနယ်များဖြစ်၍ ထည့်သွင်းမစဉ်းစားနိုင်။ သို့သော် ထိုနှစ်များတွင် ကရင်နီ တစ်ဦးဖြစ်သူသိုင်းဗဟန်ဆိုသူက (ဖဆပလ)အကူအညီဖြင့် သူပုန်ထခဲ့သည်။ သိုင်းဗဟန်ကွယ်လွန်သည့်အခါ၌ ဘော်လခဲက ဦးဘီဆိုသူက မြန်မာဘက်ကို ဆန့်ကျင်၍ သူပုန်ထသည်။ ဦးဘီစစ်ပွဲမှာ ကျဆုံး၍ ထိုအခါ အင်္ဂလိပ်အစိုးရက

ကရင်နီနယ်ကို မြန်မာပြည်အတွင်းသို့ ထည့်သွင်းချင်သော်လည်း စာချုပ်စာတမ်းများက လွတ်လပ်သောနိုင်ငံဖြစ်နေ၍ ဘာမျှမတတ်နိုင်။ ထိုအခါက ကရင်နီနယ် (၃)နယ်စလုံးတွင် စော်ဘွားကြီး(၃)ဦးစလုံး ကွယ်လွန်ကြ၍ ခလေးငယ်များသာ ကျန်ရာ စကားပြောဆွေးနွေးရမည့် ခေါင်းဆောင်ရှာမတွေ့ခဲ့။ သို့အတွက် နောက်မှပဲ ရှင်းမည်ဟု ဆုံးဖြတ်သည်ဟု ကျနော်သိခဲ့ရပါသည်။

အခြေခံဥပဒေကို လွှတ်တော်၌ မြန်မာပြည်လွတ်လပ်ရေးရသော (၄၊ ၁၊ ၄၈)ခု၊ နေ့တွင် အတည်ဖြစ်ရန် (၂)ရက် စော၍ (၂၊ ၁၊ ၄၈)ရက်နေ့တွင် တင်သွင်းရပါသည်။

(၁၉၄၇)ခု၊ ဒီဇင်ဘာလ(၂၇)ရက်နေ့တွင် ဝန်ကြီးချုပ်ဦးနုက အရေးကြီး၍ လာခဲ့ပါဟု ကျနော်ကို တယ်လီဖုန်းဖြင့် ခေါ်ပါသည်။ ကျနော်ရောက်သည့်အခါ၌ ဦးချန်ထွန်းရောက်ရှိနေသည်ကို တွေ့ရပါသည်။ ၎င်းအပြင် ကန္တာရဝတီစော်ဘွားကြီးသား (မဟာဒေဝီ၏သားမဟုတ်ပါ) စပ်ဝဏ္ဏဆိုသူနှင့်ဦးစိန်ဆိုသူတို့ကို တွေ့ရပါသည်။ ၎င်းနောက် ဝန်ကြီးချုပ် ဦးနုဝင်လာပါသည်။ "ဝန်ကြီးချုပ်က ဦးမြင့်သိန်းသူတို့ကို သိပါသလား"ဟု မေး၍ ကျနော်က "ဦးစိန်ကိုတော့ မတွေ့ဘူးပါ၊ စပ်ဝဏ္ဏကိုတော့ ကန္တာရဝတီစော်ဘွားကြီး၏ သားဆိုတာတော့ သိပါတယ်။ လူချင်းလဲ သိပါတယ်"ဟု ဖြေဆိုပါသည်။ ဝန်ကြီးချုပ်ကဆက်၍ "စပ်ဝဏ္ဏနှင့် ဦးစိန်တို့က သူတို့ကရင်နီနယ်(၃)နယ်ကို မြန်မာပြည်နှင့်ပေါင်းလိုကြောင်း လာပြောနေကြတယ်။

အဲဒါ ဦးမြင့်သိန်းနှင့်ဦးချန်ထွန်းတို့ ဘယ်လိုသဘောပေါက်သလဲ"ဟု မေးရာ ကျနော်က "ကျနော် ပြောနိုင်တာကတော့ ဒီနယ်(၃)နယ်စလုံးမှာ ခေါင်းဆောင်မရှိ၊ ခလေးတွေသာရှိတယ်၊ ကန္တာရဝတီအတွက် စပ်ဝဏ္ဏကို ခေါင်းဆောင်ဆိုတာ လက်ခံနိုင်ပါတယ်"ဟု ပြောပါသည်။ ဤသို့ ပြောကြရင်း စပ်ဝဏ္ဏက "ကျနော်ကို ကန္တာရဝတီအတွက် ခေါင်းဆောင်အဖြစ်လက်ခံလျှင် ကျန်(၂)နယ်အတွက် ကျနော်နှင့်ဦးစိန်ကို ခေါင်းဆောင်များအဖြစ် လက်ခံပါလို့ အင်တိုက်အားတိုက် ပြောပါသည်။ ဒီတော့ ဝန်ကြီးချုပ်ဦးနု၊ ဦးချန်ထွန်းနှင့် ကျနော်တို့(၃)ယောက် ဆွေးနွေးကြပါသည်။ ဦးချန်ထွန်းက "ဒီနယ်တွေဟာ

ရှာသာသာလေးတွေပါ၊ မြန်မာပြည်ထဲကို ထည့်လိုက်လျှင်လည်း ကန့်ကွက်မည့်သူတွေ ရှိမယ်မထင်ပါဘူး၊ လက်ခံလိုက်လျှင် ကောင်းပါတယ်”ဟု ပြောပါသည်။ ကျနော်က ဦးချန်ထွန်းကို ထောက်ခံပြီး “ကျနော်တို့ ဗမာတွေက တစ်ဖက်သတ် ကရင်နီနယ်ကို မြန်မာပြည်အတွင်းသို့ ထည့်သွင်းခြင်းမဟုတ်ပါ၊ ၎င်းတို့ဘက်က ခေါင်းဆောင်တွေ လာပြော၍ လက်ခံခြင်းဖြစ်၍ အပြစ်ဆိုမည်သူရှိမှာမဟုတ်ပါ။ ကန့်ကွက်နိုင်သူ တစ်ဦးသာရှိပါတယ်။ ထိုသူမှာ အင်္ဂလိပ်သာလျှင်ဖြစ်ပါတယ်။ အင်္ဂလိပ်ကိုယ်တိုင်ကလည်း ဒီနယ်များကို မြန်မာပြည်အတွင်း ထည့်သွင်း၍ ကန့်ကွက်မည် မဟုတ်ပါ”ဟု ပြောရာ ဝန်ကြီးချုပ်ဦးနုက ချက်ချင်း လက်ခံရန် ဆုံးဖြတ်ပါသည်။ နောက်ပြီး ဝန်ကြီးချုပ်က ကရင်နီပြည်နယ်အခြေခံဥပဒေကို ရှမ်းပြည်နယ်၏ အခြေခံဥပဒေအတိုင်း ရေးဆွဲစေပါသည်။

ကျနော်က စပ်ဝဏ္ဏကို “ခွဲထွက်ရေးကိစ္စတွင် ကချင်ပြည်နယ်က ခွဲထွက်ရန် စွန့်လွှတ်သကဲ့ စွန့်လွှတ်ရန် တိုက်တွန်းပါသည်။ ၎င်းအပြင် သူ့အား ဒီနယ်တွေက သေးသေးလေးလည်းဖြစ်လို့ ခွဲထွက်လို့ ဘယ်လိုဖြစ် နိုင်မှာလဲ တစ်ဦးတည်း နေနိုင်မှာမှ မဟုတ်ဘဲ” ဟုလည်းပြောရာ။ စပ်ဝဏ္ဏက “ရှမ်းပြည်ကို ခွဲထွက်ရန် အခွင့်အရေးပေးလျှင် ကျနော်တို့ သဘောအတိုင်း လွတ်လပ်သော တိုင်းပြည်အဖြစ် ဝင်ရောက်လာတဲ့နယ်တွေကို ခွဲထွက်ရန် အခွင့်အရေးပေးသင့်ပါတယ်။ ယခုကဲ့သို့ ကတိုက်ကရိုက် လာရောက်ပူးပေါင်းခြင်းကို နောက်နောင် အပြစ်ပြောလာလျှင် ခွဲထွက်ရန် အခွင့်အရေးရှိသားပဲလို့ ချေပနိုင်ပါတယ်။ ဒီအခြေအနေလည်း ရောက်မယ်မထင်ပါ”ဟု ပြောပါသည်။ ဒါကြောင့် ဝန်ကြီးချုပ်ဦးနုက “သူတို့ ပြောတဲ့အတိုင်းပဲ လက်ခံလိုက်ပါ”ဟု မိန့်ကြားပါသည်။

မှတ်ချက်။ ။ (၁၉၄၇)ခုနှစ် အခြေခံဥပဒေရေးဆွဲရာ၌ ကရင်ပြည်နယ်ကို ကော်သူးလေဟု ခေါ်ပါသည်။ ကယားပြည်နယ်ကို ထိုစဉ်က ကရင်နီပြည်ဟု ခေါ်ပါသည်။

မြင့်သိန်း – အဂ္ဂမဟာသရေစည်သူဦးမြင့်သိန်း

နိုင်ငံတော်တရားဝန်ကြီးချုပ် (အငြိမ်းစား) ၁၄၊ ၆၊ ၉

(အထက်ပါ စာတမ်းသည် (နဝတ)လက်ထက်တွင် အဘယ်ကြောင့် (၁၉၄၇)ခု၊[၁] ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ ခွဲထွက်ခွင့်ပုဒ်မပြဋ္ဌာန်းရသလဲဟု နိုင်ငံရေးသမားဟောင်းများကို မေးမြန်းသဖြင့် ဦးမြင့်သိန်းမှ (နဝတ)သို့ ရေးသား ပေးပို့သည့်စာဖြစ်သည်။ ကျနော်စာရေးပြုစုသူကိုယ်တိုင် ပြည်တွင်းမှ ဝန်ကြီးချုပ်ဟောင်းဦးနုနှင့်ကယားဦးစိန်ရေးသားပြုစုသည့်စာကိုလည်း တပါတည်းယူဆောင်လာခဲ့သော်လည်း ၎င်းစာများ ပျောက်ဆုံးသွားသဖြင့် မဖော်ပြနိုင်ခြင်း ဖြစ်ပါသည်။)

(တရားဝန်ကြီး ဦးမြင့်သိန်း။ ။ (၁၉၀၀)ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၄)ရက်နေ့တွင် အဖဦးပိန်(K.S.M, A.T.M,) (ကျက်သရေဆောင်ရွှေစလွယ်ရမင်း၊ အမှုထမ်းကောင်းမင်း)နှင့် အမိဒေါ်မိမိတို့မှ ဖွားမြင်သည်။ ရန်ကုန်ကောလိပ်၊ ဗြိတိန်နိုင်ငံဘုရင်ကောလိပ်နှင့် ကင်းဘရစ်တက္ကသိုလ်များသို့ တက်ရောက်ပြီး (M.A. L.L.B)ဘွဲ့များကို (၁၉၂၅)ခုနှစ်တွင် ရရှိခဲ့သည်။ (၁၉၂၅–၃၀)အတွင်း ရန်ကုန်မြို့မ အထက်တန်းကျောင်းအုပ်ကြီး၊ ထိုနောက် (၁၉၃၇)ခုနှစ်မှစ၍ အစိုးရတရား ရေးဌာနတွင် အမှုထမ်းခဲ့သည်။ (၁၉၄၂)ခုနှစ်တွင် စစ်မှုထမ်းရန် အရန်တပ်တွင် ဗိုလ်ကြီးအဆင့် ထိုမှ ဗိုလ်မှူးကြီးအဖြစ်တိုးမြှင့်၍ မြို့ပြကာကွယ်ရေးမင်းကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ (၁၉၄၆)ခုနှစ်တွင် (CAS -B) အစိုးရလက်ထက် တရားရေးအရာရှိ၊ မိတ္ထီလာခရိုင် စက်ရှင်တရားသူကြီး၊ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအကြံပေးအရာရှိ၊ နယ်ခြားဒေသများအတွက် မြန်မာအစိုးရအဖွဲ့တွင် တွဲဖက်အတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့သည်။ (၁၉၄၈)ခုနှစ်တွင် တရုတ်သမ္မတနိုင်ငံ(နန်ကင်းမြို့)သို့ ပထမဦး ဆုံးသော မြန်မာသံအမတ်ကြီးအဖြစ် စေလွှတ်ခံရသည်။ (၁၉၅၀)ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ပီကင်းမြို့)တွင် မြန်မာသံအမတ်ကြီးဖြစ်သည်။ (၁၉၅၂)ခုနှစ်တွင် တရားလွှတ်တော်ချုပ် တရားသူကြီးဖြစ်ပြီး (၁၉၅၇)ခုနှစ်၊ ဇွန်လ(၆)ရက်မှစ၍ တရားဝန်ကြီးဖြစ်သည်။ (၁၉၅၁) ခုနှစ်တွင် သတိုးမဟာစည်သူဘွဲ့နှင့် (၁၉၅၈)ခုနှစ်တွင် အဂ္ဂမဟာသရေစည်သူဘွဲ့များ ရရှိခဲ့သည်။)

(Who's Who in Burma, 1961.) [၁] *(တရားလွှတ်တော် တရားဝန်ကြီးချုပ်ဦးမြင့်သိန်း)*

# အခန်း (၁၅)

## ခွဲထွက်နိုင်သော အခွင့်အရေး

(၁၉၄၇)ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခန်း(၁၀)မှ ခွဲထွက်နိုင်သော အခွင့်အရေးပါအခန်းကို ရေးသားခဲ့သူမှာ ဦးမြင့်သိန်းပင် ဖြစ်လေသည်။ ထိုစဉ်က ယင်းအခန်းကို စိတ်သဘောအရ အဓိကမနှစ်သက်သူနှစ်ဦးမှာ ဗိုလ်ချုပ်အောင် ဆန်းနှင့်ဦးနုတို့ပင် ဖြစ်ကြလေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မနှစ်သက်သော် ငြားလည်း ပင်လုံညီလာခံတွင် ချုပ်ဆိုသဘောတူထားသော သဘောတူညီ ချက်များကို ကြည့်ရှုဖတ်၍ မြိုသိပ်ခဲ့ရလေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ယင်းကဲ့သို့သော အပိုဒ်မျိုးမှာ ရုရှားနှင့် ယူဂိုဆလပ် အခြေခံဥပဒေတွေမှာလည်း ပါရှိကြောင်းနှင့် ယင်းအပိုဒ်မျိုးကို လက်တွေ့သုံးစွဲသည်ဟူသော တိုင်းပြည်ကား မရှိကြောင်း မိမိကိုယ် မိမိသတိပေး၍ နှစ်သိမ့်ခဲ့လေသည်။

ထိုမှ ဗိုလ်ချုပ်အောင်ဆန်းကွယ်လွန်သွား၍ ဝန်ကြီးချုပ်ဦးနုဖြစ်လာပြန် သောအခါ ယင်းခွဲထွက်ခွင့်ကိုပင် ဝန်ကြီးချုပ် ဦးနုနှင့်ဦးမြင့်သိန်းတို့ ဆွေးနွေး ကြပြန်သည် ဦးမြင့်သိန်းမှ –

"ရှမ်းခေါင်းဆောင်များနှင့်ကျွန်တော်ကြိမ်ဖန်များစွာ ဆွေးနွေးပါသည်။ ဦးချန်ထွန်းနှင့်ကျွန်တော်မူချ ထားသည့်အတိုင်း အနည်းအကျဉ်းမျှသာ ဖြည့်စွက် ပြီး အားလုံးကို လက်ခံကြပါသည်။ သို့သော်လည်း ခွဲထွက်ရန်အပိုဒ်ကိုတော့ ဘယ်နည်းနဲ့မှ မဖြုတ်နိုင်၊ ထည့်သွင်းပေးရမယ်လို့ ခပ်ကြမ်းကြမ်းပဲ ပြောကြ ပါသည်။ ခေါင်းဆောင်ကြီးပြောသူကတော့ "ညောင်ရွှေမဟာဒေဝီ"ဖြစ်ပါသည်။ မဟာဒေဝီအား ပြင်းပြင်းထန်ထန် ထောက်ခံသူများမှာ စော်ဘွားများ၏ နောက်လိုက်များမဟုတ်ပဲ လူထုကိုယ်စားလှယ်များဖြစ်ကြ၍ ကျွန်တော် နောက်ဆုတ်ခဲ့ရပါသည်။ ဤအကြောင်းကို ဝန်ကြီးချုပ်ဦးနုထံသို့ အစီရင်ခံတော့၊ ဝန်ကြီးချုပ်က "ဘယ်တတ် နိုင်မလဲဗျား၊ သူတို့က ဗိုလ်ချုပ်အောင်ဆန်းကတိ ပေးထားတာကို ကိုင်ထားတော့ ပြောလို့ရမှာမဟုတ်ဘူးပေ့ါ၊ ဒါပေမယ့် ကိစ္စမရှိ

ပါဘူး၊ ကချင်ကိုလည်း ဒီအတိုင်းပဲ ပေးရမယ်ဆိုတော့ – ကချင်ပြည်နယ်နှင့်ဆိုင်တဲ့ အခြေခံဥပဒေကို မရေးနဲ့ဦး၊ ဆမားဒူးဝါးကြီးကို ခေါ်ပြီး စကားပြောဦးမယ်''ဟု မိန့်ကြားအပ်ပါသည်။

ယင်းအခန်း(၁၀)ပါ ခွဲထွက်နိုင်သော အခွင့်အရေးသည် ဗိုလ်ချုပ်အောင်ဆန်းလက်ထက်မှ ဝန်ကြီးချုပ်ဦးနုလက်ထက်တိုင် လည်ချောင်းထဲတွင် စူးဝင်နေသော အရိုးတချောင်းပင် ဖြစ်ခဲ့လေသည်။

# အခန်း (၁၀)

## ခွဲထွက်နိုင်သော အခွင့်အရေး။

၂၀၁။ ။ ဤအခြေခံဥပဒေ၌သော်၎င်း၊ ပုဒ်မ(၁၉၉)အရ ပါလီမန်ကပြုသော အက်ဥပဒေ၌ သော်၎င်း အခြားပြဋ္ဌာန်း[၁] ချက်ပြုထားခြင်းမရှိလျှင်၊ အောက်၌ပြဋ္ဌာန်းထားသော စည်းကမ်းချက်များနှင့်အညီ၊ ပြည်ထောင်စုနိုင်ငံမှ ခွဲထွက်နိုင်ရန် ပြည်နယ်တိုင်း၌ အခွင့်အရေးရှိရမည်။

၂၀၂။ ။ ဤအခြေခံဥပဒေအာဏာတည်သည့်နေ့မှ ဆယ်နှစ်အတွင်း ခွဲထွက်နိုင်သော အခွင့်အရေးကို အသုံးမပြုရ။

၂၀၃။ ။ (၁) ခွဲထွက်နိုင်သောအခွင့်အရေးကို သုံးစွဲလိုသောပြည်နယ်သည်၊ ခွဲထွက်လို ကြောင်းအဆိုကို မိမိ၏ပြည်နယ်ကောင်စီတွင် တင်သွင်းအတည်ပြုရမည်။ ပြည်နယ်ကောင်စီရှိ အမတ်စုစုပေါင်းအနက် သုံးပုံနှစ်ပုံအောက် မလျော့သောအမတ်များက ထိုအဆိုကို ထောက်ခံ၍ မဲပေးခြင်းမပြုလျှင်၊ အတည်ပြုသည်ဟု မမှတ်ယူရ။

(၂) သက်ဆိုင်ရာ ပြည်နယ်၏ဥက္ကဋ္ဌသည် ပြည်နယ်ကောင်စီ၏ ဆုံးဖြတ်ခြင်းကို နိုင်ငံတော်သမတအား အကြောင်းကြားရမည်။ ထို့ပြင် အတည်ပြုလိုက်သော ကောင်စီ၏ သဘာပတိက ဟုတ်မှန်ကြောင်း လက်မှတ်ရေးထိုးသော ဆုံးဖြတ်ချက် မိတ္တူတစောင်ကို နိုင်ငံတော်သမတထံသို့ ပြည်နယ်ဥက္ကဋ္ဌက တင်ပြရမည်။

၂၀၄။ ။ ထိုအခါ နိုင်ငံတော်သမတသည်၊ သက်ဆိုင်ရာပြည်နယ်၏ လူထုဆန္ဒ ပွဲကိုကျင်းပစေရန် အမိန့်ထုတ်ရမည်။ လူထုဆန္ဒပွဲကို ကျင်းပခြင်းမှာ သက်ဆိုင်ရာ ပြည်နယ်ရှိ ပြည်သူတို့၏ ဆန္ဒအမှန်ကို သိနိုင်ရန်ဖြစ်သည်။

၂၀၅။ ။ နိုင်ငံတော်သမတသည်၊ လူထုဆန္ဒပွဲကောင်မရှင်တဖွဲ့ကို ခန့်ရမည်။ ထိုအဖွဲ့တွင် ပြည်ထောင်စုနိုင်ငံမှဝင်း၊ သက်ဆိုင်ရာပြည်နယ်မှဝင်း ကိုယ်စားလှယ် ဦးရေ အညီအမျှ ပါဝင်ရမည်။ ထိုအဖွဲ့သည် လူထုဆန္ဒပွဲကိုကြီး ကြပ်စီမံရန်ဖြစ် သည်။

၂၀၆။ ။ ဤအခန်း၌ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ အဆိုပါ ခွဲထွက် နိုင်သော အခွင့်အရေးအသုံးပြုခြင်းနှင့်စပ်လျဉ်းသော ကိစ္စအားလုံးကို ဥပဒေဖြင့် စည်းမျဉ်းသတ်မှတ်ရမည်။

ရှမ်းပြည်နယ်အစိုးရခေါင်းဆောင်သော ပြည်နယ်အစိုးရများနှင့်လူမျိုးစု ခေါင်းဆောင်များသည် လွတ်လပ်ရေးဆယ်နှစ် မပြည့်မချင်း ယင်းခွဲထွက်နိုင်သော အခွင့်အရေးပုဒ်မကို အသုံးမပြုပဲ နေခဲ့ကြလေသည်။ သို့ရာတွင် ရှမ်းပြည်နယ် အပါအဝင် မြန်မာနိုင်ငံလွတ်လပ်ရေးဆယ်နှစ်ပြည့်ချိန်တွင် ဖေါ်ပြပါ ခွဲထွက်နိုင် သော အခွင့်အရေးကို ပြည်နယ်အားလုံးက သုံးစွဲလာခြင်း ဖြစ်လေသည်။

(၁) *(ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ – ၁၉၄၇)*

# တိုင်းပြုပြည်ပြုလွှတ်တော်တွင် ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက် မြွက်ကြားသည့် မိန့်ခွန်း [၁]



သမ္မတစဝ်ရွှေသိုက် (၁၉၄၈)



ညောင်ရွှေမဟာဒေဝီ

ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်သည် (၁၉၄၇)ခု၊ ဇွန်လ(၁၃) ရက်နေ့က ကျင်းပပြုလုပ်သော တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးတွင် ဦးနုအားလွှတ်တော်ဥက္ကဋ္ဌအဖြစ်တင်မြှောက်ရန် အဆိုတင်သွင်း မိန့်ခွန်းမြွက်ကြားခဲ့သည်။ ယင်းမိန့်ခွန်းမြွက်ကြားချက်မှ အချို့ကို ကောက်နုတ်တင်ပြလိုပေသည်။

"ကျွန်ုပ်တို့ ရှမ်း၊ ကချင်၊ ချင်းတောင်ပေါ်တိုင်းရင်းသားများဟာ အင်္ဂလိပ်နယ်ချဲ့စနစ်အောက်က လွတ်မြောက်ဘို့ ဗမာပြည်မနှင့်ပူးပေါင်းသွေးစည်းနေကြရပေမည်။ ဟိုရှေးရာဇဝင်က အဖြစ်အပျက်တွေကို သတိရပြီး ဗမာတွေဟာ တို့ထက်ပိုပြီးလူလည်းများတယ်၊ ဉာဏ်လည်း သာတယ်။ သည်တော့ တနေ့နေ့မှာ မတော်တဆများတို့ကို လူမျိုးငယ်ဆိုပြီး ဖိနှိပ်စော်ကားလုပ်များနေမလားဆိုပြီး ဓမ္မတာအတိုင်း တထိတ်ထိတ်တွေးပူစိုးရိမ်လျက် ရှိကြပါတယ်။"

သခင်မြ (သာယာဝတီ ကျေးလက်တောင်ပိုင်း) "မဖြစ်ရပါဘူး"

ညောင်ရွှေစော်ဘွားကြီးက "ကျွန်ုပ်တို့ အင်မတန်မြတ်နိုးတဲ့ တန်းတူအခွင့်အရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ခွဲထွက်လိုက ခွဲထွက်နိုင် ခွင့်တွေကိုများ ထိပါးကျူးကျော်ပြုလေမလားလို့လဲ တထင့်ထင့်ဖြစ်မယ် ဆိုလျှင် ဓမ္မတာအတိုင်း ကျွန်ုပ်တို့မလွန်ဘူးလို့ ထင်ပါတယ်။ မတော် တဆ သည်လို မဖွယ်မရာ၊ မတရားမှုတွေများဖြစ်ပေါ်လာလို့ရှိရင် အားနည်းတဲ့ဘက်က အစဉ်နေလာတဲ့ သခင်နုဟာ တရားလမ်းမှန် အတိုင်း ကျွန်ုပ်တို့ဘက်က ရွတ်ရွတ်ချွံချွံ ကာကွယ်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်အားထားပါတယ်။ (သြဘာသံများ)

ကျွန်ုပ်တို့ သဘောကတော့ ရိုးရိုးနဲ့ရှင်းရှင်းဘဲ။ လောလောဆယ် အင်္ဂလိပ်ကျွန်ဘဝက လွတ်ချင်တယ်၊ သည်လိုလွတ်လပ်ရေးရဘို့ ဗမာ ပြည်နဲ့ ပူးပေါင်းဆောင်ရွက်မှ ဖြစ်မယ်ဆိုပြီး ယုံကြည်လို့ ယခုသည် လွှတ်တော်မှာ ရောက်လာကြပါတယ်။ (သြဘာသံများ)

ဒါပေမယ့် အင်္ဂလိပ်ကျွန်ဘဝကလွတ်ပြီး ပုခုံးပြောင်းအဖြစ် ဗမာ တွေရဲ့ ကျွန်ဖြစ်သွားမှာကိုလည်း မလိုချင်ပါဘူး။ (ရယ်သံနှင့်သြဘာ သံများ) နှစ်ဦးနှစ်ဘက်စလုံး လွတ်လပ်ကြီးပွားရေးအတွက် တန်းတူ ရည်တူအခွင့်အရေးတွေနှင့် ပူးပေါင်းဆောင်ရွက်သွားကြဘို့ဆိုရင် အစဉ် သဖြင့် အဆင်သင့်ရှိတယ်ဆိုတာလည်း ရှင်းရှင်းဘွင်းဘွင်းဘဲ ကတိပေးပါ တယ်။ (သြဘာသံများ)"




ယင်းကဲ့သို့ ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်က မိန့်ခွန်းမြွက်ကြားခြင်းသည် တန်းတူရေးကို ဘယ်လောက်မြတ်နိုးကြောင်း၊ တည်တံ့ခိုင်မြဲ၍ ငြိမ်းချမ်းသာယာဝပြောသော ပြည်ထောင်စုနိုင်ငံတော် ကြီးတည်ထောင်ရေးအတွက် မည်မျှတန်ဘိုးထားကြောင်းတို့ကို ဖေါ်ပြသည့် ပင်လုံစိတ်ဓါတ်ကို ဖေါ်ထုတ်သွားခြင်းပင်ဖြစ်သည်။

(၁)၊ *ညောင်ရွှေစော်ဘွား စစ်ရွှေသိုက် မိန့်ခွန်း*

## ပင်လုံမှ တိုင်းပြုပြည်ပြုလွှတ်တော်

ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ်၊ ပင်လုံညီလာခံတွင် လူမျိုးစုခေါင်းဆောင်များနှင့် သဘောတူ ညီခဲ့သည့် သဘောတူညီချက်များကိုငင်း၊ (ဖဆပလ)ပဏာမညီလာခံတွင် မိမိတင်သွင်းခဲ့သည့် အခြေခံမ(၄)ချက်နှင့်

လမ်းညွှန်ချက်(၇)ချက်ကိုရင်း တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးတွင် တင်သွင်းရန် ပြင်ဆင်ခဲ့လေသည်။

## မြန်မာပြည်နှင့်ကရင်နီပြည်မိတ်ဆက်အဖွဲ့ ရန်ကုန်မြို့
## (၁၉၄၆)ခုနှစ်၊ ဧပြီလ(၃၀)ရက်



**ရှေ့တန်းမှ ဝဲယာသို့–**စောသိန်း၊ စဝ်လဝီ၊ စောရွှေ၊ ဦးစိန်(ကရင်နီပဒေါင်ကောင်စီဥက္ကဋ္ဌ)၊ ဗိုလ်ချုပ်အောင်ဆန်း(ဖဆပလ)အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဦးအေးမြလေး၊ ဦးဘဖေ၊ သိုင်းဘဟန်၊ စောဦးမြ

**အလယ်တန်း–** သခင်ဝတင်၊ ဦးလွီဇီ၊ စောပီခဝါ၊ ဦးဗဂျမ်း၊ ဦးတင်၊ မန်းဘခိုင်၊ သခင်သန်းထွန်း(ကွန်မြူနစ်ပါတီအတွင်းရေးမှူး)၊ ဦးတင်၊ ဦးဘသောင်း၊ ဦးဖေခင်၊ သခင်ချစ်၊

**နောက်တန်း–** ဦးကျော်မြင့်၊ ဦးအောင်ဝင်း၊ ဦးဘဆိုင်၊ ဦးအောင်ဇံဝေ၊ ဦးညိမ်း၊ ဦးသိမ်းအောင်၊ စောဘဦးကြီး(ကေအဲန်ယူအဖွဲ့ချုပ်ဥက္ကဋ္ဌ)၊ ဦးထွန်းလှ၊ စောခလူလယ်၊ ဦးတင်မောင်၊

# ပင်လုံညီလာခံ ဆုံးဖြတ်ချက်များ

(၁၉၄၇)ခု၊ ဖေဖော်ဝါရီလ(၁၀)ရက်နေ့ ပင်လုံညီလာခံကြီး စတင်ကျင်းပလျှင်ကျင်းပခြင်း ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားရာမှာ တောင်တန်းနယ်များကို ဗြိတိသျှအုပ်ချုပ်သည်ကို ဗမာများက မကြိုက်ကြောင်း၊ ဗမာများသည် တောင်တန်းဒေသအတွက် ပြောဆိုခြင်းမှာ ဗမာပြည်နှင့်တန်းတူအဆင့်အတန်း အခွင့်အရေးရစေလိုသောကြောင့်ဖြစ်ကြောင်း ဗမာလူမျိုးသည် ဗြိတိသျှကျွန်မဖြစ်လိုကြောင်း၊ ထိုနည်းတူ တောင်တန်းလူမျိုးများ ဗြိတိသျှကျွန်ဖြစ်သည်ကို ဗမာက မကြိုက်ကြောင်း၊ ထိုနည်းတူ တောင်တန်းလူမျိုးများသည် ဗမာကျွန်အဖြစ် မဖြစ်စေရကြောင်း ရှေးဦးစွာ ပြောကြားသွားသည်။

ထိုနောက် ဗိုလ်ချုပ်အောင်ဆန်းက ရှမ်း၊ ကချင်၊ ချင်းခေါင်းဆောင်ကြီးများ၏ သဘောတူညီ ဆုံးဖြတ်ချက်များ(၅)ချက်အပေါ် တချက်ချင်းအလိုက် အောက်ပါအတိုင်း ပြန်လည်ဆွေးနွေး ရှင်းလင်းတင်ပြသွားသည်။

(၁) ဆုံးဖြတ်ချက်(၁)နှင့်ပတ်သက်၍ ဗမာတို့နှင့်အဆင့်အတန်းတူ၊ အခွင့်အလမ်းတူ၊ ရပိုင်ခွင့်တူ၊ ဒီမိုကရေစီကျကျခံစားခွင့်ရှိစေရမည် ဆိုသည့်အချက်နှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံတွင် အဆင့်အတန်းခွဲခြားခြင်း မရှိစေရန်နှင့်အားလုံး တန်းတူရည်တူ ခံစားခွင့်ရရှိစေရန် အစည်းအဝေးကြီးတွင် အာမခံချက်ပေးကြောင်း ပြောကြားရာ ကိုယ်စားလှယ်များက တခဲနက်ထြဘာပေးကြသည်။

(၂) ဆုံးဖြတ်ချက်(၂)နှင့်ပတ်သက်၍ မူအားဖြင့်လက်ခံပြီး အထူးပြောဆိုစရာမလိုကြောင်း ပြောကြားသည်။ ကိုယ်စားလှယ်အားလုံးကလည်း ထပ်မံဆွေးနွေးကြခြင်းမရှိချေ။

(၃) ဆုံးဖြတ်ချက်(၃)နှင့်ပတ်သက်၍ ကချင်တောင်တန်းဒေသတွင် အကျုံးမဝင်သည့် မြစ်ကြီးနား၊ ဗန်းမော်ခရိုင်နှင့်ကသာမြေပြန့် ဒေသများမပါဘဲ ကချင်ပြည်ဟု ပြည်နယ်တစ်ခုအဖြစ် ရပ်တည် နိုင်လိမ့်မည်ဟု မိမိမယုံကြည်ကြောင်း၊ သို့သော် မိမိအနေဖြင့် လုပ်ပိုင်ခွင့် မရှိသော်လည်း ကချင်လူမျိုးများလိုလား တောင်းတ လျက်ရှိသည့် ကချင်ပြည်နယ်ဖြစ်လာရေးကို လေးစား၍ မူအားဖြင့် မိမိထောက်ခံကြောင်း၊ ယင်းကိစ္စကိုလည်း ရက်သတ္တ ပတ် အနည်းငယ်အတွင်း ရန်ကုန်၌ကျင်းပမည့်(ဖဆပလ) ညီလာခံတွင် မိမိကိုယ်တိုင် အဆိုတင်သွင်းမည်ဖြစ်ကြောင်း ပြောကြားရာ ကိုယ်စားလှယ်များက တခဲနက်သြဘာပေးကြ သည်။

(၄) ဆုံးဖြတ်ချက်(၄)နှင့်ပတ်သက်၍ အောင်ဆန်း–အက်တလီစာချုပ်ကို လက်ခံခြင်းမပြု ဟူသောကိစ္စမှာ ယခုဆွေးနွေးနေသည့် ကိစ္စနှင့် စပ်ဆိုင်ခြင်းမရှိသဖြင့် ဝေဖန်ဆွေးနွေးရန် မလိုကြောင်း ပြောကြား သွားသည်။

(၅) ဆုံးဖြတ်ချက်(၅) ခွဲထွက်ခွင့်နှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက မူအားဖြင့်လက်ခံပြီး ဤအစည်းအဝေးက ဆုံးဖြတ်နိုင်မည်မဟုတ် ကြောင်း၊ တိုင်းပြုပြည်ပြုတွင် တင်သွင်း၍ ဆုံးဖြတ်ရမည့် ကိစ္စဖြစ် ကြောင်းတင်ပြရာ အများလက်ခံကြသည်။

*(နောက်ပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ခွဲထွက်ခွင့်သည် တိုင်းရင်းလူနည်းစု အခွင့်အရေးဖြစ်ပြီး မခွဲထွက်ချင်အောင် ဗမာလူမျိုးကြီးက လုပ်ပြရမည်ဟု ပြောဆိုလာသည်အထိ ခွဲထွက်ခွင့်ကိစ္စကို အမျိုးသားသွေးစည်းညီညွတ်ရေး အတွက် အလေးပေးထားသည်။)*

## ၁၉၄၇–ခုနှစ် ဖေဖော်ဝါရီလ(၁၂)ရက်နေ့ ပင်လုံစာချုပ်

မြန်မာပြည်ဘုရင်ခံ၏ အမှုဆောင်ကောင်စီမှ အဖွဲ့ဝင်အချို့နှင့် စစ်ဖွဲ့များ အားလုံးတို့အပြင်၊ ရှမ်းပြည်နယ်များ၊ ကချင်တောင် တန်းဒေသများနှင့်ချင်း တောင်တန်းဒေသတို့မှ ကိုယ်စားလှယ်များတို့ တက်ရောက်ကြသော ပင်လုံမြို့ တွင် ကျင်းပသည့် အစည်းအဝေးကြီးတွင် –

ကြားဖြတ်မြန်မာအစိုးရနှင့် ချက်ချင်းပူးပေါင်းခြင်းအားဖြင့် ရှမ်း၊ ကချင်နှင့် ချင်းတို့သည် လွတ်လပ်ရေးကို ပိုမို၍ လျင်မြန်စွာရရှိလိမ့်မည်ဟု အစည်းအဝေး တက်ရောက်သူအဖွဲ့ဝင်တို့သည် ကန့်ကွက်သူမရှိဘဲ အောက်ပါအတိုင်း သဘော တူညီကြလေသည်။

(၁) တောင်တန်းသားများစည်းလုံးညီညွတ်ရေးအဖွဲ့(တ–စ–ည–ဖ)၏ ကြိုးကိုင်အဖွဲ့ ကိုယ်စားလှယ်များက ထောက်ခံချက်အရ၊ တောင်တန်းသားများ၏ ကိုယ်စားလှယ်တဦးကို ဘုရင်ခံက ရွေးချယ်၍ နယ်စပ်ဒေသများကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ရန် အတွက် ဘုရင်ခံ၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ်ခန့်ထားရမည်၏။

(၂) ဤအတိုင်ပင်ပုဂ္ဂိုလ်ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ဌာနလက်ကိုင်မရှိ၊ ကောင်စီဝင်တဦးအဖြစ်ခန့်ထား၍ ကာကွယ် ရေးနှင့်ပြည်ပကိစ္စရပ်များတွင် ထုံးနည်းဥပဒေအရ အမှုဆောင် ကောင်စီ၏ အာဏာလက်အောက်သို့ ရောက်ရှိသည့်နည်းတူ နယ်စပ်ဒေသကိစ္စများကိုလည်း အမှုဆောင်ကောင်စီ၏ အာဏာ လက်အောက်သို့ ရောက်ရှိစေရမည်။ ဤနည်းလမ်းများအတိုင်း နယ်စပ်ဒေသဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်အား အုပ်ချုပ်ခွင့် အာဏာကို ပေးအပ်ရမည်။

(၃) အဆိုပါ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ၎င်းနှင့်လူမျိုးချင်းမတူသော ဒုတိယ အတိုင်ပင်ခံ ပုဂ္ဂိုလ်နှစ်ဦးက ကူညီစေရမည်။ ရှေးဦးစွာ ဒုတိယ အတိုင်ပင်ခံပုဂ္ဂိုလ်နှစ်ဦးတို့သည် ၎င်းတို့အသီးသီး သက်ဆိုင်

သည့်နယ်များ၏ ကိစ္စရပ်များကို ဆောင်ရွက်ရန်ဖြစ်၍၊ အတိုင်ပင်ခံပုဂ္ဂိုလ်မှာ အခြားနယ်စပ်ဒေသ အားလုံးတို့၏ ကိစ္စရပ်များကို ဆောင်ရွက်စေရန် ဖြစ်သည်။

(၄) အတိုင်ပင်ခံပုဂ္ဂိုလ်သည် အမှုဆောင်ကောင်စီတွင် အဖွဲ့ဝင်လူကြီး အနေဖြင့် နယ်စပ်ဒေသများ၏ တဦးတည်း သောကိုယ်စားလှယ် အဖြစ် ပါဝင်ရမည်ဖြစ်သော်လည်း၊ ဒုတိယ အတိုင်ပင်ခံပုဂ္ဂိုလ်များသည် နယ်စပ်ဒေသများနှင့် သက်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည့်အခါ အမှုဆောင်ကောင်စီတွင် တက်ရောက်နိုင်ခွင့်ရှိစေရမည်။

(၅) အထက်တွင် သဘောတူညီသည့်အတိုင်း ဘုရင်ခံ၏အမှုဆောင်ကောင်စီကို တိုးချဲ့မည်ဖြစ်သော်လည်း နယ်စပ်ဒေသများ၏ နယ်တွင်းအုပ်ချုပ်ရေးတွင် ယခုခံစားနေရသော ကိုယ်ပိုင်အုပ်ချုပ်ရေးကို မည်သည့်နည်းနှင့်မဆို တစုံတရာလက်လွှတ်စေရန် အဆိုပါ ကောင်စီက ပြုလုပ်ခြင်းမရှိစေရ။ နယ်စပ်ဒေသများအတွက် နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးရာခိုင်နှုန်းအပြည့်ရှိစေရမည်ဟူသောမူကို သဘောတူညီကြသည်။

(၆) ပူးပေါင်းထားပြီးသည့် မြန်မာပြည်အတွင်း သီးသန့်ကချင်ပြည်တခု နယ်နိမိတ်သတ်မှတ်၍ တည်ထောင်ရန် ပြဿနာမှာ တိုင်းပြုပြည်ပြုလွှတ်တော်က ဆုံးဖြတ်ရန်ဖြစ်သော်လည်း ဤကဲ့သို့ သီးခြားပြည်နယ်တခုထားရှိ သင့်ကြောင်းကို သဘောတူညီကြသည်။ ဤရည်ရွယ်ချက် အထမြောက်စေရန်အလို့ငှါ ပထမခြေလှမ်းအနေဖြင့် (၁၉၃၅)ခုနှစ်၊ မြန်မာနိုင်ငံတော်အစိုးရ အက်ဥပဒေအရ နောက်ဆက်တွဲစာရင်းပါအပိုင်း(၂)ဒေသများကဲ့သို့ မြစ်ကြီးနားနှင့်ဗန်းမော်ခရိုင်တို့၏ အုပ်ချုပ်ရေးတွင် နယ်စပ်ဒေသ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်တို့အား ဆွေးနွေးတိုင်ပင်ရမည်။

(၇) နယ်စပ်ဒေသများ၏ နယ်သူနယ်သားတို့သည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံများအဖြစ် အသိအမှတ်ပြုထားပြီးသော အခွင့်အရေးများတို့ကို ခံစားပိုင်ခွင့်ရှိစေရမည်။

(၈) ဤစာချုပ်တွင် သဘောတူညီကြသည့်အစီအစဉ်မှာ ပဒေသာရာဇ် ရှမ်းပြည်နယ်စုတွင် ယခုအပ်နှင်းထားပြီးသော ဘဏ္ဍာရေးနှင့် ပတ်သက်သည့် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ထိခိုက်ခြင်း မရှိစေရန်။

(၉) ဤစာချုပ်တွင် သဘောတူညီကြသည့်အစီအစဉ်တို့မှာ မြန်မာပြည် အခွန်တော်ငွေများမှ ကချင်တောင်တန်းနယ်များနှင့် ချင်းတောင်တန်းနယ်များက ရသင့်ရထိုက်သော ဘဏ္ဍာရေးအကူအညီကို ထိခိုက်ခြင်းမရှိစေရ။ မြန်မာပြည်နှင့် ရှမ်းပြည်နယ်မြေစု၏ ဘဏ္ဍာရေး အစီအစဉ်များကဲ့သို့ ကချင်တောင် တန်းနှင့်ချင်းတောင်တန်းများတို့အတွက် အလားတူအစီအစဉ်များကို ထားရှိကျင့်သုံးရန် ဖြစ်နိုင်မည် မဖြစ်နိုင်မည်းကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီက၊ နယ်စပ်ဒေသများ၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့်အတူ စစ်ဆေးကြည့်ရှုရမည်။

## ဗိုလ်ချုပ်အောင်ဆန်း၏ လူမျိုးဆိုတာဘာလဲ

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြုပြည်ပြုလွှတ်တော်မခေါ်ဆိုမီနှင့် လွတ်လပ်သောမြန်မာနိုင်ငံမပေါ်ထွန်းမီ (ဖဆပလ)ပဏာမပြင်ဆင်မှုညီလာခံတွင် လူမျိုးဆိုသည့်အကြောင်းကိုရင်း၊ ယင်းလူမျိုးများ ရသင့်ရထိုက်သော အခွင့်အလမ်းများ အကြောင်းကိုရင်း ညီလာခံ၌ တင်ပြဖွင့်ဆိုခဲ့လေသည်။

# လူမျိုးကြီးဆိုတာဘာလဲ



General Aung San

ဒီနေရာမှာ လူမျိုးရေးကိစ္စကို ကျွန်တော်ဆွေးနွေးလိုတယ်။ အင်္ဂလိပ်လိုမှာ (Nation or Nationality, Race, Tribe)အစရှိသည်အားဖြင့် လူမျိုးရေးတွေကို အသီးသီးခေါ်ထားတာရှိတယ်။ (Nation or Nationality) ဆိုတာမျိုးကတော့ ဗမာလိုတိတိကျကျ ဘယ်လိုပြန်ရမယ်ဆိုတာ ဗမာ့အဘိဓာန်ကျကျနနထွက်မှဘဲ ဖြစ်နိုင်မှာဘဲ။

အဓိပ္ပါယ်ကတော့ ဥပမာ–ဗြိတိသျှလူမျိုးဆိုယင် အင်္ဂလိပ်၊ စကော့၊ ဝေလ၊ အိုင်းရစ်လူမျိုးတွေ ပေါင်းထားတာကို ခေါ်တာဘဲ။ အမေရိကန်လူမျိုးဆိုယင်လဲ ဥရောပက လူမျိုးစုံ၊ အမေရိကန်မှာ လာနေပြီး အမေရိကန်လူမျိုးလိုနေတဲ့ လူအားလုံးကို ခေါ်တာဘဲ။

ဒီတော့ (Nation) သို့မဟုတ် (Nationality)ခေါ်တဲ့[၁] လူမျိုးကြီးကို ဆိုကြပါစို့၊ အဲဒီလူမျိုးကြီးဆိုတာ ဘယ်လိုအခြင်းအရာတွေနဲ့ပြည့်စုံမှ လူမျိုးကြီးလို့ ခေါ်မလဲ။ အဲဒီလူမျိုးရေးပြဿနာနဲ့ပတ်သက်ပြီး အခုကမ္ဘာကျော် ဆိုဗီယက်ယူနီယံခေါင်းဆောင်ကြီးဖြစ်တဲ့ စတာလင်က ဘယ်လိုသရုပ်ဖော်ထားသလဲဆိုရင် –

A nation is a historically evolved stable community of language, territory, economic life, and psychological make up manifested in a community of culture:

## လူမျိုးကြီးဆိုတာ

လူမျိုးကြီးဆိုတာ ရာဇဝင်အရ ဖြစ်ပွားလာပြီး တည်တည်တံ့တံ့နေလာတဲ့ သူ့ဘာသာစကားနဲ့၊ သူ့နယ်မြေနဲ့၊ သူ့စီးပွားရေးနဲ့၊ သူ့ယဉ်ကျေးမှုပညာ ထုံးစံဓလေ့တွေနဲ့ညီညွတ်စည်းရုံးထားတဲ့ လူပေါင်းစုဘဲလို့ စတာလင်က သရုပ်ဖော်ပြခဲ့တယ်။ ဒီနေရာမှာ လူပေါင်းစုဆိုတာဟာ (A nation is not a racial or tribal community of people)လို့ အတိအလင်း ဖော်ပြထားတယ်။ အဓိပ္ပါယ်ကတော့ လူမျိုးကြီးဆိုတာ အသွေးအဆင်းတူတဲ့ (Race)တို့ (Tribe)တို့ခေါ်တဲ့ လူမျိုးစုမျိုးမဟုတ်ဘူး။ အဲဒီ(Race)တို့များ ပေါင်းစပ်ထားခြင်းဖြစ်လို့တယ် ရှင်းလင်းပြန်တယ်။

အဲဒီမှာလဲ စကားတူရှိရုံနဲ့ လူမျိုးကြီးမဖြစ်နိုင်ဘူးတဲ့။ စကားတမျိုးထဲပြောကြတဲ့ အင်္ဂလိပ်၊ အမေရိကန်ဟာ လူမျိုးကြီးနှစ်မျိုးဖြစ်နေသော အထင်အရှားဘဲ မဟုတ်လားတဲ့။ လူမျိုးခြားတိုင်း စကားမခြားဘူး။ စကားတူတိုင်း လူတမျိုးတည်းမဟုတ်ဘူး။ အကြောင်းအားလျော်စွာ ဆုံစည်းခွင့်မရှိလို့ရှိယင် တမျိုးစီဖြစ်တယ်။ အဲဒီလို ဆုံစည်းတဲ့နေရာမှာ တမြေတည်းနေ၊ တရေတည်းသောက်တဲ့ လူတွေမှ လူတမျိုး တည်းဖြစ်လာနိုင်သတဲ့။ နောက်စီးပွားရေးမှာလဲ တဦးနဲ့တဦး ကျောထောက်နောက်ခံသဘောမျိုး မှီခိုပြီး ပေါင်းစည်းထားမှ ဖြစ်သတဲ့။ ပြီးတော့ လူတမျိုးရဲ့စိတ်ဓါတ် (National Character)လို့ဆိုတဲ့ လူ့ယဉ်ကျေးမှုဓလေ့ထုံးစံဆိုတာကို မထားလို့မဖြစ်ဘူးတဲ့။ အခုဒီအချက်တွေက တခုလောက်မရရုံနဲ့ဘဲ လူမျိုးကြီးဆိုတဲ့ ဂုဏ်အင်္ဂါကို မထိုက်တန်ဘဲဖြစ်သွားနိုင်သတဲ့။ အဲဒီတော့ ဒီအခြင်းအရာတွေ အားလုံးပြည့်စုံမှ လူမျိုးကြီး တမျိုးဖြစ်တယ်ဆိုဘဲ။ ဒီနေရာမှာ (Common Language)ဆိုတဲ့ စကားတူလို့ ဆိုတာမှာလဲ ဥပမာ ဗြိတိသျှလူမျိုးကြီးများ အင်္ဂလိပ်စကားအားလုံး ပြောကြတယ်။ နားလည်ကြတယ်။

ဒါပေမဲ့ အိုင်းရစ်တို့ ဘာတို့မှာ သူတို့စကားသတ်သတ်ရှိတယ်။ အဲဒါကိုလဲ သတိပြုဖို့လိုတယ်။

## နိုင်ငံတော်

နောက်ပြီး (State) (ဒီနေရာမှာတော့ လက်နက်နိုင်ငံတော်လို့ဘဲ ဆိုကြပါစို့)။ အဲဒီလက်နက် နိုင်ငံတော်ဆိုတဲ့ (Political Community) နိုင်ငံရေးလူပေါင်းစုံနဲ့ လူမျိုးကြီးပေါင်းစုံ(National Community)ကို နားမရှုပ်စေလိုဘူးလို့ စတာလင်က ရှင်းထားတယ်။ ဘယ်လိုလဲဆိုယင် တူတာတွေထဲမှာ စကားတူမှ လူမျိုးကြီးတမျိုးဆိုတာ ဖြစ်နိုင်မယ်။ သို့သော်လည်း လက်နက်နိုင်ငံတော်ဆိုတဲ့ နိုင်ငံရေးလူပေါင်းစုံထဲမှာတော့ စကားမတူပေမဲ့ တနိုင်ငံတည်း ဖြစ်နိုင်တယ်ဆိုတာ ဖေါ်ပြထားတယ်။

(၁) *(ဖဆပလ ပဏာမ ပြင်ဆင်မှုညီလာခံ =ဗိုလ်ချုပ်အောင်ဆန်း)*

## လူမျိုးရေး လူနည်းစု

ကောင်းပြီး၊(၁) ဒီအချက်တွေကို အခြေပြုပြီးစဉ်းစားယင် ကျွန်တော်တို့ ဗမာပြည်မှာ (Nation or Nationality) လူမျိုးကြီးအဖြစ်နဲ့ ဘယ်နှစ်မျိုးရှိသလဲ ဆိုရင် စင်စစ်ပြောရယင်တော့ အားလုံးတမျိုးတည်းဘဲ ရှိနိုင်မယ်။ (Race, Trible) ဆိုတဲ့ဟာမျိုးတော့ရှိသပေ့ါ၊ ဒါမျိုးတွေကော (Nation or Nationality)ထဲမှာ မရှိဘူးလားဆိုတော့ ရှိသတဲ့၊ သူတို့ကို (National Mirority)လို့ ခေါ်တယ်။ လူမျိုးရေး လူနည်းစုတွေလို့ ခေါ်တယ်တဲ့။ အဲ အခုနကျွန်တော်တို့ ဗမာပြည်မှာ လူမျိုးကြီးလို့ စင်စစ်ခေါ်နိုင်တာ အားလုံးပေါင်းခေါ်မှ ဖြစ်နိုင်တယ်လို့ ကျွန်တော်ဘာပြုလို့ ပြောရသလဲဆိုရင် အထက်မှာ ဖေါ်ပြခဲ့တဲ့အချက်တွေနဲ့ ပြည့်စုံတဲ့ လူပေါင်းစုဆိုလို့၊ ရှမ်းလူမျိုးကို ပြောမယ်ဆိုယင်တော့ စစ်စစ်မဟုတ်ဘဲ ခပ်လျော့လျော့ သဘောမျိုး ဆို လူမျိုးကြီးလို့ ခေါ်နိုင်ပါလိမ့်မယ်။ တခြားလူမျိုးတွေဆိုယင် မခေါ်နိုင်ဘူး။

## ကွဲပြားချက်တွေ

ဥပဟာ – ဂျိန်းဖေါလူမျိုး၊ သူတို့မှာ အထက်ပါ လူမျိုးကြီးအင်္ဂါပြည့်ပြည့်စုံစုံ မရှိဘူး။ အထူးသဖြင့် စီးပွားရေးမှာ သူ့ချည်းမဖြစ်နိုင်ဘူး။ ဥပမာ – ချင်း၊ ချင်း ကျတော့ ပိုတောင်ဆိုးသွားသေးတယ်။ ဘာပြုလို့လဲဆိုယင် သူတို့မှာ စကားတူကို မရှိဘူး။ အချင်းချင်းကျတော့ ဗမာစကားယင်လဲသုံး၊ အင်္ဂလိပ်တွေစီမံခဲ့လို့ ကုလားစကားယင်လဲ သုံးနေရတာဘဲ။ ကရင်နီကို ကြည့်၊ လူဦးရေကလဲ မိုးပြဲနယ် ဆိုတာ ထည့်ပါမှ ရှစ်သောင်းလောက်ဘဲရှိတယ်။ အဲဒီရှစ်သောင်းလောက်က အချင်းချင်းဘာစကားသုံးနေရသလဲဆိုယင် ဗမာစကားကို သုံးရတယ်။ ကရင်လူမျိုး ကြည့်အုံးမလား၊ အမျိုး(၁၂)မျိုးလောက်ကွဲပြီး စကားဆိုယင်လဲ (Principal Language)အဓိက စကားနှစ်မျိုးတောင် ရှိနေတယ်။ အချင်းချင်းကျတော့ ဗမာစကားဘဲ သုံးရတာဘဲ။ ရှမ်းဆိုတာလဲ အမှန်ကတော့ ဗမာစကားအများ အားဖြင် နားလည်ကြတာဘဲ။ ယဉ်ကျေးမှုဆိုယင် ဗမာ့ယဉ်ကျေးမှုနဲ့တူတာတွေ အများကြီးဘဲ။ လူမျိုးကြီးအချင်းချင်းဆိုယင်တော့ (Nations are sovereigns and all nations are equal)လို့ လူမျိုးကြီးတွေဟာ အချုပ်အချာအာဏာရှိတယ်။ အတူတူ ဘဲ၊ တန်းတူဘဲလို့ စတာလင်က ဆိုထားတယ်။

## ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ခွင့်

ဒါဖြင့် ဒီအဓိပ္ပါယ်က ဘယ်လိုသဘောလဲ။ လူမျိုးကြီးဆိုတာ အချင်းချင်း ပေါင်းသင်းနေယင် (Regional Autonomy)ဆိုတဲ့ နယ်မြေအရ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရပြီး ခွဲထွက်ခွင့်ပါ ရထိုက်သတဲ့။ ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ခွင့် လုံးဝရထိုက်သတဲ့။

The right of self-determination means that a nation can arrange its life accordiong to its own will. It has the right to arrange its own life on the basis of autonomy.

It has the right to enter into federal relation with other nations. It has the right to complete secession. လို့ဆိုထားတယ်။ ဒါပေမဲ့ ဆက်ပြောထားတာ ရှိသေးတယ်။

This of course does not mean that Social Semocrats will inport every demand of a nation. A nation has the right even to return to the order of things; but this does not mean that Social Democrats will subscribe to such a decision if taken by any institution of the said nation ……………… ပြီးတော့

In fighting for the right of nations to self-determination, the arm of the Social Democrats is to put an end to the policy of national oppression, to render it impossible, and thereby to remove the groungs of hostility and reduce it to a minimum.

ကိုယ်ပိုင်ပြဌာန်းနိုင်ခွင့်ကို လူမျိုးကြီးဆိုတာတိုင်း ရထိုက်တယ်ဆိုပေမဲ့ နေရာတကာ အမြဲတမ်း မဟုတ်ဘူး။ ကောင်းကျိုးလုပ်ဖို့သာ ဖြစ်တယ်။ ဆိုးကျိုးလုပ်ဖို့မဟုတ်လူးဆိုတာ ပြောထားတယ်။ လူမျိုးအချင်းချင်းချယ်လှယ်လွှမ်းမိုးမှု၊ နှိပ်စက်မှုမဖြစ်ရအောင် ဒီအခွင့်အရေးမျိုးကို လူမျိုးကြီးတိုင်းကို ပေးတာဘဲ၊ ပြီးတော့ "မတ်ဝါဒ"ဋီကာ ဆရာတဦးကလဲ –

It would be wrong to say that Marxists must support every national movement and that they have to apply the principle of national self-determination as a dogma in every simple case. Also the right of self-determination of this or that national group has to be definitely denied if under the given conditions it would serve reactionary purposes and do a disservice to the general cause of democracy. ကွယ်လွန်သွားတဲ့ လီနင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးကလဲ။ (၁)

The various demands of democracy, including self-determination, are not absolute, but a small part of the general democratic (now general socialist world movement. Possible in individual concrete cases, the part may contradict the whole, if so it must be rejected. နောက်ပြီး –

The question of the right of a nation freely to secede must not be confused with the question of whether it would be expedient for any given nation to secede at any given moment.

ဒါတွေအားလုံးခြုံလိုက်တော့ ဘာအဓိပ္ပါယ်ထွက်သလဲဆိုယင် လူမျိုးကြီးဆိုတာ အချင်းချင်းပေါင်းကြရင် ကိုယ်ပိုင်ပြဌာန်းခွင့်အရ ပေါင်းကြ။ ဒါပေမဲ့

နေရာတကာ အချိန်အခါတိုင်းမှာ အခြေအနေအကျိုး အကြောင်းကို မထောက်ဘဲ အရမ်းကိုယ်ပိုင်ပြဋ္ဌာန်းခွင့် မဟုတ်ရဘူးဆိုတဲ့ အဓိပ္ပါယ်ပါဘဲ။ ဒါက (Nation or Nationality)ဆိုတဲ့ လူမျိုးကြီးနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သော သဘောတရားတွေဘဲ။ ပြီးတော့ –

Of course, not one of the regions constitutes a compact homogeneous nation for each is interspersed with national minorities. Such are the Jews in Poland, the Latvians in Lithuania, the Russians in Caucasus, the Poles in the Ukraine, and so on. It may be feared, therefore, that the minorities will be oppressed by the national majorities. But there will be grounds fot this fear only if the old order continues to prevail in the county. Give the country complete democracy and all grounds for this fear will vanish.

*(၁)ဖဆပလလပဏာမပြင်ဆင်မှုညီလာခံ = (ဗိုလ်ချုပ်အောင်ဆန်း)*

What is it that particularly agitates a national minority? A minority is discontented because it does not enjoy the right to use its native language. Permit it to use its native language nad the discontent will pass of itself. A minority is discontented because it does not possess its own schools. Give it its own schools nad all grounds for discontent will disappear. A minority is discontented because it does not enjoy liberty of conscience, etc. Give it these liberties and it will cease to be discontented. Thus "national equality in all forms (languages, schools, etc) is an essential element" in the solution of the national problem.

A state law based on complete democracy in the country is required, prohibiting all national privileges without exception and all kinds of disabilities and restricions on the rights of national minorities.

ဒီဟာကတော့ လူမျိုးရေးလူနည်းစု အခွင့်အရေးတွေနှင့်ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ အချက်တွေဘဲ။ ပြီးတော့ လူမျိုးရေးလူနည်းစုဆိုတာ လူဦးရေ ဘယ်လောက်ရှိမှ လူမျိုးရေးလူနည်းစုခေါ်မလဲဆိုတာကိုလဲ သိဖို့လိုတယ်။ အရင်စစ်မဖြစ်ခင်တုန်းက ရှိခဲ့တဲ့နိုင်ငံပေါင်းစုံ အသင်းချုပ်ကြီးက သရုပ်ပြဋ္ဌာန်းထားတာကတော့၊ လူမျိုးရေးလူနည်းစုဆိုတာ လူမျိုးရေးလူနည်းစုရဲ့ ငါးပုံတပုံလောက်ရှိမှ လူမျိုးရေးလူနည်းစုလို့ ခေါ်နိုင်မယ်လို့ဆိုထားတယ်။ လာပြုလို့လဲဆို ရှမ်းပြည်မှာ လူမျိုးပေါင်း(၂၀၊ ၃၀) လောက်ရှိတယ်။ အဲဒီလိုသာ လူမျိုးကွဲတိုင်း

ရှောက်ခေါ်နေရယင် ဆုံးမှာမဟုတ်ဘူး။ ဒါကြောင့် လူဦးရေသတ်မှတ်ရတာဘဲ။ သို့ပေမဲ့ ဗမာပြည်အဖို့မှာ လူမျိုးရေးလူများစုရဲ့ ငါးပုံတပုံဆိုတာတော့ များလွန်းအားကြီးတယ် ထင်တယ်။ ဆယ်ပုံတပုံ လောက်ရှိယင်ဘဲ လူမျိုးရေးလူနည်းစုလို့ ခေါ်သင့်တယ်လို့ ကျွန်တော်ယူဆတယ်။ လူမျိုးရေးလူများစုရဲ့ ငါးပုံတပုံရှိမှ လူမျိုးရေးလူနည်းစုဆိုယင်တော့ ဗမာပြည်မှာ လူမျိုးရေးလူနည်းစုကို မရှိနိုင်တော့ဘူး။

## ကရင်လူမျိုး လူနည်းစု

ဒါပေမဲ့ ဥပမာ ကရင်လူမျိုးဆိုလို့ရှိယင် လူမျိုးရေးလူနည်းစုအဖြစ်နဲ့ အခွင့်အရေးတွေ ရသင့်သလောက် မရဘဲ ရှိနေတယ်ဆိုတာငြင်းလို့ ကျုပ်တို့ရမှာ မဟုတ်ဘူး။ ပြီးတော့ သူတို့တတွေဟာလဲ ဗမာတွေရဲ့ ဆယ်ပုံတပုံလောက် အဖျင်းဆုံးရှိလိမ့်မယ်။ အဲဒါကြောင့် သူတို့ကိုတော့ လူမျိုးရေးလူနည်းစုအခွင့်အရေးတွေကို ပေးဖို့ကောင်းတယ်။ မွန်လူမျိုး ကိစ္စဆိုယင်တော့ သူတို့မှာ အခုလူမျိုးရေးလူနည်းစုအဖြစ်နဲ့ မွန်စာပေ၊ မွန်ကျောင်းတွေ ကိစ္စလောက်က လွဲရင် တခြားနစ်နာချက်တွေ မရှိပါဘူး။ မွန်ရယ်၊ ဗမာရယ်ခွဲခြားပြီး ကရင်လို သဘောထားသလို ထားစေချင်လို့တော့ မဖြစ်နိုင်ဘူး။

## ပြည်ထောင်စု ထူထောင်ကြစို့

ဒီတော့[၁]လူမျိုးရေးပြဿနာနဲ့ပတ်သက်ပြီး ကျွန်တော် တော်တော်စုံစုံ လင်လင် ပြောပြပြီးတဲ့နောက်၊ ကျွန်တော်တို့ ဗမာပြည်သစ်ကို တည်ထောင်တော့ ပြည်ထောင်စုသဘောတည်ထောင်မလား၊ လူမျိုးကြီး တမျိုးတည်းဘဲဆိုတဲ့ တိုင်းပြည်မျိုး(Unitary State) တည်ထောင်မလားဆိုတဲ့ မေးခွန်းကို ဖြေဆိုလိုတယ်။ ကျွန်တော့်အမြင်အရဆိုယင်တော့ အထက်လူမျိုးရေးအရ ရသင့်ရထိုက်တဲ့ အခွင့်အရေးမျိုးတွေကို စည်းကမ်းသတ်မှတ်ပေးပြီးတော့ (Unitary State)လူမျိုးကြီး တမျိုးတည်းဆိုတဲ့ နိုင်ငံမျိုးတော့ ထောင်လို့ မဖြစ်ဘူး။ ပြည်ထောင်စုသဘောမျိုးဘဲ

ဖြစ်ရမှာဘဲ။ ဒါပေမဲ့ ပေါင်းခါမှ ဆေးအတွက် လေးတဲ့ပြည်ထောင်စုမျိုး၊ လီနင်ပြော သလို တစိတ်တဒေသက တခုလုံးကို ဆန့်ကျင်တဲ့(The part contradicting the whole)ပြည်ထောင်စုမျိုးဆိုရင်တော့ မဖြစ်နိုင်ဘူး။ အထူးသဖြင့် ပြည်ထောင်စုဟာ စီးပွားရေးတိုးတက်မှုကို စုပေါင်းပြီး စံနစ်တကျစီစဉ်နိုင်မဲ့ ပြည်ထောင်စုမျိုး ဖြစ်ရ လိမ့်မယ်။ ဒါမှ လူမျိုးအားလုံး၊ တိုင်းသူပြည်သား အများဆုံးတိုးတက်မှုကို လုပ်နိုင် မှာဘဲ။ ပေါင်းတယ်ဆိုတာ အချင်းချင်းကောင်းကျိုးရှိအောင် ပေါင်းကြတာဖြစ်ပြီး ဆိုးကျိုးရှိအောင် ပေါင်းတာမျိုး ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။

ဒီလူမျိုးရေးပြဿနာနဲ့ပတ်သက်ပြီး နောက်အကြောင်းပေါ်ရင် ပေါ်သလို ဆွေးနွေးသင့်ရင် ဆွေးနွေးပါအုံးမယ်။ အခု ဒီမိန့် ခွန်းမှာတော့ ဒီလောက်နဲ့ဘဲ တော်လောက်ပြီလို့ ကျွန်တော်ယူဆပါတယ်။

ကိုင်း – ကျုပ်တို့ လာမဲ့တိုင်းပြုပြည်ပြုလွှတ်တော်မှာ ဘယ်လိုဖွဲ့စည်း အုပ်ချုပ်ပုံဥပဒေများရေးဆွဲ ဆုံးဖြတ်သင့်တယ်ဆိုတာနဲ့ပတ်သက်ပြီး အခြေခံတရား တွေကို ကျွန်တော်ပြောပြခဲ့ပြီးပြီ။ ဒီပြင် ကျွန်တော်တို့ ဘာတွေလုပ်ကြဦးမလဲ ဆိုတာတွေ စဉ်းစားကြအုံးစို့။

ပထမ ကျုပ်တို့တိုင်းပြုပြည်ပြုလွှတ်တော်ကနေပြီး ဘယ်လို ဘယ်လို ဆုံးဖြတ်သင့်တယ်ဆိုတာတွေ စဉ်းစားတာကတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ ကျုပ်တို့ ဆုံးဖြတ်တာ အတည်ဖြစ်ပါ့မလား။ ကျုပ်တို့ တိုင်းပြုပြည်ပြုလွှတ်တော်ဟာ အချုပ်အခြာအာဏာရှိရဲ့လားဆိုတဲ့ မေးခွန်းကို ကျွန်တော်ဖြေပြလိုတယ်။ အိန္ဒိယ ပြည်မှာ တိုင်းပြုပြည်ပြုလွှတ်တော်ဟာ အချုပ်အချာအာဏာနဲ့ ပြည့်စုံတဲ့အဖွဲ့လို့ ယူဆပြီး စီစဉ်ကြတယ်။ ဘယ်လို စီစဉ်ကြသလဲဆိုယင် တိုင်းပြုပြည်ပြုလွှတ် တော်စတဲ့နေ့ကစပြီး တိုင်းပြုပြည်ပြုလွှတ်တော်နဲ့ဆိုင်သမျှ ကိစ္စမှန်သမျှ တိုင်းပြု ပြည်ပြုလွှတ်တော်သာလျှင် အာဏာပိုင်ဆုံးဖြတ်နိုင်တယ်။ အစိုးရနဲ့မဆိုင်ဘူးဆိုပြီး စီစဉ်ကြတယ်။ ကျုပ်တို့ ဘိလပ်အစိုးရနဲ့သဘောတူထားတဲ့ အတိုင်းကတော့ တိုင်းပြုပြည်ပြုလွှတ်တော်က ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ဆုံးဖြတ်ပါဆိုတဲ့ အချက်ပါ ခဲ့တယ်။ သို့သော် အချုပ်အချာအာဏာဆိုတာ ဥပဒေသဘော၊ ပါးစပ်သဘော ဖြစ်ရုံနှင့်မပြီးသေးဘူး။ ကျုပ်တို့တိုင်းပြည်နောက်က၊ ကျုပ်တို့ တိုင်းပြုပြည်ပြုလွှတ်

တော်နောက်က(Popular mass sanction)ခေါ်တဲ့ တိုင်းပြည်လူထုရဲ့ အားပေးထောက်ခံမှုရမှ အချုပ်အခြာအာဏာဆိုတာ သေသေချာချာ အကောင်အထည်ဖေါ်နိုင်မယ်။

ကျွန်တော်တို့လို အခြေအနေမျိုးမပြောနဲ့၊ လွတ်လပ်နေတယ်ဆိုတဲ့ နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာတွေတောင် ကိုယ့်တိုင်းပြည်နောက်က (Sanction)အားမကောင်းလို့ရှိယင် အချုတ်အချယ်ခံရတယ် ဆိုတာ ကျွန်တော်တို့ သတိပြုကြရမယ်။

(၁) *(ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံ = ဗိုလ်ချုပ်အောင်ဆန်း)*

# ဗိုလ်ချုပ်အောင်ဆန်း၏ အခြေခံမူ(၄)ချက်၊ လမ်းညွှန်းချက် (၇)ချက်၊

ဤသို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် (၁၉၄၇)ခု၊ ဇွန်လ(၁၆)ရက်နေ့၊ တိုင်းပြုပြည်ပြုလွှတ်တော် (ပထမ)ညီလာခံတွင် ရန်ကုန်အလယ်ပိုင်း၊ အမတ်တဦးအနေနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရာမှာ အခြေခံထားရမည့် မူ(၄)ချက်နှင့်လမ်းညွှန်ချက်(၇)ချက်တို့ကို အောက်ပါအတိုင်း တင်သွင်းခဲ့လေသည်။ ယင်းအခြေခံမူ(၄)ချက်နှင့် လမ်းညွှန်ချက်(၇)ချက်တို့သည် တင်သွင်းစဉ်ကလည်း မှန်ကန်သောကြောင့် တိုင်းရင်းသားကိုယ်စားလှယ်များအပါအဝင် ထောက်ခံခဲ့ကြသည်။ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းကွယ်လွန် သွားပြီးနောက် အခြေခံဥပဒေကို လက်တွေ့ရေးဆွဲသူများသည် အထက်ပါ အခြေခံမူ(၄)ချက်နှင့် လမ်းညွှန်ချက်(၇)ချက်တို့ကို လက်တွေ့မလိုက်နာပဲ သွေဖီခဲ့ကြရာမှ အခြေခံဥပဒေနှင့် လွတ်လပ်ရေးသက်တန်း ဆယ်နှစ်ပြည့်လာ၍ ဝန်ကြီးချုပ်ဦးနု၏ လက်ထက်၌ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲရေး ပြဿနာသည် ပေါ်လာခဲ့ပေသည်။

## အခြေခံမူ (၄)ချက်

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် (၄)ချက်မှာ –

(၁) လွတ်လပ်သောနိုင်ငံဖြစ်ရပါမည်၊ (Independence)၊

(၂) အချုပ်အချာအာဏာပိုင်ရပါမည်၊ (Soverneignty)၊

(၃) ဒီမိုကရေစီသမ္မတနိုင်ငံဖြစ်ရပါမည်၊ (Republic)၊

(၄) ပြည်ထောင်စုနိုင်ငံဖြစ်ရပါမည်၊ (Union State)၊

## လမ်းညွှန်ချက် (၇)ချက်

## လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံတော်အတွက် ရေးဆွဲရမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်ပတ်သက်၍ လမ်းညွှန်ပြဋ္ဌာန်းချက်

တောင်တန်းဒေသများနှင့်ကရင်နီနယ်များ အပါအဝင်ဖြစ်သော မြန်မာနိုင်ငံတော် သူနိုင်ငံတော်သားတို့၏ ကိုယ်စားလှယ်များသည် တိုင်းသူပြည်သားတို့၏ အာသီသဆန္ဒနှင့်လျော်ညီစွာ၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို စီစဉ်ရေးဆွဲရန်အလို့ငှါ စုံညီစုဝေးကြလျက် အောက်ပါ ပြဋ္ဌာန်းချက်များကို ချမှတ်ကြကြောင်း။

(၁) နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် မြန်မာပြည်ထောင်စုနိုင်ငံတော်ဟု ခေါ်တွင်စေသော လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်သမ္မတနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြစ်စေရမည်။ ထို့အပြင် –

(၂) ပြည်ထောင်စုနိုင်ငံတော်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟု သတ်မှတ်ဖေါ်ပြသည့် တသီးပုဂ္ဂလ ပြည်နယ်များသည် ဖွဲ့စည်း

အုပ်ချုပ်ပုံအခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြ ထားသည်နှင့်အမျှ ကိုယ်ပိုင်အုပ်ချုပ်ရေး အာဏာရရှိစေမည်။ ထို့ပြင် –

(၃) အချုပ်အခြာအာဏာပိုင် လွတ်လပ်သောသမ္မတနိုင်ငံတော်နှင့် တကွ အပါအဝင်ဖြစ်သည့် ပြည်နယ်များနှင့်အစိုးရအဖွဲ့အစည်း အားလုံးတို့၏ အခွင့်အာဏာဟူသမျှတို့သည် တိုင်းသူပြည်သား တို့ထံမှ သက်ဆင်းစေရမည်။ ထို့ပြင် –

(၄) ပြည်ထောင်စုနိုင်ငံတော်၏ တိုင်းသူပြည်သားမှန်သမျှသည် လူမှုရေးရာ၌၎င်း၊ စီးပွားရေးရာ၌၎င်း၊ နိုင်ငံရေးရာ၌၎င်း တရားမျှတမှုရှိစေလျက်၊ အဆင့်အတန်းအခွင့်အရေး ဥပဒေသက် ရောက်မှုတို့တွင် ဆူကြံ့နိမ့်မြင့်မရှိ ပကတိတူညီစေရမည့်အပြင်၊ တရားဥပဒေနှင့်သော်၎င်း၊ အများပြည်သူတို့ စောင့်စည်းအပ် သော အကျင့်သိက္ခာနှင့်သော်၎င်း မဆန့်ကျင်သမျှ လွတ်လပ်စွာ ကြံစည်ပိုင်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ပိုင်ခွင့်၊ ယုံကြည် ပိုင်ခွင့်၊ ဘာသာတရားကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုပိုင်ခွင့်၊ ပရိယေသန ရှာမှီးပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုစုဆောင်ရွက်ပိုင်ခွင့်တို့ ရရှိတည်မြဲ စေရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အခိုင်အလုံ သတ်မှတ်ထားရှိစေရမည်။ ထို့ပြင် –

(၅) ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူနည်းစုများအဖို့ လုံလောက် သောကာကွယ်ချက်များ ထည့်သွင်းပြဋ္ဌာန်းထားရှိစေရမည်။ ထို့ပြင် –

(၆) လွတ်လပ်သောအချုပ်အခြာအာဏာပိုင် သမ္မတမြန်မာနိုင်ငံ၏ နယ်မြေတို့ တပေါင်းတစည်းတည်း တည်တံ့ ခိုင်မြဲရေးကို၎င်း၊ နိုင်ငံ၏ ကြည်း၊ ရေ၊ လေတို့ကို အချုပ်အခြာ စိုးမိုးအုပ်ချုပ် ပိုင်ခွင့်ကို၎င်း တရားဓမ္မနှင့်တကွ ပြည်ထောင်ချင်းချင်း ဥပဒေအရ ထိန်းစောင့်ထားရှိစေရမည်။ ထို့ပြင် –

(၇) ရာဇဝင်တွင် ထင်ရှားခဲ့သော ဤမြန်မာနိုင်ငံတော်သည် ကမ္ဘာတွင် မိမိ၏ဂုဏ်ကျက်သရေနှင့်လျော်စွာ ရသင့်ရထိုက်သော အဆင့်အတန်းသို့ ရောက်ရှိစေရမည့်ပြင်၊ လူသတ္တဝါတို့၏ တိုးတက်ရေးနှင့် ကောင်းကျိုးချမ်းသာပြည့်ဝရေးတို့ကို တာဝန်အလျောက် စေတနာဖြင့် အစွမ်းကုန်ဖြည့်စွက်ထမ်းရွက်ကာ ပြည်ထောင်ချင်းချင်းဆိုင်ရာ တရားဓမ္မနှင့်ကျင့်ဝတ်သိက္ခာကို အခြေခံပြု၍ ကမ္ဘာ့ငြိမ်းချမ်းရေးရှေ့ရှုလျက် နိုင်ငံတကာနှင့် မိတ်ဝတ်မပျက် တွဲဘက်ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မြဲသော အဓိဋ္ဌာန်ဖြင့် စောင့်ထိန်းတော့အံ့။

## ဘယ်လိုနိုင်ငံမျိုး တည်ဆောက်မလဲ

သည်အဆိုကို ကျွန်တော်တင်သွင်းခဲ့ရတဲ့ အကြောင်းကတော့ကား၊ ကျွန်တော်တို့ အနယ်နယ်အရပ်ရပ်က လူမျိုးစုံကိုယ်စားလှယ်တို့ အစရှိသည်အားဖြင့် လာရောက်စုဝေးပြီးတော့၊ တိုင်းပြုပြည်ပြု လွှတ်တော်ဆိုပြီး ကျွန်တော်တို့ ဖွဲ့စည်းပြီးနောက် ဗမာပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲဖို့ဆိုပြီး သည်လွှတ်တော်မှာ တာဝန်ကျလာပါတယ်။

ယခုလာပြီး ဆွေးနွေးကြတဲ့အခါမှာ ဘယ်လိုအခြေခံဥပဒေနှင့် ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဘယ်လိုရေးဆွဲရမည်လဲဆိုတာကို ပထမဦးစွာ သိထားဖို့ လိုပါလိမ့်မည်။ သည်လို အခြေခံအချက်အလက်ဆိုပြီး မသိဘဲနှင့်ကျွန်တော်တို့ ရှေ့ဆက်လက်ပြီး ဗမာပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲမယ်ဆိုလို့ရှိရင် တယောက်တပေါက်ဆိုတဲ့ သဘောမျိုးဖြစ်ပြီး ဘာမျှအခြေခံမရှိဘူး၊ လမ်းစဉ်လည်း မရှိဘူး၊ လမ်းစဉ်ညွှန်ပြထားခြင်း မရှိဖြစ်ပြီးတော့ကာ လိုချင်ရာကို အမြန်ရမှာ မဟုတ်ဘူး။ ယခု ကျွန်တော်တင်သွင်းတဲ့အဆိုဟာ (Directive Resolution)နောက် သည်အစည်းအဝေးမှာဘဲ ခန့်ရမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲတဲ့ အဖွဲ့အသီးသီးကို လမ်းညွှန်အမှာ သဖွယ်ဖြစ်တဲ့အဆိုသာ ဖြစ်တယ်။ အဲဒီ ကော်မတီအသီးသီးတွေက

ဆက်လက်ပြီး ဗမာပြည်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေထဲမှာ ဘာတွေထည့်သွင်းတယ်ဆိုတာ အသေးစိပ်အားဖြင့်သော်၎င်း၊ မူအားဖြင့်သော်၎င်း သေသေချာချာဆွေးနွေးနိုင်တဲ့အခါ အခြေခံအားဖြင့် ဘယ်အပေါ်မှာမူထားပြီး ဆွေးနွေးရမည်ဆိုတာ သိထားမှ ဖြစ်နိုင်ပါလိမ့်မည်။ တဦးနှင့်တဦး သိရှိထားတာချင်း မတူလို့ရှိလျှင်၊ ကျွန်တော်တို့ကော်မတီတွေ လုပ်မည့်လုပ်ငန်းတွေဟာ အင်မတန်အခက်အခဲတွေကို တွေ့စရာရှိပါလိမ့်မယ်။ အဲဒီတော့ အခြေခံသဘောအားဖြင့်လမ်းပြတဲ့ လမ်းညွှန်တဲ့ ဆုံးဖြတ်ချက်တခုကို တိုင်းပြုပြည်ပြုလွှတ်တော်ကပင်ပထမဦးစွာ ဆုံးဖြတ်ရန်လိုပါလိမ့်မည်။ အဲသည်လို လမ်းညွှန်တဲ့ ဆုံးဖြတ်ချက်ရပြီးမှ ကော်မတီတွေဖွဲ့စည်းပြီး အလုပ်ကို ဆက်လုပ်ရပါလိမ့်မည်။ သည်လိုမဟုတ်လျှင် တချို့ကော်မတီက “သမ္မတ”စံနစ်အရ သဘောမျိုးနှင့်ဆွေးနွေးသွားချင်သွားမည်။ တချို့ကလည်း “ရှင်ဘုရင်”စံနစ်အရ ဆွေးနွေးချင်ဆွေးနွေးမည်။ နောက်ပြီးတော့ “ပြည်ထောင်စုနိုင်ငံ” သဘောကို လက်ခံတဲ့လူတွေက လက်ခံ၊ လက်မခံတဲ့ လူတွေကလည်း သူတို့သဘောအတိုင်းလုပ်၊ ဆိုသလို ဖြစ်လျှင် အဖွဲ့အမျိုးမျိုးက တိုင်းပြုပြည်ပြု လွှတ်တော်မှာ ပြန်ပြီးအစီရင်ခံတဲ့အခါမှာ ဆက်စပ်လို့ မရနိုင်တဲ့ အစီရင်ခံစာအမျိုးမျိုးကို ကျွန်တော်တို့ဘယ်လိုမှလုပ်ပြီး ဆုံးဖြတ်တတ်မှာ မဟုတ်ဘူး။ ဒါကြောင့် ဒီအခြေခံမူကိုပြဋ္ဌာန်းပြီးမှသာလျှင် ရှေ့ဆက်လက်ပြီး နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို စီမံဖန်တီးလို့ ရနိုင်ပါလိမ့်မည်။ သည်တော့ ကျွန်တော်တို့ သည်လိုအခြေခံလိုတဲ့အတွက် သည်လွှတ်တော်တွင် သည်အဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ သည်အဆိုကို ကျွန်တော်ဘဲ စဉ်းစဉ်းစားစားနှင့်ရေးဆွဲပြီး တင်သွင်းထားပါတယ်။ မူလပထမတုန်းက ကျွန်တော်တင်သွင်းရမည့်အဆိုဟာ (ဖဆပလ) ပဏာမညီလာခံတုန်းက ဆုံးဖြတ်ခဲ့တဲ့အဆိုဘဲ ဖြစ်ပါတယ်။

သို့သော်လည်း အဲဒီအဆိုကို ဖတ်ကြည့်တဲ့အခါ ပြင်စရာလိုနေတဲ့အချို့အချက်အလက်တွေကို တွေ့ရပါတယ်။ (ဖဆပလ)ညီလာခံတုန်းက ဆုံးဖြတ်ခဲ့တဲ့ အဆိုတွေနဲ့ပတ်သက်လို့ တိုင်းပြုပြည်ပြုလွှတ်တော်ကနေပြီးတော့ ရိုက်ပြီးပေးထားတဲ့ စာအုပ်ရှိပါတယ်။ အဲဒီထဲမှာ ကြည့်မယ်ဆိုလို့ရှိလျှင် တွေ့ပါ လိမ့်မည်။ အဲဒီ ဆုံးဖြတ်ချက်မူကို ကျွန်တော်ပြင်ဆင်ထားပါတယ်။ ပြင်ထားတာကတော့

နိဒါန်းစကားချီးမှာ တောင်တန်းဒေသ များနှင့်ကရင်နီနယ်များ အပါအဝင်ဖြစ်သော မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားတို့၏ ကိုယ်စားလှယ်များသည်၊ တိုင်းသူပြည်သားတို့၏ အာသီသဆန္ဒနှင့်လျော်ညီစွာ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို စီစဉ်ရေးဆွဲရန်အလို့ငှါ စုံညီစုဝေးကြရုံလောက်ကလွဲပြီး အခြားသဘောမပါဝင်အောင် ပြင်ဆင်ထားပါတယ်။

ယခု (State)ဆိုတဲ့ နိုင်ငံတော်ကြီးကို ကျွန်တော်တို့ ဗမာပြည်မှာ မဖွဲ့စည်းမိကြသေးပါဘူး။ အဲဒီတော့ သည်ဖွဲ့စည်းမည့်နိုင်ငံတော်မှာ ဘယ်နယ်တွေ၊ ဘယ်နယ်တွေ ပါမည်ဆိုတာ ကျွန်တော်တို့ ကျကျနန သတ်မှတ်ပြီးသား မဖြစ်နိုင်သေးပါဘူး။ ယခု ကျွန်တော်တို့ ဆွေးနွေးရန်အချက်ဟာ "နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် မြန်မာပြည်ထောင်စုနိုင်ငံဟု ခေါ်တွင်စေသော အချုပ်အခြာအာဏာပိုင်သမ္မတနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြစ်စေရမည်"ဆိုတဲ့ အချက်ကိုသာ ဆွေးနွေးရန် ဖြစ်ပါတယ်။

## ပြည်ထောင်စုဖွဲ့စည်းရမယ်

မြန်မာပြည်ထောင်စုနိုင်ငံတော်ဆိုတာကို ကျွန်တော်အထူးရှင်းပြနေစရာမလိုပါဘူး။ သည်နိုင်ငံတော်ကို ပြည်ထောင်စုတွေ စုထားမည်ဆိုတဲ့ သဘောလောက်ပါဘဲ။ ပြည်ထောင်စုနိုင်ငံတော်ဆိုကတည်းက ကျွန်တော်တို့ အခုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ (Unitary Constitution)လူတမျိုးတည်းဆိုတဲ့ နိုင်ငံမျိုးမဟုတ်ဘဲနှင့် လူမျိုးပေါင်းစုံ ပြည်ထောင်စုနိုင်ငံဆိုတဲ့ အဓိပ္ပါယ်ရောက်သွားပါတယ်။ အဲသည်တော့ ကျွန်တော်ကနေပြီး ပြည်ထောင်စုနိုင်ငံတော်အဖြစ် ဖွဲ့စည်းအပ်တယ်လို့ အဆိုတင်သွင်းတဲ့ကိစ္စမှာ ယခု ကြွရောက်လာကြတဲ့ အမတ်မင်းများက ဗမာနိုင်ငံတော်ကို သည်လို ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ်နှင့် ဖွဲ့စည်းအပ်တယ်လို့ဆိုတဲ့ အခြေခံမှုဟာ သင့်–မသင့်ကို သည်လွှတ်တော်ကြီးက စဉ်းစားဖို့ပါဘဲ။

ကျွန်တော်တို့ အခုဖြစ်နေတဲ့ ဗမာပြည်ရဲ့အခြေအနေတွေကို ထောက်လို့ကြည့်လျှင် ကျွန်တော်တို့နိုင်ငံကို ပြည်ထောင်စုနိုင်ငံအဖြစ်နှင့်ဖွဲ့စည်းထည်ထောင်မှသာလျှင် သင့်လျော်လျောက်ပတ်လိမ့်မည်လို့ ယူဆတဲ့အတိုင်း သည်အခြေခံသဘောကို သည်အဆိုထဲမှာ တည့်သွင်းပြီး သည်လွှတ်တော်ကြီးမှာ တင်သွင်းခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုနိုင်ငံတော်ဆိုသည်မှာ တင်ပြထားခြင်းအားဖြင့် ယခုသည် တိုင်းပြုပြည်ပြုလွှတ်တော်မှာ ကြွရောက်လာကြတဲ့ တောင်တန်းဒေသများက ကိုယ်စားလှယ်အမတ်မင်းများဟာသည် ပြည်ထောင်စုနိုင်ငံတော်တွင် သူတို့သက်ဆိုင်ရာနယ်များက ပါဝင်ပြီးသားဖြစ်သွားမည်လားဆိုပြီး သံသယရှိနေတယ်လို့ ကျွန်တော်သိရပါတယ်။

အဲသည်တော့ သည်ကိစ္စနှင့်ပတ်သက်လို့ ကျွန်တော်တည့်တည့်လင်းလင်းရှင်းချင်တာကတော့ ဗမာပြည်ထောင်စုနိုင်ငံလို့ ခေါ်တွင်ဖို့ဆိုပြီးတော့ သည်အဆိုထဲမှာ တင်ပြထားပေမည့် သည်ပြည်ထောင်စုနိုင်ငံထဲမှာ ဘယ်နယ်တွေပါလို့၊ ဘယ်နယ်တွေပါရမည်လို့ သတ်မှတ်ထားခြင်း မရှိသေးပါဘူး၊ သည်တော့ တောင်တန်းဒေသကနေပြီးတော့ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တွေဟာ ဘာမျှ သည်ကိစ္စနှင့်ပတ်သက်ပြီး စိုးရိမ်စရာ အလျဉ်းမရှိပါဘူး။ သည်ပြည်ထောင်စုနိုင်ငံ တော်ထဲမှာ ကိုယ်ပါချင်မှ ကိုယ့်နယ်ဆိုင် ရာမှနေပြီးတော့ ပါချင်မှ ပါနိုင်တာဘဲ။ သည်တိုင်းပြည်ပြုလွှတ်တော် မဖွဲ့စည်းမီအခါမှာ တိုင်းပြည်ပြုလွှတ်တော်ဖွဲ့စည်းရန်အလို့ငှါ ကျွန်တော်တို့ သဘောတူညီချက်တွေ စာချုပ်အမျိုးမျိုးချုပ်တဲ့အခါတုန်းက တောင်တန်းဒေသက ကိုယ်စားလှယ်များနှင့်ကျွန်တော်တို့ချုပ်ဆိုတဲ့စာချုပ်အရဆိုလို့ရှိလျှင်ဖြင့်ဖြစ်စေ၊ နောက်ပြီးတော့ တောင်တန်းဒေသဆိုင်ရာ စုံစမ်းရေးအဖွဲ့အစီရင်ခံစာမှ ထောက်ခံချက်များကို ကျွန်တော်တို့လက်ခံလာခဲ့ သည့်အတိုင်းဖြစ်စေ အဲသည်လို လက်ခံထားတဲ့ သည်စာသဘောတွင်မကဘဲ (Not only the letter of agreement)သည် စာသဘောကို ကျွန်တော်တို့ သဘောတူညီလာခဲ့သည်တွင်မကဘဲ ကျွန်တော်တို့ အဘို့မှာဆိုလို့ရှိရင် (The sprit of agreement)သဘောတူညီလာခဲ့တဲ့ တကယ့်အရင်းခံ သဘောတရားကို လက်ခံပြီးတော့ သည်အတိုင်းသာ သည်တိုင်းပြည်ပြုလွှတ်တော်မှာ လုပ်မှာပါဘဲ

ဆိုတာ တောင်တန်းနယ်ဆိုင်ရာ ကိုယ်စားလှယ်များ တည့်တည့်လင်းလင်း နားလည်စေချင်ပါတယ်။

ကျွန်တော်တို့ ပေးပြီးသားကတိ၊ နားလည်ပြီးသား သဘောတူညီချက်တွေကို နယ်ချဲ့သမားလို ကျွန်တော်တို့ ဖေါက်ဖျက်ခြင်း မလုပ်ပါဘူး။ အဲသည်လို ပေးပြီးသားကတိနှင့်နားလည်ပြီးသား သဘောတူညီ ချက်တွေကို ဖေါက်ဖျက်မည်လားလို့ သံသယရှိတဲ့လူတွေဟာ ဥက္ကဋ္ဌခွင့်ပြုချက်အရ ပြောရလျှင် ကျွန်တော်တို့ရဲ့ (Sense of honour, Sense of self-respect, Sense of pride)တို့ကို စော်ကားတယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ အဲသည်တော့ ကျွန်တော်တို့ ပေးပြီးသားကတိ၊ နားလည်ပြီးသားသဘောတူညီချက်တို့ကို တောင်တန်းနယ်က ကိုယ်စားလှယ်တွေဟာ တိုင်းပြည်ပြုလွှတ်တော်ထဲ ရောက်လာတဲ့အခါ သေသေချာချာ နားလည်စေချင်တာက ဘယ်နည်းနှင့်မျှ ကျွန်တော်တို့ ဗမာလူမျိုးစုဖြစ်တဲ့ လူတွေဟာ ခင်ဗျားတို့ကို အတင်းအားဖြင့် ကျွန်တော်တို့ ပြည်ထောင်စုထဲမှာ မသွင်းပါဘူး။ သဘောမတူဘဲ မနေနိုင်တဲ့ အခြေအနေမျိုးကို လက်တလုံးခြားလိမ်တဲ့နည်းနဲ့လည်း ကျွန်တော်တို့ မလုပ်ပါဘူးဆိုတာ အတည့်အလင်း နားလည်စေချင်ပါတယ်။ (ဩဘာသံများ)

သည်နေရာမှာ ကျွန်တော်ထပ်ရှင်းချင်တာက တနေ့တုန်းက ကျွန်တော်တို့ဆီကို စာတစောင်ရောက်လာပါတယ်။ အမှန်စင်စစ်က ကျွန်တော်တို့ တောင်တန်းနယ်ကိုယ်စားလှယ်များက ပြောလို့လား၊ သည်လိုမှ မဟုတ်လျှင်လည်း တောင်တန်းနယ်ဆိုင်ရာဌာနညွှန်းကြားရေးဝန်က သူ့ဖါသာအနေသာချည်းမြင်းကမလှုပ် ခုံကလှုပ်တာလား၊ ဒါတော့ ကျွန်တော်မပြောတတ်ဘူး။

သို့သော်လည်း တဆင့်ကနေပြီးတော့ တောင်တန်းဒေသဆိုင်ရာကိစ္စနှင့် ပတ်သက်ပြီး တိုင်းပြည်ပြုလွှတ်တော်မှာ ဆွေးနွေးတဲ့အခါမှာ အင်မတန်စိုးရိမ်ကြောင့်ကျနေတဲ့အကြောင်း စာတစောင်ရပါတယ်။ သည်တိုင်းပြည်ပြုလွှတ်တော်ရုံးကလည်း ရသလား မပြောတတ်ဘူး။

အဲဒီစာထဲမှာ ဘာပါသလဲဆိုရင် ကျွန်တော်မှတ်မိသလောက် ပြောရရင် တောင်တန်းနယ်ဆိုင်ရာ ကိစ္စအရပ်ရပ်ကို သည်တိုင်းပြည်ပြုလွှတ်တော်ကနေပြီး

ဆုံးဖြတ်တဲ့အခါမှာ ဆိုင်ရာဆိုင်ရာနယ်ရဲ့ ကိုယ်စားလှယ်များစုရုံးသဘောတူညီချက်မရဘဲနှင့် တိုင်းပြည်ပြုလွှတ်တော်ကနေပြီး မဆုံးဖြတ်နိုင်ဘူးဆိုတာ ကျွန်တော်တို့ တောင်တန်းနယ်စုံစမ်းရေးအဖွဲ့တုန်းက ထည့်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲသည်မှာဆိုရင် ကိုယ်စားလှယ်တွေ အချင်းချင်းလူများစု၊ လူနည်းစုမဖြစ်ဘဲနှင့် သဘောကွဲလွဲတဲ့နေရာမှာ ညီတူမျှတူသဘော ကွဲလွဲနေကြလျှင်၊ ဘယ်လိုနည်းနှင့်တိုင်းပြည်ပြုလွှတ်တော်ကနေပြီး ဆုံးဖြတ်မလဲဆိုတဲ့ မေးခွန်းကို တောင်တန်းနယ်ဆိုင်ရာ ကိုယ်စားလှယ်တွေဟာ သည်ကိုတော့ လာမမေးကြဘူး။ သို့သော်လည်း မဆိုင်တဲ့ တောင်တန်းနယ်ဆိုင်ရာ ဌာနညွှန်ကြားရေးဝန်ကနေပြီး နိုးဆော်ချက်အရ ဘုရင်ခံမင်းကြီးကနေပြီး စိတ်ပူပြီး မေးတယ်။ ကျွန်တော့်သဘောမှာ ဒါဟာ နည်းလမ်းစည်းကမ်းမမှန်ဘူးလို့ ယူဆတယ်။ ဘာဖြစ်လို့လဲဆိုရင် ယခုပြောဆိုနေခြင်းဟာလည်း တောင်တန်းနယ်ဆိုင်ရာ ကိုယ်စားလှယ်များကနေပြီးတော့ အင်္ဂလိပ်သွားကပ်တယ်လို့ ကျွန်တော် မဆိုလိုပါဘူး။ သို့သော်လည်း သည်တိုင်းပြည်ပြုလွှတ်တော်က ဆုံးဖြတ်တဲ့ကိစ္စမှာ အင်္ဂလိပ်ရဲ့အကာအကွယ်ကို ငါတို့တော့ဖြင့် ယူမှ ချမ်းသာရာရမယ်လို့ထင်လျှင်၊ ကျွန်တော်ရှင်းရှင်းဘဲ ပြောချင်ပါတယ်။ အင်္ဂလိပ်ဟာ အမှန်စင်စစ် အနေးနှင့်အမြန် သူ့လက်အောက်ခံတိုင်း နိုင်ငံတွေက ထွက်သွားရတော့မှာဘဲ။ ဘယ်လိုဘဲဖြစ်ဖြစ် သည်လိုဖြစ်နေပြီး ကမ္ဘာ့အလားအလာကြီးထဲမှာ သည်လိုစိတ်ထားရှိတဲ့ လူတွေဟာ ကိုးကွယ်ရာဘယ်နည်းနှင့်မျှ ရှိနိုင်မည်မဟုတ်ဘူးဆိုတာကို ကျွန်တော်သတိပေးလို ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ တိုင်းပြည်ပြုလွှတ်တော်အကြောင်း ပြောရရင် ဘယ်အင်္ဂလိပ်ရဲ့ အကူအညီနှင့်မျှ သည်တိုင်းပြည်ပြုလွှတ်တော်ကို လာပြီးတော့ ဩဇာမပေးနိုင်ဘူးဆိုတာ သိစေချင်ပါတယ်။ သည်တိုင်းပြည်ပြုလွှတ်တော်မှာ တောင်တန်းဆိုင်ရာကိစ္စတွေကို စဉ်းစားဆွေးနွေးတဲ့အခါမှာ ခင်ဗျားတို့ သက်ဆိုင်ရာတောင်တန်းနယ်တွေ ကိုယ်စားလှယ်အချင်းချင်း ဘယ်သူ့ဘယ်သူမှ မဲမသာဘဲနှင့် တူနေကြတယ်ဆိုရင် သည်လွှတ်တော်ထဲမှာ (ဖဆပလ)အမတ်များ ဆုံးဖြတ်တဲ့အတိုင်း အများဆုံးအဖွဲ့ရဲ့ ခေါင်းဆောင်အဖြစ်နှင့်ကျွန်တော်တို့ တည့်တည့်လင်းလင်း ပြောလိုတာက ခင်ဗျားတို့အချင်းချင်း အဲသည်လို ဘယ်သူ့

ဘယ်သူမှ မဲမသာဘဲနှင့် မဲပြိုင်နေကြတဲ့အခါမှာ၊ ကျွန်တော်တို့ သည်တိုင်းပြည်ပြု လွှတ်တော်ကနေပြီးတော့ အတင်းဖိပြီးတော့ မဆုံးဖြတ်စေပါဘူးဆိုတာကို ကျွန်တော်ကတိပေးပါတယ်။ (သြဘာသံများ)

အဲသည်တော့ တောင်တန်းနယ်ဆိုင်ရာကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့ စေတနာဟာ အင်မတန် ရှင်းရှင်းထားပါတယ်။ ကျွန်တော်တို့ တင်သွင်တဲ့အဆိုပြီးတဲ့နောက် ဆက်လက်ပြီးတော့ ပြည်ထောင်စုဖွဲ့စည်းတဲ့ နေရာမှာ ပြည်ထောင်စုထဲ ပါဝင်ချင်တဲ့ပြည်နယ်တွေဟာ ဘယ်လိုအချက်အလက် တွေ၊ ဘယ်လိုအခွင့်အရေးတွေ၊ ဘယ်လိုအခြေခံတွေ အဲသည်လို အချက်အလက် တွေအရ စုပေါင်းသင့်တယ်ဆိုတဲ့ကိစ္စတွေ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ တင်သွင်းတဲ့အဆိုတွေ၊ ကျွန်တော်တို့ တင်သွင်းတဲ့အကြံဉာဏ်တွေ၊ ဒါတွေကို သဘောမကျလို့ရှိရင် သဘောမကျတဲ့အတိုင်း တောင်တန်းနယ်ဘက်ဆိုင်ရာ ကိုယ်စားလှယ်တွဟာ သဘောရှိ ဗမာပြည်နှင့်မပေါင်းဘဲ နေချင်နေနိုင်တယ်။ ဒါ ကျွန်တော်ယနေ့ သည်တိုင်းပြည်ပြုလွှတ်တော်ထဲမှာ သည်စကားကို ပြောခြင်းဘဲ။

ကျွန်တော်တို့စေတနာကို ဘယ်လောက်ထိအောင် ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားထားတယ် ဆိုတာကို သိစေချင်လို့ ပြောဆိုခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့တချက် သည်လိုခင်ဗျားတို့ သဘောမတူလို့ ရှိလျှင် မပါချင်နေလို့ ပြောတဲ့နေရာမှာလည်း နယ်ချဲ့သမားတွေကို တဘက်ကနေပြီးတော့က မပါချင်နေ ပါကွာ ဆိုပြီးတော့၊ မပါဘူးလို့ ထင်တဲ့အခါကျတော့ တဘက်ကဝင်ပြီးတော့ မရှုတ်ဘူး။ သို့သော် ကျွန်တော်တို့ အမြင်တော့ရှိတယ်။ ဘယ်နိုင်ငံ ဘယ်နယ်မှာ ဖြစ်ဖြစ် ယခုခေတ်မှာ သည်တိုင်းနိုင်ငံမှ ကမ္ဘာကြီးမှာ ဖြစ်နေတဲ့ ဝါဒနှင့် ကမ္ဘာကြီး မှာ ဖြစ်နေတဲ့အရေးတွေရဲ့ ကိစ္စတွေရဲ့ ဂယက်ရိုက်ကို မခံရတဲ့နယ်ရယ်လို့ ရှိမှာမဟုတ်ဘူး။ ဒီမိုကရေစီဝါဒ၊ ဒီမိုကရေစီတရားတွေခေတ်စားနေတဲ့ ဒီကမ္ဘာကြီး မှာ ဒီမိုကရေစီသဘောထား၊ မထားနိုင်တဲ့နယ်ဟာ အနေးနှင့်အမြန် အဲသည် နယ်မှာ ရှိတဲ့လူတွေ နိုးကြားထကြွလာပြီး သည်လိုကမ္ဘာကြီးရဲ့ သဘောတရား တွေနှင့်ဖြစ်ပျက်နေတဲ့ ခေတ်သဘောတရာတွေနှင့် ဆန့်ကျင်ဘက်သဘော တရားတွေကို တွန်းလှန်ပစ် ကြမှာဘဲဆိုတာ ကျွန်တော်နိမိတ်ဖတ်ထားချင်တယ်။

အဲသည်တော့ သည်လိုကျွန်တော်တို့သည် နားလည်ထားတဲ့အတိုင်း ကျွန်တော်တို့နှင့်အတူတူပါပြီး မလုပ်ချင်ဘူးဆိုလျှင် ကျွန်တော်တို့ အတင်းမတိုက်တွန်းပါဘူး။ အဲသည်လို မပါ ပါအောင်ဆိုပြီးတော့ကာ ဒါကတော့ ဗမာစကားမဟုတ်ဘူး ထင်တယ်။ ကျွန်တော်နားလည် သလောက်တော့ ကရင်စကားဘဲလို့ထင်တယ်။ အတင်းနသားပါးယားလုပ်တဲ့ နည်းမျိုးလည်း ကျွန်တော်တို့ မလုပ်ပါဘူး။ အဲဒါကို တည့်တည်းလင်းလင်း တောင်တန်းနယ်ဘက်က ကျွန်တော့်မိတ်ဆွေများကို ကျွန်တော် နားလည်စေချင်ပါတယ်။

ဘာဖြစ်လို့လဲဆိုလျှင် ကျွန်တော်တို့အင်မတန် ရှင်းရှင်းလင်းလင်း သဘောထားနေတဲ့ အထဲကနေပြီးတော့ ရှုတ်အောင်လုပ် နေကြတဲ့လူတွေက ယခုတလောမှာ တော်တော်များနေတော့ ဒါကို ရှင်းသည်ထက် ရှင်းအောင် ထပ်ပြီးပြောရခြင်းဖြစ်တယ်။ ကျွန်တော့်မိတ်ဆွေတယောက်က ကျွန်တော့်ကို ပြောသလိုဘဲခင်ဗျာ။ အဲသည်လို ရှင်းရှင်းပြောတာကိုဘဲ၊ သူ့စိတ်ထဲမှာ ရှုတ်နေတယ်ဆိုတော့ အဲဒါတော့ မတတ်နိုင်ဘူး။ (ရယ်သံများ)

အဲသည်တော့ ပြည်ထောင်စုနိုင်ငံတော်မှာ ဘယ်နယ်တွေပါရမည်ဆိုတာ ကျွန်တော်တို့ သည်အထဲမှာ ထည့်ထားတာလဲ မရှိသေးဘူး။ ပါချင်တဲ့လူတွေ ပါကြ။ အဓိပ္ပါယ်က နယ်ကိုသတ်မှတ်မထားဘဲနှင့် ပြည်ထောင်စုနိုင်ငံတော်လို့ သာမညထည့်ထားခြင်း ဖြစ်ပါတယ်။ နောက်ပြီး အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံတော်လို့ ဆိုရခြင်းဟာ လွတ်လပ်တယ်ဆိုတဲ့ အဓိပ္ပါယ်ကို ကျွန်တော် သိပ်ပြီးတော့ ရှင်းပြစရာ မလိုပါဘူး။ ထင်ပေမည့် ဘာပြုလို့ အချုပ်အခြာအာဏာ (Sovereign power)အချုပ်အခြာအာဏာရှိရမည်လို့ ထပ်ပြီးပါရသလဲဆိုလျှင် အချုပ်အခြာအာဏာဆိုတာ သဘောတရားအမျိုးမျိုးရှိပါတယ်။ အမှန်တော့ (State)နိုင်ငံတော်ဆိုကတည်းက အချုပ်အခြာအာဏာဟာ အကြုံးဝင်ပြီးသားဘဲ။ သည်သဘောတရားနှင့် ရှိတဲ့ဟာလည်းရှိပါတယ်။ သို့သော်လည်း နိုင်ငံတော် ဆိုပေမည့် အားမရ၊ မကျေနပ်သေးဘဲနှင့် အချုပ်အခြာ အာဏာပိုင်တဲ့ နိုင်ငံတော် ဆိုမှသာလျှင် ပြည့်စုံလောက်တဲ့ သဘောတရားမျိုးလည်း ရှိပါတယ်။

## အချုပ်အခြာအာဏာရှိရမယ်

ပထမသဘောတရားကာ (Theory)စာသဘောလောက်သာ ဖြစ်ပါတယ်။ ဒုတိယသဘောကတော့ လက်တွေ့ဖြစ်တဲ့ သဘောတရားပါဘဲ။ ဘယ်လို လက်တွေ့ဖြစ်တဲ့ သဘောတရားမျိုးတွေဘာလဲဆိုရင် သည်လွတ်လပ်တဲ့ နိုင်ငံတော်ဆိုပြီးတော့ ဖွဲ့စည်းတည်ထောင်လိုက်ကြတဲ့ နိုင်ငံတော်အသီးသီးတို့ ရှိကြပေမည်။ အချုပ်အခြာအာဏာနှင့်ပြည့်စုံတဲ့နိုင်ငံတော်(Sovereign State) အချို့နိုင်ငံတွေကတော့ အဲသည်လိုမဟုတ်လဲနှင့် ပြည်ထောင်အချင်းချင်း ဆက်သွယ်တဲ့ နိုင်ငံရေးစကားမှာဆိုလျှင် (Vassal State)လို့ ဆိုခံရပါတယ်။ (Vassal)ဆိုလို့ရှိတာက တပည့်ကျွန်နိုင်ငံတွေ သဘောမျိုးဘဲ၊ ကျွန်ပေမည့်လို့ (Colony)လည်း မဟုတ်ဘူး၊ သူ့ဘာသာသူ၊ သူ့မင်းနှင့်သူ့ချင်းနှင့်၊ သူ့အစိုးရနှင့်ဘဲ၊ အပြင်ဘန်းအားဖြင့်တော့ လွတ်လပ်တယ်။

သို့သော်လည်း နိုင်ငံကြီးတနိုင်ငံရဲ့ ဩဇာလွှမ်းမိုးမှု၊ ချုပ်ချယ်မှုကို အထူးတလည်ခံနေတဲ့ နိုင်ငံဖြစ်လို့ (Vassal State)လို့ ခေါ်တယ်။ နောက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံကြီးနှစ်နိုင်ငံကြားမှာ နယ်နိမိတ်ခြားပေးရုံလောက်ဖြစ်တဲ့ နိုင်ငံတော်မျိုးလည်း ရှိပါသေးတယ်။ (Buffer State)အဲဒီလို နိုင်ငံအမျိုးမျိုး လက်တွေ့အားဖြင့် ရှိတယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ကျွန်တော်တို့ လိုချင်တာကတော့ကာ နိုင်ငံကြီးနှစ်နိုင်ငံကြားမှာ နယ်နိမိတ်ခြားပေးရုံလောက်ဖြစ်တဲ့ (Buffer State)မျိုးလို နယ်ခြားနိုင်ငံကလေးမျိုးလည်း မဖြစ်ချင်ဘူး။ နောက်ပြီးတော့ နိုင်ငံကြီးတနိုင်ငံရဲ့ ဩဇာလွှမ်းမိုးမှု အထူးတလည်ခံရတဲ့(Vassal State)မျိုးလည်း မဖြစ်ချင်ဘူး၊ ကျွန်တော်တို့ ဖြစ်ချင်တာကတော့ ဆန်မရှိ စောက်စားကြီးဘဲ ခေါ်ခေါ်(ရယ်သံများ) ကျွန်တော်တို့ဖြစ်ချင်တဲ့ နိုင်ငံကတော့လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတော်ဖြစ်ချင်တယ်။ (ဩဘာသံများ)

အဲသည် နိုင်ငံဖြစ်တဲ့အခါမှာလည်း ကျွန်တော်တို့နိုင်ငံတော်မှာ သမ္မတစနစ်အားဖြင့် ဖွဲ့စည်းရမည်။ တခြားစံနစ်အရ ဖွဲ့စည်းတာကို ကျွန်တော်တို့ မလိုလားပါဘူး။ သမ္မတစံနစ်ဆိုတာဟာ ကျွန်တော်တို့ သည်ခေတ် သည်အခါက မှသာလျှင် ကျွန်တော်တို့ ဗမာစာမှာ ပေါ်လာတဲ့စကားပါ။ ဘာဖြစ်လို့လဲဆိုလျှင်

တတိုင်းပြည်လုံးကို တနိုင်ငံလုံးကို မင်းလုပ်အုပ်ချုပ်ရမည့်ပုဂ္ဂိုလ်ကို (၄)နှစ်တကြိမ် ဖြစ်စေ၊ (၅)နှစ်တကြိမ်ဖြစ်စေ၊ (၁၀)နှစ်တကြိမ်ဖြစ်စေ စသည်အားဖြင့် အဲသည်လို ရွေးကောက်တင်မြှောက်တယ်ဆိုတဲ့ ထုံးစံဟာ ယခု သည်ဘက်ခေတ်တွေကျမှ ပေါ်လာတဲ့စံနစ်မျိုးဖြစ်တယ်။

အဲသည်တော့ ကျွန်တော်တို့အဘို့မှာတော့ (မင်း)ဆိုလို့ရှိလျှင်၊ တိုင်းသူပြည်သားလုပ်တဲ့လူတွေက အရမ်းလွှတ်ထားအပ်တဲ့ လူတွေမဟုတ်ဘူး။ အချုပ်အချယ်ရှိတန်သလောက် ရှိသင့်တယ်။ အမှန်စင်စစ် နိုင်ငံတော်မှာရှိတဲ့ အချုပ်အခြာအာဏာကို ပိုင်တဲ့လူတွေဟာ ဘယ်သူတွေဖြစ်ရမလဲဆိုလို့ရှိရင်၊ ကျွန်တော်တို့ ယုံကြည်ယူဆချက်ကတော့ နိုင်ငံတော်သူနိုင်ငံတော်သားတို့ဟာ အဲသည်နိုင်ငံမှာရှိတဲ့ အချုပ်အခြာအာဏာကို ပိုင်ဆိုင်တဲ့လူတွေလို့ ယူဆပါတယ်။ အဲသည်လို ပိုင်ဆိုင်တဲ့လူတွေကနေပြီး လွှဲပေးလို့သာ (မင်း)အစိုးရတို့ဆိုတာ ပေါ်လာရခြင်း ဖြစ်ပါတယ်။

အဲသည်လို လွှဲပေးတဲ့အတိုင်း (မင်း)တို့၊ အစိုးရတို့ ပေါ်လာတဲ့အခါမှာ အဲသည်(မင်း)တို့၊ အစိုးရတို့ဟာ အချုပ်အခြာအာဏာကို ပိုင်ထားတဲ့ နိုင်ငံသူနိုင်ငံသားတွေက မလိုချင်တဲ့အခါမှာ မလိုတဲ့အလျောက် တားဆီးနိုင်တဲ့ အခြေအနေမျိုးရှိရမယ်။ အဲသည်တော့ ကျွန်တော်တို့အဘို့မှာဆိုလို့ရှိရင် ဗမာနိုင်ငံအတွက် လိုလားအပ်တဲ့စံနစ်ဟာ အချိန်အခါအလျောက် ရွေးကောက်တင်မြှောက်တဲ့ သမ္မတစနစ်ကိုသာလျှင် ကျွန်တော်တို့လိုလားသည့်အတိုင်း သည်တိုင်းပြည်ပြုလွှတ်တော်မှာ အဆိုသွင်းတဲ့အခါမှာ သမ္မတနိုင်ငံဆိုတဲ့ စကားလုံးကို သွင်းထားခြင်း ဖြစ်ပါတယ်။

အဲသည်တော့ ပထမအပိုဒ်ကဆိုလျှင် **"နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် မြန်မာ ပြည်ထောင်စုနိုင်ငံဟု ခေါ်တွင်သော လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြစ်စေရမည်"**သည် အဓိပ္ပါယ်ကတော့ ကျွန်တော်တို့တိုင်းပြည်ကို လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်တဲ့နိုင်ငံအဖြစ် ကြေညာမည်။

အဲသည်နိုင်ငံဟာလည်း သမ္မတနိုင်ငံဖြစ်ရမည်။ သမ္မတစံနစ်အရ ဖွဲ့စည်းထားတဲ့ နိုင်ငံတော်ဖြစ်ရမယ်–ဆိုတဲ့မူတွေကို ထည့်ထားပါတယ်။ သည်နိုင်ငံတော်ဟာလည်း ပြည်ထောင်စုနိုင်ငံတော်ဖြစ်ရမည်။

ဒုတိယအပိုဒ်ဖြစ်တဲ့ **"ပြည်ထောင်စုနိုင်ငံတော်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက သတ်မှတ်ဖော်ပြသည့် တသီးပုဂ္ဂလ ပြည်နယ်များပါဝင်စေလျက်"** အဲဒါက ကျွန်တော်တို့သည် ပြည်ထောင်စုထဲမှာ ဘယ်နယ် ဘယ်နယ်တွေ ပါမလဲဆိုတာကို သတ်မှတ်ရမည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွေ ရေးဆွဲတဲ့ အခါမှာ ဘယ်နယ် ဘယ်နယ်တွေ ပါမယ်ဆိုတာကို သတ်မှတ်ရမည်။ အခု မသတ်မှတ်ရသေးဘူး။ ပါချင်တဲ့ နယ်တွေသာ သတ်မှတ်ရမည်။ အခု မသတ်မှတ်ရသေးဘူး။ ပါချင်တဲ့နယ်မှ ပါကြပါဆိုတာ ရှင်းပါတယ်။ **"သို့ သတ်မှတ်ဖော်ပြည်ထားသည့် တသီးပုဂ္ဂလပြည်နယ်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြည်ထားသည်နှင့်အမျှ ကိုယ်ပိုင်အုပ်ချုပ်ရေး အာဏာများ ရှိစေရမည်။"**

ထိုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ နောက်ကျွန်တော်တို့ အချင်းချင်း ဆွေးနွေးတိုင်ပင်ညှိနှိုင်း ဆုံးဖြတ်ပြီးတဲ့နောက် သတ်မှတ်ဖော်ပြထားတဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာများလည်း ရှိရမည်။ အဲသည်တော့ သည်ကိစ္စမှာ ရှင်းရှင်းနားလည်စေချင်တာက သည်လိုပြည်ထောင်စုနိုင်ငံတော်ထဲမှာ တသီးပုဂ္ဂလ ပြည်နယ်များဟာ ဘယ်ပြည်နယ်တွေလဲဆိုတာ သည်အထဲမှာ မပါသေးဘူး။ ဘယ်နယ်တွေက ပါချင်လို့၊ ဘယ်နယ်တွေက မပါချင်ဘူးဆိုတာ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် ပြည်နယ်များဟာ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာများရှိစေရမယ်ဆိုတဲ့အတိုင်း အဲသည်ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာတွေကို သတ်မှတ်ဘို့ လိုသေးတယ်။ အထူးသဖြင့် တောင်တန်းနယ်ပယ်ကိုယ်စားလှယ်များနှင့် တိုင်ပင်ဆွေးနွေးပြီး လုပ်ရမည့်ကိစ္စဖြစ်ပါတယ်။

အဲသည်လိုလုပ်ပြီးမှ သဘောတူသည်ဖြစ်စေ၊ နောက်ဆုံး ဆုံးဖြတ်ချက်ကျသည်ဖြစ်စေ၊ အဲသည်လို ဆုံးဖြတ်ကြတဲ့အခါမှာ သတ်မှတ်ဖော်ပြထားတဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာများကို သဘောတူကျေနပ်လို့ ဝင်လာတဲ့ ပြည်နယ်များသာ

ပါလိမ့်မယ်။ ပြည်ထောင်စုနိုင်ငံဆိုပြီး အဲသည်လို သဘောလောက်သာ တည့်ထား တယ်။ ဘယ်နယ်ကိုမှ ကျွန်တော်တို့ ဘယ်နယ်ကိုမှ အတင်းထည့်ထားတာ မဟုတ်ပါဘူး။

(၃) **"အချုပ်အခြာအာဏာပိုင် လွတ်လပ်သော သမ္မတမြန်မာ နိုင်ငံတော်နှင့်တကွ အပါအဝင်ဖြစ်သည့် ပြည်နယ်များနှင့် အစိုးရအဖွဲ့အစည်းများ အားလုံးတို့၏ အခွင့်အာဏာဟူသမျှတို့သည် တိုင်းသူပြည်သားတို့ထံမှ သက်ဆင်းစေရမည်"** ဒါကတော့ ကျွန်တော် ယခုတွင်က ပြောခဲ့သည့်အတိုင်း လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံတော်လို့ ဖွဲ့စည်းလိုက်တဲ့အခါမှာ အဲသည် နိုင်ငံတော်ပိုင်တဲ့ အဲသည်နိုင်ငံတော် လက်ထဲမှာရှိတဲ့ အချုပ်အခြာ အာဏာဟာ ဘယ်သူတွေရဲ့လက်ထဲမှာ ဘယ်သူတွေကသာလျှင် ပိုင်ဆိုင်သင့် တယ်ဆိုတဲ့ ပြဿနာသဘောတရားကို ကျွန်တော်ဖြေရမယ်ဆိုလို့ရှိရင် တိုင်းသူ ပြည်သားတွေကသာလျှင် မူလဘူတအားဖြင့် နိုင်ငံတော်ရဲ့အချုပ်အခြာကို ပိုင်တဲ့ လူတွေဖြစ်တယ်လို့ ကျွန်တော်တို့ ယူဆတယ်၊ ယုံကြည်တယ်။

ရာဇဝင်ကြောင်းလိုက်ကြည့်၊ ဗမာရာဇဝင်ကြောင်းကို ကြည့်မလား၊ ကမ္ဘာ့ရာဇဝင်ကြောင်းကိုဘဲ ကြည့်ကြည့်၊ ဘယ်လိုဘဲ ကြည့်ကြည့် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာတွေဆိုတာ မူလဘူတကို ကြည့်လိုက်မယ်ဆိုလျှင် တိုင်းသူ ပြည်သားတွေလက်ထဲမှာ ရှိတယ်ဆိုတာကို တွေ့ရပါလိမ့်မည်။ ကျွန်တော်တို့ အယူအဆမှာဆိုလျှင် **ကမ္ဘာအစသမ္မတမင်းက**ဆိုတဲ့အတိုင်း သမ္မတမင်းကို လူတွေက တင်မြှောက်ခဲ့တာဘဲ။ အဲသည်အတိုင်း ရှေ့လျှောက်ပြီး ဖြစ်ရမှာဘဲ။ အဲသည်အတိုင်း ကျွန်တော်တို့ဟာ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော သမ္မတမြန်မာနိုင်ငံတော်နှင့်တကွ၊ အပါအဝင်ဖြစ်သည့် ပြည်နယ်များနှင့် အစိုးရ အဖွဲ့အစည်းအားလုံးတို့၏ အခွင့်အာဏာဟူသမျှတို့သည် တိုင်းသူပြည်သား တို့ထံမှ သက်ဆင်းစေရမည်ဆိုလိုခြင်း ဖြစ်ပါတယ်။

## အာဏာသည် ပြည်သူ့ထံမှ ဆင်းသက်စေရမယ်

အဲသည်တော့ သည်သဘောကို ကျွန်တော်တို့ အခုချထားလိုက်တဲ့အခါ မြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲတဲ့အခါမှာ တိုင်းသူပြည်သားတွေဆီက အခွင့်အာဏာရတယ်ဆိုတဲ့ အချက်တွေဆိုလို့ရှိလျှင် မပါဘူးဆိုတဲ့ အဓိပ္ပါယ်ဘဲ။ ဘယ်အချက်ဟာဖြင့် သည်မူနှင့်ဆန့်ကျင်နေမည်၊ မဆန့်ကျင်ဘူးဆိုတာ အသေးစိပ်ကျမှဘဲ ဆွေးနွေးကြည့်နိုင်မည်။

အမှတ်(၃) အချုပ်အခြာအာဏာဟာ တိုင်းသူပြည်သားတွေလက်ထဲမှာ ရှိတယ်ဆိုတဲ့ သဘောတရားကို အခြေခံထားခြင်း ဖြစ်ပါတယ်။

(၄) ပြည်ထောင်စုနိုင်ငံတော်၏ တိုင်းသူပြည်သားမှန်သမျှသည် လူမှုရေး ရာဍ္ဍဝင်း၊ စီးပွားရေးရာဍ္ဍဝင်း၊ နိုင်ငံရေးဍ္ဍဝင်း တရားမျှတမှုရှိစေလျက် ... သည် ကျွန်တော်တို့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲဘို့ စီစဉ်တဲ့အခါမှာ လူမှုရေး ရာဍ္ဍဝင်း၊ စီးပွားရေးရာဍ္ဍဝင်း၊ နိုင်ငံရေးဍ္ဍဝင်း တရားမျှတမှုရှိအောင် ဖန်တီးထား ရမယ်။

အဓိပ္ပါယ်က လူမှုရေးရာဍ္ဍ တရားမျှတမှုရှိစေရမယ်ဆိုတဲ့ အဓိပ္ပါယ်က ကျွန်တော်တို့အလုပ်သမားနှင့် အလုပ်ရှင်ကိစ္စမျိုးတွေ၊ လယ်သမားနှင့်လယ်ရှင် ဆက်ဆံတဲ့ကိစ္စမျိုးတွေ အစရှိသည်အားဖြင့် လူအချင်းချင်းပေါင်းသင်းဆက်ဆံတဲ့ ကိစ္စမျိုးတွေ တယောက်နှင့်တယောက် တန်းတူအခွင့်အရေးရအောင် စီမံဖန်တီး ထားဘို့ လိုတယ်ဆိုတဲ့ သဘောပါဘဲ။

စီးပွားရေးဍ္ဍ ဆိုလို့ရှိလျှင် တဘက်စီးနင်းအားဖြင့် လုပ်နိုင်တဲ့အခြေအနေ တွေကို ဖယ်ရှင်းပြီးတော့ စီးပွားရေးဍ္ဍ အလုပ်တူလျှင် အဲသည်အတိုင်း အခွင့်အရေးအတူတူဖြစ်နိုင်သမျှ ဖြစ်အောင်ဆိုတဲ့သဘောကို စီမံဖန်တီးထားရန် ဖြစ်ပါတယ်။ နိုင်ငံရေးမှာလည်း တရားမျှတဘို့လိုတယ်။ နိုင်ငံရေးမှာဆိုလို့ရှိလျှင် ဘယ်သူကတော့ဖြင့် မဲမရထိုက်ဘူး၊ ဘယ်သူကဖြင့် မဲရထိုက်တယ်စသည်ဖြင့် နိုင်ငံရေးညှဉ်းဆဲမှုတွေ၊ ချုပ်ချယ်မှုတွေ မရှိစေရဘူး။ နောက်ပြီးတော့ ဘယ်သူဟာ

ဘယ်ရာထူးမျိုးကို မရစေဘူး၊ ဘယ်သူသာလျှင် ရရမယ်ဆိုတဲ့ အဲသည်လို ချုပ်ချယ်မှုတွေဟာ နိုင်ငံရေးတရားမျှတမှုကို ထိခိုက်တယ်။

အဲသည်တော့ နိုင်ငံရေးမှာ နိုင်ငံသူနိုင်ငံသားဖြစ်တဲ့သူတိုင်း မိမိတို့ အရည်အချင်းကြောင့် အခွင့်အရေးရသွားနိုင်ဘို့ဘဲ။ အားလုံးရရင်ဘဲ အားလုံးရဘို့၊ သည်သဘောမျိုးနှင့်တရားမျှတမှုရှိရမယ်။ နောက်အဆင့်အတန်း (Equality of Status)အဆင့်အတန်းမှာလည်း တူညီရမယ်။ အဆင့်အတန်းမှာ တူညီရမယ်ဆိုတဲ့ သဘောကတော့ သူဌေးရယ်၊ ဆင်းရဲသားရယ်၊ ဘာရယ်အစရှိသဖြင့် သည်လို ကွဲပြားထားတာမရှိဘဲနှင့် သူဌေးရယ်၊ ဆင်းရဲသားရယ်ဆိုတာက ပစ္စည်း အခြေအနေအလျောက်ရှိနေတုန်း ရှိနေပေမည့် အဆင့်အတန်းမှာဆိုလို့ရှိရင် တူညီစေရမယ်။ အဆင့်အတန်းမှာ တူညီစေရမယ်ဆိုတဲ့ သဘောဟာ ကျွန်တော်တို့ နေရာမှာဘဲဖြစ်ဖြစ်၊ သူဌေးဆိုရင်တော့ ဘယ်လို ပိုပြီးတော့ အခွင့်အရေးရမယ်၊ ဆင်းရဲသားဆိုရင်တော့ ဘယ်လိုမရဘူးစသည်ဖြင့် သည်လိုမရှိစေဘဲနှင့် အဆင့်အတန်းတွင် အားလုံးဆူကြံ့နိမ့်ဖြင့်မရှိ ပကတိတူညီ စေရယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။

နောက်အခွင့်အရေး(Equality of opportunity) အခွင့်အရေးမှာလည်း တန်းတူရမယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ ပညာသင်ကြားကြတဲ့နေရာမှာ ဉပမဆိုရ၍ ဉာဏ်အရည်အချင်းချင်း အတူတူဖြစ်လို့ရှိလျှင် ဉာဏ်ရှိသလောက် သူ့ပညာ အလိုက်ရဘို့ အခွင့်အရေးဟာလည်း ရှိသင့်တယ်ဆိုတဲ့ သဘောမျိုးဘဲ၊ ဆင်းရဲတဲ့ သူတော့ ဆင်းရဲတယ်ဆိုလို့ အခွင့်အရေးမရဘူး။ ချမ်းသာတဲ့လူသာလျှင် အခွင့်အရေးရရမယ်ဆိုတဲ့ သည်လို သဘောမျိုးမဟုတ်ဘဲနှင့် အားလုံးအခွင့် အရေးမှာ(Opportunity)အခွင့်အရေးပေးတဲ့နေရာမှာ မယူတတ်လျှင်၊ ယူတတ်တဲ့ လူမှန်သမျှ အချုပ်အချယ်မရှိဘဲနှင့် ယူနိုင်တဲ့အခွင့်အရေးရှိရမည်ဆိုတဲ့သဘော တရားသာဖြစ်ပါ တယ်။

နောက်ဉပဒေသက်ရောက်မှု (Before the Law)ဉပဒေသက်ရောက်မှုမှာ တူညီရမယ်ဆိုတဲ့သဘောကတော့ ဉပဒေရှေ့မှောက်၌ ဘယ်သူမဆို သမ္မတဘဲ ဖြစ်ဖြစ်၊ တောသားဘဲဖြစ်ဖြစ် ဉပဒေစည်းကမ်းကို ဖေါက်ဖျက်တဲ့အလျောက်

အပြစ်ဒဏ်ခံရလိမ့်မည်၊ ကောင်းတာလုပ်လို့ရှိရင်လဲ ကောင်းတဲ့အလျောက် ဥပဒေရဲ့ ချီးမြှင့်ခြင်းခံရမယ်။ သည်လို ဥပဒေရှေ့ မှောက်မှာဆိုလျှင် ဘယ်သူမဆို (မင်း)ဖြစ်ဖြစ်၊ ဆင်းရဲသားဖြစ်ဖြစ်၊ သူဌေးသားဖြစ်ဖြစ် အားလုံးဟာ တန်းတူဖြစ်ရမယ်ဆိုတဲ့ သဘောဘဲ။

## အခွင့်အလမ်း၊ အဆင့်အတန်းတူရမယ်

အဲသည်လို လူမှုရေးရာ၌၎င်း၊ စီးပွားရေးရာ၌၎င်း၊ နိုင်ငံရေးရာ၌၎င်း တရားမျှတမှုရှိစေလျက် အခွင့်အရေးဥပဒေသက်ရောက်မှုတွင် ပကတိတူညီစေရမည့်ပြင် တရားဥပဒေနှင့်သော်၎င်း၊ အများပြည်သူတို့ စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့်သော်၎င်း မဆန့်ကျင်သမျှ လွတ်လပ်စွာ ကြံစည်ပိုင်ခွင့်၊ ထုတ်ဖေါ်ပြောဆိုပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ဘာသာတရားကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုမူဆောင်ရွက်ပိုင်ခွင့်တို့ ရရှိတည်စေရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် အခိုင်အလုံသတ်မှတ်ထားရှိစေရမည်။

ဒါကတော့ ကျွန်တော်တို့ **ပြည်သူလွတ်လပ်ရေးပါရမည်**ဆိုတဲ့ အဓိပ္ပါယ်ပါဘဲ။ သည်ထဲမှာ အကျဉ်းရုံးပြီး လွတ်လပ်စွာ ကြံစည်ပိုင်ခွင့်၊ ထုတ်ဖေါ်ပြောဆိုပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ဘာသာတရားကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုပိုင်ခွင့်၊ ပရိယေသနရှာမှီးပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုမူဆောင်ရွက်ပိုင်ခွင့်လို့ ဆိုထားပါတယ်။ နောက်ကျွန်တော်တို့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲတဲ့အခါကလျှင် သည့်ထက်ပိုပြီးတော့ ကျကျနနနှင့် ရှင်းရှင်းလင်းလင်း ကျွန်တော်တို့ ရေးရပါလိမ့်မယ်။ အဲသည်အခါကျလျှင် ဥပဒေသဘောရေးဆွဲရပါလိမ့်မယ်။ သည်တော့မှ အကျဉ်းမျှနှင့် ဘယ်လိုအခွင့်အရေးမျိုးတွေနှင့် လူတိုင်းလူတိုင်းရှိထိုက်တဲ့ အခွင့်အရေးမျိုးတွေလဲ ပေးထားရမယ်ဆိုပြီးတော့ ညွှန်ကြားခြင်းမျှသာ ဖြစ်ပါတယ်။

အဲသည်လို ညွှန်ကြားတဲ့နေရာမှာ သည်လိုလွတ်လပ်မှုတွေကို ပေးတဲ့နေရာမှာ (Subject to Law & Public morality)တရားဥပဒေနှင့်သော်၎င်း၊ အများပြည်သူတို့၏ စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့်သော်၎င်း မဆန့်ကျင်သမျှ

ကျွန်တော်တို့ နောက်ကျလို့ရှိရင် တိုင်းပြည်က တင်မြှောက်လိုက်တဲ့ လွှတ်တော်တို့၊ အဲသည်လွှတ်တော်က လုပ်ထားတဲ့ဥပဒေ၊ နောက်ပြီးတော့ ဥပဒေလုပ်ပေမည့် ကျွန်တော်တို့ လူ့ထုံးစံမှာ မလုပ်အပ်တဲ့ သဘောတရားတွေရှိတယ်။ အများပြည်သူတို့ စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့်သော်ငင်း မဆန့်ကျင်သမျှ၊ ဥပမာ ဆိုလို့ရှိရင် လွတ်လပ်ရေးရပြီး ဆိုပြီးတော့ လွတ်လပ်စွာ ပြုမူဆောင်ရွက်ပိုင်ခွင့်ရှိတယ်ဆိုပြီးတော့ လူတယောက်ကနေပြီး ကိုယ်တုံးလုံးနှင့်လမ်းမမှာ သူလျှောက်ပြီးတော့ ပြေးချင်းတိုင်း ပြေးလို့မဖြစ်ဘူးဆိုတာဟာ အများပြည်သူတို့ စောင့်စည်းအပ်တဲ့ အကျင့်သိက္ခာနှင့်ဆန့်ကျင်နေတယ်။

အမှန်ကတော့ သည်လိုသတ်မှတ်ထားတာ မရှိဘူးဆိုရင်၊ ပြုမူဆောင်ရွက်ပိုင်ခွင့်အဆိုင်းဆိုလျှင် ကျွန်တော်တို့ ကြည့်နေရမယ်။ ဘာဖြစ်လို့လဲဆိုလျှင် ဘယ်သူမှလည်း သွားမထိခိုက်ဘူး၊ သူ့ဟာသူ လွတ်လွတ်လပ်လပ်နှင့် ပြုမူဆောင်ရွက်ပိုင်ခွင့်အတိုင်း လုပ်တာဖြစ်နေတယ်။ သည်လိုဟာမျိုးမှာ အဲသည်လို တရားလွန်လာတဲ့ ကိစ္စမျိုးတွေကျတော့ အများပြည်သူတို့ စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့်ဆန့်ကျင်လျှင် ကျွန်တော်တို့ စဉ်းစားကြည့်ရမယ်။

အဲဒါ ဆန့်ကျင်တယ်လို့ရှိရင် သည်လိုနေရာမျိုးမှာ လွတ်လပ်မှုဆိုတိုင်း တကယ်လွတ်လပ်မှုမခေါ်နိုင် ဘူး၊ လွတ်လပ်မှုဟာ အမှန်စင်စစ် စည်းကမ်းရှိမှ လွတ်လပ်မှုဖြစ်နိုင်တယ်လို့ ကျွန်တော်ယူဆတယ်။

အဲသည်လို စည်းကမ်းသတ်မှတ်ပြီးတော့ လူတိုင်းလူတိုင်းလွတ်လပ်မှုတွေကို သတ်မှတ်ပေးပါဆို ပြီးတော့ သည်အဆိုမှာ ညွှန်ကြားထားခြင်းဖြစ်ပါတယ်။ အဲသည်လို ပြီးတဲ့နောက် **အမှတ်(၅) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ – လူနည်းစုအဘို့ လုံလောက်သောကာကွယ်ခြင်းများ ထည့်သွင်းပြဋ္ဌာန်းထားခြင်း ရှိစေရမယ်။** အဲသည်မှာလည်း ကျွန်တော်တို့ လူမျိုးရေးအတွက် လူနည်းစုဆိုတာ ရှိပါသေးတယ်။ သည်တော့ သူတို့တတွေအတွက်လည်း လုံလောက်တဲ့ ကာကွယ်ချက်များ ထည့်သွင်းပြဋ္ဌာန်းထားဘို့ လိုပါတယ်။ သည်လိုထည့်ရင်တော့ လုံလောက်မယ်၊ ဘယ်လိုထည့်ရင်တော့ မလုံလောက်ဘူး

ဆိုတဲ့ကိစ္စအရပ်ရပ်ကို ကျွန်တော်တို့ နောက်ကော်မတီတွေဖွဲ့စည်းပြီး ဆွေးနွေးတဲ့ အခါကျတော့ အသေးစိပ်ဆွေးနွေးဘို့ ဖြစ်ပါတယ်။

## လူနည်းစုအခွင့်အရေးရှိရမယ်

သည်မှာတော့ မူအားဖြင့် ကျွန်တော်တို့ လူနည်းစုအတွက်လည်း စဉ်းစားပြီးတော့ လူနည်းစုကာကွယ်ဘို့ အချက်တွေလည်း ထည့်ပြီးစဉ်းစားခဲ့ပါလို့ မှာခဲ့တဲ့သဘောပါဘဲ။ အမှန်ကတော့ သည်အဆိုဟာ နောက်ဖွဲ့စည်းမည့် ကော်မတီတွေကို မှာခဲ့တဲ့စကားသာ ဖြစ်ပါတယ်။ ဘာတွေဘာတွေ လုပ်လာခဲ့ပါ ဆိုတဲ့ သဘောတွေပါဘဲ။

နံပါတ်(၆)ကတော့ **"လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမ္မတ မြန်မာနိုင်ငံတော်၏ နယ်မြေတို့ တပေါင်းတစည်းတည်း တည်တံ့ခိုင်မြဲရေးကိုငင်း၊ နိုင်ငံတော်၏ ကြည်း၊ ရေ၊ လေတို့ကို အချုပ်အခြာစိုးမိုးအုပ်ချုပ်ပိုင်ခွင့်ကိုငင်း တရားဓမ္မနှင့်တကွ ပြည် ထောင်အချင်းချင်းဥပဒေအရ ထိန်းစောင့်ထားရှိစေရမည်။ ထို့ပြင်"** ဒါကတော့ လိုတော့လိုတယ်။ သို့သော်လည်း ကျွန်တော်ပုဂ္ဂိုလ် သဘောပြောရမည်ဆိုလျှင် တမျိုးကတော့ ကြီးကြီးကျယ်ကျယ်ရေးတာမျိုးပါဘဲ။ အမှန်ကတော့ ဥပဒေတတ်တဲ့ ဦးချန်ထွန်းတို့လို ပုဂ္ဂိုလ်တွေက ကြီးကျယ်သည် ထက် ကြီးကျယ်အောင်၊ ခမ်းနားသည်ထက် ခမ်းနားအောင် ထည့်ထားတာပါ။ ဒါကတော့ သိပ်ရှင်းနေစ ရားမလိုပါဘူး။ ကြည်း၊ ရေ၊ လေသည် အထဲမှာ ပါတဲ့ အခွင့်အရေးတွေ ပိုင်ဆိုင်ရမယ်။ နောက်ပြီးတော့ (According to Justic and International Law) ပြည်ထောင်အချင်းချင်းဥပဒေအရ တရားဓမ္မနှင့်တကွ ထိန်းစောင့်ထားရှိရမယ်။ ကျွန်တော်တို့ တိုင်းပြည်တည် နေကြာတာကို ခန့်ခန့် ညားညား တိုင်းပြည်တည်ထောင်ရမှာကိုး။ အဲသည်တော့ ကျွန်တော်တို့ဟာ ကြည်း၊ ရေ၊ လေတို့ကို အချုပ် အခြာစိုးမိုး အုပ်ချုပ်ပိုင်ခွင့်ကိုငင်း၊ တရားဓမ္မနှင့် တကွ ပြည်ထောင်အချင်းချင်းဥပဒေအရ ထိန်းစောင့်ထားရှိရမည်။ တမျိုးကတော့ ဥပဒေရေးတဲ့အခါမှာ တခမ်းတနားရေးရမည့် အချက်အလက်တွေပါဘဲ။ အရေး လည်းကြီးပါတယ်။ ခမ်းခမ်းနားနားလည်း ရေးဘို့လိုပါတယ်။

နောက်နံပါတ် (၇)က **"ရာဇဝင်တွင် ထင်ရှားခဲ့သော မြန်မာနိုင်ငံတော်သည် ကမ္ဘာတွင် မိမိ၏ ဂုဏ်ကျက်သရေနှင့်လျော်ညီစွာ ရသင့်ရထိုက်သော အဆင့်အတန်းသို့ ရောက်ရှိစေရမည့်အပြင်၊ လူသတ္တဝါတို့၏ တိုးတက်ရေးနှင့် ကောင်းကျိုးချမ်းသာပြည့်ဝရေးတို့ကို တာဝန်အလျောက် စေတနာဖြင့် အစွမ်းကုန်ဖြည့်စွက်ထမ်းရွက်ကာ၊ ပြည်ထောင်အချင်းချင်းဆိုင်ရာ တရားဓမ္မနှင့်ကျင့်ဝတ်သိက္ခာကို အခြေပြု၍ ကမ္ဘာ့ငြိမ်းချမ်းရေး ရှေ့ရှုလျက် နိုင်ငံတကာတို့နှင့် မိတ်ဝတ်မပျက်ဘဲ တွဲဘက်ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မြဲသော အဓိဋ္ဌာန်တို့ဖြင့် ထိန်းတော့အံ့။"**

ဒါကတော့ ဥဒါန်းကျူးရင့်တဲ့ သဘောမျိုးပါဘဲ။ ငါတို့ နိုင်ငံတော်ကြီးဟာ ကမ္ဘာကြီးရဲ့အလယ်မှာ လူသတ္တဝါတို့၏ ကောင်းကျိုးချမ်းသာတို့ကို လုပ်ဘို့ရော၊ ကမ္ဘာ့ငြိမ်းချမ်းရေးတို့ကို တည်ထောင်ပြီး အမြဲတမ်း စောင့်ထိန်းမည်ဆိုတဲ့ဟာဘဲ။ ဒါကတော့ နိုင်ငံတကာတိုင်း၊ နိုင်ငံတကာတိုင်း ကြီးကြီးကျယ်ကျယ် ပြောတဲ့ စကားတွေဘဲ။တကယ်လုပ်သလားဆိုတော့သိပ်မလုပ်ကြပါဘူး။

(ရယ်မောကြသည်)

ဒါကတော့ ကျွန်တော်တို့ လူများကြည့်ကောင်းအောင်၊ ကမ္ဘာက ကြည့်ကောင်းအောင်ထည့်ရမယ်။ ဖတ်လိုက်ရလို့ရှိရင် ပါးစပ်ထဲမှာ ပြည့်သွားအောင် လုပ်ထားတာဘဲ။ တောကလူတွေ ဖတ်ရင်တော့ ဘာမှ နားလည်မှာ မဟုတ်ဘူး။ (ရယ်မောကြသည်)။ အရေးကြီးတာကတော့ နံပါတ်(၁–၂–၃–၄–၅)၊ ကျွန်တော်တို့ နံပါတ်(၁–က ၅–အထိ)၊ ကျွန်တော်မြင်သလောက် (The most practical points)က တကယ့်အသုံးဝင်ဆုံး အချက်အလက်တွေ ဖြစ်နေတယ်။ သည်အသုံးဝင်တဲ့ အချက်အလက်တွေဟာ အဆိုထဲမှာ ပါတယ်။ (၆)နှင့်(၇)ကတော့ အမှန်စင်စစ် စကားတွေကြည့်ကောင်းအောင် ခန့်ခန့်ညားညား သုံးထားခြင်းဘဲလို့ တနည်းဆိုနိုင်ပါတယ်။

သည်တော့ ကျွန်တော်တို့သည် တိုင်းပြည်ပြုလွှတ်တော်ကနေပြီး ဗမာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေရေးဆွဲဘို့ အဖွဲ့အသီးသီးခန့်ထားတဲ့ နေရာမှာ သည်အတိုင်း စဉ်းစားပြီး သည်အချက်တွေကို စဉ်းစားပြီး ခင်ဗျားတို့

အကြံဉာဏ်တွေယူလာခဲ့ပါလို့ မှာလိုက်ဘို့အတွက် သည်အဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်။ သည်အဆိုကို စဉ်းစားလိုက်မယ်ဆိုရင် အခြေခံအချက်တွေ ပါပေမည့်၊ သည်အခြေခံအချက်တွေကို ပြည့်ပြည့်စုံစုံထည့်တာရှိတယ်။ ပထမ(၁)အချက်မှာ ဆိုရင် လွတ်လပ်သည့်အခါ အာဏာပိုင်သမ္မတနိုင်ငံ လုပ်ရမယ်။ အချုပ်အခြာ အာဏာပိုင်သမ္မတနိုင်ငံဖြစ်ရမယ်။ နောက်ပြီးတော့ ဗမာနိုင်ငံကို ပြည်ထောင်စု နိုင်ငံတော်ခေါ်ဘို့ အဲသည်မူ တခုပါတယ်။ မူအားလုံး လေးခုပါတယ်။

လွတ်လပ်တဲ့နိုင်ငံတော်ဖြစ်ရမယ်(Independence)၊ အချုပ်အခြာအာဏာ ပိုင်ရမယ်(Sovereignty)၊ နောက်ပြီးတော့ သမ္မတနိုင်ငံဖြစ်ရမယ်(Republic)၊ နောက်ပြီးတော့မှတခါ ပြည်ထောင်စုနိုင်ငံဖြစ်ရမယ်။ အဲသည်လို မူလေးခုရှိပါတယ်။ အဲသည်မူလေးခုကို အပိုဒ်(၁)ထဲမှာ အကုန်လုံးသွင်းထားတယ်။ သွင်းထား တော့ကာ ကျွန်တော်တို့ နိုင်ငံတော်ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲတဲ့အခါ သည်မူလေးခုကို အခြေခံထားပြီး ရေးဆွဲပါလို့ မှာခြင်းဖြစ်ပါတယ်။

အဲသည်မူလေးခုနှင့် ကျွန်တော်တို့ လွတ်လပ်တဲ့နိုင်ငံအဖြစ် ကြေညာမယ် ဆိုတာ သည်တိုင်းပြည်ပြုလွှတ်တော်ကနေပြီး သဘောကျတယ်၊ ကျေနပ်တယ်၊ မကျေနပ်ဘူး။ စဉ်းစားဘို့ အချုပ်အခြာအာဏာပိုင် ပြည့်စုံရမယ်ဆိုတာ သဘောကျတယ်၊ မကျဘူး ဆုံးဖြတ်ဘို့။ နောက်ပြီး သမ္မတနိုင်ငံအဖြစ် ဖွဲ့စည်းဘို့ ဆိုတာ သဘောကျတယ်၊ မကျဘူး ဆုံးဖြတ်ဘို့။ နောက်ပြီး ပြည်ထောင်စုနိုင်ငံ တော်ဖွဲ့စည်းဘို့ဆိုတာဟာလည်း ဖွဲ့စည်းထိုက်၊ မဖွဲ့စည်းထိုက်ဆိုတာ ဆွေးနွေး ဘို့ပါဘဲ။ အဲဒါပြီးမှ ဒုတိယအချက်က သည်ပြည်ထောင်စုနိုင်ငံထဲမှာ ဘယ်နယ် တွေ ဘယ်နယ်တွေပါလို့ ဘယ်လိုအာဏာရှိရမည်ဆိုတာ ခင်ဗျားတို့လာပြီး တင်ပြပါလို့ မှာလိုက်ခြင်း ဖြစ်ပါတယ်။ သည်အချက်မှာ တော်တော်ဘဲ အရှင်လုပ် ထားပါတယ်။ ဘာဖြစ်လို့လဲဆိုလျှင် သည်အချက်ထဲမှာ ဘာမျှတိတိကျကျ မှုရယ်လို့ မရှိပါဘူး။

မူလက ဘာလဲဆိုလျှင် ကိုယ်ပိုင်အာဏာပေးရမည်ဆို့တဲ့ မူပါဘဲ။ ဘယ်လိုပေး၊ ဘယ်လောက်ပေးဆိုတာ ဘာမျှမပါဘူး။ ခင်ဗျားတို့ စဉ်းစားပြီး လာခဲ့ကြပါဆိုတဲ့သဘောမျိုးနှင့် အရှင်လုပ်ပြီး ထားပါတယ်။ ဘယ်ပြည်နယ်တွေ

ပါသင့်တယ်ဆိုတာလဲ အရှင်လုပ်ပြီး ထားပါတယ်။ ကျွန်တော်တို့ မူလ(ဖဆပလ) ညီလာခံမှာ တင်တဲ့အဆိုမှာတော့ ဖေါ်ပြထည့်ထားပါတယ်။ အဲဒါ ကျွန်တော်တို့ အမှတ်တမဲ့ ထည့်ထားမိ တာပါဘဲ။ နောက်ပြန်စဉ်းစားမိတော့မှ ပြည်ထောင်စု နိုင်ငံထဲက သည်နယ်တွေ ဝင်ပြီးသားဖြစ်သွားမည်လားဆိုပြီး စဉ်းစားမိတာနှင့် ဖြုတ်ပစ်ခဲ့ပြီး အခုလို သာမညဆိုထားခြင်း ဖြစ်ပါတယ်။

(၃)ကတော့ **"အချုပ်အခြာအာဏာပိုင် လွတ်လပ်သောသမ္မတမြန်မာ နိုင်ငံတော်နှင့်တကွ အပါအဝင် ဖြစ်သည့်ပြည်နယ်များနှင့် အစိုးရအဖွဲ့အစည်း အားလုံးတို့၏ အခွင့်အာဏာဟူသမျှတို့သည် တိုင်းသူပြည်သားထံမှ သက်ဆင်းစေရမည်။"** သည်မှာတော့ မူက တိုင်းသူပြည်သားများဟာ အချုပ်အခြာအာဏာပိုင်တဲ့ လူတွေဘဲဆိုတဲ့ မူကို ထည့်ထားခြင်းဖြစ်ပါတယ်။ သည်မူအရ ကျွန်တော်တို့ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲတဲ့အခါ သည်မူသဘော မျိုးနှင့် အကြံဉာဏ်တွေ ရေးဆွဲလာခဲ့ပါဆိုပြီး မှာထားခြင်း ဖြစ်ပါတယ်။

နောက်အချက်(၄)က **"ပြည်ထောင်စုနိုင်ငံတော်၏ တိုင်းသူပြည်သား မှန်သမျှသည် လူမှုရေး၌ၪင်း၊ စီးပွားရေး၌ၪင်း၊ နိုင်ငံရေး၌ၪင်း တရားမျှတမှုရှိလျက်၊ အဆင့်အတန်းအခွင့်အရေးနှင့်ဥပဒေသက် ရောက်မှုတို့တွင် ဆူကြံ့နိမ့်မြင့်မရှိစေ၊ ပကတိတူညီစေရမည့်အပြင် တရားဥပဒေနှင့်သော်ၪင်း၊ အများပြည်သူတို့ စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့်သော်ၪင်း မဆန့်ကျင်သမျှ လွတ်လပ်စွာ ကြံစည်ပိုင်ခွင့်၊ ထုတ်ဖေါ်ပြောဆိုပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ဘာသာတရား ကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုပိုင်ခွင့်၊ ပရိယေသနရှာမှီးပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုမူဆောင်ရွက်ပိုင်ခွင့်တို့ ရရှိတည်မြဲစေရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေတွင် အခိုင်အလုံသတ်မှတ်ထားရှိစေရမည်။"**


ဒါကတော့ ကျွန်တော်တို့ သည်အထဲမှာ မူတွေကတော့ လူမှုးရေးရာ၌ တရားမျှတမှုရှိစေခြင်းမူ၊ စီးပွားမှုတရားမျှတရှိစေခြင်းမူ၊ နိုင်ငံရေးမျှတမှု ရှိစေခြင်း မူ၊ အဆင့်အတန်းတွင် ဆူကြံ့နိမ့်မြင့်မရှိ၊ ပကတိတူညီ စေရမည့်အပြင် တရား ဥပဒေနှင့်သော်ၪင်း၊ အများပြည်သူတို့ စောင့်စည်းအပ်သော အကျင့်သိက္ခာ

နှင့်သော်ငြင်း၊ မဆန့်ကျင်သမျှ ပြည်သူတို့ရဲ့ လွတ်လပ်ခွင့်များရရှိဘို့ မူ(၇)မူ ပါတယ်။

အဲသည်မူ (၇)မူရဲ့ အခြေခံသဘောတရား(၇)ချက်ပေါ်တွင် အခြေပြုပါလို့ သည်အမှတ်(၄)က ဆိုခြင်းဖြစ်ပါတယ်။ အမှတ်(၅)ကတော့ **"ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် လူနည်းစုများအဘို့ လုံလောက်သော ကာကွယ်ချက်များ ထည့်သွင်းပြဋ္ဌာန်းထားရှိစေရမည်"**ဆိုတာကတော့ ယခုတွင်က အချက်(၂)ချက်ရဲ့ သဘောမျိုးဘဲ၊ သာမညဘဲ ဆိုထားလိုက်တာဘဲ။ လူနည်းစုတွေအတွက်လည်း လုံလုံလောက်လောက် ထည့်သွင်းထားပါ၊ ဘာလုပ်ပါဆိုတာ သည်အထဲမှာ ကျွန်တော်တို့ မထည့်သေးပါဘူး။ ဘာဖြစ်လို့လဲဆိုလျှင် သည်ကိစ္စဟာ အထူးတလည်ဘဲ ရေရေလည်လည် စဉ်းစားဆွေးနွေးရမည့် အချက်တွေဖြစ်ပါတယ်။

ဒါတွင် မကသေးဘူး၊ ကျွန်တော်တို့အဘို့မှာ အထူးရှင်းလင်းစေချင်တာကတော့ သည်လူစုတွေ အပေါ်မှာ အရှင်းဆုံး စိတ်ထားပါတယ်။ မလိမ့်တပတ်ဖြစ်စေ၊ ခြေရှုပ်လို့ဖြစ်စေ ဘယ်လိုဘဲဖြစ်ဖြစ် ကျွန်တော်တို့ဟာ လက်တလုံးကြားအားဖြင့် လူနည်းစုတွေအပေါ်မှာ မတရားလုပ်ဘို့–ဆိုတဲ့ရည်ရွယ်ချက် စေတနာအလျဉ်းမရှိနှင့်။ သူတို့ပြောဆိုချင်တာ သူတို့ပြောပြီးတော့ကာ၊ လုံလောက်တဲ့ ကာကွယ်ချက်တွေကို ဟုတ်တယ်မဟုတ်ဘူး၊ တရားသဖြင့် အခွင့်အရေးတွေ ဟုတ်တယ် မဟုတ်ဘူး။ ဒါတွေကို စိစစ်ပြီးတဲ့နောက်မှ ကျွန်တော်တို့ သဘောတူလို့ဖြစ်စေ၊ ကျွန်တော်တို့ သဘောမတူလို့ဖြစ်စေ ကျွန်တော်တို့ ဆုံးဖြတ်တဲ့အခါမှာ သည်လောက်ဘဲရနိုင်မယ်၊ သည်ထက်တော့ ပိုပြီးမရနိုင်ဘူး ပြောတဲ့အခါမှာ သည်လိုရေရေလည်လည် ဆွေးနွေးမှသာလျှင် သဘောတူလို့ဖြစ်စေ၊ မတူလို့ဖြစ်စေ အဲသည်လို လုပ်ဘို့ပါဘဲ။ သည်မှာ လူနည်းစုတွေအတွက် ကာကွယ်ချက်များဆိုပြီး ပါရုံလောက်သာပါတယ်။ တသီးတခြား ဖေါ်ပြခြင်း မရှိပါဘူး။

# လွှတ်တော်မှာ လွတ်လပ်စွာ ပြောဆိုခွင့်ရှိရမယ်



တိုင်းပြုပြည်ပြုလွှတ်တော်သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလ အဖွဲ့ဝင်များ
၉–၆–၁၉၄၇ ရက်နေ့က ချီတက်လာကြစဉ်

ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၄၇)

သည်အတိုင်း အမှာသဘောဖြစ်တဲ့ သည်အဆိုကို တင်သွင်းတဲ့အခါမှာ အခုလိုဖြစ်နေတဲ့ ဗမာပြည်မှာ လက်ငင်းအခြေအနေကို အနည်းငယ်သုံးသပ်ဘို့ လိုပါတယ်။ အခုလက်ငင်းဖြစ်နေတဲ့ ဗမာပြည်ရဲ့ အခြေအနေ ကြည့်မယ်ဆိုလျှင် အခုဖွဲ့စည်းစည်းဝေးနေတဲ့ တိုင်းပြည်ပြုလွှတ်တော်ကြီးဟာ အချုပ်အခြာအာဏာ ပြည့်စုံတဲ့ လွှတ်တော်လို့ ယူဆတယ်။

သည်အတိုင်းလည်း ဆောင်ရွက်နေတယ်။ သည်လိုဆောင်ရွက်နေတဲ့ အခါမှာ သည်တိုင်းပြည်ပြုလွှတ်တော်ကနေပြီးတော့ ဗမာပြည်ရဲ့ လွတ်လပ်ရေးကို ဆုံးဖြတ်ပြီးတဲ့နောက် လွတ်လပ်တဲ့နိုင်ငံတည်ထောင်ဘို့ ရောက်တဲ့အခါကျတော့ တကယ့်လက်တွေ့ ရောက်တဲ့အခါကျတော့ အာဏာဟာ သည်တိုင်းပြည်ပြု လွှတ်တော်လက်ထဲမှာ မရှိသေးဘူး။ ဘာဖြစ်လို့ မရှိသေးသလဲဆိုလျှင် သည်တိုင်းပြည်ကို အုပ်ချုပ်နေတာ ဘိလပ်ပါလီမန်က အုပ်ချုပ်နေတော့ ဘိလပ် ပါလီမန်ကနေပြီး သည်တိုင်းပြည်ပေါ်မယ် အချုပ်အခြာအာဏာပိုင်တဲ့ သဘောမျိုး

အဖြစ်နှင့် စိုးမိုးအုပ်ချုပ်ခံရတော့ ဘိလပ်ပါလီမန်က အုပ်ချုပ်နေခြင်း ရပ်စဲပစ်ရမယ်။ ရပ်စဲပြီးတဲ့နောက်မှ ကျွန်တော်တို့တိုင်းပြည်ဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံတော် အဖြစ်ရောက်မယ်။ အခု ကျွန်တော်တို့ (The status of the constitutent assembly is that of a sovereign body)အဆင့်အတန်းအားဖြင့် သည်တိုင်းပြည်ပြုလွှတ်တော်ဟာ အချုပ်အခြာအာဏာနှင့်ပြည့်စုံတဲ့ လွှတ်တော်လို့ယူဆတယ်။ သို့သော်လည်း အာဏာပါဝါကျတော့ မရှိသေးဘူး၊ အခွင့်အရေးကတော့ မရှိသေးဘူး။ ဥပမာ – သည်တိုင်းပြည်ပြု လွှတ်တော်မှာ ပြောဆိုတဲ့စကားတွေဟာ လွတ်လွတ်လပ်လပ်ပြောဆိုနိုင်တယ်လို့ ကျွန်တော်တို့ယူဆတယ်။

ယူဆထားပင် ယူဆထားငြားသော်လည်း (Legal Sanction)ခေါ်တဲ့ ဥပဒေအခွင့်အရေးအာဏာရှိ သလားဆိုတော့ အဲသည်လိုတော့ မရှိဘူး။ အဲသည်အတိုင်းဘဲ ကျွန်တော်တို့ တင်သွင်းဆုံးဖြတ်တဲ့ ကိစ္စတွေလည်း ဆုံးဖြတ်တော့ ဆုံးဖြတ်နိုင်တယ်။ ဆုံးဖြတ်တဲ့နေရာမှာ ဘယ်သူမှလာပြီးတော့ မတားဆီးနိုင်ဘူး၊ မနှောက်ယှက်နိုင်ဘူး။ လွှတ်တော်ထဲမှာရှိတဲ့ အမတ်တွေကလွဲလျှင် ဘယ်သူမှ မတားဆီးနိုင်ဘူး၊ မနှောက်ယှက်နိုင်ဘူး။ ကျွန်တော်တို့ ကိုယ်တိုင်ဆုံးဖြတ်နိုင်တယ်။ သည်လွှတ်တော်မှာဆိုလျှင် ကျွန်တော်တို့ဥက္ကဋ္ဌကြီးဟာ ရှင်ဘုရင်ဘဲ။ သူအာဏာအရှိဆုံးဘဲ။ သူကနေပြီးတော့ အစည်းအဝေးလုပ်တဲ့နေရာတွေမယ် အဆုံးအဖြတ်သဘောမျိုးနှင့် ကြည့်ရှုဆုံးဖြတ်သွားရမယ်။

သူ့အဆုံးအဖြတ်ကို ကျွန်တော်တို့ နားထောင်ရမယ်။ အဲသည်တော့ကာ လွှတ်တော်မှာ အမတ် ဘာမဆို ဆုံးဖြတ်ချင်တာ ဆုံးဖြတ်နိုင်တယ်။ ဆုံးဖြတ်ပြီးတဲ့နောက် ဆုံးဖြတ်ချက်အတိုင်း သည်အတိုင်း ဖြစ်အောင်ဆိုတဲ့ ကိစ္စကတော့ သည်အခါကျလို့ရှိလျှင် ဘိလပ်ပါလီမန်က အဲသည်လိုလိုက်ပြီးတော့ ခင်ဗျားတို့တတွေ ကျုပ်တို့အာဏာလွှဲပါတယ်ဆိုတဲ့သဘောမျိုး ဘယ်လိုနည်းနှင့်ဖြစ်စေ၊ ဘယ်လိုဥပဒေနှင့်ဖြစ်ဖြစ် လုပ်ရလိမ့်မယ်။

အဲဒါကတော့ ရိုးရိုးနည်းအတိုင်းဖြစ်ပုံကို ကျွန်တော်ပြောပြတာပါ။ ဒါက တယောက်နှင့်တယောက်၊ တဦးနှင့်တဦး၊ တနိုင်ငံနှင့်တနိုင်ငံ အကျယ်ကျယ်စကား

မများကြဘဲနှင့် မိတ်ဆွေသဘောအားဖြင့် တဦးကိုတဦး အာဏာလွှဲပြောင်းပေးမည့် အခြေအနေမျိုး ဖြစ်ရမည့်သဘောမျိုးကို ပြောဆိုခြင်း ဖြစ်ပါတယ်။

အဲသည်တော့ အဲသည်လိုအာဏာလွှဲပြောင်းပေးတဲ့ကိစ္စမှာ စကားများပြီး အကျယ်ကျယ်တွေ ဖြစ်လာကြလျှင်၊ အာဏာလွှဲပြောင်းမှုအခက်အခဲတွေ ပေါ်လာလျှင်တော့ သည့်ပြင်တနည်းတလမ်း စဉ်းစားတန် စဉ်းစားရလိမ့်မယ်။

သည်လိုစဉ်းစားတဲ့အခါမှာ ဥပမာ–တိုင်းပြည်ပြုလွှတ်တော်ကနေပြီးတော့ ကျုပ်တို့ဟာ အချုပ်အခြာ အာဏာပိုင်တဲ့ အဖွဲ့အစည်းဖြစ်တဲ့အတွက် ကျုပ်တို့ဘဲ သည်အာဏာတွေကို ယူရမယ်ဆိုပြီး အတင်းယူတဲ့ နည်းလမ်းတွေရှိပါတယ်။ သို့သော်လည်း ယခု အဆိုတင်သွင်းနေတဲ့ ကိစ္စကတော့ သည်လို အတင်းယူဘို့ ကိစ္စကို ကျွန်တော်မတိုက်တွန်းသေးဘူး။ ဘာကြောင့် မတိုက်တွန်းသေးဘူးလဲဆိုလျှင် တိုင်းပြည်တပြည်လုံးမှာ ဖြစ်နေတဲ့အခြေအနေတွေကို ထောက်ပြီးတော့ အကြည်အသာအားဖြင့် မိတ်ဆွေသဘောနှင့် အာဏာလွှဲပြောင်းယူသွားနိုင်ဘို့ ကျွန်တော်တို့က အနည်းငယ်စောင့်ဆိုင်းပြီးတော့ သည်အတိုင်း အကြည်အသာ အာဏာပြောင်းမှုရအောင် လုပ်ရမယ်ဆိုတဲ့သဘောမျိုးနှင့် ကျွန်တော်သည် အဆိုကို တင်သွင်းခြင်းဖြစ်ပါတယ်။

အကယ်၍သာ သည်လိုကြည်ကြည်သာသာ မိတ်ဆွေသဘောမျိုးနှင့် အာဏာလွှဲပြောင်းမှုကို မလိုလားဘူးဆိုလျှင် အခုလို တိုင်းပြည်ပြုလွှတ်တော်ကြီးမှာပထမဆုံး အဆိုသွင်းကတည်းက ကျွန်တော်တို့ တမျိုးသွင်းလာခဲ့မှာဘဲ။ ဘယ်လိုသွင်းမလဲဆိုလျှင် သည်အဖွဲ့ကြီးက ယာယီအမျိုးသားအစိုးရ စသည်အားဖြင့် ဖွဲ့စည်းမယ်၊ ဒါတွေကို ကျွန်တော်တို့ ဖွဲ့စည်းမယ်၊ အတင်းလုပ်စရာလိုလျှင် အတင်းလုပ်မယ်။

ကျုပ်သည်လို အတင်းလုပ်တဲ့အခါကျတော့ တိုင်းပြည်ကို အုပ်ချုပ်နေတဲ့ အင်္ဂလိပ်အစိုးရနှင့်ဆိုလို့ရှိလျှင် အကျယ်အကျယ် မငြိမ်းဘွယ်ဆိုပြီး တယောက်နှင့် တယောက်သည် အတင်းအကြပ်လျှောက်ပြီး လုပ်နေရမည့် ကိစ္စမျိုးတွေဆိုတာ အမှန်အားဖြင့် ကျွန်တော်တို့ဘယ်လူမဆို လိုလားမည်လည်း မဟုတ်ပါဘူး။ လိုလည်း မလိုလားအပ်ဘူး။ နောက်တိုင်းပြည်ရဲ့အခြေအနေအားလုံး ကိုကြည့်ပြီး

အကြည်အသာအားဖြင့် အာဏာလွှဲ ပြောင်းလို့ရနိုင်မယ်ဆိုလို့ရှိလျှင် မကောင်း ဘူးလား။

အဲသည်လို အကြည်အသာဖြစ်အောင်ဆိုပြီး သည်အဆိုကို သွင်းတဲ့ အခါကျတော့ အာဏာလွှဲပြောင်းဘို့ ဖြစ်နိုင်မဖြစ်နိုင်၊ ကျွန်တော်တို့ ချိန်ဆဘို့ လိုပါတယ်။ အကြည်အသာအာဏာလွှဲပြောင်းလျှင် အခုဖြစ်နေတဲ့ ကမ္ဘာရဲ့ အခြေအနေ၊ အင်္ဂလိပ်အစိုးရရဲ့ အခြေအနေအားလုံးကို ခြုံကြည့်လျှင် အကြည် အသာ ဖြစ်မှာဘဲလို့ ယူဆတယ်။ အနေးနှင့်အမြန်ဘဲ။ သည်အနေးနှင့်အမြန်ဆိုတဲ့ ကိစ္စဟာလည်း ကျွန်တော်တို့ လုပ်တဲ့အပေါ်မှာဘဲ တည်တယ်။ တခြားမှာလည်း တည်တယ်။

ကျွန်တော်လုပ်တာက မြန်မြန်နှင့်ကောင်းကောင်းမှန်မှန်ရှိပြီးတော့ ကျွန်တော်တို့တစည်းတလုံးတည်း၊ တညီတညာတည်း အင်အားတောင့်တောင့် တင်းတင်းနှင့်ဆိုလို့ရှိလျှင် ယူနိုင်တယ်။ သို့သော်လည်း တထစ်ချ မပြောလိုဘူး။ အခု လုံးဝလွတ်လပ်ရေးဆိုပြီးတော့ သည်အဆိုထဲမှာ သည်မူကို ထည့်လိုက်တဲ့ အခါမှာ အင်မတန်အနှောက်အယှက်တွေကို တွေ့ရတယ်။ သည်အနှောက် အယှက်တွေ တွေ့လာတဲ့အခါကျတော့ သည်အနှောက်အယှက်တွေကို စဉ်းစားပြီး တော့မှ သည်အဆိုကို တင်သွင်းတဲ့အခါ အဆိုဟာ ရှေ့ကို ဘယ်လိုများဖြစ်မလဲ ဆိုတဲ့ အလားအလာကို မတွေးရဲအောင် ဖြစ်နေတဲ့အခြေအနေကို ရောက်နေ ပါတယ်။

## ဖွဲ့စည်းပုံအခြေခံ စိတ်ဓါတ်မွေးရမယ်

ဘာပြုလို့လဲဆိုလျှင် သည်တိုင်းပြည်ပြုလွှတ်တော်ကနေပြီး ဖွဲ့စည်းအုပ် ချုပ်ပုံအခြေခံဥပဒေတွေကို ဆုံးဖြတ်ပြီးတဲ့နောက် သည်အတိုင်း အတည်ဖြစ်ဘို့ မဖြစ်ဘို့ဆိုတာဟာ ဘယ်အပေါ်မှာတည်သလဲ ဆိုလို့ရှိရင် ကျွန်တော်တို့အားလုံး အပေါ်မှာ တည်ပြီးတော့ မိမိအဆင့်အတန်းရှိနေတဲ့ အချုပ်အခြာအာဏာပိုင် အဆင့်အတန်းကို စကားသဘောနှင့်မဟုတ်ဘဲ၊ ဥပဒေသဘောနှင့်တကယ့်

လက်တွေ့လက်ရောက်ဖြစ်အောင် လုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ရှိဘို့ လိုပါတယ်။ အဲသည်လို ရှိနေမှသာလျှင် ကျွန်တော်တို့ တိုင်းပြည်ပြုလွှတ်တော်အဖွဲ့ကြီး အဆုံးအဖြတ်ပေးတဲ့ ဆုံးဖြတ်ထားတဲ့အတိုင်း ဖြစ်မြောက်အောင်မြင်အောင် လုပ်ဘို့ ပြင်ဆင်ပြီးသား ဖြစ်လာပါလိမ့်မယ်။ သည်လိုလုပ်လို့ရှိလျှင် ယခုမြင်နေတဲ့ အတိုင်းဆိုရင် အာဏာလွှဲပြောင်းမှုနှင့်ပတ်သက်ပြီး အခက်အခဲတွေ အနည်းနှင့် အများ ပေါ်လာပါလိမ့်မယ်လို့ထင်တယ်။

ကျွန်တော် ဘယ်လိုရည်ရွယ်ချက်နှင့် ဘယ်သူ့အပေါ်မှာ ဘယ်လိုစိတ်ထားမှ မထားဘဲ ပွင့်းပွင့်လင်းလင်း ပြောဆိုချင်ပါတယ်။ အာဏာလွှဲပြောင်းတဲ့ ကိစ္စမှာဆိုလို့ရှိရင် တောင်တန်းဒေသဆိုင်ရာ ကိုယ်စားလှယ်တွေကို အသုံးချမှာဘဲ ဆိုတာကို ကျွန်တော်က ပွင့်ပွင့်လင်းလင်းပြောထားလိုပါတယ်။ ဘာပြု လိုလဲဆိုရင် ကျွန်တော်တို့ အခုနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲတဲ့ နေရာမှာ အခက်အခဲတွေ ဘယ်လိုလွတ်မြောက်အောင် ဖန်တီးဘို့ဆိုတာ သည်အရေး သည်ကိစ္စကလွဲလျှင် သည့်ပြင် ဘာမှမရှိဘူး။ မြန်မာပြည်မှာဆိုရင် သူတို့က ကရင်တွေကို မြှောက်ပေးမှာပါဘဲ။ တောင်တန်းကိုယ်စားလှယ်တွေကိုလည်း မြှောက်ပေးမယ်။


ဗိုလ်ချုပ်အောင်ဆန်းနှင့်စောစံဖိုးသင်

ကျွန်တော်တို့ကတော့ အားလုံးကို စဉ်းစားပြီးသားဘဲ၊ ဘယ်သူက ဘယ်သူ့ကို မြှောက်ပေးမြှောက်ပေး၊ ကျွန်တော်တို့ အဘို့မှာတော့ ကျွန်တော်တို့ သွားရမည့်လမ်းကို တော့ မှန်မှန်ကြီးသွားမယ်။ ရှုပ်လို့လည်း ပိုရမှာမဟုတ်ဘူး၊ ခြောက်လို့လည်း ပိုရမှာမဟုတ်ဘူး။ ဘယ်လိုလုပ်လုပ် သွားမယ်ဆိုတဲ့ လမ်းစဉ်အတိုင်း မှန်မှန်ကြီးသွားမယ်။ နောက်ဆုံးတနေ့မှာ

ကျွန်တော်တို့ရဲ့ စိတ်စေတနာအရင်းနှင့် လုပ်ကိုင်သွားတာကို ရုပ်ချင်ကြတဲ့ လူတွေရှိရင် သဘောအတိုင်း ရှုပ်နိုင်ကြတယ်။

ကျွန်တော်တို့ကတော့ ကျွန်တော်တို့သဘောအရ ပြဌာန်းထားတဲ့အတိုင်းသွားမှာဘဲ။ အဲသည်လို သွားတဲ့အခါမှာလည်း ဘယ်လိုအခက်အခဲတွေနှင့်တွေ့နေ အခက်အခဲတွေကို ကျော်နင်းပြီးသွားမယ်။ ခြောက်လျှင်လည်း ကျွန်တော်တို့မကြောက်ဘူး။ မြှောက်ချင်လည်း မမြှောက်ဘူး။ ချော့လျှင်လည်း မပျော့ဘူး။ လမ်းမှန်အတိုင်း မှန်မှန်သွားမယ်။ ကျွန်တော်တို့ လိုလားတဲ့ပန်းတိုင်ထိအောင် ကျွန်တော်တို့သွားမယ်။ (သြဘာသံများ)

ကျွန်တော်တို့ အဲသည်လိုသွားတဲ့အခါမှာ ကျွန်တော်တို့အတွက်ကတော့ စဉ်းစားပြီးသား၊ ဆုံးဖြတ် ပြီးသားရှိလို့ ရှေ့ကိုဘယ်လို အခက်အခဲတွေတွေ့ဦးမယ်၊ ဘယ်လိုဖြစ်မည်ဆိုတာ အားလုံး ကျွန်တော်တို့ စဉ်းစားပြီးသားဖြစ်တယ်။ သို့သော်လည်း ကျွန်တော်တို့တောင်တန်းဒေသဘက်က မိတ်ဆွေတွေ ရှမ်းအစရှိသည့်ပြင် အားလုံးကိုပြောချင်တာက မိတ်ဆွေသဘောသာမက ကျွန်တော်တို့နှင့် သွေးချင်းသားချင်း ဆိုလျှင်လည်း မှန်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ရှေးကတည်းက ရာဇဝင်အရ မောင်ဂိုလီယံအဆက် အနွယ်က ဆင်းလာတဲ့ လူမျိုးများဖြစ်ပါတယ်။ အဲသည်သွေး သားချင်းတူနေတဲ့လူတွေနှင့် သွေးချင်းသားချင်း မတူတဲ့လူတွေမှာ ဘယ်သူကနေပြီးတော့ ဘယ်သူ့အပေါ်မှာ စေတနာပိုမည်ဆိုတာကို သေသေချာချာ စဉ်းစားဘို့လိုတယ်။ နောက်ပြီးတချက်က ကျွန်တော်တို့ကနေပြီးတော့ အခုနေ ဆောင်ရွက်နေတဲ့ ကိစ္စတွေဟာ ခင်ဗျားတို့တောင်တန်းနယ်က လူတွေအတွက် ကောင်းကျိုးအတွက်လား၊ ဆိုးကျိုးအတွက်လားဆိုတာကို စဉ်းစားဘို့လိုပါတယ်။

လွန်ခဲ့တဲ့ လေးငါးလတုန်းက ဘာမျှအခြေအနေတွေ မရေရာတဲ့ တောင်တန်းဒေသဆိုတဲ့နယ်တွေကို အခြေအနေရေရေရာရာဖြစ်အောင် ကျွန်တော်တို့ ဝင်ရောက်ကူညီဆောင်ရွက်ပေးခဲ့တယ်။ သည်လိုလုပ်လာ ခဲ့တာတွေဟာ ကျွန်တော်တို့ စေတနာနှင့်လုပ်တာဘဲ။ စေတနာနှင့်လုပ်တာလား၊ ဝေဒနာနှင့် လုပ်တာလား စဉ်းစားဘို့လိုတယ်။ အမှောင်ထဲကနေပြီး အလင်းရောင်ထဲ

ရောက်အောင် ဆောင်ရွက်လာတဲ့ဟာကို အလင်းရောင်က အမှောင်ထဲပြန်ရောက်အောင် ပြန်သွားချင်တယ်ဆိုလို့ရှိရင် ကျွန်တော်တို့မှာ တားပိုင်ခွင့် မရှိဘူး။ ကျွန်တော်တို့မြင်တဲ့အတိုင်းပြောရလျှင် ကျွန်တော်တို့က ဆွေးကြီးမျိုးကြီး၊ သွေးချင်းသားချင်းဝတ္တရားရှိသလို ဆောင်ရွက်တန်သလောက် ဆောင်ရွက်ခဲ့တယ်။

အလင်းရောင်က အမှောင်ထဲပြန်သွားချင်တယ်ဆိုလျှင် ကျွန်တော်တို့ မတတ်နိုင်တော့ဘူး။ အဲသည်တော့ ကျွန်တော်တို့အဘို့မှာတော့ ဘယ်အထိ စေတနာရှိတယ်ဆိုတာ ကျွန်တော်တို့၏ အခြေခံဥပဒေရေးဆွဲထားတဲ့ နောက်မှာလည်း စိတ်ကူးထားတာတွေ အမြောက်အများရှိပါသေးတယ်။

အဲသည်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုတာဟာလည်း အမှန်စင်စစ် အားဖြင့် လူတွေရဲ့စေတနာ၊ လူတွေရဲ့ ရည်ရွယ်ချက်၊ လူတွေရဲ့လိုလားချက် အားလုံးကို ဘယ်နည်းနှင့်မျှ ကုန်စင်အောင် မထည့်နိုင်ဘူး။ ဘယ်ဥပဒေမှာမှ ပြည့်ပြည့်စုံစုံရှိတဲ့ ဥပဒေမျိုးမရှိနိုင်ဘူး။ (No constitution in the world is perfect) ကမ္ဘာ တဝှမ်းလုံးမှာရှိတဲ့ ဘယ်ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေထဲမှာမှ ပြည့်ပြည့်စုံစုံရှိတဲ့ ဥပဒေရယ်လို့မရှိဘူး။ အမှားအယွင်း မရှိတဲ့ဥပဒေရယ်လို့ လုံးဝမရှိသေးဘူး။ အဲသည်တော့ကာ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေထဲမှာ လိုသမျှအချက်တွေကို အကုန်လုံးကျွန်တော်တို့ မထည့်နိုင်ဘူး။ တချို့ဟာတွေကို ထည့်နိုင်ပေမယ့်၊ တချို့ဟာတွေကို မထည့်နိုင်ဘဲ ရှိတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို လုပ်တဲ့နေရာမှာလည်း( The letter of the constitution and the spirit of the constitution) (၂)မျိုးရှိတယ်။ ဥပဒေမှာ စာလုံးတွေကိုလိုက်ပြီးတော့ ကပ်သီးကပ်သပ် ဝိနည်းလွတ်တဲ့ ဝိနည်းလွတ်ရုံလောက် အဓိပ္ပါယ်ကောက်တဲ့ နည်းကတမျိုး၊ အဲသည်ဥပဒေကို လုပ်လိုက်တဲ့ အခါတုန်းက (Spirit of constitution) ကျွန်တော်တို့မှာ ရှိတဲ့စေတနာစိတ်ထား အတိုင်း လုပ်လာတဲ့ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဖတ်လိုက်တဲ့အခါမှာ သည်ဟာ လူမျိုးအချင်းချင်း ခိုင်ခိုင်လုံလုံ ညီညီညွတ်ညွတ်နှင့်ပေါင်းသင်း သွားပြီးတော့ကာ အလုပ်လုပ်ဘို့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါလား–လို့ အဲသည်(Spirit)စိတ်ထားမျိုးပေါ်လာအောင် ရေးဆွဲတဲ့ဥပဒေမျိုးဆိုလို့ရှိလျှင်

သည့်ဥပဒေမျိုးအရ၊ အဲသည့်ဥပဒေ စိတ်ဓါတ်အရ(Spirit of constitution)၊ ကျွန်တော်တို့ သည့်စိတ်ဓါတ်အတိုင်း နောက်အလုပ်လုပ်သွားတဲ့အခါကျတော့ (Extra constitutional understanding and convention)သည့် ဥပဒေအပေါ်မှာ တယောက်နှင့်တယောက်နားလည်ပြီး ယုံယုံကြည်ကြည်လုပ်တဲ့လုပ်ငန်းတွေ၊ နောက်ပြီးထုံးတမ်းစဉ်လာ အမြောက်အများတွေ လုပ်ရမည်။ သည့်အခါကျ လို့ရှိလျှင်လည်း ကျွန်တော်တို့ စေတနာကို တွေ့ရပါလိမ့်မယ်။ သို့သော်လည်း အခုအထိ ကျွန်တော်တို့ပြလာတဲ့ စေတနာတွေကိုသာ သိစေချင်တယ်။ သည်တော့က ကျွန်တော်တို့ကတော့ သွေးချင်းသားချင်းအဖြစ်နှင့် သည်လို စေတနာပြခဲ့တယ်။

သည့်လိုပြခဲ့တဲ့နေရာမှာလည်း ကျွန်တော်တို့အမှောင်က အလင်းရောင် ရောက်၊ သည့်ထက်ရောက်အောင် စေတနာသန့် သန့်နှင့်လုပ်ခဲ့တာပါဘဲ။ အလင်းရောင်ကနေပြီး အမှောင်သွားစေလိုတဲ့ စေတနာမရှိ ပါဘူး။ သို့သော်လည်း အလင်းရောင်ကနေပြီးတော့ အမှောင်ကိုသွားချင်လို့ ရည်ရွယ်နေတဲ့ လူတွေလည်း ရှိပါတယ်။

တနေ့က စာတစောင်ဖတ်လိုက်ရပါတယ်။ နယ်တနယ်က အင်္ဂလိပ် လက်အောက်ကနေပြီး လွတ်လပ်တဲ့ ဗမာနိုင်ငံတော်ထဲမှာ မနေချင်ဘူးဆိုတဲ့ အဲသည်လို အစီရင်ခံစာမျိုး ကျွန်တော်တို့တွေ့ရတယ်။ တွေ့ရ တော့ကာ သည်လို အင်္ဂလိပ်လက်အောက် နေချင်ကြတယ်ဆိုလျှင်လည်း သဘောဘဲ။ အလင်းရောင် ကနေပြီး အမှောင်ထဲသွားချင်ကြတဲ့ လူတွေရှိလျှင်လည်း သဘောဘဲ။ ကျွန်တော်တို့ကတော့ မတားဆီးပါဘူး။ ကျွန်တော်တို့ကတော့ အင်္ဂလိပ် လက်အောက်မှာလည်း မနေချင်ဘူး။ ဘယ်လူမျိုး ဘယ်နိုင်ငံခြားလူမျိုး လက်အောက်မှာမှ မနေချင်ဘူး။ ကျွန်တော်တို့ လွတ်လွတ်လပ်လပ်နေချင်တယ်။ (ဩဘာသံများ)

ကျွန်တော်တို့ အတိအလင်းကြေညာလိုပါသည်။ အဲသည်တော့ အဲသည်လိုလွတ်လပ်တဲ့ နိုင်ငံအဖြစ်နှင့် ကျွန်တော်တို့နေနိုင်အောင်ဆိုပြီးတော့ သည်အဆိုကို တင်သွင်းတဲ့အခါမှာ အလင်းရောင်ထဲမှာ နေချင်ကြတဲ့ လူတွေဟာ

ကျွန်တော်တို့အဆိုကို ထောက်ခံပါ။ အလင်းရောင်ကနေပြီး အမှောင်ထဲကို သွားချင်တဲ့လူတွေတော့ သဘောအတိုင်း ပါဘဲဆိုတာ သည်အဆိုကို တင်သွင်းရင်း ကျွန်တော်ပြောခဲ့ပါတယ်။

**ဗိုလ်ချုပ်အောင်ဆန်း**

(စတုတ္ထပိုင်း)

အခန်း (၁၆)

# ဖွဲ့စည်းပုံအတည်ဖြစ်အောင် လုပ်ခွင့်မရသွားသော ဗိုလ်ချုပ်အောင်ဆန်း

☆ မြန်မာပြည်သူများ၊

☆ လူမျိုးစုပြည်သူများ၊

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းသည် (ပထမ) အကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို တင်သွင်းနိုင်ခဲ့သော်လည်း ယင်းဖွဲ့စည်းပုံကို အတည်ပြု ရန်နှင့်လွှတ်လပ်ရေးကို ရယူရန်အတွက် အသက်ရှင်သန်ခွင့်ကား မရရှာချေ။ ဤတွင် ဗိုလ်ချုပ်အောင်ဆန်းကွယ်လွန်သွားသည့်နောက်ပိုင်း ဖွဲ့စည်းပုံကို အပြီးသတ်ရေးဆွဲသူ ပညာရှင်များနှင့်နိုင်ငံရေး အမွေကို ဆက်ခံသူများအပေါ်တွင် ပြည်နယ်ခေါင်းဆောင်များနှင့် လူမျိုးစုခေါင်းဆောင်များသည် သံသယဖြစ်ကာ မယုံမကြည်စိတ်များ ဖြစ်ပေါ်လာရပေသည်။ လွှတ်တော်တွင် ဗိုလ်ချုပ်အောင်ဆန်း တင်သွင်းစဉ်က နိုင်ငံတော်၏ပုံစံသည် ပြည်ထောင်စု(ဖက်ဒရယ်)ပုံစံဖြစ်သည်။ ယခု ပေါ်ထွက်လာသော နိုင်ငံတော်ပုံစံမှာ တပြည်ထောင်ပုံစံဖြစ်လေသည်။

ထိုစဉ်က နိုင်ငံတော်၏ အခြေအနေမှာ ဆိုးရွားလှပေသည်။ ပြည်ပရန် ဖြစ်သော တရုတ်ဖြူက ကျူးကျော်လာသည်။ လွှတ်လပ်ရေးနှင့်အတူ ပြည်တွင်း၌ ကွန်မြူနစ်(အနီ–အဖြူ)၊ ပြည်သူ့ရဲဘော်နှင့် (K.N.U)တို့က ဆန့်ကျင်တိုက်ခိုက် ကြသည်။ လွှတ်လပ်ရေးဆယ်နှစ်သက်တမ်းပြည့်ရန် နီးကပ်လာသောအခါ (K.N.U)၏ နောက်၌ လူမျိုးစုအားလုံးပုန်ကန် ဆန့်ကျင်သည့်ဘဝသို့ ရောက်လာ လေသည်။ ထိုအချိန်တွင် စစ်တပ်အာဏာသိမ်းရန် အစီအစဉ်ပြုလုပ်နေရာ ဝန်ကြီးချုပ်ဦးနုသည် လွှတ်တော်မှတဆင့် ဗိုလ်ချုပ်နေဝင်းအား အာဏာလွှဲပြောင်း

ပေးရတော့သည်။ ထိုအချိန်တွင် လူမျိုးစုခေါင်းဆောင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ "ဆယ်နှစ်ပြည့်က ခွဲထွက်လိုက ခွဲထွက်နိုင်သည်"ကို အကြောင်းပြု၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲရေးကို စတင်စည်းရုံးလှုပ်ရှားလာကြရပေသည်။

## ၁၉၄၇–ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲရေး

ဝန်ကြီးချုပ်ဦးနုသည် လွတ်လပ်ရေးရရှိပြီး ဆယ်နှစ်ကျော်ကာလအတွင်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲရန်ကို အကြောင်းအမျိုးမျိုးပြ အချိန်ဆွဲလာခဲ့သော်လည်း (ဖဆပလ)အဖွဲ့ချုပ်နှစ်ခြမ်းကွဲသွားသည့် နောက်ပိုင်းတွင် ဝန်ကြီးချုပ်ဦးနုသည် ယိမ်းယိုင်နေသော တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်ရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲရန် တွေ့ရှိလာသည်။



ဗိုလ်ချုပ်နေဝင်း အိမ်စောင့်အစိုးရသည် (၁၉၆၀)ခုနှစ်၊ ဖေဖော်ဝါရီလ (၆)ရက်နေ့ ပါတီစုံအထွေထွေရွေးချယ်တင်မြှောက်ပွဲကို ကျင်းပပြုလုပ်ပေးသည်။

ယင်းရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဦးနုဦးဆောင်သော သန့်ရှင်း(ဖဆပလ) အဖွဲ့ချုပ်က အပြတ်အသားအနိုင်ရရှိသွားသည်။ (၁၉၆၀)ခုနှစ်၊ မတ်လ(၁၇) ရက်နေ့ ကျင်းပပြုလုပ်သော သန့်ရှင်း(ဖဆပလ)အဖွဲ့ချုပ် ညီလာခံတွင် သန့်ရှင်း (ဖဆပလ)အဖွဲ့ချုပ်အစား ပြည်ထောင်စုပါတီ(ပထစ)ဟု ပြောင်းလဲပြီး အစိုးရကို လည်း ပြည်ထောင်စုအစိုးရ(ပထစ)အစိုးရဟု ပြောင်းလဲလိုက်သည်။

## ဝန်ကြီးချုပ်ဦးနုဦးဆောင်သော ပြည်ထောင်စုအစိုးရ၏ သဘောထား

ဦးနုသည် ရွေးကောက်ပွဲမတိုင်မီ '(၁၉၆၀)ခုနှစ်၊ ရွေးကောက်ပွဲပြီးလို့ သူသာအာဏာပြန်ရရင် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက် ပြည်နယ် အသီးသီးက ခေါင်းဆောင်တွေနဲ့တိုင်ပင်ဆွေးနွေးပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကို လိုအပ်သလို ပြင်ဆင်ပေးမယ်'လို့ ဦးနုဟာ သန္နိဋ္ဌာန်ချထားသည်။ အဲဒီ သန္နိဋ္ဌာန်အရ ဝန်ကြီးအစည်းအဝေးတခုမှာ ဝန်ကြီးချုပ်ဦးနုက ဆွေးနွေးတင်ပြ ရာမှာ–

(၁) ယခုအခါမှာဆိုလျှင် လွှတ်တော်တခုလုံး၏ အမတ်ဦးရေသုံးပုံနှစ်ပုံ ကျော်ကျော်သည် အစိုးရ၏ လက်ထဲတွင် ရှိနေကြောင်း၊ ထိုကဲ့သို့ ရှိနေတဲ့အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်လိုပါက ယခုအချိန်သည် အကောင်းဆုံးအချိန်ပင် ဖြစ်သည်။

(၂) ဤသို့ အကောင်းဆုံးအချိန်ဖြစ်နေသည့်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဘယ်လိုပြင်ဆင်ချင်သလဲဟု ပြည်နယ်အစိုးရအဖွဲ့ များကို မေးချင်သည်။

(၃) ထိုပြည်နယ်အစိုးရအဖွဲ့များက တင်ပြသည့်အဆိုများကို ရှေ့ဦးစွာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးချင်သည်။ ထိုသို့ဆွေး နွေးနိုင်အောင် နှီးနှောဖလှယ်ပွဲ(Seminar)တခု ခေါ်ပေးမည်။ ထိုနှီးနှောဖလှယ်ပွဲ တက်ရန် ပြည်ထောင်စုနှင့်ပြည်နယ် အစိုးရအသီးသီး၏ ကိုယ်စား

လှယ်များကိုလည်း ဖိတ်မည်။ အတိုက်အခံအဖွဲ့များ၏ ကိုယ်စားလှယ်များကိုလည်း ဖိတ်မည်။

(၄) ထိုနီးနှောဖလှယ်ပွဲတွင် မိသားစုများဆွေးနွေးကြသည့်နည်းအတိုင်း ဆွေးနွေးမည်။ အများသဘောတူလက်ခံနိုင်သည့် အဆိုများကို ချက်ချင်းအကောင်အထည်ဖေါ်ပေးမည်။ အဖြေရှာ၍ မရသေးသည့်အဆိုများကို ဆက်လက်ဆွေးနွေးကြမည်။

ဤအတိုင်းလုပ်ပေးလျှင် ပြည်ထောင်စုမြန်မာနိုင်ငံသည် ယခုထက်ပိုပြီး စည်းလုံးလာလိမ့်မည်ဟု သူယုံကြည်နေသည်။ သူနိုင်ငံရေးက မထွက်သွားခင် အမျိုးသားစည်းလုံးညီညွတ်ရေးလုပ်ငန်းကို အစွမ်းကုန် ဆောင်ရွက်သွားချင်သည်ဟု ဦးနုက တင်ပြသည်။

ဝန်ကြီးချုပ်ဦးနုက ထိုကဲ့သို့ ပြောသည့်အခါ ဤအချက်(၄)ချက်စလုံးကို ဝန်ကြီးများသဘောတူကြသည်။ ထို့ကြောင့် ပြည်နယ်အစိုးရဆီသို့ ဤအချက်(၄)ချက်ကိုပို့ပြီး သူတို့ဆီမှာ အဆိုများတောင်းဆိုရန်နှင့် နီးနှောဖလှယ်ပွဲအတွက် လိုအပ်သည့် အစီအစဉ်များကိုလုပ်ရန် ဝန်ကြီးချုပ်ဦးနုက တရားရေးဌာနဝန်ကြီးကို တာဝန်လွှဲပေးလိုက်သည်။

## ဥပဒေပြင်ဆင်ရေးကော်မတီကို နိုင်ငံတော်သမ္မတက ဖွဲ့စည်းခဲ့သည်။ အဖွဲ့ဝင်များမှာ –

| | |
|---|---|
| ၁။ သတိုးသီရိသုဓမ္မ ဒေါက်တာဦးမောင် (တရားရေးဝန်ကြီး) | (ဥက္ကဋ္ဌ)၊ |
| ၂။ ဦးရန်အောင် (နိုင်ငံတော်ရှေ့နေချုပ်) | (အဖွဲ့ဝင်)၊ |
| ၃။ သခင်သိန်းမောင် (ပထစ) | ( ။ )၊ |
| ၄။ ဦးဘဆွေ (ပြည်) (ပထစ) | ( ။ )၊ |
| ၅။ ဦးခင်မောင်လတ် (ဖဆပလ) | ( ။ )၊ |

၆။ ဦးထွန်းဝင်း (ဖဆပလ) ( ။ )၊

၇။ ဦးဘငြိမ်း (ပမညတ) ( ။ )၊

၈။ ဦးတီပီဝမ်း (ပမညတ) ( ။ )၊

၉။ ဦးကျော်မင်း (ရတည) ( ။ )၊

၁၀။ ဦးစံထွန်းခိုင် (ရတည) ( ။ )၊

၁၁။ ဝန်ကြီး ဇာရဲလျန် (ချင်းရေးရာဌာနဝန်ကြီး) (ပထစ) ( ။ )၊

၁၂။ ဦးရာလ်မှုန်း (ချင်းဝိသေသတိုင်း) (ဖဆပလ) ( ။ )၊

၁၃။ မဟာသရေစည်သူ ကပ္ပတိန်မန်းတုံးနုံး (ချင်းအမျိုးသားအဖွဲ့) ( ။ )၊

၁၄။ ကရင်ပြည်နယ်ဝန်ကြီး ဒေါက်တာစောလှထွန်း (ဖဆပလ) ( ။ )၊

၁၅။ ပါလီမန်အတွင်းဝန် ဦးအေးစိုးမြင့် (ကရင်ပြည်နယ်) (ဖဆပလ) ( ။ )၊

၁၆။ မဟာသရေစည်သူ စဝ်ငယ်ဒူး (ကယားပြည်နယ်) (ဖဆပလ) ( ။ )၊

၁၇။ စဝ်လဝီ (ကယားပြည်နယ်) (ပထစ) ( ။ )၊

၁၈။ ဦးစိန်တိုး (ကချင်ပြည်နယ်) (ပထစ) ( ။ )၊

၁၉။ ဒူဝါဇော်ရစ် (ကချင်ပြည်နယ်) (ပယကဖ) ( ။ )၊

၂၀။ ဒူဝါဇော်လွန်း (ကချင်ပြည်နယ်၊ ကချင်အမျိုးသားကွန်ဂရက်) ( ။ )၊

၂၁။ ဦးဇန်ထာဆင် (ကချင်ပြည်နယ်၊ ကချင်အမျိုးသားကွန်ဂရက်) ( ။ )၊

၂၂။ ဦးလှဖေ (ပအိုဝ်အမျိုးသားအဖွဲ့ချုပ်) (ပအမဖ) ( ။ )၊

၂၃။ ညောင်ရွှေစော်ဘွားကြီး (တစ်သီးပုဂ္ဂလ) ( ။ )၊

၂၄။ ပါလီမန်အမတ် စဝ်ကျော်ခေါင် (ရတစညဖ) ( ။ )၊

၂၅။ ဦးစိုးမောင် (အင်းအမျိုးသားအဖွဲ့) ( ။ )၊

၂၆။ စဝ်ထွန်းအေး (သာမိုင်းခမ်းစော်ဘွား) (ရတစညဖ)     (  ။  )၊

၂၇။ ဦးခွန်စံမြတ် (ပါလီမန်အတွင်းဝန်) (ရတစညဖ)     (  ။  )၊

၂၈။ မွန်ဦးဘိုးချို (ပါလီမန်အမတ်၊ မွန်အမျိုးသားအဖွဲ့ချုပ်)  (  ။  )၊

၂၉။ အတွင်းဝန်ကလေး (တရားရေးဝန်ကြီးဌာန)     (အတွင်းရေးမှူး)။


*(ဟံသာဝတီသတင်းစာ၊ ၁၁ နိုဝင်ဘာ ၁၉၆၀။)*

## ပြည်နယ်ခေါင်းဆောင်များ ၁၉၄၇–ခု၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ခြင်း

ဤသို့ဖြင့် ရှမ်း၊ ကချင်၊ ကရင်နီ၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်စသည့် တိုင်းရင်းသားခေါင်းဆောင်များသည် တောင်ကြီးတွင် (၁၉၆၁)ခု၊ ဇွန်လ(၈) ရက်နေ့မှ (၁၆)ရက်နေ့အထိ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲရေး ညီလာခံကို ကျင်းပပြုလုပ်ခဲ့သည်။ ယင်းညီလာခံတွင် ရှမ်းပြည်မှ ကိုယ်စားလှယ် (၁၃၀)ဦး၊ ကယားပြည်ကိုယ်စားလှယ်(၂၀)ဦး၊ ကရင်ပြည်ကိုယ်စားလှယ်(၂၇)ဦး၊ ကချင်ပြည်ကိုယ်စားလှယ်(၂၆)ဦး၊ ချင်းဝိသေသတိုင်းကိုယ်စားလှယ် (၅)ဦး၊ မွန်အမျိုးသားခေါင်းဆောင်(၁၃)ဦး၊ ရခိုင်အမျိုးသားခေါင်းဆောင်(၅)ဦး၊ စုစုပေါင်း ကိုယ်စားလှယ်(၂၂၆)ဦးအပြင် လေ့လာသူ(၁၀၄)ဦး စုစုပေါင်း(၃၃၀)ဦး တက်ရောက်ကြလေသည်။

တိုင်းရင်းသားများ ကျင်းပပြုလုပ်သော တောင်ကြီးညီလာခံသည် ပြည်ထောင်စုအစိုးရမှ တာဝန်လွှဲအပ်ထားသော ပြည်ထောင်စုတရားရေး ဌာနနှင့်ညှိနှိုင်းပြီး (၁၉၄၇)ခု၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်အဖြစ် ပြန်လည်တည်ဆောက်ရန် အခဏ်းများ အလိုက်၊ ပုဒ်မများအလိုက် ပြန်လည်စီစစ်သော်လည်း ပြည်ထောင်စုစစ်စစ်မူဖြင့် ပြင်ဆင်ရေးဆွဲရန် မဖြစ်နိုင်ကြောင်းကို အောက်ပါအတိုင်း တွေ့ရှိရသည်။

## အခြေခံဥပဒေနိဒါန်းပြင်ဆင်ရန်



**"ပြည်နယ်ပေါင်းစုံညီလာခံကြီး"မှတ်တမ်းစာအုပ်ပါ–ပြည်နယ်များညီညွတ် ရေးအဖွဲ့၏ အမှုဆောင်အဖွဲ့မှ ထိုစဉ်က တိုင်းရင်းသားခေါင်းဆောင်များ**

နယ်စပ်ဒေသဆိုသည်မှာ အောက်ကျနောက်ကျသလိုဖြစ်နေသည်။ လွတ်လပ်ရေးပူးပေါင်းယူရာတွင် ရှမ်းသည် ရှမ်းအနေဖြင့်၊ ကချင်သည် ကချင်အနေဖြင့်၊ ချင်းသည် ချင်းအနေဖြင့် ထောက်ခံသည်ဖြစ်၍ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံမဖြစ်ပေါ်အောင် မြန်မာပြည်နှင့်ရှမ်းပြည်တို့အား သွေးခွဲသည့် အင်္ဂလိပ်၏ စီမံကိန်းများ ပျက်ပြားရသည်။ ယင်းအစား အောက်ပါနိဒါန်းကို ထည့်သွင်းရမည်မှာ –

ထို့ကြောင့် နယ်စပ်ဒေသများဆိုသည်အစား ရှမ်းပြည်၊ ကချင်ပြည်၊ ကရင်ပြည်၊ ကယားပြည်နှင့် ချင်းပြည်တို့ အပါအဝင်ဟူသော စကားရပ်ကို ထည့်သွင်းအပ်သည်။

ပြည်ထောင်စုစစ်စစ်ဆိုသည်မှာ လွတ်လပ်သော ပြည်သူများတို့သည် အခြေအနေအရ ပြည်ထောင်စု ဖွဲ့စည်းပြီး ပြည်များက ကိုယ်ပိုင်အုပ်ချုပ်ရေးတို့ကို ၎င်းတို့၏ပြည်များအတွင်းအုပ်ချုပ်၍ ပြည်အများနှင့်သက်ဆိုင်သည့် အရေးကြီးသည့်ကိစ္စများကို ဗဟိုအစိုးရအား အုပ်ချုပ်စေခြင်းဖြစ်သည်။ ထို့ကြောင့်

ကြွင်းကျန်သောအာဏာများကို အဖွဲ့ဝင်ပြည်များကသာ သုံးနိုင်ခွင့်ရှိကြောင်း၊ နိုင်ငံရေးပညာ(Political Science)အရ ပြောရသော် ကနေဒါပြည်ကြီးကို ပြည်ထောင်စုစစ်စစ်မှုအရ တည်ထောင်သည်ဟု မဆိုနိုင်။

(၁၉၄၇)ခု၊ မေလအတွင်း ကျင်းပသော (ဖဆပလ)ညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းက ဗဟိုကြိုးကိုင် ပင်မပြည်ထောင်စု (Unitary State)ဖွဲ့စည်းရန်မသင့်လျော်ဟု အတိအလင်းပြောဆိုခဲ့သည်။ သို့ရာတွင် ဗိုလ်ချုပ်ကျဆုံးပြီးသည့်နောက် ၎င်း၏အကြံပေးချက်ကို မေ့လျော့ပစ်ကြသည်။

ရခိုင်နှင့်မွန်လူမျိုးတို့သည် ပြည်နယ်များကို တောင်းဆိုရာ၌ လက်ရှိအခြေခံဥပဒေကို ကြိုက်၍မဟုတ်ပါ။ ပြည်ထောင်စုစစ်စစ်မှုကို တောင်းဆိုရန်အလားအလာရှိသည်။ ဗဟိုကော်မတီက သက်သေများကို ကြားနာ စစ်ဆေးသည့်အခါ ရခိုင်နှင့်မွန်များတို့သည် ဝင်ရောက်ဆွေးနွေးပြီး ရှမ်းပြည်အရေးဆိုချက်များကို လုံးဝ ထောက်ခံလိမ့်မည်ဟု ယူဆပါသည်။

ထို့ကြောင့် ရာဇဝင်နှင့်ပြည်ထောင်စုစစ်စစ်ဟူသော သဘောတရားများကို ပိုမိုလေးနက်စေရန်အတွက် ဤအခြေခံနိဒါန်း လိုအပ်သလို ပြင်ဆင်သင့်သည်။

ဦးချန်ထွန်းသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တိုင်းပြုပြည်ပြုလွှတ်တော်တွင် ရှင်းလင်းတင်ပြခဲ့စဉ်က “ကျွန်တော်တို့ အခြေခံဥပဒေဟာ သဘောတရားအားဖြင့် ပြည်ထောင်စုစနစ်ဖြစ်ပေမယ့် လက်တွေ့တွင် တပြည်ထောင်စံနစ်ဖြစ်ပါတယ်”ဟု ထုတ်ဖေါ်ပြောဆိုကြောင်း၊ အခြေခံဥပဒေဗိသုကာကြီးဦးချန်ထွန်းကပင် သဘောတရားအားဖြင့် ပြည်ထောင်စုစံနစ်လုပ်ပေးရသည့်အကြောင်းနှင့်ပတ်သက်၍ (ကြပ်တည်းသော ချုပ်ခြယ်ခြင်းဖြင့်) ခွဲထွက်နိုင်သောအခွင့်အရေးလိုက်လျောချက်နှင့်အတူ ပြည်နယ်ဖွဲ့စည်း ရေးအခန်းများ ထည့်သွင်းရခြင်းမှာ အမှန်တကယ် နိုင်ငံရေးနှင့်အုပ်ချုပ်ရေးအရ လိုအပ်၍မဟုတ်ဘဲ၊ နယ်စပ်ဒေသခေါင်းဆောင်များ၏ ယုံမှားသံသယများ ပြေပျောက်စေရန်ဖြစ်သည်။ တောင်ပေါ်သားများ ရုတ်တရက်မစွန့် လွှတ်နိုင်သော နှစ်ရှည်လများ ဗမာများအပေါ်ထားရှိလာသော မယုံသင်္ကာစိတ်များကို ကုစားသောနည်း တနည်းပင်ဖြစ်သည်။

နယ်စပ်ဒေသခေါင်းဆောင်များ ပြည်ထောင်စုစစ်စစ်အလိုရှိသည်မှာ အမှန်စင်စစ် ဦးချန်ထွန်းယူဆသကဲ့သို့ ဗမာများအပေါ်သံသယရှိ၍ မယုံသင်္ကာ၍ မဟုတ်ပေ။ ကမ္ဘာ့ခေါင်းဆောင်များချထားသည့် လူမျိုးတိုင်း ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်(Right of the Nation to self-deterninatin)မူအရ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးလို ကြသောကြောင့် ဖြစ်သည်။

ပြည်ထောင်စုစံနစ်ဆိုသည်မှာ ကမ္ဘာပေါ်ရှိ မည်သည့်ပြည်ထောင်စုနိုင်ငံ ကိုပင် ကြည့်ကြည့် ပြည်ထောင်စု(ခေါ်)ပြည်နယ်များ သဘောတူစုပေါင်းဖွဲ့စည်း သော စံနစ်ဖြစ်သည်။ ယခု ဗမာပြည်မအား ဗဟိုပြည်ထောင်စုအစိုးရနှင့် တပေါင်း တစည်းတည်း ပူးပေါင်းဖွဲ့စည်းထားလိုက်ပေသည်။

ဤဖွဲ့စည်းပုံစနစ်ကသာ ဒေသခံလူမျိုးများက ဗမာများအပေါ် မယုံသင်္ကာ သောစိတ်ပို၍ ဖြစ်ပေါ်စေသည်။ တန်းတူညီမျှမှုကို ပျက်စီးစေသည်။

ဤဖွဲ့စည်းပုံစနစ်သည် တနေ့သောအခါ ပြည်ထောင်စုကြီး ပြိုကွဲစေ နိုင်သော အကြောင်းအရင်းလည်း ဖြစ်ပေသည်။

ထို့ကြောင့် အခြေခံဥပဒေကို ပြန်လည်ပြင်ဆင့်သည့်အခါ ခိုင်မြဲသော၊ တန်းတူညီမျှသော ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဗမာပြည်မအား ပြည်ထောင်စုအဖွဲ့ဝင် သီးခြားပြည်နယ်အဖြစ် ဖွဲ့စည်းရမည်ဖြစ်လေသည်။

သို့ဖြစ်၍ ပြည်နယ်ခေါင်းဆောင်များသည် တိုင်းပြည်ပြုလွှတ်တော်တွင် ဗိုလ်ချုပ်အောင်ဆန်းတင်သွင်းသော လမ်းညွှန်ချက်ကို ယခု တောင်ကြီးညီလာခံ တွင်လည်း လမ်းညွှန်ချက်အဖြစ် ဆက်လက်ခံယူကြလေသည်။

(၁) *ပင်လုံစိတ်ဓါတ်ရှင်သန်ဖေါ်ဆောင်ရေး (ခွန်မာကိုဘန်း)*

## အခြေခံဥပဒေပြင်ဆင်ရေး ကော်မတီဖွဲ့စည်းခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ထိုစဥ်က အစိုးရ၏ မူမှာ —

၁။ ဒီမိုကရေစီကို ထိခိုက်လာမည့်အချက်များ၊

၂။ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို ထိခိုက်မည့်ပြဋ္ဌာန်းချက်များ၊

၃။ ပြည်ထောင်စုကြီးစည်းလုံးရေး၊ ညီညွတ်ရေးကို ထိခိုက်မည့်အချက်များ၊

"ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဘို့အထဲမှာဖြင့် ဘောင်တခုကို ထပ်ပြီး ခတ်ရပါလိမ့်မယ်။ ဘောင်ခတ်ရတာဟာ လက်တွေ့လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ မကျော်လွှန်နိုင်တဲ့အခက်အခဲမျိုးတွေ့လျှင် ပြဋ္ဌာန်းချက်များရှိလျှင် အဲသည်ပြဋ္ဌာန်းချက်များကို ပြန်လည်သုံးသပ်ဘို့ ရှိပြီးသားမူကို မပျက်စေရအောင် သည်အချက်နှင့်ပြင်ဆင်ရပါလိမ့်မယ်။"


နိုင်ငံတော်အစိုးရက အခြေခံဥပဒေပြင်ဆင်ရေးကော်မတီဖွဲ့လိုက်သောအခါ အခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများ၊ စည်းရုံးလှုပ်ရှားမှုများ ပေါ်ပေါက်လာသည်။ အခြေခံဥပဒေပြင်ဆင် ရေးကော်မတီဖွဲ့စည်းပြီးနောက် ဦးတင်ဇ၊ ဦးထွန်းမြင့် (တောင်ကြီး)၊ ဦးထွန်းဖေ၊ ဦးထွန်းအုံ၊ ဦးထွန်းအေး (ပင်လုံ)၊ ဦးထွန်းအေး(နမ့်ခန်း)၊ ဦးဘလွင်နှင့်ဦးကိုကြီးတို့သည် တောင်ကြီးမြို့၊ ပင်လုံဒေါ်ဦးတိုက်၌ သုံးကြိမ်တွေ့ဆုံ၍ အခြေခံဥပဒေပြင်ဆင်ရေးကိစ္စကို ဆွေးနွေးကြသည်။ ထိုသို့ ဆွေးနွေးကြရာတွင် ဦးထွန်းမြင့်က (၁၉၄၇)ခုနှစ်၊ အခြေခံဥပဒေတွင် ရှမ်းပြည်နှင့်ပတ်သက်၍ နစ်နာနေသည့်အချက်များကို ပြင်ပေးရန် တင်ပြသင့်ကြောင်း အကြံပေးသည်။ သို့သော် ဦးတင်ဇကမူ (၁၉၄၇)ခုနှစ်၊ အခြေခံဥပဒေသည် ပျက်စီးယိုယွင်းနေသည့် အိမ်အိုကြီးနှင့်တူကြောင်း၊ ထိုသို့ယိုယွင်းနေသည့်အိမ်အိုကြီးကို တစ်ခုချင်းကွက်၍ ပြင်ရန်မလွယ်သကဲ့သို့ အခြေခံဥပဒေကိုလည်း ချွတ်ယွင်းချက်များကိုသာ ကွက်၍ပြင်ရန် လွယ်မည်မထင်ကြောင်း၊ လုပ်သင့်သည်မှာ အခြေခံဥပဒေတစ်ခုလုံးကို ပြန်လည်ရေးဆွဲသင့်ကြောင်း၊ အစိုးရက လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ မိမိတို့၏ဆန္ဒအမှန်ကို တင်ပြသင့်ကြောင်း ဆွေးနွေးသည်။ ထိုကိစ္စအတွက် ဦးထွန်းမြင့်ကို တာဝန်ပေးသဖြင့် ဦးထွန်းမြင့်သည် အခြေခံဥပဒေနှင့်ပတ်သက်၍ ၎င်း၏သဘောထားကို ဖော်ပြထားသည့်အခန်းဆက် ဆောင်းပါးများကို **ဗိုလ်တထောင်သတင်းစာ**တွင် (၁၉၆၀)ပြည့်နှစ်၊ ဒီဇင်ဘာလ(၆)ရက်နေ့မှ (၁၈)ရက်နေ့အထိ

“ကျွန်တော်တို့လိုလားသော ပြည်ထောင်စုစံနစ်”ဆိုသည့် ခေါင်းစဉ်ဖြင့် ဆက်တိုက်ရေးသားခဲ့သည်။

တောင်ကြီးညီလာခံတွင် တိုင်းရင်းသားခေါင်းဆောင်များသည် (၁၉၄၇) ခုနှစ်၊ ဖွဲ့စည်းပုံပါ ပုဒ်မတပိုဒ်ချင်းကို လေ့လာသုံးသပ်၍ ယခု အရှိအရှိတိုင်း ပြင်ဆင်ရန်မဖြစ်နိုင်တော့၍ နိဒါန်းမှစ၍ အသစ်ရေးဆွဲရန် ဆုံးဖြတ်ခဲ့ကြရပြန်လေသည်။

## ရှမ်း၊ ကချင်၊ ကရင်နီ၊ ကရင်၊ ချင်းပြည်နယ်ခေါင်းဆောင်ကိုယ်စားလှယ်များနှင့် ရခိုင်၊ မွန်အမျိုးသားခေါင်းဆောင်များ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြည်ထောင်စုစစ်စစ်ဖြင့် ပြင်ဆင်ရေးဆွဲရန် ဆုံးဖြတ်ခြင်း

တောင်ကြီးညီလာခံမှ (၁၉၄၇)ခု၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ပြည်ထောင်စုစစ်စစ်မှုဖြင့် ပြင်ဆင်ရေးဆွဲရန် မဖြစ်နိုင်သဖြင့် ပြည်ထောင်စုစစ်စစ်မှုဖြင့် ရေးဆွဲသွားနိုင်ရန် အောက်ပါအတိုင်း အခြေခံမှုအတိုင်း ဆုံးဖြတ်ထားကြောင်း တွေ့ရှိရသည်။



လွတ်လပ်ရေးရယူစဉ်က

# ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲရေး ကြိုးကိုင်ကော်မတီ (ရှမ်းပြည်နယ်)၏ ဆုံးဖြတ်ချက်

---

## ဆုံးဖြတ်ချက်များ

လက်ရှိပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်၊ ပြည်နယ်နှင့်လူမျိုးစု တန်းတူညီမျှမှုအတွက် လုံလောက်စွာ ပြဋ္ဌာန်းထားခြင်း မရှိကြောင်း။

ထို့ကြောင့် ပြည်နယ်နှင့်လူမျိုးစုတိုင်း တန်းတူညီမျှစေရန်အတွက်၊ အခြေခံဥပဒေအား ပြည်ထောင်စုစစ်စစ်မူဖြင့် ပြန်လည်ပြုပြင်ရေးဆွဲရန် ဤကြိုးကိုင်ကော်မတီက သဘောတူညီကြကြောင်း။

ယင်းသို့ အခြေခံဥပဒေအား ပြည်ထောင်စုစစ်စစ်မူဖြင့် ပြန်လည်ပြုပြင်ရေးဆွဲသည့်အခါ အောက်ပါ တန်းတူညီမျှမှု၏ အခြေခံအကြောင်းရင်းများကို ထည့်သွင်းရေးဆွဲရန် ဆုံးဖြတ်ကြကြောင်း။

၁။ ဦးတင်ဒေသည် ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့သူနှင့် အခြေခံဥပဒေမူကြမ်းရေးဆွဲရေးအဖွဲ့ဝင် ဖြစ်သကဲ့သို့ ဦးထွန်းမြင့်နှင့် ဦးထွန်အုံတို့မှာလည်း အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးအဖွဲ့ဝင်များ ဖြစ်ကြသည်။

၂။ ထိုဆောင်ပါးများကို စုပေါင်း၍ ပြည်ထောင်စုတွင်းမှ တန်းတူသောရှမ်းပြည်၊ ရန်ကုန်၊ မြန်မာ့ ဗျူဟာစာပုံနှိပ်တိုက်၊ (၁၉၆၁) ထုတ်ဝေခဲ့သည်။ နောင်ကိုးကားလျှင် ဦးထွန်းမြင့်၊ **တန်းတူသောရှမ်းပြည်**ဟု ညွှန်းမည်။

## ဦးထွန်းမြင့်(တောင်ကြီး) တင်သွင်းသောစာတန်း

ယင်းတောင်ကြီးညီလာခံတွင် သမိုင်းဝင်တင်ကျန်ရစ်ခဲ့သော စာတန်းမှာ ဦးထွန်းမြင့်(တောင်ကြီး)တင်သွင်းသောစာတန်းပင် ဖြစ်လေသည်။ သို့ဖြစ်၍ (၁၉၆၂)ခု၊ မတ်လ(၂)ရက်နေ့၊ ဗိုလ်ချုပ်နေဝင်းအာဏာ သိမ်းသောအခါ သမတမန်းဝင်းမောင်၊ ဝန်ကြီးဦးကျော်ငြိမ်းနှင့်ဦးထွန်းမြင့်(တောင်ကြီး)တို့သည် ထောင်ထဲတွင် (၇)နှစ်ကျော်၊ (၈)နှစ်နီးပါးစီ အသီးသီးနေခဲ့ကြရပေသည်။

တောင်ကြီးညီလာခံတွင် ဦးထွန်းမြင့်(တောင်ကြီး) တင်သွင်းသောစာတန်း မှာ "ပြည်ထောင်စုတွင်းမှ တန်းတူသော ရှမ်းပြည်"ပင် ဖြစ်သည်။ ယင်းစာတန်း အတွင်းမှ စာတန်းငယ်ပေါင်းမှာ လေးစောင်လည်း ပါဝင်သည်။ ယင်းတို့မှာ –

၁။ ပြည်ထောင်စုသဘောတရား စာတန်းငယ်၊

၂။ အခြားတိုင်းပြည်များမှ ပြည်ထောင်စုစနစ်ကို လေ့လာသုံးသပ် နှိုင်းယှဉ်ခြင်း၊

၃။ မြန်မာပြည်ထောင်စု (ဖါးတပိုင်းငါးတပိုင်း)၊

၄။ ကျွန်တော်တို့ လိုလားသောပြည်ထောင်စု တို့ ပါဝင်ကြပေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ပင်လုံစာချုပ်ကိုရင်း၊ (ဖဆပလ)ပဏာမ ညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ လူမျိုးစုများဆိုင်ရာ အခြေခံဥပဒေမူနှင့် လမ်းညွှန်ချက်များကိုရင်း၊ တိုင်းပြည်ပြုလွှတ်တော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရနှင့် အဓိပ္ပါယ်များကိုရင်း ကိုယ်တိုင် ရှင်းလင်းတင်ပြခဲ့သည့် ပုဂ္ဂိုလ်ပင် ဖြစ်လေသည်။ အလားတူပင် တောင်ကြီး ညီလာခံ၌ ဦးထွန်းမြင့်(တောင်ကြီး)သည် ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်ပြီး နောက်၌ လွတ်လပ်ရေးသက်တန်း ဆယ်နှစ်အတွင်းတွင် မြန်မာနိုင်ငံ၏ အဖြစ် အပျက်များပေါ်၌ ထောက်ရှုလျှက် ယနေ့မှစ၍ အနာဂါတ်ပြည်ထောင်စ မြန်မာနိုင်ငံကို မည်သို့မည်ပုံ တည်ဆောက်သင့်သည်ကို တင်ပြထားခြင်းပင် ဖြစ်လေသည်။ *(နောက်ပိုင်း တနေရာ၌ ဦးထွန်းမြင့်(တောင်ကြီး)၏ စာတန်းများကို သီးသန့်ဖေါ်ပြ ပါမည်။)*

# ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ
# အခြေခံဥပဒေပြင်ဆင်ရေးဆွဲရေး
# ကြိုးကိုင်ကော်မတီ(ရှမ်းပြည်)၏
## ဆုံးဖြတ်ချက်များ

ယင်းသို့ အခြေခံဥပဒေအား ပြည်ထောင်စုစစ်စစ်မှုဖြင့် ပြန်လည်ပြုပြင် ရေးဆွဲသည့်အခါ အောက်ပါ တန်းတူညီမျှမှု အခြေခံအကြောင်းရင်းများကို ထည့်သွင်းရေးဆွဲရန် ဆုံးဖြတ်ကြကြောင်း။

၁။ ဗမာပြည်နယ် ဖွဲ့စည်းရေး၊

၂။ ပြည်ထောင်စုပါလီမန်လွှတ်တော်နှစ်ရပ်အား အာဏာတူပေးရေး၊

၃။ လူမျိုးစုလွှတ်တော်သို့ပြည်နယ်တိုင်း ညီမျှသောကိုယ်စားလှယ် စေလွှတ်ရေး၊

၄။ ဗဟိုရ်ပြည်ထောင်စုအား အောက်ပါဌာနများလွှဲအပ်ပြီး၊ ကျန်ရှိသော အာဏာများနှင့်အခွင့်အရေးများကို ပြည်နယ်များသို့ လွှဲအပ်ရန်၊

(က) နိုင်ငံခြားဆက်သွယ်ရေး၊

(ခ) ပြည်ထောင်စုကာကွယ်ရေး၊

(ဂ) ပြည်ထောင်စုဘဏ္ဍာရေး၊

(ဃ) ငွေဒင်္ဂါးနှင့်ငွေစက္ကူထုတ်လုပ်ရေး၊

(င) စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေး၊

(စ) မီးရထား၊ လေကြောင်း၊ ရေကြောင်းဆက်သွယ်ရေး၊

(ဆ) ပြည်ထောင်စုတရားစီရင်ရေး၊

(ဇ) ပင်လယ်ဆိပ်ကမ်းခွန် ကောက်ရေး၊

၅။ ပြည်ထောင်စုဘဏ္ဍာတော်မျှတစွာ ခွဲဝေရေး။

အထက်ပါအဆိုကို အားလုံးတညီတညွတ်တည်း (၁၃၂၂)ခုနှစ်၊ တပို့တွဲလဆန်း(၉)ရက်၊ အင်္ဂါနေ့ (၁၉၆၁–ခု၊ ဇန္နဝါရီလ ၁၆–ရက်)တွင် သဘောတူဆုံးဖြတ်အတည်ပြုကြသည်။

ယင်းတောင်ကြီးညီလာခံမှပင် အမှုဆောင်(၂၃)ဦးပါဝင်သော ပြည်နယ်များညီညွတ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့လေသည်။ အဖွဲ့ဥက္ကဋ္ဌမှာ ထိုစဉ်က ပြည်ထောင်စုအစိုးရအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးနှင့်ရှမ်းပြည်နယ် ဥက္ကဋ္ဌစဝ်ခွန်ချို (မိုးမိတ် စော်ဘွားကြီး) ဖြစ်လေသည်။

တောင်ကြီးမြို့ နီးနှောဖလှယ်ပွဲကြီးတွင် ပြည်နယ်များညီညွတ်ရေးအဖွဲ့ဝင် (၂၃)ဦးကိုလည်း အဖွဲ့ဝင်များ အဖြစ် ရွေးချယ်လိုက်သည်။

# ပြည်နယ်များ ညီညွတ်ရေးအဖွဲ့

## ယာယီအမှုဆောင်အဖွဲ့

| | |
|---|---|
| ၁။ စဝ်ခွန်ချို (မိုးမိတ်စော်ဘွားကြီး) | (ဥက္ကဋ္ဌ)၊ |
| ၂။ စဝ်ဝဏ္ဏ (ကယားပြည်နယ်ခေါင်းဆောင်) | (ဒု–ဥက္ကဋ္ဌ)၊ |
| ၃။ ဒူဝါခွန်ဖုံး (ကချင်ပြည်နယ်ခေါင်းဆောင်) | (ဒု–ဥက္ကဋ္ဌ)၊ |
| ၄။ စဝ်ထွန်းဧ(သာမိုင်းခန်းစော်ဘွားကြီး) | (အထွေထွေအတွင်းရေးမှူး)၊ |
| ၅။ ဦးလှဖေ ပြည်သူ့လွှတ်တော်အမတ်) | (တွဲဘက်အတွင်းရေးမှူး)၊ |
| ၆။ ဦးစိုးမောင် (အပညဖ ရှမ်းပြည်) | (တွဲဘက်အတွင်းရေးမှူး)၊ |
| ၇။ စဝ်ခွန်အောင် (ဘော်စော်ဘွားကြီး) | (ပြန်ကြားရေးမှူး)၊ |
| ၈။ ဦးလှငြိမ်း (ကယားပြည်နယ်ကိုယ်စားလှယ်) | (ဘဏ္ဍာရေးမှူး)၊ |

၉။ ဦးသာထွန်း (ရခိုင်အမျိုးသားကိုယ်စားလှယ်) (စာရင်းစစ်မှူး)၊

၁၀။ စောဘရင် (ကရင်ပြည်နယ်ကိုယ်စားလှယ်) (အမှုဆောင်အဖွဲ့ဝင်)၊

၁၁။ စောသင်းစိန် (ကရင်အမျိုးသားကိုယ်စားလှယ်) ( ။ )၊

၁၂။ ဒူဝါးဇော်လွန်း (ကချင်ပြည်နယ်ကိုယ်စားလှယ်) ( ။ )၊

၁၃။ ဒူဝါးနန်ဇင်လာ (ကချင်ပြည်နယ်ကိုယ်စားလှယ်) ( ။ )၊

၁၄။ ဦးမောင်ဦးကျော် (ရခိုင်အမျိုးသားကိုယ်စားလှယ်) ( ။ )၊

၁၅။ ကပ္ပတိန် မန်းတုံးနုံး (ချင်းအမျိုးသားကိုယ်စားလှယ်) ( ။ )၊

၁၆။ မစ္စတာကျင်ရှင်ထန်း (ချင်းအမျိုးသားကိုယ်စားလှယ်) ( ။ )၊

၁၇။ နိုင်ငွေသိန်း (မွန်အမျိုးသားကိုယ်စားလှယ်) ( ။ )၊

၁၈။ နိုင်ဘစော (မွန်အမျိုးသားကိုယ်စားလှယ်) ( ။ )၊

၁၉။ စဝ်ပြည့် (မိုးနဲစော်ဘွားကြီး) ( ။ )၊

၂၀။ စဝ်နွံ (လဲချားစော်ဘွားကြီး) ( ။ )၊

၂၁။ စဝ်စိုင်းလုံ (ကျိုင်းတုံစော်ဘွားကြီး) ( ။ )၊

၂၂။ ဦးချစ်မောင် (ကယားပြည်နယ်ကိုယ်စားလှယ်) ( ။ )၊

၂၃။ စဝ်ရွှေမှု (ကျေးစီးစော်ဘွားကြီး) ( ။ )၊

# ပြည်နယ်များညီညွတ်ရေးအဖွဲ့၏ ဖက်ဒရယ်ပြည်ထောင်စုမူအပေါ် ဆွေးနွေးတင်ပြချက်၊

## ဖေဖော်ဝါရီလ (၂၄)ရက်၊ ပထမနေ့ နီးနှောဖလှယ်ပွဲ စတင်ခြင်း

(၁၉၆၂)ခု၊ ဖေဖော်ဝါရီလ(၂၄)ရက်နေ့၊ ရန်ကုန်မြို့၊ ပြည်လမ်းအသံလွှင့်ခန်းမဆောင်၌ မြန်မာနိုင်ငံလူမျိုးပေါင်းစုံ ပြည်ထောင်စုမူနှင့်ပတ်သက်သော နီးနှောဖလှယ်ပွဲကြီးကို စတင်ကျင်းပသည်။

မြန်မာနိုင်ငံလူမျိုးပေါင်းစုံ နီးနှောဖလှယ်ပွဲကြီးတွင် (ပထစ၊ ဖဆပလ၊ ပမညတ၊ ရပလဖ)စသည့် နိုင်ငံရေးအဖွဲ့အစည်းခေါင်းဆောင်များအပြင် ပြည်နယ်ညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်များ၊ အစိုးရတိုင်ပင်ခံအဖွဲ့ဝင်လူကြီးများစုံညီစွာ တက်ရောက်လာကြသည်။

ပြည်ထောင်စုဝန်ကြီးချုပ်ဦးနုက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးသန်းစိန်က ဆောင်ရွက်သည်။

(ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ်(U.K.L)သည် တောင်ကြီး (ပြည်နယ်ပေါင်းစုံ)ညီလာခံသို့ ကိုယ်စားလှယ် စုစုပေါင်း(၅)ဦး တက်ရောက်ခဲ့ကြ၍ ရန်ကုန်မြို့၊ ပြည်လမ်းအသံလွှင့်ရုံတွင် ကျွန်တော်တဦးတည်း တက်ရောက်ခဲ့သည်။ ထိုမှတောတွင်းရောက်၍ နောက်ပိုင်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်(U.N.L.D,L.A)ဖွဲ့စည်းသောအခါ ကျွန်တော်သည် သဘာပတိတဦးဖြစ်လာသည်။ ကျွန်တော်သည် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ရေးဆွဲရေးကို တောင်ကြီး၊ ရန်ကုန် မြန်မာ့အသံနှင့်တောတွင်း (လွတ်မြောက်ဒေသ)အထိ ပါဝင်လာခဲ့ပေသည်။)

သဘာပတိအဖွင့်မိန့်ခွန်း ပြောကြားပြီးသည်နောက် အခမ်းအနားမှူးမှ ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီး၊ ဝန်ကြီးသတိုး မဟာသရေစည်သူဝန်ကြီးစဝ်ခွန်ချိုက ပြည်နယ်များညီညွတ်ရေးအဖွဲ့ကိုယ်စားဖက်ဒရယ်မူကို တင်ပြပါခင်ဗျားဟု ဖိတ်ခေါ်

လိုက်ပြီး ရှမ်းပြည်နယ်ဥက္ကဋ္ဌ၊ ဝန်ကြီးစဝ်ခွန်ချိုက အောက်ပါအတိုင်း ဆွေးနွေးတင်ပြသွားလေသည်။

## ပြည်နယ်များညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌစဝ်ခွန်ချို၏ မိန့်ခွန်း

လေးစားအပ်တဲ့ သဘာပတိကြီး ဝန်ကြီးချုပ်ခင်ဗျား၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများခင်ဗျား၊ ပြည်နယ်ပေါင်းစုံမှ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်များနှင့် ပြည်မနိုင်ငံရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တော်များခင်ဗျား။[၁]

ဤနီးနှောဖလှယ်ပွဲမှာ ပြည်နယ်များညီညွတ်ရေးအဖွဲ့ကိုယ်စား၊ စကားပြောကြားခွင့်ရရှိတဲ့အတွက်၊ များစွာကျေးဇူး တင်ဝမ်းမြောက်လှပါတယ်၊ အခုလို စုံစုံညီညီစုဝေးကြပြီးတော့၊ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့က တင်ပြထားပြီးတဲ့၊ ပြည်ထောင်စုမူကိစ္စကို ဆွေးနွေးညှိနှိုင်းကြဘို့အတွက် ဒီနီးနှော ဖလှယ်ပွဲကြီး ပေါ်ပေါက်လာရာတာ၊ ကျွန်တော့်အနေနဲ့အလွန်ဘဲ ဝမ်းသာကျေးဇူးတင်ပါတယ်။

ကျွန်တော့်ကို ပြည်နယ်များညီညွတ်ရေးအဖွဲ့ကိုယ်စား၊ ပြည်ထောင်စုမူတင်ပြရန် တာဝန်ပေးအပ်တဲ့အတိုင်း၊ ကျွန်တော်တင်ပြပြောဆိုမဲ့ အချက်အလက်တွေကို၊ နားဆင်ကြရတဲ့ ကိုယ်စားလှယ်များအားလုံးဟာ မိသားစုစိတ်ဓါတ်ဖြင့် ယနေ့ပေါ်ပေါက်နေတဲ့ ပြည်နယ်များပြဿနာကို အထူးစဉ်းစား ဝေဖန်ကြစေလိုပါတယ်။

ကျွန်တော်များကလဲ ပြည်မရှိ နောင်တော်ကြီးများကို ရှင်းလင်းတင်ပြကြတဲ့အခါ စိတ်ရှည်လက်ရှည်နဲ့ မိမိတို့ကြုံတွေ့နေရပုံတွေကို တင်ပြကြပါရန် မေတ္တာရပ်ခံလိုပါတယ်။ ပြည်နယ်များရဲ့ ပြဿနာတွေကို စဉ်းစားကြတဲ့အခါမှာလဲ ပြည်ထောင်စုမပြိုကွဲရေး၊ ပြည်ထောင်စုညီညွတ်

ရေးဆိုတဲ့ အခြေခံမူအပေါ်တည်ပြီး စဉ်းစားကြပါရန် တောင်းပန်လိုပါတယ်။

ပထမဦးစွာ တင်ပြအစီရင်ခံလိုတာက၊ လက်ရှိပြည်ထောင်စုကြီး ဖြစ်ပေါ်လာပုံ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအကြောင်း စဉ်းစားလိုက်တိုင်း၊ ပြည်ထောင်စုသားတိုင်း၊ မမေ့သင့် မမေ့ထိုက်တဲ့ အချက်ဟာဖြင့် (၁၉၄၇)ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျင်းပခဲ့တဲ့ ပင်လုံညီလာခံကြီးပင် ဖြစ်ပါ တယ်။

အဲဒီပင်လုံညီလာခံကြီးဟာ၊ ယနေ့ ပြည်ထောင်စုကြီးကို ပေါက်ဖွားလာစေရန် အုတ်မြစ်ချခဲ့တဲ့ ညီလာခံကြီးလို့ ဆိုနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ပြည်ထောင်စုသားတွေအပေါ် အနှစ်နှစ်၊ အလလ စိုးမိုးအုပ်ချုပ်လာတဲ့ နယ်ချဲ့အင်္ဂလိပ်အောက်ကနေပြီး၊ လွတ်လပ်ရေးတောင်းဆိုဘို့အတွက် ပြည်နယ်ခေါင်းဆောင်များနဲ့၊ ပြည်မခေါင်းဆောင်များတို့က ညှိနှိုင်းအောင်မြင်လို့ အခုလို လွတ်လပ်တဲ့ ပြည်ထောင်စုတခု၊ ကမ္ဘာ့တိုင်းပြည်များထဲမှာ ပေါ်လွင်လာတဲ့အတွက် ကျွန်တော်တို့က ပင်လုံညီလာခံကြီးဟာ ပြည်ထောင်စုကြီးရဲ့ အခြေခံအုတ်မြစ်ချခဲ့တဲ့ ညီလာခံကြီးဖြစ်ကြောင်း တင်ပြရခြင်း ဖြစ်ပါတယ်။

အဲဒီပင်လုံညီလာခံကြီးမှာ ဘာတွေညှိနှိုင်းကြပြီး၊ ဘာတွေအောင်မြင်ခဲ့ကြသလဲဆိုတာကို အကျဉ်းချုပ်အားဖြင့် ဖော်ပြရမည်ဆိုရင်၊ လွတ်လပ်ရေးတောင်းဆိုတဲ့အခါ ညီညွတ်တဲ့အားဟာ အင်မတန် အရေးကြီးတဲ့အတွက်၊ ပြည်မနဲ့ကျန်တဲ့ပြည်နယ်များဟာ ပြည်နယ်များအား တူညီအောင် ညှိနှိုင်းပြီး ညီညွတ်ရေးတည်ဆောက်ရမယ်၊ တည်ဆောက်ရမှာမို့ (၁) တန်းတူညီမျှမှုအခွင့်အရေး ရှိခြင်း၊ (၂) တောင်တန်းဒေသများတွင် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိခြင်း၊ (၃) လွတ်လပ်ရေးရရှိပြီး နောက်ပြည်ထောင်စုက ခွဲထွက်လိုက ခွဲထွက်နိုင်ခြင်းစတဲ့ အခြေခံတရားသုံးရပ်အပေါ် အဓိကထားပြီး ပြည်ထောင်စုတည်ဆောက်ရေးကို သဘောတူခဲ့ကြပါတယ်။

ဒီအခြေခံသုံးရပ်ကို သဘောတူခဲ့တဲ့အတွက်၊ ကမ္ဘာကျော် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ကြပါတယ်။ အဲဒီလို ပြည်နယ်များနဲ့ ပြည်မဟာ တစိတ်ထဲတဝမ်းထဲရှိကြောင်း ပြသနိုင်ခဲ့လို့ဘဲ၊ အင်္ဂလိပ် အစိုးရဟာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို လွှက်လွှတ်လိုက်ရပါတယ်။

ပင်လုံညီလာခံကြီးမှာ ပင်လုံစာချုပ်၊ ချုပ်ဆိုပြီးနောက် (Mr Reese William)ခေါင်းဆောင်ပြီး၊ ပြည်မပြည်နယ်ခေါင်းဆောင်များပါဝင် တဲ့ စုံစမ်းရေးကော်မတီမှာ အထက်ပါ အခြေခံမူသုံးရပ်အတိုင်း ပြည်မနဲ့ ပူးပေါင်းဆောင်ရွက်ဘို့ တညီတညွှတ်တည်းလဲ သက်သေခံခဲ့ပါတယ်။

အဲဒီလို တညီတညွှတ်ထဲ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် နယ်ချဲ့ သမားရဲ့ သွေးခွဲရေးလုပ်ငန်းဟာ၊ ပျက်ပြယ်သွားပြီး မြန်မာပြည်ရဲ့ လွှတ်လပ်ရေးကို အမြန်ဆုံးကမ္ဘာသို့ ကြေညာလာနိုင်ခဲ့ပါတယ်။

(၁၉၄၇)ခုနှစ်၊ မေလမှာ ကျင်းပခဲ့တဲ့ (ဖဆပလ)ပဏာမပြင်ဆင်မှု ညီလာခံမှာလဲဘဲ လူမျိုးစုတိုင်း တန်းတူရရှိရေးနဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံမှာလဲ အဲဒီတန်းတူရေးအပေါ် အခြေခံတဲ့ ပြည်ထောင်စုစစ်စစ် ဖြစ်ဘို့ လမ်းစဉ်ချ မှတ်ခဲ့ပါတယ်။

လက်ရှိအခြေခံဥပဒေကြီး ရေးဆွဲဘို့ဆိုပြီး တိုင်းပြည်ပြုလွှတ် တော်မှာ ပြည်မခေါင်းဆောင်ကြီးများ၊ ကိုယ်စားလှယ်တော်များနဲ့ ပြည်နယ်ခေါင်းဆောင်ကိုယ်စားလှယ်များက ဝိုင်းဝန်းစဉ်းစားကြတဲ့အခါ အနှစ်သာရဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လမ်းညွှန်(၇)ချက် အကျဉ်းချုပ် ကို ဖေါ်ပြခွင့်ပေး စေလိုပါတယ်။

အဲဒါကဘာလဲဆိုရင် (၁) အချုပ်အခြာအာဏာပိုင်တဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေ ဖြစ်စေရမယ်။ (၂) ကိုယ်ပိုင်အုပ်ချုပ်ရေး အာဏာအပြည့်အစုံရှိသော ပြည်နယ်များပါဝင်သော ပြည်ထောင်စုဖွဲ့ စည်းစေရမယ်။ (၃) အာဏာများဟာ တိုင်းသူပြည်သားတွေဆီက ဆင်းသက်လာစေရမယ်။ (၄) လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့မှာ

အယုတ်အလတ်အမြတ်မရွေး တန်းတူညီမျှမှုရှိစေရမယ်။ (၅) လူနည်းစုကို အကာအကွယ်ပြုစေရမယ်။ (၆) ပြည်ထောင်စုကြီးတည်တန့်ခိုင်မြဲရေး အချုပ်အခြာစိုးမိုးအုပ်ချုပ်ရေးဆိုတာကို ဥပဒေအရ ထိန်းသိမ်းစောင့်ရှောက်ရှိစေရမယ်။ ကမ္ဘာ့နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရန်အတွက် ကြိုးစားပြီး ကမ္ဘာ့နိုင်ငံရေးတွေနဲ့ ငြိမ်းချမ်းစွာ ဆက်ဆံရေးကို ရှေ့ရှုစေရမယ်ဆိုတဲ့ အဓိကအခြေခံ(၇) ချက် ဖြစ်ပါတယ်။

ဒီအခြေခံများကို အုတ်မြစ်ချပြီးတော့၊ ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲကြရန်၊ ဗိုလ်ချုပ်အောင်ဆန်းက လမ်းညွှန်ပြသခဲ့တဲ့အကြောင်း ကိုယ်စားလှယ်တော်များအားလုံး အသိဖြစ်ကြပါတယ်။

ဒီအချိန်အခါမှာ နိုင်ငံရေးအခြေအနေတွေကလဲ ရှုတ်ထွေးပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ၊ ခေါင်းဆောင်များဟာ လုပ်ကြံသတ်ဖြတ်ခြင်းခံရတဲ့အတွက်၊ တပြည်လုံး ယူကြုံးမရ ဝမ်းနည်းကြေ ကွဲဖြစ်နေရတဲ့ အချိန်ဖြစ်တော့ လွတ်လပ်ရေးအတွက် ကြိုးပမ်းမှုမှာ စိတ်မချမ်းမသာစရာတွေ ဖြစ်လာတာကြောင့်မို့၊ ကိုယ့်တိုင်းပြည်ရဲ့အခြေကို တိုင်းတပါးက ဝင်ရောက်မစွက်ဖက်နိုင်အောင်၊ ကာကွယ်ကြရမှာဘဲဆိုပြီး ခတ်မြန်မြန်နဲ့ တိုင်းပြုပြည်ပြုလွှတ်တော်မှာ အခြေခံဥပဒေကို အငြင်းပွားမှုမထားဘဲ အလျင်စလို လက်ခံလိုက်ခြင်း ဖြစ်ပါတယ်။

ပင်လုံညီလာခံကြီးက အစပြုပြီး အဆင့်ဆင့်တောင်းဆိုလာကြလို့ လွတ်လပ်ရေးတော့ လက်ဝယ်ရရှိပြီးပါပြီ၊ ဒါပေမယ့် လွတ်လပ်ရေးရရှိပြီးတဲ့ နောက်ပိုင်းမှာ ပင်လုံညီလာခံကြီးရဲ့ အနှစ်သာရ၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ချမှတ်ပေးလိုက်တဲ့ လမ်းညွှန်နဲ့ ကိုက်ညီတယ် မကိုက်ညီဘူးဆိုတာတွေကို ကျွန်တော်တို့ လျှောက်လာခဲ့တဲ့ (၁၄)နှစ်ကျော်ကျော် ခရီးအပေါ် ပြန်လည်စစ်ဆန်းဘို့ လိုအပ်ပါလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဒါကြောင့် ဒုတိယအချက်အနေနဲ့ ကျွန်တော်တို့ပြည်နယ်များရဲ့ လက်ရှိခံစားနေရတဲ့ အခြေအနေတွေကို ယေဘုယျသဘောအားဖြင့်

အကျဉ်းချုပ်တင်ပြပါရစေ။ ပြည်နယ်များ၏ လက်ရှိအခြေအနေကို ကျွန်တော်တို့က တင်ပြမှသာ နီးနှောဖလှယ်ပွဲတက်ရောကြတဲ့ ကိုယ်စားလှယ်တော်များအားလုံးဟာ ပိုမိုပြည့်စုံစွာ စဉ်းစားဝေဖန် နိုင်လိမ့်မယ်လို့ ယူဆပါတယ်။ ပြည်နယ်များရဲ့ ပြည်နယ်မရရှိသေးတဲ့ လူမျိုးစုဆွေမျိုးရင်းခြာများဟာ လွတ်လပ်ရေးရရှိပြီးတဲ့နောက်၊ ဒီဇင်ဘာလမှာ မိမိကံကြမ္မာ မိမိတို့ဖန်တီးရလိမ့်မယ်ဆိုတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ ပြည့်ပြည့်ဝဝ မခံစားရသေးကြောင်း တွေ့ရှိကြပါတယ်။ ဒီလိုပြောလိုက်လို့ ကျွန်တော်ဟာ ပြည်နယ်များကိုယ်စား ရိုးရိုးသားသားအနေနဲ့ ပြည်နယ်တွေ ခံစားနေရတာဟာဖြင့် ဘာတွေလဲဆိုတာ ဖေါ်ပြတာဘဲ ဖြစ်ပါတယ်။

ပြည်နယ်တွေအားလုံး ယုံကြည်ကိုးစားခဲ့တဲ့၊ မြန်မာပြည်လွတ်လပ်ရေးရတော့မယ်၊ လွတ်လပ်ရေးရရှိပြီးရင်ဖြင့် ဒို့တတွေဟာ မိမိကံကြမ္မာ မိမိဖန်တီးပြီး တိုးတက်သောပြည်နယ်များ ဖြစ်လာအောင် လုပ်နိုင်တော့မယ်၊ တိုးတက်တဲ့ပြည်နယ်တွေ ပေါင်းထားတဲ့ ပြည်ထောင်စု ဖြစ်လာ တော့မယ်ဆိုတာတွေဟာ ကျွန်တော်တို့ပြည်နယ်သားတွေ၊ လူမျိုးစုအားလုံးတွေရဲ့ ဝမ်းထဲကိန်းအောင်းပြီး အမျှော်လင့်ကြီး မျှော်လင့်ခဲ့ပါတယ်။

ဒါပေမဲ့ လွတ်လပ်ရေးခေတ်(၁၄)နှစ်ခရီး၊ ပြည်မက နောင်တော်တွေရဲ့ လက်တွေ့လျှောက်လာတဲ့အခါ ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်တွေ၊ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေဟာ အပြည့်အဝ မရှိမှန်း သိလာခဲ့ရပါတယ်။

ကျွန်တော်တို့ တိုးတက်ဖွံ့ဖြိုးရေးကို အစွမ်းကုန်၊ ကျွန်တော်တို့ မလုပ်ဆောင်နိုင်ကြောင်း သိသာခံစားနေရပါတယ်။ ဒီလိုမွေးဖွားရာ ဗီဇပါလာတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ခွင့် အခွင့်အရေးအပြည့်အဝ မခံစားလာရတော့၊ ကျွန်တော်တို့ ပြည်ထောင်စုကြီးဟာ ကျွန်တော်တို့ ပြည်နယ်များအပေါ် ကိုယ်စားပြုလာတာမဟုတ်တော့ဘဲ၊ ပြည်မလို့ခေါ်တဲ့

ဗမာပြည်ဒေသတွေကို အဓိကကိုယ်စားပြုလာတာတွေ မြင်လာကြရပါတယ်။

ပြည်နယ်များကတော့ ပြည်မနဲ့ညီမျှမှုမရှိခဲ့တဲ့အတွက် စွမ်းအားရှိသလောက် လုပ်ကိုင်နိုင်ခွင့်မရှိခဲ့လို့၊ တိုးတက်သင့်သလောက် မတိုးတက်ခဲ့ပါဘူး။ ဒီလို ဘာကြောင့်ဖြစ်ခဲ့သလဲဆိုရင် ပြည်ထောင်စုရယ်လို့ စုပေါင်းဖွဲ့စည်းကြတဲ့အခါ ပြည်နယ်ရသင့်ရထိုက်တဲ့ လူမျိုးစုများကို ပြည်နယ်အင်္ဂါနဲ့အညီ ဖွဲ့စည်းပြီး၊ ရှမ်းပြည်နယ် လူထုအတွက် – ရှမ်းပြည်နယ်၊ ကယားပြည်နယ်လူထုအတွက် – ကယား ပြည်နယ်ရှိကြသလို ပြည်မလူထုအတွက်လဲ ပြည်နယ်တနယ်ဖွဲ့စည်းပြီးတော့ တန်းတူညီတူ အခြေခံအပေါ် ဖွဲ့စည်းထားခြင်း မရှိလို့ဘဲလို့ဆိုတာ သက်သေပြနေပါတယ်။

ပင်လုံညီလာခံရဲ့ အနှစ်သာရ၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လမ်းညွှန်များကို အဓိကထားပြီး၊ တန်းတူညီတူဖွဲ့စည်းစုပေါင်းရန် အကောင်အထည်ပေးလာကြရင် ပြည်ထောင်စုအစိုးရဟာ ပြည်နယ် များအားလုံးကို ကိုယ်စားပြုတဲ့အစိုးရဘဲ ဖြစ်ရမှာပါဘဲ။

အခုတော့ ပြည်မလူထုအတွက် ပြည်နယ်တနယ်ဖွဲ့စည်းရေး မကြိုးစားဘဲ၊ ပြည်မအဖြစ်ဆိုပြီး ထားလေတော့ ပြည်မရဲ့အခွင့်အာဏာနဲ့ ပြည်ထောင်စုရဲ့ အခွင့်အာဏာရောထွေး စုပေါင်းပြီး၊ စိုးမိုးအုပ်ချုပ်လာတော့ကာ ပြည်ထောင်စုအဖြစ်က လျှော့ကျလာပြီး တပြည်ထောင်စိုးမိုးမှုစနစ်သို့ တရွေ့ရွေ့ကူးပြောင်းလာတာ တွေ့ရှိရပါတယ်။ သည်အကြောင်းအရာကြောင့်လဲ ကျွန်တော်တို့ ပြည်နယ်များဟာ တနေ့တခြား တာဝန်ရှိတဲ့ ပြည်မက၊ ပြည်မအစိုးရအပေါ် သံသယရှိ–ရှိလာ ပါတယ်။ ဒီသံသယတွေဟာ ထုနဲ့ထယ်နဲ့ ဝင်ဝင်လာလို့ ကနေ့ပြည်နယ်များဟာ ပြည်မအပေါ် မကျေမနပ်ဖြစ်တဲ့အကြောင်း ထုတ်ဖေါ်လာကြရပါတယ်။ ကနေ့ဖွဲ့စည်းတည်ထောင်ထားတဲ့ ပြည်ထောင်စုပုံသဏ္ဍာန်ဟာ ပြည်နယ်များရဲ့ အမျိုးသားညီညွတ်ရေး၊ တည်ဆောက်နိုင်မဲ့ပုံမျိုး၊ ညီမျှသော

ပြည်ထောင်စုစနစ်မျိုး မဟုတ်ကြောင်းကိုလည်း တွေ့မြင်လာခဲ့ကြရပါတယ်။ အခုလို ကျွန်တော်တင်ပြအစီရင်ခံလိုက်တော့ ပြည်မတာဝန်ရှိပုဂ္ဂိုလ်များ၊ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်တော်များက ကျွန်တော့အပေါ် တမျိုးမျိုးထင်ရာထင်မှား ရှိချင်ရှိကြပါလိမ့်မယ်။ ဒါပေမဲ့ ကနေ့နီးနှောဖလှယ်ပွဲမှာ မိသားစုစိတ်ဓါတ်၊ ပြည်ထောင်စုစိတ်ဓါတ်နဲ့ ပြည်နယ်များပြဿနာကို အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြမှာမို့ ပွင့်ပွင့်လင်းလင်းရိုးရိုးသားသားနှင့် ဆက်လက်တင်ပြပါရစေ။

တတိယအချက်ကတော့ အထက်က ကျွန်တော်အစီရင်ခံခဲ့သလိုဟုတ်မဟုတ် ဆန်းစစ်ကြည့်လိုက်ရင် လက်ရှိပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနိဒါန်းနှင့် အဲဒီနိဒါန်းကို အခြေပြုပြီး ရေးဆွဲပြဋ္ဌာန်းထားတဲ့ နောက်အပိုဒ်တွေ နှိုင်းယှဉ်ကြည့်ပြီး၊ စိစစ်လိုက်ပါရင် ရှေ့နဲ့နောက် မကိုက်ညီသော တော်တော်များများ တွေ့ရပါလိမ့်မယ်။ ဒီအချက်အလက်တွေကိုတော့ ကျွန်တော်အထူးမဖေါ်ပြလိုပါဘူး။ ကျွန်တော်ထက် ဥပဒေကျွမ်းကျင်တဲ့ပုဂ္ဂိုလ်များ ပိုမိုသိရှိ နားလည်တော်မူကြပါတယ်။ အဲဒီလို ဥပဒေနိဒါန်းမှာ တရားမျှတခြင်း၊ ညီမျှခြင်း၊ လွတ်လပ်ခြင်းဆိုတဲ့ လောကပါလတရားတွေကို ထုတ်ဖေါ်ပြဋ္ဌာန်းထားလင့်တစား နောက်အပိုဒ်တွေမှာ ဒီတရားတွေရဲ့ အခြေခံနဲ့ ဆန့်ကျင်နေတဲ့ အကြောင်းရင်းဟာ ကျွန်တော်တို့အတွက် အထူးဝမ်းနည်းစရာတရပ်ဖြစ်ပါတယ်။ အခြေခံဥပဒေကို ပြန်လည်ပြင်ဆင်စေချင်တဲ့ ဆန္ဒပြင်းပြင်းပြပြ ပေါ်ပေါက်လာရတာလဲ ဒီအကြောင်းရင်းကြောင့်ဘဲ ဖြစ်ပါတယ်။

အခြေခံဥပဒေထဲက အကြောင်းပြချက်တချက်အနေနဲ့ ဖေါ်ပြရမယ်ဆိုရင် အခြေခံဥပဒေပုဒ်မ(၂၂၂)အရ၊ ပြည်မဟာ အခြားပြည်နယ်များနည်းတူ ပြည်ထောင်စုအဖွဲ့ဝင်တခုဖြစ်ပေမဲ့ အခြေခံဥပဒေပုဒ်မ(၈)အရ၊ အခြားသောပြည်နယ်များအပေါ်မှာ ပြည်ထောင်စုအနေနဲ့ စိုးမိုးအာဏာလွှမ်းလာလို့ ပြည်နယ်များဟာ တကယ်ဘဲ မကျေမနပ် ဖြစ်ခဲ့

ရပါတယ်။ အမှန်မှာ ဒီပုဒ်မရဲ့အတွင်း အနှစ်သာရဟာ ပြည်မဟာ နယ်တနယ်အဖြစ် ပြည်ထောင်စုအဖွဲ့ဝင်တဦးဖြစ်သင့်ပေမဲ့ ပြည်မဟာ ပြည်ထောင်စုအာဏာများ လက်ဝယ်ရရှိပြီး၊ အဲဒီအာဏာတွေနဲ့ ပြည်နယ်များအပေါ်မှာ စိုးမိုးလွှမ်းခြုံလာတယ်လို့ ပြည်နယ်များက ယုံကြည်ကြပါတယ်။

ဒါကြောင့် ကျွန်တော်က နောက်ဆုံးစတုတ္ထအချက်အနေနဲ့ ပြည်နယ်များရဲ့ ဆန္ဒကို ထုတ်ဖေါ်ရန် တာဝန်ရှိသည်နှင့်အညီ ကျွန်တော် တို့ လိုလားတောင်းတတဲ့ ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံ ပုံစံဟာ ပြည်နယ်တိုင်းဟာ တန်းတူရည်တူအခွင့်အရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပေါ် အခြေခံပြုတဲ့ ပြည်ထောင်စုစနစ်မျိုး ဖွဲ့စည်းရေး ဖြစ်ပါတယ်။ ဒီလိုတန်းတူရည်တူအပေါ် ဖွဲ့စည်းရေးကို အခြေခံတဲ့အခါမှာ ရသင့်သော ဒေသများကို ပြည်နယ်ဖွဲ့စည်းပေးပြီး၊ ပြည်မအတွက်လဲ ပြည်နယ် တနယ်ဖွဲ့စည်းမှသာ တန်းတူရေးအခြေခံဟာ အကောင်အထည် ပေါ်လာ ပါလိမ့်မယ်။ ဒါကြောင့် ပြည်နယ်များညီညွတ်ရေး အဖွဲ့ကိုယ်စား ကျွန်တော်တို့ လိုလားသောပြည်ထောင်စုစနစ်ဖွဲ့စည်းပုံ ပုံသဏ္ဍာန်ကို တင်ပြအစီရင် ခံရပါရင် ...

**(၁) ပြည်မကို ပြည်နယ်တနယ်ဖွဲ့စည်းရေး၊**

**(၂) လွှတ်တော်(၂)ရပ် အာဏာအတူပေးရေး၊**

**(၃) လူမျိုးစုလွှတ်တော်သို့ ပြည်နယ်တိုင်း၊ ပြည်နယ်တိုင်း တူညီသော ကိုယ်စားလှယ်ပေးရေး၊**

**(၄) ပြည်နယ်များက မိမိဆန္ဒအလျောက် လွှဲအပ်သော အာဏာများကို ပြည်ထောင်စုဗဟိုအစိုးရသို့ ကန့်သတ် ပေး၍ ကျန်အာဏာများကို ပြည်နယ်များတွင် ထားရှိရေး**ဆိုတဲ့ အခြေခံအပေါ် ပြည်နယ်များ ညီညွတ်

ရေးအဖွဲ့က တင်ပြထားတဲ့ ပြည်ထောင်စုစနစ်ပုံစံအတိုင်း
အခြေခံဥပဒေမျိုး ပြင်ဆင်စေခြင်းပါဘဲ။

လေးစားအပ်သော သဘာပတိကြီးနဲ့တကွ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးစများခင်ဗျား၊ ပြည်ထောင်စုကိုယ်စားလှယ်တော်များခင်ဗျား၊ ယခု ကျွန်တော်တင်ပြထားတဲ့ အဓိကအချက်ကြီး(၄)ချက်ဖြစ်တဲ့ (၁) ပြည်ထောင်စု ဖြစ်ပေါ်လာပုံ၊ (၂) ပြည်နယ်များလက်ရှိအခြေအနေ၊ (၃) လက်ရှိဖွဲ့စည်းအုပ် ချုပ်ပုံအခြေခံဥပဒေ၊ (၄) ပြည်ထောင်စုဖွဲ့စည်းရေးဆိုတာတွေကို အလေးအနက် စဉ်းစားဝေဖန်ပိုင်းခြားပြီး၊ ကျွန်တော်တို့ပြည်နယ်များအပေါ် မိသားစုစိတ်ဓါတ်နဲ့ ကြည့်ပြီး၊ ပြေလည်တဲ့အထိ ညှိနှိုင်းဆွေးနွေး ဖြေရှင်းကြစေလိုပါတယ်။

(၁၄)နှစ်ကျော်ကျော် ကြုံတွေ့ခံစားလာခဲ့ရတဲ့ ကျွန်တော်တို့ ပြည်နယ် များရဲ့ အခြေအနေတွေကိုလည်း သိစေလိုပါတယ်။ ကျွန်တော့်အနေနဲ့ အခုလို ပြည်နယ်များညီညွတ်ရေးအဖွဲ့ကိုယ်စား တင်ပြခွင့်ရရှိတာကိုလည်း အထူးဘဲ ကျေးဇူးတင်ဝမ်းမြောက်လှပါတယ်။ အခုကျွန်တော်တို့ရဲ့ တင်ပြချက်ဟာ လွတ်လပ်ရေး (၁၄)နှစ်တာ လမ်းခရီးရဲ့ အတွေ့အကြုံများအရ ဒီနေ့ လျော့နေတဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးကို ပြည်လည်ခိုင်မာစွာ တည်ဆောက်နိုင်ရန် အတွက် အထက်ပါမူအတိုင်း လုပ်ဆောင်နိုင်သော ဖြစ်မြောက်အောင်မြင် လိမ့်မယ်လို့ အလေးအနက် ယုံကြည်ပြီး တင်ပြရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် အခုလို ကျွန်တော်များ မိသားတစု၊ မိသားစုစုံလင် နီးနှော ဖလှယ်ပွဲကြီးထမြောက် အကောင်အထည်ဖေါ်ပေးတဲ့ ဝန်ကြီးချုပ်ဦးနုကို အထူး ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောပြရင်း ကျွန်တော်တို့ ပြည်ထောင်စုကြီးရဲ့ ပြဿနာကိုလည်း အထူးဘဲဖြေရှင်းပေးနိုင်ကြပါရန် တိုက်တွန်းနှိုးဆော် မေတ္တာ ရပ်ခံ၍ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲပါစေဟု ဆုတောင်းရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား …။

ပြည်နယ်များညီညွတ်ရေးအဖွဲ့ကိုယ်စား ရှမ်းပြည်ဝန်ကြီးစဝ်ခွန်ချို တင်ပြ ထားသော အဆိုကို –

(၁) ဒူးဝါးဇော်လွန်း ကချင်ပြည်နယ်ကိုယ်စားလှယ်ကေင်း၊

(၂) ဦးစိန် ကယားပြည်နယ်ကိုယ်စားလှယ်ကေင်း၊

(၃) ဦးထွန်းမြင့် ရှမ်းပြည်နယ်ကိုယ်စားလှယ်ကေင်း၊

(၄) ကပ္ပတိန် မန်းတုံးနုံး ချင်းအထူးဝိသေသတိုင်းကိုယ်စားလှယ်ကေင်း အသီးသီးထောက်ခံ ဆွေးနွေးကြသည်။

မြန်မာနိုင်ငံလူမျိုးစုံ ပြည်ထောင်စုနီးနှောဖလှယ်ပွဲကြီးကို ဒုတိယနေ့အဖြစ် မတ်လ(၁)ရက်နေ့တွင် ဆက်လက် ကျင်းပသွားရန် သတ်မှတ်လိုက်သည်။

[၁] (ဝန်ကြီးစဝ်ခွန်ချို မိန့်ခွန်း)

# အခန်း (၁၇)

## ဗိုလ်ချုပ်နေဝင်းအာဏာသိမ်းပြီ

☆ သမ္မတကြီး ဦးသိန်းစိန်

☆ ဒေါ်အောင်ဆန်းစုကြည်

☆ မြန်မာပြည်သူများနှင့် လူမျိုးစုပြည်သူများ

ဒုတိယနေ့ နိုင်ငံတော်ဖလှယ်ပွဲကြီးတွင် အတိုက်အခံပါတီများဖြစ်ကြသော (ဖဆပလ)အဖွဲ့ချုပ်နှင့် (ပမညတ)အဖွဲ့၏ သဘောထားများ တင်ပြပြီးသည်နောက် (၁) ရပလဖ၊ (၂) ပထစအဖွဲ့ကိုယ်စားလှယ် တဦးစီနှင့် အတိုင်ပင်ခံအဖွဲ့ကိုယ်စား ဒေါက်တာဦးဘဦးဆွေးနွေးရန်နှင့် နိုင်ငံတော်ဖလှယ်ပွဲကြီး တတိယနေ့အဖြစ် မတ်လ(၇)ရက်နေ့တွင် ဆက်လက်ကျင်းပရန် သတ်မှတ်လိုက်သည်။

ကိုယ်စားလှယ်များအားလုံး ဆွေးနွေးပြီးသည့်အခါ ဝန်ကြီးချုပ်ဦးနုနာယကအဖြစ်ဦးဆောင်ပြီး (၁) ပြည်နယ်များ ညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ (၆)ဦး၊ (၂) မဒညတကိုယ်စားလှယ်မှ (၃)ဦး၊ (၃) ဖဆပလ ကိုယ်စားလှယ်မှ (၃)ဦး၊ (၄) ရပလဖကိုယ်စားလှယ်မှ (၃)ဦး၊ (၅) ပထစကိုယ်စားလှယ်မှ (၃)ဦးနှင့် အစိုးရ အတိုင်ပင်ခံအဖွဲ့ဝင် လူကြီးများပါဝင်သော ကော်မတီတခုကိုလည်း ဖွဲ့စည်းသွားရန် သတ်မှတ်လိုက်သည်။

ဒုတိယနေ့အဖြစ် ပြည်နယ်ပေါင်းစုံညီလာခံကို မတ်လ(၁)ရက်နေ့၊ ညဥ့်၌ ပြည်လမ်းရှိ အသံလွှင့်ရုံတွင် ကျင်းပသည်။ ထိုအစည်းအဝေးသို့ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ ကျွန်တော်တဦးတည်း တက်ရောက်ပါသည်။ အခမ်းအနားတွင် အုန်းနို့ခေါက်ဆွဲဖြင့် ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးသည်။ ထိုနေ့ည၏ နှောင်းပိုင်း ညဥ့်သန်းခေါင်ကျော်လျှင် အာဏာသိမ်းမည်ကို

သမတလည်းမသိ၊ ဝန်ကြီးချုပ်လည်း မသိရှာပဲ အာဏာသိမ်းမည့် ဗိုလ်ချုပ်နေဝင်းသာသိလေသည်။ ယင်းသို့ မတ်လ(၂)ရက်နေ့ အကူးတွင် ဗိုလ်ချုပ်နေဝင်းက အာဏာသိမ်းလိုက်သောကြောင့် မတ်လ(၇)ရက်နေ့၊ တတိယနေ့သို့ ဆက်ရန်မလိုတော့ချေ။

အာဏာသိမ်းသည့်မတ်လ(၁)ရက်နေ့ညတွင် အသက်သေဆုံးသူများမှာ သမ္မတဟောင်းနှင့် ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်၏ သားတော်အမတ် (စဝ်မိမိ)နှင့် မတ်လ(၁)ရက်နေ့တွင် တောင်ကြီးမှ သီပေါသို့ ပြန်လာသော သီပေါစော်ဘွား(စဝ်ကြာဆိုင်)မှာ ဇထူးမြို့အရောက်၌ စစ်တပ်၏ ဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံလိုက်ရလေသည်။

ဗိုလ်ချုပ်နေဝင်း (၁၉၆၂)ခု၊ မတ်လ(၂)ရက်နေ့တွင် အာဏာသိမ်းစဉ်က သမ္မတကြီးမန်းဝင်းမောင်၊ ဝန်ကြီးချုပ်ဦးနု၊ ဝန်ကြီး[၁]များဖြစ်သော သခင်တင်၊ ဒေါက်တာဦးဧမောင်၊ ဦးရာရှစ်၊ ဦးဘစော၊ သခင်တင်မောင်၊ ဦးသွင်၊ ရှမ်းပြည်ဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီး စဝ်ခွန်ချို၊ သမ္မတဟောင်းညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်၊ ကယားပြည်ဝန်ကြီးစဝ်ဝဏ္ဏ၊ ဒေါက်တာစောလှထွန်း၊ ဦးဘမြင့်၊ နိုင်အောင်ထွန်း၊ တရားသူကြီး ချုပ်ဦးမြင့်သိန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမန်းဘဆိုင်၊ လူမျိုးစုလွှတ်တော်ဥက္ကဋ္ဌစဝ်ခွန်ကြည်၊ မိုးနဲစော်ဘွားစဝ်ပြည်၊ လဲခြားစော်ဘွားစဝ်နွံ၊ သမိုင်းခမ်းစော်ဘွား စဝ်ထွန်းအေး၊ ကျိုင်းတုံစော်ဘွားစဝ်ဆိုင်းလုံ၊ မိုင်းလွန်းစော်ဘွား စဝ်ခွန်ကိုး၊ မိုင်းခွန်စော်ဘွား စဝ်ကြည်၊ ကျေးသီးမန်းစံစော်ဘွား စဝ်ရွှေမုံ၊ ဘော်စော်ဘွား စဝ်ခွန်အောင်၊ လွိုင်လုံစော်ဘွား စဝ်မိုးကျော်၊ ပင်တယစော်ဘွား စဝ်ဝင်းကြည်၊ ရွာငံစော်ဘွား စဝ်ခွန်ရီ၊ မိုင်းပန်စော်ဘွား စဝ်ရွှေကြည်၊ စကားစော်ဘွား စဝ်ခွန်ညွန့်၊ မိုင်းလွန်စော်ဘွား စဝ်မန်လစ်၊ စဝ်ခွန်ထီး၊ စဝ်မန်ဖ(သိန္နီမြောက်ပိုင်းအမတ်) စဝ်အောင်ဖူး (လွိုင်လင်အရှေ့ပိုင်းအမတ်)၊ ဦးရီရောင်း (ကျိုင်တုံမြောက်ပိုင်း အမတ်)၊ ဦးခွန်နော်(ကျိုင်တုံမြောက်ပိုင်းအမတ်)၊ ဦးဖြူ(မိုင်းပွန်အမတ်)၊ ဦးကျော်စိန် (သမိုင်းခမ်းအမတ်)၊ ဦးလွန်း (စကားအမတ်)၊ ဦးအမ်ဇော်လ(ကွတ်ခိုင်အမတ်)၊ ဦးစိန်(ကယား)၊ ဦးထွန်းဖြင့်(တောင်ကြီး)၊ ဦးကြာပု၊ ဦးမြတ်ဖူး၊ ဦးစိုးမောင်၊

ဦးချစ်ဦး၊ ဦးသန်းတင်၊ ဦးတင်အောင် စုစုပေါင်း (၅၁)ဦးတို့ကို ဖမ်းဆီးခဲ့သည်။

ထိုနေ့က အဖမ်းမခံရသော ပုဂ္ဂိုလ်နှစ်ဦးမှာ ငပလီကမ်းခြေအပမ်းဖြေစခန်းသို့ ရောက်နေသော ဗိုလ်မှူးအောင်နှင့်သမ္မတအဖြစ်ရွေးချယ်ရန် လျာထားပြီးသော ဆမားဒူးဝါးဆင်ဝါးနောင်တို့ ဖြစ်ကြသည်။ ဆမားဒူးဝါးဆင်ဝါးနောင်မှာ မြစ်ကြီးနားခရိုင်အတွင်းရှိ ရွာတရွာသို့ ရောက်ရှိနေသောကြောင့် ဖြစ်သည်။ အဖမ်းခံရသော ခေါင်းဆောင်ကြီးများသည် ညှင်းပန်းနှိပ်စက်မှုခံရသဖြင့် ထောင်ထဲတွင်ပင် အများအပြား သေဆုံးသွားကြသည်။

ယင်းစစ်တပ်အာဏာသိမ်းယူသည့် မတ်လ(၂)ရက်၊ နံနက်(၄)နာရီအချိန်တွင် စစ်တပ်သည် သမ္မတဟောင်းညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်နေထိုင်သည့် နေအိမ်ဝိုင်းခြံကို ဖေါက်ဝင်ပြီး လေးဘက်လေးတန်မှ စပစ်ခတ်သဖြင့် စော်ဘွားကြီးသားတော်၊ သားလတ်စဝ်မိမိ(၁၇)နှစ် ကျဆုံးသွားသည်။

(၁) *(ပင်လုံစိတ်ဓါတ်ရှင်သန်ဖေါ်ဆောင်ရေး = စဝ်မာကိုဘန်း)*

# ပြည်နယ်များညီညွတ်ရေးအစည်းအဝေးတွင် ဦးထွန်းမြင့်(တောင်ကြီး) တင်သွင်းသောစာတန်း

## ကျွန်တော်တို့ လိုလားသောပြည်ထောင်စုစနစ်

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ကြရာ၌ "မူ"ကို မပျက်စီးစေဘဲ ပြင်ဆင်ကြရမည်ဟု အစိုးရက စည်းကမ်းသတ်[၁] မှတ်ထားသည့်အတွက် ထို"မူ"နှင့်ပတ်သက်၍ ပြဿနာပေါ်ခဲ့သည်။ အခြေခံဥပဒေ၏ "မူ"ဆိုတာ ဘာလဲဟုမေးကြမြန်းကြသည်၊ ဥပဒေပါရဂူတဦးက မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ "မူ"ဟာ ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရေးဘဲ ဖြစ်သည်ဟု

အဖြေပေးသည်။ အချို့က အခြေခံဥပဒေ၏ နိဒါန်းသည် အခြေခံဥပဒေ၏ "မူ"ပင် ဖြစ်သည်ဟု ပြောကြသည်။

အထက်ပါတို့မှာ ပြဿနာအဖြေအပြည့်အစုံမဟုတ်၊ အစိတ်အပိုင်းသာ ဖြစ်သည်ဟု ကျွန်တော်ယူဆသည်။

(၁၉၄၇)ခုနှစ်၊ ဇွန်လ(၁၆)ရက်နေ့ တိုင်းပြည်ပြုလွှတ်တော်ညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းတင်သွင်းသည့် လမ်းညွှန်ပြဋ္ဌာန်းချက်အဆိုတွင် ပါရှိသော အချက်(၇)ချက်သည်သာ အခြေခံဥပဒေ၏ "မူ" များဖြစ်ပါသည်။

## ပြည်ထောင်စုသဘောတရား

လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ထိုမူ(၇)ချက်နှင့်အညီအညွတ် ရေးဆွဲထားကြောင်း ဦးနုက တိုင်းပြည်ပြုလွှတ်တော်ညီလာခံတွင် ရှင်းလင်းခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် အခြေခံဥပဒေမူနှင့်ပတ်သက်၍ ကျွန်တော်တို့သည် အငြင်းပွားနေစရာ၊ စိတ်တွင် စနိုးစနောင့်ဖြစ်နေစရာ မလိုတော့ပေ။

လက်ရှိအခြေခံဥပဒေကို ကျွန်တော်တို့ လိုလားသောပြည်ထောင်စု စနစ်သို့ ပြင်ဆင်ပြောင်းလဲရာ၌ ဗိုလ်ချုပ်အောင်ဆန်းချပေးခဲ့သော အခြေခံ "မူ"များနှင့်ဆန့်ကျင်စရာ ထိခိုက်စရာဟု ကျွန်တော်ယူဆပါသည်။

(Constitution)ကို မြန်မာဘာသာဖြင့် "နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ"ဟု ခေါ်ဝေါ်ထားရာ အဓိပ္ပါယ်အပြည့် အဝဖော်ပြထားပြီးဖြစ်သည်။ နိုင်ငံတော်အား ဘယ်လိုပုံစံဖြင့် ဖွဲ့စည်း၍ "မူ"၊ ဘယ်လို"စည်းမျဉ်း"ဖြင့် အုပ်ချုပ်မည်စသည်တို့ကို ရေးဆွဲထားသော အခြေခံဥပဒေသည် (Constitution) ပင် ဖြစ်သည်။

မစ္စတာအော်စတင်က အခြေခံဥပဒေသည် အစိုးရအဆောက်အအုံကို တည်ဆောက်ပေးသည်ဟုဆိုသည်။ မစ္စတာဒီစေးကမူ နိုင်ငံ၏အချုပ်အခြာ အာဏာများကို ခွဲဝေရာတွင်၎င်း၊ လက်တွေ့ကျင့်သုံးရာတွင်၎င်း တိုက်ရိုက်

သို့တည်းမဟုတ် သွယ်ဝိုက်၍ သက်ဆိုင်စေသော စည်းကမ်းဥပဒေအားလုံးကို အခြေခံ ဥပဒေဟုခေါ်ကြောင်း အဓိပ္ပါယ်ဖေါ်ပြထား၏။

ကမ္ဘာ့ဥပဒေပညာရှင်များ၏ အဓိပ္ပါယ်ဖေါ်ပြချက်မှာ ကျွန်တော်တို့လို လူပြိန်းများအဖို့ သိနားလည်ရန် ခက်ခဲပါသည်။ မြန်မာအခေါ်အဝေါ်သည်သာ ဖတ်လိုက်ရုံဖြင့် အဓိပ္ပါယ်အလုံးစုံကို ငုံမိသွားသည်၊ သိနားလည် သွားစေသည်ဟု ကျွန်တော်ယူဆပါသည်။ ရှေးခေါ်မပညာရှင်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်ကို စိုးမိုးအုပ်ချုပ်သူ အရေအတွက်အပေါ်မူတည်၍ ခွဲခြားကြသည်။ အချုပ်အခြာ အာဏာသည် လူတဦးတယောက်ထံတွင် ထားရှိလျှင် ဧကရာဇ်စနစ် (Monarchy)ဟု ခေါ်တွင်ကြပြီး၊ လူတစုထံတွင် ထားရှိလျှင် အရစ္စတိုကရေစီ (Aristocracy)ဟု ခေါ်တွင်ကြသည်။ လူများစုတွင် အချုပ်အခြာအာဏာ အပ်နှံထားသောစနစ်ကို ပေါ်လီတီ သို့မဟုတ် ဒီမိုကရေစီဟု ခေါ်တွင်ကြသည်။ ဧကရာဇ်စနစ်နှင့် အရစ္စတိုကရေစီတို့သည် ကမ္ဘာမြေပြင်မှာ တဖြည်းဖြည်း တိမ်ကောပပျောက်ခဲ့ပြီး ဖြစ်သည်။

မျက်မှောက်ခေတ် ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်များတွင် ဒီမိုကရေစီနှင့်အာဏာ ရှင်စနစ် (၂)မျိုးသာ တွေ့နိုင်ပေတော့သည်။ ဒီမိုကရေစီစနစ်သည်လည်း တိုင်းပြည်တပြည်နှင့်တပြည် မတူကွဲပြားခြားနားကြသည်။ ဒီမိုကရေစီအမျိုးမျိုး အမည်နာမအမျိုးမျိုးဖြင့် ခေါ်တွင်ကြသည်။ ဥပမာ – ဆိုဗီယက်ဒီမိုကရေစီ၊ ပြည်သူ့ဒီမိုကရေစီ၊ ဒီမိုကရေစီသစ်၊ ဆိုရှယ်လစ်ဒီမိုကရေစီ၊ အနောက်တိုင်း ဒီမိုကရေစီ၊ မကြာမီက အင်ဒိုနီးရှား သမ္မတဆူကာနိုက (Guided Democracy) ပဲ့ကိုင်ဒီမိုကရေစီဟု ထွင်လိုက်ပြန်သည်။

အာဏာရှင်စနစ်တွင်လည်း လူတန်းစားပေါ်တွင် အခြေခံ၍ ဖက်ဆစ် အာဏာရှင်စနစ်၊ ပစ္စည်းမဲ့အာဏာရှင်စနစ်၊ ပြည်သူ့ဒီမိုကရေစီအာဏာရှင် စနစ်ဟူ၍ ကွဲပြားလေသည်။ မကြာသေးမီက အချို့နိုင်ငံများတွင် စစ်အာဏာ ရှင်စနစ်သည် ခေတ်စားလာသည်။

## ဒီမိုကရေစီဆိုတာ

အချုပ်အခြာအာဏာသည် ပြည်သူပြည်သားများထံတွင် တည်ရှိလျှင် သာမန်အားဖြင့် ဒီမိုကရေစီဟူ၍ နားလည်ကြသည်။ သို့ရာတွင် အရွယ်ရောက်သူတိုင်း မဲဆန္ဒပေး၍ အစိုးရအဖွဲ့အား ရွေးကောက် တင်မြှောက်ခွင့်ရခြင်းအားဖြင့် ဒီမိုကရေစီသည် ပြည့်ဝပြီဟု မယူဆနိုင်သေးပေ၊ ရွေးကောက်တင်မြှောက်ထားသော အစိုးရအဖွဲ့အား ပြည်သူပြည်သားများက တနည်းနည်းဖြင့် ပြန်လည်ချုပ်ကိုင်ထားနိုင်မှ ဒီမိုကရေစီသည် ပြည့်စုံသည်ဟု ဆိုနိုင်လေသည်။

ဒီမိုကရေစီကို လက်တွေ့ကျင့်သုံးရာ၌ ဒီမိုကရေစီနိုင်ငံဟူ၍ ခေါ်တွင်သော နိုင်ငံများတွင်ပင် တနိုင်ငံနှင့်တနိုင်ငံ တူညီမှုမရှိကြချေ။ အင်္ဂလန်တွင် ကျင့်သုံးသော ဒီမိုကရေစီသည် အမေရိကန်တွင် ကျင့်သုံးသော ဒီမိုကရေစီနှင့် ခြားနားသည်။ ထိုနည်းတူစွာ ကမ္ဘာပေါ်တွင် ဒီမိုကရေစီအပြည့်အစုံဆုံးဆိုသည့် ဆွစ်ဇာလန် နိုင်ငံတွင် ကျင့်သုံးသည့် ဒီမိုကရေစီမှာ အင်္ဂလန်၊ အမေရိကန်တို့တွင် ကျင့်သုံးသည့် ဒီမိုကရေစီနှင့်မတူခြားနားပြန်သည်။

တဖန်အင်္ဂလန်၊ ပြင်သစ်၊ အမေရိကန်၊ ဆွစ်ဇာလန်အစရှိသည့် အနောက်ဒီမိုကရေစီနိုင်ငံများတွင် ကျင့်သုံးသည့် ဒီမိုကရေစီနှင့်အရှေ့ဒီမိုကရေစီဟုခေါ်သည့် ဆိုဗီယက်ယူနီယံနှင့် ပြည်သူ့ဒီမိုကရေစီနိုင်ငံများတွင် ကျင့်သုံးသည့် ဒီမိုကရစီနှင့် အခြေခံအားဖြင့် ခြားနားပြန်သည်။

## ဒီမိုကရေစီဖွဲ့စည်းပုံစနစ်

ဒီမိုကရေစီအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော အုပ်ချုပ်ပုံစနစ်များတွင် (Federal)ခေါ် ပြည်ထောင်စုစနစ်နှင့်(Unitary)ခေါ် တပြည်ထောင်စံနစ်(ဝါ) အစိုးရတဖွဲ့တည်းဟူ၍ (၂)မျိုး (၂)စား ရှိကြသည်။

ဆိုဗီယက်ယူနီယံ၊ အမေရိကန်ပြည်ထောင်စု၊ ဆွစ်ဇာလန်၊ ကနေဒါ၊ ယူဂိုဆလားဗီးယား၊ ဩစတြေးလီးယားအစရှိသည့် နိုင်ငံများမှာ ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းထားကြသည်။ ဗြိတိန်၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ချက်ကို

ဆလိုဗေးလီးယား၊ အီတလီ၊ တရုတ် ပြည်စသည်တို့မှာ တပြည်ထောင်စံနစ် (ဝါ) အစိုးရ တဖွဲ့စံနစ်ဖြင့် ဖွဲ့စည်းထားကြသည်။

## ပြည်ထောင်စုစံနစ်

ပြည်ထောင်စုစံနစ်ဆိုသည်မှာ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံများ၊ တန်းတူရည်တူ ဆန္ဒအလျောက် ပူးပေါင်းဖွဲ့စည်းကာ ဗဟိုပြည်ထောင် စုနှင့်ပြည်နယ်များအကြောင်း အာဏာနှင့်အခွင့်အရေးများ အတိအကျ ခွဲဝေပေး ထားသော စံနစ်ဖြစ်သည်။

ပထဝီအနေအထားခြားနားမှုကြောင့်၎င်း၊ နိုင်ငံရေး၊ စီးပွားရေးအကျိုး မတူညီမှုကြောင့်၎င်း၊ လူမျိုးရေးကွဲပြားခြားနားမှုကြောင့်၎င်း ပြည်ထောင်စုစံနစ်ကို ရွေးချယ်ဖွဲ့စည်းကြသည်။

ပြည်ထောင်စုစံနစ်တွင် ပါဝင်ဖွဲ့စည်းသော ပြည်နယ်များ၏ လူဦးရေ အနည်းအများ၊ နယ်အကျယ်အဝန်းစသည်တို့သည် တန်းတူညီမျှမှုအတွက် အတားအဆီးဖြစ်စရာ အကြောင်းမရှိချေ။

ကျွန်တော်တို့ ရှမ်းပြည်တွင် ဗမာသည် လူဦးရေများပြား၍ ဗမာနှင့် ပေါင်းလျှင် အစဉ်အမြဲ နစ်နာနေမည်ဟု ယူဆသူများရှိဘိသကဲ့သို့ မြန်မာပြည် တွင်လည်း နယ်စပ်ဒေသပြည်နယ်များတွင် လူဦးရေအလွန်နည်းသဖြင့် ဗမာနှင့် တန်းတူအခွင့်အရေး မပေးထိုက်ဟု ယူဆသူများရှိကြသည်။

အမေရိကန်ပြည်ထောင်စုတွင် နီဗားဒါးပြည်နယ်သည် လူဦးရေတသန်း ပိုပိုသာ ရှိသည်။ ဝိုင်ယိုမင်းနှင့် ဒဲလားဝဲယားတွင် နှစ်သိန်းခွဲစီသာ ရှိကြသည်။ နယူးယောက်ပြည်နယ်မှာ (၁၃)သန်းခွဲရှိသည်။

## အာဏာခွဲဝေနည်း

ဆွစ်ဇာလန်ပြည်ထောင်စုတွင်လည်း (CANTON)ခေါ် ပြည်နယ်(၂၂)ခု ရှိသည့်အနက် ဇူးရစ်နှင့်ဘန်း ပြည်နယ်များမှာ နယ်ကြီးများဖြစ်ပြီး ဗေးလေးမှာ နယ်ငယ်ကလေးသာဖြစ်သည်။

ဆိုဗီယက်ပြည်ထောင်စုတွင်လည်း ရုရှားပြည်နယ်စုသမ္မတနိုင်ငံသည် အလွန်ကြီးမားပြီး အက်စတိုးနီး ယားသမ္မတနိုင်ငံမှာ အလွန်သေးငယ်ပါသည်။

ပြည်နယ်အကြီးအငယ်၊ လူဦးရေအနည်းအများမှာ ပြည်ထောင်စုစံနစ် ဖွဲ့စည်းရေးတွင် အရေးမကြီးပါ။ ဗဟိုပြည်ထောင်စုအစိုးရနှင့်ပြည်နယ်အစိုးရ အကြား အာဏာနှင့်အခွင့်အရေးများ မျှမျှတတခွဲဝေမှုသာလျှင် အရေးကြီး ပါသည်။

ပြည်ထောင်စုစံနစ်တွင် အာဏာနှင့်အခွင့်အရေးခွဲဝေပုံ ခွဲဝေနည်းမှာ (၃)မျိုး (၃)စားရှိသည်။

(၁) ပြည်ထောင်စုစစ်စစ်နိုင်ငံများတွင် (Extreme type of federal system)ဗဟိုပြည်ထောင်စုအား အများနှင့်ဆိုင်သော အာဏာနှင့် အခွင့်အရေးများသာ ပေးထားပြီး ကျန်အာဏာနှင့်အခွင့်အရေး များအားလုံး (Residual Powers)ကို ပြည်နယ်များတွင် အပ်နှင်းထားသည်။

(၂) ပြည်ထောင်စုမစစ်တစစ်နိုင်ငံများ၊ တနည်းအားဖြင့် ပြည်ထောင်စု အပျော့စားနိုင်ငံများတွင် (Weak type of federal system) ပြည်နယ်များအား အသင့်အတင့် အာဏာနှင့်အခွင့်အရေးများ ခွဲဝေပေးပြီး ကျန်အာဏာနှင့်အခွင့် အရေးအားလုံးကို ဗဟိုပြည်ထောင်စုက သိမ်းပိုက်ထား သည်။

ဥပမာ = ကနေဒါ၊ တောင်အာဖရိကပြည်ထောင်စု၊ ပြည်ထောင် စုမြန်မာနိုင်ငံ။

(၃) ဗဟိုပြည်ထောင်စုအတွက် သီးသန့်အာဏာများနှင့် ပြည်နယ်များအတွက် သီးသန့်အာဏာ များဟူ၍ ခွဲခြားသတ်မှတ်ထားသည်သာမက ဗဟိုပြည်ထောင်စုရော ပြည်နယ်များပါ ဆောင်ရွက်နိုင်သည့် အာဏာများ(Concurrent Powers)ဟူ၍ သတ်မှတ်ထားသည်။

ဥပမာ = ဆိုဗီယက်ပြည်ထောင်စု၊ ယူဂိုဆလားဗီးယား။

ယင်းသို့ (၃)မျိုး (၃)စားအာဏာနှင့်အခွင့်အရေးများ ခွဲဝေကြသော်လည်း မည်သည့်အမျိုးအစား ပြည်ထောင်စုဘဲဖြစ်ဖြစ် ပြည်နယ်များအတွက် ခွဲဝေထားသော အာဏာနှင့်အခွင့်အရေးများကို ဗဟိုပြည်ထောင်စုမှ ဝင်ရောက်စွက်ဖက်ခွင့် မရှိချေ။ တနည်းအားဖြင့် ပြည်နယ်များ၏ ပြည်တွင်းရေးကိစ္စများကို ဝင်ရောက်ချယ်လှယ်ခွင့် မရှိချေ။ တနည်းအားဖြင့် ပြည်နယ်များသည် လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိကြသည်။

သဘောတရားအားဖြင့် ပြည်ထောင်စုစံနစ်တွင် ပြည်နယ်များသည် ကိုယ်ပိုင်အုပ်ချုပ်ရေး(Complete Autonomy) ရရှိကြသည်ဆိုသော်လည်း ပြည်ထောင်စုမစစ်တစစ်စံနစ် (ဝါ) ပြည်ထောင်စုအပျော့စားစံနစ်တွင် ပြည်နယ်များသည် အခွင့်အာဏာများ အလွန်နည်းပါးပြီး၊ အင်အားနည်းလွန်းသည့်အတွက် ပြည်နယ်အဆင့်မှ ပဏ္ဏာဆက်နိုင်ငံ(Vassal State)အဖြစ်သို့၎င်း၊ လက်အောက်ခံနယ်ပယ်(Province)အဆင့်သို့၎င်း ကျရောက်ကုန်ကြသည်။

ဥပမာ = ကနေဒါ၊ မြန်မာ၊ တောင်အာဖရိက၊

ပြည်ထောင်စုစံနစ်ဆိုသည့်အတိုင်း သီးခြားပြည်ထောင်များစုပေါင်းထားရာ ပြည်ထောင်စုအစိုးရဟူ၍၎င်း၊ ပြည်နယ်အစိုးရဟူ၍၎င်း၊ ပြည်ထောင်စုပါလီမန်ဟူ၍၎င်း၊ ပြည်နယ်ပါလီမန်ဟူ၍၎င်း၊ ပြည်ထောင်စုတရားရုံးဟူ၍၎င်း၊ ပြည်နယ်တရားရုံးဟူ၍၎င်း သီးခြားစီ ရှိကြရလေသည်။

ပြည်နယ်များသည် ယင်းကဲ့သို့ သီးခြားအစိုးရ(အုပ်ချုပ်ရေး)၊ သီးခြားပါလီမန်(ဥပဒေပြုရေး)၊ သီးခြားတရားရုံး (တရားစီရင်ရေး)များထားရှိပြီး လုံးဝ

ကိုယ်ပိုင်အုပ်ချုပ်ရေး ရှိခြင်းသည်ပင် ပြည်ထောင်စုစံနစ်၏ အဓိကအနှစ်သာရ ဖြစ်ပေသည်။

## ပြည်ထောင်စုပါလီမန်

ပြည်ထောင်စုပါလီမန်များတွင် လွှတ်တော်(၂)ရပ်ပါဝင်ကြစမြဲဖြစ်သည်။ ထိုလွှတ်တော်(၂)ရပ်ကို တိုင်းပြည်အမျိုးမျိုးတွင် အမည်နာမအမျိုးမျိုးဖြင့် ခေါ်တွင်ကြသည်။ လွယ်ကူစေရန် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ဟူ၍ပင် ခေါ်ဝေါ်ကြပါစို့။

အောက်လွှတ်တော်ကို လူဦးရေးပေါ် အခြေတည်၍ ရွေးကောက်တင်မြှောက်ကြသည်။ (Proportional Representation) ပြည်နယ်များသည် လူဦးရေအချိုးအစားအလိုက် အမတ်ဦးရေးစေလွှတ်ခွင့်ရကြသည်၊ အထက်လွှတ်တော်သည် ပြည်နယ်များ ကြီးသည်–ငယ်သည်မဟူ၊ တူညီသော အမတ်ဦးရေ စေလွှတ်ကြသည်။ အထက်လွှတ်တော်သည် ပြည်နယ်ကြီးက ပြည်နယ်ငယ်များအားကြီးနိုင်ငယ်ညှဉ်းဆဲမျိုး မရှိစေရန် အောက်လွှတ်တော်အား မဲတင်းပေးရန်အတွက် ဖွဲ့စည်းခြင်းဖြစ်သည်။ တနည်းအားဖြင့် ပြည်နယ်များအား ကာကွယ်ရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ထို့ကြောင့် လွှတ်တော်(၂)ရပ်ကို သဘောတရားအားဖြင့် တန်းတူရည်တူ အခွင့်အာဏာတူထားကြသည်။ သို့ရာတွင် လက်တွေ့အားဖြင့် လွှတ်တော်(၂)ရပ်သည် အခွင့်အာဏာချင်းမတူကြပေ။

အမေရိကန်ပြည်ထောင်စုတွင် အထက်လွှတ်တော်သည် အောက်လွှတ်တော်ထက်ပို၍ အခွင့်အာဏာရှိသည်။ ပို၍ဂုဏ်ရှိသည်။ အောက်လွှတ်တော်အမတ်များသည် တနေ့တွင် အထက်လွှတ်တော်အမတ်ဖြစ်စေရန် မျှော်မှန်းကြသည်။

ဆိုဗီယက်ယူနီယံနှင့်ဆွစ်ဇာလန်တွင် သဘောတရားရော လက်တွေ့ပါ လွှတ်တော်(၂)ရပ်သည် တန်းတူရည်တူရှိကြသည်။ တူညီသောအခွင့်အာဏာရှိ ကြသည်။

ကျန်ရှိသော ပြည်ထောင်စုများ(ကနေဒါ၊ ချက်ကိုစလိုဗားကီးယား၊ တောင် အာဖရိက၊ မြန်မာနိုင်ငံ)တွင် အောက်လွှတ်တော်သည် အထက်လွှတ်တော်ထက် အာဏာပို၍ရှိသည်။ အခြေခံဥပဒေတွင် ငွေဥပဒေကြမ်းများ အောက်လွှတ်တော် တွင်သာ စတင်တင်သွင်းရမည်ဟု ပြဋ္ဌာန်းထားသည်။ မြန်မာနိုင်ငံအခြေခံ ဥပဒေတွင် ထိုထက်ကဲ၍ ပြည်ထောင်စုအစိုးရသည် အောက်လွှတ်တော်ကိုသာ တာဝန်ခံကြောင်း ပြဋ္ဌာန်းထားသည်။

အထက်လွှတ်တော်သို့ အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ်တနယ် လျှင် အမတ်(၂)ဦးစီရင်း၊ ကနေဒါပြည်ထောင်စုတွင် အမတ်(၂၄)ဦးစီရင်း၊ ဆွစ်ဇာလန်ပြည်ထောင်စုတွင် အမတ်(၂)ဦးစီရင်း၊ ချက်ကိုစလိုဗားကီးယား ပြည်ထောင်စုတွင် အမတ်(၆)ဦးစီရင်း၊ တောင်အာဖရိကပြည်ထောင်စုတွင် အမတ်(၈)ဦးစီရင်း အသီးသီးစေလွှတ်ခွင့်ရှိကြသည်။

မြန်မာပြည်တွင် (မူ)နှင့် အချိုးအစားမရှိပေ။

## ပြည်ထောင်စုအစိုးရ

ပြည်ထောင်စုအစိုးတွင် သမ္မတအား အာဏာအလုံးစုံ အပ်နှင်းသော အစိုးရနှင့် ပါလီမန်အား အာဏာအပ်နှင်းသော အစိုးရဟူ၍ (၂)မျိုး (၂)စား ရှိသည်။

အမေရိကန်ပြည်ထောင်စုအစိုးရသည် သမ္မတအား အာဏာအပ်နှင်း သော အစိုးရအမျိုးအစားဖြစ်ပြီး၊ အခြားပြည်ထောင်စုအစိုးရများသည် ပါလီမန်အား အာဏာအပ်နှင်းသောအစိုးရအမျိုးအစားဖြစ်ကြသည်။

အမေရိကန်ပြည်ထောင်စုသမ္မတရွေးကောက်ပုံ ရွေးကောက်နည်းမှာ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံနှင့်မှမတူ တမူခြားပေသည်။ အမေရိကန် သမ္မတရွေးကောက်ပုံ ရွေးကောက်နည်းကိုရှေ့တွင် အမေရိကန်ပြည်ထောင်စု အကြောင်း လေ့လာသည့်အခါ အကျယ်ဖော်ပြပါဦးမည်။

အမေရိကန်သမ္မတသည် ပြည်ထောင်စုပါလီမန်လွှတ်တော်တရပ်ရပ်၏ အမတ်ဖြစ်ရန်မလို၊ တိုင်းသူ ပြည်သားက တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ သမ္မတသည် မိမိ၏အစိုးရအဖွဲ့ကို မိမိစိတ်ကြိုက်အတိုင်း အမတ်မဟုတ်သူများ ထဲမှ ခန့်အပ်ထားသည်။ သမ္မတအစိုးရသည် ပါလီမန်အား တာဝန်မခံပေ။ ပါလီမန်၏ ဥပဒေကြမ်းနှင့်ပြဌာန်းချက်များကို ပယ်ချရန် သမ္မတတွင် ဗီတိုအာဏာ ရှိလေသည်။ သမ္မတက ဗီတိုအာဏာဖြင့် ပယ်ချလိုက်သော ဥပဒေကြမ်းများကို လွှတ်တော်(၂)ရပ်က (၃)ပုံ (၂)ပုံမဲဖြင့် ပြန်၍ ဆုံးဖြတ်လျှင် သမ္မတက သဘော မတူသော်လည်း အတည်ဖြစ်လေသည်။ ဤနည်းဖြင့် သမ္မတအာဏာကို ပါလီမန်က သိမ်းကွပ်ထားသည်။ အခြားပြည်ထောင်စုအစိုးရများသည် ပါလီမန် အား အာဏာအပ်နှင်းသော အစိုးရများဖြစ်သည်။ အစိုးရအဖွဲ့သည် ပါလီမန်အား တာဝန်ခံရသည်။ တနည်းအားဖြင့် အစိုးရအဖွဲ့သည် ပါလီမန်၏ အာဏာ အောက်တွင်ရှိသည်။ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများသည် ပါလီမန်အမတ်များ ဖြစ်ရသည်။ ပါလီမန်တွင် မဲဆန္ဒအများစု၏ ထောက်ခံမှုရမှသာ အစိုးရအဖွဲ့သည် တည်တံ့ခိုင်မြဲနိုင်လေသည်။

## ပြည်ထောင်စုတရားစီရင်မှု

ကမ္ဘာပေါ်ရှိ ပြည်ထောင်စုနိုင်ငံများတွင် (မြန်မာပြည်မှအပ) ဗဟိုပြည် ထောင်စုနှင့်ပြည်နယ်များအတွက် တရားရုံးများသီးခြားရှိကြသည်။ ဗဟိုပြည် ထောင်စုအတွက် အမြင့်ဆုံးတရားရုံး(တရားလွှတ်တော်ချုပ်)မှ နောက်ဆုံးတရား ရုံးအထိ တစင်တဖွဲ့ရှိသကဲ့သို့ ပြည်နယ်များတွင်လည်း အမြင့်ဆုံးတရားရုံး (တရားလွှတ်တော်ချုပ်)မှ နောက်ဆုံးတရားရုံးအထိ တစင်တဖွဲ့သီးခြားစီ ရှိကြ သည်။ ပြည်ထောင်စုတရားရုံးများသည် ပြည်ထောင်စုနှင့်သက်ဆိုင်သော

အမှုကိစ္စများကိုသာ တရားစီရင်ကြပြီး ပြည်နယ်တရားရုံးများသို့ ဝင်ရောက်စွက်ဖက်ခြင်း မပြုကြပေ။ ပြည်နယ်အတွင်း တရားစီရင်မှုသည် ပြည်နယ်တရားလွှတ်တော်ချုပ်များတွင်ပင် အဆုံးသတ်ကြသည်။

## အခြေခံဥပဒေပြင်ဆင်နည်း

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့်ပတ်သက်၍ အခြေခံဥပဒေကို (၂)မျိုး (၂)စားခွဲခြား ကြသည်။ အခြေခံဥပဒေကို အခြားဥပဒေများပြုသကဲ့သို့ ပါလီမန်မှ အလွယ်တကူပြင်ဆင်နိုင်လျှင် ၎င်းအခြေခံဥပဒေကို ပြင်ဆင်လွယ်စေသော အခြေခံဥပဒေ(Flexible Constitution)ဟုခေါ်သည် ဗြိတိန်ပြည်နှင့်အီတလီပြည်တွင် အခြေခံဥပဒေကို သာမန်ဥပဒေများ အတည်ပြုပြင်ဆင်သကဲ့သို့ ပါလီမန်က ပြင်နိုင်သော အာဏာရှိကြသည်။

အခြားနိုင်ငံများတွင် (ဥပမာ – အမေရိကန်၊ ပြင်သစ်၊ ဆိုဗီယက်ယူနီယံ၊ ဆွစ်ဇာလန်၊ မြန်မာနိုင်ငံ) အခြေခံဥပဒေကို အခြားဥပဒေများနည်းတူ ပြင်ဆင်နိုင်ခွင့် မရှိချေ။

အခြေခံဥပဒေပြင်ဆင်နိုင်သောနည်းကို အခြေခံဥပဒေတွင် အထူးသတ်မှတ်ပြဋ္ဌာန်းထားလေသည်။ ထိုအခြေခံဥပဒေမျိုးကို ကြပ်တည်းသော အခြေခံဥပဒေ(Rigid Constitution)ဟု ခေါ်တွင်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံဥပဒေများကို အထူးသဖြင့် အလွယ်တကူပြင်ဆင်ခြင်း မပြုနိုင်ရန် ပြဋ္ဌာန်းထားကြသည်။ ထိုကြောင့် ပြည်ထောင်စုပါလီမန် အခြေခံဥပဒေများသည် များသောအားဖြင့် ကြပ်တည်းသော အခြေခံဥပဒေများ ဖြစ်ကြသည်။

## ခွဲထွက်ခွင့်

ပြည်ထောင်စုနိုင်ငံဆိုသည်မှာ လွတ်လပ်သောပြည်ထောင်စုများဆန္ဒအလျောက် ပူးပေါင်းဖွဲ့စည်းထားခြင်းဖြစ်ပေရာ၊ သဘောတရားအားဖြင့် ဆန္ဒအလျောက် ပြန်လည်ခွဲထွက်နိုင်ခွင့်လည်း ရှိရပေမည်။ သို့သော် ယခုမျက်မှောက်ကာလတွင် ဆိုဗီယက်ယူနီယံ၊ ယူဂိုဆလားဗီးယားပြည်ထောင်စုနှင့် မြန်မာပြည်ထောင်စုတို့၏ အခြေခံဥပဒေများတွင်သာ ပြည်နယ်များ ခွဲထွက်လိုက ခွဲထွက်နိုင်သော အခွင့်အရေးများ ပြဋ္ဌာန်းဖော်ပြထားလေသည်။

## တပြည်ထောင်စံနစ်

ကျွန်တော်တို့လိုလားသော ပြည်ထောင်စုစစ်စစ်မျိုးမှမရလျှင် လက်ရှိပြည်ထောင်စုမစစ်တစစ်အတိုင်း ဆက်နေမည့်အစား ခွဲထွက်ပြီး သီးခြားသမ္မတနိုင်ငံထူထောင်လျှင် ထူထောင်၊ သို့မဟုတ် (Unitary)ခေါ် တပြည်ထောင်စနစ်လုပ်ပစ်လိုက်ဟူ၍ စိတ်လိုက်မာန်ပါ ပြောဆိုသောပုဂ္ဂိုလ်အချို့ ရှမ်းပြည်တွင် ရှိကြသည်။

(Unitary)ခေါ် တပြည်ထောင်စနစ်(ဝါ)အစိုးရတဖွဲ့ဆိုသည်မှာ အာဏာနှင့် အခွင့်အရေးများကို ဗဟိုအစိုးရသည် တဦးတည်းအာဏာပိုင်အဖြစ်ဖြင့် အသုံးပြုသည်။ မိမိသဘောလျှောက် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းပြီး အာဏာအပ်နှင်းလိုက အပ်နှင်းနိုင်သည်။ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များသို့ အပ်နှင်းထားသော အာဏာများကိုလည်း အချိန်မရွေး ပြည်လည်ရုပ်သိမ်းနိုင်လေသည်။ ဒေသန္တရအုပ်ချုပ်ရေးမထားဘဲ တိုင်းမင်းကြီး၊ ခရိုင်ဝန်များမှတဆင့် အုပ်ချုပ်စေလိုကလည်း အုပ်ချုပ်စေနိုင်လေသည်။ တနည်းအားဖြင့်ဆိုလျှင် တပြည်ထောင်စနစ်တွင် ဒေသန္တရအစိုးရသည် ဗဟိုအစိုးရ၏ လက်ခုတ်တွင်းမှ ရေကဲ့သို့ သွန်လိုသွန်၊ မှောက်လိုမှောက်နိုင်သောဘဝတွင် ကျရောက်နေသည်။ "ကျားသနားမှ နွားချမ်းသာ" ဘဝမျိုးပင်ဖြစ်သည်။ တပြည်ထောင်စံနစ်မှာ သဘောတရားရေးအားဖြင့် ယင်းသို့ဖြစ်သော်လည်း လက်တွေ့အုပ်ချုပ်ကြရာတွင် ဗြိတိန်၊ ပြင်သစ်၊

ဘယ်လ်ဂျီယံနိုင်ငံများရှိ ဒေသန္တရ အစိုးရများသည် အမေရိကန် ပြည်ထောင်စုရှိ ပြည်နယ်များနည်းတူ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာများ ရရှိနေကြသည်ဟု ဆိုကြသည်။

တပြည်ထောင်စနစ်သည် လက်ရှိမြန်မာပြည်ထောင်စုအတွက် ဘယ်နည်းနှင့်မျှ မသင့်လျော်ပေ။ ဗမာပြည်မတွင် လူမျိုးကြီးဝါဒလွှမ်းမိုးနေသမျှကလာပတ်လုံး တပြည်ထောင်စနစ်သည် အောင်မြင်လိမ့်မည် မဟုတ်ပေ။ အခြေအနေပို၍ပင် ဆိုးသွမ်းစေလိမ့်မည်။

## ဖါးတပိုင်းငါးတပိုင်း ပြည်ထောင်စု

တောင်ကြီးပြည်နယ်ပေါင်းစုံညီလာခံတွင် ဦးထွန်းမြင့်တင်သွင်းသော စာတန်းလေးစောင်အနက် ပထမတစောင်မှာ ပြည်ထောင်စုသဘောတရားစာတန်းဖြစ်၍ ဒုတိယစာတန်းမှာ လက်ရှိပြည်ထောင်စုမြန်မာနိုင်ငံအား လက်တွေ့ကျကျ ဆန်းစစ်ဝေဖန်ထားသော စာတန်းပင်ဖြစ်သည်။ သို့ဖြစ်၍ ပြည်ထောင်စုစစ်စစ်မဟုတ်ပဲ ဖါးတပိုင်းငါးတပိုင်း ပြည်ထောင်စုအဖြစ် ခေါ်ဆိုထားလေသည်။

## ဖါးတပိုင်းငါးတပိုင်း

ကျွန်တော်တို့ ပြည်ထောင်စုအခြေခံဥပဒေကို အာဏာနှင့်အခွင့်အရေးခွဲဝေနည်း(၃)နည်းဖြင့် စံချိန်ကို ကြည့်လျှင် ပြည်ထောင်စုမစစ်တစစ်အမျိုးအစား (ဝါ) ပြည်ထောင်စုအပျော့စားဖြစ်ကြောင်း အထက်တွင် ဖေါ်ပြခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် ထပ်လောင်း၍ ဖွဲ့စည်းပုံပုံစံနှင့်ချိန်ထိုးကြည့်ပါမူ ပြည်ထောင်စု အပျော့စားပင် မဟုတ်တော့ဘဲ “ဖါးတပိုင်းငါးတပိုင်း”စနစ်အဖြစ် တွေ့မြင်ရပေမည်။ ကျွန်တော်တို့တွင် ကျဉ်းမြောင်းသော လူမျိုးရေးဝါဒတရားဖုံးလွှမ်းနေ၍ ယင်းကဲ့သို့ တွေ့မြင်ကြသည် မဟုတ်ပါ။

(၁၉၄၇)ခုနှစ်၊ တိုင်းပြည်ပြုလွှတ်တော်တွင် အခြေခံဥပဒေကို ရေးဆွဲကြစဉ်အခါ အခြေခံဥပဒေအကြံပေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သော (ဝါ) အခြေခံဥပဒေရေးဆွဲရာတွင် အဓိကတာဝန်ကို ထမ်းဆောင်ခဲ့သော ယခုနိုင်ငံတော်တရားလွှတ်တော်ချုပ်တရားဝန်ကြီးအဖြစ် ဆောင်ရွက်လျက်ရှိသူ "သတိုးမဟာသရေစည်သူ"ဦးချန်ထွန်းက–

"ကျွန်တော်တို့ရဲ့ အခြေခံဥပဒေဟာ သဘောတရားအားဖြင့် ပြည်ထောင်စုစံနစ်ဖြစ်ပေမဲ့ လက်တွေ့တွင် တပြည်ထောင်စံနစ် ဖြစ်ပါတယ်"ဟု ပြောပြကြောင်း၊ ရန်ကုန်တက္ကသိုလ်ရာဇဝင် ပါမောက္ခဟောင်း တင့်ကား (Hugh Tinker)က သူ၏ပြည်ထောင်စုမြန်မာနိုင်ငံတော်(The Union of Burma) စာအုပ်တွင် ထုတ်ဖေါ်ရေးသားထားသည်။

( The Constitution Advisor, Chan Htoon observed much later that "Our Constitution though in theory federal, is in practive Unitary")

ထိုကြောင့် ဖါးတပိုင်းငါးတပိုင်းစံနစ်မှာ ကျွန်တော်တို့၏ အမြင်သက်သက်မဟုတ် ဦးချန်ထွန်းလိုပုဂ္ဂိုလ်ကလည်း ထုတ်ဖေါ်ဝန် ခံထားပြီးဖြစ်သည်။ ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ မတော်တဆကြောင့်လည်းမဟုတ် ကျွန်တော်တို့လူမျိုးစုများက လိုလားသောကြောင့်လည်း မဟုတ်ပေ။ နိုင်ငံရေးအတွေ့အကြုံနည်းပါးပြီး ဥပဒေပညာနားမလည်သော ကျွန်တော်တို့အား ဗမာခေါင်းဆောင်များနှင့် ဥပဒေပညာရှင်များက "လှည့်စာလိုက်တာဘဲ"ဟု ကျွန်တော်တို့ ထင်မြင်လာကြပါသည်။

လွတ်လပ်ရေးအတွက် ကြိုးပမ်းနေကြစဉ်တုံးက လွတ်လပ်ပြီးသည့်နောက် မည်သည့်ပုံစံမျိုးဖြင့် တိုင်းပြည်ကို တည်ဆောက်ကြမည်နည်းဟု တွေးတောကြံဆသည့်အခါ ဗမာအမျိုးသားခေါင်းဆောင်များသည် ဗမာပြည်လို တိုင်းပြည်ငယ်ကလေးအတို့ လူမျိုးစုများ အခွဲခွဲအခြမ်းခြမ်း အုပ်ချုပ်သည့်မှုကို မကြိုက်ကြပါ၊ တစည်းတလုံးတည်း၊ ပုံစံမျိုးတည်းသော အုပ်ချုပ်ရေးမျိုး တနည်းအားဖြင့် တပြည်ထောင်စံနစ်အစိုးရတမျိုးတစားစံနစ်(Unitary)ကို လိုလားကြသည်။

ဗိုလ်ချုပ်အောင်ဆန်းက ကျွန်တော်တို့အား တစည်းတလုံးတည်းသာ (၅)နှစ်စီမံကိန်း (၂)ကြိမ်မြောက် ဆောင်ရွက်လိုက်ရလျှင် အားလုံးတိုးတက်မည်။ ဗမာပြည်မထက်တဆင့် နိမ့်ကျနေသော နယ်စပ်ဒေသရှိ လူမျိုးစုများသည်လည်း ဗမာနှင့်တန်းတူတိုးတက်လာမည်ဟု ယုံကြည်ကြောင်း ပြောပြဘူးပါသည်။

ကျွန်တော်တို့ (ရပလ)ခေါင်းဆောင်များသည် ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားသောစေတနာကို ယုံကြည်ကြသည်၊ လေးစားကြသည်။ သို့သော် ရှမ်းအမျိုးသားများအနေနှင့် အခြေအနေက တမျိုးဖြစ်နေကြပါသည်။

ရှမ်းလူမျိုးနှင့်ဗမာလူမျိုးသည် လူမျိုးခြင်းမတူခြားနားသည်၊ ရှမ်းပြည် ဒေသနှင့်ဗမာပြည်ဒေသသည် ကုန်းပြင်မြင့်နှင့် မြေပြန့်ခြားနားသည်။ ရာဇဝင်အရ ရှမ်းများသည် ဗမာများအပေါ် စိုးရိမ်ကြသည်။ သင်္ကာမကင်းရှိကြသည်။ အနှစ် (၆၀)ကျော် နယ်ချဲ့သမား၏ သွေးခွဲမှုကြောင့် သွေးကွဲနေကြသည်။ လွတ်လပ်ရေး ကြိုးပမ်းနေကြစဉ် နယ်ချဲ့ဖြူရိုကရက်ခေါင်းဆောင်များအား ဗမာသူလျှိုတွေ ဗမာကိုရောင်းစားသူတွေဟူ၍ စော်ဘွားအချို့က စွပ်စွဲနေချိန်လည်း ဖြစ်သည်။

ကျွန်တော်တို့သည် ဗိုလ်ချုပ်အောင်ဆန်း၏ စေတနာကိုရင်း၊ ပြည်ထောင် စံနစ်မှုကိုရင်း သံသယမရှိကြပါ။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဗမာပြည်နှင့် ကျွန်တော်တို့ ရှမ်းပြည်အား တပြည်ထောင်စံနစ်အရ ပူးပေါင်းစေကာမူ ကျွန်တော် တို့အတို့ စိုးရိမ်ပူပန်စရာမရှိဟု ကျွန်တော်တို့ယူဆသည်။ လူပုဂ္ဂိုလ်ပိုင်း အခြေအနေအရ ထိုသို့ဖြစ်သော်လည်း တကယ့်ဖြစ်ရပ်အခြေအနေအရဆိုလျှင် ပြည်ထောင်စုသဘောတရားကလွဲ၍ အခြားမဖြစ်နိုင်ဟု ကျွန်တော်တို့ (ရပလ)က ဆုံးဖြတ်ကြသည်။

ကျွန်တော်တို့ (ရပလ)က အောက်ပါပြည်ထောင်စုသဘောတရားကို ဟောပြောပွဲများဖြင့်ရင်း၊ စာရွက်စာတမ်းများဖြင့်ရင်း ရှမ်းပြည်အနှံ့အပြားသို့ ချပြလိုက်သည်။

## ပြည်ထောင်စုသဘောတရား

(၁) ဗမာပြည်မနှင့်ပြည်ထောင်စုစံနစ်အရ ပူးပေါင်းမည်၊

(၂) ယင်းသို့ ပူးပေါင်းသည့်အခါ –

(က) အခွင့်အရေးနှင့် အဆင့်အတန်းတူ ဖြစ်ရမည်၊

(ခ) ရှမ်းပြည်အား လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေး ပေးရမည်၊

(ဂ) ခွဲထွက်လိုက အချိန်မရွေး ခွဲထွက်ခွင့် ပေးရမည်၊

(၃) ဗဟိုအစိုးရအား အောက်ပါဌာနများ လွှဲအပ်ပေးမည်၊

(က) နိုင်ငံခြားရေး၊

(ခ) ကာကွယ်ရေး၊

(ဂ) စာတိုက်နှင့်ကြေးနန်း၊

(ဃ) လမ်းပန်းဆက်သွယ်ရေး၊

(င) ငွေစက္ကူနှင့်ငွေဒင်္ဂါးထုတ်လုပ်ရေး၊

(စ) ဆိပ်ကမ်းအကောက်တော်ခွန်၊

(ရပလ)၏ ပြည်ထောင်စုသဘောတရားသည် ရှမ်းပြည်လူထုအတွင်း နက်ရှိုင်းစွာ ဝင်သွားသည်။ ဗမာဆိုလျှင် အလွန်မုန်းပြီး ဗမာပြည်နှင့်မပေါင်းလိုသော ပုဂ္ဂိုလ်များကပင်လျှင် ဤပြည်ထောင်စုသဘောတရားကို လက်ခံလာကြသည်။ (ရပလ)၏ ပြည်ထောင်စုသဘောတရားသည် ရှမ်းပြည်နယ် နိမိတ်မှ ကျော်လွန်ကာ နယ်စပ်ဒေသတလျှောက်လုံးသို့ ပြန့်နှံ့သွားခဲ့သည်။ ရှမ်း၊ ကချင်၊ ချင်းခေါင်းဆောင်များ ပူးပေါင်းဖွဲ့စည်းထားသော တောင်တန်းသားစည်းလုံးညီညွတ်ရေး ဦးစီးအဖွဲ့ချုပ် **(S.C.O.U.H.P)**ကလည်း ပြည် ထောင်စုသဘောတရားကို လက်ခံလာကြသည်။

ပြည်ထောင်စုသဘောတရား၏ အနှစ်သာရသည် နာမည်ကျော်ပင်လုံစာချုပ်တွင် ပါလာရသည်။ ဗြိတိသျှလေဘာအမတ်ရိစ်ဝီလျံခေါင်းဆောင်သော နယ်စပ်ဒေသစုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာတွင်လည်း ပြည်ထောင်စုသဘောတရားကို ရှေ့တန်းထုတ်၍ ဖော်ပြထားသည်။

ဗိုလ်ချုပ်အောင်ဆန်းအစ၊ ဦးနုအလယ်၊ ဦးချန်ထွန်းအဆုံး ဗမာအမျိုးသားခေါင်းဆောင်များကတော့ ပြည်ထောင်စုသဘောတရားကို မကြိုက်ကြပါ။ ဦးဘဖေ၊ ဒေါက်တာဗမော်၊ သခင်ဗစိန်တို့လို လက်ျာဂိုဏ်းသားများကလည်း မကြိုက်ကြပါ။ သို့သော် ဦးဆောင်ဆန်းနှင့်ဦးနုတို့နှင့်ဦးဘဖေ၊ ဦးဘမော်တို့၏ အခြေခံစေတနာချင်းမှာ ခြားနားကြပါသည်။ လူမျိုးစုများ၏ ပြည်ထောင်စုသဘောတရားကို ပယ်ဖျက်၍ မရနိုင်တော့ပါ။

တိုင်းပြည်ပြုလွှတ်တော်တွင် ဗိုလ်ချုပ်အောင်ဆန်းက အခြေခံဥပဒေလမ်းညွှန်ပြဋ္ဌာန်းချက် အဆိုတင်သွင်းသည့်အခါ အပိုဒ်(၂)တွင် ပြည်ထောင်စုသဘောတရားကို ထည့်သွင်းထားရလေသည်။ သို့သော် ဗိုလ်ချုပ်တို့ကျဆုံးသွားပြီးနောက် အခြေခံဥပဒေကို အပြီးသတ်ရေးဆွဲကြသည့်အခါ ကျွန်တော်တို့အား မလိမ့်တပတ်နှပ်လိုက်သည်ဟု ကျွန်တော်တော့ စွဲစွဲမြဲမြဲယူဆနေဆဲဖြစ်သည်။

အသွင်အားဖြင့် ကျွန်တော်တို့နယ်စပ်ဒေသအား နှစ်သိမ့်စေရန် ပြည်ထောင်စုအသွင်ပေးထားပြီး အနှစ်သာရအားဖြင့် တတ်နိုင်သမျှ တပြည်ထောင်စံနစ်ဖြစ်ရန် ဖန်တီးထားသည်ဟု ကျွန်တော်ထင်သည်။

ဦးချန်ထွန်းက ပြည်နယ်များအခဏ်း၊ ခွဲထွက်ခွင့်အခဏ်းများ အခြေခံဥပဒေတွင် ပါဝင်ထည့်သွင်းထားခြင်း အကြောင်းနှင့်ပတ်သက်ပြီး နိုင်ငံရေး၊ အုပ်ချုပ်ရေးအရ အမှန်လိုအပ်၍ မဟုတ်ကြောင်း နယ်စပ်ဒေသခေါင်းဆောင်များ၏ သံသယစိတ်ကို လျှော့ပါးစေရန်အတွက်သာဖြစ်ကြောင်း ဗမာများအပေါ် နှစ်ပရိစ္ဆေဒ ကြာရှည်စွာ စွဲစွဲမြဲမြဲထားရှိလာသော မယုံသင်္ကာစိတ်များကို တောင်ပေါ်သားများသည် ရုတ်တရက်စွန့်လွှတ်နိုင်ခြင်း မရှိကြောင်း၊ ထိုမသင်္ကာစိတ်များကို ကုစားသောနည်းတနည်းသာဖြစ်ကြောင်းဟူ၍ ပြောကြားကြောင်း

ဖြင့် “ပါမောက္ခဟောင်းတင့်ကာ”က သူ၏စာအုပ်တွင် ဆက်လက်ဖေါ်ပြထားလေသည်။

ထိုမျှမက ဦးချန်ထွန်းသည် တိုင်းပြည်ပြုလွှတ်တော်တွင် “ကျွန်တော်တို့ ယခုလက်ရှိ အခြေအနေ များကို ထောက်ထားသောအားဖြင့် အစိုးရတဖွဲ့တည်းက အုပ်ချုပ်တာဟာ ဘယ်လောက်ဘဲ ကောင်းတယ်ဆိုတာ ကျွန်တော်တို့အားလုံး ယုံကြည်ကြစေကာမူ ယခုအချိန်မှာဖြစ်လျှင် ပြည်ထောင်စုနိုင်ငံကိုသာလျှင် ဖွဲ့စည်းဘို့ရာဖြစ်နေပါတယ်”ဟူ၍၎င်း၊ တဖန်ဆက်လက်ပြီး “ကျွန်တော်တို့ အားလုံးက သိပ်ပြီးမနှစ်ခြိုက်သော်လည်း ယခုလက်ရှိအခြေအနေအရ ပြည်ထောင်စုနိုင်ငံတည်ခဲ့ရတဲ့အတွက် နောင်ကို အခြေအနေအရ တဦးတည်း အစိုးရ၊ တဖွဲ့တည်းကအုပ်ချုပ်တဲ့ နိုင်ငံမျိုးဟာ ပိုပြီးလိုလားအပ်တယ်၊ ဗမာပြည်ကို ကြည့်လိုက်လျှင် ကမ္ဘာနှင့်စာလျှင် အင်မတန်ငယ်လို့ နောင်ကိုအစိုးရတဖွဲ့ တည်းနှင့်ဖြစ်နိုင်တဲ့ (Unitary)နိုင်ငံမျိုးကို ဖြစ်ချင်ပါတယ်ဆိုလျှင် ပြည်နယ်တွေက သဘောတူလျှင် ကျွန်တော်တို့ ဖန်တီးသွားဘို့ရန်သည် ဥပဒေမှာ ပါရှိပါတယ်” ဟူ၍၎င်း ရှင်းလင်းပြောပြသွားခဲ့ပါသည်။

အခြေခံဥပဒေအကြံပေးအရာရှိဖြစ်ပြီး အခြေခံဥပဒေရေးဆွဲရာတွင် အဓိက တာဝန်ထမ်းဆောင်ခဲ့သော ဦးချန်ထွန်းသည် ပြည်ထောင်စုစံနစ်ကို အဘယ်မျှ မလိုလား မနှစ်ခြိုက်သည်ကို သူ၏စကားများဖြင့် ပေါ်လွင်စေပါသည်။

နယ်စပ်ဒေသမှ လူမျိုးစုများဆန္ဒပြင်းပြ၍၎င်း၊ မလွှဲမရှောင်သာ၍၎င်း တနည်းအားဖြင့် နယ်စပ်ဒေသမှ လူမျိုးစုများ သံသယကင်းစေရန် ရသေ့စိတ် ဖြေပြုနိုင်ရန်အတွက် ပြည်ထောင်စုပုံစံကို ထည့်သွင်းထားပေးခြင်း ဖြစ်သည်။ သို့သော် ဗမာခေါင်းဆောင်များ၏ လိုအင်ဆန္ဒအတိုင်း တပြည်ထောင်သဘော ရောက်နိုင်သမျှ ရောက်စေရန် ဖန်တီးပေးခဲ့ခြင်းပင် ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ယင်းကဲ့သို့ ဖါးတပိုင်းငါးတပိုင်းဖြစ်မှုသည် နယ်စပ်ဒေသလူမျိုးများတွင် ကိန်းအောင်းနေသော သံသယမကင်းမှုကို မပြေပျောက်စေသည့်အပြင် တိုး၍ပင် ကြီးမားလာစေခဲ့ပါသည်။

ဤမျှလောက်သာ ကွက်ကွက်ကလေးကြည့်လျှင် ကမ္ဘာပေါ်ရှိ အခြား ပြည်ထောင်စုများနှင့်အသွင်အားဖြင့် တူသယောင်ယောင်ဖြစ်သည်။ ပြည်ထောင်စု ဆိုသည်မှာ ပြည်ထောင်ခေါ် ပြည်နယ်များစုပေါင်းထားခြင်းဖြစ်သည်။ အခြား လူမျိုးစုများအတွက် သီးခြားပြည်နယ်များ ဖွဲ့စည်းထားသော်လည်း လူများစု ဖြစ်သောဗမာများအားတို့ ပြည်နယ်ဟူ၍ သီးခြားမရှိချေ။ သီးခြားပါလီမန်နှင့် သီးခြားအစိုးရလည်း မရှိချေ။

ရုတ်တရက်ဆိုလျှင် ဗမာများက အနစ်နာခံရသယောင် သဘောပေါက် ပေမည်။ နက်နက်နဲနဲ စဉ်းစားကြည့်ပါက ဗမာများသည် ပြည်ထောင်စု အစိုးရအာဏာကို လုံးထွေးယူလိုက်ပြီး လူမျိုးစုများအပေါ် အုပ်စီးလိုက်ခြင်းသာ ဖြစ်ပါသည်။ ဤသည်ကို ထောက်ရှု၍ ဦးချန်ထွန်းက "လက်တွေ့တွင် တပြည်ထောင်စံနစ် ဖြစ်သည်"ဟု ဆိုလိုက်ခြင်းဖြစ်သည်။

ထိုကြောင့် ကျွန်တော်က ပြည်နယ်များသည် ဗမာပြည်၏ ပဏ္ဏာဆက် နိုင်ငံခေါ် (Vassal State)နှင့်ပတ်သက်ပြီး ကျွန်တော်အနေနှင့် အထူးအဓိပ္ပါယ် ဖွင့်ပြစရာ မလိုပါ။ ဗိုလ်ချုပ်အောင်ဆန်းမကွယ်လွန်မီ တိုင်းပြည်ပြုလွှတ်တော်တွင် အဓိပ္ပါယ်ဖွင့်ပြခဲ့သည်က ပို၍အဓိပ္ပါယ်လေးနက်ပါသည်။

(Vassal State)ဆိုတာက တပည့်ကျွန်နိုင်ငံလိုသဘောမျိုးဘဲ ကျွန်ဆို ပေမဲ့လို့ ကိုလိုနီ(Colony)လည်း မဟုတ်ဘူး၊ သူ့ဘာသာသူ၊ သူ့မင်းနှင့်သူ့ချင်းနှင့်၊ သူ့အစိုးရနှင့်ဘဲ အပြင်ဘမ်းအားဖြင့်တော့ လွတ်လပ်တယ်။ သို့သော်လည်း နိုင်ငံကြီးတနိုင်ငံရဲ့ ဩဇာလွှမ်းမိုးမှု၊ ချုပ်ချယ်မှုကို အထူးတလည်းခံနေရတဲ့ နိုင်ငံဖြစ်လို့ (Vassal State)လို့ ခေါ်တယ်။

ဗမာလူမျိုးကြီးဝါဒနှင့်ပဏ္ဏာဆက်နိုင်ငံဟူသော စကားများကို ကျွန်တော် က (တိုင်းပြုပြည်ပြု လွှတ်တော်ညီလာခံ မှတ်တမ်း၊ စာတွဲ ၁၊ အစည်းအဝေးမှတ် ၄၊ စာမျက်နှာ ၇၇–တွင်ရှု) တမင်ထွင်လိုက်သည်ဟု ကျွန်တော့်မိတ်ဆွေများက ဆိုကြသည်။ အမှန်မှာ ဤစကားလုံးများကို ကျွန်တော်က ထွင်လိုက်သည် မဟုတ်ပါ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၁၀)နှစ်ကျော် ဘဝမှပေါက်ဖွားလာ သော စကားလုံးများသာ ဖြစ်ပါသည်။

ဗမာများအတွက် သီးခြားပြည်နယ်၊ သီးခြားအစိုးရ၊ သီးခြားဥပဒေပြုအဖွဲ့ဟူ၍ သီးခြားမထားခြင်းနှင့်ပတ်သက်၍ ဦးချန်ထွန်းကပင် ဗမာခေါင်းဆောင်များ၏ ကိုယ်စားတိုင်းပြည်ပြုလွှတ်တော်တွင် ရှင်းလင်းပြခဲ့ပါသည်။

"ဗမာပြည်မကြီးက အင်မတန်ကြီးပြီး ပါဝင်မည့်ပြည်နယ်တွေဟာ အင်မတန်အကျယ်အဝန်းမှာ ငယ်နေတာကို တွေ့ရပါတယ်။ ဗမာပြည်မအကျယ်အဝန်းဟာ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်နီပြည်နယ်သည် ပြည်နယ်သုံးပြည်ပေါင်းလျှင်တောင်မှ ဗမာပြည်မှာ ကျန်တဲ့နယ်တွေရဲ့ အကျယ်အဝန်းနဲ့ဆိုလျှင် သုံးပုံတပုံ၊ လေးပုံတပုံလောက်ဘဲ ရှိတယ်။ လူဦးရေအားဖြင့်ဆိုလျှင်သာပြီး ကွာခြားသေးတယ်။ လူဦးရေး(၁၇) သန်းရှိတဲ့အနက် ဗမာပြည်မက (၁၅)သန်းရှိတယ်။ ရှမ်းပြည်၊ ကချင်ပြည်၊ ကရင်နီပြည်က ရှိလျှင် (၂)သန်း လောက်ဘဲရှိတယ်။ ပြီးတော့ ဘဏ္ဍာရေးကိစ္စအခြေအနေမှာလည်း ယခုလက်ရှိအခြေအနေကို ကြည့်မည်ဆိုလျှင် ရှမ်းပြည်မှာ အတော်အသင့်ရှိသော်လည်း ကချင်ပြည်နယ်ဆိုလျှင် ဘဏ္ဍာရေးအခြေအနေမှာ အများကြီးချို့တဲ့နေပါတယ်၊ နိုင်ငံရေးဗဟုသုတကို ကြည့်ပြန်တော့လည်း အတော်ဘဲကွာခြားနေတာရှိတယ်" ဟူ၍ ဦးချန်ထွန်းက ဗမာပြည်မနှင့်ပြည်နယ်များ ကွာခြားမှုကို ရှင်းပြပြီး၊ အကယ်၍ ဗမာပြည်မအတွက် သီးခြားပြည်နယ်ထားရလျှင် ဥပဒေပြုမှုအတွက် အမတ်များ၊ အုပ်ချုပ်မှုအတွက် အမှုထမ်းများ၊ တရားစီရင်ရေးအတွက် တရားသူကြီးများ၊ အများအပြားလိုမည်ဖြစ်သည့်အတွက် လူမလုံလောက်ကြောင်း ဗဟိုပြည်ထောင်စုနှင့် ဗမာပြည်မအတွက်ကို (၃)ဌာနခွဲထားရလျှင် ဘဏ္ဍာရေးနစ်ဆပို၍ ကုန်ကျမည်ဖြစ်ကြောင်း ဆက်လက်ရှင်းပြသည်။

ထို့ကြောင့် "ကျန်သည့်ပြည်နယ်တွေမှာလို့ ဗမာပြည်ပအတွက်ကို သီးသန့်ပြည်နယ်တခုအဖြစ် မထားဘဲနှင့်ဗဟိုအစိုးရက ဗဟိုဥပဒေပြုအဖွဲ့ကနေပြီးတော့ အုပ်ချုပ်တဲ့ဗဟိုအစိုးရနှင့်ပေါင်းထားတဲ့ တပေါင်းတစည်းတည်း နိုင်ငံပြည်မဖြစ်ရမည်"ဟု ဦးချန်ထွန်းက ရှင်းလင်းခဲ့ပါသည်။

ဟိုစဉ်က ကျွန်တော်လည်း ဟုတ်နိုးသဃောင်ယောင် လက်ခံခဲ့ပါသည်။ ဗမာများ တကယ်အနစ်နာခံပါကလားဟု အထင်ကြီးခဲ့ပါသည်။ နက်နက်နဲနဲ

နဖူးပေါ်လက်တင် စဉ်းစားကြည့်မှ ပြည်နယ်များ မျောက်လောင်းဖြစ်ကုန်သည်ကို တွေ့မြင်ရပါသည်။

အမှန်မှာ ဗမာများအတွက် သီးခြားပြည်နယ်ဖွဲ့စည်းပြီး ဗမာပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်စသည့် ပြည်နယ်များပူးပေါင်းကာ ပြည်ထောင်စုဖွဲ့ပါမှ တကယ့်ပြည်ထောင်စု၏ အင်္ဂါနှင့်ညီညွတ်ပေမည်။ ယခုမူကား ဗမာပြည်နယ်ဟူ၍ မပါရှိသည့်အတွက် ကျွန်တော်တို့၏ အခြေခံဥပဒေသည် အသွင်အားဖြင့်ပင် အင်္ဂါမစုံ တခြမ်းပဲ့ ပြည်ထောင်စုကြီးဖြစ်နေလေသည်။

ဤကား ပထမဦးစွာ တွေ့ရှိရသည့် ချို့ယွင်းချက်ကြီး ဖြစ်ပါသည်။

## တို့ပါလီမန်

ကျွန်တော်တို့ ပြည်ထောင်စုပါလီမန်ဖွဲ့စည်းပုံမှာလည်း သဘာဝမကျပေ၊ အခြားပြည်ထောင်စုပါလီမန်များတွင် လွှတ်တော်(၂)ရပ်ထားရှိခြင်းမှာ အောက်လွှတ်တော်သည် ဒီမိုကရေစီသဘောအရ အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်ရမည်ဆိုသည့်အတိုင်း ပြည်သူလူထုတရပ်လုံးအား ကိုယ်စားပြုရန်ဖြစ်ပြီး အထက်လွှတ်တော်မှာ ပြည်ထောင်စုသဘောတရားအရ ပြည်နယ်များအားကိုယ်စား ပြုရန် ဖြစ်ပေသည်။

ပြည်နယ်ကြီးက ပြည်နယ်ငယ်များအား အနိုင်ကျင့်မှုမရှိစေရန် အထက်လွှတ်တော်သို့ ကိုယ်စားလှယ်ဦးရေ အညီအမျှစေလွှတ်ကြသည်။ လွှတ်တော်တရပ်ရပ်သည် အာဏာကို အလွန်အကဲအသုံးမပြုနိုင်ရန်အတွက် လွှတ်တော်တရပ်က အခြားလွှတ်တော်တရပ်အား ထိန်းကွပ်နိုင်ရန် အခွင့်အာဏာတူပေးထားကြသည်။

ကျွန်တော်တို့၏ အထက်လွှတ်တော်သို့ ပြည်နယ်များသည် အမတ်ဦးရေ အညီအမျှ စေလွှတ်နိုင်ခွင့် မရှိကြပါ။ ဗမာပြည်နယ်ဟူ၍ သီးခြားမရှိခြင်းသည်ပင် ပြည်ထောင်စုအထက်လွှတ်တော်ဖွဲ့စည်းမှုကို ကြီးစွာရပ်ဆင်းပျက်စေလေသည်။

တပြည်နယ်လျှင် အမတ်ဦးရေ အဘယ်မျှစီ စေလွှတ်ရမည်ဟု အခြေခံ ဥပဒေတွင် ပြဋ္ဌာန်းလိုက်လျှင် ဗမာပြည်နယ်မရှိ၍ ပြည်ထောင်စုအထက်လွှတ်တော်တွင် ဗမာကိုယ်စားလှယ်များ ပါဝင်နိုင်တော့မည် မဟုတ်ချေ။

ကျွန်တော်တို့၏ အထက်လွှတ်တော်သည် အောက်လွှတ်တော်အား ထိန်းကွပ်နိုင်သော အာဏာလည်းမရှိ၊ ပြည်နယ်များအကျိုးကို ကာကွယ်နိုင်စွမ်း လည်းမရှိ ဖြစ်နေလေရာ၊ ယခုအတိုင်းသာဆိုလျှင် နိုင်ငံတော်သမ္မတကဲ့သို့ တန်ဆာဆင်ထားရုံသာ ရှိနေပေမည်။ ဤကား ဒုတိယချို့ယွင်းချက်တည်း။

## အာဏာနှင့် အခွင့်အရေး

ပြည်ထောင်စုစစ်စစ်နိုင်ငံများတွင် ဗဟိုပြည်ထောင်စုအား အများနှင့် ဆိုင်သော အခွင့်အာဏာများသာပေးပြီး ကျန်အာဏာများကို ပြည်နယ်များက သိမ်းပိုက်ထားကြသည်။ ကနေဒါပြည်ထောင်စုတွင်သာ ဗဟိုပြည်ထောင်စု အားလည်း အာဏာကန့်သတ်ပေးပြီး ကျန်အာဏာများအားလုံးကို ဗဟိုက သိမ်းပိုက်ထားသည်။

ကျွန်တော်တို့ ပြည်ထောင်စုအခြေခံဥပဒေတွင် ပြည်ထောင်စုဥပဒေ ပြုစာရင်း၊ ပြည်နယ်ဥပဒေပြု စာရင်းဟူ၍ ခွဲခြားပြီး ကျန်အာဏာများအားလုံးကို ဗဟိုပြည်ထောင်စုအစိုးရသို့ ပေးအပ်ထားရာ ကနေဒါ ပြည်ထောင်စုနှင့်အာဏာ ခွဲဝေနည်းတွင် အတူတူပင် ဖြစ်သည်။ အခြေခံဥပဒေမူနှင့်ပတ်သက်၍ ရှင်းပြစဉ် ဦးချန်ထွန်းက ကနေဒါပြည်ထောင်စုလမ်းစဉ်ကို လိုက်ထားကြောင်း ဝန်ခံခဲ့လေ သည်။

ထိုလမ်းစဉ်ကို မလိုက်၍လည်း မဖြစ်ပေ၊ ဗမာပြည်နယ်ဟူ၍ သီးခြား ဖွဲ့စည်းထားခြင်းမရှိ ဖြစ်လေရာ၊ ပြည်ထောင်စုစစ်စစ်မူအတိုင်း ဗဟိုကို အာဏာ လုံးဝကန့်သတ်ပေးလိုက်ပြီး ကျန်အာဏာများအားလုံးကို ပြည်နယ်များအား ပေးလိုက်လျှင် ဗမာပြည်ပအတွက် အုပ်ချုပ်၍ ဖြစ်နိုင်တော့မည် မဟုတ်ချေ။

ဤကား ကျွန်တော်တို့ အခြေခံဥပဒေ၏ တတိယချွတ်ယွင်းချက်ပင် ဖြစ်ပေသည်။

## ကျွန်တော်တို့ ပြည်ထောင်စုအစိုးရ

ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့မျိုးကို အခြားမည်သည့် ပြည်ထောင်စုနိုင်ငံတွင်မှာမှ မတွေ့ရပါ။

ပြည်ထောင်စုစစ်စစ်ဖြစ်သည့် အမေရိကန်၊ ဆွစ်ဇာလန်၊ ဆိုဗီယက်ယူနီယံ၊ ဩစတြေးလီးယားတို့တွင်၎င်း၊ ပြည်ထောင်စုအပျော့စားဖြစ်သည့် ကနေဒါတွင်၎င်း ပြည်ထောင်စုအစိုးရအဖွဲ့တွင် ကျွန်တော်တို့အစိုးရအဖွဲ့ကဲ့သို့ ပြည်နယ်ဝန်ကြီး ဌာနများပါဝင်ဖွဲ့စည်းထားခြင်း မရှိကြပါ။

ကျွန်တော်တို့ ပြည်နယ်ဥက္ကဋ္ဌများသည် ပြည်ထောင်စုအစိုးရအဖွဲ့တွင် ပြည်နယ်ဝန်ကြီးများအဖြစ် ပါဝင်နေကြသည်။ ကျွန်တော်တို့ပြည်ထောင်စုတွင် နိုင်ငံတော်သမ္မတသည် ပြရုပ်မျှသာဖြစ်ပြီး အာဏာအရှိဆုံးပုဂ္ဂိုလ်မှာ နိုင်ငံတော် ဝန်ကြီးချုပ်ဖြစ်သည်။

ပုဒ်မ၅၆(၂)အရ နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်က အမည်တင်သွင်း သော ပုဂ္ဂိုလ်တို့ကို ပြည်ထောင်စုအစိုးရအဖွဲ့ဝင် အခြားဝန်ကြီးများအဖြစ် ခန့်ထားရမည်။

ပုဒ်မ ၅၆ (၃)အရ နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်၏ အကြံပေးချက် အရ ပြည်ထောင်စုအစိုးရဝန်ကြီးတဦးဦး၏ ရာထူးနှုတ်ထွက်စာကို လက်ခံရမည်။ သို့တည်းမဟုတ် ရာထူးမှ ရပ်စဲစေရမည်။

ကျွန်တော်တို့၏ အရေးစကားဆိုလျှင် ဝန်ကြီးချုပ်က ကြိုက်နှစ်သက်၍ ရွေးချယ်သူများသာ ဝန်ကြီးများဖြစ်ရပြီး ဝန်ကြီးချုပ်က အလိုမရှိသည့်တနေ့တွင် ဝန်ကြီးရာထူးမှ နှုတ်ထွက်ပေးရမည်။ ကျွန်တော်တို့ ပြည်နယ်ဝန်ကြီးများလည်း ဝန်ကြီးချုပ်က သဘောတူမှ ဝန်ကြီးဖြစ်နိုင်သည်။ ဝန်ကြီးချုပ်က သဘောမတူ

သည့်အခါ ဝန်ကြီးမဖြစ်နိုင်ချေ။ ထို့ကြောင့် ပြည်နယ်ဝန်ကြီးများသည် ဝန်ကြီးချုပ်၏ သဘောဆန္ဒအတိုင်း ဆောင်ရွက်ကြရသည်။ ပြည်နယ်အစိုးရများသည် ကိုယ်ပိုင်အုပ်ချုပ်ရေးရှိ၍ ပြည်ထောင်စုအစိုးရသည် ပြည်နယ်အတွင်းရေးများတွင် ဝင်ရောက်စွက်ဖက်ခွင့်မရှိဟုဆိုသော်လည်း ပြည်နယ်အုပ်ချုပ်ရေး၏ အကြီးအကဲဖြစ်သူ ပြည်နယ်ဥက္ကဋ္ဌများမှာ ဝန်ကြီးချုပ်၏ ဆန္ဒနှင့်ဆန့်ကျင်သော ကိစ္စများဘာမှ မလုပ်နိုင်ဖြစ်ကြရာ ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးမှာ အဓိပ္ပါယ်ကင်းမဲ့ နေပေသည်။

တနည်းအားဖြင့် ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်နယ်အတွင်းရေးကိစ္စများကို တိုက်ရိုက်ဝင်ရောက် စွက်ဖက်စရာမလို၊ မိမိတို့အစိုးရအဖွဲ့တွင် ပါဝင်နေသော ပြည်နယ်ဝန်ကြီးများမှတဆင့် ဩဇာလွှမ်းမိုးနိုင်လေသည်။ သွယ်ဝိုက်သောနည်းဖြင့် ဝင်ရောက်စွက်ဖက်နိုင်လေသည်။

ဤသည်ပင် တပြည်ထောင်စံနစ်ကို ထင်ရှားစွာ ဖေါ်ပြနေလေသည်။ ထို့ကြောင့် ဦးချန်ထွန်းက လက်တွေ့တွင် တပြည်ထောင်စံနစ်(Unitary) ဖြစ်နေပါသည်ဟု ပါမောက္ခတင့်ကာအား ပြောပြခဲ့ပေသည်။

ဤကား ကျွန်တော်တို့ အခြေခံဥပဒေ၏ စတုတ္ထချို့ယွင်းချက် ဖြစ်သည်။

## ပြည်ထောင်စုဘဏ္ဍာရေး

အာဏာနှင့်အခွင့်အရေးခွဲဝေနည်းကဲ့သို့ပင် ဘဏ္ဍာရေးခွဲဝေမှုသည်လည်း ပြည်နယ်များအား ပြည်နယ်အခွန်တော်စာရင်းဟူ၍ ခွဲဝေကန့်သတ်ပေးထားပြီး ကျန်အားလုံးကို ဗဟိုက ယူထားလိုက်လေသည်။ ဗမာပြည်နယ်ဟူ၍ သီးခြားဖွဲ့စည်းထားခြင်းမရှိဘဲ ပြည်ထောင်စုဟူ၍ ရောထွေးဖွဲ့စည်းထားလေရာ ဗဟိုဌာနများဟူ၍ သန့်သန့်ခွဲခြားရန် ခက်ခဲပေသည်။ ထို့ကြောင့် ဗဟိုပြည်ထောင်စုနှင့် သက်ဆိုင်သော အခွန်တော်ဝင်ငွေများကို ဘယ်သို့ခွဲဝေ၍ ဗဟိုပြည်ထောင်စုနှင့်သက်ဆိုင်သော ဌာနများအတွက် ဘယ်သို့ကျခံရမည်ကို တိတိကျကျ သတ်မှတ်ရန် မလွယ်တော့ပေ။

အခြေခံဥပဒေပုဒ်မ (၉၆) ခြွင်းချက်တွင်သာ ပြည်ထောင်စုအစိုးရသည် "ထောက်ပံ့ရန်လိုအပ်သည်ဟု ဆုံးဖြတ်သတ်မှတ်သော အထောက်အပံ့ငွေများကို" ပြည်နယ်အစိုးရများအား ပေးနိုင်သည်ဟု ဖေါ်ပြထားသည်။

၎င်းပြဌာန်းချက်အရ ရရှိသောအထောက်အပံ့ငွေများဖြင့်သာ ပြည်နယ်များအသက်ရှုနေကြရသည်။ ဤအထောက်အပံ့ငွေများကို ဗဟိုအစိုးရက ပေးလိုကပေးနိုင်သည်၊ မပေးဘဲ နေလိုကလည်း နေနိုင်သည်။ ဤနည်းဖြင့် ဗဟိုအစိုးရသည် ပြည်နယ်အစိုးရများ၏ အသက်သွေးကြောကို ထိန်းချုပ်ထားလိုက်သည်။ ဤသည်ကို ထောက်ရှု၍လည်း ဦးချန်ထွန်းက လက်တွေ့တွင် တပြည်ထောင်စံနစ်ဖြစ်သည်ဟု ပြောဟန်တူလေသည်။

ပြည်နယ်များ အထူးသဖြင့် ကျွန်တော်တို့ရှမ်းပြည်၏ မကျေနပ်ချက်များသည် ဘဏ္ဍာခွဲဝေမှုအပေါ်တွင် မြစ်ဖျားခံခဲ့သည်။

အခြားပြည်ထောင်စုအခြေခံဥပဒေများတွင် ဘဏ္ဍာရေးခွဲဝေမှုနှင့် ပတ်သက်၍ အတိအကျ ပြဌာန်းထား ခြင်းမရှိကြချေ။ မြန်မာပြည်ထောင်စု အခြေခံဥပဒေတွင်သာ အတိအကျပြဌာန်းထားပြီး အတိအကျ လိုက်နာနေကြသည်၊

ဤကား အခြေခံဥပဒေ၏ ပဥ္စမချို့ယွင်းချက်ဖြစ်သည်။

ပြည်ထောင်စုဘဏ္ဍာရေးနှင့်ပတ်သက်၍၎င်း၊ ပြည်ထောင်စုနှင့်ပြည်နယ် ဘဏ္ဍာရေးခွဲဝေမှုနှင့်ပတ်သက်၍၎င်း သီးသန့်ဆောင်းပါးရေးပါဦးမည်။

## အခြေခံဥပဒေပြင်ကြစို့

ရှမ်းပြည်နယ်၏ နစ်နာချက်၊ မကျေနပ်ချက်များပြေလည်စေရန် လက်ရှိ အခြေခံဥပဒေကို ပြည်လည်စီစစ်၍ ပြင်ဆင်ကြရပေမည်။ ယင်းသို့ ပြင်ဆင်သည့် အခါ အထက်တွင် ကျွန်တော်လေ့လာဆန်းစစ်ထားသော ချို့ယွင်းချက်ကြီး (၅)ချက်ကို ဦးတည်ပြီး ပြင်ဆင်ကြရပေလိမ့်မည်။

ယင်းချို့ယွင်းချက်(၅)ချက်တွင် အကြုံးဝင်သော အခဏ်းကဏ္ဍများ၊ ပုဒ်မများ၊ ဇယားများအားလုံးကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းများ ပြုရပါလိမ့်မည်။

ဆွစ်ဇာလန်ပြည်ထောင်စု၏ (၁၈၄၈)ခုနှစ်၊ အခြေခံဥပဒေကို (၁၈၇၄) ခုနှစ်တွင် အခြေအနေအရ ပြန်လည်ပြင်ဆင်သကဲ့သို့ပင် ဖြစ်ပေလိမ့်မည်။

ယင်းကဲ့သို့ ပြင်ဆင်ဖြည့်စွက်၊ နုတ်ပယ်လိုက်လျှင် ကျွန်တော်တို့ လိုလားသောပြည်ထောင်စုကြီးသည် အကြမ်းအားဖြင့် အောက်ပါ ပုံသဏ္ဍာန် အတိုင်း ပေါ်လွင်လာပါလိမ့်မည်။

နောက်ဆုံးဦးထွန်းမြင့်တင်ပြသော စာတန်းမှာ ကျွန်တော်တို့လိုလားသော ပြည်ထောင်စုပင်ဖြစ်သည်။ ယင်းစာတန်းတွင် ပြည်ထောင်စု၌ပါဝင်သော ပြည်နယ် များ၊ ပြည်သူ့လွှတ်တော်နှင့်လူမျိုးစုလွှတ်တော်၊ တန်းတူရည်တူ အညီအမျှ ပြဿနာ၊ ပြည်နယ်အသီးသီးတွင် သီးခြားအခြေခံဥပဒေ၊ သီးခြားဥပဒေပြုအဖွဲ့၊ သီးခြားအစိုးရထားရှိရေး၊ ပြည်ထောင်စုလုပ်ပိုင်ခွင့်နှင့်ပြည်နယ်များလုပ်ပိုင်ခွင့် တိတိပပ ခွဲခြားရေးတို့ပင် ဖြစ်သည်။

## ကျွန်တော်တို့ လိုလားသော ပြည်ထောင်စု

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတွင် –

၁။ မြန်မာပြည်နယ်၊

၂။ ရှမ်းပြည်နယ်၊

၃။ ကချင်ပြည်နယ်၊

၄။ ကရင်ပြည်နယ်၊

၅။ ကယားပြည်နယ်၊

၆။ ချင်းပြည်နယ်၊

၇။ ရခိုင်ပြည်နယ်၊

၈။ မွန်ပြည်နယ် များပါဝင်ကြမည်။

(၂) ဤပြည်နယ်များသည် တန်းတူရည်တူဖြစ်ကြပြီး ဗဟိုပြည်ထောင်စုသို့ လွှဲအပ်ထားသော အာဏာများမှအပ လုံးဝအချုပ်အခြာအာဏာပိုင်သမ္မတနိုင်ငံများ ဖြစ်ကြမည်။ (ဆွစ်ဇာလန်နှင့်အမေရိကန် ပြည်ထောင်စုများကဲ့သို့)

(၃) ပြည်နယ်အသီးသီးတွင် သီးခြားအခြေခံဥပဒေများ၊ သီးခြားဥပဒေပြုအဖွဲ့များ၊ သီးခြားအစိုးရအဖွဲ့များ ရှိကြမည်။

(၄) ပြည်ထောင်စုပါလီမန်တွင် ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်ဟူ၍ လွှတ်တော်(၂)ရပ်ပါဝင်မည်။ ပြည်သူ့လွှတ်တော်ကို လူဦးရေအလိုက် ရွေးကောက်တင်မြှောက်၍ လူမျိုးစုလွှတ်တော်သို့ ပြည်နယ်များသည် ကိုယ်စားလှယ်ဦးရေအညီအမျှ စေလွှတ်ကြမည်။ လွှတ်တော်(၂)ရပ်စလုံး တန်းတူအာဏာရှိကြမည်။

(၅) လွှတ်တော်(၂)ရပ်ပူးတွဲကျင်းပသော အစည်းအဝေးမှ ပြည်ထောင်စုအစိုးရအဖွဲ့နှင့်နိုင်ငံ တော်သမ္မတကို ရွေးကောက်တင်မြှောက်မည်။ အစိုးရအဖွဲ့ပုံစံမှာ ဆွစ်ဇာလန်အစိုးရ နှင့် ခပ်ဆင်ဆင်ဖြစ်မည်။ သို့သော် မြန်မာပြည်ထောင်စုအစိုးရအဖွဲ့သည် ပါလီမန်ကို တာဝန်ခံရမည်၊ အစိုးရအဖွဲ့ဝန်ကြီးများသည် ပါလီမန်အမတ်များသာ ဖြစ်ရမည်။

(၆) အောက်ပါဌာနများကို ပြည်ထောင်စုဌာနများအဖြစ် သတ်မှတ်ထားမည်။

၁။ နိုင်ငံခြားဆက်သွယ်ရေး၊

၂။ ကာကွယ်ရေး၊

၃။ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေး၊

၄။ စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေး၊

၅။ မီးရထားနှင့် လေကြောင်းဆက်သွယ်ရေး၊

၆။ ဆိပ်ကမ်းခွန်ကောက်ခံရေး၊

၇။ ပြည်ထောင်စုဘဏ္ဍာရေး၊

၈။ ပြည်ထောင်စုတရားစီရင်ရေး၊

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုစစ်စစ်အစိုးရအဖွဲ့ဖြစ်လေရာ ပြည်နယ်ဝန်ကြီးဌာနများ ပါဝင်လိမ့်မည် မဟုတ်ပေ။

(၇) ပြည်နယ်များအားလုံးသည် (Complete Autonomy) လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေး ရှိကြမည်။ ပြည်နယ်အချင်းချင်းကသော်၎င်း၊ ပြည်ထောင်စုကသော်၎င်း ပြည်နယ် အတွင်းရေးကိစ္စတွင် ဝင်ရောက်စွက်ဖက်နိုင်ခွင့်မရှိချေ။ ပြည်နယ်အုပ်ချုပ်ရေးအကြီးအမှူးများကို ပြည်နယ်သမ္မတများဟု ခေါ်တွင်စေမည်။

(၈) ပြည်နယ်တိုင်းသည် ပြည်ထောင်စုမှ ခွဲထွက်နိုင်သော အခွင့်အရေးရှိကြမည်။

(၉) ဆွစ်ဇာလန်ပြည်ထောင်စုမှာကဲ့သို့ ပြည်ထောင်စုအမြဲတန်းစစ်တပ်ထားရှိရေးမရှိရေးကို ပြည်ထောင်စုပါလီမန်က အလေးအနက်စဉ်းစားမည်။

ဤကား ကျွန်တော်တို့ ပြင်ဆင်လိုသော ပြည်ထောင်စုပုံစံအကြမ်း ဖြစ်ပါသည်။ ပါလီမန်အမတ်များနှင့် ဥပဒေပညာရှင်ကြီးများက အချောကိုင်ပြီး ရုပ်လုံးဖော်ပေးကြလိမ့်မည်ဟု ကျွန်တော်အထူးမျှော်လင့်ပါသည်။

တန်းတူညီမျှ၍ တပြေးညီစွာတိုးတက်သော ပြည်ထောင်စုကြီး အမြန်ပေါ်ပေါက်ပါစေသတည်း။

(၁) *ဦးထွန်းမြင့် (စာ)*

# အခန်း (၁၈)

## အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံ

(၁၉၄၂)ခုနှစ်၊ မတ်လ(၁)ရက်နေ့ညဥ့်၊ ရန်ကုန်မြို့၊ ပြည်လမ်းရှိ မြန်မာ့အသံအဆောက်အဦးတွင် ကျင်းပသော ပြည်နယ်ပေါင်းစုံညီလာခံ၌ ထိုစဉ်က (မဒညတ)ခေါင်းဆောင် ဝိဓူရသခင်ချစ်မောင်တင်သွင်းသော အနာဂါတ်ဖွဲ့စည်းပုံ ရေးဆွဲရေးစာတန်းမှာ စိတ်ဝင်တစားလေ့လာသင့်သော စာတန်းတစောင်လည်း ဖြစ်ပေသည်။

## အဘယ့်ကြောင့် အမေရိကန်ပုံစံမျိုး နှစ်သက်ရသလဲ

ရှမ်းစော်ဘွားကြီးများနှင့်လူမျိုးစုခေါင်းဆောင်များသည် ဗိုလ်ချုပ်အောင်ဆန်း၏ အပြောအဆို၊ အပြုအမူနှင့် အလုပ်အကိုင်ကိုကြည့်၍ မိမိတို့ဘဝအတွက် ယုံကြည်ကြသည်။ ယင်းသို့ ယုံကြည်ရာတွင်လည်း အထောက်အထား၊ အထိန်းအသိမ်းများဖြင့် ယုံကြည်ကြခြင်း ဖြစ်လေသည်။ အထောက်အထားများတွင် ပင်လုံစာချုပ် ချုပ်ဆိုစဉ်တွင်၎င်း၊ သခင်နုအား လွှတ်တော်ဥက္ကဋ္ဌခန့်အပ်ရာတွင် ညောင်ရွှေစော်ဘွားကြီး ပြောကြားချက်များသည်၎င်း၊ တောင်တန်းဒေသစုံစမ်းရေးကော်မရှင်တွင် လူမျိုးစုခေါင်းဆောင်များ၏ ထွက်ဆိုချက်များအရ၎င်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ လူမျိုးစုများဆိုင်ရာအခြေခံမူနှင့်လမ်းညွှန်ချက်များ၊ ရှင်းလင်းချက်များအရ၎င်း လူမျိုးစုများက တခုချင်းစီဂရုပြု၍ လက်ခံခဲ့ခြင်းပင် ဖြစ်လေသည်။

သို့ဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲရန် စတင်သောအခါ ဦးမြင့်သိန်းတို့၊ ဦးချန်ထွန်းတို့နှင့် ညှိနှိုင်းစီစဉ်၍ အခန်း(၁၀)ပါ "ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်"ရှိစေရမည်ဟူသော ပုဒ်မများပါရှိလာခြင်းပင် ဖြစ်လေသည်။ ထိုစဉ်က လူမျိုးစုခေါင်းဆောင်များသည် ဗိုလ်ချုပ်အောင်ဆန်းကို

အပထား၍ ကျန်ဗမာခေါင်းဆောင်များကို ယုံကြည်ရန်မှာ မခိုင်လုံသော အကြောင်းများကြောင့် များစွာခက်ခဲလှပေသည်။ သို့ဖြစ်၍ သူတို့၏ အသိဉာဏ်နှင့်စိတ်ကူးထဲတွင် အမေရိကန်ပြည်ထောင်စုဖွဲ့စည်းပုံမျိုးကို အလိုရှိကြောင်း လူမျိုးစုခေါင်းဆောင်များက ထုတ်ဖော်ပြောဆိုခြင်းပင် ဖြစ်လေသည်။

**နံပါတ်တစ်က –**

အမေရိကန်ပြည်ထောင်စုရဲ့ ဖွဲ့စည်းပုံကို ကြည့်၍ ဝိဓူရသခင်ချစ်မောင်က အမေရိကန်ပြည်ထောင်စုရဲ့ အခြေခံဥပဒေဟာ၊ အမျိုးသားလွတ်မြောက်ရေး စစ်ပွဲကြီးက ပေါက်ဖွားပေးခဲ့သည်။ ထိုစစ်ပွဲကြီး(၁)မတိုင်မီ ဗြိတိသျှနယ်ချဲ့တို့အောက်မှာ ဗြိတိသျှကိုလိုနီပြည်နယ်များအဖြစ်နဲ့ သူ့ရာဇဝင်ဖြစ်စဉ်နဲ့ သူသီးခြားတည်ရှိခဲ့တယ်။ သူ့ဘုရင်နဲ့၊ သူ့ဥပဒေပြုလွှတ်တော်နဲ့ သီးခြားတည်ရှိခဲ့ပါတယ်။ (၁၇၇၆)ခုနှစ်၊ ဇူလိုင်လ(၄)ရက်နေ့ အမျိုးသားလွတ်မြောက်ရေး စစ်ပွဲကြေညာစာတမ်းကြီး ထုတ်ပြန်တဲ့အခါမှာ စစ်ကြေညာပိုင်ခွင့်၊ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ခွင့်၊ မိမိကြိုက်နှစ်သက်သလို မဟာမိတ်ဖွဲ့စည်းပိုင်ခွင့်စတဲ့ အခွင့်အရေးများကို လုံးဝပိုင်တဲ့ အချုပ်အခြာအာဏာပိုင် ပြည်နယ်နိုင်ငံများ အဖြစ်နဲ့ကြေညာပြီး လွတ်မြောက်ရေးစစ်ပွဲကြီး နွှဲခဲ့ကြခြင်း ဖြစ်ပါတယ်။

**နံပါတ် နှစ်က –**

(၁၇၇၇)ခုနှစ်၊ နိုဝင်ဘာလ(၁၅)ရက်နေ့မှာ (Article of Confederation) လို့ခေါ်တဲ့ ပြည်နယ်ပေါင်းချုပ်စည်းမျဉ်းဥပဒေတရပ်ကို ရေးဆွဲပြဋ္ဌာန်းကြပြီး (၁၃)ပြည်နယ်ဟာ ပြည်နယ်အလိုက် သီးခြားလက်ခံအတည် ပြုခဲ့တယ်။ (၁၈၇၁) ခုနှစ်၊ မတ်လ(၁)ရက်နေ့မှာ မေရီလန်ပြည်နယ်က နောက်ဆုံးလက်ခံ အတည်ပြုတယ်။ အဲဒီအခြေခံစည်းမျဉ်း ပထမပုဒ်မသုံးခုမှာဘဲ အမေရိကန်ပြည်ထောင်စုကြီးဟာ ကွန်ဖီဒရေးရှင်းဖြစ်တဲ့အကြောင်း ပြည်နယ်တိုင်းအချုပ်အခြာအာဏာနှင့် လုံးဝလွတ်လပ်ခွင့်ရှိကြောင်း၊ ဘုံရန်သူကို စုပေါင်းတိုက်ခိုက်ရေးအတွက်

ခိုင်မာသော မဟာမိတ်ဖွဲ့စည်းမှု (Afirm League of Friendship) အဖြစ်နဲ့၊ ပုဒ်မ(၃)အရ ဖွဲ့စည်းကြောင်းစသည်ဖြင့် အထင်အရှားပါရှိတယ်။

**နံပါတ်သုံးက** –

အမေရိကန်ပြည်ထောင်စုဟာ ကွန်ဖီဒရေးရှင်းက စကြောင်းအထင် အရှားပြတယ်။ နောက်မှ (၁၇၈၇)ခုနှစ်၊ ဖေဖော်ဝါရီလ(၂၁)ရက်နေ့ ကွန်ဂရက်ကျမှ ကွန်ဖီဒရေးရှင်းဖွဲ့စည်းပုံမျှနှင့် ပြည်ထောင်စုအင်အားဟာ မလုံလောက်ကြောင်း ပြန်လည်ပြင်ဆင်ရန်ထိုက်ကြောင်း ကြေညာခဲ့တယ်။ ဒါနဲ့(၁၇၈၇)ခုနှစ်၊ မေလ(၂၅)ရက်နေ့မှာ ဂျော့ဝါရှင်တန်ကို ဥက္ကဋ္ဌတင်ပြီး ကွန်ဗင်းရှင်းကြီးတခုလုပ်ပြီး၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲခဲ့ကြတယ်။ ထိုဥပဒေသစ်ကို ပြည်နယ်အလိုက် အသီးသီးက ပြန်လည်လက်ခံအတည်ပြုကြပြီး၊ (၁၇၈၉)ခုနှစ်၊ မတ်လ(၄)ရက်နေ့ကစပြီး အသက်သွင်းခဲ့ကြတယ်။

ဝိဓူရသခင်ချစ်မောင် နောက်ဆုံးတင်သွင်းသော သူ၏စာတန်းတွင် "အနာဂါတ်ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲရေး"စာတန်း၌ အောက်ပါအတိုင်း ရေးသားထားပြန်လေသည်။

"အမေရိကန်ပြည်ထောင်စုရာဇဝင်က ဘာသင်ခန်းစာများပေးပါသလဲ ဆိုလျှင် (၁) မူလကထဲက အချုပ်အခြာအာဏာပိုင်ပြည်နယ်များအဖြစ် စတင်ခဲ့တယ်။ (၂) ထို့နောက် ကွန်ဖီဒရေးရှင်းဖွဲ့ခဲ့တယ်။ (၃) သို့သော်လည်း ထိုဘဝနှင့် မလုံလောက် မကိုက်ညီတဲ့အခါမှာ တဆင့်လျှော့ပြီး ဖက်ဒရေးရှင်းဆိုတာ ဖွဲ့ခဲ့ရတယ်။ (၄) ရာဇဝင်ဖြစ်စဉ်အတွင်းမှာဘဲ 'ဒီစင်ထရယ်လိုက်ဇေးရှင်း' က 'စင်ထရယ်လိုက်ဇေးရှင်း'ကို (ရော့ရဲသောဗဟိုချုပ်ကိုင်မှုမှ တင်းကြပ်သော ဗဟိုချုပ်ကိုင်မှုသို့) တဖြေးဖြေးဦးတည်လာတာကို တွေ့ရမယ်။ (၅) အာဏာပိုင် သမ္မတစနစ်ဟာ အမေရိကန်ပြည်ထောင်စုရဲ့ **ဗဟိုခေါင်းဆောင်မှုနဲ့ညီညွတ်ရေးစုစည်းချက် ဖြစ်လာတယ်**။ ပြည်ထောင်စုတိုင်းမှာ ဗဟိုခေါင်းဆောင်မှုနဲ့

ညီညွတ်ရေးစုစည်းချက်အတွက် တစုံတခုသော အမာခံအနှစ်သာရဟာ တပ်ဆင့်ပါရှိရစမြဲဆိုတာ အလေးအနက် လက်ခံယုံကြည်ဘို့ လိုပါလိမ့်မယ်။

ထိုစဉ်က အမေရိကန်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲသူ နိုင်ငံရေးခေါင်းဆောင်များသည် နှိုင်းယှဉ်၍ ပြောမည်ဆိုပါက ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ပင် ရိုးသားကြသည်။ ကတိသစ္စာတည်ကြည်ကြသည်။ (၁၇၈၇) ခုနှစ်၊ မေလ(၂၅)ရက်၊ ဂျော့ဝါရှင်တန်ကို ဥက္ကဋ္ဌတင်ပြီး အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အတူတကွ လက်တွဲပါဝင်ခဲ့သော "သောမတ်စ်ဂျက်ဖါဆင်" (တတိယမြောက်သမတ)လို အသိပညာရှင်၊ အတတ်ပညာရှင်ပုဂ္ဂိုလ်မျိုးကပင် သူအပါအဝင် အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို သူတို့ရေးဆွဲနိုင်ခြင်းသည် သူတို့၏ အရည်အချင်းထက် တန်ခိုးရှင်များ၏ ကူညီပံ့ပိုးမှု မပါဝင်လျှင် မဖြစ်နိုင်ကြောင်း သူ၏အတ္ထုပ္ပတ္တိစာအုပ်တွင် ရေးသားထားလေသည်။

တိုင်းပြည်တပြည်ကို တည်ဆောက်ရာတွင်၎င်း၊ တိုင်းပြည်၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရာတွင်၎င်း ထိုပုဂ္ဂိုလ်များသည် အသိဉာဏ်ထက်သန်ပုံမျှဖြင့် မလုံလောက်ပါချေ။ ရိုးသားရန်နှင့်သစ္စာကတိ တည်ကြည်ရန်ပါ လိုအပ်လှပေသည်။ [၁] (အနာဂါတ်ဖွဲ့စည်း ပုံရေးဆွဲရေး = ဝိဓူရသခင်ချစ်မောင်)

## U.N.L.D နှင့် N.L.D တွေ့ဆုံဆွေးနွေးပွဲ မှတ်တမ်း



"(၁၉၄၇)ခုနှစ်၊ ဖေဖေါ်ဝါရီလ(၁၂)ရက်နေ့မှာ ချင်း၊ ကချင်၊ ရှမ်းတိုင်းရင်းသား ခေါင်းဆောင်များနဲ့ ဗမာအစိုးရအဖွဲ့ကိုယ်စား[၂]လှယ် ကျမရဲ့ ဖခင်တို့စာချုပ်တခု ချုပ်ဆိုခဲ့ပါတယ်၊ ရှမ်းပြည်နယ်၊ ပင်လုံမြို့မှာ ချုပ်ဆိုခဲ့တဲ့အတွက် ပင်လုံစာချုပ်လို့ထင်ရှားခဲ့တဲ့ ဒီစာချုပ်က ရှမ်း၊ ကချင်နဲ့ ချင်းတိုင်းရင်းသားတွေဟာ ယာယီဗမာအစိုးရနဲ့ အမြန်ပူးပေါင်း လိုက်ခြင်းဖြင့် လွတ်လပ်ရေးဟာ အလျှင်အမြန်

ရမယ်ဆိုတာ ကို ယုံကြည်နေတယ်လို့ ဖေါ်ပြနေပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံဟာ နိုင်ငံတွင်းမှာ မှီတင်းနေထိုင်နေကြတဲ့ တိုင်းရင်းသားပြည်သူအားလုံးက လွတ်လပ်တဲ့နိုင်ငံ အတွင်းမှာ စုစည်း ညီညွတ်စွာနဲ့ နေထိုင်ကြမယ်လို့ မိမိတို့သဘောဆန္ဒအလျှောက် ဆုံးဖြတ် ထားတဲ့အပေါ်မှာ အခြေခံထားတယ်ဆို တာ ဒီစာချုပ်က သက်သေပြနေပါတယ်။ ဒါကြောင့်လည်းပဲ ဖေဖေါ်ဝါရီလ(၁၂)ရက်နေ့ကို ပြည်ထောင်စုနေ့လို့ သတ်မှတ် ထားတာ ဖြစ်ပါတယ်။”

(၂) *မြန်မာပြည်က လာတဲ့(စာ) = ဒေါ်အောင်ဆန်းစုကြည်*

အလှည့်ကျသဘာပတိ နိုင်ငွေသိမ်း(မွန်)က အဖွင့်အမှာစကားပြော ကြားသည်။ (၁)

“ကျွန်တော်တို့ ဒီနေ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်တို့ရဲ့ ဆွေးနွေးပွဲဟာ အလွန်အရေး ကြီးတဲ့ သမိုင်းမှတ်တိုင်တခုကို အတည်ပြုမယ့် ဆွေးနွေးပွဲလို့ ကျွန်တော်ခံယူ ပါတယ်။ ဒီဆွေးနွေးပွဲဟာ အနာဂတ်မှာဖြစ်ပေါ်လာမယ့် ပြည်ထောင်စုကြီးကို ဘယ်လိုပုံစံနဲ့ ဖေါ်ဆောင်ကြမလဲဆိုတာက အလေးပေးဆွေးနွေးရမယ်လို့ ထင်ပါတယ်။ ကျွန်တော်ကတော့ ဒီကာလမှာ အဖွဲ့ချုပ်ရဲ့ အလှည့်ကျ သဘာပတိ ဖြစ်တဲ့အတွက် အဖွဲ့ချုပ်ရဲ့တာဝန်ပေးချက်အရ တင်ပြစရာရှိတာကို တင်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ ရည်ရွယ်ချက် လုပ်ငန်းစဉ်အကြမ်းကို ပထမဆုံးတင်ပြပါမယ်။

အဲဒီလုပ်ငန်းစဉ်မှာ အရေးအကြီးဆုံးက ဘာလဲဆိုတော့ ဒီမိုကရေစီနဲ့ တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူအခွင့်အရေးကို ဒီမိုကရေစီတိုက်ပွဲမှာ တပါတည်းဖေါ်ဆောင်သွားဖို့လိုတယ်လို့ ခံယူပါတယ်။ ဒီခံယူချက်ကတော့ ထူးခြား တဲ့ခံယူချက်တော့ မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ဒီဟာ, ဟာ ငွေဒင်္ဂါး တပြားရဲ့ ခေါင်းနဲ့ပန်းလိုပဲလို့ ယုံကြည်တယ်။ အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်

ဆန်းဟာလည်း လွတ်လပ်ရေးတိုက်ပွဲတိုက်တဲ့အခါမှာလည်း ဒီလိုပဲ တိုင်းရင်းသား တန်းတူရေးနဲ့ တန်းတူရေးအပေါ် အခြေခံတဲ့ စည်းလုံးညီညွတ်ရေးမရမီ (၁၉၄၇) ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့ ပင်လုံညီလာခံမှာ အတည်ပြုခဲ့ပါတယ်။”

ဒါကြောင့် လွတ်လပ်ရေးရပြီးမှ လူမျိုးတွေရဲ့ တန်းတူရေးကို လုပ်ပေးခဲ့တဲ့ သဘောမဟုတ်ပါဘူး။ လွတ်လပ်ရေးအတွက် လုပ်နေတဲ့ တဆက်တည်း တိုင်းရင်းသားလူမျိုးတွေရဲ့ စည်းရုံးရေး၊ တိုင်းရင်းသားများရဲ့ တန်းတူရေးကို လုပ်နေတာ ထင်ရှားပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးများအပါအဝင် ပြည်သူတရပ်လုံးဟာ ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းကို အထူးသဖြင့် ကျွန်တော်တို့ တိုင်းရင်းသား လူမျိုးများဟာ မိမိတို့ရဲ့ ကံကြမ္မာကို ဖန်တီးနိုင်တယ်လို့ ပုံအပ်ခဲ့ပါတယ်။ ဒါပေမယ့် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးတဲ့ နောက်ပိုင်းမှာ ကျွန်တော်တို့ရဲ့ ကံကြမ္မာဟာ သူနဲ့အတူ ကျဆုံးသွာတယ်လို့ ယုံကြည်ကြပါတယ်။

ဘာဖြစ်လို့လဲဆိုရင် (၁၉၄၇)ခုနှစ်၊ ပင်လုံညီလာခံအရ တိုင်းရင်းသား စည်းလုံးမှုကို တည်ဆောက်တာဟာ ဗိုလ်ချုပ်အောင်ဆန်းရှိစဉ် (၁၉၄၇)ခုနှစ်၊ မေလ(၁၀)ရက်မှ (၃၁)ရက်နေ့အထိကြာတဲ့ ပင်လုံမြို့မှာ ကျင်းပတဲ့ ပြည်လုံးကျွတ် ညီလာခံ၊ ပြည်လုံးကျွတ် ညီလာခံပဲ ခေါ်မလား၊ (၁၉၄၇)ခုနှစ်၊ (Convention)တခု ခေါ်ပြီး သူကိုယ်တိုင်ရေးဆွဲတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို တင်သွင်းခဲ့ပါတယ်။ ဒါကို (ဖဆပလ)အဖွဲ့ချုပ်ကလည်း လက်ခံတယ်။

ဥပဒေကြမ်းအနေနဲ့ လက်ခံခဲ့ပါတယ်။ ဒါပေမယ့် သူကျဆုံးသွားပြီးတဲ့ နောက်ပိုင်းမှာ ဒီဥပဒေကြမ်းဟာ ဘယ်လိုပုံစံနဲ့ ဖြစ်သွားသလဲဆိုတာ နဲနဲတော့ ရှင်းပြချင်ပါတယ်။

သူကျဆုံးသွားပြီးတဲ့ နောက်ပိုင်းမှာ (၁၉၄၇)ခုနှစ်၊ စက်ဘာလ(၂၄) ရက်နေ့မှာ ခေါ်ယူတဲ့ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ဝန်ကြီးချုပ်ဦးနုက ဖွဲ့စည်းအုပ်ချုပ်ပုံကို အတည်ပြုဖို့ တင်ပြလာပါတယ်။ အဲဒီတင်တဲ့အပေါ်မှာ ဝေဖန်ချက်ရှိတယ်။ အဓိပ္ပါယ်ကတော့ ဗမာလိုရေးထားတာ ရှာမတွေ့လို့ပါ၊ ဘယ်လိုရေးထားသလဲဆိုတော့ ...

“Mr President, I like to make the constitution of the Union of Burma as a mended and to be adopted.”

အဓိပ္ပါယ်က – ဗိုလ်ချုပ်အောင်ဆန်းရေးဆွဲပြီး လွှတ်တော်မှာ တင်သွင်းတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံကို ပြင်လိုက်ပြီးတော့ (Approved)လုပ်ပေးပါ။ အဲဒီလို တောင်းတဲ့အတွက် ဗိုလ်ချုပ်အောင်ဆန်းက တည်ဆောက်နေတဲ့ ပြည်ထောင်စုဟာ ပြိုကွဲသွားပါတယ်။ ဒါ ကျွန်တော် သမိုင်းကြောင်းကို ပြောတာပါ။ အပြစ်ကျူးလွန်တဲ့သူကို အပြစ်ဖို့ချင်လို့ ပြောတာ မဟုတ်ပါဘူး။ အဲဒီလို တွေ့ကြုံခဲ့ရပါတယ်။

ဒီနေ့ဆိုရင် ကျွန်တော်တို့တတွေဟာ အမျိုးသားရေးလှုပ်ရှားမှုလုပ်တဲ့နေရာမှာ အလွန်သတိထားပြီးတော့ လုပ်ရမယ်။ ပုဂ္ဂိုလ်တယောက်ကို ချဉ်းကပ်ပြီး ကျွန်တော်တို့ရဲ့ ကံကြမ္မာကို ပုံအပ်လိုက်ရင် ဒီပုဂ္ဂိုလ်မရှိလို့ရှိရင် ပျက်စီးသွားမယ်။ သူနဲ့တပါးတည်း ပျက်စီးသွားတာပဲလို့ မြင်တယ်။ ဒါကြောင့်မို့ ဒီနေ့လုပ်တဲ့အခါမှာ ဗိုလ်ချုပ်အောင်ဆန်းလက်ထက်က လူမျိုးတန်းတူရေးကို လုပ်တဲ့နေရာမှာ ပုဂ္ဂိုလ်တဦးတယောက်ကို ပေးအပ်တဲ့နေရာမှာ အတော်စဉ်းစားတာ ရှိပါတယ်။ ဒီပုဂ္ဂိုလ်ကို မယုံလို့မဟုတ်ပါဘူး။

ဗိုလ်ချုပ်အောင်ဆန်းဟာ တကယ့်တိုင်းရင်းသားလူမျိုးများအတွက် ရိုးရိုးသားသားလုပ်ပေးခဲ့ပါတယ်။ သူမရှိတော့ ပျက်သွားတယ်။ ဒီနေ့ လုပ်လို့ရှိရင်တော့ ကျွန်တော်တို့တတွေဟာ ဒီဟာကို သင်ခန်းစာယူပြီးတော့ ဗမာပြည်မှာရှိတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ ဒီမိုကရေစီတိုက်ပွဲဝင်နေတဲ့ အဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့ဟာ ဒီမိုကရေစီတိုက်ပွဲဝင်ရင်း တိုင်းရင်းသားလူမျိုးများရဲ့ တန်းတူအခွင့်အရေးကို ဘယ်လိုပုံသဏ္ဍာန် ဖေါ်ဆောင်ရမလဲဆိုတာ ညှိနှိုင်းထားဖို့လိုမယ်လို့ ထင်ပါတယ်။ ထင်ရုံမကဘူး၊ ယုံလည်းယုံတယ်။ အဲဒီတော့မှ ဆက်လုပ်ရမယ့်ဟာကို ဘယ်သူကမဖေါ်သလဲဆိုတာ ထင်ထင်ရှားရှား သမိုင်းက သက်သေခံလိမ့်မယ်လို့ ခံယူပါတယ်။

ဒုတိယချက်ကို ကျွန်တော် တိုတိုပဲပြောပါ့မယ်။ တိုင်းရင်းသားလူမျိုးများတန်းတူရေးနဲ့ပတ်သက် ပြီးတော့ ကျွန်တော်တို့ခံယူချက် ဘယ်လိုရှိသလဲဆိုရင် ဗမာပြည်မှာရှိတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေဟာ လူမျိုးများတန်းတူရေးကို

ငြင်းပယ်ပါတယ်။ ဒါကို ကျွန်တော် တိတိလင်းလင်း ပြောပါတယ်။ ဘာကြောင့်လဲ ဆိုရင် (၁၉၄၇)ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို တိုင်းပြုပြည်ပြုလွှတ်တော်ကို တင်တဲ့အခါမှာ ဝန်ကြီးချုပ်ကလည်း (Amend)လုပ်တဲ့ဟာကို ပြောင်းခွင့်ပြုပါလို့ တင်ခဲ့တယ်။ ပြင်ဆင်ထားတာကို အတည်ပြုပေးပါလို့လည်း ပြင်တယ်။ သူ့ရဲ့ ဥပဒေအကြံပေး ဦးချန်ထွန်းကလည်း မရေမရာတဲ့ အဖြေတွေပေးပါတယ်။ တိတိကျကျ ထောက်ပြရင်တော့ ရပါတယ်။ ဒါပေမယ့် သဘောလောက်ပဲ ပြောပါ့မယ်။

ဗိုလ်ချုပ်အောင်ဆန်းရေးဆွဲသွားတဲ့ပုံစံနဲ့ သွားလို့ရှိရင် ပိုက်ဆံတွေ အများကြီးကုန်မယ်၊ လူတွေအများကြီးသုံးရမယ်၊ အဲဒါကြောင့် ဗမာပြည်မကို ပြည်နယ်မဖွဲ့ဘဲ ဗဟိုနဲ့ပေါင်းလိုက်ရင် စရိတ်လည်း သက်သာမယ်၊ ငွေလည်း သက်သာမယ်၊ ဒါအကောင်းဆုံးပဲဆိုပြီး သူက အဲဒီပုံစံနဲ့ သွားပါတယ်။ ဒီဥစ္စာ သူက ပြောတော့ ကနေဒါနဲ့ဆင်ဆင်တူပါတယ်လို့ ပြောပါတယ်။ ဒါပေမယ့် နောက် (၁၀)နှစ်လောက်ကြာတဲ့ အခါကျတော့ (Hugh Tanker)နဲ့ တွေ့တဲ့အခါ (Hugh Tanker)က မေးတယ်။ ဗမာပြည်က ဖွဲ့စည်းအုပ်ချုပ်ပုံ ခင်ဗျားရေးဆွဲခဲ့တာ ဘယ်လိုလဲဆိုတော့ ပုံစံကတော့ (Union)ပါပဲ၊ ပြည်ထောင်စုစနစ်ပါပဲ။ ဒါပေမယ့် အနှစ်သာရအားဖြင့် တပြည်ထောင်ပါပဲလို့ ဖြောင့်ဝန်ခံပါတယ်။ ဒါဟာ ဘာခေါ် မလဲဆိုရင် ပထမပြောတာ တမျိုး၊ နောက်ပြောတာတမျိုးဖြစ်တဲ့ပုံစံက ဟိုတုန်းက သူလုပ်မိတာ ဝန်ခံတာလား၊ တမင်သက်သက်လုပ်တာလား မသိဘူး။

အဲဒီလို ဖြစ်တဲ့အခါကျတော့ (၁၉၄၇)ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံအရ ပေါ်လာတဲ့ ပြည်ထောင်စု ကြီးဟာ ပြည်မက ဗဟိုအာဏာကို ယူထားတယ်။ ကျန်တဲ့ပြည်နယ်တွေက သူ့လက်အောက်ခံနယ်မြေတွေ ဖြစ်လာတယ်။ ဗိုလ်ချုပ် အောင်ဆန်းစကားနဲ့ပြောရရင် (Vassal State)ဖြစ်သွားတယ်။

အဲဒါကြောင့်မို့ ဖွဲ့စည်းအုပ်ချုပ်ပုံပြီးတဲ့နောက်ပိုင်းမှာ ပြည်နယ်တွေနဲ့ အများကြီးမပြေမလည် ဖြစ်လာတယ်။ အဲဒီလို မပြေမလည်ဖြစ်လာတာကို တွေ့ရတော့ နောင်လာမယ့် အနာဂတ်ရဲ့ ပြည်ထောင်စုပုံသဏ္ဍာန်ဟာ တန်းတူ ရေးကိုမှီတဲ့ ပုံသဏ္ဍာန်ကို သွားစေချင်ပါတယ်။

ဘယ်လိုသွားရမလဲဆိုလို့ရှိရင် ပြည်နယ်အနေအထားအရ (၇)ပြည်နယ်ရှိတယ်။ ဗမာပြည်ပကိုလည်း (As an Unit) ဒါ ရှင်းရှင်းပြောလို့ရှိရင် သူလည်း ပြည်နယ်တခု ဖြစ်ထိုက်တယ်လို့ ကျွန်တော်တို့ခံယူပါတယ်။ ဒါ ကျွန်တော်တို့ဆန္ဒကို ပြောတာပါ။ ဒီတော့မှသာ ပြည်နယ်(၈)ခုမှာ ရှိတဲ့ဟာတွေက သူတို့ရဲ့ (Sovereignty)ကို (Central Government)ကို ညှိပြီးတော့ အချိုးကျ ဘာတွေအပ်မလဲဆိုတာ ဆုံးဖြတ်ဖို့လိုပါလိမ့်မယ်။ (Residue Power)ဆိုတဲ့ ကြွင်းကျန်တဲ့အာဏာတွေကိုလည်း ကိုယ့်ရဲ့ပြည်နယ်တွေမှာ လွတ်လွတ်လပ်လပ် လုပ်ဆောင်လို့ရဖို့လိုမယ်လို့ ထင်ပါတယ်။ ဒါမှ တန်းတူတဲ့သဘောကို သက်ရောက်ပါတယ်။ သို့မဟုတ်လို့ရှိရင် သူတို့က (၁၉၄၇)ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအရဆိုရင် ဗမာပြည်ဟာ ဘာခေါ်မလဲ၊ (Supranationalism)ကျင့်သုံးတဲ့ သဘောကို သက်ရောက်တယ်လို့ ဒီလိုပဲ ခံယူပါတယ်။

ဒီလိုခံယူတာလည်း မဆန်းပါဘူး။ ဒီနေ့အထိ ဗမာလူမျိုးတွေမှာရှိတဲ့အစွဲတွေဟာ အများကြီးရှိပါသေးတယ်။ သမိုင်းကို ပြန်ကြည့်ရင် အနော်ရထာခေတ်၊ ဘုရင့်နောင်ခေတ်၊ အလောင်းဘုရားခေတ် လက်နက်နဲ့ထူထောင်ပြီးတော့ တိုင်းပြည်စည်းလုံးရေးကို လုပ်ပါတယ်လို့ သမိုင်းကို ပြုစုပြီး မြန်မာ့သမိုင်းမှာ ရေးထားပါတယ်။ ဒါဟာ ဗမာတွေအတွက် ဖေါ်ပြချက် မှန်ချင်မှ မှန်ပါလိမ့်မယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေအတွက်ကတော့ လက်မခံတဲ့သဘောရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ အရင်တုန်းကဆိုရင် အထက်မြန်မာပြည်ရဲ့ သရက်မြို့အထက်မှာ မြန်မာနိုင်ငံရှိတယ်။ သရက်မြို့အောက်က ရာမညတိုင်း၊ မွန်နိုင်ငံရှိပါတယ်။ အနောက်ဘက်ခြမ်းမှာဆိုရင် ရခိုင်ပြည်နယ်၊ ရခိုင်နိုင်ငံရှိတယ်။ အဲဒါ သူတို့စည်းရုံး တယ်ဆိုတာက ဗိုလ်ချုပ်အောင်ဆန်းလုပ်တဲ့ တွေ့ဆုံညှိနှိုင်းပြီးတော့ စည်းရုံးတဲ့ပုံစံမျိုး မဟုတ်ဘဲနဲ့ (Unity by Annexation) တိုက်ခိုက်သိမ်းပိုက်တဲ့နည်းနဲ့ စည်းရုံးရေးလုပ်တယ်။ လက်နက်နိုင်ငံတည်ဆောင်တဲ့အတွက် ဒီဟာတွေဟာ မမြဲပါဘူး။ နောက်ဆုံးကျတော့ အင်္ဂလိပ်ဝင်လာတဲ့နောက်ပိုင်းကျတော့ ဗမာပြည်မှာရှိတဲ့ လူမျိုးတွေ ဗမာဘုရင်ကို တော်လှန်မှုဟာ ရပ်သွားပါတယ်။ မရပ်သွားရင်လည်း ဆက်ဖြစ်ဦးမှာပဲ။ အနော်ရထာခေတ်ဟာလည်း ကျဆုံးသွားပါတယ်။ ဘုရင့်နောင်ခတ်ဟာလည်း ကျဆုံးသွားပါတယ်။

ကျွန်တော်တို့ မွန်တွေ၊ ရခိုင်တွေ၊ ရှမ်းတွေ အင်း၀ဘက်ကို တိုက်တယ် ဆိုလို့ရှိရင် ဗမာတွေက ပြောတယ်။ မွန်တွေ၊ ရခိုင်တွေ၊ ရှမ်းတွေက ကျူးကျော်လာတယ်။ ယခုလိုပေါ့ဗျာ၊ ပြောရလို့ရှိရင်၊ သူတို့က တရားတဲ့ စစ်တိုက်တယ်ပေါ့ဗျာ။ ကျွန်တော်တို့က ကိုယ့်လွတ်လပ်ရေးအတွက် တိုက်တာကို မတရားတဲ့စစ်လို့ သတ်မှတ်တယ်။ ကျွန်တော် တို့ကလည်း ကိုယ့်လူမျိုးတည်တံ့ရေး၊ ကျွန်တော်တို့ရဲ့ (Kingdom)ဖြစ်တဲ့ ပဒေသာရာဇ်အင်ပါယာကို ခိုင်မြဲဖို့အတွက် ကျွန်တော်တို့ ဘုရင်တွေက တိုက်ကြတာလည်း တရားသောစစ်ပါပဲ။ ဒါပေမယ့် သမိုင်းများ ရေးထားတာက သူတို့တရားတဲ့ စစ်၊ အဲသလိုပဲ သတ်မှတ်ထားတယ်။

အဲဒီအခါ ဘယ်လိုဖြစ်လာသလဲဆိုတော့ ယနေ့အထိ ပဒေသရာဇ် ခေတ်က အစွဲအလမ်းတွေ မကုန်သေးတဲ့အတွက် ဗမာပြည်ကို အင်္ဂလိပ်က တိုက်ခိုက်သိမ်းပိုက်တော့ အကုန်လုံး ကျွန်ဖြစ်တယ်။ လွတ်လပ်ရေးရတယ်။ လွတ်လပ်ရေးပေးတဲ့အခါကျတော့ ဟိုပဒေသရာဇ်ခေတ်ကလိုပဲ ကျန်တဲ့လူမျိုးတွေ ကို ငါတို့အုပ်ချုပ်နိုင်တယ် ထင်ကြတယ်၊ ထင်ရုံမကဘူး ယူလည်းယူဆတယ်။ ဒီလိုပဲ သက်ဝင်ယုံကြည်ကြတယ်။

ဒါကြောင့် အချို့နိုင်ငံရေးအဖွဲ့အစည်းတွေက လူတွေပြောတာဟာ (Federal State)ဆိုတာ (Sovereign State)တွေလိုပေါင်းမှ ဖွဲ့လို့ရတယ်ဆိုတာ ပြောလာသေးတယ်။ ဒါမှန်တယ်လို့ ပြောတယ်၊ ဒီတော့ ကျွန်တော်တို့က ပြောတာပေါ့၊ ဒါဖြင့်ရင် လွတ်လပ်ရေးရတာ ကျွန်တော်တို့ မွန်တွေ၊ ရခိုင်တွေ အခြားတိုင်းရင်း သားတွေမပါဘူးလားလို့ ခင်ဗျားတို့ပဲ လွတ်လပ်ရေးရတယ်။ ခင်ဗျားတို့အောက်မှာ ကျုပ်တို့ခုထိ ကျွန်အဖြစ်နဲ့ ဆက်နေရတယ်လို့ ယူဆ သလားလို့ တည့်တည့်ပဲ မေးမယ်။

ဒါ ကျွန်တော်တို့က ရှင်းရှင်းပဲ မေးပါမယ်။ ခင်ဗျားတို့ အဲဒီအစွဲတွေကို တနည်းအားဖြင့် လူမျိုးကြီးအစွဲ၊ လူမျိုးရေးအစွဲတွေကို မဖျောက်လို့ရှိရင် တိုင်းရင်း သားစည်းလုံးညီညွတ်ရေးဟာ ခက်ပါတယ်။ ဥပမာ – ပြည်နယ်(၈)ခုလို့ပြောရင် ဗမာပြည်နယ်ဖွဲ့တာ သူတို့က ကြိုက်ချင်မှကြိုက်မယ်။ ကျွန်တော်တို့ကတော့

ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ကျွန်တာ်တို့ရဲ့ ယုံကြည်ချက်၊ ခံယူချက်ကို တင်ပြတယ်။

ကျွန်တော်တို့တွေဟာ တန်းတူရေးကို တောင်းတိုင်းတောင်းတိုင်း အခက်အခဲအများကြီးရှိပါတယ်။ (၁၉၆၁)ခုနှစ်၊ တောင်ကြီးညီလာခံမှာ ပြည်နယ်များ ညီညွှတ်ရေးအဖွဲ့က တောင်းတဲ့တောင်းဆိုချက်ဆိုတာ ခွဲထွက်ဖို့ မပါ, ပါဘူး။ (Federal)မူဆိုတာက ရိုးရိုးလေးပါ၊ စာအုပ်စားတမ်းတွေမှာ ရှိပါတယ်။ ပြနေလို့ ရှိရင် ဗိုလ်ချုပ်ကြီးစောမောင်လို ဖြစ်သွားမှာစိုးလို့ ကျွန်တော်မပြတော့ပါဘူး။ အဲဒီမှာ ကျွန်တော်တို့ဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံဟာ ချို့ယွင်းနေတယ်၊ သုံးစွဲဖို့ မသင့်တော်တော့လို့ ပြင်ဆင်ဖို့လိုတယ်ဆိုပြီး အဆိုကို တင်ပါတယ်။ ဒီအဆိုကို ထောက်ခံတာ ကျွန်တော်ကိုယ်တိုင်ပါပဲ။

ဒါပေမယ့် အာဏာလိုချင်တဲ့ သူတွေက ဒီဟာကို တောင်းတာ ခွဲထွက်ရေးပါဆိုပြီး (Federal)ကို အင်္ဂလိပ်လိုမတတ်လို့လား၊ ဘယ်လိုကြောင့်လဲ မသိဘူး။ (Federal)ဆိုတာ ခွဲထွက်ရေးပါလို့ သူတို့က အော်ကြတယ်။ ကျွန်တော်တို့က ပြောပါတယ်။ (Federal) ဆိုတာ ပေါင်းစပ်ရေးပဲ ခေါ်ပါတယ်လို့။

အဲဒီလိုပေ့ါ၊ တိုင်းရင်းသားလူမျိုးများက (Federal)တောင်းတာ ခွဲထွက်ဖို့ တောင်းတယ်၊ ဗမာတွေကို ဆန့်ကျင်ဖို့ လုပ်တယ်ဆိုတဲ့ အဓိပ္ပါယ်ပေါက်ပါတယ်။ ခုနကလို ကြွေးကြော်တဲ့အတွက် အင်မတန် ဝမ်းနည်းဖွယ်ကောင်းတဲ့ အဖြစ်အပျက်ပေါ်လာတယ်။ လူမျိုးရေးမုန်းတီးမှုတွေ၊ မဖြစ်သင့် မဖြစ်ထိုက်ဘဲနဲ့ ဖြစ်လာတယ်။ ယနေ့အထိ တိုင်းရင်းသားလူမျိုးများဟာ မိမိတို့ရဲ့ အဖိနှိပ်ခံရမှုကို ဒီမိုကရေစီစစ်စစ်အရ မကာကွယ်နိုင်တဲ့အတွက် လက်နက်ကိုင်ဘဝရောက်သွားရပါတယ်။ ဒါ လက်ရှိပါ။

ဒါကြောင့်မို့ ကျွန်တော်တို့ ယနေ့ ရင်ဆိုင်နေရတဲ့ ဒီမိုကရေစီတိုက်ပွဲမှာ တိုင်းရင်းသားစည်းလုံးညီညွှတ်ရေးကို တည်ဆောက်ဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်းလုပ်သွားတဲ့အတိုင်း လုပ်ဖို့လိုတယ်လို့ မြင်ပါတယ်။ အဲဒီလိုလုပ်မှလည်း ညီညွှတ်လာမယ်။ တိုင်းရင်းသားများ စည်းလုံးညီညွှတ်လာလို့ရှိရင် စစ်မှန်တဲ့ ပြည်ထောင်စုကို တည်ထောင်နိုင်မယ်။ တဆက်တည်းမှာပဲ ညီညွှတ်သည်နှင့်အမျှ

ငြိမ်းချမ်းရေးဟာလည်း ရလာနိုင်မယ်လို့ ယုံကြည်တယ်။ ငြိမ်းချမ်းရေးရတဲ့အတွက် ပြည်ထောင်စုကြီးရဲ့ အချုပ်အခြာအာဏာဟာလည်း တည်မြဲနေမယ်။

ယနေ့ ကျွန်တော်တို့ ကိုင်စွဲနေတဲ့ ပြည်ထောင်စုတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အမျိုးသားတာဝန်ဟာ ဒီမိုကရေစီနဲ့တပါးတည်း တိုင်းရင်းသားလူမျိုးများတန်တူရေးကိုပါ တဆက်တည်းလုပ်ရမယ်လို့ ကျွန်တော်တို့ သက်ဝင်ယုံကြည်ပါတယ်။ ဒီလိုပဲ ဆက်လုပ်နေပါတယ်။ ဒီလို လုပ်နေတဲ့နေရာမှာ ဒီမိုကရေစီတိုက်ပွဲမှာ တိုင်းရင်းသားလူမျိုးများတန်တူရေးဟာ အရှေ့က မသွားသင့်ဘူးဆိုတာ နားလည်းပါတယ်။ ကျွန်တော်တို့ ပြောတာဟာ တဆက်တည်းသွားရမယ်လို့ ပြောတာပါ။ ကျွန်တော်တို့ **နွားရှေ့ထွန်မကျူး**ပါဘူး။ ကိုယ်ဆောင်ရွက်မယ့်အခန်းကို နားလည်းပါတယ်။ ဒီမိုကရေစီတိုက်ပွဲ တိုက်တဲ့ကာလမှာ ကျွန်တော်တို့တတွေဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရအောင်၊ တိုင်းရင်းသားလူမျိုးများရဲ့ တန်းတူရေးကိုပါ ဗိုလ်ချုပ်ချမှတ်ခဲ့တဲ့ ပုံစံအတိုင်း ဆက်လုပ်ဖို့လိုမယ်လို့ ကျွန်တော်တို့ယုံကြည်လို့ ဒီတာဝန်ကို ချမှတ်ခဲ့ခြင်း ဖြစ်ပါတယ်။

နောက်တချက်က တိုင်းရင်းသားနိုင်ငံရေးပါတီအဖွဲ့အစည်းတွေဟာ လွန်ခဲ့တဲ့လက မန္တလေးမှာ အဖွဲ့(၁၃)ဖွဲ့ တွေ့ဆုံညှိနှိုင်းမှုတွေ လုပ်ခဲ့ပါတယ်။ ရှမ်းပြည်မြောက်ပိုင်းနဲ့ ကချင်ပြည်နယ်က အဖွဲ့တွေလည်း ပါ, ပါတယ်။ အဲဒီမှာ အကြမ်းအားဖြင့် သဘောတူညီချက်(၃)ချက်ကို ချမှတ်နိုင်ခဲ့ပါတယ်။ ပထမကတော့ ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်ခန့်အောင် လုပ်ရမယ်။ ဒီလိုလုပ်ပြီးတဲ့ တဆက်တည်းမှာပဲ နောင်အနာဂတ်ဖွဲ့စည်းမယ့် ပြည်ထောင်စုရဲ့ (Framework)ပေ့ါလေ၊ ပုံသဏ္ဌာန်အကြမ်းရေးဆွဲမယ်၊ ပြီးလို့ရှိရင် အောက်တိုဘာလလောက်မှာ ဖြစ်နိုင်ရင် ကျွန်တော်တို့ဆီမှာပါတဲ့ တိုင်းရင်းသားလူမျိုးများပါတီ အဖွဲ့အစည်းများသာမကဘဲ မပါသေးတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ပါတီအဖွဲ့အစည်းများကိုပါ ညှိနှိုင်းမယ်။ ညှိနှိုင်းလို့ သဘောတူညီချက်ရပြီးဆိုရင် နိုဝင်ဘာ၊ ဒီဇင်ဘာလလောက်မှာ ကျွန်တော်တို့က ဗမာပြည်မှာ ရှိတဲ့ နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းများအားလုံးကို ဖိတ်ခေါ်ပြီး ဒါကို တင်ပြမယ်၊

ညှိနှိုင်းမယ်၊ ညှိနှိုင်းပြီးတော့ သဘောတူညီချက်ကို ယူမယ်။ ဒီလို ကျွန်တော်တို့က ဆုံးဖြတ်ထားတယ်။

ဒီပုံသဏ္ဍာန်နဲ့ သွားဖို့ရှိရင် ကျွန်တော်တို့တတွေဟာ နောင်လာမယ့် အနာဂတ်ပြည်ထောင်စုကြီးကို ဗိုလ်ချုပ်ကြီးစောမောင် ပြောသလိုပေါ့လေ 'တိုင်းရင်းသားလူမျိုးများ(၁၃၅)လောက် ရှိပါတယ်။ ဒါကို ခင်ဗျားတို့ ဘယ်လို လုပ်ကြမလဲ' ဒါဟာ သူ့တာဝန် မဟုတ်ပါဘူး၊ ကျွန်တော်တို့ရဲ့ တာဝန်ပါ။ ကျွန်တော်တို့က စုပြီးတော့ ကျွန်တော်တို့ လုပ်ရမယ့်တာဝန်တွေကို လုပ်နေပါတယ်။ ဒီတာဝန်ကို ထမ်းဆောင်ပြီးတော့၊ စုစည်း ညီညွတ်မှုကို ရယူပြီးတော့ ဒီမိုကရေစီတိုက်ပွဲကို အရှိန်အဟုန်မြင့်မားစွာနဲ့ ပီပီပြင်ပြင် အောင်မြင်အောင် လုပ်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးများရဲ့ ခံယူချက်၊ လမ်းစဉ်သဘောထားဖြစ်ပါတယ်။ ဒါအကြမ်းအားဖြင့် တင်ပြခြင်းပါ။ ပြောရမယ် ဆိုရင်တော့ အရှည်ကြီးပါ၊ မူဝါဒသဘောအရ တင်ပြခြင်း ဖြစ်ပါတယ်။

အဲဒီလို ကျွန်တော်တို့ရဲ့ သဘောထား၊ ခံယူချက်၊ ယူဆချက်တွေကို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှာ လာတဲ့ပုဂ္ဂိုလ်များနဲ့ ဒေါ်အောင်ဆန်းစုကြည်က မှားတယ်၊ မှန်တယ် ထောက်ပြပြီးတော့ ဒီမိုကရေစီ ဘက်တော်သားပီပီပေါ့လေ၊ ပြုပြင်စရာရှိရင်လည်း ပြုပြင်ပြောင်းလဲနိုင်ဖို့၊ ဆက်လက်လုပ်ဆောင်မယ် ဆိုရင်လည်း ဆက်လက်လုပ်ဆောင်သွားဖို့အတွက် ဆွေးနွေးစေလိုပါတယ်။

ကျွန်တော်တို့ ပြဿနာတခုဖြစ်ခဲ့ဖူးပါတယ်။ ဒီမိုကရေစီရေးအတွက် (Joint Action)လုပ်တဲ့အခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့လုပ်သလို အခြားတပ်ပေါင်းစုတွေ၊ ပါတီအဖွဲ့အစည်းတွေနဲ့လည်း လုပ်ပါတယ်။ ဒီလိုလုပ်တဲ့နေရာမှာ ကြေညာချက်တခုမှာ ဘာဖြစ်သလဲဆိုတော့ အဲဒီမှာ ပြည်ထောင်စုရေးနဲ့ တိုင်းရင်းသားတန်းတူရေးဆိုတဲ့ အချက်တချက်ပါ, ပါတယ်။ အဲဒီအချက်အတွက် ကျွန်တော်တို့က ပေးထားတဲ့ ကိုယ်စားလှယ်ကို ပြောပါတယ်။ ဒါ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်၊ တာဝန်ရှိလို့ ဘယ်လိုပြောသလဲဆိုတော့ အဲဒီအချက်ပါတဲ့

အတွက် ဒေါ်အောင်ဆန်းစုကြည်ကို ကျွန်တော်တို့က ဘယ်လိုသဘောနဲ့မှ ကိုယ်စားလှယ်အဖြစ် မရွေးခဲ့တာ မဟုတ်ပါဘူး။

ဒီမိုကရေစီနဲ့ပတ်သက်လို့ကတော့ လုပ်ပိုင်ခွင့်ဆိုတာ ပေးထားပြီး ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများ တန်းတူရေးကို သက်ဆိုင်ရာကာယကံရှင်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့အနေနဲ့ ဆွေးနွေးရလို့ရှိရင် ဒီဟာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ အာဏာအပြည့်အဝပေးလိုက်လို့ မတော်တဆများ ခံယူချက်ချင်းမတူလို့ရှိရင် (နဝတ)က မခေါ်လို့ပေါ့၊ ခေါ်ခဲ့လို့ရှိရင် ဆွေးနွေးချက် လွဲမှားသွားရင် ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ တာဝန်ရှိတဲ့ အတွက် ကျွန်တော်တို့က လက်မှတ်မထိုး ခြွင်းချန်ထားခဲ့ပါတယ်။

နောက်ပိုင်းမှာ ဆွေးနွေးကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ တိုင်းရင်းသားလူမျိုးများတန်းတူရေးကို ဘယ်လိုသဘောထားရှိသလဲဆိုတာ ညှိနှိုင်းဖို့လိုမယ်လို့ ဆုံးဖြတ်ပြီး တွေ့ဆုံဆွေးနွေးရေးကို ကြိုးပမ်းခဲ့ပါတယ်။ ကျွန်တော် ပြောချင်တာကတော့ ဒီလောက်ပါပဲခင်ဗျား။

(၁) *(U.N.L.Dမှ နိုင်ငွေသိမ်း)*

အခန်း (၁၉)

## ဗိုလ်အောင်ကျော်လမ်း ပူးတွဲကြေညာချက်

ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရစီအဖွဲ့ချုပ် နှင့်တိုင်းရင်းသား လူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (U.N.L.D)တို့၏ တွေ့ဆုံးဆွေးနွေးပွဲတွင် ဒေါ်စုမှ အနည်းငယ်ပြောကြားပြီး နိုင်ငွေသိမ်းမှ တင်ပြပြောဆိုပြီး နောက်တွင် နှစ်ဖွဲ့ ပေါင်း၍ ဗိုလ်အောင်ကျော်လမ်းပူးတွဲကြေညာချက်ကို ထုတ်ပြန်လေသည်။ ဗိုလ်အောင်ကျော်လမ်း ပူးတွဲကြေညာချက်၏ အနှစ်သာရမှာ (၁၉၆၁)ခုနှစ်၊ တောင်ကြီးမြို့၊ ပြည်နယ်ပေါင်းစုံကြေညာချက်၏ ဤစိတ်အပိုင်းတခုပင် ဖြစ်လေ သည်။

## ဗိုလ်အောင်ကျော်လမ်း ပူးတွဲကြေညာချက်

### ပြည်ထောင်စုမြန်မာနိုင်ငံ၏ လက်ငင်းနိုင်ငံရေးအခြေအနေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့၏ သဘောထားကြေညာချက်

၁၃၅၂–ခုနှစ်၊ တော်သလင်းလဆန်း(၁၀)ရက်

၁၉၉၀–ခု ပြည့်နှစ်၊ ဩဂုတ်လ(၁၉)ရက်

၁။ ပါတီစုံဒီမိုကရေစီ အထွေးထွေးရွေးကောက်ပွဲ ကျင်းပရေးကော်မ ရှင်တွင် တရားဝင်မှတ်ပုံတင် ဖွဲ့စည်းထားသော[၁] တိုင်းရင်းသား လူမျိုးများ၏ နိုင်ငံရေးပါတီ(၂၁)ပါတီ၊ (နောက်ဆက်တွဲ စာရင်း– ရှ)တို့ စုစည်းထူထောင်ထားသည့် ပြည်ထောင်စုတိုင်းရင်းသား

လူမျိုးများနိုင်ငံရေးများ၏ လူမျိုးစုရေးရာ မူဝါဒကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့သည်၊ (၁၉၉၀)ပြည့်နှစ်၊ ဇူလိုင်လ(၅)ရက်နေ့တွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်းရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (ဌာနချုပ်)ရုံး၌ မဏ္ဍာမညှိနှိုင်းဆွေးနွေးပွဲ ကျင်းပခဲ့ကြသည်။

၂။ ယင်းပဏ္ဍာမ ညှိနှိုင်းဆွေးနွေးပွဲမှ သဘောတူညီချက်အရ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများနိုင်ငံရေးပါတီများ၏ လူမျိုးစုရေးရာမူဝါဒကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ပထမဆုံးအကြိမ် စုံညီအစည်းအဝေးကို (၁၉၉၀)ပြည့်နှစ်၊ ဇူလိုင်လ(၁၂)ရက်နေ့တွင် ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဌာနချုပ်)ရုံး၌ ကျင်းပခဲ့ပါသည်။

၃။ ယင်းစုံညီဆွေးနွေးပွဲမှ သဘောတူချက်အရ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်ဆက်သွယ် ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၊ အဖွဲ့ချုပ်၏ လူမျိုးစုဆိုင်ရာဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လက်ငင်းနိုင်ငံရေးပြဿနာများနှင့်စပ်လျဉ်း၍ ပုံမှန်ဆွေးနွေးပွဲများကို (၃)ကြိမ်ဆက်လက်ကျင်းပခဲ့ပါသည်။

၄။ ယင်းပုံမှန်ဆွေးနွေးပွဲမှ ညှိနှိုင်းသဘောတူညီချက်များအနက် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လောလောဆယ်နှင့် ရေရှည်အကျိုးစီးပွားတို့ကို ရှေ့ရှုလျှက် နှစ်ဦးနှစ်ဘက်တူညီသောသဘောထားများကို အောက်ပါအတိုင်း ပူးတွဲကြေညာအပ်ပါသည်။

(က) (၁၉၉၉)ပြည့်နှစ်၊ ဇွန်လ(၂၉)ရက်မှ ဇူလိုင်လ(၁)ရက်နေ့အထိ ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်းရှိ၊ ဝိုင်အမ်ဘီအေခန်းမတွင်

ကျင်းပခဲ့သော ဒုတိယအကြိမ် စုံညီအစည်းအဝေးနှင့် တိုင်းရင်းသားလူမျိုး၊ နိုင်ငံရေးပါတီပေါင်းစုံ ဒုတိယအကြိမ် အစည်းအဝေးမှ လက်ငင်းရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် (၁၉၉၀)ပြည့်နှစ်၊ ဇူလိုင်လ(၂၈)ရက်နှင့် (၂၉)ရက်နေ့က ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်း၊ ဂန္ဓီခန်းမဆောင်တွင် ကျင်းပခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုဦးစီးအဖွဲ့နှင့် အဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပထမအကြိမ် ပဏာမညှိနှိုင်းအစည်းအဝေးမှ တညီတညွတ်တည်း အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်များသည် တသဘောတည်းရှိကြောင်း ထုတ်ဖော်ကြပါသည်။

၎င်းဆုံးဖြတ်ချက်များမှာ –

(၁) ကျင်းပပြီးခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပြီး ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေအခန်း(၂)၊ ပုဒ်မ(၃)အရ ပြည်သူ့လွှတ်တော်ကို (၁၉၉၀)ပြည့်နှစ်၊ စက်တင်ဘာလအတွင်း ခေါ်ယူဖွဲ့စည်းရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တောင်းဆိုကြောင်း၊

(၂) ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် လုံးလုံးလျားလျား အများစုအနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အာဏာပိုင်ကိုယ်စားလှယ်အဖွဲ့နှင့်(နဝတ)အာဏာပိုင် ကိုယ်စားလှယ်အဖွဲ့တို့ အမြန်ဆုံး တွေ့ဆုံညှိနှိုင်းရေးအတွက် တိုက်တွန်းကြောင်း၊

(၃) မြန်မာနိုင်ငံ၏ လောလောဆယ်အကျိုးစီးပွားနှင့် ရေရှည်အနာဂါတ်အကျိုးစီးပွားကို ရှေးရှု၍ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်မြောက်ရေးကို

ဆောင်လျှင်စွာ ဆောင်ရွက်ပေးရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တိုက်တွန်းကြောင်း၊

(၄) ဒီမိုကရေစီအခွင့်အရေးများရရှိရေးနှင့် ပြည်သူ့လွှတ်လွှပ်ခွင့် ကန့်သတ်ထားမှုများကို ရုပ်သိမ်းပေးရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တောင်းဆိုကြောင်း၊

အထက်ပါ ဆုံးဖြတ်ချက်များကို အမြန်ဆုံးအကောင်အထည်ဖော်ရန်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးဖွဲ့သို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့က ထပ်လောင်းတိုက်တွန်းသည်။

(ခ) ပြည်သူ့လွှတ်တော်ပေါ်ပေါက်လာပြီးလျှင် ပြည်သူ့လွှတ်တော်က တင်မြှောက်သော အစိုးရအဖွဲ့စည်းပြီး၊ အလျင်မြန်ဆုံးသော ကာလအတွင်း၊ ပြည်သူ့လွှတ်တော်၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားလူမျိုးများနှင့်ပါဝင်သင့် ပါဝင်ထိုက်သော အဖွဲ့အစည်းများ/လူပုဂ္ဂိုလ်များပါဝင်သည့် အမျိုးသားညီနိုင်းမှုညီလာခံကြီးတရပ်ကျင်းပ၍ ပြည်ထောင်စုထူထောင်ရေးအတွက် လမ်းညွှန်မှုများချမှတ်မည်။ ယင်းလမ်းညွှန်မှုများနှင့်အညီ၊ ပြည်သူ့လွှတ်တော်က ရေရှည်တည်တံ့ခိုင်မြဲမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်တရပ်ကို ရေးဆွဲပြဋ္ဌာန်းအတည်ပြုရမည်ဟု ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ကတညီတညွတ်တည်း သဘောတူကြသည်။

(ဂ) တိုင်းရင်းသားလူမျိုးများသည် လူမျိုးရေးတန်းတူမှု၊ နိုင်ငံရေးတန်းတူမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိစေရမည့်အပြင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများကို အာမခံချက်ရှိသော ပြည်ထောင်စုကို တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာ ထူထောင်ရန်လိုအပ်ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုက

ရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ တညီတညွတ်တည်း သဘောတူကြသည်။

၅။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ လက်ငင်းနိုင်ငံရေးပြဿနာနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲများနှင့်လည်း သွေးစည်းညီညွတ်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် သဘောတူကြသည်။

၆။ ဤပူးတွဲကြေညာချက်ကို ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ‘ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၃၉၃)ရှိ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များလက်မှတ်ရေးထိုး၍ ပူးတွဲထုတ်ပြန် ကြေညာလိုက်သည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ဒီမိုကရေစီအဖွဲ့ချုပ်

(၁) (*ဗိုလ်အောင်ကျော်လမ်း ပူးတွဲကြေညာချက်)*

## အနှစ်(၅၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနား

နှစ်(၅၀)ပြည့်၊ ပြည်ထောင်စုနေ့အခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်သည် သမိုင်းဝင်မိန့်ခွန်းတရပ်ကို ပြောကြားခဲ့လေသည်။ ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပြည်နယ်ခေါင်းဆောင်များ၊ လူမျိုးစုခေါင်း ဆောင်များပါဝင်ချုပ်ဆိုသော ပင်လုံစာချုပ်နှင့်အတူ၊ ထိုစဉ်က “မဲသရောထ”နီးနှောပွဲတွင် သဘောတူညီချက် စာတန်းကိုပါ ထည့်သွင်း၍ လေးနက်စွာ ပြောကြားခဲ့လေသည်။ ယင်းတို့မှာ –

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၏ မိန့်ခွန်း

အခု ဒီကိုကြွရောက်လာတဲ့ ပရိသတ်ကိုရော ကျမတို့ရဲ့ ပြည်ထောင်စုနေ့ကို သေးသိမ်စေအောင်လို့ ပြည်သူလူထုက လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကနေပြီးတော့ နိုင်ငံရဲ့အနာဂတ်ဦးဆောင်ဖို့ မဲပေးခဲ့တဲ့ နိုင်ငံရေးအဖွဲ့အစည်းရဲ့ လုပ်ဆောင်မှုကို သေးသိမ်အောင်လို့လုပ်တဲ့ အခက်အခဲတွေကြားထဲကနေပြီးတော့ အဝေးကနေပြီးထောက်ခံတဲ့ ကျမတို့ရဲ့ ပြည်သူလူထုအားလုံးကို ကျေးဇူးတင်လေးစားကြောင်း ကျမပြောချင်ပါတယ်။

ဒီနေ့ဆိုရင် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့သော အနှစ်(၅၀)တင်းတင်းပြည့်ပါပြီ၊ ဒီစာချုပ်ကို သဘောတူပြီး ချုပ်ဆိုခဲ့တဲ့ ကျမတို့ခေါင်းဆောင်ကြီးများ၊ တိုင်းရင်းသားခေါင်းဆောင်ကြီးများရဲ့ စာချုပ်ဟာ စက္ကူပေါ်မှာ ရေးထိုးထားတဲ့ စာချုပ်မျှသာ မဟုတ်ပါဘူး။ ပြည်ထောင်စုကို လိုလားယုံကြည်တဲ့ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံးက သွေးစည်းညီညွတ်မှုကို ယုံကြည်ပါတယ်ဆိုပြီးတော့ နှလုံးသားပေါ်မှာ ထိုးထားတဲ့ ကတိကဝတ် ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံအနေနဲ့ ရပ်တည်နိုင်ခဲ့တာဟာ အခုဆိုရင် ရာစုနှစ်ဝက်ခန့် ဖြစ်ပါပြီ။ ဒါပေမယ့် စစ်မှန်တဲ့ တိုင်းရင်းသားညီညွတ်မှုကို ကျမတို့ မစွမ်းဆောင်နိုင်ခဲ့သေးတာကြောင့်မို့လို့ ဒီဟာကို ပြည်ထောင်စုအစစ်လို့ခေါ်ရမှာ အင်မတန်မှ ခက်နေပါတယ်။

ကျမတို့ စစ်မှန်တဲ့ သွေးစည်းညီညွတ်မှုရရှိဖို့ဆိုတာ ဘာလိုလဲဆိုတော့ ကျမတို့ တိုင်းရင်းသားလူမျိုးများ အားလုံးဟာ မိမိတို့ရဲ့ မျှော်မှန်းချက်တွေ၊ ရည်မှန်းချက်တွေ၊ စိုးရိမ်ချက်တွေ၊ နာကြည်းချက်တွေ၊ မကျေနပ်မှုတွေကို ပွင့်ပွင့်လင်းလင်း အန္တရာယ်မရှိဘဲနဲ့ တင်ပြပေးနိုင်တဲ့ စနစ်တခုရှိဖို့ လိုပါတယ်။

ဒီစနစ်တခုရှိမှာသာလျှင် ကျမတို့ကြားထဲမှာ ရှိနေတဲ့နားလည်းမှုလွဲမှားနေတာတွေ၊ မကျေနပ်တာတွေကို ကွယ်ပျောက်သွားအောင် လုပ်နိုင်မှာ

ဖြစ်ပါတယ်။ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ကတော့ ပြည်ထောင်စုမြန်မာနိုင်ငံသူနိုင်ငံသားအားလုံးကြား ပြည့်ဝတဲ့ ယုံကြည်မှု ဖြစ်ပေါ်လာနိုင်အောင်လို့ စေတနာသန့်သန့်နဲ့ ကြိုးစားသွား မယ်ဆိုတာ ကျမတော့ ကတိကဝတ်ပြုပါတယ်။

တိုင်းရင်းသားအားလုံးအနေနဲ့လည်း ပူးပေါင်းဆောင်ရွက်ဖို့ကို အခုအနှစ် (၅၀)မြောက် ပြည်ထောင်စုနေ့အခါသမယမှာ ကျမလေးလေးနက်နက် ဖိတ်ခေါ် လိုက်ပါတယ်။

ဇန်နဝါရီလ(၇)ရက်နေ့ကနေပြီးတော့ (၁၄)ရက်နေ့အထိ မဲသရောထမှာ ကျင်းပခဲ့တဲ့ တိုင်းရင်းသားလူမျိုးအဖွဲ့အစည်း(၁၅)ဖွဲ့နဲ့ အခြားတိုင်းရင်းသား လူမျိုးကိုယ်စားလှယ်တွေပါဝင်တဲ့ နီးနှောဖလှယ်ပွဲကြီးက ကြေညာချက်စာတမ်း တခု ထုတ်ပြန်ခဲ့ပါတယ်။

အဲ့ဒီ ကြေညာစာတမ်းထဲမှာ ဘာပါလဲဆိုတော့ –

မြန်မာပြည်လွတ်လပ်ရေးရရှိပြီးနောက် ပင်လုံစာချုပ်တွင် ဖေါ်ပြထားသည့် နိုင်ငံသားတိုင်း လူမျိုးရေးသာတူညီမျှ ရှိရမည်ဟူသောအချက်ကို အာဏာ လက်ကိုင်ထားသူ အဆက်ဆက်က မဟာလူမျိုးကြီးဝါဒကို လက်ကိုင်ထားပြီး တိုင်းရင်းသားလူမျိုးများအား ရက်စက်စွာ စစ်ဆင်တိုက်ခဲ့ခြင်းများကြောင့် တိုင်းရင်းသားလူမျိုးများအနေဖြင့် သမိုင်းတွင် မကြုံစဖူးအောင် အတိဒုက္ခရောက်ခဲ့ ရကြောင်း ဆိုပြီးတော့ ပါ, ပါတယ်။

ဒီလို တိုင်းရင်းသားလူမျိုးများရဲ့ ခါးသီးလှတဲ့ ခံစားမှုတွေကြောင့် ကျမတို့ ပြည်ထောင်စုအပေါ်မှာ အယုံအကြည် ကင်းမဲ့လာတယ်ဆိုတာ အင်မတန်မှ ဝမ်းနည်းစရာကိစ္စတခု ဖြစ်ပါတယ်။ ဒီအတိတ်က အမှားတွေကို ပြန်ပြီးပြုပြင်ဖို့ ဆိုတာဟာကလည်း ကျမတို့အားလုံးရဲ့ တာဝန်ဖြစ်ပါတယ်။ တိုင်းရင်းသား လူမျိုးများရဲ့ မျှော်မှန်းချက်တွေကို ကျမတို့ ကြည့်ရမယ်။

ဒီမျှော်မှန်းချက်တွေဟာ ဘာလဲဆိုလို့ရှိရင် မဲသရောထနီးနှောပွဲက သဘောတူညီချက်စာတမ်းထဲမှာ ပါတာကတော့ –

(က) စစ်အာဏာရှင်စနစ် ဖျက်သိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရန်၊

(ခ) ဒီမိုကရေစီနိုင်ငံရေးစနစ် ကျင့်သုံးရန်။

(ဂ) လူမျိုးတိုင်း တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးရရှိရန်၊

(ဃ) ဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်ရန် – တို့ဖြစ်ပါတယ်။

သဘောထားဆိုပြီးတော့ စာတမ်းတခုလည်း ထွက်ပါတယ်။ ခုဒီသဘောထားစာတမ်းအရဆိုရင်လည်း ကျမတို့နိုင်ငံအတွက် အဓိကလိုအပ်ချက်တွေကတော့ –

(၁) ဒီမိုကရေစီနှင့်တိုင်းရင်းသားလူမျိုးများနိုင်ငံရေး၊ တန်းတူရည်တူအခွင့်အရေးရရှိရေး၊

(၂) တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေး၊

(၃) စစ်မှန်သော ပြည်ထောင်စုစနစ်တည်ဆောက်ရေး၊

(၄) ပြည်နယ်အသီးသီး အချိုးညီစွာဖြင့် ဖွံ့ဖြိုးတိုးတက်ပြီးပြည်ထောင်စုတခုလုံးခေတ်မီတိုးတက်သည့် နိုင်ငံဖြစ်လာရေး၊

(၅) အာဏာရှင်စနစ်ဟူသမျှ ချုပ်ငြိမ်းရေး၊

(၆) ပြည်တွင်းငြိမ်းချမ်းရေး၊

ဒီစာတမ်းတွေမှာ ပါတဲ့သဘောတရားတွေကို ကြည့်လိုက်မယ်ဆိုလို့ရှိရင် အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီနဲ့ တိုင်းရင်းသားလူမျိုးများအားလုံးရဲ့ တန်းတူညီတူရေးတို့ဟာ ခိုင်မာတည်တံ့တဲ့ ပြည်ထောင်စု

တခုအတွက် မဖြစ်မနေလိုအပ်တဲ့ အုတ်မြစ်တွေဖြစ်ပါတယ်။ အခြေခံလိုအပ်ချက်တွေကို ဖေါ်ထုတ်ဖို့ ဆိုတာဟာ ကျမတို့အတူလက်တွဲပြီး လုပ်ရမှာပါ။

ဒီအချက်ကိုလည်း တိုင်းရင်းသားညီအကိုမောင်နှမများဟာ ရိပ်မိတယ်ဆိုတာကတော့ ငြင်းဖွယ်ရာ မရှိပါဘူး။ ဘာဖြစ်လဲဆိုတော့ –

မြေပေါ်နိုင်ငံရေးအခြေခံရှိသူများ၊ တရားဝင်ရပ်တည်ခွင့်ရှိသော ပါတီအဖွဲ့အစည်းများနှင့် လက်နက်ကိုင်ငြိမ်းချမ်းရေးယူထားသော အဖွဲ့အစည်းများ၏ ဆွေးနွေးညှိနှိုင်းမှုများမှတဆင့် ညီညွတ်ရေးတည်ဆောက်ရန် ကြိုးပမ်းသင့်သည်။ ထိုသို့ မလုပ်နိုင်ပါက တဖြည်းဖြည်းနှင့်အားလုံး လုံးပါးပါးပြီး အကြပ်အတည်းပင်လယ်ဝေကာ ထိခိုက်ဖျက်ဆီးသွားလိမ့်မည်။ ထို့ကြောင့် လက်လှမ်းမီရာတို့ကို စုစည်းနိုင်သမျှစုစည်းပြီး အထွေထွေ အကြပ်အတည်းမှ လွတ်မြောက်ရန် ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည် လို့ ပါ, ပါတယ်။

မဲသရောထနီးနှောဖလှယ်ပွဲရဲ့ သဘောတူညီချက်မှာလည်း ဘယ်လိုရေးထားသလဲဆိုတော့ –

ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ဒီမိုကရေစီအင်အားစုများနှင့် တန်းတူရည်တူလက်တွဲ၍ အမျိုးသားအခွင့်အရေးအတွက်၎င်း၊ ဒီမိုကရေစီအခွင့်အရေးအတွက်၎င်း တပြိုင်နက်တည်း စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်သွားကြရန်ကိုလည်း ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲကြီးက တညီ တညွတ်တည်း သဘောတူလိုက်ပါတယ်။

ခြုံငုံပြီးပြောရမယ်ဆိုလို့ရှိရင် တိုင်းရင်းသားလူမျိုးများအားလုံးတို့ရဲ့ တန်းတူရေးကို အခြေခံတဲ့၊ စစ်မှန်တဲ့ ပြည်ထောင်စုတခု၊ နိုင်ငံတော်တခု ပေါ်ပေါက်ဖို့ရာ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအတွက် ကြိုးပမ်းနေတဲ့ ကျမတို့အင်အားစုတွေနဲ့ တိုင်းရင်းသားအဖွဲ့အစည်းများအားလုံး ခိုင်ခိုင်မာမာ၊ ကျစ်ကျစ်လစ်လစ်ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်ဆိုတာ ထင်ရှားပါတယ်။ အခု အနှစ်(၅၀) မြောက် ပြည်ထောင်စုနေ့အထိမ်း အမှတ်တရပ်အနေနဲ့ အနာဂတ်မှာ ဖေါ်ထုတ်ရမဲ့ ပင်လုံစိတ်ဓါတ်ကို ပြန်လည်ရှင်သန်စေပြီး ပြည်သူလူထုကို အမှန်တကယ်

ကိုယ်စားပြုမယ့် ညီလာခံကြီးရဲအကြို နှီးနှောဖလှယ်ပွဲတခုအနေနဲ့ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အတူဆောင်ရွက်ကြဖို့ တိုင်းရင်းသား လူမျိုးခေါင်းဆောင်များ၊ မြေပေါ်နိုင်ငံရေး အခြေခံရှိသူများ၊ တရားဝင်ရပ်တည် ခွင့်ရှိတဲ့ ပါတီအဖွဲ့အစည်းများနဲ့ လက်နက်ကိုင်ငြိမ်းချမ်းရေးယူထားတဲ့ အဖွဲ့ အစည်းများအားလုံးကို ဒီနေရာကနေ ဖိတ်ခေါ်လိုက်ပါတယ်။

တကယ့်ကို ပြည်သူလူထုအားလုံးကို ကိုယ်စားပြုမဲ့ ညီလာခံကြီးရဲ့အကြို နှီးနှောဖလှယ်ပွဲအနေနဲ့ တိုင်းရင်းသားလူမျိုးစုအားလုံး ကျမတို့ရဲ့ လာပြီးတော့ ဆွေးနွေးပွဲတခု ကျင်းပကြပါလို့ ကျမ လေးလေးနက်နက် ဖိတ်ခေါ်လိုက်ပါတယ်။

– ပင်လုံစိတ်ဓါတ် ရှင်သန်နိုင်ပါစေ။

– စစ်မှန်တဲ့ ဒီမိုကရေစီပြည်ထောင်စုကြီး အမြန်ဆုံးပေါ်ထွန်းနိုင်ပါစေ။

– အရေးတော်ပုံ အောင်ရမည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

[၁]*(နှစ်(၅၀)ပြည့်၊ ပြည်ထောင်စုနေ့)*

(ပဋ္ဌမပိုင်း)

# အခန်း (၂၀)

# ပြည်ထောင်စုကို ဘယ်လိုတည်ဆောက်မလဲ

## မြန်မာပြည်သူများနှင့်လူမျိုးစုပြည်သူများ

(၁) ဗိုလ်ချုပ်အောင်ဆန်း(ဖဆပလ)ပဏာမညီလာခံနှင့်ပထမအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်တွင် တင်သွင်းခဲ့သည့် လူမျိုးစုများဆိုင်ရာ ပိုင်ဆိုင်ခွင့်နှင့်ပြည်ထောင်စုကို ဘယ်လိုဖွဲ့စည်းရမည် ဆိုသည့် စာတန်းများ၊

(၂) တောင်ကြီး၊ ပြည်နယ်ပေါင်းစုံညီလာခံတွင် ဦးထွန်းမြင့် (တောင်ကြီး)တင်သွင်းခဲ့သည့် မိမိတို့အလိုရှိသော ပြည်ထောင်စု စာတန်း၊

(၃) ရန်ကုန်မြို့၊ အသံလွှင့်ရုံတွင် ဒုတိယအကြိမ်ကျင်းပခဲ့သည့် ပြည်နယ်ပေါင်စုံးညီလာခံ၌ ဝိဓူရသခင်ချစ်မောင်တင်သွင်းခဲ့သော အနာဂါတ်ဖွဲ့စည်းပုံရေးဆွဲရေးစာတန်း၊


(၄) (U.N.L.D)နှင့် (N.L.D)တွေ့ဆုံပွဲတွင် သဘာပတိ(နိုင်ငွေသိမ်း)၏ စာတန်းနှင့်နှစ်(၅၀)ပြည့်၊ ပြည်ထောင်စုနေ့တွင် ဒေါ်အောင်ဆန်း စုကြည်ပြောကြားချက်များကို အသီးသီးဖေါ်ပြခဲ့ပြီး ဖြစ်သည်။ ယခုပဥ္စမပိုင်းတွင် (U.N.L.D.L.A)အတွင်းရေးမှူး ဆလိုင်းလျန်ဖုန်း၏ "ပြည်ထောင်စုမူ"အခြေခံစာတန်းနှင့် အခြားအရေးကြီးသော စာတန်းများကို ဆက်လက်တင်ပြသွားပါမည်။

ခွန်မာကိုဘန်း(ကယား)အမတ်၊ ဆလိုင်းလျန်ဖုန်း၊ နိုင်ထွန်းဝေနှင့် ကျွန်တော်တို့သည် ရန်ကုန်မြို့(ဗိုလ်အောင်ကျော်) လမ်းမှာကထဲက ဆုံခဲ့ကြသူများ ဖြစ်ကြသည်။ ယခု တောတွင်းရောက်၍ (U.N.L.D. L.A) ဖွဲ့စည်းသော

အခါတွင်လည်း ပြန်လည်ဆုံဆည်း ကြခြင်းဖြစ်သည်။ အထူးသဖြင့် ကျွန်တော် (မန်းညွန့်မောင်)၊ စိုင်းတင်ဖေ၊ ခွန်မာကိုဘန်းတို့သည် (၁၉၆၁)ခုနှစ်၊ တောင်ကြီး ညီလာခံတွင် တက်ရောက်ခဲ့သူများလည်း ဖြစ်ကြပေသည်။

## ပြည်ထောင်စုကို စတင်ဖွဲ့စည်းစဉ်က အခြေခံသော ပြည်ထောင်စုစနစ်၏ အခြေခံလမ်းညွှန်မှုများ

ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များက ပြည်ထောင်စုနိုင်ငံတော်သစ်တခုကို အတူတကွ ထူထောင်ရန် သဘောတူစာချုပ် ချုပ်ခဲ့စဉ်က အခြေခံသော "ပြည်ထောင်စုမူ" များကို ဆန်းစစ်ပါက အခြေခံအားဖြင့် အချက်ကြီး(၁၀)ချက်ရှိကြောင်း တွေ့ရှိနိုင်မည် ဖြစ်ပါသည်။ ယင်းတို့မှာ –



စောဟန်ညွန့်၊ ဆလိုင်းလျန်မုန်း၊ နိုင်ဟံသာ၊ စောစိုင်းမော်(န်)

(၁) **Sovereign State (လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံတော်)**

- လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံတော်ကို ထူထောင်ရမည်ဖြစ်ပြီး နိုင်ငံတော်၏ အချုပ်အခြာ(၁)အာဏာ ဟူသမျှတို့သည် ပြည်သူလူထုထံမှသာ ဆင်းသက်လာစေရမည်။

(၂) **Voluntary Association (လွတ်လပ်သော ဆန္ဒသဘောနှင့် အညီ ပူးပေါင်းပါဝင်ခြင်း)**

- တိုင်းရင်းသားလူမျိုးတိုင်းသည် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒနှင့်အညီ ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များအဖြစ် ပါဝင်ခွင့် ရှိစေရမည်၊

(၃) **Equality (တန်းတူရေး)**

- တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူ အခွင့်အရေး ရှိရမည်။

(၄) **Self-determination (ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်)**

- တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုစသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိစေရမည်။

(၅) **Federal Principles (ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်မူ)**

- ပြည်ထောင်စုလွှတ်တော်တွင် အာဏာတူ လွှတ်တော်နှစ်ရပ်ထားရှိရေးအပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ပြည်နယ်များဖြင့် ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

(၆) **Minority Rights (လူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ခြင်း)**

- ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများအတွက် လုံလောက်သော အကာအကွယ်များ ပြဋ္ဌာန်းပေးရမည်။

(၇) **Democracy and Fundamental Rights (ဒီမိုကရေစီနှင့် အခြေခံအခွင့်အရေးများ)**

- ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်သော နိုင်ငံသားတိုင်းသည် လူမျိုးမရွေး၊ ဘာသာမရွေး၊ လိင်ခွဲခြားမှုမရှိစေဘဲ ဒီမိုကရေစီ အခွင့်အရေးများကို အပြည့်အဝခံစားပိုင်ခွင့် ရှိစေရမည်။

(၈) **Multi-party Democracy System (ပါတီစုံဒီမိုကရေစီစနစ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရမည်။

(၉) **Secular State (ဘာသာရေးကို အခြေမခံသော နိုင်ငံတော်)**

- နိုင်ငံရေးနှင့်ဘာသာရေးရောစပ်ခြင်း မရှိစေဘဲ၊ ဘာသာရေးကို အခြေမခံသော နိုင်ငံတော် ဖြစ်စေရမည်၊၏၊

(၁၀) **Secession Right (ခွဲထွက်ခွင့်)**

- တိုင်းရင်းသားလူမျိုးတိုင်းသည် မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒနှင့်အညီ ပြည်ထောင်စုအဖွဲ့ဝင်အဖြစ်မှ ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်ရှိစေရမည်ဟူသော အချက်များဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။

ဤလမ်းညွှန်အခြေခံမူများ၏ အနှစ်သာရမှာ – ပင်လုံစာချုပ်အရ အသစ်ဖွဲ့စည်းထူထောင်မည့် နိုင်ငံတော်သစ်သည် **အချုပ်အခြာအာဏာ**ပိုင်သော ပြည်ထောင်စုနိုင်ငံဖြစ်ရမည်ဖြစ်ပြီး၊ ၎င်းပြည်ထောင်စုထဲတွင် အဖွဲ့ဝင်အဖြစ် ပါချင်သော ပြည်ထောင်များ(ဝါ) ပြည်နယ်များသည် မိမိတို့၏ **လွတ်လပ်သော ဆန္ဒသဘော**နှင့်အညီ ပြည်ထောင်စုထဲသို့ ပူးပေါင်းပါဝင်လာကြရမည် ဖြစ်ပါသည်။ ထိုသို့ မိမိတို့ဆန္ဒ သဘောထားနှင့်အညီ ပါဝင်ပူးပေါင်းကြသော ပြည်ထောင်စု အဖွဲ့ဝင်အမျိုးသားပြည်နယ်များသည် နိုင်ငံရေးအရသော်၎င်း၊ လူမျိုးရေးအရ သော်၎င်း **တန်းတူရည်တူအခွင့်အရေး**များရရှိထားကြရမည့်အပြင်၊ ကိုယ်ပိုင်ပြဌာန်းခွင့်အာဏာများလည်း အပြည့်အဝရရှိထားကြမည် ဖြစ်ပါသည်။ ထိုသို့ တန်းတူ၍ ကိုယ်ပိုင်ပြဌာန်းခွင့် အာဏာအပြည့်အဝရှိသော ပြည်ထောင်များ(ဝါ) ပြည်နယ်များဖြင့် နိုင်ငံတော်တခုကို အတူတကွ ထူထောင်ရန် တခုတည်းသော နည်းလမ်းမှာ "ပြည်ထောင်စုစနစ်"သာလျှင် ဖြစ်ပါသည်။

ထို့ပြင် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော **တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေး**ကို အပြည့်အဝကာကွယ်ပြဌာန်းပေးရမည့်အပြင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော **နိုင်ငံသားတိုင်း၏ အခွင့်အရေးများ**ကိုလည်း နိုင်ငံတော်ဥပဒေအဖြစ် ကာကွယ်ပြဌာန်းပေးရမည်။ နိုင်ငံတော် အုပ်ချုပ်ရေးစနစ် (ဝါ) အစိုးရဖွဲ့စည်းရေးစနစ်တွင် **ပါတီစုံဒီမိုကရေစီစနစ်**ကို ကျင့်သုံးရမည်ဖြစ်ပြီး၊ နိုင်ငံသားတိုင်း၏ လွတ်လပ်စွာကိုးကွယ်ယုံကြည်မှုကို လေးစားလိုက်နာသောအားဖြင့် နိုင်ငံရေးကို ဘာသာရေးတွင်၎င်း၊ ဘာသာရေးကို နိုင်ငံရေးတွင်၎င်း ရောစပ်ထားခြင်းမရှိစေဘဲ **"ဘာသာရေးကို အခြေခံသောနိုင်ငံတော်"** (Secular State)ကို ထူထောင်သွားကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်သည် အထက်ပါ လမ်းညွှန်အခြေခံမူများမှ သွေဖီသွားသည်ဟု ယူဆပါကသော်၎င်း၊ နိုင်ငံတော်အစိုးရက အထက်ပါ လမ်းညွှန်အခြေခံမူများကို လိုက်နာစောင့်ရှောက်ခြင်းမရှိဘဲ ပြည်နယ်တိုင်းရင်း သားလူမျိုးများ၏ အခွင့်အရေးကို ချိုးဖေါက်လာပါကသော်၎င်း ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်

များသည် ပြည်ထောင်စုထဲမှ လွတ်လပ်စွာ မိမိတို့ ဆန္ဒသဘောနှင့်အညီ ခွဲထွက်ပိုင်ခွင့် ရှိစေရမည်ဟူသော အချက်များပင် ဖြစ်ပါသည်။

ထိုအနှစ်သာရ ပိုမိုပေါ်လွင်လာစေရန် အခြေခံလမ်းညွှန်မှု(၁၀)ချက်ကို သမိုင်းအထောက်အထားများနှင့် အောက်ပါအတိုင်း ဆက်လက်ရှင်းလင်းတင်ပြသွားပါမည်။

## ( ၁ ) **Sovereign State (လွတ်လပ်၍အချုပ်အခြာအာဏာပိုင်သော နိုင်ငံတော်)**

တိုင်းရင်းသားလူမျိုးပေါင်းစုံတန်းတူရည်တူ ပူးပေါင်းဖွဲ့စည်းထားသော "ပြည်ထောင်စုနိုင်ငံတော်ကြီးသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံတော်ဖြစ်စေရမည်"ဖြစ်ပြီး၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာဟူသမျှတို့သည် ပြည်သူလူထုထံမှ ဆင်းသက်လာစေရမည့် ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးကို ထူထောင်ရမည်။ ဤလမ်းညွှန်မှု၏ ဆိုလိုရင်းမှာ –

(က) ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးကို အတူတကွထူထောင်ရန် "ပင်လုံစာချုပ်"ကို သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသော တိုင်းရင်းသားလူမျိုးများသည် သီးခြားစီဖြင့် လွတ်လပ်ရေးရယူ၍ သီးခြားစီဖြင့် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်သော အမျိုးသားနိုင်ငံတော်များကို ထူထောင်ခြင်းမပြုဘဲ၊ မိမိပိုင်ဆိုင်ထားသော "အချုပ်အခြာအာဏာများ"ကို စုပေါင်း၍ "ပြည်ထေင်စုနိုင်ငံတာ်"ကို အတူတကွ ထူထောင်ကြရမည်ဟူသော အချက်ပင်ဖြစ်ပါသည်။

(ခ) ဒုတိယအချက်မှာ – ထိုအချုပ်အခြာအာဏာသည် လူမျိုးတမျိုးထံမှသော်၎င်း၊ ပြည်နယ်တခုတည်းထံမှသော်၎င်း ဆင်းသက်ခြင်းမရှိစေဘဲ၊ ပြည်ထောင်စုတခုလုံးအတွင်း တိုင်းရင်းသားပြည်သူလူထုထံမှ ဆင်းသက်လာစေရမည်ဟူသော အချက်ပင် ဖြစ်ပါသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်ထောင်စု

တဝှမ်းလုံးရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ပြည်သူလူထုတရပ်လုံးမှ ဆင်းသက်လာသည် ဖြစ်သောကြောင့် ဤပြည်ထောင်စုကို လူမျိုးတမျိုး၊ ပြည်နယ်တခုတည်းကသာ ပိုင်ဆိုင်ထားခြင်း မဟုတ်ဘဲ၊ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အားလုံး၊ ပြည်ထောင်စုအတွင်းရှိ လူမျိုးအားလုံးနှင့်ပြည်သူလူထုရပ်လုံးက စုပေါင်းပိုင်ဆိုင်ထားသော ပြည်ထောင်စုဖြစ်ပါသည်။

(ဂ) နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်လာစေရမည်ဟူသော အခြေခံမှု၏ တတိယရည်ရွယ်ချက်မှာ – တိုင်းပြည်တွင် မဟာလူမျိုးကြီးဝါဒနှင့်အမျိုးမျိုးသော အာဏာရှင်စနစ်များ မပေါ်ထွန်းလာစေရေးအတွက် အကာအကွယ်ယူရန် လိုအပ်သည်ဟူသော ရည်ရွယ်ချက်လည်း ပါဝင်နေပါသည်။

အကယ်၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်လာစေရမည်ဟူသော (Popular Sovereignty)ကို လက်မခံဘဲ၊ ပြင်သစ်တော်လှန်ရေးအပြီး (၁၇၉၁)ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော ပြင်သစ်ဖွဲ့စည်းပုံအခြေခံဥပဒေအစဉ်အလာအရ ဖြစ်ပေါ်ကျင့်သုံးလာခဲ့သည့် "နိုင်ငံတော်အချုပ်အခြာအာဏာသည် တိုင်းပြည်တွင် ရှိသည်" (Sovereignty belongs to the Nation)ဟူသော အတွေးအခေါ်သည် လက်ခံခဲ့မိပါက၊ ထိုတိုင်းပြည်ရှိအကြီးဆုံးလူမျိုးများထံတွင် နိုင်ငံတော်အချုပ်အခြာအာဏာရှိသည်ဟု ယုံကြည်နိုင်ရုံသာမက ထိုလူမျိုးအတွင်း မဟာလူမျိုးဝါဒထွန်းကားအောင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက တွန်းပို့ပေးနိုင်ပါသည်။

ဥပမာ – ပြည်ထောင်စုမြန်မာနိုင်ငံသည် အမည်နာမအားဖြင့် တိုင်းပြည်အတွင်းရှိ လူဦးရေအများဆုံးသော မြန်မာလူမျိုးများကိုအခြေခံ၍ မှည့်ခေါ်နေသည်ဖြစ်သောကြောင့်၊ အကယ်၍ "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် တိုင်းပြည်တွင်ရှိသည်"ဟု ခံယူမိပါက၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အချုပ်

အခြာအာဏာသည် မြန်မာ(ဝါ)ဗမာလူမျိုးများထံတွင် ရှိနေသည်ဟု အဓိပ္ပါယ်ဖွင့်ဆိုရမည် ဖြစ်ပါသည်။

ထို့ပြင် ဗြိတိန်နိုင်ငံတွင် ကျင့်သုံးသည့်အစဉ်အလာအတိုင်း "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံတော်၏ ပါလီမန်(ဝါ)လွှတ်တော်တွင် ရှိနေစေရမည်" (Sovereignty resides in Perliament)ဟူသော အယူအဆကို လက်ခံကျင့်သုံးမိပါက ပြည်ထောင်စုလွှတ်တော်ကို ထိန်းချုပ်ထားနိုင်သည့် မြန်မာ(ဝါ)ဗမာလူမျိုးများလက်ထဲတွင် နိုင်ငံတော်အာဏာကို သွယ်ဝိုက်သော နည်းလမ်းဖြင့် အပ်နှင်းထားရာကြနေပေမည်။

နိုင်ငံတော်အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်လာစေရမည်ဟူသော အခြေခံမှုကို လက်ခံထားခြင်းကြောင့်၊ နိုင်ငံတော်အစိုးရကသော်၎င်း၊ လူမျိုးတမျိုးကသော်၎င်း၊ လူအုပ်စုတအုပ်စုကသော်၎င်း၊ နိုင်ငံရေးပါတီတခုကသော်၎င်း၊ ပုဂ္ဂိုလ်တဦးတယောက်ကသော်၎င်း နိုင်ငံတော်အာဏာကို အလွဲသုံးစားမပြုနိုင်အောင် ထိန်းချုပ်ထားပါသည်။ ပြည်သူလူထုသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပိုင်ဆိုင်သူများဖြစ်သောကြောင့် ပြည်သူလူထုက အစိုးရထံတွင် အပ်နှင်းခြင်းမရှိသော အာဏာများဖြစ်သည့် (Initiative and Referendum Power)များရှိနေသောကြောင့် တိုင်းပြည်တွင် အာဏာအလွဲသုံးစားမှုမရှိစေရေး၊ အာဏာရှင်စနစ်မထွန်းကားနိုင်ရေး၊ မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော အမျိုးသားဝါဒမပေါ်ထွန်းနိုင်ရေးအတွက် ဟန့်တားကာကွယ်နိုင်မည် ဖြစ်ပါသည်။

## (၂) **Voluntary Association** (လွတ်လပ်သော ဆန္ဒသဘောနှင့်အညီ ပူးပေါင်းပါဝင်ခြင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို စတင်ဖွဲ့စည်းစဉ်က ကျင့်သုံးခဲ့သော "လမ်းညွှန်အခြေခံမှု"များအနက် အရေးအကြီးဆုံးသော အခြေခံမှုတခုမှာ – (Voluntary Association)ဟုခေါ်သည့် "တိုင်းရင်းသားလူမျိုးအသီးသီးက မိမိတို့၏

လွတ်လပ်သော ဆန္ဒသဘောထားနှင့်အညီ အသစ်ဖွဲ့စည်းထူထောင်မည့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အဖွဲ့ဝင်ပြည်ထောင်များအဖြစ် ပါဝင်စေရမည်” ဟူသောအချက်ပင် ဖြစ်ပါသည်။ ယင်းအချက်သည် ပြည်ထောင်စုစနစ်ထူထောင်ရာတွင် မရှိမဖြစ်အခြေခံရမည့် “မူ”တခုဖြစ်သော (Coming together) “အတူတကွပူးပေါင်းပါဝင်လာခြင်း”ဟူသောအခြေခံမူနှင့်အထူးကိုက်ညီနေပါသည်၊

“ပြည်ထောင်စုစနစ်”သည် လွတ်လပ်သောပြည်ထောင်များ(ဝါ)လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်များကို သီးခြားထူထောင်ခွင့်ရှိသော ပြည်ထောင်များစုပေါင်း၍ဖွဲ့စည်းသည့်“ပြည်ထောင်များကို ပေါင်းစည်းထားသည့်ပြည်ထောင်စု”စနစ်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသော လူမျိုးများနှင့်ပြည်ထောင်များကို လေ့လာဆန်းစစ်ကြည့်ပါက ကိုလိုနီခေတ်မတိုင်ခင်က သီးခြားလွတ်လပ်သောလူမျိုးများ၊ တိုင်းပြည်များ၊ ပြည်ထောင်များဖြစ်ကြောင်းကို တွေ့ရှိမည် ဖြစ်ပါသည်။ ဗြိတိသျှကိုလိုနီအစိုးရကလည်း ယနေ့ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများကို တိုင်းပြည်တခု၊ လူမျိုးတမျိုးအဖြစ် တကြိမ်တခါတည်းတွင် အတူတကွသိမ်းပိုက်ခဲ့ခြင်း မဟုတ်ပေ။ သီးခြားလူမျိုးသီးခြားတိုင်းပြည်အဖြစ် သီးခြားအချိန်များတွင် သီးခြားစီ သိမ်းပိုက်ခဲ့ခြင်းသာ ဖြစ်ပါသည်။ ဥပမာ – ဗမာ (ဝါ)မြန်မာမင်းတို့၏ နောက်ဆုံးနေပြည်တော် မန္တလေးကို တတိယအင်္ဂလိပ် မြန်မာစစ်ပွဲအပြီး (၁၈၈၅)ခုနှစ်တွင် သီးခြားသိမ်းပိုက်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကိုလိုနီခေတ်တလျှောက်လလုံးတွင် ထိုလူမျိုးကို သီးခြားဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများဖြင့် သီးခြားစီအုပ်ချုပ်ခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် ဗြိတိသျှအစိုးရ (အထူးသဖြင့်လေဘာပါတီ)က ၎င်း၏ ကိုလိုနီနယ်များကို လွတ်လပ်ရေးပေးရန် စဉ်းစားလာသောအခါ ကိုလိုနီမတိုင်ခင်က သီးခြားလွတ်လပ်သော လူမျိုးများနှင့်ကိုလိုနီခေတ်တလျှောက်လုံး သီးခြားဖွဲ့စည်းအုပ်ချုပ်ပုံများဖြင့် အုပ်ချုပ်ခဲ့သော လူမျိုးများကို သီးခြားစီဖြင့် လွတ်လပ်ရေးပေးရန် သမိုင်းကတောင်းဆိုလာခဲ့ပါသည်။ သို့ရာတွင် ထိုလူမျိုးများနှင့်ပြည်ထောင်များ သီးခြားစီဖြင့် လွတ်လပ်ရေးမယူပဲ၊ အတူတကွ ပူးပေါင်း၍

ပြည်ထောင်စုနိုင်ငံတော်သစ်ကို ထူထောင်ရန်အတွက် လွတ်လပ်ရေးကိုပါ အတူတကွရယူရန် "ပင်လုံညီလာခံ"တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထို့ကြောင့် ပင်လုံစာချုပ်၏ နိဒါန်းတွင် –

"Believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government"ဟု ရေးသားခဲ့ပါသည်။

ပင်လုံစာချုပ်၏ အနှစ်သာရကို သေချာစွာလေ့လာဆန်းစစ်ကြည့်ပါက (၁၈၉၄)ခုနှစ်တွင် ရေးဆွဲ ပြဋ္ဌာန်းခဲ့သော "ကချင်တောင်တန်းဒေသဖွဲ့စည်း အုပ်ချုပ်ပုံစည်းမျဉ်းဥပဒေ" (1894 Kachin Hills Regulation) ဖြင့် အုပ်ချုပ်ခဲ့သော ကချင်ပြည်ထောင်၊ (၁၈၉၆)ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲသော "ချင်းတောင်တန်း ဖွဲ့စည်း အုပ်ချုပ်ပုံစည်းမျဉ်း" (1896 Chin Hills Regulation)ဖြင့် အုပ်ချုပ်ခဲ့သော ချင်းပြည်ထောင်၊ (၁၉၂၂)ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် "ဖက်ဒရယ်ရှမ်းပြည် ထောင်ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းဥပဒေ" (1922 Federated Shan Stat Act)ဖြင့် အုပ်ချုပ်ခဲ့သော ဖက်ဒရယ်ရှမ်းပြည်နယ်၊ (၁၉၃၅)ခုနှစ်တါင် ရေးဆွဲပြဋ္ဌာန်းပြီး (၁၉၃၇)ခုနှစ်တွင် စတင်ကျင့်သုံးသည့် "ဗမာပြည်အက်ဥပဒေ" (1935 Burma Act)ဖြင့် အုပ်ချုပ်ခဲ့သည့် ဗမာပြည်ထောင် (Burma Proper or Ministerial Burma)တို့ ပါဝင်ကြောင်း တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံကို စတင်ဖွဲ့စည်းခဲ့စဉ်က သီးခြားလွတ်လပ်၍ သီးခြားဖွဲ့စည်းပုံအခြေခံ ဥပဒေများဖြင့် အုပ်ချုပ်ခဲ့သော "ပြည်ထောင်စုလေးပြည်ထောင်"ဖြင့် စတင်ဖွဲ့ စည်းခဲ့ကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ပင်လုံစာချုပ် ချုပ်ဆိုပြီး နောက်ပိုင်းတွင် ဗြိတိသျှအစိုးရနှင့်မင်းတုန်းမင်းတို့၏ (၁၈၇၅)ခုနှစ်၊ သဘောတူညီချက်ဖြင့် လွတ်လပ်သောပြည်ထောင်အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသော ကရင်နီ(ဝါ) ကယားပြည်ထောင်သည်လည်း ပြည်ထောင်စုအဖွဲ့ဝင် ဖြစ်လာခဲ့ပါသည်။

ထို့ကြောင့် ပင်လုံစာချုပ်သည် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဗမာ (ဝါ) မြန်မာတိုင်းရင်းသား လူမျိုးများ ကချင်း၊ ကချင်၊ ရှမ်းလူမျိုးများကို စစ်ရေးဖြင့် တိုက်ခိုက်သိမ်းယူပြီး လက်နက်ချအညံ့ခံစေသော အနိုင်အရှုံးစာချုပ်မဟုတ်ပေ။ ပြည်ထောင်လေးပြည် ထောင်တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုနိုင်ငံတော်

သစ်တခုကို အတူတကွထူထောင်ရန် ချုပ်ဆိုခဲ့သော စာချုပ်မျှသာဖြစ်ပါသည်။ ထို့ကြောင့် ပင်လုံစာချုပ်က မီးမောင်းထိုးပြထားသော အချက်မှာ – ပြည်ထောင်စုအဖွဲ့ဝင် ပြည်ထောင်များ(ဝါ)အမျိုးသားပြည်နယ်များသည် မိမိတို့၏ လွတ်လပ်သောဆန္ဒသဘောနှင့်အညီ အသစ်ဖွဲ့စည်းထူထောင်မည့် "ပြည်ထောင်စုနိုင်ငံတော်၏ အဖွဲ့ဝင်ပြည်ထောင်များ"အဖြစ် ပါဝင်စေရမည် ... ဟူသော အချက်ပင်ဖြစ်ပါသည်။

ထိုအချက်ကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က တိုင်းပြုပြည်ပြုလွှတ်တော်တွင် အောက်ပါအတိုင်း ရှင်းရှင်းလင်းလင်း တင်ပြခဲ့ပါသည်။ –

"အဲသည်တော့ သည်ကိစ္စနှင့်ပတ်သက်လို့ ကျွန်တော်တည့်တည့်လင်းလင်း ရှင်းချင်တာကတော့ ဗမာပြည်ထောင်စုလို့ ခေါ်တွင်ဘို့ဆိုပြီးတော့ သည်အဆိုထဲမှာ တင်ပြထားပေမည့် သည်ပြည်ထောင်စု နိုင်ငံထဲမှာ ဘယ်နယ်တွေပါလို့ ဘယ်နယ်တွေပါရမည်လို့ သတ်မှတ်ထားခြင်း မရှိသေးပါဘူး။ သည်တော့ တောင်တန်းဒေသကနေပြီးတော့ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တွေဟာ ဘာမျှ သည်ကိစ္စနှင့်ပတ်သက်ပြီး စိုးရိမ်စရာအလျှဉ်းမရှိပါဘူး။ သည်ပြည်ထောင်စု နိုင်ငံတော်ထဲမှာ ကိုယ်ပါချင်မှ ကိုယ့်နယ်ဆိုင်ရာမှာ နေပြီးတော့ ပါချင်မှ ပါနိုင်တာဘဲ။ သည်တိုင်းပြည်ပြုလွှတ်တော်မဖွဲ့စည်းမီအခါမှာ တိုင်းပြည်ပြု ဖွဲ့စည်းရန်အလို့ငှါ ကျွန်တော်တို့ သဘောတူညီချက်တွေ စာချုပ်အမျိုးမျိုး ချုပ်တဲ့အခါတုန်းက တောင်တန်းဒေသက ကိုယ်စားလှယ်များနှင့်ကျွန်တော်တို့ချုပ်ဆိုတဲ့ စာချုပ်အရဆိုလို့ရှိလျှင်ဖြစ်စေ၊ နောက်ပြီးတော့ တောင်တန်းဒေသဆိုင်ရာ စုံစမ်းရေးအဖွဲ့အစီရင်ခံစာမှ ထောက်ခံချက်များကို ကျွန်တော်တို့ လက်ခံလာခဲ့သည့် အတိုင်းဖြစ်စေ အဲသည်လို လက်ခံထားတဲ့ သည်စာသဘောတွင်မကဘဲ (Note only the letter of agreement)သည် စာသဘောကို ကျွန်တော်တို့သဘောတူညီလာခဲ့တဲ့ တကယ့်အရင်းခံသဘောတရားကို လက်ခံပြီးတော့၊ သည်အတိုင်းဘဲ သည်တိုင်းပြည်ပြုလွှတ်တော်မှာလုပ်မှာပါဘဲဆိုတာ တောင်တန်းနယ်ဆိုင်ရာ ကိုယ်စားလှယ်များ တည့်တည့်လင်းလင်းနား လည်စေချင်ပါတယ်။ ကျွန်တော်တို့ ပေးပြီးသားကတိ၊ နားလည်

ပြီးသား သဘောတူညီချက်တွေကို နယ်ချဲ့သမားလို ကျွန်တော်တို့ ဖေါက်ဖျက်ခြင်းမလုပ်ပါဘူး။ အဲသည်လို ပေးပြီးသား ကတိနှင့်နားလည်ပြီးသား သဘောတူညီချက်တွေကို ဖေါက်ဖျက်မည်လားလို့ သံသယရှိတဲ့ လူတွေဟာ ဥက္ကဋ္ဌမင်းခွင့်ပြုချက်အရ ပြောရလျှင် ကျွန်တော်တို့ရဲ့ (**Sense of honour, Sense of self-respect, Sense of pride**)တို့ကို စော်ကားတယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။

အဲသည်တော့ ကျွန်တော်တို့ ပေးပြီးသားကတိ၊ နားလည်ပြီးသား သဘောတူညီချက်တို့ကို တောင်းတန်းနယ်က ကိုယ်စားလှယ်တွေဟာ တိုင်းပြည်ပြုလွှတ်တော်ထဲ ရောက်လာတဲ့အခါ သေသေချာချာ နားလည်စေချင်တာက ဘယ်နည်းနှင့်မျှ ကျွန်တော်တို့ ဗမာလူမျိုးစုဖြစ်တဲ့ လူတွေဟာ ခင်ဗျားတို့ကို အတင်းအားဖြင့် ကျွန်တော်တို့ ပြည်ထောင်စုထဲမှာ မသွင်းပါဘူး။ သဘောမတူဘဲ မနေနိုင်တဲ့ အခြေအနေမျိုးကို လက်တလုံးခြား လိမ်တဲ့နည်းနဲ့လည်း ကျွန်တော်တို့ မလုပ်ပါဘူးဆိုတာကို အတည့်အလင်းနားလည် စေချင်ပါတယ်။”

ဗိုလ်ချုပ်အောင်ဆန်းက ဆက်လက်ပြောကြားရာ၌ –

“အဲသည်တော့ တောင်တန်းနယ်ဆိုင်ရာကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့ စေတနာဟာ အင်မတန် ရှင်းရှင်းထားပါတယ်။ ကျွန်တော်တို့ တင်သွင်းတဲ့အဆိုပြီးတဲ့နောက် ဆက်လက်ပြီးတော့ကာ ပြည်ထောင်စုဖွဲ့စည်းတဲ့ နေရာမှာ ပြည်ထောင်စုထဲပါချင်တဲ့ ပြည်နယ်တွေဟာ ဘယ်လိုအချက်အလက်တွေ၊ ဘယ်လိုအခွင့်အရေးတွေ၊ ဘယ်လိုအခြေခံတွေ၊ အဲသည်လို အချက်အလက်တွေအရ စုပေါင်းသင့်တယ် ဆိုတဲ့ကိစ္စတွေ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ တင်သွင်းတဲ့အဆိုတွေ ကျွန်တော်တို့ တင်းသွင်းတဲ့အကြံ ဉာဏ်တွေ၊ ဒါတွေကို သဘောမကျလို့ရှိရင် သဘောမကျတဲ့အတိုင်း တောင်တန်းနယ်ဘက်ဆိုင်ရာ ကိုယ်စားလှယ်တွေဟာ သဘောရှိ ဗမာပြည်နှင့်မပေါင်းဘဲ နေချင်နေနိုင်တယ်။ ဒါ ကျွန်တော် ယနေ့သည် တိုင်းပြည်ပြုလွှတ်တော်ထဲမှာ သည်စကားကို ပြောခြင်းဘဲ၊ ကျွန်တော်တို့ စေတနာကို ဘယ်လောက်ထိအောင် ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားထားတယ်ဆိုတာကို သိစေချင်လို့ ပြောဆိုခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့တချက် သည်လိုခင်ဗျားတို့ သဘောမတူ

လို့ရှိလျှင် မပါချင်နေလို့ပြောတဲ့ နေရာမှာလည်း နယ်ချဲ့သမားတွေကို တဘက်ကနေပြီးတော့ကာ မပါချင်နေပါကွာဆိုပြီးတော့၊ မပါဘူးလို့ထင်တဲ့ အခါကျတော့ တဘက်ကဝင်ပြီးတော့ မရှုတ်ဘူး"

"အဲသည်တော့ သည်လိုကျွန်တော်တို့သည် နားလည်ထားတဲ့အတိုင်း ကျွန်တော်တို့နှင့်အတူတူပါပြီး မလုပ်ချင်ဘူးဆိုလျှင် ကျွန်တော်တို့ အတင်းမတိုက်တွန်းပါဘူး။ အဲသည်လို မပါ ပါအောင်ဆိုပြီးတော့ကာ ဒါကတော့ ဗမာစကားမဟုတ်ဘူးထင်တယ်။ ကျွန်တော်နားလည်သလောက်တော့ ကရင်စကားဘဲလို့ထင်တယ်။ အတင်းနသားပါးယားလုပ်တဲ့ နည်းမျိုးလည်း ကျွန်တော်တို့ မလုပ်ပါဘူး။ အဲဒါကို တည့်တည့် လင်းလင်း တောင်တန်းနယ်ဘက်က ကျွန်တော့်မိတ်ဆွေများကို ကျွန်တော်နားလည်စေချင်ပါတယ်။"

ထို့အပြင် (Voluntary Association)နှင့်ပတ်သက်၍ "အဲသည်တော့ ပြည်ထောင်စုနိုင်ငံတော်မှာ ဘယ်နယ်တွေ ပါရမည်ဆိုတာ ကျွန်တော်တို့ သည်အထဲမှာ ထည့်ထားတာလဲ မရှိသေးပါဘူး၊ ပါချင်တဲ့လူတွေ ပါကြပါ"ဟူ၍ ရှင်းရှင်းနှင့်ဘွင်းဘွင်းကြီး ပြောကြားခဲ့ပါသည်။

ထိုကြောင့် ပြည်ထောင်စုကို စတင်ဖွဲ့စည်းခဲ့စဉ်က အခြေခံသော အခြေခံလမ်းညွှန်မှုများအနက် (Voluntary Association)သည် အလွန်အရေးကြီးသော လမ်းညွှန်အခြေခံ "မူ"ဖြစ်ကြောင်းကို ဗြိတိသျှကို လိုနီခေတ်မတိုင်မီ သမိုင်းကြောင်းများသာမက ပင်လုံစာချုပ်နှင့်ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းပြုပြည်ပြုလွှတ်တော်တွင် မြွက်ဆိုသွားခဲ့သည့် မိန့်ခွန်းများက အခိုင်အမာထုတ်ပြ သက်သေထူနေပါသည်။

## (၃) **Equality (တန်းတူရေး)**

ကိုလိုနီဘဝမှလွတ်မြောက်ရန် စိုင်းပြင်းနေခဲ့သော ချင်း၊ ကချင်နှင့်ရှမ်းစသော တိုင်းရင်းသား လူမျိုးများက လွတ်လပ်ရေးရယူပြီး မိမိတို့သီးခြားစီဖြင့် အမျိုးသားနိုင်ငံတော်ကို ထူထောင်ကြမည်လော၊ သို့တည်းမဟုတ် ဗမာလူမျိုး

များနှင့်ပူးပေါင်း၍ လွတ်လပ်ရေးကို အတူတကွရယူပြီး ပြည်ထောင်စုနိုင်ငံတော်သစ်ကို အတူတကွ ထူထောင်ကြမည်လော၊ အဆုံးအဖြတ်ပေးရန် စဉ်းစားခဲ့ကြစဉ်က အဓိကထား တွေးခေါ်ခဲ့သောအချက်မှာ – အကယ်၍ ဗမာလူမျိုးများနှင့်လွတ်လပ်ရေးအတူ ရယူပါက "ဗမာလူမျိုးများရရှိ ခံစားသော အခွင့်အရေးကို မိမိတို့လည်း တန်းတူခံစားခွင့်ရစေရမည် ... "ဟူသော အချက်ပင် ဖြစ်ပါသည်။

ယင်းအချက်ကို ပင်လုံညီလာခံသို့ တက်ရောက်လာကြသော ချင်း၊ ကချင်နှင့်ရှမ်းခေါင်းဆောင်များက (၁၉၄၇)ခုနှစ်၊ ဖေဖေါ်ဝါရီလ(၇)ရက်နေ့ သဘောတူညီချက်တွင် "ဒီမိုကရေစီအရ ဗမာများနှင့်တန်းတူ အခွင့်အရေးပေးရန်"ဟု အတိအလင်း ဖေါ်ပြခဲ့ပါသည်။ ထိုအချက်များကို ပင်လုံစာချုပ်တွင် အတိအလင်း ဖေါ်ပြခဲ့ပြီး၊ Rees Williams ဦးဆောင်သော "တောင်တန်းဒေသစုံစမ်းရေးကော်မရှင်" (F.A.C.E)၏ အစီရင် ခံစာတွင်လည်း အတိအလင်း ဖေါ်ပြခဲ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အခြားသောဗမာခေါင်းဆောင်များကလည်း တိုင်းရင်းသားလူမျိုးများ ပြည်ထောင်စုထဲတွင် ပူးပေါင်းပါဝင်ရန် စည်းရုံးခဲ့ရာ၌ – "ဗမာလူမျိုးများခံစားရရှိသော အခွင့်အရေးအားလုံးကို တိုင်းရင်းသားလူမျိုးများကိုလည်း ခံစားခွင့်ရရှိစေရမည်ဟု ..."ကတိပြု ပြောကြားသွားခဲ့ပါသည်။ ယင်းအချက်များကို ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများတွင် ထပ်ခါတလဲလဲ တင်ပြခဲ့ကြောင်း တွေ့ရှိနိုင် ပါသည်။ (၁)

နိုင်ငံရေးအရ တန်းတူမှုဟုဆိုရာ၌ မည်သည့်လူမျိုးကိုမျှ အထူးအခွင့်အရေးမပေးရေးနှင့် မည်သည့် လူမျိုးများ၏ အခွင့်အရေးကိုမျှ ပိတ်ပင်တားမြစ်ခြင်း မရှိစေရေးဟူသောအချက်သည် အခရာပင် ဖြစ်ပါသည်။ ထိုကြောင့် "နိုင်ငံရေးအရ တန်းတူခွင့်" (Political Equality)ကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ – လူတဦးချင်းအလိုက် ခံစားခွင့်ရှိသည့် တသီးပုဂ္ဂလအခွင့်အရေး(Individual Rights)ထက် လူမျိုးအလိုက်ခံစားခွင့်ရှိသည့် စုပေါင်းအခွင့်အရေး(Collective Rghts)ကို ညွှန်းဆိုနေကြောင်း တွေ့ရမည်ဖြစ်ပါသည်။

လူမျိုးတိုင်း နိုင်ငံရေးတန်းတူခွင့်ရှိစေရမည်ဟုဆိုရာ၌ ထိုလူမျိုးများသည် နိုင်ငံရေးအာဏာပိုင်ဆိုင်မှုသာမက ထိုနိုင်ငံရေးအာဏာများကို ဥပဒေအရ

ကျင့်သုံးရာတွင်လည်း တန်းတူအခွင့်အရေးရှိစေရမည်ဟု ဆိုလိုခြင်းပင် ဖြစ်ပါသည်။ နိုင်ငံရေးအာဏာဟုဆိုရာ၌လည်း ဥပဒေပြုအာဏာ၊ တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာများကိုဆိုလိုခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် လူမျိုးတိုင်း နိုင်ငံရေးအရ အခွင့်အရေးတန်းတူရည်တူရှိစေရမည်ဟုဆိုရာ၌ – ထိုလူမျိုးများထံတွင် ဥပဒေပြုအာဏာ၊ တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာများ အပြည့်အဝရှိစေရမည်ဟုဆိုလိုနေခြင်းပင် ဖြစ်ပါသည်။ ထိုနိုင်ငံရေးအာဏာများကို လွတ်လပ်စွာ ကျင့်သုံးနိုင်ရန်အတွက် နိုင်ငံရေးအဆောက်အဦးများ(Political Institutions)များလည်း လွတ်လပ်စွာ ထူထောင်ပိုင်ခွင့်ရှိစေရမည်။ ထို့ကြောင့် ဥပဒေပြုအာဏာကို လွတ်လပ်စွာ ကျင့်သုံးနိုင်မည့် ဥပဒေပြုလွှတ်တော်များကို ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်တိုင်းတွင် ထားရှိစေရမည်ဖြစ်ပါသည်။ ထိုပြည်နယ်များတွင် လွတ်လပ်စွာ တရားစီရင်နိုင်ရန်အတွက် တရားရုံးများကိုလည်း ထူထောင်ခွင့်ရှိစေရမည်။ ထို့အပြင် ဥပဒေပြုလွှတ်တော်က ပြဋ္ဌာန်းထားသော တရားဥပဒေနှင့်အညီ အုပ်ချုပ်၍ တရားစီရင်နိုင်ရန်အတွက် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာအပြည့်အဝရှိသော လူမျိုးများသာလျှင် နိုင်ငံရေးအရ တန်းတူရည်တူရှိသော လူမျိုးများ (ဝါ) ပြည်နယ် (ဝါ) ပြည်ထောင်များဟု ခေါ်ဆိုနိုင်မည်ဖြစ်ပါသည်။ ဥပမာ – လူမျိုးတမျိုးထံတွင် ၎င်းနိုင်ငံရေးအာဏာ(၃)ရပ်စလုံးကို အပ်နှင်းပြီး၊ အခြားလူမျိုးတွင် အုပ်ချုပ်ရေးအာဏာတခုတည်းကိုသာ အပ်နှင်းမည်ဆိုပါက ၎င်းလူမျိုး (၂)မျိုး တန်းတူဖြစ်သည်ဟု ခေါ်ဆို၍ ရမည်မဟုတ်ပေ။

ထို့ကြောင့် နိုင်ငံရေးတန်းတူရေးဟုဆိုရာ၌ – ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်အားလုံးကို ဥပဒေပြုအာဏာ၊ တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာများကို အပ်နှင်းစေရမည့်အပြင်၊ ၎င်းအာဏာ(၃)ရပ်စလုံးကို လွတ်လပ်စွာ ကျင့်သုံးအကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံရေးအဆောက်အဦးများဖြစ်သည့် ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားရုံးချုပ်နှင့် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့များကို လွတ်လပ်စွာ ထူထောင်ခွင့်ပေးထားရမည်ဖြစ်ပါသည်။ သို့မှသာ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအားလုံး နိုင်ငံရေးအရ တန်းတူအခွင့်အရေးရရှိနိုင်သည်ဟု ခေါ်ဆိုနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ၎င်းနိုင်ငံရေး

အာဏာ(၃)ရပ်စလုံးကို ဥပဒေနှင့်အညီ ကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေများကိုလည်း သီးခြားလွတ်လပ်စွာဖြင့် ပြည်နယ်တိုင်းတွင် ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့် ရှိစေရမည် ဖြစ်ပါသည်။

*[၁] ဥပမာ – (၁၉၄၇)ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့တွင် မြွက်ကြားခဲ့သော နေသူရိန်အစည်းအဝေးတွင်၎င်း၊ (၁၉၄၇) ခုနှစ်၊ နှိဝင်ဘာလ (၁၈)ရက် (ဖဆပလ)ညီလာခံတွင် တင်သွင်းခဲ့သည့် အဆိုပြုချက် နံပါတ်(၆)၊ ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှု(၇)ရက်နှင့် တိုင်းပြုပြည်ပြုလွှတ်တော်တွင် ရှင်းလင်းချက်များ။ ။*

ပြည်ထောင်စုစနစ်တွင် နိုင်ငံရေးတန်းတူခွင့်ကို နည်းနှစ်နည်းဖြင့် လက်တွေ့အကောင်အထည် ဖေါ်လေ့ရှိပါသည်။ ပထမနည်းမှာ – နိုင်ငံရေးအရ အခွင့်အရေးရှိသော ပြည်နယ်များဖွဲ့စည်းခြင်းဖြစ်ပြီး၊ ဒုတိယနည်းမှာ – နိုင်ငံရေး အရ တန်းတူသော ပြည်နယ်များစုပေါင်း၍ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းသော အခါ ပြည်ထောင်စုလွှတ်တော်၏ အထက်လွှတ်တော်၊ အောက်လွှတ်တော်တွင် ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များက ဦးရေတူသော ပြည်သူ့လွှတ် တော်ကိုယ်စားလှယ်များကို စေလွှတ်ခြင်းပင် ဖြစ်ပါသည်။ ဤသို့ဖြင့် အမျိုးသား ပြည်နယ်များတန်းတူရည်တူပူးပေါင်းသော ပြည်ထောင်စုစနစ်ကို ဖေါ်ဆောင်လေ့ ရှိပါသည်။

## (၄) **Self-determination (ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်)**

နိုင်ငံရေးတန်းတူခွင့်နှင့်သဘောတရားခြင်းအတူနီးစပ်၍ ထပ်တူအရေးကြီးသော ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အခြားလမ်းညွှန် "မှု"တရပ်မှာ "အမျိုးသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" (National Self-determination)ပင် ဖြစ်ပါသည်။ အမျိုးသားများကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် လူမျိုး အလိုက်ခံစားရရှိမည့် စုပေါင်းအခွင့်အရေးများ (Collective Rights)ထဲတွင်

အရေးကြီးဆုံးနှင့် အထွတ်အထိပ်ထားရမည့် အခွင့်အရေး ဖြစ်ပါသည်။ အကြောင်းမှာ – ကိုယ်ပိုင်ပြဌာန်းခွင့်သည် နိုင်ငံရေးနယ်ပယ်သာမက ဘာသာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်၊ လူမှုရေးနယ်ပယ်နှင့်စီးပွားရေးနယ်ပယ်ကိုပါ လွှမ်းခြုံထားသောကြောင့် ဖြစ်ပါသည်။

ကိုယ်ပိုင်ပြဌာန်းခွင့်ဟူသော နိုင်ငံရေးအတွေးအခေါ်သည် ပြင်သစ်တော်လှန် ရေးနောက်ပိုင်းတွင် ဆန်းသစ်လာခဲ့သော နိုင်ငံရေးအခွင့်အရေး တရပ်ပင် ဖြစ်ပါသည်။ ယင်းအတွေးအခေါ်အရ – လူမျိုးတိုင်းတွင် မိမိတို့ကံကြမ္မာကို မိမိတို့ကိုယ်တိုင်လွတ်လပ်စွာ ဖန်တီးခွင့်ရှိစေရမည်ဖြစ်ပြီး မိမိတို့၏ ကံကြမ္မာကို လွတ်လပ်စွာ ဖန်တီးခွင့်ရှိသော လူမျိုးများသည် မိမိတို့တိုင်းပြည်ကို မိမိတို့၏ ဆန္ဒအတိုင်း လွတ်လပ်စွာ ထူထောင်ပိုင်ခွင့်ရှိစေရမည် ဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို “လွတ်လပ်၍ အချုပ်အခြာ အာဏာပိုင်သော အမျိုးသားနိုင်ငံတော်ကို ထူထောင်ခြင်း”ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုခဲ့ကြပါသည်။ ကိုယ်ပိုင်ပြဌာန်းခွင့်ဟူသော အတွေးအခေါ်သည် ပြင်သစ်တော်လှန်ရေးအပြီး နောက်ပိုင်းကာလများတွင် ပေါက်ဖွားခဲ့ကြသည့် ဥရောပတိုက်အတွင်းရှိ အမျိုးသားနိုင်ငံများထူထောင်ရာတွင် အဓိကအကျဆုံး နိုင်ငံရေး အတွေးအခေါ်တရပ် ဖြစ်လာခဲ့ပါသည်။

ပထမကမ္ဘာစစ်အပြီးတွင် “နိုင်ငံပေါင်းချုပ်အသင်းကြီး” (League of Nations)ကို ထူထောင်သောအခါ “ကိုယ်ပိုင်ပြဌာန်းခွင့်”ဟူသော အတွေးအခေါ် ပြန်လည်၍ တခေတ်ဆန်းလာခဲ့ပါသည်။ ထိုအချိန်တွင်မူ “ကိုယ်ပိုင်ပြဌာန်းခွင့်”ဟူသော အတွေးအခေါ်သည် အမျိုးသားနိုင်ငံအသစ်များ ထူထောင်ရေးထက် ကိုလိုနီဘဝတွင် ကျွန်ခံနေရသော လူမျိုးများ၊ ကိုလိုနီဘဝမှ လွတ်လပ်ရေးရယူ၍ မိမိတို့အမျိုးသားနိုင်ငံများကို ပြန်လည်ထူထောင်ကြရမည် ... ဟူသော နိုင်ငံရေးမောင်းနှင်အားတခု ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် “ကိုယ်ပိုင်ပြဌာန်းခွင့်”သည် ကိုလိုနီဘဝမှ ရုန်းထွက်၍ လွတ်လပ်သော အမျိုးသားနိုင်ငံတော်များကို ပြန်လည်ထူထောင်ခဲ့ကြသည့် အာရှ၊ အာဖရိကနှင့်

လက်တင်အမေရိကမှ လွတ်လပ်စတိုင်းပြည်များအတွက် အသက်သွေးကြောသဖွယ် အရေးကြီးသော နိုင်ငံရေးမောင်းနှင်အားတခု ဖြစ်ခဲ့ပါသည်။

သို့ရာတွင် "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်"ကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌သော်၎င်း၊ လက်တွေ့ကျင့်သုံးအကောင် အထည်ဖေါ်ရာ၌သော်၎င်း ပြင်သစ်တော်လှန်ရေး အစဉ်အလာအရ ဖြစ်ပေါ်လာခဲ့သော လူမျိုးတမျိုး၊ နိုင်ငံတော်တခုဆိုသည့် အခြေခံမူတွင် ဖွဲ့စည်းထူထောင်လျှက်ရှိသည့်"အမျိုးသားနိုင်ငံ"ဟူသည့် "တပြည်ထောင်စနစ်"တွင် ကျင့်သုံးပုံကျင့်သုံးနည်းနှင့် အမေရိကန်တော်လှန်ရေးအစဉ်အလာအရ ဖြစ်ပေါ်ခဲ့သော လူမျိုးပေါင်းစုံရောနှော၍ ပြည်ထောင်များကို စုပေါင်းထားသည့် "ပြည်ထောင်စုစနစ်"တွင် ကျင့်သုံးပုံကျင့်သုံးနည်းနှင့် အဓိပ္ပါယ်ခြင်းမတူကြပေ။ တနည်းအားဖြင့်ဆိုပါက လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့်ရှိသော လူမျိုးများနှင့် ပြည်ထောင်များပူးပေါင်း၍ "ပြည်ထောင်စု" နိုင်ငံတော်တခုကို အတူတကွ ထူထောင်လာကြသောအခါ "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်"ဟူသော အဓိပ္ပါယ်သည် "အမျိုးသားနိုင်ငံတော်ထူထောင်ခြင်း"ဖြင့် အဆုံးသတ်၍ မရတော့ပေ။

(၁၇၇၆)ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုကို ထူထောင်းပြီး၊ (၁၇၈၉) ခုနှစ်တွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် အသစ်တဖန် မွမ်းမံပြင်ဆင်ပြဋ္ဌာန်းသောအခါ "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်"နှင့် ၎င်း၏လိုရင်း အနှစ်ချုပ်ဖြစ်သော "အချုပ်အခြာအာဏာ"များ၏ အဓိပ္ပါယ်ကို တနည်းအားဖြင့် ဖွင့်ဆိုလာခဲ့ကြပါသည်။ အမေရိကန် ပြည်ထောင်စုသည် လွတ်လပ်၍ အချုပ်အာဏာပိုင်ဆိုင်ခွင့်ရှိသော ကိုလိုနီနယ်(၁၃)နယ် ပူးပေါင်း၍ ဖွဲ့စည်းထူထောင်ခဲ့သော ပြည်ထောင်စုနိုင်ငံဖြစ်ပါသည်။ အဆိုပါ ကိုလိုနီ (၁၃)နယ်တို့သည် ဗြိတိသျှအစိုးရထံမှ လွတ်လပ်ရေးရယူပြီး သီးခြားစီဖြင့် မိမိတို့၏ အမျိုးသားနိုင်ငံတော်များကို ထူထောင်ခွင့်ရှိကြသော်လည်း ထိုသို့သီးခြားစီဖြင့် လွတ်လပ်သော အမျိုးသားနိုင်ငံတော် များထူထောင်ခြင်းမပြုပဲ ပူးပေါင်း၍ "ပြည်ထောင်စု"နိုင်ငံတခုကို အတူတကွ ထူထောင်ရန် သဘောတူခဲ့ကြပါသည်။ ထိုကြောင့် ၎င်းကိုလိုနီနယ်များသည် မိမိတို့၏ အချုပ်အခြာအာဏာ

ကို မိမိတို့ သီးခြားစီဖြင့် မကျင့်သုံးပဲ၊ ပူးပေါင်း၍ ကျင့်သုံးရန် သဘောတူခဲ့ကြပါသည်။ တနည်းအားဖြင့်ဆိုပါက မိမိတို့ မွေးရာပါ ပိုင်ဆိုင်ထားသော "ကိုယ်ပိုင်ပြဌာန်းခွင့်"ကို အတိုင်းအတာတခုအထိ စွန့်လွှတ်၍ အခြားတဖက်တွင်လည်း ကိုယ်ပိုင်ပြဌာန်းခွင့်ကို အတိုင်းအတာ တခုအထိ ဆက်လက်ဆုပ်ကိုင်ထားသော စနစ်ဖြစ်ပါသည်။ သူတို့ စွန့်လွှတ်လိုက်သော (ဝါ) အများနှင့် ပူးပေါင်း ကျင့်သုံးရန် စွန့်လှူသွားသော ကိုယ်ပိုင်ပြဌာန်းခွင့်မှာ – လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော အမျိုးသားနိုင်ငံဟူသည့် "အချုပ်အခြာအာဏာ" (Sovereignty Power)ဖြစ်၍၊ အခြားတဖက်တွင် မိမိတို့လက်ထဲ၌ ဆုပ်ကိုင်ထားသော ကိုယ်ပိုင်ပြဌာန်းခွင့်မှာ – နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုသည့် နယ်ပယ်များတွင် လွတ်လပ်စွာ အုပ်ချုပ်ခွင့်၊ စီမံခန့်ခွဲခွင့်နှင့် လုပ်ပိုင်ခွင့်အာဏာများပင် ဖြစ်ပါသည်။

ထို့ကြောင့် အမေရိကန်တော်လှန်ရေးအစဉ်အလာအရ ပြည်ထောင်စုစနစ်တွင် ကျင့်သုံးသည့် ကိုယ်ပိုင်ပြဌာန်းခွင့် (Self-determination)ကို နိုင်ငံရေးသိပ္ပံပညာရှင်များက အကြမ်းအားဖြင့် နှစ်မျိုးနှစ်စားဖြင့် အဓိပ္ပါယ်ဖွင့်ဆိုလာကြပါသည်။ ပထမမျိုးမှာ – (External Self-determinaton)ဟုခေါ်၍ အခြားတမျိုးမှာ (Internal Self-determination)ဟု ခေါ်တွင်စေပါသည်။ (External Self-determination)မှာမူ အချုပ်အခြာအာဏာကို ပြည်ထောင်စုထံတွင် အပ်နှင်းပြီးမှ ပြည်နယ်များတွင် ကျင့်သုံးခွင့်ရှိသော နိုင်ငံရေးအာဏာများ၊ စီးပွားရေးလုပ်ပိုင်ခွင့်များ၊ ယဉ်ကျေးမှုနှင့်လူမှုရေးဆိုင်ရာ အခွင့်အရေးများကို အာမခံချက်ပေးသည့် ကိုယ်ပိုင် ပြဌာန်းခွင့်ကို ဆိုလိုပါသည်။ တနည်းအားဖြင့် (Internal Self-determination)သည် "အချုပ်အခြာအာဏာ"မှ အပဖြစ်သော ကိုယ်ပိုင်ပြဌာန်းခွင့်အားလုံးကို ဆိုလိုခြင်းဖြစ်ပါသည်။

ထို့ကြောင့် "ပြည်ထောင်စုတခုအတွင်းရှိ ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဌာန်းခွင့် ပေးရမည်" ဟုဆိုရာ၌ အဓိက ဆိုလိုရင်းမှာ – ၎င်းအမျိုးသားပြည်နယ်များကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအာဏာများကို အပြည့်အဝအပ်နှင်းထားရမည်ဟု ဆိုလိုခြင်းသာ

ဖြစ်ပါသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော အမျိုးသားပြည်နယ်များကို ဥပဒေပြု အာဏာ၊ တရားစီရင်ရေးအာဏာနှင့်အုပ်ချုပ် ရေးအာဏာများကို အပ်နှင်း ထားရမည့်အပြင် လူမျိုးတိုင်းတွင် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးနှင့်စီးပွား ရှာဖွေ နိုင်သော အခွင့်အရေးများကို အပြည့်အဝအာမခံချက် ပေးရမည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံရေးအာဏာများကို တရားနည်းလမ်းနှင့်အညီ ကျင့်သုံး ဆောင်ရွက်အကောင်အထည် ဖော်နိုင်ရန်အတွက် နိုင်ငံရေးအဆောက်အဦးများ (Political Institutions)များကိုလည်း လွတ်လပ်စွာ ဖန်တီးထူထောင်ခွင့်ပေးရမည် ဖြစ်ပါသည်။

ထို့ကြောင့် စစ်မှန်သောပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များကို နိုင်ငံရေးအာဏာတန်းတူ ရည်တူပေးအပ်သည့်အပြင်၊ ထိုအမျိုးသားပြည်နယ်များက မိမိတို့၏ အမျိုးသားကံကြမ္မာကို လွတ်လပ်စွာ ပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို လွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းခွင့်၊ ပြည်နယ်လွှတ်တော်များကို လွတ်လပ်စွာထူထောင်ခွင့်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ခွင့်၊ ပြည်နယ်တရားရုံး ချုပ်များဖွင့်လှစ်ပြီး၊ ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး(The rule of law)ရှိစေရန် တရားစီရင်ခြင်းများကို လွတ်လပ် စွာ လုပ်ဆောင်နိုင်စေရမည် ဖြစ်ပါသည်။ ထို့အပြင် ပြည်နယ်အတွင်းကိုလည်း အဆင့်ဆင့်ရွေးချယ်တင်မြှောက် တာဝန်ပေးအပ်နိုင်စေရမည် ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ ကြသော တိုင်းရင်းသားလူမျိုးခေါင်းဆောင်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အလေးအနက်တွေး၍ ပြည်ထောင်စု၏ အခြေခံလမ်းညွှန်မူထဲတွင် ချမှတ်ပြဋ္ဌာန်း ခဲ့ကြပါသည်။ ပြည်ထောင်စုနိုင်ငံတော်တရပ်ကို အတူတကွ ထူထောင်နိုင်ရန် အချုပ်အခြာအာဏာကို "ပြည်ထောင်စုထံအပ်နှင်းထားရန်"ဟု သဘောတူခဲ့ ကြသော်လည်း အခြားတဖက်တွင် ၎င်းတို့၏ အမျိုးသားပြည်နယ်များအတွင်း လွတ်လပ်စွာ စီမံအုပ်ချုပ်ပိုင်ခွင့်ရှိစေရမည်ဟူသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို စွဲမြဲစွာဆုပ်ကိုင်ထားခဲ့ကြပါသည်။ ဤသို့အားဖြင့် "အချုပ်အခြာအာဏာ"

(Sovereignty Power)နှင့် စပ်ဆိုင်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပြည်ထောင်စုထံမှ လွှဲအပ်ထားပြီး ပြည်နယ်များကို လွတ်လပ်စွာ စီမံအုပ်ချုပ်ပိုင်ခွင့်ဆိုင်ရာ "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" (ဝါ) "ကိုယ်ပိုင်အုပ်ချုပ်ခွင့်"ကို မိမိတို့ဖါသာ လွတ်လပ်စွာ ကျင့်သုံးရန် သဘောတူခဲ့ကြပါသည်။

## (၅) **Federal Principles (ဖက်ဒရယ်ပြည်ထောင်စုမူ)**

ပြည်ထောင်စုကို စတင်ဖွဲ့စည်းခဲ့စဉ်က အခြေခံသော အထက်ဖော်ပြပါ လမ်းညွှန် "မူ" (၄)ရပ်ကို စုပေါင်းလွှမ်းခြုံ၍ အကောင်အထည်ဖော်ဆောင် ပေးသော အခြားလမ်းညွှန်မှုတရပ်မှာ – (Federal Principles) ဟုခေါ်သည့် "ဖက်ဒရယ် ပြည်ထောင်စုမူ"ပင်ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါက၊ (Voluntary Association) "ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များ မိမိတို့ဆန္ဒ သဘောနှင့်အညီ ပြည်ထောင်စုအဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်ခြင်း"၊ (Equality) "တိုင်းရင်းသားလူမျိုးများနိုင်ငံရေးအရသော်၎င်း၊ လူမျိုးရေးအရသော်၎င်း တန်းတူ ရည်တူအခွင့်အရေးပေးထားခြင်း"နှင့်(Self-determination) "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" တို့ကို ပြည်ထောင်စုစနစ်မှအပ အခြားသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဋ္ဌာန်း အကောင်အထည်ဖော်၍ မရနိုင်ပေ။ ဆိုလိုသည်မှာ (Voluntary Association)နှင့် (Self-determination)တို့ကို "တစ်ပြည်ထောင်စနစ်"ဖြင့် ပြဋ္ဌာန်းအကောင် အထည်ဖော်၍ မရပေ။ ပြည်ထောင်စုစနစ်ဖြင့်သာ အကောင်အထည်ဖော် ပြဋ္ဌာန်း နိုင်ပါသည်။

အမှန်စင်စစ် ပြည်ထောင်စုစတင်ဖွဲ့စည်းခဲ့သည့် အခြေခံသည် စတုတ္ထ မူဖြစ်သော (Federal Principles) သည် နိုင်ငံတော်ဖွဲ့ စည်းပုံအခြေခံဥပဒေနှင့် တိုက်ရိုက်သက်ဆိုင်သော အခြေခံ"မူ"ပင် ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုး ပေါင်းစုံရောနှောနေထိုင်သော နိုင်ငံတော်သစ်ကို ထူထောင်သောအခါ တပြည်ထောင်စနစ်ဖြင့် ထူထောင်မည်လော၊ သို့မဟုတ် ပြည်ထောင်စုစနစ်ဖြင့် ထူထောင်မည်လော ... ဟူသော မေးခွန်းနှင့်သက်ဆိုင် နေပါသည်။ ထိုမေးခွန်းကို

စတင်မေးမြန်းပြီး အဖြေမှန်ကို ပေးခဲ့သူမှာ ဗိုလ်ချုပ်အောင်ဆန်းပင် ဖြစ်ပါသည်။ သူက –

"When we build our new Burma, shall we build it as a Union or as a Unitary State? In my opinion it will not be feasible to set up a Unitary State. We must set up a Union with properly regulated provisions to safeguard the rights of the national minorities." (၁)

(၁) *Aung San, Burma's Challenge (Rangoon, 1947), reprinted in Josef Silverstein, The Political Legacy of Aung San (New York: Cornell University Press, 1993),*

ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်းက အသစ်ဖွဲ့စည်းမည့် နိုင်ငံတော်ကို "ပြည်ထောင်စုစနစ်"ဖြင့် ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)တရပ်ကို (၁၉၄၇)ခုနှစ်၊ မေလတွင် ကျင်းပခဲ့သည့် (ဖဆပလ) ပြင်ဆင်မှုပဏာမညီလာခံကြီးတွင် တင်သွင်းခဲ့ပြီး ညီလာခံအတည်ပြုချက်ကို ရယူနိုင်ခဲ့ပါသည်။ ထိုမှတဆင့် တိုင်းပြုပြည်ပြုလွှတ်တော်တွင် ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် အခြေခံရမည့် လမ်းညွှန်မှု(၇)ချက်ကိုလည်း တင်သွင်းအတည်ပြုချက်ကို ရယူနိုင်ခဲ့ပါသည်။

(၁၉၄၇)ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းကို ပါရဂူဘွဲ့အတွက် ကျမ်းတစောင်ရေးသားခဲ့သော ဒေါက်တာမောင်မောင်၏အဆိုအရ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ရည်ရွယ်ချက်မှာ – "ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များကို နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေး ပေးအပ်စေခြင်း၄၊ ၎င်းအမျိုးသားပြည်နယ်များအတွက် ပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေများသီးခြားစီဖြင့် ရေးဆွဲပြဋ္ဌာန်းခြင်း၊ ပြည်နယ်ဥပဒေပြုလွှတ်တော်၊ ပြည်နယ်တရားစီရင်ရေးနှင့် ပြည်နယ်အုပ်ချုပ်ရေးကို စီမံခန့်ခွဲမည့် ပြည်နယ်အစိုးရများကို သီးစခြားစီဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်စေရမည်ဖြစ်သည်" ... ဖြစ်ကြောင်း အောက်ပါ အတိုင်းရေးသားခဲ့ပါသည်။

"The original idea was that the Union States should have their own separate Constitutions, their own organs of State, Parliament, Government and Judiciary" (1)

ထို့အပြင် အမျိုးသားပြည်နယ်များ (ဝါ) ပြည်ထောင်များ တန်းတူရည် တူပူးပေါင်း၍ "ပြည်ထောင်စု" နိုင်ငံတော်တခုကို အတူတကွ ထူထောင်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်(၂)ရပ်ထား ရှိရမည်ဖြစ်ပြီး အထက်လွှတ်တော်တွင် ပြည်နယ်ကြီးသည် သေးသည်မဟူ ဦးရေတူညီသော လွှတ်တော်ကိုယ်စားလှယ်များကို အညီအမျှစေလွှတ်ကြစေ ရမည် ဖြစ်ပါသည်။ ယင်းအချက်ကို သမိုင်းပညာရှင် Silver Steinက အောက်ပါ အတိုင်း ရေးသားခဲ့ပါသည်။

"At the Panglong Conference in 1947, the Chin, Kachin, Shan and other non-Burma nationalities were promised the right to exercise political authority of (administrative, judiciary, and legislative powers in their own autonomous national states) and to preserve and protect their language, culture, and religion in exchange for voluntarily joining the Burma in forming a political union and giving their loyalty to a new state." (2)

ထိုကြောင့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသော ဗိုလ်ချုပ် အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုး ခေါင်းဆောင်များမျှော်မှန်းခဲ့သော ပြည်ထောင်စနစ် (ဝါ) ပြည်ထောင်စု"မူ"ကို သေချာစွာ လေ့လာဆန်းစစ်သော အခါ အဓိကအချက်ကြီး(၂)ချက်ပါဝင်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။

ပထမအချက်မှာ – ပြည်ထောင်စုကို ကိုယ်ပိုင်ပြဌာန်းခွင့်အာဏာ အပြည့်အဝရှိသော ပြည်နယ်များကို အခြေခံ၍ ဖွဲ့စည်းရေးပင် ဖြစ်ပါသည်။ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသော ပြည်နယ်များဟုဆိုရာ၌ – ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များအားလုံးကို ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင် ရေးအာဏာများ အပြည့်အဝအပ်နှင်းထားရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ဒုတိယအချက်မှာ – ကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝရှိသော ပြည်နယ်များ တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်ကို ဖွဲ့စည်းသောအခါ ပြည်ထောင်စု

လွှတ်တော်၌ အာဏာတူလွှတ်တော်နှစ်ရပ်ထားရှိရမည်ဖြစ်ပြီး၊ အထက်လွှတ်တော်တွင် ပြည်နယ်များက ဦးရေတူညီသော ကိုယ်စားလှယ်များကို စေလွှတ်ကြရမည် ဖြစ်ပါ သည်။

(1) *U Maung Maung, Burmese Nationalist Movements. 1940-1948 (1989), p,170.*

(2) *Josef Silverstein, "Minority Problems in Burma Since 1962", in Lehman (ed.,), Military Rule in Burma Since 1962 (Singapore, 1981), p. 51.*

အချုပ်အားဖြင့်ဆိုပါက ပထမအချက်သည် ပြည်နယ်ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍၊ ဒုတိယအချက်မှာ ပြည်နယ်များနှင့် ပြည်ထောင်ဆက်ဆံရေးနှင့် အာဏာခွဲဝေရေး (State-Federal Relations, and Devision of Power between States and Federal Governments)ကို ရည်ညွှန်းထားခြင်းဖြစ်ပါသည်။

## (၆) **Minority Right (လူနည်းစုများ၏ အခွင့်အရေးကို အကာအကွယ်ပေးခြင်း)**

ပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်တခုကို ထူထောင်ရာ၌ အခြေခံရမည့်အချက်မှာ "ပြည်ထောင်များ"(ဝါ) "ပြည်နယ်များ" ပင်ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါက ပြည်ထောင်များကို စုစည်းပေါင်းစပ်၍ ဖွဲ့စည်းထားသည့် ပြည်ထောင်စုစနစ်ပင် ဖြစ်ပါသည်။ ထို့ကြောင့် – ပြည်ထောင်စုကို စတင်ဖွဲ့စည်းခဲ့စဉ်က ကိုလိုနီခေတ်တွင် ဖွဲ့စည်းပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဖွဲ့စည်းခဲ့သော ပြည်ထောင် များနှင့်(၁၉၄၇)ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအဖွဲ့ဝင်ဖြစ်လာခဲ့သော ကရင်နီပြည်နယ်များကို မလွှာိုင်ပြု၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို စတင်ထူထောင်ခဲ့ကြောင်း တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ထိုပြည်ထောင်များကို ပြန်လည်ဆန်းစစ်ကြည့်ပါက မည်သူ့ပြည်ထောင်မျှ လူမျိုးတမျိုးတည်းဖြင့် ထူထောင်ခဲ့သော ပြည်ထောင်များမဟုတ်ခဲ့ကြပေ။ ဥပမာ – (1935 Burma Act)အရ ဖွဲ့စည်းခဲ့သည့် (Burma Proper or Ministerial

Burma)တွင် ဗမာလူမျိုးများသာမက ကရင်၊ မွန်နှင့်ရခိုင်လူမျိုးများသည် အကျုံးဝင်စေခဲ့ပါသည်။ (၁၈၉၆)ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော (Chin Hills Regulation) သည်လည်း ချင်းလူမျိုးများသာမက ယနေ့ အိန္ဒိယနှင့်မြန်မာနိုင်ငံတွင် ပြန့်ကျဲစွာနေထိုင်ကြသော နာဂလူမျိုးများ ယနေ့တွင် အိန္ဒိယနိုင်ငံ၊ မဏိပူပြည်နယ်မှ လူမျိုးများနှင့်မခေလိုင်းပြည်နယ် (ရှိလောင်မြို့၏ မြူနီစီပယ်မှအပ) တခုလုံးရှိ လူမျိုးများကိုလည်း အကျုံးဝင်စေခဲ့ပါသည်။ ထို့ပြင် ပြည်ထောင်စု ရှမ်းပြည်နယ် (Federated Shan State)ကို ကြည့်ပါကလည်း ရှမ်းလူမျိုးသာမက ပအိုဝ်း၊ ပလောင်၊ ဝ၊ လားဟူစသော လူမျိုးများအပါအဝင် ရှမ်းပြည်တွင် ရောနှောနေထိုင်ကြောင်းကို တွေ့ရမည်ဖြစ်ပါသည်။

ထိုကြောင့် ပြည်ထောင်စုနိုင်ငံတော်တခုကို ထူထောင်ရာတွင် ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်တခုအတွင်းရှိ လူမျိုးများနှင့်လူနည်းစုများ၏အရေးကို အထူးတလည် စဉ်းစားရန် လိုအပ်ပါသည်။ ထိုလူနည်းစုများ၏ အခွင့်အရေးကို နည်းမျိုးစုံဖြင့် တရားဥပဒေနှင့်အညီ အကာအကွယ် ပြဋ္ဌာန်းပေးရန် လိုအပ်နေပါသည်။

ဗိုလ်ချုပ်အောင်ဆန်းအဆိုပြုချက်အရ ၎င်းပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်းရှိ လူနည်းစုများ၏ အခွင့်အရေးများကို ထိထိရောက်ရောက် ကာကွယ်ပေးနိုင်ရန်အတွက် ၎င်းလူနည်းစုများနေထိုင်ရာဒေသကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေများ (Autonomous Regions)၊ အမျိုးသားနယ်မြေများ (National Areas)သတ်မှတ်ပေးရမည်ဟု ဗိုလ်ချုပ်ကိုယ်တိုင်ရေးဆွဲ၍ (၁၉၄၇)ခုနှစ်၊ မေလတွင် ကျင်းပခဲ့သော (ဖဆပလ) ညီလာခံတွင် တင်သွင်းအတည်ပြုချက်ရယူခဲ့သည့်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)တွင် အတိအလင်းထည့်သွင်းပြဋ္ဌာန်းခဲ့ပါသည်။ [၁]

[၁] *ယင်းအဆိုသည် ဆိုဗီယက်ယူနီယံတွင် ကျင့်သုံးခဲ့သောမူစနစ်နှင့် အထူးနီးစပ်ခဲ့ကြောင်းကို တွေ့ရမည်ဖြစ်ပါသည်။ အမှန်စင်စစ် ဗိုလ်ချုပ်အောင်ဆန်းက သူ၏ပြည်ထောင်စုမူနှင့် ပြည်ထောင်စုဖွဲ့စည်းပုံဥပဒေ(မူကြမ်း)များကို ရေးသားပြုစုခဲ့ စဉ်က (၁၉၃၃)ခုနှစ်၊ ဆိုဗီယက်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို အနည်းနှင့်အများ အကိုးအကား ပြုခဲ့ကြောင်း တွေ့ရှိနိုင်ပါသည်။ ဒီမိုကရေစီကျင့်သုံးသော တိုင်းပြည်များတွင်*

*ကိုယ်ပိုင်အုပ်ချုပ်ရ နယ်မြေနှင့်အမျိုးသား နယ်ပယ်များကို သီးခြားသတ်မှတ်ရမည့်အစား ဒေသန္တရအစိုးရ(Local Government)များကို ဖွဲ့စည်းခြင်းအားဖြင့် ၎င်းလူနည်းစုများ အခွင့်အရေးကို ကာကွယ်ပြဋ္ဌာန်းပေးလေ့ရှိပါသည်။*

## (၇) Democracy and Fundamental Rights (ဒီမိုကရေစီအခွင့် အရေး အပါအဝင် အခြားအခြေခံ အခွင့်အရေးများ)

ပြည်ထောင်စုစတင်ဖွဲ့စည်းစဉ်က အခြေခံခဲ့သော အခြားလမ်းညွှန်မှု တရပ်မှာ – လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျားမမရွေး၊ ဆင်းရဲချမ်းသာမရွေး ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူ လူထုတရပ် လုံး ဒီမိုကရေစီအခွင့်အရေးများနှင့် အခြေခံလူ့အခွင့်အရေးများကို အပြည့်အဝ ခံစားနိုင်စေရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဋ္ဌာန်းကာကွယ်ပေးရမည် ဟူသော အချက်ပင် ဖြစ်ပါသည်။

ဒီမိုကရေစီအခွင့်အရေးဟုဆိုရာ၌ – လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်နှင့်လွတ်လပ်စွာ အသင်းအပင်းများစည်းရုံး ဖွဲ့စည်းခွင့်များအပါအဝင် လွတ်လပ်စွာ ပညာရှာမှီးပိုင်ခွင့်၊ စီးပွားဥစ္စာရှာမှီးပိုင်ခွင့်၊ အရွယ်ရောက်သူတိုင်း လွတ်လပ်စွာ ဆန္ဒမဲပေးပိုင်းခွင့်၊ အရွေးခံပိုင်ခွင့်စသော တသီးပုဂ္ဂလအခွင့်အရေး(Individual Rights)များ ပါဝင်နေပါသည်။

ထို့ပြင် ပြည်ထောင်စုအတွင်းရှိ နိုင်ငံသားအားလုံး ဇာတိမရွေး၊ ကိုးကွယ်ရာဘာသာမရွေး၊ ယောကျ်ား မိန်းမမရွေး၊ လူမျိုးမရွေး တရားဥပဒေ အရာတွင် တန်းတူညီမျှမှုရှိစေရမည်ဖြစ်ပါသည်။ ယင်းသည် – လူသားချင်း တဦးစီအလိုက် ခံစားခွင့်ရှိသည့် တန်းတူညီမျှမှုအခွင့်အရေးပင် ဖြစ်ပါသည်။

## (၈) Multi-Party Democracy System (ပါတီစုံဒီမိုကရေစီစနစ်)

ပြည်ထောင်စုကို စတင်ဖွဲ့စည်းခဲ့စဉ်က အခြေခံသော လမ်းညွှန်အခြေခံမှု များအနက် "ပါတီစုံဒီမိုကရေစီစနစ်"သည် အလွန်အရေးကြီးသော အခြေခံမှု

တရပ်ဖြစ်ပါသည်။ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသော တိုင်းရင်းသား ခေါင်းဆောင်များနှင့် ဗိုလ်ချုပ်အောင်ဆန်းမှအပါအဝင် အမျိုးသားခေါင်းဆောင် အသီးသီးက ထိုအချက်ကို ကောင်းစွာသဘောပေါက်လက်ခံခဲ့ကြသော်လည်း အချို့ခေါင်းဆောင်များက ပါတီစုံဒီမိုကရေစီစနစ်ကို နားလည်သဘောပေါက်မှု အားနည်းခဲ့ကြပါသည်။

ထိုစဉ်အခါက ဗမာနိုင်ငံရေးခေါင်းဆောင်အများစုသည် လက်ဝဲဝါဒ လွှမ်းမိုးမှုကို အနည်းနှင့်အများခံနေခဲ့ကြပါသည်။ ထိုကြောင့် ကွန်မြူနစ်ပါတီနှင့်အခြားသော ဆိုရှယ်လစ်ပါတီများရှိ အစွန်းရောက်လက်ဝဲ ဝါဒီများသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကြိုက်နှစ်သက်ခြင်း မရှိကြပေ။ အခြားအစွန်းတဖက်တွင်လည်း ဖက်ဆစ်ဂျပန်နှင့်နာဇီဂျာမဏီအာဏာရှင်စနစ်ကို သဘောကျခဲ့သော လက်ယာစွန်းရောက်ဝါဒီများလည်း ရှိခဲ့ကြပါသည်။

ထို့ပြင် ချင်း၊ ကချင်၊ ရှမ်းနှင့်အခြားသော တိုင်းရင်းသားလူမျိုးများသည် ပဒေသရာဇ်စနစ်ဖြစ်သော ရှမ်းပြည်တွင် စော်ဘွားစနစ်၊ ကရင်နှင့်ကရင်နီ ပြည်နယ်များတွင် စော်ကဲနှင့်စောဖျာစနစ်၊ ကချင်ပြည်တွင် ဒူဝါစနစ်နှင့် ချင်းပြည်တွင် ရမ်အုပ်စနစ်များကို ကျင့်သုံးနေဆဲဖြစ်၍ ပါတီစုံဒီမိုကရေစီစနစ်ကို သဘောပေါက်နားလည်သူ နည်းပါး ပါသေးသည်။

သို့ရာတွင် လွတ်လပ်ရေးဖခင်ကြီး ဗိုချုပ်အောင်ဆန်းနှင့်တိုင်းရင်းသား လူမျိုးခေါင်းဆောင်များ၏ အမျှော်အမြင်ကြီးမားမှုကြောင့် ဒီမိုကရေစီအခွင့်အရေး များကို အသစ်ဖွဲ့စည်းထူထောင်မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတိအလင်းပြဌာန်းနိုင်ခဲ့ခြင်းဖြစ်ပြီး ပါတီစုံစနစ်ကိုလည်း လွတ်လပ်စွာ တိုင်းပြည်တွင် ကျင့်သုံးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို (၁၂)နှစ်မျှသာ ကျင့်သုံး နိုင်ခဲ့ပြီး၊ လက်ဝဲလက်ယာအစွန်းရောက် နိုင်ငံရေးသမားများနှင့် မဟာလူမျိုး ကြီးဝါဒကို စွဲကိုင်၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ပိတ်ပင်ချင် သော ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ၎င်း၏အပေါင်းအပါစစ်ဝါဒီများက ပါတီစုံဒီမိုကရေစီ စနစ်ကို ဖျက်သိမ်းပြီး၊ တပါတီအာဏာရှင် စနစ်နှင့်စစ်အာဏာရှင်စနစ်ကို

ထူထောင်သွားခဲ့ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ တိုင်းပြည်တွင် ဒီမိုကရေစီ အခွင့်အရေးများဆုံးရှုံးခြင်း၊ လူ့အခွင့်အရေးများချိုးဖေါက်ခြင်းနှင့် အနှစ်ငါးဆယ် ကျော် ပြည်တွင်းစစ် အပါအဝင် အမျိုးမျိုးသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြဿနာများကို ခါးသီးစွာ ခံစားနေရခြင်း ဖြစ်ပါ သည်။

ပါတီစုံဒီမိုကရေစီစနစ်ကို "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ"၏ အခြေခံ လမ်းညွှန်မှုအဖြစ် ကျင့်သုံးရာ၌ အဓိကအချက်(၂) ချက်ပါဝင်နေပါသည်။

ပထမအချက်မှာ – ဒီမိုကရေစီအခွင့်အရေးများကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက အာမခံချက်ပေးရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ဒီမိုကရေစီ အခွင့်အရေးဟုဆိုရာ၌လည်း လွတ်လပ်စွာရေးသား ပြောဆိုဟောပြောခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်၊ လွတ်လပ်စွာ ဆန္ဒမဲပေးပိုင်ခွင့်၊ အရွေးခံပိုင်ခွင့်၊ လွတ်လပ်စွာ ပညာရှာမှီးပိုင်ခွင့်စသော တသီးပုဂ္ဂလ အခွင့်အရေးများ ပါဝင်နေ ပါသည်။

ဒုတိယအချက်မှာ – အသစ်ဖွဲ့စည်းထူထောင်မည့် နိုင်ငံတော်တွင် ကျင့်သုံးမည့် နိုင်ငံရေးစနစ်သည် "ပါတီစနစ်" ဖြစ်စေတည်းဟူသော အချက်ပင် ဖြစ်ပါသည်။ ပါတီစနစ်သည် ဒီမိုကရေစီစနစ်အောက်တွင်သာ ထွန်းကား နိုင်သောကြောင့် ပါတီစုံစနစ်နှင့်ဒီမိုကရေစီစနစ်ကို ခွဲခြမ်းစိတ်ဖြာခြင်း မပြုပဲ၊ ပူးတွဲ၍ သုံးစွဲခြင်း ဖြစ်သည်။ ထိုအခြေခံလမ်းညွှန်းမှု၏ ဆိုလိုရင်းသည် – ပြည်ထောင်စုမြန်မာနိုင်ငံကို လူတစု၊ ဝါဒတခု၊ အဖွဲ့အစည်းတရပ် (ဝါ) ပါတီတခုနှင့် လူမျိုးတမျိုးထဲကသာ ထာဝရအုပ်ချုပ်မင်းလုပ်၊ လွှမ်းမိုးခြင်းမရှိစေပဲ၊ လူမျိုးပေါင်းစုံ၊ ဝါဒပေါင်းစုံ၊ ပါတီပေါင်းစုံ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင် နိုင်ရေးအတွက်သော်၎င်း၊ အများကောင်းကျိုးကို ရည်စူး၍ တိုင်းပြည်ကို တရားဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ စီမံအုပ်ချုပ် နိုင်ရန်အတွက်သော်၎င်း ပါတီပေါင်းစုံမှ တရားမျှတ၍ လွတ်လပ်သော ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကာ လူထုဆန္ဒနှင့်အညီ သတ်မှတ်ထားသော သက်တမ်းကာလအတွင်း အလှည့်ကျ စီမံအုပ်ချုပ်ခွင့်ရှိစေ ရမည်ဟူသော နိုင်ငံရေးသဘောတရားပင် ဖြစ်ပါသည်။

## (၉) **Secular State (ဘာသာရေးကို အခြေမခံသော နိုင်ငံတော်ဖြစ်စေရမည်)**

ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုး၍ ပြည်ထောင်စုနိုင်ငံတော်တခုကို အတူတကွထူထောင်ရန် သဘောတူညီခဲ့ကြသော တိုင်းရင်းသားလူမျိုးများကို လေ့လာသုံးသပ်ကြည့်ပါက လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံနှင့်ကိုးကွယ်ယုံကြည်မှု ဘာသာရေးပေါင်းစုံမှ လာကြသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် ထိုကဲ့သို့ လူမျိုးပေါင်းစုံ၊ ကိုးကွယ်မှုဘာသာပေါင်းစုံ ရောနှောနေထိုင်သော တိုင်းပြည်တွင် မည်သည့်ဘာသာကိုမျှ နိုင်ငံတော်ဘာသာအဖြစ် မပြဋ္ဌာန်းသင့်ပေ။ ထိုနည်းတူ ဘာသာရေးကို အခြေခံသော နိုင်ငံရေးစနစ်ကိုလည်း အလျဉ်းမျှ မတည်ဆောက်သင့်ပေ။

သို့သော် လွတ်လပ်ရေးအကြိုကာလတွင် လွတ်လပ်ရေးရရှိသောအခါ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းသင့်ကြောင်း အဆိုပြုချက်များ ပေါ်ခဲ့ပါသည်။ ဥပမာ – ဒီးဒုတ်ဦးဘချိုက "ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် မပြဋ္ဌာန်းနိုင်ပါက လွတ်လပ်ရေးသည် အနှစ်သာရကင်းမဲ့သော အတုအယောင်လွတ်လပ်ရေးမျှသာ ဖြစ်သွားမည်" ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ဘူးပါသည်။ သို့ရာတွင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ထိုအဆိုကို လုံးဝပယ်ချက်ခဲ့သည့်အပြင် ဘာသာရေးနှင့် နိုင်ငံရေးမရောသင့်ကြောင်း အောက်ပါအတိုင်း ပြောကြားခဲ့ပါသည်။ –

"Religion is matter of individual conscience, while politics is social science. We must see to it that the individual enjoys his rights, including the right to freedom of religious belief and worship. We must draw clear lines between politics and religion because the twe are not the same thing, If we mix religion with politics, then we offend the spirit of religion itself."

ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ရေးဆွဲပြီး (၁၉၄၇)ခုနှစ်၊ မေလတွင် ကျင်းပခဲ့သော (ဖဆပလ) ညီလာခံတွင် တင်သွင်းခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်အခြေခံဥပဒေ(မူကြမ်း)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းဖော်ပြခဲ့ပါသည်။

14 (1). The abuse of the church or of religion for political purposes is forbidden.

14 (2). The state shall observe neutrality in religious matters.

14 (3). Religion communities whose teaching is not contrary to the Constitution are free in practice and exercise of their religion and religious ceremonies and are also free to have schools for the education of priests: but schools shall, however, be under the general supervision of the State.

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသွားပြီးနောက် (၁၉၄၇)ခုနှစ်၊ စက်တင်ဘာလ(၂၄)ရက်နေ့တွင် ပြဋ္ဌာန်းအတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ – ပုဒ်မ ၂၁၊ (၂၁)တွင် "ဗုဒ္ဓဘာသာသာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာကြီးဖြစ်သည်ဟု ပြည်ထောင်စုနိုင်ငံတော်က အသိအမှတ်ပြုသည်"ဟု ဗိုလ်ချုပ်အောင်ဆန်း၏ မူရင်းပုဒ်မကို ပြောင်းလဲခဲ့ပါသည်။ ယင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဘာသာရေးကို အခြေခံသော နိုင်ငံရေးပဋိပက္ခများ ဖြစ်ပေါ်လာစေရန် လမ်းကြောင်းဖွင့်ခဲ့သော မှားယွင်းမှုကြီးပင် ဖြစ်ပါသည်။ တနည်းအားဖြင့် မူလလမ်းညွှန်အခြေခံမူနှင့် သွေဖီသွားခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသော နိုင်ငံရေးပြဿနာတခုပင် ဖြစ်ပါသည်။

## (၁၀) **Right of Secession (ခွဲထွက်ခွင့်)**

ပြည်ထောင်စုစတင်ဖွဲ့စည်းခဲ့စဉ်က ချမှတ်ခဲ့သော အခြေခံလမ်းညွှန်ချက်များကို ပြန်လည်သုံးသပ်ကြည့်ပါက လမ်းညွှန်မူ (၁)မှ (၆)အထိသည် နိုင်ငံတော်ဖွဲ့စည်းမှုပုံသဏ္ဌာန်(State Structure)နှင့်သက်ဆိုင်၍ နံပါတ်(၇)မှ (၉)အထိသည် နိုင်ငံတော်အစိုးရဖွဲ့စည်းမှုပုံသဏ္ဌာန်(Government structure)နှင့် နိုင်ငံသားတို့၏ အခြေခံအခွင့်အရေးများကို အာမခံချက်ပေးသည့်အချက်များဖြစ်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ထိုလမ်းညွှန်မူ(၉)ရပ်စလုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံ သဏ္ဌာန်နှင့် အစိုးရဖွဲ့စည်းမှုပုံသဏ္ဌာန်များကို ပြန်လည်ချုပ်ကိုင်ပေးသော လမ်းညွှန်မူ အခေါင်

အချုပ်တရပ်မှာ "ပြည်ထောင်စုထံမှ မိမိတို့ဆန္ဒအတိုင်း ခွဲထွက်လိုက ခွဲထွက်ခွင့်ရှိစေရ မည်"ဟူသော "ခွဲထွက်ခွင့်"ပင် ဖြစ်ပါသည်။

ထိုကြောင့် ခွဲထွက်ခွင့်(The Right of Secession)၏ အနှစ်သာရကို ပြန်လည်ဆန်းစစ်ကြည့်ပါက အသစ်ဖွဲ့စည်းမည့်နိုင်ငံတော်သည် ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းသောနိုင်ငံတော်ဖြစ်စေရမည်။ ထိုပြည်ထောင်စု၏ အဖွဲ့ဝင်အမျိုးသားပြည်နယ်များသည် ပြည်ထောင်စုအဖွဲ့ဝင်အဖြစ် မိမိတို့၏ လွတ်လပ်သော ဆန္ဒသဘောထားနှင့်အညီ လွတ်လပ်စွာ ဆုံးဖြတ်၍ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အဖြစ် ပါဝင်စေရမည်။ ထိုသို့ မိမိတို့၏ လွတ်လပ်သော ဆန္ဒသဘောထားနှင့်အညီ ပြည်ထောင်စု၏ အဖွဲ့ဝင်ပြည်နယ်များအဖြစ် ပါဝင်လာကြသော အမျိုးသားပြည်နယ်များသည် နိုင်ငံရေးအရသော်၎င်း၊ လူမျိုးရေးအရသော်၎င်း တန်းတူရည်တူ အခွင့်အရေး ရှိစေရမည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေး ရရှိရုံသာမက ထိုအမျိုးသားပြည်နယ်များသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှု နယ်ပယ်များတွင် မိမိတို့ကံကြမ္မာကို မိမိတို့လွတ်လပ်စွာ ပြဋ္ဌာန်းနိုင်ရန်အတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်(Self-determination) အပြည့်အဝရရှိစေရမည်။ ဆိုလိုသည်မှာ – ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များကို ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့်တရားစီရင်ရေးအာဏာများကို အပြည့်အဝအပ်နှင်းပေးအပ်ထားရမည့်အပြင် အမျိုးသားပြည်နယ်များတန်းတူရည်ပူးပေါင်း၍ ပြည်ထောင်စုလွှတ်တော်ကို ဖွဲ့စည်းသောအခါ ပြည်ထောင်စုလွှတ်တော်၏ အထက်လွှတ်တော်တွင် ပြည်နယ်များမှ ဦးရေတူညီသော လွှတ်တော်ကိုယ်စားလှယ်များကို စေလွှတ်ကြစေရမည်။ သို့မှသာ "တန်းတူ၍ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော အမျိုးသားပြည်နယ် များဖြင့် ပူးပေါင်းဖွဲ့စည်းသည့် ပြည်ထောင်စုစနစ်"ဟူသော အနှစ်သာရ ပေါ်လွင်ထင်ရှားနိုင်မည် ဖြစ်ပါသည်။

ထို့ပြင် ပြည်နယ်များအတွင်းရှိ လူနည်းစုများ၏ အခွင့်အရေးများကို နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းပေးရမည့်အပြင် နိုင်ငံသားအားလုံး၏မွေးရာပါ ဒီမိုကရေစီအခွင့်အရေးများကိုပါ ဥပဒေဖြင့်

ကာကွယ်ပြဌာန်းပေးရမည့်အပြင် ပါတီစုံဒီမိုကရေစီစနစ်ကို နိုင်ငံတော်တွင် ကျင့်သုံးသွားမည်။ နိုင်ငံရေးနှင့်ဘာသာရေးရောစပ်ခြင်း မရှိစေရ။ ထို့အပြင် နိုင်ငံတော်သည် ဘာသာရေးကို အခြေမခံသော (Secular State)ဖြစ်စေရမည်။ ဤသို့ဖြင့် ပြည်ထောင်စုအတွင်း မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒများ မပေါ်ပေါက်စေနိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းမှု ပုံသဏ္ဌာန်(State Structure) သာမက၊ အစိုးရဖွဲ့စည်းမှုပုံသဏ္ဌာန်(Government Structure)ကိုပါ နိုင်ငံတော်ဥပဒေနှင့်အညီ ပြဌာန်းပေးစေရမည်။

ထိုသို့ နိုင်ငံတော်ဖွဲ့စည်းမှုပုံသဏ္ဌာန်(State Structure)နှင့်အစိုးရဖွဲ့စည်းမှု ပုံသဏ္ဌာန်(Government Structure)တွင် မိမိတို့သဘောတူညီထားသော သဘော တူညီချက်အတိုင်း ကျင့်သုံးခြင်းမရှိပါကသော်၎င်း၊ အထက်ပေါ်ပြပါ လမ်းညွှန်မှု များမှ သွေဖည်သွားသည်ဟု ယူဆပါကသော်၎င်း ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ် များသည် ပြည်ထောင်စုထဲမှ လွတ်လပ်စွာ ခွဲထွက်နိုင်သည် … ဟု (၁၉၄၇)ခုနှစ် တွင် ရေးဆွဲပြဌာန်းခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁၀)၊ ပုဒ်မ (၂၀၁)နှင့် (၁၀၂)များတွင် အတိအလင်း ပြဌာန်းခဲ့ပါသည်။

အထက်ဖော်ပြပါ လမ်းညွှန်မှုအခြေခံ(၁၀)ချက်သည် ပြည်ထောင်စု စတင်ဖွဲ့စည်းခဲ့စဉ်က အခြေခံခဲ့သော ပြည်ထောင်စု၏ အသက်သွေးကြောများပင် ဖြစ်ပါသည်။ ထိုလမ်းညွှန်မှုများသာ မရှိခဲ့ပါက ပြည်ထောင်စုကို မည်သည့် နည်းနှင့်မျှ ထူထောင်နိုင်လိမ့် မည်မဟုတ်ပေ။ ထို့ကြောင့် လမ်းညွှန်အခြေခံမှုများ သည် ပြည်ထောင်စုပြန်လည်တည်ဆောက်ရေးအတွက်လည်း အနည်းနှင့်အများ အထောက်အကူပြု နိုင်လိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါသည်။

# လွတ်လပ်ရေးရရှိပြီးနောက် စစ်မှန်သောပြည်ထောင်စုစနစ် ဖွဲ့စည်းနိုင်ရေးအတွက် ကြိုးပမ်းမှုများ




မူဝါဒရေးရာကော်မတီမှ တင်သွင်းသောစာတမ်းကို အထွေထွေအတွင်းရေးမှူး ဒေါက်တာ ဆလိုင်းလျန်မှုန်းမှ ရှင်းလင်းတင်ပြစဉ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တန်းတူရေး၊ ဒီမိုကရေစီရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရရှိရေးစသည့် အခြေခံမူများတွင် စတင်ဖွဲ့စည်း ထူထောင်ခဲ့သော်လည်း လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရပြီး နောက်ပိုင်းတွင် ဖွဲ့စည်းပြဌာန်းခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် "ပင်လုံစိတ်ဓါတ်"မှ သွေဖီ၍ အထက်တွင် ဖေါ်ပြထားသော ပြည်ထောင်စု၏ အခြေခံလမ်းညွှန်မူများကို တခုချင်းသစ္စာဖေါက်သွားခဲ့လေသည်။ ထို့ကြောင့် ကျွန်ုပ်တို့တိုင်းပြည်တွင် အနှစ်ငါးဆယ်ကျော်ပြည်တွင်း စစ်နှင့်ရင်ဆိုင်နေရပြီး ဒီမိုကရေစီဆိတ်သုဉ်းခြင်းနှင့်လူ့အခွင့်အရေးချိုးဖေါက်ခြင်းများကို နေ့စဉ်နှင့်အမျှ တိုင်းရင်းသားပြည်သူလူထုတရပ်လုံးက မျှဝေခံစားနေကြရပါသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးခေါင်းဆောင်များပင်လုံတွင် မျှော်မှန်း ခဲ့ကြသော ပြည်ထောင်စနစ်မျိုးကို ပြန်လည်တည်ဆောက်နိုင်ရန် မိမိတို့ ယနေ့အထိ ရှန်းကန်တိုက်ပွဲဝင်နေရခြင်းပင် ဖြစ်ပါသည်။

လွတ်လပ်ရေးရရှိပြီးသည့်နောက် (၁၉၄၈)မှ (၁၉၈၈)ခုနှစ်အကြား စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ကို ပြည်လည်ဖွဲ့စည်း ထူထောင်ရန် မည်သို့မည်ပုံ ကြိုးပမ်းခဲ့ကြောင်း မဖော်ပြမီ – (၁၉၄၇)ခုနှစ်၊ နိုင်ငံ တော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုမည်သို့မည်ပုံ လမ်းလွဲခဲ့ကြောင်းကို ပထမဦးစွာ ဖော်ပြလိုပါသည်။

ပြည်ထောင်စုစနစ်၏ အခြေခံလမ်းညွှန်မှုများလမ်းလွဲခဲ့သော (၁၉၄၇)ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ အဓိကအားနည်းချက်(၃)ချက် ရှိခဲ့ပါသည်။

**ပထမ**အားနည်းချက်မှာ – ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ် များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာများ အပြည့်အဝအပ်နှင်းခြင်း မရှိ သော အချက်ပင်ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုအရ – ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များသည် မိမိတို့၏ ပြည်နယ်လွှတ် တော်၊ ပြည်နယ်အစိုးရ၊ ပြည်နယ်တရားရုံးများကို ထူထောင်ခွင့်ရှိစေရမည့်အပြင်၊ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့်တရားစီရင်ရေးအာဏာများကို လွတ် လပ်စွာ ကျင့်သုံးပြဋ္ဌာန်းခွင့်ရရှိစေရန်အတွက် ပြည်နယ်အသီးသီးတွင် မိမိတို့၏ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို သီးခြားလွတ်လပ်စွာဖြင့် ရေးဆွဲပြဋ္ဌာန်း ပိုင်ခွင့်ရှိစေရမည်ဖြစ်သည်။ သို့ရာတွင် (၁၉၄၇)ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ နိုင်ငံရေးအာဏာများအပ်နှင်းခြင်း မပြုရုံမျှမက၊ ပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေများကိုလည်း သီးခြားလွတ်လပ်စွာ ရေးသားပြဋ္ဌာန်းခြင်း မပြုပဲ၊ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ၏ အစိပ်အပိုင်းအဖြစ် တင်းကြပ်စွာ ပူးတွဲ ပြဋ္ဌာန်းသွားခဲ့ပါသည်။ ဤသို့ဖြင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် မိမိကံကြမ္မာ မိမိလွတ်လပ်စွာ ပြဋ္ဌာန်းခွင့်မဆိုထားဘိ မိမိတို့၏ ပြည်နယ်ရေးရာ များကိုပင် လွတ်လပ်စွာ စီမံခန့်ခွဲနိုင်ခွင့် ရှုံးဆုံးသွားခဲ့ကြပါသည်။

**ဒုတိယ**အားနည်းချက်မှာ – ပြည်ထောင်စုလွှတ်တော်ထဲမှ လူမျိုးစု လွှတ်တော်ခေါ် အထက်လွှတ်တော်တွင် အမျိုးသားပြည်နယ်များက လွှတ်တော် ကိုယ်စားလှယ်ဦးရေ အညီအမျှစေလွှတ်ရမည်ဖြစ်သော်လည်း အောက်လွှတ်တော်

ကဲ့သို့ လူဦးရေးအချိုးအစားကို အခြေခံ၍ ရွေးချယ်စေလွှတ်ခဲ့သောကြောင့် "တန်းတူရေး"ဟူသော အနှစ်သာရကင်းမဲ့ခဲ့ပြီး လူဦးရေပိုမိုများသော ဗမာ(ဝါ) မြန်မာလူမျိုးများက အထက်လွှတ်တော်တွင်ရော အောက်လွှတ်တော်တွင်ပါ နိုင်ငံရေးအရ လွှမ်းမိုးထိန်းချုပ်နိုင်ခဲ့ပါသည်။ ဤသို့ဖြင့် ပြည်ထောင်စုတခုလုံး၏ နိုင်ငံတော်အာဏာရပ်များစုစည်းရာ ဗဟိုဖြစ်သော ပြည်ထောင်စုလွှတ်တော်ကို လူမျိုးတမျိုး၏ လက်ထဲသို့ ထိုးအပ်သကဲ့သို့ ဖြစ်သွားခဲ့ပါသည်။

ထိုထက်ပို၍ဆိုးဝါးသော **တတိယ**အားနည်းချက်မှာ – ပြည်ထောင်စု စနစ်အရ အမျိုးသားပြည်နယ်များက မိမိတို့ပြည်နယ် အစိုးရများကို ဖွဲ့စည်းပြီး၊ ထိုကဲ့သို့ ပြည်နယ်အစိုးရများကို လွတ်လပ်စွာ ဖွဲ့စည်းပိုင်ခွင့်ရှိသော အမျိုးသား ပြည်နယ်များပူးပေါင်း၍ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းစေရမည်ဖြစ်သော်လည်း၊ ဗမာ(ဝါ)မြန်မာလူမျိုးများအတွက် ပြည်နယ်သီးခြားဖွဲ့စည်းခြင်း မပြုပဲ၊ ပြည်ထောင် စုအစိုးရ၏ အာဏာတခုလုံးကို ထိုလူမျိုးများအား လုံးဝဥသုံ ထိန်းချုပ်ခွင့်ပေး ထားခဲ့ခြင်းပင် ဖြစ်ပါသည်။

(၁၉၄၇)ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် အထက်ပါ အချက်(၃)ချက်ကြောင့် ပြည်ထောင်စုစနစ်မှ လမ်းလွဲသွားခဲ့ပါသည်။ ထိုအချက် များကို ပြင်ဆင်၍ ပြည်ထောင်စုစနစ်ကို စစ်မှန်သော ဖက်ဒရယ်စနစ်ဖြင့် ပြန်လည်ဖွဲ့စည်းပြဋ္ဌာန်းရန်၊ (၁၉၆၁)ခုနှစ်၊ ဇွန်လတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ တက်ရောက်သော တောင်ကြီးညီလာခံကို ခေါ်ယူကျင်းပခဲ့ပါသည်။ (၁၉၆၁)ခုနှစ် တောင်ကြီးညီလာခံ၏ ရည်ရွယ်ချက်မှာ –

(၁) ပြည်ထောင်စုမြန်မာနိုင်ငံကို ပင်လုံညီလာခံကြီးတွင် မျှော်မှန်းခဲ့သည့် အတိုင်း စစ်မှန်သော ပြည်ထောင်စုစနစ်ဖြင့် ပြန်လည်ဖွဲ့စည်းနိုင်ရန် အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရန်၊

(၂) ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်အပြည့်အဝအပ်နှင်းရန်၊ ဆိုလိုသည်မှာ ပြည်နယ်များအား ဥပဒေပြုအာဏာ၊တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာ များ အပြည့်အဝအပ်နှင်းရန်။

(၃) တိုင်းရင်းသားလူမျိုးများကို ကိုယ်ပိုင်ပြဌာန်းခွင့်ပေးအပ်သည့်အနေဖြင့် ထိုစဉ်ကရှိခဲ့သည့် ပြည်နယ်များအပြင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်မွန်ပြည်နယ်များကို တိုးချဲ့ဖွဲ့စည်းသွားရန်၊

(၄) တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုကို အတူတကွ ထူထောင်ခြင်း ဖြစ်ကြောင်းကို သက်သေပြသည့် အနေဖြင့် "ဗမာတိုင်းရင်းသားလူမျိုးများအတွက် သီးခြား ပြည်နယ်ဖွဲ့စည်းသွားစေရန်၊ ထို့ပြင် ဗမာတိုင်းရင်းသားလူမျိုးများက ပြည်ထောင်စုအစိုးရကို လက်ဝါးကြီးအုပ်စိုးမိုးမှုကို ရပ်တန်းက ရဆိုင်းသွားရစေရန်အတွက် ပြည်ထောင်စုအာဏာနှင့် ဗမာပြည်နယ်၏ လုပ်ပိုင်ခွင့်အာဏာကို ဥပဒေနှင့်အညီ ပိုင်းခြားထားရန်" ဟူသော အချက်များ ပါဝင်ခဲ့ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်မှန်သော ပြည်ထောင်စုစနစ်ဖြင့် ပြန်လည်ဖွဲ့စည်းရေးကိစ္စကို တိုင်းရင်းသားလူမျိုးပေါင်းစုံစည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက်"ပြည်နယ်များညီညွတ်ရေးအဖွဲ့"ကိုတောင်ကြီးညီလာခံတွင် ဖွဲ့စည်းခဲ့ပါသည်။ ၎င်းပြည်နယ်များညီညွတ်ရေးအဖွဲ့က "ပြည်ထောင်စုစစ်စစ်မှု"ကို နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုထံသို့ (၁၉၆၂)ခုနှစ်၊ ဖေဖေါ်ဝါရီလ(၂၄)ရက်နေ့တွင် တရားဝင်တင်သွင်းခဲ့ပါသည်။ ပြည်နယ်များညီညွတ်ရေးအဖွဲ့က တင်သွင်းသော "ပြည်ထောင်စုစစ်စစ်မှု"အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အောက်ပါအတိုင်း ပြင်ဆင်ရေးဆွဲပြဌာန်းရန် တင်ပြခဲ့ကြပါသည်။ ၎င်းတို့မှာ –

(၁) ပြည်မကို ပြည်နယ်တနယ်အဖြစ် ဖွဲ့စည်းရေး၊

(၂) လွှတ်တော်(၂)ရပ် အာဏာတူပေးရေး၊

(၃) လူမျိုးစုလွှတ်တော်သို့ ပြည်နယ်တိုင်း၊ ပြည်နယ်တိုင်းက တူညီသော ကိုယ်စားလှယ်စေလွှတ်ရေး၊

(၄) ပြည်နယ်များက မိမိဆန္ဒအလျောက် လွှဲအပ်သောအာဏာများကို ပြည်ထောင်စုဗဟိုအစိုးရသို့ ကန့်သတ်၍ ကျန်အာဏာများကို ပြည်နယ်များတွင် ထားရှိရေးဟူသော အချက်များပင် ဖြစ်ပါသည်။

သို့ရာတွင် တိုင်းရင်းသားလူမျိုးများနိုင်ငံရေးအရ တန်းတူရည်တူအခွင့် အရေးပေးရေးကို မလိုလားမရှု စိမ့်နိုင်ခဲ့သော မဟာလူမျိုးကြီးဝါဒီ ဗိုလ်ချုပ်ကြီး နေဝင်းနှင့်၎င်း၏ အပေါင်းအပါများက ပြည်နယ်များညီညွတ်ရေးအဖွဲ့က တင်သွင်း သော "ပြည်ထောင်စုစစ်စစ်မူ"သည် ပြည်ထောင်စုဖြိုခွဲရေးလမ်းစဉ် ဖြစ်သည် ဟူသော အကြောင်းပြချက်ဖြင့် (၁၉၆၂)ခုနှစ်၊ မတ်လ(၂)ရက်နေ့တွင် နိုင်ငံတော် အာဏာကို စစ်တပ်မှ သိမ်းယူခဲ့ပါ သည်။

နိုင်ငံတော်အာဏာကို သိမ်းယူပြီးနောက် တော်လှန်ရေးကောင်စီက ဝန်ကြီးချုပ်ဟောင်းဦးနု ဦးဆောင်သော "ပြည်တွင်းညီညွတ်ရေးအဖွဲ့"ကို (၁၉၆၈) ခုနှစ်တွင် ဖွဲ့စည်းပြီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ်တဖန် ရေးဆွဲပြဋ္ဌာန်းနိုင်ရန် အကြံဉာဏ်များကို တိုင်းသူပြည်သားများထံမှ တောင်းခံခဲ့ ပါသည်။ ထို့ကြောင့် ချင်း၊ ကချင်နှင့် ရှမ်းခေါင်းဆောင်များက "ဖက်ဒရယ်စနစ်" ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းသင့်ကြောင်း တင်ပြခဲ့ ပါသည်။ သို့သော် ဗိုလ်နေဝင်းနှင့်တော်လှန်ရေးကောင်စီဝင်များသည် ဖက်ဒရယ် စနစ်ဖြင့် ပြည်ထောင်စုပြန်လည် ဖွဲ့စည်းရေးကို လက်မခံရုံသာမက ထိုသို့ ဖက်ဒရယ်စနစ်ဖြင့် နိုင်ငံတော်ပြည်လည်ဖွဲ့စည်းရေးအဆိုကို တင်သွင်းခဲ့ကြသော ချင်းခေါင်းဆောင်(၈)ကျော်၊ ကချင်ခေါင်းဆောင်များနှင့် ရှမ်းခေါင်းဆောင်များကို ဖမ်းဆီးပြီး နှစ်ရှည်လများထောင်ချခဲ့ပါသည်။

တော်လှန်ရေးကောင်စီအာဏာသိမ်းပြီးနောက် သခင်ချစ်နှင့်သခင်ဇင်တို့ ခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ် ပါတီ(ဗကပ)က နိုင်ငံတော်ကို ပြည်ထောင် စုစနစ်ဖြင့် ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက် "တိုင်းရင်းသားလူမျိုးများ မိမိတို့ ဆန္ဒအရ ပူးပေါင်းလိုက ပူးပေါင်းခွင့်နှင့်မိမိဆန္ဒအရ ခွဲထွက်လိုက ခွဲထွက်ခွင့် အပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များကို အခြေခံ၍ ပြည်ထောင်စုကို ဖွဲ့စည်းသင့်ကြောင်း"ထုတ်ပြန်ကြေညာခဲ့ပါသည်။

(၁၉၇၅)ခုနှစ်တွင် တိုင်းရင်းသားလူမျိုးများ၏ လက်နက်ကိုင်တော်လှန်ရေး အင်အားစုများက ပြည်ထောင်စုကို ကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝရှိသော ပြည်နယ်များကို အခြေခံ၍ ပြန်လည်ဖွဲ့စည်းနိုင်ရေးဟူသော ရည်ရွယ်ချက်ဖြင့် "ပြည်နယ်ပေါင်းစုံ" ဖက်ဒရယ်ပြည်ထောင်စုအမျိုးသား ဒီမိုကရေစီတပ်ပေါင်းစု (ပမဒတ)ကို ဖွဲ့စည်းခဲ့ပါသည်။ (၁၉၇၆)ခုနှစ်တွင် (ပမဒတ)ကို အမျိုးသား ဒီမိုကရေစီတပ်ပေါင်းစု (မဒတ)အဖြစ် ပြန်လည်ဖွဲ့စည်းသောအခါလည်း မူလရည်ရွယ်ချက်များကို နဂိုအတိုင်း ဆုပ်ကိုင်ထားခဲ့ပါသည်။ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုကြီး၏ နိုင်ငံရေးဦးတည်ချက်သည် "ဗမာလူမျိုး အပါအဝင် ရှမ်း၊ ကချင်၊ ကရင်၊ ကရင်နီ၊ ရခိုင်၊ မွန်၊ ချင်း၊ ပအိုဝ်း၊ ပလောင်၊ ဝ၊ လားဟူစသော တိုင်းရင်းသားလူမျိုးအားလုံး၏ လွတ်လပ်ရေး၊ တန်းတူရေးဘဝဖြစ်ပေါ်တိုးတက်ရေး၊ အမျိုးသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဌာန်းခွင့်ကို အခြေခံသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး"ဖြစ်ကြောင်း အတိအလင်းကြေညာခဲ့ပါသည်။

(၁)

*(U.N.L.D.L.A ဒုတိယအကြိမ် ဆလိုင်းလျန်ဖုန်း)*

# အခန်း (၂၁)

## ပြည်ထောင်စုဆိုင်ရာ အတွေ့အကြုံတင်ပြချက်

- ☆ သမ္မတကြီးဦးသိန်းစိန်၊
- ☆ ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်၊
- ☆ မြန်မာပြည်သူများနှင့်လူမျိုးစုပြည်သူများ၊

ဗိုလ်ချုပ်အောင်ဆန်း၊ ဦးထွန်းမြင့်(တောင်ကြီး)နှင့်ဆလိုင်းလျန်မုန်းတို့သည် တည်ဆောက်သင့်သော ပြည်ထောင်စု၏ အခြေခံမူများကို အသီးသီးတင်ပြခဲ့ကြပေသည်၊ ယခု ဆက်လက်တင်ပြလိုသည်မှာ ပြည်ထောင်စုနှင့်တိုင်းရင်းသားလူမျိုးစုများနှင့်ဆိုင်ရာတဦးချင်းစီ၏ အသိအမြင်များနှင့် အတွေ့အကြုံများကို တင်ပြအပ်ပါသည်။

## အနာဂါတ်ပြည်ထောင်စုအတွက်

အထက်ဗမာပြည်၊ နေပြည်တော်၊ မန္တလေးမြို့ကို (၁၈၈၅)ခုနှစ်မှာ နယ်ချဲ့အင်္ဂလိပ်တို့ သိမ်းယူပြီး ဘုရင်သီပေါမင်းကို ခေါ်ယူသွားပါတယ်။ ဗမာပြည်အလုံးစုံကို သိမ်းပိုက်ပြီးကြောင်းကို (၁၈၈၆)ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှာ ကြေညာချက် ထုပ်ပါတယ်။ [၁]

(၁၈၉၆)ခုနှစ်မှာ နယ်ချဲ့အင်္ဂလိပ်တို့က ချင်းတော်တန်းဒေသ(Chin Hills)ကို သိမ်းယူခဲ့သလို အရှေ့ဘက်တောင်တန်းမှာရှိတဲ့ ရှမ်းပြည်နဲ့ကရင်နီပြည်ကိုတော့ (၁၈၈၇)ခုနှစ်၊ ဇန်နဝါရီလ(၃)ရက်မှာ အင်္ဂလိပ်နယ်ချဲ့စစ်တပ်က စစ်အင်အား(၃၁၀)နဲ့ သေနတ်၊ အမြောက်လက်နက်များတပ်ဆင်ပြီး ရှမ်းပြည်နဲ့

ဗမာပြည်နယ်စပ်၊ လိုင်းတက်(Lang Sat)ဒေသမှာ ဖြတ်ကျော်ပြီး ကျူးကျော်ဝင်ရောက်ပါတယ်။ နယ်ချဲ့အင်္ဂလိပ်စစ်တပ်ကို ပြင်းပြင်းထန်ထန်ခုခံတဲ့အနေနဲ့ မိုးဗြဲစော်ဘွားနဲ့ရပ်စောက်စော်ဘွားနယ်တို့က တိုက်ခိုက်တွန်းလှန်ကြပါတယ်။ ကရင်နီပြည်မှာတော့ စောလဖော် စော်ဘွားက အပြင်းအထန်ခုခံပါတယ်။ ရှမ်းပြည်အနေနဲ့ အင်္ဂလိပ်နယ်ချဲ့လက်အောက် ကျွန်ဘဝနဲ့နေလာရာက (၁၉၂၂) ခုနှစ်မှာ စော်ဘွားနယ်များစုပေါင်းပြီး (Federated Shan States)ဆိုပြီး ကောင်စီဖွဲ့အုပ်ချုပ်ပါတယ်။ ဒါကသီးခြားလူမျိုး၊ သီးခြားတိုင်းပြည်တွေကို သီးခြားအချိန်တွေမှာ သိမ်းယူခဲ့တာဖြစ်တယ်။

ဗိုလ်ချုပ်အောင်ဆန်း ထပ်မံတွေ့ရှိရတာကတော့ (၁၈၇၈)ခုနှစ်၊ အင်္ဂလိပ်အစိုးရတို့နှင့်ဘုရင်မင်းတုန်းမင်းတို့သဘောတူညီချက်နဲ့လက်မှတ်ထိုးပြီး လွတ်လပ်သောသော ပြည်ထောင်ဖြစ်နေတဲ့ ကရင်နီပြည် (ဝါ) ကယားပြည်။

(၁၈၉၄)ခုနှစ်မှာ ရေးဆွဲပြဌာန်းခဲ့တဲ့ ကချင်တောင်တန်းဒေသဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းဥပဒေ၊ (1894 - Kachin Hill Regulation)ဖြင့် အုပ်ချုပ်ခဲ့တဲ့ ကချင်ပြည်ထောင်။

(၁၈၉၆)ခုနှစ်မှာ ရေးဆွဲပြဌာန်းခဲ့တဲ့ ချင်းတောင်တန်းဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်း၊ (1896 – Chin Hills Regulations)ဖြင့် အုပ်ချုပ်ခဲ့တဲ့ ချင်းပြည်ထောင်။

(၁၉၂၂)ခုနှစ်မှာ ပြင်ဆင်ပြဌာန်းခဲ့တဲ့ ဖက်ဒရယ်ရှမ်းပြည်ထောင်ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းဥပဒေ၊ (1922 – Federated Shan States Act)ဖြင့် အုပ်ချုပ်သော ရှမ်းပြည်ထောင်၊ ဒီလိုသီးခြား ဖွဲ့စည်းပုံအခြေခံဥပဒေများဖြင့် အုပ်ချုပ်နေတဲ့ပြည်ထောင်လေးပြည်ထောင်ကို တွေ့ရပြန်ပါတယ်။

ဒါကို ဗိုလ်ချုပ်အောင်ဆန်းက (၁၉၃၅)ခုနှစ်မှာ ရေးဆွဲပြဌာန်းပြီး၊ (၁၉၃၇) ခုနှစ်မှာ ကျင့်သုံးတဲ့ ဗမာပြည်အက်ဥပဒေ (1935 – Burma Act)ဖြင့် အုပ်ချုပ်ခဲ့တဲ့ ဗမာပြည်ထောင်နှင့်စုပေါင်းပြီး ပြည်ထောင်စုတည်ဆောက်ရေးအတွက် ကြိုးပမ်းပါတယ်။

(၁၉၄၇)ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့မှာ ရှမ်းပြည်၊ ပင်လုံမြို့မှာ တောင်တန်းဒေသ ခေါင်းဆောင်များနှင့် ညှိနှိုင်းတိုင်ပင်ပြီး အာမခံချက်အပြည့်အဝနဲ့ ပင်လုံစာချုပ်၊ တောင်တန်းပြည်မပူးပေါင်းရေးစာချုပ်ကို အောင်မြင်စွာ

ချုပ်ဆို နိုင်ခဲ့ပါတယ်။ စာချုပ်သဘော တူညီချက်မှာ ကရင်နီပြည်ပါဝင်ချုပ်ဆိုခြင်း မပြုခဲ့ပေမယ့် (၁၉၄၇)ခုနှစ်၊ ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအပြီး လွှတ်လပ်ရေး ရယူတော့ မယ့်အချိန်မှာ ကရင်နီပါဝင်လာခဲ့ပါတယ်။ ဒါကြောင့် ဗိုလ်ချုပ် အောင်ဆန်းက ဖွဲ့နဘဲကြီးစွာနဲ့အာမခံချက်စာချုပ် – အာမခံတဲ့ကတိ စကားတွေနဲ့ခက်ခက်ခဲခဲလုပ်ဆောင်လို့ရလာတဲ့ ပြည်ထောင်ငါးပြည်ထောင် တို့ဟာ တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုနိုင်ငံသစ်တခုကို ရရှိလိုက်ပါတယ်။ ဒီလို ရရှိလိုက်နိုင်အောင်လည်း ဗိုလ်ချုပ်အောင်ဆန်းက တိုးပြုပြည်ပြု လွှတ်တော်မှာ အာမခံချက်ကတိစကားကို ရှင်းရှင်းလင်းလင်း ပြောခဲ့ပါတယ်။

**“အဲဒီလိုလက်ခံထားတဲ့ ဒီစာသဘောတွေမကဘဲ (Not only the letters of a agreement) ကျနော်တို့ အဖို့မှာဆိုလို့ရှိရင် (The spirit of agreement) သဘောတူညီလာခဲ့တဲ့ တကယ့်အရင်းခံသဘောထားကို လက်ခံပြီးတော့ ဒီအတိုင်းဘဲ ဒီတိုင်းပြည်ပြုလွှတ်တော်မှာ လုပ်မှာဘဲဆိုတာ တောင်တန်း နယ်ဆိုင်ရာ ကိုယ်စားလှယ်များ တည့်တည့်လင်းလင်းနားလည်စေချင်ပါတယ်။ ကျနော်တို့ ပေးပြီးသာကတိ၊ နားလည်ပြီးသားသဘောတူညီချက်တွေကို နယ်ချဲ့သမားလို ကျနော်တို့ဖေါက်ဖျက်ပြီး မလုပ်ပါဘူး။ အဲဒီလို ပေးပြီးသား ကတိနဲ့ နားလည်ပြီးသား သဘောတူညီချက်တွေကို ဖေါက်ဖျက်မည်လားလို့ သံသယရှိတဲ့ လူတွေဟာ ဥက္ကဋ္ဌမင်းခွင်းပြု ချက်အရ ပြောရလျှင် ကျနော်တို့ရဲ့ (Sense of honour, Sense of Self respect, Sense of pride)တို့ကို စော်ကားတယ်လို့ ကျနော်တို့ယူဆပါတယ်။ အဲဒီတော့ ကျနော်တို့ ပေးပြီးသားကတိ။ နားလည်ပြီးသားသဘောတူညီချက်တို့ကို တောင်တန်းနယ် ကိုယ်စားလှယ်တွေက တိုင်းပြည်ပြုလွှတ်တော်ထဲရောက်သောအခါ သေသေ ချာချာ နားလည်းစေချင်တာက ဘယ်နည်းနဲ့မျှ ကျနော်တို့ ဗမာလူမျိုးစု ဖြစ်တဲ့လူတွေဟာ ခင်ဗျားတို့ကို အတင်းအားဖြင့် ကျနော်တို့ ပြည်ထောင်စုထဲမှာ မသွင်းပါဘူး။ သဘောမတူဘဲ မနေနိုင်တဲ့ အခြေအနေမျိုးကို လက်တလုံးခြား လိမ်းတဲ့နည်းလည်း ကျနော်တို့ မလုပ်ပါဘူးဆိုတာ အတိအလင်းနားလည်စေ ချင်ပါတယ်။”**

ပင်လုံစာချုပ်ကို လက်မှတ်ထိုး၍ ပြည်ထောင်စုနိုင်ငံတခုကို အတူတကွ ထူထောင်ရန် သဘောတူညီခဲ့ကြသော တိုင်းရင်းသားလူမျိုးများကို လေ့လာ သုံးသပ်ပါက လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယဉ်ကျေးမှု ပေါင်းစုံနှင့်ကိုးကွယ် ယုံကြည်မှု ဘာသာပေါင်းစံမှ လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုကြောင့် တိုင်းပြည်တွင် မည်သည့်ဘာသာကိုမျှ နိုင်ငံတော်ဘာသာအဖြစ် မပြဋ္ဌာန်းသင့်ပေ။ ထိုနည်းတူ ဘာသာအခြေခံသော နိုင်ငံရေးစနစ်ကိုလည်း အလျဉ်းမတည် ဆောက်သင့်ပေဟု ဆုံးဖြတ်အတည်ပြုထားခဲ့ပါသည်။

ထိုစဉ် ဒီးဒုတ်ဦးဘချိုက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ အဖြစ်ပြဋ္ဌာန်းရန် အရေးဆိုလာသောအခါ ဗိုလ်ချုပ်အောင်ဆန်းက ဒီတိုင်းပြည်မှာ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံရှိသောကြောင့် တကြောင်း၊ တိုင်းပြည် လွတ်လပ်ရေးတိုက်ပွဲဝင် အသက်စွန့်လုပ်ဆောင်ရာမှာလည်း ဗုဒ္ဓဘာသာဝင်များသာ တိုက်ပွဲဝင်ခဲ့ရတာမဟုတ်၊ ခရစ်ယာန်၊ ဟိန္ဒူ၊ အစ္စာလမ်၊ နတ်ကိုးကွယ်သူများပါ စုပေါင်း၍ အသေခံစွန့်စားပြီး တိုက်လာခဲ့ပြီးမှ အောင်ပွဲရ လာတော့ ဗုဒ္ဓဘာသာက အကျိုးအမြတ်ယူတာဟာ တရားနည်းလမ်းမကျ ကြောင်း၊ ဒီမတရားတဲ့လုပ်ဆောင်ချက်ကို အသက်ကို အသေခံ၍ ကန့်ကွက် သွားမယ်လို့ တုံ့ပြန်ပြီး လုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမယ့် ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီး ဦးနုဝန်ကြီးချုပ် တာဝန်နဲ့လုပ်ဆောင်ရာမှာ နိုင်ငံတော်ဘာသာ သတ်မှတ်ရာမှာ ဘာသာခြားအများစုဖြစ်တဲ့ ချင်း၊ ကချင်တိုင်းရင်းသား ခေါင်းဆောင်တို့ရဲ့ ကန့်ကွက်ဝေဖန်မှုကြားက ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာအဖြစ် ပြုလုပ်ရာမှာ အသက်ကိုအသေခံ၍ ပြုလုပ်သွားမယ်လို့ပြောပြီး လုပ်ဆောင်သွားခဲ့ပါတယ်။

ပြည်ထောင်စုစနစ်၏ အခြေခံလမ်းညွှန်မှုများ လမ်းလွဲစေခဲ့သော (၁၉၄၇) ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အဓိကအားနည်းချက်(၃)ချက် ရှိခဲ့ပါ သည်။

– ပထမအားနည်းချက်မှာ ဗိုလ်ချုပ်ဆောင်ဆန်းလမ်းညွှန်မှုအရ ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များသည် မိမိတို့၏ ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရ၊ ပြည်နယ်တရားရုံးများ

ထူထောင်ခွင့်ရှိစေရမည့်အပြင် ဥပဒေပြုအာဏာ၊ တရားစီရင်ရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာများကို လွတ်လပ်စွာ ကျင့်သုံး ပြဋ္ဌာန်း ခွင့်ရရှိစေရန်အတွက် ပြည်နယ်အသီးသီးတွင် မိမိတို့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို သီးခြားလွတ်လပ်စွာဖြင့် ရေးဆွဲပြဋ္ဌာန်းခွင့်ရှိစေရမည်။ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီးသောအခါ (၁၉၄၇)ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသား ပြည်နယ်များသည် သီးခြားရပိုင်ခွင့်များပျောက်ဆုံးပြီး ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ အစိပ်အပိုင်းအဖြစ် တင်းကြပ်စွာ ပူးပေါင်းပြဋ္ဌာန်းသွားခဲ့ ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းဆက်လက်ပြီး ကတိစကားပြောတဲ့အထဲမှာ “စုပေါင်း သင့်တယ်ဆိုတဲ့ကိစ္စတွေ ဆွေးနွေးတဲ့အခါမှာ ကျနော်တို့ တင်သွင်းတဲ့အဆိုတွေ ကျနော်တို့ တင်သွင်းတဲ့အကြံဉာဏ်တွေ၊ ဒါတွေကို သဘောမကျလို့ရှိရင် သဘောမကျတဲ့အတိုင်း တောင်တန်းနယ်ဘက်ဆိုင်ရာ ကိုယ်စားလှယ်တွေဟာ သဘောရှိ၊ ဗမာပြည်နဲ့မပေါင်းဘဲ နေချင်နေနိုင်တယ်။ ဒါကျနော် ယနေ့ ဒီတိုင်းပြည်ပြုလွှတ်တော်ထဲမှာ ဒီစကားကို ပြောဆိုခြင်းဘဲ၊ ကျနော်တို့ စေနတာကို ဘယ်လောက်ထိအောင် ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ထားတယ်ဆိုတာကို သိစေချင်လို့ ပြောဆိုခြင်း ဖြစ်ပါတယ်။”

နောက်ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အခြားသောဗမာခေါင်းဆောင် (ဦးနု အပါအဝင်)များကလည်း တိုင်းရင်းသားလူမျိုးများပြည်ထောင်စုထဲတွင် ပူးပေါင်း ပါဝင်ရန် စည်းရုံးခဲ့ရာ၌ “ဗမာလူမျိုးများခံစားရရှိသော အခွင့်အရေးအားလုံးကို တိုင်းရင်းသားလူမျိုးများကိုလည်း ခံစားခွင့်ရရှိစေရမည်”ဟု ကတိပြုပြောကြားခဲ့ ပါတယ်။ ယင်းအချက်များကို ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများထဲတွင် ထပ်ခါ တလဲလဲ တင်ပြခဲ့ကြောင်း တွေ့ရပါသည်။

တိုင်းရင်းသားလူမျိုးများပေါင်းစုံ ရောနှောနေထိုင်သော နိုင်ငံတော်သစ်ကို ထူထောင်သောအခါ တပြည်ထောင်စနစ်ဖြင့် ထူထောင်မည်လော၊ သို့မဟုတ် ပြည်ထောင်စုစနစ်ဖြင့် ထူထောင်မည်လောဟူသော မေးခွန်းကို အဖြေမှန်ပေးခဲ့

သူမှာ ဗိုလ်ချုပ်အောင်ဆန်းပင် ဖြစ်ပါသည်။ (When we build our new Burma, shall we build on as Union or a Unitary State? In my opinion it will not be possible to set up a Unitary State. We must set up a Union with properly requalated provision to safe-guard the right to the national minority.)

ဗိုလ်ချုပ်အောင်ဆန်းက အသစ်ဖွဲ့စည်းမည့်နိုင်ငံတော်ကို "ပြည်ထောင်စုစနစ်"ဖြင့် ဖွဲ့စည်းရန် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း)တရပ်ကို (၁၉၄၇) ခုနှစ်၊ မေလတွင် ကျင်းပသည့် (ဖဆပလ) ပြင်ဆင်မှုပဏာမညီလာခံကြီးတွင် တင်သွင်းအတည်ပြုခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်တွင် ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်လမ်းညွှန်မှု(၇)ချက်ကိုလည်း တင်သွင်းအတည် ပြုရယူခဲ့သည်။

အုပ်ချုပ်ရေးအာဏာများကို လွတ်လပ်စွာ ကျင့်သုံးပြဌာန်းခွင့်ရရှိစေရန်အတွက် ပြည်နယ်အသီးသီးတွင် မိမိတို့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို သီးခြားလွတ်လပ်စွာဖြင့် ရေးဆွဲပြဌာန်းခွင့်ရှိစေရမည်။ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးသောအခါ (၁၉၄၇)ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များသည် သီးခြားရပိုင်ခွင့်များ ပျောက်ဆုံးပြီး ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အစိပ်အပိုင်းအဖြစ် တင်းကြပ်စွာ ပူးပေါင်းပြဌာန်းသွားခဲ့ပါသည်။

- ဒုတိယအားနည်းချက်မှာ – ပြည်ထောင်စုလွှတ်တော်ထဲမှ လူမျိုးစုလွှတ်တော်ခေါ်တဲ့ အထက်လွှတ်တော်တွင် အမျိုးသားပြည်နယ်များက လွှတ်တော်ကိုယ်စားလှယ်ဦးရေအညီအမျှ စေလွှတ်ရမည်ဖြစ်သော်လည်း အောက်လွှတ်တော်ကဲ့သို့ လူဦးရေအချိုးအစားကို အခြေခံ၍ ရွေးချယ်စေလွှတ်ရတာကြောင့် "တန်းတူရေး"ဟူသော အနှစ်သာရကင်းမဲ့ပြီး လူဦးရေပိုများသော ဗမာလူမျိုးက အထက်လွှတ်တော်ရော အောက်လွှတ်တော်ပါ နိုင်ငံရေးအရ လွှမ်းမိုးထိန်းချုပ်သွားခဲ့ပါသည်။

- တတိယအားနည်းချက်မှာ – ပြည်ထောင်စုစနစ်အရ အမျိုးသားပြည်နယ်များက မိမိတို့ အစိုးရ ပြည်နယ်များကို ဖွဲ့စည်းပြီး၊ ထိုကဲ့သို့ ပြည်နယ်အစိုးရများကို လွတ်လပ်စွာ ဖွဲ့စည်းပိုင်ခွင့်ရှိသော အမျိုးသား

ပြည်နယ်များစုပေါင်း၍ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းရမည်ဖြစ်သော်လည်း ဗမာလူမျိုးများအတွက် ပြည်နယ်သီးခြားဖွဲ့စည်းခြင်းမပြုဘဲ၊ ပြည်ထောင်စုအစိုးရ၏ အာဏာတခုလုံးကို ဗမာလူမျိုးများက လုံးဝဥဿုံ ထိန်းချုပ်လိုက်ခြင်း ဖြစ်ပါသည်။

စာတမ်းရဲ့ပထမပိုင်းအားလုံးကို ခြုံ၍သုံးသပ်ပါက ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးမရမှီကာလ ကြိုးပမ်းခဲ့ရပုံ ကတိစကား၊ ပင်လုံညီလာခံကတိစကား၊ နေသူရိန်ညီလာခံကတိစကား၊ တိုင်းပြည်ပြုလွှတ်တော်မှာ အတည်ပြုသတ်မှတ်ပေးထားတဲ့ သဘောတူညီချက် အခြေခံလမ်းညွှန်မှု(၇)ချက်၊ ပြည်ထောင်စုအဖြစ်ပူးပေါင်းပါက ဗမာများအကျိုးခံစားရသလို တန်းတူရည်တူ အကျိုးခံစားခွင့်ရမယ်လို့ ဗိုလ်ချုပ်အောင်ဆန်းတင်မက ဗမာခေါင်းဆောင်များပြောကြားခဲ့တဲ့ စကားတွေဟာ ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူရောပါသွားပြီး၊ ဦးနုခေါင်းဆောင်ပြီးလုပ်ဆောင်လာတဲ့ ဗမာခေါင်းဆောင်တွေဟာ အဲဒီပေးထားပြီးတဲ့ ကတိစကားတွေကို မေ့ပျောက်၊ မသိကျေးကျွန်ပြုပြီး သစ္စာဖေါက်သွားကြပါတယ်။

(၁) *(အနာဂါတ်ပြည်ထောင်စုအတွက် – စိုင်းတင်ဖေ (စိုးဆေအွန်) ရှမ်းပြည်၊)*

# ပင်လုံစာချုပ်နှင့် တိုင်းရင်းသားလူမျိုးများ

## နိုင်ငံရေးအရ တန်းတူရေးနှင့်ကိုယ်ပိုင်ဆုံးဖြတ်ဖန်တီးပိုင်ခွင့် (၁)

ဗမာပြည်လွတ်လပ်ရေးအတွက် **အောင်ဆန်း–အတ္တလီစာချုပ်** ချုပ်ဆိုနိုင်ရန် ဆက်သွယ်တွေ့ဆုံရေး(Lobby)လုပ်ပေးခဲ့သူမှာ ရခိုင်ဥပဒေပညာရှင်ဦးမေအောင်၏သမီး၊ ဗမာအမျိုးသမီးများအဖွဲ့ချုပ်ကို စတင်တည်ထောင်ပေးခဲ့သူဒေါ်မြစိန်ပင်ဖြစ်သည်။ ယင်းအချိန်က ရခိုင်ခေါင်းဆောင်များနှင့်အတ္တလီအစိုးရတွေ့ဆုံရေးကို ပထမဆက်သွယ်ထားသော်လည်း ရခိုင်အရေးထက် ရခိုင်ပြည်

ပါဝင်နေသော ဗမာပြည်အရေးကို ဆောင်ရွက်ခြင်းဖြင့် ရခိုင်အရေးပါဝင်ပြီး ဖြစ်သည်ဆိုပြီး၊ (ဖဆပလ)ဗမာခေါင်းဆောင်များက တင်ပြသဖြင့် ရခိုင်ခေါင်းဆောင်များသီးခြားတွေ့ဆုံရေးကို မလုပ်ခဲ့ကြဟု ဦးအောင်ဇံဝေ၏ "မောင်ကံထူး မှတ်တမ်း"တွင် လေ့လာမိသည်။ ယင်းအပြင် ပင်လုံစာချုပ် ချုပ်ဆိုရာတွင်လည်း (ဖဆပလ)ကိုယ်စားလှယ်အဖြစ် ဦးအောင်ဇံဝေအား ဗိုလ်ချုပ်က ခေါ်သွားစဉ် ဗိုလ်ချုပ်အား ရခိုင်ပြည်အရေးစဉ်းစားပေးဖို့ တောင်းဆိုခဲ့သော် လည်း (ဖဆပလ) ပါတီဝင်ဦးအောင်ဇံဝေ၏ တောင်းဆိုချက်ထက် ရှမ်း၊ ကချင်၊ ချင်းတောင်တန်း ဒေသအရေးက ပိုအရေးကြီးနေသဖြင့် ဦးအောင်ဇံဝေက နားလည်မှုပေးခဲ့ရသည်။

ယနေ့ ဖြစ်ပေါ်နေသော **ဒုတိယပင်လုံ** (သို့မဟုတ်) **(၂၁)ရာစုပင်လုံ**ဟု နိုင်ငံရေးရှေ့ပြေး ကြွေးကြော်သံတခု ခေတ်နှင့်အညီပေါ်ထွန်းလာသည်မှာ နှစ်ပေါင်း (၆၄)နှစ်တိုင်တိုင် ဖမ်းချုပ်ခံ(သို့မဟုတ်) ပြန်ပေးဆွဲခံနေရသော ပင်လုံစာချုပ်ကို အမြန်ဆုံးပြန်လွှတ်ပေးရန် ပြည်သူတရပ်လုံးက တောင်းဆိုကြဖို့ တိုင်းရင်းသား ခေါင်းဆောင်များ၊ ဗမာ့ဒီမိုကရေစီခေါင်းဆောင်များက ပြန်လည်မီးမောင်းထိုးပြလာခြင်း ဖြစ်သည်။

**(၂၁)ရာစုပင်လုံ**ဟုခေါ်ဆိုခြင်းကိုကား သင့်တော်သည်ဟု လက်ခံနိုင်ပါသည်။ သို့သော် **ဒုတိယပင်လုံ**ဟု ခေါ်ဆိုခြင်းကိုကား ကျွန်တော်တို့အနေဖြင့် နိုင်ငံရေးသမိုင်းဖြစ်စဉ်ကို အသေအချာဆက်ခံမည့် သဘောထားရှိကြလျှင် ပြန်ပြင် သင့်သည်ဟု အကြံပြုလိုပါသည်။ အဘယ့်ကြောင့်ဆိုသော် –

(၁) ပင်လုံစာချုပ် ချုပ်ဆိုပြီး (၅)လအတွင်းမှာ ပင်လုံစာချုပ်ကို အုတ်မြစ်ချခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့်ကတ်ဘိနက်အဖွဲ့ဝင်များလုပ်ကြံခံခဲ့ရသည်။ ( ဤနိုင်ငံရေးလုပ်ကြံမှုကြီးသည် ဗမာ နိုင်ငံရေးအထူးသဖြင့် တိုင်းရင်းသားများအရေးကို ကြီးမားစွာ ပြောင်းလဲစေခဲ့သည်။)

(၂) ပင်လုံစာချုပ်ကို ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီး ဆက်ခံလာသော (ဖဆပလ)ခေါင်းဆောင်ဦးနုက **နု–အတ်တလီစာ ချုပ်** ချုပ်သလို ဤပင်လုံစာချုပ်ကိုလည်း ဆက်လက်တာဝန်ခံခဲ့သည်။

(၃) သို့သော် ဝန်ကြီးချုပ်ဦးနု ဦးစီးသော (ဖဆပလ)အစိုးရက ပင်လုံစာချုပ်ကို အခြေမခံဘဲ ဘေးဖယ်ထားလိုက်ပြီး တပြည်ထောင်စနစ်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲကျင့်သုံးခဲ့ရာက ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးစတင်ရှုပ်ထွေးခဲ့ရသည်။

(၄) သို့သော် တိုင်းရင်းသားခေါင်းဆောင်များသည် နိုင်ငံရေးနည်းဖြင့် ပါလီမန်တွင် ပြုပြင်ရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့ကြသည်။

(၅) (၁၉၅၈)ခုနှစ်တွင် ပင်လုံစာချုပ်အရ စာချုပ်ဝင်ပြည်နယ်တချို့သည် ခွဲထွက်ခွင့်ရှိသော်လည်း မခွဲထွက်ဘဲ ပြုပြင်ပြောင်းလဲရန်ကိုသာ ရွေးချယ်ခဲ့ကြသည်။ သို့သော် (၁၉၅၈–၁၉၆၁)ခုနှစ်အတွင်း (ဖဆပလ)အစိုးရအတွင်း ဤတိုင်းရင်းသားအရေးကြောင့် အရှုပ်အထွေးများစွာ ဖြစ်ခဲ့ရသည်။ (ပထစ)သန့်ရှင်းဟူ၍ ကွဲပြဲခဲ့ရသည်။ အိမ်စောင့်အစိုးရဟူ၍ ဗိုလ်နေဝင်းဦးဆောင်သော ဗမာ့တပ်မတော်က တာဝန်ယူခဲ့ရသည်။

(၆) ဤအချိန်တွင် တိုင်းရင်းသားလူမျိုးများနှင့် ဗမာ့နိုင်ငံရေးသမားများက ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရန် **တောင်ကြီးညီလာခံ**ကို ကျင်းပခဲ့ကြသည်။

(၇) ဤညီလာခံသည် ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ၊ မွန်၊ ရခိုင်နှင့် ဗမာတိုင်းရင်းသားပေါင်းစုံတက်ရောက်သော ညီလာခံဖြစ်သဖြင့် ပိုမိုပြည့်စုံသော **ဒုတိယပင်လုံညီလာခံ** ဖြစ်ခဲ့သည်။ သို့ဖြစ်၍ ယနေ့ ကလေးမြို့၊ ကြေငြာချက်သည် **တတိယပင်လုံ**ဟု ကြေငြာသင့်ပေသည်။

ပင်လုံစာချုပ်၏ အနှစ်သာရနှင့်တောင်ကြီးညီလာခံ၏ တောင်းဆိုချက်များကို ပြန်သုံးသပ်ရလျှင် –

ဗမာ၊ ချင်း၊ ကချင်၊ ရှမ်းခေါင်းဆောင်တို့သည် ပင်လုံစာချုပ် မချုပ်ဆိုမီ မိမိတို့ပြည်နှင့် အမျိုးသားတို့အတွက် အာမခံချက်ကို ရရှိအောင် ကြိုးစားခဲ့

ကြသည်။ (၁၉၄၇)ခုနှစ်၊ ဖေဖော်ဝါရီလ(၆)ရက်၊ မွန်းလွဲ(၂) နာရီအချိန်တွင် ပင်လုံမြို့၌ ကျင်းပသောရှမ်းနှင့်ကချင် ကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်(၅)ချက်ကို အခိုင်အမာချမှတ်ထားကြသည်။

**ပထမအချက်မှာ** – မြန်မာတို့နှင့်အဆင့်အတန်း၊ အခွင့်အရေးတန်းတူရပိုင်ခွင့်ရှိရေး၊ တန်းတူဒီမိုကရေစီကျကျ ခံစားခွင့်ရှိရေး၊ **ပဥ္စမအချက်မှာ** – "လွတ်လပ်ရေးရရှိပြီးသည်နောက် မြန်မာပြည်ထောင်စုမှ ကျွန်ုပ်တို့ အချိန်မရွေး ခွဲထွက်ခွင့်ရှိရမည်"ဆိုသည့်အချက်တို့ကို အာမခံချက်ရအောင် ကြိုးပမ်းခဲ့သည်။

ဖေဖော်ဝါရီလ(၇)ရက်နေ့၊ နံနက်(၉)နာရီအချိန်တွင် ပင်လုံမြို့၌ ကျင်းပသော **ချင်း၊ ကချင်၊ ရှမ်းပူးတွဲ ကော်မတီ**၏ ဆုံးဖြတ်ချက်ကို ကြည့်လျှင် – ၁။ (က) **ရှမ်း၊ ကချင်၊ ချင်း**ကိုယ်စားလှယ်များပါဝင်သော **တောင်တန်းသားများစည်းလုံးညီညွတ်ရေးအမှုဆောင်ကော်မတီ**တရပ်ကို ဖွဲ့စည်းတည်ထောင်ရမည်။ ၎င်းအမှုဆောင်ကော်မတီမှာ တောင်တန်းသားများတို့နှင့်မြန်မာပြည်အစိုးရတို့အကြားမှ ပေါ်ပေါက်သမျှသော ပေါ်လစီဆိုင်ရာ ကိစ္စအားလုံးနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးနိုင်သော အာဏာအပြည့်အစုံရှိရမည်။

*(ရဲဘော်လှမျိုး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်သမိုင်းဝင်စာချုပ်စာတမ်းများ(၁၉၆၈)ခု၊ နှာ – ၂၄၇၊ ၂၄၈၊ ၂၄၉)။*

ယင်းနောက် **ဗမာကိုယ်စားလှယ်များနှင့်တောင်တန်းသားများစည်းလုံးညီညွတ်ရေးအဖွဲ့(တစညဖ)**တို့ ဖေဖော်ဝါရီလ (၁၂)ရက်နေ့မှာ ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ ယင်းစာချုပ် ချုပ်ဆိုပြီးမှသာ **ချင်း၊ ကချင်၊ ရှမ်း**တို့က ဗမာ့လွတ်လပ်ရေးတောင်းဆိုချက်ကို ထောက်ခံခဲ့ကြသည်။ သို့သော်လည်း အထက်ဖော်ပြပါ ဆုံးဖြတ်ချက်များက တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်(Self-identity) ကို အခိုင်အမာ ဖော်ထုတ်ပြသ အာမခံထားခဲ့သည်။

နောက် **ကယားပြည်**ကလဲ သူတို့**ကိုယ်ပိုင်ပြဌာန်းခွင့်**ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေမှာ အတိအကျ ဖော်ထုတ်ထားသည်။ **ကရင်အမျိုးသား**တို့ဆိုလျှင် (၁၉၄၈)ခုနှစ်၊ ဖေဖော်ဝါရီလ(၅၊ ၆၊ ၇)ရက်မှာ

ညီလာခံဘသင်ကြီးကျင်းပပြီး ကရင်ကိုယ်ပိုင်ပြဌာန်းခွင်ကို မရရှိသည့်အတွက် **နု–အတ္တလီစာချုပ်**ကို ကန့်ကွက်ပြီး ကရင်ပြည်နယ်ကို တောင်းဆိုခဲ့ကြသည်။ "ကရင်တကျပ်သား၊ ဗမာတကျပ်သား"လို့ တောင်းဆိုကြသည်။ မတတ်သာအဆုံး (၁၉၄၉)ခုနှစ်မှာ **ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့** (Karen National Defence Organiztion – K.N.D.O)က တော်လှန်တိုက်ခိုက်ခဲ့သည်။ ယင်းကြောင့် (၁၀၊ ၅၊ ၅၁)နေ့မှာ ကော်သူးလေပြည်နယ်ပေါ်လာသည်။

[၁] *(N.U.P.A, A.N.C)မှ ဒေါက်တာခင်မောင်၊*

**(၁၉၆၁)ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅)ရက်နေ့၊ ရှမ်းပြည်၊ တောင်ကြီးမြို့**တွင် ပြည်လုံးကျွတ်ညီလာခံက အတည်ပြုချက်အရ[၁] ရှမ်းပြည်က တင်သွင်းသော ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေးစာတမ်း ထွက်ပေါ်လာသည်။ **ဖက်ဒရယ်မူ**လို့ ခေါ်တွင်ခဲ့သည်။ လက်ရှိပြည်ထောင်စု၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ပြည်နယ်နှင့်လူမျိုးစုတိုင်း တန်းတူညီမျှမှုအတွက် လုံလောက်စွာ ပြဌာန်းထားခြင်းမရှိသဖြင့် ပြည်နယ်နှင့်လူမျိုးစုတန်းတူညီမျှစေရန်အတွက် အခြေခံဥပဒေကို **ပြည်ထောင်စုစစ်စစ်မူ**နှင့် ပြန်လည်ပြုပြင်ရေးဆွဲဖို့ ဤဖက်ဒရယ်မူကို တင်ပြလာရသည်။ ယင်းမူမှာ –

၁။ ဗမာပြည်နယ်ဖွဲ့စည်းရေး၊

၂။ ပြည်ထောင်စုပါလီမန်လွှတ်တော်(၂)ခုကို အာဏာတူပေးရေး၊

၃။ လူမျိုးစုလွှတ်တော်တို့ ပြည်နယ်တိုင်းက ညီမျှသောကိုယ်စားလှယ်လွှတ်ရေး၊

၄။ ဗဟိုပြည်ထောင်စုအား အောက်ပါဌာနများကို လွှဲအပ်ပြီး ကျန်ရှိသည့်အာဏာများနှင့် အခွင့်အရေးများကို ပြည်နယ်များသို့ လွှဲအပ်ရန်၊

(က) နိုင်ငံခြားဆက်ဆံရေး၊

(ခ) ပြည်ထောင်စုကာကွယ်ရေး၊

(ဂ) ပြည်ထောင်စုဘဏ္ဍာရေး၊

(ဃ) ငွေဒင်္ဂါးနှင့် ငွေစက္ကူထုတ်လုပ်ရေး၊
(င) စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေး၊
(စ) မီးရထားလမ်း၊ ရေလမ်းကြောင်းဆက်သွယ်နိုင်ရေး၊
(ဆ) ပြည်ထောင်စုတရားစီရင်ရေး၊
(ဇ) ပင်လယ်ဆိပ်ကမ်းအခွန်ကောက်ရေး၊
(ဈ) ပြည်ထောင်စုဘဏ္ဍာတော်ကို မျှတစွာ ခွဲဝေရေးတို့ဖြစ်သည်။

ဤတောင်ကြီးညီလာခံသို့ ရခိုင်ပြည်မှ ဦးမောင်ဦးကျော်၊ ဦးသာထွန်းဦး၊ ကိုသာကျော်(ဗုံပေါက်)စသူတို့ တက်ခဲ့ကြသည်။

ယင်းရှမ်းမူ(ဝါ) ပြည်ထောင်စုစစ်စစ်မူကို တင်ပြလိုက်သည့်အခါ လူမျိုးကြီးဝါဒရှိသော ဗမာနိုင်ငံရေးသမားတိုင်း၊ ဗမာပြည်နယ်ဖြစ်ရမည်ကို လက်မခံကြ။ တန်းတူအခွင့်အရေးပေးရမည့် ပြည်ထောင်စုစစ်စစ်မူကို လုံးဝမထောက်ခံနိုင်ခဲ့ကြ။ လူမျိုးကြီးချောင်ဗန်ဝါဒကို ကိုင်စွဲထားသော ဗမာ့တပ်မတော်ဆိုလျှင် လုံးဝမခံနိုင်ဖြစ်ခဲ့ရသည်။ ယင်းကြောင့် ရှမ်းမူကို အကြောင်းပြုပြီး (၁၉၆၂)ခုနှစ်၊ မတ်လ(၂)ရက်နေ့၊ ဗိုလ်ချုပ်နေဝင်းခေါင်းဆောင်သော ဗမာ့တပ်မတော်က အာဏာသိမ်းပိုက်ခဲ့သည်။ ရှမ်းခေါင်းဆောင်အားလုံးကိုလည်း ဖမ်းချုပ်လိုက်သည်။ ရခိုင်ဝန်ကြီးဦးဘမြိုင်ကိုလည်း ဖမ်းချုပ်လိုက်သည်။ ပါလီမန်ဒီမိုကရေစီစနစ်ကို ဖျက်သိမ်းပြီး ဗမာ့စစ်အာဏာရှင်စနစ်ကို အစားထိုးလာသည်။ ဗမာ့လူ့အဖွဲ့အစည်း အတွင်းမှာလဲ ဒီမိုကရေစီလွတ်လပ်ခွင့်များ တဖြေးဖြေးချုပ်ငြိမ်း ဆိတ်သုဥ်းခဲ့ရသည်။

"သူတပါးကို ဖိနှိပ်ကျွန်ပြုလိုသည့်လူမျိုးတွင် မိမိကိုယ်နှိုက်ကလည်း လွတ်လပ်ရေးဆုံးရှုံးရသည်"ဆိုသည့် နိုင်ငံရေးသိပ္ပံပညာရှင်များအဆိုအမိန့်အတိုင်း ဗမာ့လူ့အဖွဲ့အစည်းတွင် ဒီမိုကရေစီလွတ်လပ်ခွင့်များ ဆုံးရှုံးခဲ့ရသည်။ သို့ဖြစ်၍ (၁၉၆၂)ခုနှစ်၊ ဇူလိုင်လ(၇)ရက်နေ့၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားသပိတ်ကစ ခဲ့သော ဒီမိုကရေစီတိုက်ပွဲသည် (၁၉၇၄) ခုနှစ်၊ ဦးသန့်အရေးအခင်း၊ သဘောင်္ကျင်းအလုပ်သမားအရေးအခင်း၊ (၁၉၈၈)ခု အရေးအခင်း၊ ရွှေဝါရောင်တော်လှန်းစသဖြင့် လူထု၊ ရဟန်းထုလှုပ်ရှားမှုများ ယနေ့ထိ ဆက်တိုက်ဖြစ်ပေါ်နေရခြင်း၏ အရင်းခံအကြောင်းတရားမှာ ပင်လုံစာချုပ် အခြေခံတိုင်းရင်း

သား လူမျိုးများ၏ နိုင်ငံရေးအရ တန်းတူရေး၊ ကိုယ့်ကြမ္မာကို ဆုံးဖြတ်ဖန်တီး ပိုင်ခွင့်ရရှိရေးကို အတင်းအဓမ္မချုပ်ကိုင် ထားလိုသည့် မဟာလူမျိုးကြီးဝါဒ ကြောင့်ဖြစ်သည်ကို အားလုံး၊ အထူးသဖြင့် ဗမာ့မျိုးဆက်သစ်များ သဘောပေါက် ကြပြီး ဖြစ်သည်ဟု ယုံကြည်သည်။

မဟာလူမျိုးကြီးဝါဒကြောင့် တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးတန်းတူ မှုနှင့် ကိုယ့်ကံကြမ္မာ ကိုယ်ဆုံးဖြတ်ဖန်တီးပိုင်ခွင့်များကို ပိတ်ပင်ဆုပ်ကိုင်ထားရာမှ ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒပေါ်လာရသည်။ ဤဝါဒနှစ်ရပ်ကြောင့် စစ်အာဏာရှင်စနစ်ပေါ်လာခဲ့သည်။ ယနေ့ထိ သက်ဆိုးရှည်နေရသည်။ သို့ဖြစ်၍ ဤလူမျိုးကြီးဝါဒကြောင့် တိုင်းရင်းသားလူမျိုးများအထဲတွင်ရှိခဲ့သော ကျဉ်းမြောင်း သော အမျိုးသားရေးဝါဒကို စွန့်ပယ်ပြီး လူမျိုးစုံတန်းတူရေး၊ ချစ်ကြည်ရေး၊ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေး လမ်းကြောင်းပေါ်သို့ တိုင်းရင်းသားမျိုးများ လျှောက်လှမ်းနေကြသည့်အချိန်တွင် ဗမာနိုင်ငံရေးမျိုးဆက်သစ်များအနေဖြင့် မျိုးဆက်ဟောင်းများပေးခဲ့သော ဆိုးမွေများကို စွန့်ပယ်ကာ နိုင်ငံရေးအရ တန်းတူ ရေး၊ ချစ်ကြည်ရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ ဖက်ဒရယ်နိုင်ငံတော် သစ်ဆီသို့ ချီတက်သွားရန် အဓိကလိုအပ်နေသည်။ ဗိုလ်ချုပ်ပြောခဲ့သည့် စကားအတိုင်း တိုင်းရင်းသားများမခွဲထွက်ချင်အောင် တရားမျှတသော၊ လူ့သား ချင်းစာနာသော၊ တိုင်းရင်းသားများ၏ နိုင်ငံရေးအရတန်းတူခွင့်နှင့် ကိုယ်ပိုင်ပြ ဌာန်းခွင့်အတွက် တိုက်ပွဲဝင်ဖို့ (၂၁)ရာစု မျိုးဆက်သစ်များစိတ်ဓါတ်၊ (၂၁)ရာစု ပင်လုံစိတ်ဓါတ်ကို လက်တွေ့ဖေါ်ဆောင်ကြပါစို့ဟု လေးစားစွာ တိုက်တွန်းယင်း–

အဖိနှိပ်ခံတိုင်းရင်းသားလူမျိုးများအားလုံး၊ အဖိနှိပ်ခံဗမာပြည်သူများ အားလုံး စစ်အာဏာရှင်စနစ် အောက်မှ အမြန်ဆုံးလွတ်မြောက်ကြပါစေ။

လေးစားစွာဖြင့်

(၁) ခင်မောင် (ဒေါက်တာခင်မောင်)
ဥက္ကဋ္ဌ၊ ရခိုင်ပြည်အမျိုးသားညီညွတ်ရေးတပ်ဦး(N.U.P.A)
ဒုတိယဥက္ကဋ္ဌ(၁)၊ရခိုင်ပြည်အမျိုးသားကောင်စီ(A.N.A)
ရခိုင်ပြည်၊

# ပင်လုံမှ လွတ်လပ်ရေးသို့

(ဂါမဏီ)

(၁၉၄၇)ခုနှစ်၊ ပင်လုံညီလာခံရဲ့ ပင်မအနှစ်သာရက ဗမာနဲ့ရှမ်း၊ ကချင်၊ ချင်းနယ်မြေတွေ အတူတကွ လွတ်လပ်ရေးယူဖို့နဲ့[၁] ရှမ်း၊ ကချင်၊ ချင်းနယ်မြေ (၃)ခုကို ကိုယ်ပိုင်အုပ်ချုပ်ရေးအပြည့်အဝပေးဖို့ ဖြစ်ခဲ့ပါတယ်။ အဲဒီအခြေအနေကနေ တိုးချဲ့ပြီးနောင်မှာ နယ်မြေ(၃)ခုတင်မက တိုင်းရင်းသားအားလုံးကို ကိုယ်ပိုင်အုပ်ချုပ်ရေး၊ တန်တူအခွင့်အရေးပေးဖို့ပါ ဗိုလ်ချုပ်အောင်ဆန်းက ရည်ရွယ်ခဲ့တာပါ။ ဒါပေမဲ့ ကံမကောင်းအကြောင်း မလှစွာဘဲ ပထမပိုင်းဖြစ်တဲ့ အတူတကွ လွတ်လပ်ရေးယူဖို့သာ အကောင်အထည်ဖော်ခဲ့ပြီး ကိုယ်ပိုင်အုပ်ချုပ်ရေးအပြည့်အဝပေးရေးက ပျက်ပြယ်သွားခဲ့ပါတယ်။

အဓိကပြဿနာက ပင်လုံးစာချုပ်သဘောတူညီချက်ဟာ ပင်လုံဥပဒေ (Law)အဆင့်ကို ရောက်မလာခဲ့တာ ဖြစ်ပါတယ်။ (၁၉၄၇)ခုနှစ်၊ အခြေခံဥပဒေရေးဆွဲရာမှာ ဗိုလ်ချုပ်အောင်ဆန်းမရှိတော့တဲ့နောက်ပိုင်း ကလိမ်ကကျစ်လုပ်သူတချို့ကြောင့် ပင်လုံသဘောတူစာချုပ်ကနေ အခြေခံဥပဒေအဖြစ် ရောက်မလာခဲ့တာပါ။ ဒါကြောင့်လည်း မြန်မာပြည်မှာ တိုင်းရင်းသားပြဿနာဟာ ပြည်တွင်းစစ်မီးအထိ ကြီးထွားပေါက်ကွဲခဲ့ရပါတယ်။

ဒါပေမဲ့ အင်မတန်ကြီးကျယ်ထင်ရှားတဲ့ ပင်လုံစာချုပ်ကို လုံးဝလက်လွှတ်စပယ် ပျယ်ဖျက်ဖို့ မလွယ်တဲ့အတွက် လွတ်လပ်ရေးရတဲ့ (၁၉၄၈)ခုနှစ်ကနေ၊ (၁၉၅၈)ခုနှစ်လောက်အထိတော့ ရှမ်း၊ ကချင်၊ ချင်းနယ်မြေတွေကို ကိုယ်ပိုင်အုပ်ချုပ် ရေးအပြည့်အဝမဟုတ်တောင် အတော်ကြီးပေးခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ တိုင်းရင်းသားအားလုံးဆိုင်ရာ ဥပဒေဖြစ်မလာတဲ့အတွက် ကျန်တဲ့တိုင်းရင်းသားအားလုံးကလည်း ပင်လုံအရသာမခံစားခဲ့ရပါဘူး။ ဒါကြောင့် (၁၉၄၈–၄၉) ခုနှစ်ကစလို့ ပင်လုံစာချုပ်ပါ ကိုယ်ပိုင်အုပ်ချုပ်ရေးနဲ့ ကင်းလွတ်ခဲ့တဲ့ ကရင်၊ ကရင်နီ၊ မွန်၊ ရခိုင်၊ ပအိုဝ်းတိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးတွေ ပေါ်ထွက်လာခဲ့ပြီး ရှမ်း၊ ကချင်၊ ချင်း တိုင်းရင်းသားတွေကတော့ ကိုယ်ပိုင်အုပ်ချုပ်ရေးကို အတိုင်းအတာ ကြီးကြီးမားမား ခံစားနေရလို့ သူပုန်မထခဲ့ပါဘူး။

ဒါပေမဲ့ ပင်လုံစာချုပ်–ပင်လုံစိတ်ဓါတ်ဟာ ပင်လုံဥပဒေအဖြစ် အခိုင်အခန့်မဖြစ်ခဲ့တဲ့အတွက် အာဏာရလူမျိုးကြီးဝါဒတွေဟာ တစတစနဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးတွေကို လိုက်စားဖြိုဖျက်လာနိုင်ခဲ့ပါတယ်။ ဒါကြောင့် (၁၉၅၈) ခုနှစ်မှာ ရှမ်းလက်နက်ကိုင်တော်လှန်ရေး၊ (၁၉၆၁)ခုနှစ်မှာ ကချင်လက်နက်ကိုင် တော်လှန်ရေး၊ (၁၉၆၄)ခုနှစ်မှာ ချင်းလက်နက်ကိုင်တော်လှန်ရေးပေါ်လာရုံမက (၁၉၆၁)ခုနှစ်မှာပဲ ဖက်ဒရယ်မူတောင်းဆိုတဲ့ တောင်ကြီးလူမျိုးပေါင်းစုံကွန်ဖရင့် ကျင်းပရတဲ့ အခြေဆိုက်ခဲ့ပါတယ်။

(၁၉၄၇)ခုနှစ်၊ ပင်လုံစာချုပ်ဟာ ပြည်မ၊ ရှမ်းပြည်၊ ကချင်နဲ့ချင်းတောင် တန်းဒေသတွေရဲ့ အာဏာပိုင်တွေအကြား သဘောတူချုပ်ဆိုတာဖြစ်လို့ ဥပဒေ မဖြစ်သေးပေမယ့် အာဏာသက်ရောက်မှုတစုံတရာ ရှိခဲ့ပါတယ်။ ဒါကြောင့် အခုတကြိမ် (၂၀၁၁)ခုနှစ်မှာလည်း အာဏာသက်ရောက်မှုရှိဖို့ဆိုရင် အာဏာရှိ သူတွေကြားမှာ ဆွေးနွေးသဘောတူ ညီမှုချုပ်ဖို့ လိုပါတယ်။ အာဏာမရှိသူတွေ ဆွေးနွေးသဘောတူချမှတ်ရင်တော့ ပင်လုံစာချုပ်အဆင့်မရောက်ဘဲ ဒုတိယ မြောက်၊ ဗိုလ်အောင်ကျော်လမ်း၊ ကြေညာချက်သာ ဖြစ်သွားပါလိမ့်မယ်။ *(ဗိုလ်အောင်ကျော်လမ်း၊ ကြေညာချက်ကို **N.L.D**နဲ့ **U.N.L.D**တို့က ၁၉၉၀– ခုနှစ်မှာ နှစ်ဖက်သဘောတူ ထုတ်ပြန်ခဲ့ဖူးတယ်။)* နယ်စပ်မှာ လုပ်ခဲ့တဲ့ မာနယ်ပလော၊ မယ်သရောထနဲ့သူမွဲကလိုး စာချုပ်တွေလို မှိန်ပျောက် သွားဖို့လည်း များပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ကလည်း (၁၉၈၉) ခုနှစ်မှာ ပင်လုံနဲ့ပတ်သက်လို့ ပြောခဲ့ရာမှ လူထုကနှင်းအပ်တဲ့ အာဏာရထားတဲ့ အစိုးရကပဲ လုပ်နိုင်တဲ့ ညီလာခံလို့ ပြောခဲ့ဖူးပါတယ်။

(၂၀)ရာစုတုန်းက လုပ်ခဲ့တဲ့ ပင်လုံစာချုပ်ဟာ (၂၁)ရာစုမှာ ပြင်ဆင်ဖို့ လိုနေပြီးလား၊ တိုင်းရင်းသားရေးရာနဲ့ပတ်သက်လို့ (၂၁)ရာစုနဲ့ (၂၀)ရာစု ဘာတွေကွာသလဲဆိုတာလည်း ဆင်ခြင်သုံးသပ်ဖို့ လိုပါတယ်။ (၁၉၄၇)ခုနှစ်၊ ပင်လုံစာချုပ်ပါ အချက်များအနက် အတူတကွ လွတ်လပ်ရေးယူရေးဆိုတဲ့ အချက်ကိုတော့ အတူတကွ အာဏာရှင်စနစ်ဖယ်ရှားရေးနဲ့ ဒီမိုကရေစီစနစ် ထူထောင်ရေးလို့ အခု(၂၁)ရာစုမှာ အစားထိုး ပြင်ဆင်ဖို့လိုတာကလွဲပြီး ဒုတိယ ပင်မအချက်ဖြစ်တဲ့ အပြည့်အဝကိုယ်ပိုင်အုပ်ချုပ်ရေး ပေးရေးကတော့ ဘာမှ

ပြင်ဆင်စရာ၊ လျှော့ပေါ့စရာ၊ ဖြည့်စွက်စရာတွေမလိုဘဲ စာချုပ်အဆင့်ကနေ အများဆိုင်ရာဥပဒေအဆင့် ရောက်ဖို့သာ အဓိကလိုအပ်နေပါတယ်။ ဥပဒေအဆင့် ရောက်ဖို့ဆိုတာကလည်း အာဏာပြဿနာက သော့ချက်ဖြစ်နေပါတယ်။ ဒါကြောင့် (၂၁)ရာစု ပင်လုံညီလာခံလုပ်ရင် (၂၀)ရာစုပင်လုံစာချုပ်ကို (၂၁)ရာစု ပင်လုံဥပဒေဖြစ်အောင်လုပ်ဖို့က အဓိကလုပ်ငန်းတာဝန်ဖြစ်ပါ လိမ့်မယ်။

(၂၀)ရာစုပင်လုံညီလာခံလုပ်ချိန်၊ ပင်လုံစာချုပ် ချုပ်ချိန်ဟာ နယ်ချဲ့စနစ်အောက်ကနေ တိုင်းပြည်တွေ လွတ်လပ်ရေးရလာတဲ့ ခေတ်ဖြစ်ခဲ့ပါတယ်။ အခု (၂၁)ရာစုပင်လုံညီလာခံလုပ်ချိန်ကတော့ အာဏာရှင်စနစ်တွေ အောက်ကနေ တိုင်းပြည်တွေ လွတ်လပ်ရေးရလာတဲ့ခေတ်ဖြစ်နေပါတယ်။ ဆိုဗီယက်ပြည်ထောင်စု၊ ယူဂိုဆလားဗီးယား၊ ဆားဗီးယား၊ ချက်ကိုစလိုဗက်ကီးယား၊ အီသီယိုပီးယား၊ အင်ဒိုနီးရှား၊ အီရတ်နဲ့ အခု နောက်ဆုံး ဆူဒန်နိုင်ငံတွေထဲက တိုင်းရင်းသားတွေ ကိုယ်ပိုင်ပြဌာန်းခွင့်ကျင့်သုံးလာတာဟာ (၂၀)ရာစုနှောင်းပိုင်းနဲ့ (၂၁)ရာစုရဲ့ ထူးခြားချက်ဖြစ်ပါတယ်။ (၂၁)ရာစုပင်လုံလို့ နာမည်ခံထားတဲ့ အတွက် ဒီ(၂၁)ရာစု ထူးခြားချက်ကို အသိအမှတ်မပြုလို့ မဖြစ်ပါဘူး။

(၂၁)ရာစုမှာ တိုင်းရင်းသားပြဿနာဖြေရှင်းရေး လမ်းနှစ်သွယ်ရှိနေပါတယ်။ တခုက (ဆိုဗီယက် ပြည်ထောင်စုထဲက ပြည်နယ်တွေကို သဘောထားကြီးကြီးနဲ့ ခွဲထုတ်ပေးလိုက်တဲ့ ရုရှားလူမျိုးကြီး ခေါင်းဆောင်)ဘောရစ်ယဲ့လ်ဆင်လမ်း၊ နောက်တခုက (ယူဂိုစလားဗီးယားနိုင်ငံထဲက ပြည်နယ်တွေ ခွဲမထွက်အောင် ရက်ရက်စက်စက် စစ်ဆင်တိုက်ခိုက်တဲ့ ဆားဗီးယားလူမျိုးကြီးခေါင်းဆောင်) မီလိုဆီဗစ်လမ်း ဖြစ်ပါတယ်။ အမြော်အမြင်ကြီးတဲ့ ဘောရစ်ယဲ့လ်ဆင်လမ်းက အနာအကျင်သက်သာပြီး သွေးမြေမကျ၊ ငြိမ်းချမ်းတဲ့ အကောင်းဆုံးနည်းလမ်းဖြစ်ပါတယ်။ ပထမတခုကတော့ "ခေါင်းမာမိုက်ရိုင်းတဲ့ မဟာလူမျိုးကြီးဝါဒီ မီလိုဆီဗစ်ရဲ့လမ်းကတော့ မြန်မာပြည်မှာ အရင်ကလည်း ကျင့်သုံးခဲ့ဖူး၊ အခုလည်း ကျင့်သုံးနေတဲ့ သွေးချောင်းစီး၊ သေကြေပျက်စီးတဲ့လမ်း ဖြစ်ပါတယ်။ ပြဿနာပေါင်းသောင်းခြောက်ထောင်ကို ဖိတ်ခေါ်တဲ့ လမ်းဖြစ်ပါတယ်"။ နှစ်ပေါင်းရာချီနေပြီဖြစ်တဲ့ မြန်မာပြည်တိုင်းရင်းသား ပြဿနာဖြေရှင်းရေးအတွက် ဗမာလူမျိုးကြီးထဲက ယဲ့လ်ဆင်လိုလူမျိုးပေါ်လာဖို့ လိုနေပါပြီ။ မီလိုဆီဗစ်တွေ အလိုမရှိပါ။

ဘောရစ်ယဲ့လ်ဆင်လမ်းကို မရောက်နိုင်သေးခင်မှာ ရှေ့ပြေး သို့မဟုတ် ကြားကာလအဆင့်အဖြစ် အဆင်အပြေဆုံး ဖြေရှင်းနည်းဖြစ်နိုင်တာကတော့ တရုတ်ပြည်ရဲ့ ဟောင်ကောင်၊ မကာအိုပုံစံ ကိုယ်ပိုင်အုပ်ချုပ်ရေးဖြစ်ပါလိမ့်မယ်။ ဟောင်ကောင်အထူးဒေသ အုပ်ချုပ်ရေးဥပဒေအရ ဟောင်ကောင်ဟာ အမည်ခံ အားဖြင့် တရုတ်နိုင်ငံလက်အောက် ရောက်တာကလွဲလို့ လက်တွေ့မှာ လွတ်လပ် တဲ့နိုင်ငံတခုနဲ့မခြား ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပြည့်အဝရထားတာဟာ နောင်မြန်မာ ပြည်ရဲ့ တိုင်းရင်းသားပြည်နယ်များ လေ့လာအတုယူစရာ ဖြစ်နေပါတယ်။

တရုတ်ပြည်က တိဘက်၊ စင်ကျန်းပြည်နယ်တွေကို ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးတဲ့ ဥပဒေဟောင်းကတော့ တိုင်းရင်းသားအခွင့်အရေးကို ဖိနှိပ်လွန်းလို့ တိဘက်၊ စင်ကျန်း၊ အတွင်းမွန်ဂိုလီးယားတို့မှာ ဆန့်ကျင် အုံကြွမှုတွေ မဖုံးနိုင် မဖိနိုင်ပေါ်နေတာ အားလုံးအသိပါပဲ။ ဒါပေမဲ့ ဟောင်ကောင်အထူးအုပ်ချုပ် ရေးဒေသ ဥပဒေကတော့ ဟောင်ကောင်သားတွေကို ဖက်ဒရယ်နိုင်ငံမဟုတ်တဲ့ တရုတ်ပြည်ထဲမှာ အမေရိကန်၊ ဆွစ်ဇာလန်၊ ဂျာမဏီတို့က ဖက်ဒရယ်ပြည် နယ်တွေလောက်နီးနီး အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ စီးပွားရေး၊ နိုင်ငံခြားကုန်သွယ်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံရေး၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေး၊ လူမှုရေး၊ လုံခြုံရေး ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေ (နိုင်ငံခြားတွေနဲ့ ကာကွယ်ရေးက လွဲလို့) အံ့သြလောက်အောင် ပေးထားပါတယ်။ ဟောင်ကောင်မှာ တရုတ် ကွန်မြူနစ်အစိုးရကို လွတ်လွတ်လပ်လပ် ဆန္ဒပြလို့ရပြီး၊ တရုတ်တပြည်လုံးကို ပိတ်ဆို့ထားတဲ့ အင်တာနက်ဆင်ဆာကင်းလွတ်နယ်မြေလည်း ဖြစ်ပါတယ်။ အာဏာရှင်စနစ်ဆန့်ကျင်တဲ့ အမေရိကန်ရဲ့လွတ်လပ်သော အာရှအသံရုံးဖွင့်ခွင့်၊ ထပ်ဆင့်လွှင့်စခန်းထားရှိခွင့်ရထားတဲ့ နယ်မြေ၊ တရုတ်ပြည်မမှာ အလွန်အမင်း ဖိနှိပ်ခံရတဲ့ ဖါလုံဂေါင်းဘာသာရေးဂိုဏ်း လွတ်လွတ်လပ်လပ် လှုပ်ရှားလို့ရတဲ့ နယ်မြေ ဖြစ်ပါတယ်။ ဗဟိုအစိုးရလုံးဝနီးနီး စွက်ဖက်ခွင့်မရှိတဲ့ နယ်မြေဖြစ်ပါတယ်။

ဒါကြောင့်လည်း ကချင်လွတ်မြောက်ရေးအဖွဲ့ (K.I.O)ကိုယ်၌က ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ရေးမျိုးကို စိတ်ဝင်စားလိုလားတဲ့အကြောင်း ပြောနေသလို (U.W.S.A)'ဝ'တိုင်းရင်းသားတွေကလည်း စိတ်ဝင်စားအားကျ နေတဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး ဖြစ်ပါတယ်။

(နအဖ)ကတော့ (၂၀၀၃)ခုနှစ်၊ အမျိုးသားညီလာခံမှာ တိုင်းရင်းသား (၁၃)ဖွဲ့က အပျော့ပြောင်းဆုံး အဆိုပြုထားတဲ့ တိုင်းရင်းသားအခွင့်အရေးကို တောင် လုံးဝလက်မခံခဲ့တာ ဖြစ်တဲ့အတွက် အခုအဆိုပြုထားတဲ့ (၂၁)ရာစု ပင်လုံကို ခွဲထွက်ခွင့်ပါသည်ဖြစ်စေ၊ ခွဲထွက်ခွင့်မပါသည်ဖြစ်စေ လက်ခံမှာ မဟုတ်ပါဘူး။ (၂၀၁၀ ရွေးကောက်ပွဲမှာတောင် ကြံ့ဖွံ့တ်မဟုတ်ရင် သူ့ကို ဘယ်လောက် ဖါးဖါး ခေါ်မသုံးတာကို တွေ့ခဲ့ပြီးပါပြီ။ ကိုယ့်ဘက်က ဘယ်လိုစေတနာထား ပျော့ပြောင်းသည်ဖြစ်စေ (နအဖ)ဘက်ကတော့ မလွဲမသွေထိပ်တိုက် ရင်ဆိုင်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီ(၂၁)ရာစုပင်လုံကို အကောင်အထည်ဖော်ရာမှာ မိမိဘက်က လူထုကို စည်းရုံးပြီး၊ အဆင့်မြင့်ကို တက်လှမ်းနိုင်ဖို့ ပြင်ထားသင့်ပါတယ်။ တနည်းအားဖြင့် ပြောရရင် (၂၁)ရာစုပင်လုံနဲ့ (၉၀)ရွေးကောက်ပွဲရလဒ်ပြဿနာကို အတွေးရှင်း၊ အမြင်ရှင်း လက်တွေ့ရှင်းဖို့ လိုပါတယ်။ အာဏာပြဿနာဟာ အရင်းခံဖြစ်တယ်၊ ထိပ်တန်းဦးစားပေး ဖြစ်တယ်ဆိုတာ မေ့လို့မဖြစ်ပါ။


ဒီနေ့ကာလမှာ လက်ငင်းအရေးတကြီးလိုအပ်နေတဲ့ တိုင်းရင်းသားရေး အကျိုးပြုချက်အဖြစ် (၂၁)ရာစု ပင်လုံထက်စာရင် "တိုင်းရင်းသားငြိမ်းအဖွဲ့တွေနဲ့ ငြိမ်းမဟုတ်တဲ့ တိုင်းရင်းသားတွေအပေါ် ထိုးစစ်ဆင်နေတဲ့" (နအဖ) တပ်တွေ၊ ထိုးစစ်ဆင်မယ့်တပ်တွေ ထိုးစစ်ရပ်စဲ နောက်ပြန်ဆုတ်အောင် တောင်းဆိုဖိအားပေးရေး၊ စစ်အစိုးရရဲ့ နယ်ခြားတပ်ဝါးမျိုးရေး၊ ကျွန်ဇာတ်သွင်းရေးစီမံကိန်းကို ဆန့်ကျင်ရပ်တည်နေတဲ့ 'ဝ'တိုင်းရင်း သားခေါင်းဆောင်တွေကို အမေရိကန်နဲ့ အင်တာပိုက ဝရမ်းထုတ်ထားတာ၊ ငြိမ်းအဖွဲ့တွေအပေါ် အမေရိကန်နဲ့ အနောက်နိုင်ငံတွေက စီးပွားရေးပိတ်ဆို့ ကန့်သတ်ထားတာတွေ ပယ်ဖျက်ပေးရေး တောင်းဆိုဆော်သြလှုပ်ရှားတာက တိုင်းရင်းသားချစ်ကြည်ရေး၊ ညီညွတ်ရေးနဲ့ နားလည်မှုရရှိရေးတွေအတွက် ပိုအကျိုးရှိမှာ ဖြစ်ပါတယ်။

[၁] *(ပင်လုံမှ လွတ်လပ်ရေးသို့ – မစ္ဆိမ)*

# သီပေါစော်ဘွား စဝ်ကြာဆိုင်ရဲ့ ဘဝဖြစ်စဉ်မှတ်တမ်းတင်ရုပ်ရှင်

**AU UNSOLVED MYSTERY**

**Sao Kya Seng, Prince of Hsipaw, an outspoken leader, with his Austrian consort, Sao Nang Inge. The Prince disappeared after he was taken into custody by Burmese in Taunggyi.**



သီပေါစော်ဘွား စဝ်ကြာဆိုင် နှင့် မစ္စစ်အင်ဂါဆားဂင့်

ဒီဇင်ဘာ (၂၆)။ ။ မြန်မာနိုင်ငံမှာ တော်လှန်ရေးအစိုးရတက်တဲ့အချိန်က ဖမ်းဆီးထိန်းသိမ်းခံရပြီး အခုအချိန်အထိ[၁] ဘယ်ရောက်လို့ ဘယ်ပျောက်သွားမှန်းမသိတဲ့ သီပေါစော်ဘွားစဝ်ကြာဆိုင်ရဲ့ ဘဝဖြစ်စဉ်ကို အခြေခံလို့ သူ့ရဲ့ မဟာဒေဝီ ဩစတြီးယားသူရဲ့ ပြောပြချက်တွေနဲ့ မှတ်တမ်းရုပ်ရှင်ကားတကား ရိုက်ကူးပြသခဲ့တဲ့အကြောင်း ရှမ်းသတင်းအေဂျင်စီမှာ ဖေါ်ပြထားပါတယ်။

မှတ်တမ်းရုပ်ရှင်ဟာ (Bilderwerk)ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ဖြစ်ပြီး နောက်ဆုံး မဟာဒေဝီလို့ နာမည်ပေးထားတယ်လို့ သိရပါတယ်။ သီပေါစော်ဘွားစဝ်ကြာဆိုင်နဲ့ပတ်သက်လို့ အခုအချိန်မှာ အမေရိကန် နိုင်ငံသား ခံယူထားတဲ့ မဟာဒေဝီမစ္စစ်အင်ဂါဆားဂင့်က (Twilight Over Burma)ဆိုတဲ့ စာအုပ်တအုပ်ရေးခဲ့ဘူးပြီး အဲဒီစာအုပ်ကို မြန်မာလို "မှုန်ရီမှိုင်း တိုင်းမြန်မာ" ဆိုတဲ့အမည်နဲ့ ဘာသာပြန် ထုတ်ဝေခဲ့ဘူးတဲ့အကြောင်း သိရပါတယ်။

သီပေါစော်ဘွားစဝ်ကြာဆိုင်ဟာ တော်လှန်ရေးကောင်စီ အာဏာမသိမ်းခင် တစ်ရက်အလို (၁၉၆၂)ခုနှစ်၊ မတ်လ(၁)ရက်နေ့က တောင်ကြီးမြို့ကနေ

သီပေါသို့ အပြန်လမ်းမှာ ပျောက်ဆုံးသွားခြင်းဖြစ်ပြီး မဟာဒေဝီကို သူဇထူးမြို့မှာ ရောက်ရှိနေတဲ့အကြောင်း စာတိုလေးနှစ်စောင်ပေးပို့ခဲ့ပြီး လူကိုတော့ ပြန်တွေ့ရခြင်းမရှိဘူးလို့ ဆိုပါတယ်။

မဟာဒေဝီဟာ (၁၉၆၅)ခုနှစ်ခန့်က တော်လှန်ရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်ကြီးနေဝင်း၊ ဩစတြီးယား နိုင်ငံ၊ ဗီယင်နာမြို့ကို အလည်လာစဉ် တည်းခိုတဲ့နေရာကိုသွားပြီး စော်ဘွားကြီးကို သူတို့ဘယ်လိုလုပ်ခဲ့ သလဲဆိုတာနဲ့ပတ်သက်လို့ မေးဖို့စီစဉ်ခဲ့တဲ့အကြောင်း (R.F.A)ကို အခုလိုပြောပြခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီး နေဝင်းဟာ မဟာဒေဝီကို တွေ့တာနဲ့ ထွက်ပြေးသွားခဲ့တဲ့အကြောင်း ပြန်ပြောပြခဲ့ပါတယ်။ မှတ်တမ်းရုပ်ရှင်မှာ စင်ကြာဆိုင်မပျောက်ဆုံးခင် (၁၆)မီလီမီတာစက်နဲ့ ရိုက်ကူးထားတဲ့မှတ်တမ်းတွေကို ကြားညှပ်ထည့်သွင်း ထားပြီး အခုအချိန်မှာ အသက်(၆၈)နှစ်ရှိ ပြီဖြစ်တဲ့ မဟာဒေဝီရဲ့ ပြန်လည်ပြောပြချက်တွေကို တင်ပြထား တယ်လို့ သိရပါတယ်။

(R.F.A (VOB – 273, 31/ 12/ 2000) [၁] *(ရှမ်းသတင်းအေဂျင်စီ)*

ဤနေရာတွင် ပထမအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေး၌ သခင်နု(ဦးနု)အား လွှတ်တော် ဥက္ကဋ္ဌရွေးချယ်ရာ၌ ညောင်ရွှေစော်ဘွားကြီး၏ ပြောကြားသည့် မိန့်ခွန်းကိုဂုဏ်၊ တရားလွှတ်တော်တရား ဝန်ကြီးချုပ်၏ ဦးမြင့်သိန်းစာထဲပါ ညောင်ရွှေစော်ဘွားကြီးကတော် “မဟာဒေဝီ”မှ ခွဲထွက်လိုက ခွဲထွက်ခွင့် အကြောင်း ပြတ်ပြတ်သားသားပြောဆိုပုံကိုဂုဏ်း ပြန်လည်ဆင်ခြင်ကြည့်ကြရန်ပင် ဖြစ်လေသည်။ ညောင်ရွှေ စော်ဘွားကြီးနှင့် သမ္မတဟောင်း စဝ်ရွှေသိုက်သည် ဗိုလ်ချုပ်နေဝင်းထိန်းသိမ်းထား၍ ထောင်ထဲ၌ပင် ကွယ်လွန်ခဲ့ရရှာလေသည်။ ဗိုလ်ချုပ်နေဝင်းအာဏာသိမ်းရာတွင် သားသေလင်ဆုံးဖြစ်ခဲ့ရရှာသော “ညောင်ရွှေ မဟာဒေဝီ”သည် ကျွန်တော်(ပထမ)အကြိမ် ထိုင်းနိုင်ငံ၊ ဘန်ကောက်တွင် ရှိနေစဉ် “ထီးဖြူ” အမည်ရှိ (White Umbrella)စာအုပ်ကို ထုတ်ဝေခဲ့လေသည်။

ယခု သီပေါစော်ဘွားကြီးကတော်မဟာဒေဝီ မစ္စစ်အင်ဂါဆားဂင့်ကတော့ “မှုန်ရီမှိုင်းတိုင်းမြန်မာ” အမည်ရှိ (Twilight Over Burma) စာတအုပ်နှင့် ရုပ်ရှင်ဇာတ်ကားတကားကို ရေးသားရိုက်ကူးထုတ်ဝေခဲ့ လေသည်။

# လူမျိုးများ၏ ဖြစ်စဉ်နှင့် နိယာမတရား

(မောင်စင်ကြယ်)



သဘာပတိအဖွဲ့ဝင် မန်းညွန့်မောင်မှ လက်ရှိနိုင်ငံရေးအခြေအနေ စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်

လူသားမျိုးနွယ်တွေအပါအဝင်ဖြစ်တဲ့ သက်ရှိသတ္တဝါတွေဟာ မိမိတို့ရဲ့ အသက်ရှင်နေနိုင်ရေးနဲ့ လုံခြုံရေးအတွက် မျိုးတူစုချင်းပေါင်းစည်းနေထိုင်ကြတာဟာ သက်ရှိသတ္တဝါတွေရဲ့ နိယာမပဲ ဖြစ်တယ်။ (၁)

ဒီလိုမျိုးတူစုချင်း အကျိုးတူပေါင်းစည်းနေထိုင်ကြရတာက မျိုးမတူတဲ့ သက်ရှိသတ္တဝါချင်းနဲ့ လူသားချင်းဆန့်ကျင် တွန်းကန်ကြတာလဲ လူသားတွေနဲ့ သတ္တဝါတွေရဲ့ နိယာမတရားဖြစ်ပြန်ပါတယ်။

မျိုးတူစုချင်းပေါင်းစည်းနေထိုင်မှုက မျိုးမတူတဲ့သူတွေအပေါ်မှာ ဆန့်ကျင်တိုက်ခိုက်တာတွေ၊ ဖိနှိပ်တာတွေက အစပြုပြီး မျိုးကွဲတစုနဲ့တစု မျိုးပြုတ်ပြစ်တာတွေလဲ လူ့သမိုင်းဖြစ်စဉ်နဲ့ သတ္တဝါတွေရဲ့ ဆင့်ကဲဖြစ်စဉ်တွေမှာ ရှိခဲ့ကြပြီးဖြစ်ပါတယ်။ ဒီလိုနဲ့ပဲ အချို့သတ္တဝါတွေဟာ မျိုးပါတုံးပြီး အချို့လူသားမျိုးနွယ်တွေကတော့ ဒီနေ့ကမ္ဘာမှာ ရာဂဏန်း၊ ထောင်ဂဏန်းလောက်သာ ကြွင်းကျန်ရစ်ပါတော့တယ်။

သမိုင်းကို အကျဉ်းချုပ်နဲ့ အကြမ်းသဘောသုံးသပ်ကြမယ်ဆိုရင် (ဟက်ဆမက်)မင်းဆက်တွေနဲ့ (ရိုမာနော့)မင်းဆက်တွေဟာ ဥရောပတခွင်မှာ အပြန်အလှန်သွေးနှောဖလှယ်မှုနဲ့ မျိုးတူစုတစုပေါင်းစည်း ထူထောင်ဖို့ ကြိုးပမ်းတဲ့အခါမှာ (ဝေလ၊ စကော့၊ နောမန်၊ ဗရိတန်)လူမျိုးတွေလောက်သာ (ဗြိတိသျှလူမျိုး)

တမျိုးအဖြစ် စုစည်းနိုင်ခဲ့ပြီး အနီးစပ်ဆုံးဖြစ်တဲ့ အိုင်းရစ်လူမျိုးတွေကိုတော့ ပေါင်းစည်းနိုင်ခြင်း မရှိတဲ့အတွက် (၁၉၂၂)ခုနှစ်မှာ (အိုင်ယာလန်သမ္မတ)နိုင်ငံကို ထူထောင်ခွင့်ပေးခဲ့ရတဲ့အပြင် မြောက်အိုင်ယာလန်မှာတော့ (ဆင်ဖိန်း)အဖွဲ့က နှစ်တရာတော်လှန်စစ်ပွဲကို ဆက်လက် ဆင်နွှဲလို့ ကောင်းနေတုံးဖြစ်ပါတယ်။

ဒီနေရာမှာ လူ့သမိုင်းဖြစ်စဉ်တွေအပေါ်မှာ အချို့သော သမိုင်းရေး ဆရာတွေက ယဉ်ယဉ်ကျေးကျေးနဲ့ရေးသားထားတာ တွေ့ရှိပါတယ်။ ခနအင်အား၊ လူအင်အားနဲ့စစ်အင်အားပြည့်ဖြိုးလာတဲ့ အမျိုးတူစုတစုထဲက ဘုန်းကြီးတယ် ဆိုတဲ့ ရှင်ဘုရင်(ဒါမှမဟုတ်) လူစွမ်းကောင်းတဦးဦး ပေါ်လာတဲ့အခါမျိုးမှာ မိမိနဲ့ မျိုးတူစုမဖြစ်တဲ့ အကြမ်းဖက်တိုက်ခိုက်တာကို သူတို့က အကြမ်းဖက်စစ်တိုက် တယ်လို့ မသုံးနှုံးဘဲ သမိုင်းပေးတာဝန်အရ မျိုးတူစုတစုတည်းဖြစ်ရေးအတွက် “ဗဟို”က စုစည်းပေးတယ်လို့ ယဉ်ယဉ်ကျေးကျေးနဲ့ သာသာထိုးထိုး ရေးသား ထားတာတွေ ရှိပါတယ်။ ခေတ်ဟောင်းနိုင်ငံတွေရဲ့ သမိုင်းကြောင်းတွေမှာ ဒီအတိုင်း တွေ့ကြရမှာ ဖြစ်ပါတယ်။

အမျိုးတူစုတစုစာ အခြားအမျိုးမတူတဲ့ အစုတွေပေါ်မှာ သမိုင်းစဉ် တလျှောက်ထားခဲ့တဲ့ သဘောထားကို ပြန်ပြီးသုံးသပ်ကြည့်ရင် အားလုံးဟာ အသံတွေကွဲပေမဲ့ အကြောင်းအချက်တွေနဲ့ ရည်ရွယ်ချက်တွေကတော့ အတူတူပဲ ဖြစ်ပါတယ်။ မင်းဆက်တွေခေတ်မှာ မျိုးတူစုတစုအတွင်း ဘုန်းကြီးတဲ့ဘုရင် (ဒါမမဟုတ်) လူစွမ်းကောင်းတဦးဦး ပေါ်ပေါက်လာတဲ့အခါ အမျိုးမတူတဲ့ အမျိုးကွဲ တစုအပေါ် စစ်ရေးအရ ဆန့်ကျင်တိုက်ခဲ့ပြီး နိုင်ငံကိုသိမ်းပိုက်တယ်။ အမျိုးကွဲစုကို လက်အောက်ခံကျွန်လူမျိုးအဖြစ် သိမ်းသွင်းတယ်၊ အဲဒီအမျိုးကွဲစုတွေဟာ လူမျိုးတမျိုးအဖြစ် နာလန်မထူနိုင်အောင် မြေလှန်စနစ်နဲ့ ယဉ်ကျေးမှုအစုစုကို မီးရှို့ဖျက်ဆီးတဲ့အထိ ကျူးလွန်တတ်ကြပါတယ်။

*(မျက်မှောက်ခေတ် ဖော့စနီးယားကို ကြည့်ပါ။)*

ဒီလိုနဲ့ကုန်သည်ခေတ် ရောက်ပြန်တဲ့အခါမှာလဲ အစိုးရကြိုးကိုင်မှု အရပ်ရပ်နဲ့ ကုန်သည်တွေဟာ ကမ္ဘာအရပ်ရပ်မှာ နယ်သစ်ပယ်သစ်တွေ ရှာကြဖွေကြ၊ ကုန်ကြမ်းတွေကို ဈေးပေါ့ပေါ့နဲ့ရယူကြ၊ ကုန်ချောတွေ ဈေးကြီးကြီးနဲ့

ပြန်ဝယ်ရ၊ ဒီလိုနဲ့ အနောက်ဥရောပနိုင်ငံတွေဟာ အင်ပါယာပြည့်ရှင်တွေ ဖြစ်လာကြတယ်။ အင်္ဂလန်ကျွန်းနိုင်ငံကလေးဟာ ဒုတိယကမ္ဘာစစ် မတိုင်မီအထိ "နေမဝင်"အင်ပါယာပြည့်ရှင်ကြီး ဖြစ်ခဲ့ပါတယ်။ လက်အောက်ခံကိုလိုနီနိုင်ငံနဲ့ လူမျိုးတွေမှာတော့ ဘိုးဘွားပိုင်ရေမြေတွေလဲ လုယက်ခံရ၊ မတန်တဆ ဈေးနဲ့ ကုန်ချောတွေကို ပြန်ဝယ်သုံးရ၊ ဖိနှိပ်ခြင်း၊ ရက်စက်ခြင်း၊ ဒဏ်ကိုခံစားရပြီး လုံးလုံးလျားလျား ကျွန်သဘောက်ဘဝကို ကျရောက်ခဲ့ကြပါတယ်။

ဒီလိုပဒေသရာဇ်တော်လှန်စစ်နဲ့ ကိုလိုနီနယ်လုစစ်တွေ ဒုတိယကမ္ဘာစစ်မှာ အဆုံးသတ်ခဲ့ပြီးတဲ့နောက် အချို့ဒေသတွေမှာ ထွန်းသစ်စအမျိုးသားနိုင်ငံတွေ ထူထောင်ခွင့်ရခဲ့ပေမဲ့ အချို့ဒေသနဲ့ အချို့သောအမျိုးတူစု တွေကတော့ သဘောတရားက ပျားသကာလိုချို လက်တွေ့ကတော့ ခါးတမာလို ခါးခါးသီးသီး ယုတ်ကြမ်းတဲ့ ကွန်မြူနစ်တပါတီ စနစ်အောက်ကို ကျရောက်ခဲ့ရပြီး စစ်အေးကာလ တလျှောက်လုံးမှာ စမ်းသပ်ခံနိုင်ငံတွေနဲ့၊ စမ်းသပ်ခံလူမျိုးတွေဘဝနဲ့ လူ့အခြေခံအခွင့်အရေးအရပ်ရပ် ဆုံးရှုံးခဲ့ကြရပါတယ်။ အဲဒီဒေသနဲ့ အဲဒီလူမျိုးတွေကတော့ ဆိုဗီယက်ယူနီယံရဲ့ သြဇာလွှမ်းမိုးခြင်းကိုခံရတဲ့ အရှေ့ဥရောပနိုင်ငံတွေနဲ့ ဆိုဗီယက်ပြည်ထောင်စု နယ်နိမိတ်အတွင်း ကျရောက်ခဲ့ရတဲ့ လက်အောက်ခံနိုင်ငံတွေနဲ့ လူမျိုးတွေပဲ ဖြစ်ကြပါတယ်။

(၁၉၈၉–၁၉၉၀)ခုနှစ်၊ ဘာလင်တံတိုင်းကြီးလည်း ပြိုလဲ၊ ဆိုဗီယက်ပြည်ထောင်စုလည်း စတင်ပြိုကွဲချိန်မှာ ဆိုဗီယက်ယူနီယံ သြဇာညှောင်းခဲ့တဲ့ အရှေ့ဥရောပနိုင်ငံတွေဟာ အင်အားသစ်တွေနဲ့ဒီမိုကရေစီကို ရှေ့ရှုတဲ့ ထွန်းသစ်စအမျိုးသားနိုင်ငံတွေကို စတင်ထူထောင်ခဲ့ကြပါတယ်။ ဒီပြောင်းလဲမှုတွေဟာ ဆိုဗီယက်ပြည်ထောင်စုအတွင်း ကျရောက်နေတဲ့အမည်ခံ သမ္မတနိုင်ငံတွေနဲ့ အမည်ခံကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်တွေရှိ မျိုးတူစုတွေကို ခွန်အားသစ်တွေရရှိစေပြီး အချက်ပေးခရာမှုတ်လိုက်သလို တုန်ခါသွားစေပါတော့တယ်။ ဆိုဗီယက်ပြည်ထောင်စုအတွင်းက ဦးဦးဖျားဖျားခွဲထွက်ခွင့်ရပြီး ဒီမိုကရေစီထွန်းသစ်စ အမျိုးသားနိုင်ငံတွေအဖြစ် ထူထောင်ခွင့်ရခဲ့တဲ့ ဘောလတစ်(၃) နိုင်ငံကတော့ လစ်သိုနီးယား၊ အက်(စ်)တိုးနီးယားနဲ့ လတ်ဗီယားနိုင်ငံတို့ပဲ ဖြစ်ကြပါတယ်။

ဒီလိုဆိုဗီယက်ပြည်ထောင်စုနဲ့ ကမ္ဘာ့ကွန်မြူနစ်ဝါဒပြိုကွဲချိန်မှာ ဆိုဗီယက်ယူနီယံလက်အောက်ခံ ပြည်နယ်တွေ၊ ဒေသတွေ၊ အမျိုးတူစုတွေဟာ နိုင်ငံရေး၊ လူမျိုးရေးလွတ်လပ်ခွင့်နဲ့အတူ ဘာသာရေး လွတ်လပ်ခွင့်ကိုပါ တပါတည်းရရှိခဲ့ကြပါတယ်။ နှစ်ပေါင်း(၇၀)ကျော် ဆိုဗီယက်ယူနီယံရဲ့ ကွန်မြူနစ်စနစ် အောက်မှာ ဘာသာရေးဖိနှိပ်မှုနဲ့ လွတ်လပ်စွာ ကိုးကွယ်ဝတ်ပြုမှုကို ပိတ်ဆို့ခြင်းခံရတဲ့ (အော်သိုဒိုး) ခရစ်ယာန်အမျိုးဆက်များစွာဟာ ဆိုဗီယက်ယူနီယံပြိုကွဲတာနဲ့ သော့ခတ်ထားတဲ့ ဘုရားကျောင်းတွေဆီကို ပြေးသွားပြီး ဘုရားကျောင်းပေါင်း (၃၀၀၀)ကျော်ရဲ့ တံခါးတွေကိုဖွင့်ပြီး ဘုရားကျောင်းအတွင်းမှာရှိတဲ့ ခေါင်းလောင်းအိုကြီးတွေကို ကောင်းကင်နိုင်ငံက ကြားရလောက်အောင် တညီတညွတ်တည်း တီးခတ်လိုက် ကြပါတော့တယ်။

ဆိုဗီယက်ယူနီယံပြိုကွဲပြီး စစ်အေးလွန်ခေတ်ကို ရောက်လာတဲ့အခါမှာ အမျိုးတူစုတွေနဲ့ အမျိုးတူနွယ်တွေရဲ့ အမျိုးသားရေး တောင်းဆိုသံတွေဟာ ပိုမိုပြီး ကျယ်လောင်လာပြီး ရှေ့တန်းကို ရောက်လာပါတယ်။ ဘောလတစ်(၃) နိုင်ငံရဲ့ နောက်မှာ ဂျော်ဂျီယာ၊ ယူကရိန်းအပါအဝင် ရုရှားတောင်ပိုင်းက မွတ်ဆလင် ကိုးကွယ်တဲ့နိုင်ငံတွေလဲ ဒီမိုကရေစီကို ရှေးရှုတဲ့ ထွန်းသစ်စအမျိုးသားနိုင်ငံတွေ ဖြစ်လာကြာပေမဲ့ "ချေချင်"မှာတော့ ရုရှားလက်အောက်က လွတ်မြောက်ဘို့ သွေးချောင်းစီးတိုက်ပွဲတွေ ဆင်နွှဲနေရဆဲဖြစ်ပါတယ်။ ကျွေးမြီဟောင်းဆပ်တဲ့ အနေနဲ့ ကရိုင်းမီးယားဒေသကို နယ်နှင်ပို့ဆောင်ခြင်းခံထားရတဲ့ "တာတာ"လူမျိုးတွေရဲ့ ဒေသဟောင်းကို ပြန်ပါစေဆိုတဲ့ မေတ္တာရပ်ခံ၊ ပန်ကြားချက်တွေကတော့ အခုတိုင် ကမ္ဘာကြီးက ကြားတချက် မကြားတချက်ပဲ ကြားနေကြပါသေးတယ်။

နိုင်ငံတကာလူထုဆက်သွယ်ရေး ယန္တယား(MASS MEDIA)ရဲ့ ကျေးဇူးကြောင့် ကမ္ဘာကြီးကသေးသွားပြီး၊ လူသားတွေရဲ့ နားတွေ၊ မျက်စေ့တွေလဲ အလင်းရောင်ရကြပြီဖြစ်တဲ့အပြင် လူမျိုးတိုင်း၊ လူမျိုးတိုင်းစာ စကားလဲပြောတတ်ပြီ၊ ရုရှားတောင်ပိုင်းက မွတ်ဆလင်ဘာသာတူစုနဲ့ အမျိုးတူစုတွေရဲ့ ဒီမိုကရေစီ ထွန်းသစ်စအမျိုးသားနိုင်ငံထူထောင်ခွင့်နဲ့ ဘာသာရေးလွတ်လပ်ခွင့်သတင်းဟာ တရုတ်ပြည်၊ အနောက်တောင်ပိုင်း "ဆင်ကျန်"ဒေသမှာရှိတဲ့ တရုတ်မွတ်ဆလင် (ပန်းသေး)တွေကို ဘာသာရေးနိုးနိုးကြားကြား ဖြစ်စေပြီးတဲ့နောက် အခုအခါ

ဘာသာရေးလွတ်လပ်ခွင့်ကို တောင်းဆိုနေကြပြီဖြစ်ပါတယ်။ လူမျိုးရေးနဲ့စီးပွားရေး လောဘဇော အတော်မသတ်နိုင်တဲ့ တရုတ်ကွန်မြူနစ်အစိုးရဟာ တရုတ်လူမျိုးကြီးဝါဒအခြေခံနဲ့ တိဘက်ကုန်းမြင့်ကို စစ်တပ်နဲ့တက်ရောက်သိမ်း ပိုက်တဲ့ လုပ်ရပ်ဟာ ယဉ်ကျေးတဲ့ ကမ္ဘာ့မျက်နှာစာမှာ သိပ်ကို အကျဉ်းတန်၊ အရုပ်ဆိုးတဲ့ ပြယုဂ်တခုအဖြစ်နဲ့ တည်ရှိနေဆဲ ဖြစ်ပါတယ်။

ဒီနေ့ကမ္ဘာကြီးဟာ စစ်အေးလွန်ခေတ်ကို ရောက်ပြီးတဲ့နောက် အယူဝါဒ ရေးဆန့်ကျင်မှုနဲ့ လူတန်စား ပဋိပက္ခမှုတွေ ချုပ်ငြိမ်းသွားတာ မှန်ပေမဲ့ အမျိုးတူစုနဲ့ အမျိုးကွဲစုတွေကြားမှာ လူမျိုးရေးဆန့်ကျင်မှုတွေနဲ့ ဆန့်ကျင်တိုက်ခိုက်မှုတွေ၊ ဘာသာကွဲပြားမှုအပေါ်မှာ အခြေခံတဲ့ဆန့်ကျင်မှုတွေ ကမ္ဘာအနှံ့မှာ ဆက်လက် ပေါ်ပေါက်နေဆဲ ဖြစ်ပါတယ်။ အရှေ့အလယ်ပိုင်းဒေသမှာ အာရပ်နဲ့အစ္စရေးတို့ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးမဆုံးနိုင်တဲ့ ထိပ်တိုက်ရင်ဆိုင်မှု၊ တူရကီ၊ အီရတ်၊ အီရန်(၃)နိုင်ငံဒေသအတွင်းမှာ နေထိုင်ကြတဲ့ "ကဒ်လူမျိုး"တွေအပေါ် လူမျိုးရေး အမျိုးဖြုတ်စစ်ပွဲ ဆင်နွှဲမှု၊ အာဖရိကတိုက် နိုင်ငံအချို့မှာ ဖြစ်ပွားနေတဲ့ "အသားမဲ အမျိုးကွဲ"အုပ်စုလိုက် သတ်ဖြတ်မှု၊ ယူဂိုဆလားဗီးယားပြည်ထောင်စုဟောင်း တွင်ဖြစ်ခဲ့တဲ့ ဗော့စနီးယား၏ အဆုံးမသတ်နိုင်သေးတဲ့ လူမျိုးရေးသတ်ဖြတ်မှု၊ အိန္ဒိယတိုက်ငယ်အတွင်းမှာ မပြီးဆုံးသေးတဲ့ ဟိန္ဒူ၊ မွတ်ဆလင်သတ်ဖြတ်မှုနဲ့ ဟိန္ဒူဇာတ်မြင့်၊ ဇာတ်နိမ့်ဆန့်ကျင်မှု၊ သီရိလင်္ကာမှာ "ဆင်ဟာရီ"နဲ့ တမီ(လ်) လူမျိုးရေးဆန့်ကျင်တိုက်ခိုက်မှုအရုပ်ရုပ်တို့ တိုးမြင့်ဖြစ်ပွားနေဆဲ အချိန်မှာ လူဦးရေသန်းပေါင်း(၃၀၀) ကျော်ရှိတဲ့ ဥရောပတိုက်မှာတော့ ဥရောပပြည်ထောင်စု၊ ဥရောပပါလီမန်၊ ဥရောပဘုံဈေး၊ ဥရောပလုံခြုံရေး၊ ဥရောပငွေကြေးစနစ် စတာတွေကို တပေါင်းတစည်းတည်း ပေါင်းစည်းနေချိန် ဖြစ်ပါတယ်။ ဥရောပနဲ့ အာရှ၊ အာဖရိကတို့ရဲ့ ခြားနားမှုကတော့ ဗီလာဆန့်ကျင် ဖြစ်နေပါတယ်။ ဥရောပက တပေါင်းတစည်းတည်း ပေါင်းစည်းရေးအတွက် ကြိုးပမ်းအားထုတ် လုပ်ဆောင်နေချိန်မှာ အာရှနဲ့အာဖရိကကတော့ အမျိုးတူစုနဲ့ အမျိုးကွဲစု၊ တစုနဲ့ တစု ခွဲခွါရေးပဲ ဖြစ်နေပါတယ်။

မျက်မှောက်ခေတ် နိုင်ငံရေးဒဿနပညာရှင်များဟာ ဥရောပပေါင်းစည်း ရေးနဲ့ အာရှနဲ့အာဖရိကတို့ရဲ့ ခွဲခွါရေးလမ်းစဉ်ကို မြင်တွေ့လာတဲ့အခါ

အသီးသီးသော ကိုယ်ပိုင်သီအိုရီတွေကိုထုတ်ပြီး ချဉ်းကပ်ကြပါတယ်။ လူမျိုးစုတွေအတွင်း ပဋိပက္ခဖြစ်တာ လူမျိုးစုစစ်ပွဲတွေ ဆင်နွှဲတာဟာ စိုးရိမ်ကြောက်ရွံ့စိတ်ကြောင့်သာဖြစ်တယ်။ ရိုးရိုးသာမန်လူတွေဟာ အာဏာမက်မောမှုကြောင့်ဌင်း၊ ချမ်းသားကြွယ်ဝလိုသောကြောင့်ဌင်း စစ်ပွဲထဲပါဝင်ခြင်း မရှိကြပါဘူး။ အဲဒီနည်းအတိုင်းဘဲ အယူသည်းခြင်း၊ တယူသန်ဖြစ်ခြင်း၊ (ဒါမှမဟုတ်) ဘာသာရေးအယူဝါဒ တယူသန်ခြင်းကြောင့် စစ်ပွဲတွေ ဖြစ်ကြတာဖြစ်တယ်။ အဲဒီနည်းတူဘဲ စစ်တိုက်ခြင်းဟာ အဖိနှိပ်ခံရမှာ စိုးရိမ်ကြောက်ရွံ့ခြင်းကြောင့် နယ်နိမိတ်တွေ သိမ်းပိုက်မခံ လိုခြင်းကြောင့် စစ်တိုက်နေခြင်းသာ ဖြစ်တယ်။ ကမ္ဘာ့အတိုင်းအတာ နဲ့ဘာသာရေးစစ်ပွဲတွေ ရပ်စဲသွားခြင်းဟာ ဘာသာရေးလွတ်လပ်ခွင့်တွေ ရှိလာတဲ့အတွက်ဖြစ်တယ်။ ဒီလိုဘာသာရေးလွတ်လပ်ခွင့်ရတာနဲ့ ဘာသာရေးဂိုဏ်းခွဲအသစ်တွေ အများအပြားပေါ်လာပြီး ဘာသာရေးကျင့်ထုံးအသစ်တွေလည်း ပေါ်လာတဲ့အတွက် ဘာသာရေးစိုးရိမ်ကြောက်ရွံ့ခြင်းပြဿနာကို ဖြေရှင်းပေးနိုင်ခဲ့တယ်။ အမျိုးသားလွတ်မြောက်ရေးရဲ့ ကြီးမားသောရည်မှန်းချက်က တခြားတပါးသော လူမျိုးတွေရဲ့ တိုင်းနိုင်ငံမှာ လူနည်းစုအနေအထားမှ လွတ်မြောက်ရန် မဟုတ်ဘဲ ကိုယ့်တိုင်းပြည်၊ ကိုယ့်နိုင်ငံထဲမှာအသိအမှတ်ပြုခြင်းခံရသော လူနည်းစုအနေအထားရရှိရန်သာ ဖြစ်တယ်။ လစ်ဘရယ်ဒီမိုကရေစီထွန်းကားတဲ့ နိုင်ငံတွေမှာ မှီတင်းနေထိုင်ကြတဲ့ လူနည်းစုအမျိုးသားတွေအတွက် နိုင်ငံတော်ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို အကာအကွယ်ယူခြင်းသာ အကောင်းဆုံးဘဲ ဖြစ်ပါတယ်။ ခွဲခွါခြင်းထက် ပေါင်းစည်းခြင်းဟာ မိမိတို့ရဲ့နိုင်ငံရေး၊ စီးပွားရေးအကျိုးစီးပွားကို မျက်ဝါးထင်ထင်မြင်တွေ့နေတဲ့အတွက် ဥရောပနိုင်ငံများအနေနဲ့ တခုတည်းသာ ဥရောပအဖြစ် ကြိုးပမ်းအားထုတ်နေခြင်းဖြစ်ပြီး ခွဲခွါခြင်းရဲ့ ကောင်းကျိုးဆိုးပြစ်တွေဌင်း၊ ပေါင်းစည်းခြင်းရဲ့ အကျိုးရလာဒ်ကိုဌင်း မခံစားဘူးသေးတဲ့ အာရှနိုင်ငံများနဲ့ အာဖရိကနိုင်ငံများဟာ ဥရောပနိုင်ငံများရဲ့ မူလအစရဲ့အစကို ပြန်သွားနေကြခြင်း ဖြစ်ပါတယ်။

လူမျိုးစုတွေ ခွဲထွက်ခြင်း၊ မထွက်ခြင်းထက် အမျိုးတူစုများအတွက် အာမခံချက်ပေးနိုင်တဲ့ ဒေသများ ဖန်တီးပေးခြင်းက ပိုမိုပြီး ပဓာနကျပါတယ်။ ဒီလိုခွဲထွက်ပြီး အသစ်ဖြစ်ပေါ်လာတဲ့ အမျိုးသားနိုင်ငံသစ်တွေအတွက် အရေးကြီး

လာတဲ့အခါ သက်လုံမကောင်းနိုင်တဲ့အပြင် လိုအပ်ချက်တွေကို ဆန္ဒပြုတောင်းဆို လာတဲ့အခါမှာလည်း ကူညီထောက်ပံ့မှုထက်၊ လစ်လျူရှုမှုတွေက အသင့်ဖြစ်နေ တတ်တာကို တွေ့မြင်နေရပါတယ်။ ဒီနေ့အာရှမှာ အမျိုးတူစုတွေရဲ့ တောင်းဆိုမှု အသံတွေက ခွဲထွက်ရေးထက် လူမျိုးတမျိုးအဖြစ် အသိအမှတ်ပြုရေးနဲ့ လူမျိုး တမျိုးရဲ့ ခံစားသင့်ခံစားထိုက်တဲ့ အခွင့်အရေးတွေကို ဆန္ဒပြုမှုက ရှေ့တန်းကို ရောက်နေတာ တွေ့ရှိနိုင်ကြပါတယ်။

မောင်စင်ကြယ်

(၁) *လူမျိုးများ၏ ဖြစ်စဉ်နှင့်နိယာမတရား(မောင်စင်ကြယ်)*

## “ဗမာတွေရဲ့ ကိုယ်တွင်း မကောင်းဆိုးဝါးများ”

### ဒေါက်တာဇာနည်

မြန်မာပြည်လွတ်မြောက်ရေးညွန့်ပေါင်းအဖွဲ့ (Free Burma Coalition)
(အောက်စဖို့ဒ်တက္ကသိုလ်တွင် ဧည့်သုတေသီပညာရှင်)



မြန်မာလူမျိုးများအနက်မှ ပြည်တွင်းပြည်ပအပါအဝင် ဗမာလူမျိုးများ၏ အားနည်းချက်များကို ရေးသားသူပညာရှင်များနှင့် စာပေအနုပညာရှင်ဟူ၍ နည်းပါးလှပေသည်။ ယင်းသို့ နည်းပါးသည့်အထဲတွင် ဒေါက်တာဇာနည်သည် တဦးဖြစ်လေသည်။ သို့ဖြစ်၍ ဒေါက်တာဇာနည်၏အမြင်ကို ရှုမြင်နိုင်ကြစေရန် အလေးအနက်ဖော်ပြရပေသည်။ [၁]

အမေ့ဗိုက်က ထွက်လာကတည်းက ကျုပ်တို့ဗမာတွေဟာ မုသာဝါဒကို ရှောင်ကြဉ်ဖို့ သွန်သင်ဆုံးမတာ ခံခဲ့ရပါတယ်။[၁] အသက်လေးနည်းနည်းရလာပြီး ဘုရားကျောင်းကန်ဆောက်၊ သံဃာများနဲ့ထိတွေ့ ဆက်ဆံတဲ့အခါကျတော့လည်း “မုသာဝါဒါဝေရာမဏီ”ဆိုပြီး တတွတ်တွတ်ရွတ်တတ်ကြတယ်။ ဒါပေမယ့် တကယ်တော့ ဗမာတမျိုးသားလုံးဟာ မုသာဝါဒမှိုင်းတွေမိပြီး ဘိုးဘွားပိုင် တိုင်းပြည်ကြီးဆိုပြီး ဇာတိသွေး၊ ဇာတိမာန်တွေ တက်ကြွနေတာပါ။ ရေထဲက ငါးတွေ ရေစိုတာ မသိသလိုပါဘဲ။ မိရိုးဖလာ မျိုးချစ်ကြီးတွေ ဖြစ်မှန်းမသိဖြစ်လို့ နိုင်ငံရေးအသိမရှိတဲ့ ဘဝမှာ အားလုံးက အမျိုးသားဇာတ်ပျက်ကြီးထဲ “ကမ္ဘာမကြေ”ဆိုတာနဲ့ တက်အောင်ထကခဲ့၊ ထကနေကြတာပါ။

စဉ်းစားကြည့်လေဗျာ၊ ကျုပ်တို့အားလုံးကို သွင်းထားတဲ့ အမျိုးသားရေးဇာတ်ပွဲရဲ့ ဇာတ်ညွှန်းကို ကြည့်ပါ။ ဗမာတွေ ပေါက္ကံပြည်ကြီးမှာ ကိုယ့်မင်းကိုယ့်ချင်း တိုင်းရင်းသားအားလုံးနဲ့ ချစ်ချစ်ခင်ခင် ဥမကွဲသိုက်မပျက်နေခဲ့ကြတာ ရှေးပဝေသဏီကတည်းက ကမ္ဘာတည်စကတည်းကဆိုမယ်။ ဒီရွှေနိုင်ငံကြီးကို မိစ္ဆာကုလားဖြူတွေ ကျူးကျော်နယ်ချဲ့လို့ တိုင်းဌာနေအစိတ်စိတ် အမွှာမွှာကွဲ၊ ပြည်သူတွေလည်း နှစ်ရာကျော် ကျွန်သဘောက်ဘဝရောက်ခဲ့ရတယ်လို့ အမျိုးသားရေးဇာတ်ထုတ်က ဆိုတယ်။

ဗမာတွေ လွတ်လပ်ရေးရတာပဲ အနှစ်(၆၀)လောက်ရှိပြီဆိုတော့ ကျုပ်တို့တွေ သမိုင်းကို မျက်မှန်စိမ်း ဖြုတ်ပြီး ကြည့်ဖို့၊ ပြန်လည်သုံးသပ်ဖို့လိုပြီ။

ကျဉ်းမြောင်းတဲ့၊ ပြင်းထန်တဲ့ အမျိုးသားရေးသမိုင်းအမြင်ကို ဂျပန်ခေတ်က စကားနဲ့ဆိုရင်တော့ "မျက်မှန်စိမ်း"၊ သမိုင်းလောကုတ္တရာစကားနဲ့ ပြောရရင်တော့ "အမျိုးသားရေးမောဟ"လို့ခေါ်ရမယ်။ ကုန်းဘောင်ခေတ်နှောင်းအချုပ်တန်း ဆရာဖေရဲ့ စကားငှါးသုံးရင်တော့ ဗမာတွေရဲ့ "ခွ(၇)ကောင်တွေ ခွေးဖြစ်တဲ့သမိုင်း"လို့များ ဆိုရမလား မသိပါ။

သမိုင်းသတ္တိရှိကြပါ၊ ကျုပ်တို့ပြည်သူအားလုံးကို "ကျေးတော်ကျွန်တော်" လုပ်ခိုင်းပြီး စီးပွားရေး ကုပ်သွေးစုပ်၊ မယားမှိုလိုပေါက်အောင် ယူပြီးတော့ လောကီစည်းစိမ်ယစ်မူးခဲ့တဲ့ "ပါးစပ်က ဘုရား၊ လက်က ကားယား" ပဒေသရာဇ်ဆိုတဲ့ လူတွေကိုကြည့်၊ ယိုးဒယားကိုသိမ်း၊ ရခိုင်ကို ဖျက်ဆီး၊ မွန်တွေကို အမျိုးဖြုတ်၊ ရှမ်းတွေကို နှိပ်ကွပ်၊ ကရင်တွေကို ပေါ်တာဆွဲ ရမ်းချင်တိုင်းရမ်း၊ အဓမ္မဇာတ်ခင်းပြီး လက်နက်နိုင်ငံတော်ကြီးတွေ ထောင်ခဲ့တာပဲ။ အဲဒါကို ရာဇဝင်ဆရာကြီး၊ ဆရာလေးများက လက်ခုပ်သြဘာပေး၊ ကိုယ်နဲ့ အတန်းမတူတဲ့ ဘိလပ်က အင်္ဂလိပ်တွေနဲ့ ဟဲဗီးစိတ်တန်းဝင်မြှောက် ပေးကြတော့ ကုန်းဘောင်ဆက်လဲပြုတ်၊ ရွှေနန်းတော်ကြီးလဲ ထင်းဖြစ်၊ မယားကြောက်သီပေါလည်း အင်္ဂလိပ်ဘွတ်ဖိနပ် စာထိ၊ ဗမာတွေလည်း ကုန်းဘောင်ကျွန်ဘဝကနေ ဝိတိုရိယကျွန်ဘဝ အရှင်လတ်လတ် ဘဝကူးခဲ့ရတာပေ့ါ။

ကျုပ်တို့ အမျိုးသားရေးသမိုင်းအမြင်မှာတော့ အင်္ဂလိပ်နယ်ချဲ့တွေ ဆိုးဝါးအနိုင်ကျင့်တယ်ပေ့ါဗျာ။ ကိုယ့်ဘုရင်သခင်က အခြားလူမျိုးတွေကို သွားသိမ်းပိုက်

အနိုင်ယူတာကျတော့ ပါးစပ်က အမြုပ်တွေ ထတဲ့အထိ ပီတိဖြာတယ်။ ပြောလို့ ဂုဏ်ယူလို့မဆုံးတော့ဘူး။ ကိုယ့်လူမျိုးအသုံးမကျလို့ အင်္ဂလိပ်မင်းများက သခင်ကြီးအဖြစ်လဲရောက်ရော မတရားဘူး ထအော်ပေါ့၊ ဒါက ညစ်ပလီ စိတ်ပါ။

ကျုပ်တို့ ဗမာတွေလို့ သိမ်းကျုံးပြီး ရည်ညွှန်းလိုက်ပြန်တော့ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် ကြီးလာတဲ့ညီနောင်ရင်း လူပါးဝလှချည်းလားဆိုပြီး ဆဲတာတွေ၊ ကလော်တုတ်တာတွေ လာမယ်ဆိုတာ ခန့်မှန်းမိပါတယ်။ “ဗမာ”ဆိုတာ အမျိုးသားရေးဝါဒီ၊ ဗမာအားလုံးကို ရည်ညွှန်းပါတယ်။ အရပ်သား၊ စစ်သား၊ ဘုရားသား၊ အသည်သား၊ ရုံးသား၊ သားပေါင်းစုံကို ဆိုလိုပါတယ်။ မရှင်းမှာ စိုးလို့ပါ။

လူစင်စစ်က အမျိုးသားရေး “မျက်မှန်စိမ်း”တပ်ခံခဲ့ရ၊ တပ်ခံနေရဆဲ ကျုပ်တို့ရဲ့ဘဝကို မချိလို့ပါ။ ဒီညစ်ပလီ အမျိုးသားရေးသမိုင်းကို မိရိုးဖလာအလား၊ ကိုယ်ပိုင်ဆင်ခြင်တုံတရားမသုံးဘဲ လက်ဆင့်ကမ်းလာ လိုက်တာ (၁၉၄၈) ခုနှစ်က စပါတယ်။ ဒါကြောင့် မျိုးဆက်(၃)ဆက်လောက်တော့ ရှိပါပြီ၊ လက်ရှိသမိုင်း သင်ရိုးညွှန်းတမ်း တွေဆိုတာကလဲ အဲဒီသမိုင်းမျိုးအပေါ်မှာပဲ အခြေစိုက်ထားတာမျိုး ဖြစ်ပါတယ်။

ကောင်းတာမှန်သမျှ အမျိုးသားယဉ်ကျေးမှုရဲ့ အမွေအနှစ်အဖြစ် ပြောမယ်။ မကောင်းတာ၊ ပျက်တာ၊ ဖေါက်ပြန်တာမှန်သမျှ ဗြိတိသျှသခင်ကြီးများလက်ကျန်၊ ကိုလိုနီအမွေအနှစ်တွေပါဆိုပြီး တာဝန်ကို ရှန်တိန်လုပ်ထားတဲ့ သမိုင်းပဲ။ မိရိုးဖလာအမျိုးသားရေးဝါဒီတွေရဲ့ သမိုင်းအမြင်တွေထဲမှာ မှန်တာတွေက တစိတ်လေးလောက်တော့ ပါမှာပေါ့လေ။ ဒါပေမယ့် သုံးသပ်ချက်အမှား၊ သမိုင်းကောက်ချက်အမှားနဲ့ထိန်ချန်မှုတွေကလည်း တပုံတပင်ပါ။

ကိုယ့်မင်းကိုယ့်ချင်းဘဝကတည်းက ကျုပ်တို့ဟာ ကျွန်သာသာဘဝမှာ နေခဲ့ရတယ်။ မျက်နှာဖြူ သခင်ကြီးများ လက်အောက်ရောက်တော့လည်း ဒုံးရင်းဒုံရင်းပါပဲ။ ဒီပြည်သူအများရဲ့ သူမသာ ကိုယ်မသာ ဘဝကို ထိန်ချန်ရေးတဲ့ အမျိုးသားရေးဝါဒီ သမိုင်းရာဇဝင် ကဝိကြီးများက ကျုပ်တို့ရဲ့ အတိတ်ဆိုး၊ အတိတ်ပုပ်တွေကို မျှော့ကြိုးလို သဘောထားပြီး ကိုယ်လိုရာဆွဲတွေး၊ ဆွဲရေးခဲ့ကြ၊ ရေးနေဆဲဖြစ်တယ်။

ဒါကြောင့် ပြည်သူတွေခမျာလဲ အစဉ်အလာအမျိုးသားရေး၊ လူမျိုးရေး သမိုင်းအမြင်ထဲမှာပဲ တဝဲလည်လည်ပေါ့ဗျာ။ ဖွတ်ကို မိကျောင်းမှတ်၊ မမြင်ဘူး မှုးမြစ်ထင်ဆိုသလို ကိုယ့်ကိုယ်ကိုသနားလိုက်၊ ဘဝင်မြင့်လိုက်နဲ့ သံသရာ လည်နေတဲ့ သမိုင်းရေးဆွဲထဲပဲ ပိတ်ဆို့ ပေါလောမျောနေတာကိုး။

ဘုရားဆုပန် သာသနာပြု ဆင်ဖြူ နွားဖြူများရှင် မင်းတြားကြီးများရဲ့ လက်ထက်က ပြည်သူတွေရဲ့ လူမှုစီးပွားဘဝကို မျက်မှန်စိမ်းချွတ်ပြီး ပြန်ကြည့်ရ အောင်။ ပါးစပ်ကတော့ ဘုရား ဘုရားနဲ့၊ ပြည်သူကို ကျောသားရင်သား မခွဲခြားဘဲ မင်းကျင့်တရားဆယ်ပါးနဲ့အညီ အုပ်ချုပ်ပါတယ်ဆိုတဲ့ ကေရာဇ်တွေဟာ တကယ့်လက်တွေ့မှာ တိုင်းသူပြည်သားတွေကို ဘယ်လိုများ အုပ်ချုပ်ခဲ့ပါသလဲ၊ တိရိစ္ဆာန်တွေနဲ့မခြား ကြီးနိုင်ငယ်ညှဉ်းသမားတွေပဲ။ ထီးဖြူကိုဆောင်း၊ ပလ္လင်ပေါ် တင်ပျဉ်ခွေထိုင်၊ ဘောင်းတော်စီးပြီး ဘုရားထူးခံ တာကလွဲလို့ အဟိတ်သတ္တဝါ များနဲ့ သိပ်မကွာလှပါဘူး။

ကုလားပြည်နဲ့သိပ်မကွာတဲ့ လူတန်းစား ဇာတ်ခွဲခြားမှု လွှမ်းမိုးတဲ့ လူမှုဘဝကို ကြီးကြပ်စီမံခဲ့သူတွေပါ။ အဝတ်အစားအရောင်၊ ခေါင်းပေါင်း ပုဝါကစပြီး အိမ်တောင်ဆိုဒ်စုံ ပြဿာဒ်းချက်တွေများစွာနဲ့ မလွတ်လပ်တဲ့ ကျွန်လူနေမှုစနစ်ကြီးပါ။ ကျုပ်တို့တွေ ကိုယ့်မင်းကိုယ့်ချင်းဘဝက ဘဝရှင်မင်းတြား ကြီးဆိုသူများဟာ ဘုရားကြီးတွေတည်၊ နန်းတော်ကြီးတွေ တခုခုပြီး တခုဆောက်၊ သူတို့ နန်းဆက်တည်မြဲရေးဆိုတဲ့ စိတ်ဓါတ်နဲ့ တိုင်းပြည်ကို အုပ်ချုပ်ခဲ့တာပဲ။ ကျုပ်တို့ရဲ့ သမိုင်းအစဉ်အလာ အစစ်ကို မယုံရင် ဗဒုံ(ခေါ်)ဘိုးတော်ကေရာဇ် ဘုရားတည် “ဘုရားကြီး”ကို သွားကြည့်ကြပါ။ ပြည်သူတွေ စားစရာမရှိ၊ ငတ်မွတ်ခေါင်းပါးတဲ့ဘဝမှာ ဘိုးတော်ဘုရင်က ပြည်သူသွေးချွေးနဲ့ရင်းလို့ရလာတဲ့ ဥစ္စာနဲ့ပြည်သူ လုပ်အားကို အဓမ္မသုံးပြီး ဘုရားတည်ခဲ့ တာပါ။

ဘိုးတော်ဘုရားတယောက်တည်း ဒီလိုကျင့်ကြံခဲ့တာ မဟုတ်ပါဘူး၊ ပဒေသရာဇ်ခေတ်ကတည်းက ကျုပ်တို့ဗမာ အားလုံးအခက်ကြုံခဲ့တာတွေ အခုခေတ်မှာလည်း ဂယက်ရိုက်တုန်းပါပဲလား၊ ကျုပ်တို့ ဘိုးဘွားဘီဘင်တွေ လက်ထက်ခေတ်ဆက်ဆက်က နိမ့်ကျတဲ့ ဒုတိယတန်းစား၊ အမြတ်ထုတ်၊

လက်ဝါးကြီးအုပ်သိမ်းပြီး အုပ်ချုပ်သူနဲ့ မင်းမြှောင်များ၊ မြို့ကြီးသားလူ့ယဉ်ကျေးဆိုသူများက စားတော်ခေါ်ကြ၊ နိုင်ငံထူထောင်ကြတာ ဖြစ်ပါတယ်။

ဗမာအုပ်ချုပ်သူ၊ ရှမ်းအုပ်ချုပ်သူ၊ ရခိုင်အုပ်ချုပ်သူ၊ မွန်အုပ်ချုပ်သူအစရှိသဖြင့် လူမျိုးတွေ၊ လူတန်းစားတွေ၊ ခေတ်တွေပြောင်းသွားပေမယ့် အကျင့်အကြံ၊ အပြုအမူတွေကတော့ သူမသာကိုယ်မသာတွေပါ။ သက်ဆိုင်ရာ လူထုကြီးတွေကို ဂုံးပိုးစီးပြီး နိဗ္ဗာန်ကို ဖြတ်လမ်းက ရောက်ချင်သူတွေပါ။

ဒီလို ညစ်ပလီသမိုင်းဆိုးတွေနဲ့ပတ်သက်လာရင် ကျုပ်တို့ရဲ့ ခြံပေါက်အမျိုးသားရေးဝါဒီများအပေါ် သမိုင်းကဝိကြီးတွေက သတ္တိရှိရှိ ပညာရှင်ကျင့်ဝတ်မသုံးဘဲ အမှန်ကို အမှန်အတိုင်း ဓမ္မဓိဋ္ဌာန်ကျကျ မရေးကြတဲ့အပြင် ၎င်းတို့ကိုယ်တိုင်က မျက်မှန်စိမ်းကြီးတွေ ဆိုဒ်စုံတပ်ပြီး ကလောင်သွေးခဲ့ကြတာ နှစ်တရာကျော်တောင် ရှိလာပြီပဲ။

ခေတ်မီဗမာ့အမျိုးသားရေးစိတ်ဓါတ်များ စတင်သန္ဓေတည်ခဲ့တယ်လို့ဆိုကြတဲ့ (၂၀)ရာစုဆန်းကစပြီး ကျုပ်တို့ ခြံပေါက်ရာဇဝင်ဆရာကြီးများ ဖန်တီးခဲ့တဲ့ သမိုင်းကို ပြန်ကြည့်ကြရအောင်။

**ဦးမေအောင်နဲ့ အဘိဓာန်ဆရာကြီး ဒေါက်တာဘဟန်ကအစ သွေးအိုင်ထဲမှ မြန်မာ့ဒေါင်း အင်္ဂလိပ်–မြန်မာဆက်ဆံရေး သမိုင်း(၁၇၅၃–၁၉၄၈)ရေးသူကမ္ဘာကျော် မြန်မာပုံပြောဆရာကြီး ဒေါက်တာ ထင်အောင်အလယ်၊ မြန်မာအမျိုးသားလှုပ်ရှားမှုသမိုင်း (၁၉၄၀–၁၉၄၈)ရေးသူ ဗိုလ်မှူးချုပ်မောင်မောင်(ကွယ်လွန်)နဲ့ နောက်ဆုံး ခြေရာပျောက်များကို ရှာကြည့်ခြင်း ပုဂ္ဂလိကသမိုင်းရှာပုံတော်ရေးသူဒေါက်တာ သန့်မြင့်ဦးအထိ အားလုံးသော ကဝိကြီးများက ဗမာနိုင်ငံတော်ကြီးကို ဗဟိုပြုတင်ဆက်ထားတဲ့ အုပ်စိုးသူ ဗမာရေပေါ်ဆီတွေရဲ့ သမိုင်းကို မသာပေါင်းဒါဖို့တာမျိုး ရေးသားကြတာပါ။**

ဒီညစ်ပလီအမျိုးသားရေးသမိုင်းအရဆိုရင် တိုင်းပြုပြည်ပြု ဗမာမျိုးချစ်ကြီးများလုပ်ဖို့ဆိုတာကတော့ ပြည်ပနဲ့လူမျိုးစုပြည်နယ်များပေါင်းစည်းရေးက အဓိကပေါ့ဗျာ။ ဒီမိုကရေစီနည်းနဲ့ပဲ ခေါ်ရခေါ်ရ၊ သေနတ်အားကိုးနဲ့ နဖါးကြိုးဆွဲခေါ်ရခေါ်ရဆိုတာမျိုးပါ။ ဒါကတော့ လုပ်ပုံလုပ်နည်းမှာ လူလိမ္မာနဲ့လူမိုက်ကွဲခြားမှုလောက်ပါပဲ။ **ရည်ရွယ်ချက်ကတော့ ဗမာကို အလယ်မှာထားပြီး လူနည်းစု**

**လူမျိုးစုတွေက အစွန်အဖျားကနေ ရမယ့် ဗမာဗဟိုပြု ပြည်ထောင်စုကြီး ထူထောင်ဖို့ပါ။**

တကယ်တော့ ကိုလိုနီခေတ်နောက်ပိုင်း မြန်မာနိုင်ငံရဲ့သမိုင်းဟာလဲ ဩဇာအာဏာကို လက်ဝါးကြီးအုပ်ထားတဲ့ ဗမာလူမျိုး မြို့နေလူတန်းစား ယောကျ်ားရေပေါ်ဆီတွေရဲ့ သမိုင်းပါ။

ကျုပ်တို့နိုင်ငံ ကိုလိုနီခေတ်မတိုင်မီက ညစ်ပလီအတိတ်ဘဝကို ကိုယ့်အမျိုးလို့ဆိုပြီး သာသာထိုးထိုးရေးခဲ့တဲ့ မျက်မှန်စိမ်းသမိုင်းအဖြစ်ကိုရော၊ လွတ်လပ်ရေးရပြီးခေတ် အမျိုးသားစိတ်မွန်းပြီး လုပ်ခဲ့ကြတဲ့ သမိုင်းဖြစ်ရပ်များကိုပါ သတ္တိရှိရှိ ရင်ဆိုင်ဖို့ လိုပါတယ်။

**(၁၉၄၈)ခုနှစ်၊ လွတ်လပ်ရေးလွန်ကာလမှာ ကိုယ့်မင်းကိုယ့်ချင်းဆိုပြီး နိုင်ငံတော်ထူထောင်ရေး အမျိုးသားသမိုင်းက တကယ်တော့ (ဖဆပလ) နိုင်ငံရေးသမားကြီးများနဲ့ နောက်ပိုင်းကာလ တပ်ထဲက ခေါင်းဆောင်ကြီး၊ ခေါင်းဆောင်လတ်များက ဗမာဇာတိမာန် ဇာတိသွေးကြွပြီး အားနည်းတဲ့ လူမျိုးစုဝင်တွေကို ပြည်တွင်းဖြစ် ကိုလိုနီလက်သစ်စနစ်နဲ့ အုပ်ချုပ်ဖို့၊ ဗိုလ်ကျဖို့လုပ်တဲ့ ခေတ်သစ်ညစ် ပလီသမိုင်းသာ ဖြစ်ပါတယ်။ အမျိုးသားဝါဒီဗမာနိုင်ငံရေးသမား၊ တပ်မတော်အရာရှိကြီးများ၊ ရေပေါ်ဆီပညာတတ်ကြီးများအပါအဝင် အထူးသဖြင့်တော့ ငါးတောင်ဝတ် နိုင်ငံမျက်နှာဖုံး ဂုဏ်သရေမရှိ လူကြီးများက ကျန်တဲ့ဗမာလူထု လူတန်းစားများနဲ့ လူမျိုးစုငယ်များအပါအဝင် ကုမ္ပာရီမိန်းမ လူကြီးအားလုံးထက် ငါတို့ ငါးတောင်ဝတ် ဗမာအမျိုးသားရေးဝါဒီများက တမူးသာတယ်ဆိုတဲ့ အဓမ္မအမြင်နဲ့ရေးခဲ့တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသမိုင်းပဲ ဖြစ်ပါတယ်။**

(၁၉၉၄)ခုနှစ်၊ ဆောင်းရာသီအဝင်လောက်မှာ အမေရိကန်ပြည်ထောင်စု အခြေစိုက် သခင်တော်လှန်ရေးကောင်စီဝင်တဦးဖြစ်ခဲ့ပြီး ဗမာ့သေနတ်ကိုင် တပ်ရင်း(၃)ရဲ့ တပ်မှူးကြီး၊ ဗိုလ်မှူးကြီးချစ်မြိုင်(အငြိမ်းစား)ကို ကျုပ်အင်တာဗျူး လုပ်ခဲ့တာ အလျဉ်းသင့်လို့ တင်ပြပါရစေ။

ဗိုလ်မှူးကြီးချစ်မြိုင်ဟာ ကွယ်လွန်သူ(N.L.D)ဦးကြည်မောင် (ဗိုလ်မှူးကြီး ဟောင်းနဲ့ တော်လှန်ရေးကောင်စီဝင်ဟောင်း)နဲ့အတူ သံမဏိအဖွဲ့မှာ ပါခဲ့ပြီး

နယ်ချဲ့ဆန့်ကျင်ရေးမှာပါခဲ့သူ လူလေးစားခံခဲ့ရတဲ့ တပ်မတော်ခေါင်းဆောင်ဟောင်း တဦးလည်း ဖြစ်ပါတယ်။

သူကတော့ ရိုးရိုးဖြောင့်ဖြောင့် သတ္တိရှိတဲ့ စစ်သားဟောင်းကြီး မို့လားတော့ မပြောတတ်ဘူး။ ကျုပ်တို့ ဗမာအမျိုးသားရေးဝါဒီခေါင်းဆောင်ကြီး တွေ တခြားလူမျိုးစုတွေကို ဘယ်လိုဖြစ်လို့ လုပ်တယ်ဆိုတာ ဘွင်းဘွင်းပဲ ပြောသွားခဲ့တာက ဒီလိုပါ။

(၁၉၅၀)ခုနှစ်၊ အစောပိုင်းကတည်းက ဗထူးတပ်မြို့ ကွဲဆိုပြီး၊ ရှမ်းပြည်မှာ သွားတည်တာ ရိုးရိုးသားသားမှ မဟုတ်ဘဲ၊ ရှမ်းမြို့တွေ (၁၉၅၈)ခုနှစ်ရောက်ရင် ခွဲထွက်မှာကို ဗျူဟာအရ ဟန့်တားဖို့နဲ့ စစ်ရေးအရ ခြေခွင်းဖို့ ဗထူးမြို့ကို စစ်အခြေခံစခန်းအနေနဲ့ဆောက်ပြီး စစ်ရေးပြင်ဆင်တာပါ။ (D.S.A) စစ်တက္ကသိုလ် ကြီးရဲ့ မွေးဖွားရာလို့ဆိုရင်လည်း မမှားပါဘူး။

(ဖဆပလ)ခေတ် နိုင်ငံရေးခေါင်းဆောင်များကလည်း ဗိုလ်နေဝင်းတို့ ဗိုလ်မောင်မောင်တိုနဲ့ နှစ်ပေါက်တပေါက်ရိုက်ပြီး ဒီစစ်ရေးပြင်ဆင်မှုတွေကို မသိကျိုးကျွန်ပြုပြီး နေခဲ့ကြတာပါ။

မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဦးအောင်ဆန်းက ဗမာတွေကို ကိုယ်စား ပြုပြီး အသိအမှတ်ပြုလက်မှတ် ထိုးလက်ခံခဲ့တဲ့ ပင်လုံစာချုပ်ကြီးကို အိမ်သာသုံး စက္ကူလောက်တောင် တန်ဖိုးမထားဘူးဆိုတဲ့ သဘောရောက်ပါတယ်။ ဒါကတော့ ဗမာနိုင်ငံရေးခေါင်းဆောင်တွေနဲ့ ဗမာအမျိုးသားရေးစစ်ဝါဒီတွေ ညစ်ပလီညစ်ပ လစ် လုပ်ခဲ့ကြတဲ့ သမိုင်းပုပ်ကို ပြန်လည်သုံးသပ်ခြင်းပါ။

ကျုပ်တို့ ဗမာအမျိုးသားရေးစစ်ဝါဒီ နိုင်ငံရေးသမားတွေနဲ့ ဒီဗိုလ်ချုပ်ကြီး တွေကို တိုင်းရင်းသားလူမျိုးစုတွေက တခါသေဖူးလို့ ပြင်ဖို့သိနေပြီး မယုံကြည်တာ ဘယ်သူ့အပြစ်ပါလဲ။

အခုလဲ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုတွေကို ယောကျ်ားရင့်မာကြီးတွေလုပ်ပြီး ခုတမျိုးတော်ကြာတမျိုး မှောက်ချီလှန်ချီလုပ်နေကြတော့ “ငြိမ်း”အဖွဲ့တွေခဗျာ လင်လုပ်တဲ့ဘဝကို ရောက်မှန်းမသိ ရောက်နေတော့ တာပေ့ါ။ မင်းတို့ဗမာတွေ “ညစ်ပလီ”တွေဆိုပြီး ပြောရင်လဲ ခေါင်းမိုးကမလုံတော့ ရှက်ရှက် နဲပဲ ခေါင်းငုံ့ခံရမှာပါ။ ကိုယ့်လူတွေကမှ မရိုးသားကြတာကိုး။

အဲဒီ (၁၉၄၇)ခုနှစ်ဖွား၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို အားမနာတမ်း ဝေဖန်ရရင်တော့ ဖက်ဒရယ်(သို့) ပြည်ထောင်စုဆိုတာ နာမည်ခံပါ။ တကယ်ကြ တော့ ဗမာအမျိုးသားရေးဝါဒီ နောင်တော်ကြီးများက လူမျိုးစုဝင် ညီငယ်တွေကို ဆရာလုပ်ဗိုလ်ကျ လူပါးဝဖို့ကို ဥပဒေနဲ့ညီတဲ့အသွင်ဆောင်အောင် လုပ်ထားတဲ့ အခြေခံဥပဒေသာ ဖြစ်ပါတယ်။ ရန်ကုန်က ဝတ်လုံတော်ရ ဦးရဲထွန်းဖခင်ကြီးဖြစ် ပြီး လွတ်လပ်သော မြန်မာပြည်ရဲ့ ပထမဆုံးတရားသူကြီးချုပ် ကွယ်လွန်သူ ဦးချန်ထွန်း ပွင့်ပွင့်လင်းလင်း သုံးသပ်သွားတဲ့ ဥပဒေအမြင်ပါ၊ ကျုပ် လံကြုတ် လုပ်ပြီးပြောတာ မဟုတ်ပါဘူး။ ထားတော့ တခြားဗမာမဟုတ်ဘဲ တိုင်းရင်းသား တွေဘက် လှည့်ကြရအောင်။

ဗမာတွေ လူမျိုးကြီးသမိုင်းကို မျက်မှန်စိမ်း ကပ်ကြည့်ပြီး ပြည်ထောင်စု ကြီးကို မောင်ပိုင်စီးဖို့ လုပ်ပြီဆိုတော့ လူမျိုးစုအသီးသီးကလည်း အားကျမခံလူ ပေါ့ဗျာ။

သူတို့တွေလဲ မျက်မှန်ဝါ၊ စိမ်း၊ နီ၊ ပြာဆိုဒ်စုံတပ် ကိုယ့်လူမျိုးစုသမိုင်းကို ဖောင်းပေးရေးတာနဲ့ပဲ လူမျိုးရေးပေါင်းစုံ ရောင်စုံမျက်မှန်တပ်ပွဲကြီးကျင်းပခဲ့တာ လွတ်လပ်ရေးရပြီးကတည်းက ခုဆိုနှစ်(၆၀)ကျော် လာခဲ့ပြီ။

ခွေးသေ၊ ဝက်သေ သေတဲ့သူ၊ အသတ်ခံရတဲ့သူ၊ မုဒိန်းကျင့်ခံရတဲ့သူ၊ ကွဲတဲ့သူ၊ ပြဲတဲ့သူ၊ ဘဝပျက်တဲ့ သူများလွန်းလို့ အသုဘာရင်းကိုင်တွေတောင် မျက်ဖြူစိုက်နေတဲ့ ကျုပ်တို့နိုင်ငံရဲ့ ခေတ်သစ်နိုင်ငံရေးသမိုင်း၊ လူမျိုးရေး ဇာတိသွေး၊ ဇာတိမာန်ဆိုတာ တန်ဆေး လွန်ဘေးပေါ့ဗျာ။ ဒီလူမျိုးရေး၊ စစ်ရေး သွေးကြွတာတွေ များလာတော့ ကျုပ်တို့အားလုံး ဘုရားဆုပန်ဆိုတဲ့ ဘဝကနေ အမြီးပေါက်ပြီး တရားပျောက်တဲ့ဘဝ၊ လူထုက စားဝတ်နေရေး ရှုန်းကန်ရလို့ ကျောင်းပညာနဲ့ ဗဟုသုတ ကောင်းကောင်းမရှိနိုင်တဲ့ ဘဝ။

ပါရဂူဘွဲ့ရ ကဝိကြီးများကိုယ်တိုင်က မျက်မှန်အရောင်စုံတပ်ပြီး ရခိုင်ပြည် သည် ရခိုင်များအတွက်ဆိုပြီး သွေးစကားတွေပြောပြီး ခေတ်နောက်ပြန်စွဲ ညစ်ပလီ သမိုင်းထဲမှာဘဲ ယက်ကန်ယက်ကန် ပေါလောပေါလော အဆင့်ကနေ တက်မလာ ကြတာကို ဝမ်းနည်းစွာ မြင်ရကြားရ ဖတ်ရပါတယ်။ ဥပမာပြရရင် ရောဝတီမှာ ပါသွားတဲ့ ဒေါက်တာအေးကျော်ရဲ့ အင်တာဗျူး၊ (K.N.U)ခေါ် ကရင်အမျိုးသား

အဖွဲ့ကြီးရဲ့ သင်ရိုးတွေမှာလည်း ဗမာတွေကို ကလော်တုတ်အောင် ဇောင်းပေးရေး ထားတာ အားလုံးက သိကြပါတယ်။ ဒီလူမျိုးရေးအခြေခံ သွေးစော်နံတဲ့ သမိုင်းအမြင်နဲ့ လူမှုနိုင်ငံရေးသဘောထား အကျင့်အကြံတွေဟာ ကျုပ်တို့ မဟာဗမာ တွေနဲ့ "မဟာလူနည်းစု"ဝင်တွေကြားက ပြဿနာတင် မဟုတ်ပါဘူး။

ဗမာတွေကို မဟာဗမာတွေဆိုပြီး ကလော်တုတ်ပြီး ဆန့်ကျင်နေတဲ့ ရှမ်း၊ ကချင်၊ ရခိုင်စတဲ့ မဟာလူနည်းစုဝင်များက ၎င်းတို့ထဲမှာ ကြားညပ်နေတဲ့ လူမျိုးစု အငယ် ဘုစုခရုမှန်သမျှကို မဟာလူနည်းစုဝါဒကိုင်စွဲပြီး ညစ်ကျယ်ကျယ်လုပ်ပြ ဗိုလ်ကျလုပ်တာ မမြင်ချင် မကြားချင်လို့ မရတဲ့အနေအထား၊ သွေးကိုပဲ အခြေခံခံ၊ ဒေသအရ အသံထွက် ကွဲပြားတာကိုပဲ ကြည့်ကြည့်၊ ကိုးကွယ်တဲ့ဘုရား မတူတာ ဘဲ အဓိကထားထား ကျုပ်တို့အားလုံး တမျိုးနဲ့တမျိုး၊ တဖွဲ့နဲ့တဖွဲ့ လူမျိုးရေး၊ ဘာသာရေးမှိုင်းတွေမိပြီး ညစ်ပလစ်၊ ညစ်ပလီ နိုင်ငံရေးလုပ်နေကျတာပဲဗျာ။

ရှည်ရှည်ဝေးဝေးမကြည့်ပါနဲ့၊ ရခိုင်က မဟာမေဒင်ကုလားတွေကို နှိပ်ကွပ် ဖို့ကြံ၊ ဗုဒ္ဓဘာသာကရင် တပ်မတော်ကြီးက အစဉ်အလာအရ ခရစ်ယာန်တွေရဲ့ (K.N.U)အဖွဲ့ဝင်တွေကို မေတ္တာရှေ့ထားပြီး လိုက်သတ်၊ ဂျိန်းဖေါ်တွေက လီဆူး တွေကို ဗိုလ်ကျ၊ ဒါတွေပြောမယ်ဆိုရင် ပြောမဆုံးပေါင် တောသုံးထောင် ဆိုတာ လိုမျိုး။

လက်ရှိ စစ်ပါတီများ ချယ်လှယ်တဲ့ (နအဖ)အစိုးရ ကြည့်ပြန်တော့ ဒီလောက်ကြီးတဲ့ "သွေး"ပြဿနာထုကြီးကို ပေါ့သေးသေးနိုင်ငံရေး သူငယ်နာ ရယ်လို့များ သဘောထားသလား မသိပါဘူး။ လူမျိုးရေးကိစ္စကို "နယ်ခြား စောင့်တပ်"ရဲ့ စစ်သားစုဆောင်းရေးပြဿနာသဘောလောက်ပဲ ဒီမောင်တွေ သဘောထားပုံရတယ်။

(N.L.D)က ဒီမိုကရေစီထုတ်ဆေး၊ မန်းဆေးနဲ့ လူမျိုးရေးကို ကိုင်မယ်၊ ကုမယ်၊ (နအဖ)စစ်ပါတီ ကြီးများက(M.1, M.2, M.3)ခေါ် မောင်းပြန်ဆေး ကြိမ်လုံးတွေနဲ့ လူမျိုးရေးအမင်းထုတ်မဲ့ဟန်။ ဒါကတော့ တိုင်းပြည်ကြမ္မာကို သုံးသပ်ကြည့်တာပါ။ ဖြစ်နေတာက နာတာရှည်ကင်ဆာ၊ ကုမဲ့သူတွေက စစ်ဆရာကြီးတွေ၊ လူမျိုးစု၊ လူမျိုးကြီးပြဿနာဆိုတာ စိတ်ပိုင်းဆိုင်ရာ ဝါဒရေးရာ ပြဿနာပဲဆိုပြီး ကန့်ကြည့်လို့ မရပါဘူး။

ဒီအပေါ်ယံ သွေးစကားပြောတာကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာကြည့်မယ်ဆိုရင် လူ့အလွှာတွေ၊ လူမျိုးအစုတွေထဲမှာ အနိုင်ကျင့်မှု၊ စီးပွားရေးကုပ်သွေးစုတ်မှုတွေ အဖုံဖုံတွေ့ရမှာပါ။

"ကမ္ဘာမကြေ"ဆိုတဲ့ အသံကြားလိုက်တာနဲ့ ဗမာတွေအားလုံး ရုပ်ရှင်ရုံထဲ မတ်တပ် ထရပ်လောက်အောင် ခေါက်ရိုးကျိုးတဲ့အထိ အမျိုးသားရေးမျက်မှန်ရောင်စုံတပ်ခံထားရတော့ ဗမာအချင်းချင်း၊ ရှမ်းအချင်း ချင်း၊ ကရင်နဲ့ကချင် အချင်းချင်း ဒါမှမဟုတ် ကျုပ်တို့တမြေတည်းနေ တပြည်ထောင်စုသားတွေ မုဒိတာပွား ကြမယ်လို့ ထင်ပါသလား၊ သတိမျက်မှန်လေးကပ်ပြီး ကြည့်လိုက်ပါ။ ဟသ်ာကိုးသောင်း ဇာတ်တူသားစား ဇာတ်ခင်းနေတာ မမြင်ချင်အဆုံး။

ရခိုင်ကမ်းလွန်နဲ့ ကန်းခြေမှာ ရေနံနဲ့သဘာဝဓါတ်ငွေ့တူး၊ ရေနက်သင်ဘောဆိပ်တွေဆောက်တာ ဘယ်သူ့အမိန့်နဲ့ ဘယ်သူ့ အကျိုးအတွက်လဲ၊ မွန်တွေရဲ့ဒေသ မုတ္တမပင်လယ်ကွေ့မှာ သဘာဝဓါတ်ငွေ့တူးပြီး ရလာတဲ့ဘဏ္ဍာတွေ ဘယ်ရောက်သွားလဲ၊ ဘယ်သူ့အတွက်လဲ၊ ကရင်တွေရဲ့ ကော်သူးလေပြည်မှာ ကျွန်းနဲ့တခြားသစ်မာတွေ ခုတ်ရောင်းတာ ဘယ်သူတွေအမြတ်ရသလဲ၊ ဒေသခံပြည်သူတွေလား။ ကြေးနီ၊ ကြေးဝါ၊ သံနဲ့ယူရေနီယမ်ထွက်တာ တူးတာက ရှမ်း၊ ကချင်၊ ကရင်နီဒေသတွေများတယ်။ ဒါတွေ ထုတ်ရောင်း တော့ အဲဒီနယ်တွေက ပြည်သူတွေ ဘာတွေများအကျိုးအမြတ်ရပါသလဲ။ ဒီအမြတ်တွေ၊ သယံဇာတတွေ ဘယ်နားရောက် သွားသလဲလို့ မေးကြည့်ပါဦး။

ကျုပ်တို့ နိုင်ငံမှာ လူသန်း(၅၀)ကျော်ရှိတာ ဘယ်လူတန်းစားက ဆန်စပါး၊ ကောက်ပဲသီးနှံတွေ စိုက်ပျိုးထုတ်လုပ်ပေးပြီး အဲဒီလူတန်းစားရော စားဝတ်နေရေး ရုံးကန်ရတဲ့ ဘဝကလွတ်ဖို့ အနေအထား ရှိပါသလား။ တံငါသည်တွေ၊ တောင်သူ လယ်သမားတွေ ထမင်းရည်ကို ပုလင်းနဲ့ဝယ်သောက်ရတယ်လို့ ကြားဖူးပါတယ်။ မြန်မာပြည်ကြီးရဲ့ ပါမစ်အခြေခံတဲ့ စီးပွားရေးစနစ်ပျက်ကြီးကို ကြိုးကိုင်ပြီး ပထွေးသေလို့ အမွေရတဲ့ ကုန်စုံဆိုင်ကြီးလို လက်ဝါးကြီးအုပ် အမြတ်ထုတ်နေတာ ဘယ်သူတွေလဲ၊ ဘယ်လူတန်းစားပါလဲ။ တို့တိုင်း၌ာနေလို့ဆိုတဲ့ ရွှေဝါပြည်ကြီးမှာ တို့တာဝန်ကြီးသုံးပါးဆိုတာ ဘယ်ခေါင်းဆောင်ကြီးရဲ့ ရွှေဉာဏ်တော်စူးရောက်မှုပါလဲ။

ဒီမေးခွန်းတွေကို မေးဖို့၊ ဖြေနိုင်ဖို့ ပါရဂူဘွဲ့လည်း မလိုဘူး။ ရေပေါ်ဆီနိုင်ငံရေးသမား၊ တိုင်းပြုပြည်ပြု သမားတွေဖြစ်ဖို့လည်း မလိုပါဘူး။ ဘယ်ဆုရမှ ဘွဲ့ရမှ အဖြေမှန်ထွက်နိုင်တာလဲ မဟုတ်ပါဘူး။ ဓမ္မာစရိယလည်း အောင်စရာ မလိုပါဘူး။

သာမန်ပြည်သူအခြေခံလူတန်းစားကအစ ရွှေကိုင်းမျက်မှန်နဲ့ ခါတော်မီ ကိုယ်တော်လေးတွေအဆုံး ဖြေနိုင်တဲ့ နိုင်ငံရေးပဟေဠိတွေပါ။ ဗမာတွေအပါအဝင် တိုင်းရင်းသားလူမျိုးစုအားလုံးပါ အသည်းနာဖို့ ကောင်းတာက လွတ်လပ်ရေး ရတာ နှစ်(၆၀)ကျော်ပါပြီ၊ မျက်မှောက် တို့တိုင်းဌာနီကြီးရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လူမျိုးရေးအနေအထားတွေက ကိုလိုနီနှစ်ထပ်ကွမ်းအနေအထားပါ။

လူမျိုးစုတွေဘက်ကကြည့်ရင် မျက်မှောက်မြန်မာပြည်ကြီးဟာ မဟာဗမာ စစ်ဝါဒီတွေရဲ့ လူမျိုးရေး ဖိလ်ကျမှု၊ စီးပွားရေးကုပ် သွေးစုတ်မှုနဲ့ နယ်ချဲ့သိမ်းပိုက်မှု ဘဝမှာ နေရတယ်လို့ ပြောလာရင် မှန်တယ်လလို့ပဲ ဝန်ခံရမှာပါ။

မျက်မှောက် တို့တိုင်းဌာနီကြီးက သူတို့အတွက်တော့ “လူမျိုးရေး ကိုလိုနီစနစ်”ပါပဲ၊ ဗမာအရပ်သားပြည်သူတွေ (စီးပွားရေးသမား၊ ပညာရှင်၊ အနုပညာသမား၊ လက်လုပ်လက်စားနဲ့ တောင်သူလယ်သမား၊ စက်ရုံအလုပ်သမား၊ ပြည်သူ့ဝန်ထမ်းတွေအပါအဝင် ဘုန်းတော်ကြီး၊ သီလရှင်တွေအားလုံး)ဘက်က ကြည့်ပြန်တော့ သေနတ်အားကိုး နသားပါးရအုပ်ချုပ်တဲ့ ပြည်တွင်းဖျက် ကိုလိုနီ ယန္တရားထဲမှာ ပြားနေအောင် ဝပ်နေတဲ့ “စစ်ကိုလိုနီ”စနစ်။

ဒါကြောင့် တို့တိုင်းဌာနေကြီးကို “ကိုလိုနီနှစ်ထပ်ကွမ်း”လို့ တင်းစား လိုက်တာပါ၊ နာဂစ်ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ဒီမိုကရေစီဆိုပြီး လူကြားကောင်း အောင် အော်ပြီး (၂၀၁၀)ရွေးချယ်ပွဲကနေ ဒီပြည်ဖျက် “ကိုလိုနီနှစ်ထပ်ကွမ်း”ကို စင်တင်မှာ ဖြစ်ပါတယ်။

အချုပ်တန်းဆရာဖေများ သက်ရှိထင်ရှားရှိဦးမယ်ဆိုရင် “ညစ်ပလီ”များ ပေပဲဆိုပြီး ကလောင်နဲ့ တွယ်လိုက်ဦးမယ် ထင်ပါတယ်။

ပညာရှင်တယောက်အနေနဲ့ရော ဗမာတယောက်အနေနဲ့ပါ အော့နှလုံး နာမိတာကတော့ အရပ်သားပညာရှင် ကဝိကြီးများက ကျုပ်တို့ လူမျိုးချင်းချင်း ကိုလိုနီစနစ်မှာ အုပ်ချုပ်မယ့် စစ်ဝါဒီဝင်တွေကို မျိုးချစ်ကြီးများရယ်လို့

သတ်မှတ်ပြီး ရေးကြ၊ သုံးသပ်ကြ၊ ဟောပြောကြနဲ့ ပညာရှင်သိက္ခာမစောင့် လုပ်နေကြတာပါပဲ။

အဲဒီ ကဝိကြီးတွေ၊ နိုင်ငံရေးဗေဒင်ဆရာတွေရေး၊ ပြောဟောတာတွေက စစ်ဝါဒီတွေရဲ့ လက်အောက်မှာ နှင်းပြား ကျွန်နှစ်ထပ်ကွမ်း ပြည်သူလူထု တိုင်းရင်းသားအစုအားလုံးကို စော်ကားမော်ကား လုပ်တာပါပဲ။ လူလူချင်း လူပါးဝပြီး သွေးစုတ်ကြ၊ အနိုင်ကျင့်ကြနဲ့စခဲ့တဲ့ ပဒေသရာဇ်စနစ်ဆိုးတွေရဲ့ကြားက ဖြတ်သန်းလာခဲ့တဲ့ မြန်မာလက်နက်နိုင်ငံကြီးတွေကို ပြည်ထောင်စုရဲ့ အခြေခံ အုတ်မြစ်အသွင် လံကြုတ် လုပ်ကြံရေးထားတဲ့ မုသာဝါဒအမျိုးသားသမိုင်းကို ကျုပ်တို့ ဇီဝိန်ဖြုတ်ဖို့လိုပြီ။

"နိုင်ငံတော်သည် အမိ၊ နိုင်ငံတော်သည်အဖ"ဆိုတဲ့ နိုင်ငံတော်ဝါဒီများ၊ မကျက်တကျက် အမျိုးသားဝါဒီပညာ တတ်လူတန်းစားများ ကဝိကြီးများက ကျုပ်တို့လူထုကြီးကိုဆက်ပြီး သမိုင်းမျက်မှန်စိမ်းတပ်ပေးပြီး မြက်ကျွေးတာကို အဓိကပြဿနာကြီးတရပ်အနေနဲ့ ရှုမြင်ဖို့လိုပါတယ်။

ကျုပ်တို့ ပြည်သူတွေ၊ လူမျိုးစုတွေဟာ ဒီ"သွေး"ဝါဒီတွေကို ကျော်ပြီး စည်းစည်းလုံးလုံးနဲ့ စစ်မှန်တဲ့ ပြည်ထောင်စုကြီးကို ထူထောင်ချင်တယ်ဆိုရင် ဗမာလူမျိုးကြီးဝါဒ သမိုင်းအပင်းသွင်းတာကိုပဲဖြစ်ဖြစ်၊ တခြားလူမျိုးစု မျက်မှန်စိမ်း တပ်တာကိုပဲဖြစ်ဖြစ် ပြတ်ပြတ်သားသားလက်မခံကြဖို့ လိုပါတယ်။

စာရေးသူ၏ "ကျုပ်"အခေါ်အဝေါ်အပေါ် ရှင်းလင်းချက် –

ဒီဆောင်းပါးမှာ အညာဆန်ဆန် မိမိကိုယ်မိမိ "ကျုပ်"လို့ ရည်ညွှန်း သုံးစွဲထားတာကို လူယဉ်ကျေးအရပ်က မန္တလေးသား အပြောအဆိုရိုင်းပါဘိလို့ မယူဆစေလိုပါ။ ဗမာပြည်သူတွေကို ခေတ်အဆက်ဆက်က နာမ်နှိမ်ပြီး စော်စော် ကားကား "င"နဲ့တပ်ခေါ်၊ ကျွန်တော်မျိုး၊ ကျေးတော်မျိုးဆိုပြီး လက်အုပ်ချီခိုင်း၊ ဒူးထောက်ခိုင်းနဲ့ အုပ်ချုပ်သူများကတော့ ရွှေလင်ပန်းနဲ့အချင်းဆေးတဲ့ မင်းမျိုး မင်းဆွေတွေဆိုပြီး လူပေါ်လူစော်လုပ်တဲ့ ယဉ်ကျေးမှုကို တမင်ရှုတ်ချတဲ့အနေနဲ့ ကျွန်တော်အစား "ကျုပ်"လို့ သုံးနှုန်းခြင်း ဖြစ်ပါတယ်။ ရိုင်းတယ်လို့ ကောက်ချက်လိုသူများကိုတော့ မြန်မာပြည်လွတ်လပ်ရေးရအောင် ဦးဆောင်ခဲ့သူ များမှာ "အရိုင်း"လို့ သတ်မှတ်ခံ၊ တဖောက်ကန်းလို့ သတ်မှတ်ခံခဲ့ရတဲ့

ကိုအောင်ဆန်းနဲ့လူမိုက်များသာ ဖြစ်ကြတယ်ဆိုတာ သတိမူကြစေချင်ပါကြောင်း။

(၁) *ဗမာတွေရဲ့ ကိုယ်တွင်းမကောင်းဆိုးဝါး – ရောဝတီ*

ဒေါက်တာဇော်နည်

# (အထောက်အကူပြုရာ စာအုပ်စာတန်းများ)


၁။ The Loyal Karens of Burma by Donald Mackenzie Smeaton.

၂။ Grandfather longlegs by Ian Morrison.

၃။ Karen History and Culture preservation society by Paul Keenan.

၄။ Burma by Martin Smith.

၅။ Lord of the Sunset by Maurige Collis.

၆။ The e-booklet by Paul Sztumpf -2011.

၇။ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ (၁၉၄၂ – ၁၉၄၇)စာပေဗိမာန်

၈။ စောစံဖိုးသင် (တက္ကသိုလ်စိန်တင်)

၉။ မန်းဘဇန်နှင့် ကရင့်တော်လှန်ရေး (ဖူးကီးဒို)

၁၀။ မာနယ်ပလောခရီးသည် (မောင်စင်ကြယ်)

၁၁။ မြန်မာပြည်ချစ်ကရင်အမျိုးသားခေါင်းဆောင်များ (မောင်စင်ကြယ်)

၁၂။ လေထီးဆင်း သမတကြီးမန်းဝင်းမောင် (မောင်စင်ကြယ်)

၁၃။ ဗိုလ်မှူးချုပ်ကျော်ဇော အတ္ထုပ္ပတ္တိ (ကွန်ပြူတာ)

၁၄။ သဲလ်မာကြီး(စောဘဦးကြီး) သမီးဆောင်းပါး

၁၅။ နိုင်ငံသစ်စာစောင်

၁၆။ ပြည်တွင်းသောင်းကျန်းမှုသမိုင်း (အစိုးရ)

၁၇။ ရှမ်းသံတော်ဆင့်စာစောင်

၁၈။ မြန်မာ့နိုင်ငံရေး(တက္ကသိုလ်များပုံနှိပ်တိုက်)

၁၉။ ဗိုလ်ချုပ်အောင်ဆန်း၏ စာတန်း (လူမျိုးဆိုတာ)

၂၀။ ဦးထွန်းမြင့်(တောင်ကြီး)၏စာတန်း(ပြည်ထောင်စုကို ဘယ်လိုဖွဲ့စည်းမလဲ)

၂၁။ နိုင်ငွေသိမ်း၏ စာတန်း (ရှစ်ပြည်နယ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ)

၂၂။ ဆလိုင်းလျှန်မှုန်း၏ စာတန်း (ဗိုလ်ချုပ်အောင်ဆန်း၏ ပြည်ထောင်စု)

၂၃။ နိုင်ငံရေးနှင့် နိုင်ငံရေးသမား (တင်မောင်ဝင်း)

၂၄။ ကျွန်တော့်ဖြတ်သန်းမှုအစစ်အမှန် (ဗိုလ်ချုပ်မြ)